# တမန်တော်မြွက်

# ၇

သီရိပျံချီ၊ အလ်ဟာဂျ် မုဖတ်တီရှလ်ကုရ်အာန်အလ္လာမဟ် ဃာဇီမုဟမ္မဒ်ဟာရှင်
ဥက္ကဋ္ဌ
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
အစ္စလာမ်သာသနာရေးရာ ကောင်စီ ဌာနချုပ်
ရန်ကုန်မြို့

**သာသနာ့ စာပေစဉ် အမှတ် (၃၁)**

ပထမပုံနှိပ်ခြင်း -အုပ်ရေ ၂၀၀၀
၁၉၇၈ - ဇူလိုင်လ

ထုတ်ဝေသူ— ဦးလှတင် (ခေါ်) ဦးဃနိ (၀၉၆၃)
အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်
၁၈၃— မော်ဂေါ်ထော်လေးလမ်း၊

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက် အမှတ် (၄၁၅၇)

ပုံနှိပ်သူ - ဒေါ်ခင်နု မြဲ(၀၁၆၁၇) တိုးတက်စန်းပုံနှိပ်တိုက်
အမှတ်(၁၀၇) ၂၉ လမ်း ရန်ကုန်မြို့။

## ကျမ်းဦးစကား

ဒီကမ္ဘာမှာ၊ လူ့အလွှာ အသီးသီးမှာ ပေါ်ထွန်းလာတဲ့ လူစွမ်းကောင်းတွေ၊ သူရဲကောင်းတွေ၊ ပုဂ္ဂိုလ်ထူးတွေ အများကြီး ပေါ်ခဲ့တယ်၊ အခုလည်းပေါ်လျက်၊ နောင်လည်း ပေါ်ဦးမည်။ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ထူးတွေဟာ ဘာသာတရပ်မှာသာ၊ ဘက်တဘက်မှာသာ၊ ထူးချွန်ခဲ့ကြတာ။ ဥပမာ အချို့ဟာ နိုင်ငံရေးမှာ၊ အချို့ဘာသာရေးမှာ၊ အချို့စီးပွားရေးမှာ၊ ထူးချွန်ခဲ့ကြတယ်၊ အချို့စာပေမှာ၊ အချို့ဟောပြောရာမှာ၊ အချို့အတွေးအခေါ်မှာသာ၊ တမျိုးတဘာသာစီ အသီးသီးထူးချွန်ခဲ့ကြတယ်။ ဘက်စုံထူးချွန်ခဲ့ကြဒါ မဟုတ်ဘူး၊ ဘက်စုံထူးချွန်တဲ့ ပုဂ္ဂိုလ်ဟာ ရှာမှရှားတယ်။

တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ဟာ ကမ္ဘာမှာ ရှာမှရှားတဲ့ ဘက်စုံထူးချွန်တဲ့၊ ကမ္ဘာ့စံပြပါ။ ကမ္ဘာ့စံပြ ဖြစ်တော်မူခဲ့တဲ့ အလျောက်လည်း လက်တွေ့ကျင့်သုံး ပြသသွားတော်မူခဲ့တယ်၊ လက်တွေ့ကျင့်သုံး ပြသသွားတော်မူခဲ့သည်သာမက မိမိတင်ပြခဲ့တဲ့ အစ္စလာမ်ကိုလဲ မိမိရှိသက်တမ်းအတွင်းမှာဘဲ အောင်အောင်မြင်မြင် တည်ထောင်သွားတော်မူခဲ့တယ်၊ နှစ်ဘဝ ကောင်းစားရေးကို ကမ္ဘာ့လူသားထုကြီး တရပ်လုံးအား ပီပီပြင်ပြင် ဟောကြားသွားတော်မူခဲ့တယ်၊ လက်တွေ့သက်သေလည်း ထူသွားတော်မူခဲ့တယ်။ စံမတူအောင် အောင်ပွဲဆင်နွှဲသွားတော်မူခဲ့တယ်။ ဒီတော့ ဘက်စုံထူးချွန်တော်မူခဲ့တဲ့ ကမ္ဘာ့စံပြ တမန်တော်မြတ်ရဲ့ အကြောင်းကို သိလိုရင် ဤ(တမန်တော်မြတ်ကျမ်း)ကို ဖတ်ပါ၊ အကျိုးထူးမှာ အမှန်ပါ။

၂၀-၆-၁၉၇၈ ။

ဃာဇီ မုဟမ္မဒ် ဟာရှင်မ်

# အမှာစာ

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ အစ္စလာမ်သာသနာရေးရာ ကောင်စီ၏ သာသနာ့စာပေစဉ် အမှတ်(၃၁) အဖြစ် ဤတမန်တော်မြတ် (တ.တိယတွဲ) ကျမ်းကို အောင်မြင်စွာ ဖြန့်ချိနိုင်သည့်အတွက် အလ္လာဟ် အသျှင်မြတ်အား အထူး ကျေးဇူးတင်ပါသည်။ အမှာစာရေးသားခွင့် ရရှိသည့် အတွက်လည်း အထူးဂုဏ်ယူမိပါသည်။

မည်သူမဆို မိမိ၏နှလုံးသားမှ လက်ခံယုံကြည်သော ဘာသာတရားကို သေချာဂနစွာ လေ့လာလိုက်စားသည်ရှိသော်၊ ထိုသူသည် ဂရုဏာနှင့် မေတ္တာတရားကို အမှန်ပွားများပေလိမ့်မည်၊ ကရုဏာနှင့် မေတ္တာတရား ပွားများလာသည်နှင့်အမျှ ထိုသူ၏ စာရိတ္တမဏ္ဍိုင်သည်လည်း ကြန့်ခိုင်သည်ထက် ကြန့်ခိုင်လာမည်ဖြစ်ပြီး မိမိဘာသာ၊ သာသနာ၊ မိမိလူမျိုးနှင့် တိုင်းပြည်အတွက်ပါ ကောင်းကျိုးကို သက်ရောက်စေနိုင်သည့်အပြင်၊ ကမ္ဘာ့ငြိမ်းချမ်း သာယာမှုကိုလည်း ဖန်တီးရာ ရောက်ပေမည်။

ဤသို့ပင် အစ္စလာမ် သာသနာဝင်များသည်၊ အစ္စလာမ်၏ အနှစ်သာရများ ဖြစ်သော နှစ်ဘဝသခင် ကျေးဇူးတော်ရှင် တမန်တော်မြတ် (ဆွ)၏ ကျင့်စဉ်များကို လေ့လာလိုက်စားသည် ရှိသော်၊ မိမိတို့၏ အသိပညာတိုးပွား၊ရေး လက်တွေ့လိုက်နာကျင့်သုံးမှု တိုးပွားရေး၊ ဘာသာအသီးသီးတို့နှင့် ချစ်ခင်ရင်းနှီးမှု တိုးတက်ရေးတို့ကို မှုမှန်စွာဖြင့် ဖန်တီးတည်ဆောက်နိုင်ပေမည်။

အစ္စလာမ်သည် လောကီ၊ လောကုတ္တရာ၊ နှစ်ဌာန၏ အရေးကို ရှေ့ရှုသော သာသနာဖြစ်သည့်အား လျော်စွာ၊ နှစ်ဌာန၏အရေးတွင် လိုက်နာကျင့်သုံးရမည့် လမ်းစဉ်ကို တိကျမှန်ကန်စွာ ချမှတ်ပေးထားခြင်း ဖြစ်ပေသည်။ အစ္စလာမ့်ပညာရေးကား အစ္စလာမ်မှမျှော်မှန်းသော လူ့ဘဝ၊ အထွဋ်အထိပ်ပန်းတိုင်သို့ မြှင့်တင်ပေးမည့် ပညာရပ်များ ဖြစ်ကြောင်း၊ လေ့လာဘူးသူတိုင်း တွေ့ရှိနိုင်ပေမည်။

ထို့ကြောင့်၊ လူ့လောက၊ လူ့ဘ၀၊ လူ့အဘောင်တခုလုံးသည် တမန်တော်မြတ်၏ တရားလမ်းစဉ်ကို ဆည်းပူး လိုက်နာကျင့်သုံးခြင်း အားဖြင့်လောကီ လောကုတ္တရာ နှစ်ဖြာတွင် အထမြောက်ပြီး၊ အောင်မြင်မှုဆွတ်ခူးနိုင်ကြသည် ဖြစ်ပါစေသတည်း။



ဟာဂျီသိန်း

အထွေထွေ အတွင်းရေးမှူးချုပ်၊
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်၊
ရန်ကုန်မြို့။

နေ့စွဲ ။ ၁၉၇၇ခု၊ ဖေဖော်ဝါရီလ (၇) ရက်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **တမန်တော်မြတ် လက်ထက်ဖြစ်ပွားခဲ့သော စစ်ပွဲများကို ပြန်လည် သုံးသပ်ဆင်ခြင်ခြင်း။** | ၉ |
| အရပ်လူမျိုးနှင့် လူယက်တိုက်ခိုက်မှု၊ | ၁၀ |
| "ဆာ့ရ်" ဟူသော အစွဲအလမ်း၊ | ၁၁ |
| "ဃနိမတ်" ခေါ် တိုက်ခိုက်ရသော ပစ္စည်း | ၁၄ |
| ရှန့်ရင်း ကြမ်းတမ်းသည့် အပြုအမူများ၊ | ၂၂ |
| တမန်တော်မြတ် လက်ထက်စစ်ပွဲများ ဖြစ်ပွားခဲ့သည့် အကြောင်း—များနှင့် အမျိုးအစားများ၊ | ၂၆ |
| "ဃက်ဇ်ဝဟ်" နှင့် "စရိယဟ်" ခြားနားချက်၊ | ၂၆ |
| ထောက်လှမ်းရေးဌာန၊ | ၂၉ |
| ကာကွယ်ရေး၊ | ၃၀ |
| ဃတ်ဖွာန်၏ စရိယဟ်၊ဟိဂျ်ရီ–၂၊ | ၃၁ |
| အဗူစလမဟ်၏ စရိယဟ်၊ ဟိဂျ်ရီ—၂၊ | |
| အဗ်ဒုလ္လာဟ်ဗ္ဗင်နုအနိစ်၏ စရိယဟ်၊ဟိဂျ်ရီ–၃၊ | ၃၁ |
| ဃတ်ဇ်ဝဟ် ဇာတုရ်ရိကာအ်၊ဟိဂျ်ရီ–၅၊ | ၃၁ |
| ဃတ်ဇ်ဝဟ်ဇာ ဒူမတူလ်ဂျန်ဒလ်၊ ဟိဂျ်ရီ–၅၊ | ၃၂ |
| ဃတ်ဇ်ဝဟ်မရီစီအ်၊ ဟိဂျ်ရီ–၅၊ | ၃၂ |
| မောင်လာအလီ၏ တပ်၊ဖိဒတ်က်သို့၊ ဟိဂျ်ရီ–၆၊ | ၃၂ |
| ဗရှိရ်ဗ္ဗင်နုစအ်ဒ်၏ တပ်၊ ရှောင်ဝါလ်လ၊ ဟိဂျ်ရီ––၇၊ | ၃၂ |
| အမ်ရ်ဗ္ဗင်နုအာဆ်၏တပ်၊ ဇါတစလာစိလ်စစ်ပွဲ၊ ဟိဂျ်ရီ––၈ | ၃၉ |
| ကုရိုက်ရှ် မျိုးနွယ်၏ ရောင်းဝယ်မှုကို ပိတ်ပင်ခြင်း၊ | ၃၃ |
| တိုင်းပြည် အေးချမ်းသာယာအောင် ပြုလုပ်ခြင်း၊ | ၃၆ |
| ဇိုက်ဒ်ဗ္ဗင်နု ဟာရိဆဟ်၏ စရိယဟ်၊ | ၃၉ |
| 'ဒူမတူလ်ဂျန်ဒလ်'၏ စရိယဟ်၊ | ၃၉ |
| **စိုင်ဖုလ် ဗဟ်ရ် စစ်ပွဲ၊** | ၄၀ |
| (ကုရိုက်ရှ်ကုန်သည်များအား အစောအဝေးကာ စောင့်ရှောက်ခဲ့ခြင်း) | |
| **ဃာဗဟ်စစ်ပွဲ၊** | ၄၁ |

အမှုမဲ့ အမှတ်မဲ့အပစ်ခံတိုက်ရခြင်း၏ အကြောင်း၊ ၄၂
ဗနူစုလိုင်မ် စစ်ပွဲ၊ဟိဂျ်ရီ--၃ ၄၄
ဇာတုရ်ရိကာအ် စစ်ပွဲ၊ ဟိဂျ်ရီ---၄၊ ၄၄
အွကွာရှဟ်စစ်ပွဲ၊ ဟိဂျ်ရီ–၆၊ ၄၄
ဗနူစအ်ဒ်မျိုးနွယ်နှင့် မေခင်လာအလီ၏ တိုက်ပွဲ၊ဟိဂျ်ရီ–၆၊ ၄၅
ဗနူလိဟ်ယာန်တိုက်ပွဲ၊ ဟိဂျ်ရီ–၆၊ ၄၅
သာ၀ကကြီး အုမရ်ဦးဆောင်တိုက်ခဲ့သာတုရ်ဗတ်’တိုက်ပွဲ၊ဟိဂျ်ရီ–၇၊ ၄၅
သာ၀ကကြီး ကအ်ဗ် ကူဗ်နုအုမိုင်ရ်၏ တိုက်ပွဲ၊ ဟိဂျ်–၈၊ ၄၅
အစ္စလာမ် သာသနာပြုရန် အဖွဲ့များလွှတ်ခြင်း၊ ၄၆
ဗိရူမအူနုဟ်တိုက်ပွဲ၊ ဟိဂျ်ရီ–၃၊ ၄၆
‘မရ်ဆဒ်’ တိုက်ပွဲ၊ ဟိဂျ်ရီ–၃၊ ၄၇
ကူဗ်နု အဗိသ်အောင်ဂျာအိ တိုက်ပွဲ၊ ဟိဂျ်ရီ–၇၊ ၄၇
ကအ်ဗ် ကူဗ်နု အုမိုင်ရ်၏ တိုက်ပွဲ၊ ဟိဂျ်ရီ– ၈၊ ၄၈
စစ်ရေးစစ်ရာများကို ပြုပြင်ခြင်း၊ ၅၀
ကတိ တည်ပုံ၊ ၅၃
စစ်တိုက်ခြင်းသည်ပင် ခ၀တ်မှုဖြစ်သွားခဲ့၏၊ ၆၅
အောင်နိုင်သူ စစ်သူကြီးနှင့် တမန်တော်၏ ခြားနားချက်၊ ၇၀

**အစ္စလာမ်၏ သာယာသော ခေတ်။**

**ဟိဂျ်ရီ၊ ၉–၁၈–၁၁။**

၇၄
ငြိမ်းချမ်းသာယာမှု ဖန်တီးခြင်း၊ ၇၄

**အစ္စလာမ်သာသနာပြုခြင်း။**

၈၀
တုဖိုင်လ် ကူဗ်နုအမ်ရ်ဒေါင်စီ၊ မွတ်စလင်မ်ဖြစ်လာခဲ့ခြင်း၊ ၈၂
အမ်ရ် ကူဗ်နု အဗစဟ် မွတ်စလင်မ်ဖြစ်လာခဲ့ခြင်း၊ ၈၂
သာမာဒ် ကူဗ်နု ဆအ်လဗဟ် မွတ်စလင်မ်ဖြစ်လာခဲ့ခြင်း၊ ၈၄
(သာ၀ကကြီး) အဗူဇာရ်’ မွတ်စလင်မ်ဖြစ်လာခဲ့ခြင်း၊ ၈၅
ဃိဖါရ်မျိုးနွယ် အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ခြင်း၊ ၈၇
‘အသ်လမ်’ မျိုးနွယ် အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ခြင်း၊ ၈၈
[illegible]နှင့်’ ‘ခတ်ဇ်ရဂျ်’ အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ခြင်း၊ ၈၈

ဂျူဗိုင်ရီ ဗွတ်နှ မွတ်ဆအင်မ် မ်မွတ်စလင်မ် ဖြစ်လာခဲ့ခြင်း၊ ၉၀
ရောမနိုင်ငံနှင့်စ ပ်လျဉ်း၍ ကြိုတင်ဟောကြားမှု၏ အကျိုး၊ ၁၀၀
မုဇိုင်နဟ်မျိုးနွယ် မွတ်စလင်မ်ဖြစ်လာခဲ့ခြင်း၊ ၁၀၀
အရှ်ဂျအ်မျိုးနွယ် မွတ်စလင်မ်ဖြစ်လာခဲ့ခြင်း၊ ၁၀၁
ဂျုဟိုင်နဟ်မျိုးနွယ် မွတ်စလင်မ်ဖြစ်လာခဲ့ခြင်း ၁၀၁
ဟုဒိုင်ဗီယဟ်စစ်ပြေငြိမ်းရေးစာချုပ်၏အကျိုး ၁၀၁
ယမန်ပြည်နယ်၊ ၁၀၉
နဂ်ျရာန်၊ ၁၁၃
ဗဟ်ရိုင်န်၊ ဟိဂျ်ရီ–၈၊ ၁၁၅
အမ္မာန်၊ ဟိဂျ်–၈၊ ၁၁၇
ဆီရီယနိုင်ငံရှိ အရဗ်များ၊ ဟိဂျ်ရီ–၈၊ ၁၁၇

အရဗ်သံတမန်များ။ ၁၁၉

မုဇိုင်နဟ်မျိုးနွယ်၏ သံအဖွဲ့၊ ၁၂၀
တမီမ်မျိုးနွယ်၏ သံအဖွဲ့၊ ၁၂၁
စအ်ဒ်မျိုးနွယ်၏ သံအဖွဲ့ ၁၂၅
အရှ်အရီမျိုးနွယ်၏ သံအဖွဲ့၊ ဟိဂျ်ရီ–၇၊ ၁၂၆
ဒေါက်စ်မျိုးနွယ်၏ သံအဖွဲ့၊ ဟိဂျ်ရီ–၇၊ ၁၂၈
ဟာရိဆ် ဗွဗ်နှ ကအ်ဗ်၏ မျိုးနွယ်၊ ဟိဂျ်ရီ–၉၊ ၁၂၉
တိုင်ယ်မျိုးနွယ်၏ သံအဖွဲ့၊ ဟိဂျ်ရီ–၉၊ ၁၂၉
အဒီဗွဗ်နှဟာတင်မ်၊ ဟိဂျ်ရီ–၉၊ ၁၃၀
ဆကီဖ်မျိုးနွယ်၏ သံအဖွဲ့၊ ၁၄၁
နဂ်ျရာန်မှ သံအဖွဲ့၊ ဟိဂျ်ရီ–၉၊ ၁၃၇
အစဒ်မျိုးနွယ်၏ သံအဖွဲ့၊ ဟိဂျ်ရီ–၉၊ ၁၄၁
ဖဇာရဟ်မျိုးနွယ်၊ ဟိဂျ်ရီ–၉၊ ၁၄၂
ကင်န်ဒဟ်မျိုးနွယ်၏ သံအဖွဲ့ ဟိဂျ်ရီ–၁၀၊ ၁၄၃
အဗ်ဒုလ်ကိုက်စ်မျိုးနွယ်၏ သံအဖွဲ့၊ ၁၄၂
အာမိရ်မျိုးနွယ်၏ သံအဖွဲ့ ဟိဂျ်ရီ–၉၊ ၁၄၄
ဟင်မ်ယရ်မျိုးနွယ်၏ သံအဖွဲ့၊ ၁၄၆

အလ္လာဟ် အစိုးရတော်။ ၁၄၇
အလ္လာဟ်ကတိတော်၊ ၁၄၈
အစ္စလာမ့် အစိုးရ၏ ရည်ရွယ်ချက်၊ ၁၄၉
တိုင်းပြည် စီမံအုပ်ချုပ်တော်မူခြင်း၊ ၁၅၃
စစ်ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ ၁၅၄
အစ္စလာမ်ဓမ္မသတ် အဆုံးအဖြတ်ပေးတော်မူခြင်း၊ ၁၅၅
တရားစီရင်တော်မူခြင်း၊ ၁၅၅
ဘုရင်များ၊ သံများနှင့် ဆက်သွယ်တော်မူခြင်း၊ ၁၅၆
ညှော်ခံတော်မူခြင်း၊ ၁၅၇
လူမမာများအား ကြည့်ရှုတော်မူခြင်း၊ ၁၅၉
စုံစမ်း အရေးယူတော်မူခြင်း၊ ၁၆၀
အချင်းချင်း စေ့စပ်သင့်မြတ်စေတော်မူခြင်း၊ ၁၆၁
အရေးအဘတ် တက်မြောက်ရန် စီစဉ်ပေးတော်မူခြင်း၊ ၁၆၃
စာရေးစာချီများ ခန့်အပ်တော်မူခြင်း၊ ၁၆၄
အုပ်ချုပ်ရေးမှူးများခန့်အပ်တော်ခြင်း၊ ၁၆၆
ဇကာတ်ကောက်ခံရန် အရာရှိများ ခန့်အပ်တော်မူခြင်း၊ ၁၇၃
မူလိပ်ဌာန ၁၇၉
အာဏာသားများ၊ ၁၇၉
ဘာသာခြားများနှင့် စာချုပ် ချုပ်ဆိုတော်မူခြင်း၊ ၁၇၉
အစ္စလာမ်အစိုးရ၏ အခိကဝင်ငွေများ၊ ၁၈၂
ဃနီမတ်၊ ၁၈၂
ဖိုင်အို၊ ၁၈၄
ဇကာတ်၊ ၁၈၄
ဂျဇ်ယဟ်၊ ၁၈၅
ခိရာဂျ်၊ ၁၈၆
မြေယာများ ခွဲဝေပေးတော်မူခြင်း၊ ၁၈၇
မြေရိုင်းများကို မြေယဉ်ဖြစ်အောင် ပြုလုပ်တော်မူခြင်း၊ ၁၈၇
ဘာသာရေး ဆိုင်ရာ အစီအစဉ်များ။ ၁၉၀
ပညာသင်ကြားရေးနှင့် ပြုစုပျိုးထောင် ပေးရေး၊ ၁၉၁
ပညာပေးရေး နည်းလမ်းများ၊ ၁၉၂

| | |
|---|---|
| ပလီများ တည်ဆောက်ခြင်း၊ | ၁၉၆ |
| အိမာမ် — ပလီရှေ့ဆောင်ဆရာများ ခန့်အပ်တော်မူခြင်း၊ | ၂၀၁ |
| မုအဂ္ဂင်န်-- သံတော်ဆင့်များ၊ | ၂၀၄ |
| **အစ္စလာမ် ပြီးပြည့်စုံခြင်း။** | ၂၀၆ |
| **အစ္စလာမ့်ယုံကြည်ချက်နှင့် အမြစ်တရားများ။** | ၂၁၀ |
| **အိဗါဒါတ် - ဝတ်ပြုမှုများ။** | ၂၁၅ |
| သန့်ရှင်းမှု၊ | ၂၁၅ |
| တယမ် မွမ်ပြုလုပ်ခြင်း၊ | ၂၁၈ |
| ဆွလာတ် ဝတ်ပြုခြင်း၊ | ၂၁၉ |
| ဂျွန်မ်အဟ်နှင့် အိဒ်ဆွလာတ်၊ | ၂၂၉ |
| ဆွလါတုလ် ခေါက်ဖ်---ကြောက်ရွံ့ရချိန် ဆွလာတ်ဝတ်ပြုခြင်း၊ | ၂၃၂ |
| ဆွိယာမ် ဥပုသ် ဆောက်တည်ခြင်း၊ | ၂၃၃ |
| ဇကာတ်၊ | ၂၃၈ |
| ဟဂျ်၊ | ၂၄၁ |

## တမန်တော်မြတ် လက်ထက် ဖြစ်ပွားခဲ့သော စစ်ပွဲများကို ပြန်လည် သုံးသပ် ဆင်ခြင်ခြင်း။

တမန်တော်မြတ်၏ ထေရုပ္ပတ္တိကို ပြုစုရေးသားကြသော အတိတ်ခေတ် ပညာရှင်များသည် တမန်တော်မြတ် လက်ထက်တွင် ဖြစ်ပွားခဲ့သော **စစ်ပွဲ**များ အကြောင်းကို အကျယ်တဝံ့ရေးသားလေ့ရှိခဲ့ကြ၏၊ ထိုထိုသောပညာရှင်များ ပြုစုရေးသားထားသော တမန်တော်မြတ်၏ ထေရုပ္ပတ္တိ ကျမ်းများသည် **စစ်ပွဲ** များနှင့်ပင် ပြည့်နှက်လျက် ရှိသည်ကို တွေ့ရှိရ၏။ အမှန်မှာ ထိုထိုသော ကျမ်းများမှာတမန်တော်မြတ်၏ ထေရုပ္ပတ္တိ မဟုတ်၊ တမန်တော်မြတ်လက်ထက် ဖြစ်ပွားခဲ့သော စစ်ပွဲများအကြောင်းကို အဓိကထား၍ ရေးသားထားသော တမန်တော်မြတ် လက်ထက် စစ်ပွဲများသာ ဖြစ်၏။ ထို့အတွက်ကြောင့်ပင် ထိုထိုသော ကျမ်းများသည် "မဃာဇီ" စစ်ပွဲများဟူ၍ ကျော်ကြားနေခဲ့၏။ ဥပမာ— မဃာဇီ ဣဗ်နို အစ္စဟာက်၊ မဃာဇီ ဣဗ်နု အကာဗဟ်၊ မဃာဇီ ဝါကိဒီ........။

အစ္စလာမ်ကို တိုက်နေသော အချို့ ပုဂ္ဂိုလ်များသည် ထိုထိုသော ကျမ်းများကို ထောက်ပြပြီး အစ္စလာမ်ကိုသွေးရောင်ရဲရဲ ခြယ်ကြ၏။ဖြစ်ရပ်မှန်ကို အတိအကျမသိကြသော အချို့ဘာသာခြားတို့သည်လည်း ထိုထိုသော ကျမ်း များကိုကြည့်ပြီး တမန်တော်မြတ်နှင့်ပတ်သက်၍ အထင်မှားကြ၏။ တမန်တော် မြတ်မှာ အကြောင်း အားလျော်စွာ လူယက်တိုက်ခိုက်သတ်ဖြတ်မှုနှင့် **စစ်ကို** အမြဲပြုနေသော စစ်ဝါဒီများ ပတ်ဝန်းကျင်တွင် ပွင့်ပေါ်လာတော်မူခဲ့သည် ဖြစ်ရာ မလွဲမရှောင်သာ စစ်ပွဲများ ဆင်နွှဲတော် မူခဲ့ရ၏။ ဤသည့် သဘောကို ကျေကျေညက်ညက် မသိကြသည့်အတွက် အချို့ ပုဂ္ဂိုလ်များသည် တမန် တော်မြတ်နှင့် ပတ်သက်၍ အထင်အမြင် လွဲမှားကြ၏။ ထို့အတွက်ကြောင့် တမန်တော်မြတ်လက်ထက် ဖြစ်ပွားခဲ့သော စစ်ပွဲများနှင့် ပတ်သက်၍ ဖြစ်ချပ် မှန်ကို အတိအကျ သိရှိနိုင်ရန် ဤဘွင် အကျယ်တဝံ့ ရေးသားလိုက်ပါ သည်။

## အရဇ်လူမျိုးများနှင့် လုယက်မှု၊ တိုက်ခိုက်မှု။

အာရေဗျပြည်သည် အလွန်ခြောက်သွေ့သော တိုင်းပြည် ဖြစ်သည်။ လယ်ယာကိုင်းကျွန်းဟူ၍ မရှိသလောက်ပင်။ အရဇ်လူမျိုးများသည် များသောအားဖြင့် စာပေမတတ်ကြပေ။ ၎င်းတို့၏စားဝတ်နေမှုသည် သိုး၊ ဆိတ်၊ ကုလားအုပ်များအပေါ်တွင် တည်နေပေသည်။ အရဇ်တို့သည် အဆိုပါတိရစ္ဆာန်များ၏ နို့ကိုသောက်ကြသည်၊ အသားစားကြသည်၊ အမွေးကို ငင်၍ယက်၍ အဝတ်အထည်ပြုလုပ်ပြီး ဝတ်ဆင်ကြသည်။ ဤသည့်အခွင့်အလမ်းကို လူတိုင်း ရရှိသည်လည်းမဟုတ်။ ရရှိပါကလည်း မလုံလောက်ပေ။ ထို့အတွက်ကြောင့်ပင် စားဝတ်နေရေးအဆင်မပြေသော အရဇ်များသည် အခြေအနေအရ လုယက်တိုက်ခိုက်ခဲ့ကြရသည်။ ထိုသို့ဖြင့် ၎င်းတို့၏စားဝတ်နေရေး၏ အဓိက ပင်မတခုတည်း သော့ချက်မှာ လုယက် တိုက်ခိုက်မှုပင် ဖြစ်ရှိနေခဲ့ပေသည်။ ဤသည့်သဘောကို အဗူအလီကာလီက ကိတါဗုလ်အမာလီကျမ်းတွင် အတည့်အလင်း ထည့်သွင်း ဖေါ်ပြထားသည်။

စားဝတ်နေရေးအတွက် လုယက်တိုက်ခိုက်ရာတွင် များသောအားဖြင့် ဆိတ်များရရှိလေ့ ရှိခဲ့ကြ၏။ ဆိတ်ကို အရဗီစာပေတွင် 'ဃနမ်'ဟူ၍ ခေါ်၏။ ထို့အတွက်ကြောင့်ပင် လုယက်တိုက်ခိုက်၍ ရသောပစ္စည်းကို အရဇ်တို့သည် 'ဃနီမတ်'ဟု ခေါ်လေ့ ရှိခဲ့ကြ၏။ ထိုမှတဆင့် သုံ့ပန်းပစ္စည်းများကိုလည်း 'ဃနီမတ်' ဟူ၍ခေါ်ဝေါ် သုံးနှုံးလာခဲ့ကြ၏။

ထိုမှတဆင့် ယင်းပုဒ်သည် တဖြည်းဖြည်း အရဇ်လူမျိုး၊ အရဇ်စာပေနှင့် အရဇ်သမိုင်းတွင် အလွန် မြတ်နိုးဘွယ်ကောင်းသော၊ အနက်အဓိပ္ပါယ် အလွန်ကြွယ်သော၊ အလွန်ကျော်ကြားသော ပုဒ်တပုဒ်၊ စကားတလုံး ဖြစ်လာခဲ့သည်။ ယနေ့လည်း မိတ်ဆွေတဦးတယောက် ခရီးသွားသည့်အခါ၊ လိုက်လံပို့သူများက "စာလိမန်၊ဃာနိမန်" အေးချမ်းစွာ ပြန်လာနိုင်ပါစေ၊ "ဃနီမတ်"အရယူလာနိုင်ပါစေ"ဟု ဆုတောင်းလေ့ ရှိကြပေသည်။ ထိုပုဒ်သည် အရဗီစာပေတွင်သာမက အူရ်ဒူ စာပေဘွင်ပင်၊အလွန် အဘိုးဆိုက်တန်သည့်အနက်၌ အသုံးဖြစ်လျက်ရှိပေသည်။

အထက်တွင် ရေးသားခဲ့သည့်အတိုင်း အာရေဗျပြည်တွင် စားဝတ်နေရေး ကျပ်တည်းမှုကြောင့်၊ လုယက်တိုက်ခိုက်မှုများ၊ စစ်ပွဲများ အန္တရာယ်များ ဖြစ်ပွားလျက်ရှိခဲ့၏။ အရဇ် မျိုးနွယ်စုများသည် အချင်းချင်း လုယက် တိုက်ခိုက်လျက်

ရှိခဲ့ကြ၏။ အရပ်လူမျိုးများသည်အချင်းချင်း အဘယ်မျှပင် လုယက်တိုက်ခိုက်နေခဲ့ကြလင့်ကစား ၎င်းတို့သည် ဘာသာရေးအရ လုယက် တိုက်ခိုက်ခြင်း၊ စစ်ထိုးခြင်းမပြုလုပ်ရန် လေးလ သတ်မှတ်ထားခဲ့ကြ၏။ ထိုလများကို (*) "အရှ်ဟုရ်ဟုရွမ်" ဟု ခေါ်ဝေါ်လေ့ရှိခဲ့ကြ၏။ ထိုလေးလတွင်မူ အရပ်မျိုးနွယ်များသည် လုယက်တိုက်ခိုက်ခြင်း၊ စစ်ထိုးခြင်းများကို ရှောင်ကြဉ်လေ့ရှိခဲ့ကြ၏။ သို့တစေလည်း အရပ် လူမျိုးတို့သည် သုံး၊ လေး လစဉ်တိုက် မလုယက် မတိုက်ခိုက်ဘဲ မနေနိုင်ခဲ့ကြသည့်အတွက် "အရှ်ဟုရ်ဟုရွမ်" လေးလကို အခြေအနေအရ ရှေ့တိုးနောက်ဆုတ် ပြုလုပ်ခဲ့ကြ၏။ ကပြောင်းကပြန် ပြုလုပ်ခဲ့ကြ၏။ ယင်းသို့ပြုလုပ်ခြင်းကို "နစီအ်" ဟု ခေါ်သည်။ ဤသည် အရှ် ဟု ရွမ် လ များ တွင် တိုက်ခိုက် နိုင်ရန်အတွက် ဝိနည်းရှောင်ရန် လှည့်စားခြင်းသာ ဖြစ်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ဟာဖစ်ဇ်ဣဗ်နုဟာဂျရ်က ဗုခါရီ ကျမ်းကြီးအဖွင့်တွင် အရပ်တို့သည် သုံးလတိုင်တိုင် စဉ်တိုက် လုယက် တိုက်ခြင်းကို ရပ်ဆိုင်း၍ မနေနိုင်ခဲ့ကြသည့်အတွက် မုဟာရ်ရမ်လကို ဆဖရ်လဟူ၍၎င်း၊ ဆဖရ်လကို မုဟာရ်ရမ်ဟူ၍၎င်း၊ ပြောင်းလဲ သတ်မှတ်လေ့ ရှိခဲ့ကြသည့်အကြောင်းကို အတည့်အလင်း ထုတ်ဖော် ရေးသားထားသည်။

## "ဆာ့ရ်" ဟူသောအစွဲအလမ်း။

အာ ရေ ဗျ ပြည် တွင် အမိုက်ခေတ်က စစ်ပွဲတွေ ဖြစ်ပွားနေခဲ့ရသည့် အကြောင်းရင်းမှာ ဖော်ပြပါ အကြောင်းပင် ဖြစ်သည်။ သို့ရာတွင် ယင်းသို့ စစ်ပွဲတွေ အတောမသတ် ဖြစ်ပွားလာခဲ့သည့်အခါ အခြေအနေအရ အခြား အကြောင်းများလည်း ပေါ်ပေါက်လာခဲ့ပေသည်။ ယင်း အကြောင်းရင်းများ အနက်၊ အရေးကြီးဆုံးနှင့်အထက်မြက်ဆုံးအကြောင်းမှာ— "ဆာ့ရ်" ဟူသော အစွဲအလမ်းပင်ဖြစ်သည်။

"ဆာ့ရ်" ဟူသည်ကား— မျိုးနွယ်တခုတွင် တဦးတယောက်သတ်ဖြတ်ခြင်း ခံခဲ့ရသည်ရှိသော်၊ သတ်ဖြတ်ခြင်းခံရသူ၏ မျိုးနွယ်စုအဘို့ တုံ့ပြန်လက်စားချေ

---

(*) "အရှ်ဟုရ်ဟုရွမ်" ဟူသော ကာလ များမှာ (၁) ဇူကအ်ဒါလ၊ ၂ ဇူလ်ဟိဂျ်ဂျဟ်လ၊ (၃) မုဟာရ်ရမ်လ၊ (၄) ရဂျဗ်လများဖြစ်သည်။

ကြည့်၊ ကုရ်အာန်အလင်းပြကျမ်း၊ အစောင်(၂) ၄အောက်ခြေအမှတ်(၃၄၆)

(ယာဇီ)

သတ်ဖြတ်ရန်မှာ (ဖရ်သွာ) မလုပ်မနေရ၊ လက်မလွှတ်တန်း ဆောင်ရွက်ရမည့် တာဝန်ကြီးတရပ် ဖြစ်လာပေသည်။ အဆိုပါတာဝန်မှာ အဘယ်မျှ အရေးကြီးသည်ဆိုသော် တုံ့ပြန်သတ်ဖြတ်ရေးတွင် အတေးကြီးတေးကာ နှစ်ပေါင်း အမြောက်အမြား ကြာညောင်း သွားလင့်ကစား၊ လူသတ်သမား တရားခံ သေသွားလင့်ကစား၊ လူသတ်သမား၏ မျိုးနွယ်ဝင်များ သေဆုံး တိမ်ကော သွားလင့်ကစား၊ လူသတ်သမား၏ မျိုးနွယ်ဝင်တဦးဦးကို တုံ့ပြန်မသတ်ဖြတ်ရ သမျှကာလပတ်လုံး အသတ်ခံရသူ၏ မျိုးနွယ်ဝင်များသည် မိမိတို့၏ လူမျိုးရေးဆိုင်ရာ တုံ့ပြန် လက်စားချေသတ်ဖြတ်ရမည့် တာဝန်ကြီးကို ကျေပြွန်စွာ မဆောင်ရွက်ရသေးဟူ၍ပင် ယူဆခဲ့ပေသည်။ ဤသည့် တုံ့ပြန် လက်စားချေမှုကိုပင် "ဆာ့ရ်" ဟူ၍ ခေါ်ဆိုလေသည်။

ဤသည့် "ဆာရ်" တုံ့ပြန် လက်စားချေမှုကြောင့်ပင် အရဗ်လူမျိုးတို့တွင် သာမန်သတ်ဖြတ်မှုတခုကို အကြောင်းပြု၍၊ စစ်ပွဲများသည် နှစ်ပရိစ္ဆေဒ မြောက်မြားစွာအထိ အတောမသတ် ဖြစ်ပွားနေလေ့ရှိခဲ့ပေသည်။

တမန်တော်မြတ်သည် ဤသည့် ဆိုးရွားလှသော 'ဆာ့ရ်' ဟူသော လက်စားချေမှုကြီးကို နောက်ဆုံး ဟဂ်ျတွင် အတည့်အလင်း ဖျက်သိမ်းတော်မူကြောင်း ကျေညာတော်မူခဲ့ပေသည်။ သို့ကျေညာတော် မူခဲ့သည်သာမက၊ မိမိဆွေမျိုးသားချင်းများအား သတ်ဖြတ်ထားသူများကိုလည်း တုံ့ပြန် သတ်ဖြတ်ခြင်းမှ လွှတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူလိုက်လေသည်။ သို့တစေလည်း အရဗ်တော ကျေးရွာများတွင် နေထိုင်ကြသော အချို့အရဗ်တော ကျေးသားတို့၌ ယနေ့တိုင် အဆိုပါ "ဆာ့ရ်" အစွဲသည် အမြစ်မပြတ်သေးပေ။

"ဆာ့ရ်" နှင့်စပ်လျဉ်း၍ အမိုက်ခေတ်တွင် အမျိုးမျိုး အတွေးအခေါ်များလည်း ပေါ်ပေါက်လာခဲ့ပေသေးသည်။ ဥပမာ- သတ်ဖြတ်ခြင်း ခံရသူ တဦး သေဆုံးသွားသည့်အခါ ထိုသူ၏ "ရူဟ်" အသက်ဝိညာဉ်မှာ ငှက်ဖြစ်သွားပြီး၊ အသတ်ခံရသူအတွက် တုံ့ပြန် လက်စားချေခြင်း မပြုရသမျှ ကာလပတ်လုံး လူသတ်မှု ဖြစ်ပွားရာဌာနတွင် "ကျွန်ုပ်ကို တိုက်ကျွေးကြ၊ ကျွန်ုပ် ရေငတ်နေသည်" ဟု အော်ဟစ်မြည်တမ်းနေသည်ဟု ထင်မြင်ယူဆခဲ့ကြပေသည်။ ယင်းငှက်ကို "ဆွဒါ" ဟူ၍ရင်း၊ "ဟာမဟ်" ဟူ၍ရင်း ခေါ်ဆိုလေ့ ရှိခဲ့ကြပေသည်။

"ဆာ့ရ်" နှင့် စပ်လျဉ်း၍ အခြားအတွေး အခေါ်တရပ်မှာ တုံ့ပြန် လက်စားချေ သတ်ဖြတ်ခြင်း မပြုသမျှ ကာလပတ်လုံး အသတ်ခံရသူ၏သင်းချိုင်းတွင်

မှောင်အတိ ကျနေသည်ဟုလည်း တွေးထင်လေ့ရှိခဲ့ကြပေသည်။ ထို့အတွက်ကြောင့်ပင် အဝိုက်ခေတ်တွင် အသက်လျော်ကြေးယူခြင်းကို မကောင်းထင်ခဲ့ကြပေသည်။ ထိုမျှမကသေး တုံ့ပြန် သတ်ဖြတ်ခြင်းမပြုရမီ သတ်ဖြတ်ခြင်း ခံရသူအတွက် ငိုကြွေးမြည်တမ်းခြင်းကိုပင် အပြစ်ဟူ၍ ယူဆခဲ့ကြပေသည်။

"ဆာဝ့ရ်"နှင့်စပ်လျဉ်း၍ အခြား အတွေးအခေါ်တရပ်မှာ တဦးတယောက်သည် ဒဏ်ရာဒဏ်ချက်ဖြင့် သေဆုံးသွားသည်ရှိသော်၊ ထိုသူ၏ ဝိညာဉ်သည် ဒဏ်ရာဒဏ်ချက် ရရှိသော နေရာမှာပင် ထွက်သွားသည်။ သို့မဟုတ်ပါမူ ဝိညာဉ်သည် နှာခေါင်းမှထွက်သွားသည်ဟု တွေးထင်လေ့ရှိခဲ့ကြပေသည်။ အဝိုက်ခေတ်တွင် နှာခေါင်းမှအသက်ထွက်ခြင်းကို အလွန်စက်ဆုပ်ရွံရှာဖွယ်ဟု ထင်မှတ်လေ့ရှိခဲ့ကြပေသည်။ သို့အတွက်ကြောင့်ပင် ရောဂါဖြင့်သေဆုံးခြင်းကို (حتف انفه) "ဟတ်ဖုအန်ဖင်" နှာခေါင်းသေဟုခေါ်ဆိုလေ့ရှိခဲ့ပေသည်။ ယင်းသို့သေခြင်းမှာ အဝိုက်ခေတ် အရပ်တွေအဘို့ ရှက်ဘွယ်လိလိ ဖြစ်ခဲ့ပေသည်။

وما مات منا سيد حتف انفه
ولا طل منا حيث كان قتيل

ငါတို့၏ ခေါင်းဆောင်များတွင် မည်သူတဦးတယောက်မျှ နှာခေါင်းသေ သေသည်မရှိ။ ငါတို့တွင်အသတ်ခံရသူများအနက် မည်သူတဦးတယောက်၏သွေးမျှ အချည်းနှီးဖြစ်သည်မရှိ။

ယင်းသို့ဖြင့် တဖြည်းဖြည်း အရပ်တို့၏ လူမျိုးရေးဆိုင်ရာ ကြွားဝါမှု၊ ဂုဏ်ယူမှုနှင့် အကျင့်စာရိတ္တအဝဝတို့၏ အခြေခံသော့ချက်မှာ စစ်ပင် ဖြစ်လာပေတော့၏။ တနည်းဆိုရသော် အရပ်တို့၏ အရည်အသွေး၊ အကျင့်စာရိတ္တဟူဟူသမျှ၏ မူရင်းအကြောင်းကိုရှာကြည့်သော် ဤသည့်စစ်ပင် အကြောင်းရင်းဖြစ်နေသည်ကို တွေ့ရှိရပေမည်။ ဤသည့် အချက်ပင်လျှင် အရပ်လူမျိုးအမျိုးအနွယ်တော့အား အချိန်အတော်ကြာညောင်းသည်အထိ အစ္စလာမ်ကို သက်ဝင်ယုံကြည်ခြင်းမှ ဟန့်တားထားခဲ့ပေသည်။

(သာဝကကြီး) အမ်ရ် ဣစ်နှ မာလင်ကဲသည် တမန်တော်မြတ်ထံ ရောက်ရှိလာပြီး၊ အစ္စလာမ် သက်ဝင် ယုံကြည်သွားခဲ့၏။ ထို့နောက် မိမိမျိုးနွယ်ဝင်များထံပြန်လာပြီး အစ္စလာမ်ကို တင်ပြခဲ့၏။ ထိုအခါ အဆိုပါ မျိုးနွယ်ဝင်များက – "ယခု ကျွန်ုပ်တို့အပေါ်၌ အကီလ်မျိုးနွယ်ကို "ဆာဝ္ဂရ်" တုံ့ပြန် လက်စားချေရန် တာဝန် ကျန်ရှိနေပေသေးသည်။ လက်စားချေပြီးမှ အစ္စလာမ်ကို လက်ခံပါရစေ" ဟု အငြင်းပေးခဲ့ကြ၏။ သို့ပြောဆိုပြီး ရက်ပိုင်း အတွင်းမှာပင် အကီလ်မျိုးနွယ်ကို (ထိုအချိန်တွင် အကီလ်မျိုးနွယ်သည် အစ္စလာမ်ကို သက်ဝင်ယုံကြည်ပြီး ဖြစ်နေခဲ့၏။) တိုက်ခိုက်ခဲ့ကြ၏။ ထိုစစ်ပွဲတွင် သာဝကကြီး အမ်ရ်ဣဗ်နှ မာလင်ကဲ ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့၏။ ၎င်း၏ လက်ချက်ဖြင့် မွတ်လင်မ်တဦးပင် ကျဆုံးခဲ့ရှာ၏။ ယင်းသို့ ဖြစ်ရသည့် အတွက် သာဝကကြီး အမ်ရ်ဣဗ် နှမာလင်ကဲသည် များစွာ ယူကျုံးမရ ဖြစ်ခဲ့လေသည်။

## "ဃနီမတ်" ခေါ် တိုက်ခိုက်ရသော ပစ္စည်း။

အထက်တွင် ရေးသား ဖေါ်ပြခဲ့သည့်အတိုင်း အရဗ်တို့၏ စစ်ပွဲများသည် စီးပွားရေးကြောင့်ပင်ဖြစ်သည်။ ထို့အတွက်ကြောင့် အရဗ်တို့သည် လုယက် တိုက်ခိုက်၍ ရသောပစ္စည်းကို အထူးပင် ခုံမင် မက်မောခဲ့ကြသည်။ အသက်မွေးဝမ်းကျောင်းအတွက် ရှာဖွေဆည်းပူး၍ ရရှိသော ပစ္စည်းများ အနက် ထိုသည့် လုယက်တိုက်ခိုက်၍ ရသောပစ္စည်းကိုပင် တရားအဝင်ဆုံး၊ အကောင်းဆုံးဟူ၍ပင် ထင်မှတ် နေခဲ့ကြသည်။ ဤသည့် ထင်မြင်ယူဆချက်မှာ အရဗ်တို့တွင် အစ္စလာမ်ကို လက်ခံပြီးသည့် နောက်ပိုင်း အချိန်အတော် ကြာညောင်းသည်အထိ တည်ရှိနေခဲ့ပေသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် အစ္စလာမ်တရားတော်အရ အချို့မပြုပိုင်သော အခြားအရာများကို တဖြည်းဖြည်း အဆင့်ဆင့် ပိတ်ပင် တားမြစ်တော်မူသကဲ့သို့ (ဃနီမတ်)ခေါ် လုယက်တိုက်ခိုက်၍ရသော ပစ္စည်းနှင့်စပ်လျဉ်း၍လည်း အထူးတလည်တဖြည်းဖြည်းပင် တားမြစ် ပိတ်ပင်တော် မူခဲ့ရပေသည်။

တမန်တော်မြတ်သည် သေရည် အရက် ပိတ်ပင်တော်မူလိုသည့်အခါ ဦးစွာပဌမ အောက်ပါ မုကဒ္ဒပါဌ်တော် ကျရောက်လာခဲ့ပေတည်။

يَسْأَلُونَكَ عَنِ الْخَمْرِ وَالْمَيْسِرِ قُلْ فِيهِمَا إِثْمٌ
كَبِيرٌ وَمَنَافِعُ لِلنَّاسِ وَإِثْمُهُمَا أَكْبَرُ مِنْ نَفْعِهِمَا

قرآن (٢ : ٢١٩)

"(အို- တမန်တော်) ထိုသူများသည် အသင့်ထံ အရက်သေစာနှင့် စပ်လျဉ်း၍၎င်း၊ လောင်းတမ်းကစားခြင်းနှင့် စပ်လျဉ်း၍၎င်း၊ မေးမြန်းကြသည်။ အသင်ပြောပြ- ထိုနှစ်မျိုးလုံးတွင် ကြီးလေးသော အပြစ်များလည်း ရှိသည်။ လူသားတို့အဘို့ အကျိုးများလည်း ရှိသည်။ သို့ရာတွင် ယင်းနှစ်မျိုး၏ အပြစ်သည် ယင်း နှစ် မျိုး ၏ အ ကျိုး ထက် ပို ၍ ကြီးလေးပေသည်။"

ကုရ်အာန် (၂း ၂၁၉)

အထက်ပါ မုကွ္ဒပါဠ်တော် ကျရောက်လာသည့်အခါ သာ၀ကကြီး အုမရ်က (اَللّٰهُمَّ بَيِّنْ لَنَا فِي الْخَمْرِ شَافِيًا) "အိုအလ္လာဟ် အသျှင်မြတ်၊ ကျွန်တော်မျိုးတို့အား သေရည်အရက်နှင့်စပ်လျဉ်း၍ ပွင့်လင်းစွာ ညွှန်ပြတော်မူပါ" ဟု ဆုပန်ရာ၊ ဒုတိယမ္ဘ ်အောက်ပါ မုကွ္ဒပါဠ်တော် ကျရောက်လာခဲ့လေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَقْرَبُوا الصَّلَاةَ وَأَنْتُمْ سُكَارَى
حَتَّى تَعْلَمُوا مَا تَقُولُونَ قرآن (٤:٤٣)

"အို- မုအ်မင်န်အပေါင်းတို့၊ အသင်တို့သည် မူးယစ်နေကြစဉ် မိမိတို့ပြောဆိုကြသောစကားကို မသိနားမလည်ကြသမျှကာလပတ်လုံး ဆွလာတ်၀တ်ပြုမှု အနီးသို့ပင် မချဉ်းကပ်ကြလေနှင့်"

ကုရ်အာန် (၄း၄၃)

အထက်ပါ မုကွ္ဒပါဠ်တော် ကျရောက်လာပြီးနောက် ဆွလာတ် ၀တ်ပြုချိန်ကျရောက်လာလျှင် တမန်တော်မြတ်၏ ညွှန်ကြားချက်ဖြင့် နှိုးဆော်သူ

တဦးက "မည်သူမျှ မူးယစ်နေစဉ် ဆွလာတ်ဝတ်ပြုရန် မလာရ" ဟု ကြွေးကြော် လေ့ရှိခဲ့ပေသည်။ နောက်ဆုံးတွင် တတိယမွ အောက်ပါ မုက္ခပါဌ်တော် ကျရောက်လာခဲ့လေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا إِنَّمَا الْخَمْرُ وَالْمَيْسِرُ وَالْأَنصَابُ
وَالْأَزْلَامُ رِجْسٌ مِّنْ عَمَلِ الشَّيْطَانِ فَاجْتَنِبُوهُ لَعَلَّكُمْ
تُفْلِحُونَ ۝ إِنَّمَا يُرِيدُ الشَّيْطَانُ أَن يُوقِعَ بَيْنَكُمُ الْعَدَاوَةَ
وَالْبَغْضَاءَ فِي الْخَمْرِ وَالْمَيْسِرِ وَيَصُدَّكُمْ عَن ذِكْرِ اللَّهِ
وَعَنِ الصَّلَاةِ فَهَلْ أَنتُم مُّنتَهُونَ ۝ قرآن (٥:٩٠-٩١)

"အို- မုအ်မင်န်အပေါင်းတို့၊ သေရည် အရက်သည့်ငှင်း၊ လောင်းတမ်း ကစားခြင်းသည်ငှင်း၊ ရုပ်ထုဆင်းထုများသည်ငှင်း၊ မြှားဖြင့် ကံစမ်းခြင်းသည်ငှင်း၊ အလွန် ဆိုးရွား ညစ်ညမ်းသော အမှုကိစ္စများ၊ ရှိုင်တွာန်၏ အပြုအမူသာလျှင် ဖြစ်သည်။ အသင်တို့သည် ထိုအပြုအမူများ၊ကို ရှောင်ကြဉ်ကြ၊ အသင်တို့ အောင်မြင်ကြလိမ့်မည်"

ရှိုင်တွာန်သည် သေရည်အရက်ဖြင့်ငှင်း၊ လောင်းတမ်း ကစားခြင်းဖြင့်ငှင်း၊ အသင်တို့စပ်ကြားတွင် ရန်ငြိုးပွားမှု၊ မုန်းတီးမှုကို သက်ရောက် စေလိုသည်။ ငှင်းပြင် အသင်တို့ကို အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှ ငှင်း၊ ဆွလာဟ် ဝတ်ပြုခြင်းမှငှင်း၊ ပိတ်ပင် တားဆီးလိုသည်။ သို့ဖြစ်ရာ အသင်တို့သည် ရပ်တန့်ကြမည်လော"

ကုရ်အာန် (၅း ၉၀- ၉၁)

အထက်တွင် ရေးသား ဖေါ်ပြခဲ့သည့်အတိုင်း တမန်တော်မြတ်သည် သေရည်အရက်ကို အကြိမ်ကြိမ် ပိတ်ပင် တားမြစ်တော်မူခဲ့၏။ လေးလေး နက်နက် ပိတ်ပင်တော်မူခဲ့၏။ သေရည်အရက်ကို တားမြစ်တော်မူခဲ့သည်သာမက သေရည်အရက် သောက်သုံးရာတွင် အသုံးပြုသော အိုးခွက်အားလုံးကိုပင် ရိုက်ခွဲပစ်စေတော်မူခဲ့၏။ အချို့က သေရည်အရက်ကိုတော့ မသောက်သုံးတော့ပါ၊

အရက်ကို စိရ်ကဟ် (ရှာလကာရည်) ပြုလုပ်ပါရစေဟု မေတ္တာ ရပ်ခံခဲ့ကြသေး၏။ တမန်တော်မြတ်သည် ယင်းသို့ပြုလုပ်ခြင်းကိုလည်း အတည့်အလင်း တားမြစ်တော် မူခဲ့၏။ ယင်းသို့ လေးလေးနက်နက် ပြင်းပြင်းထန်ထန် တားမြစ်တော်မူခဲ့ပါလျက်၊ သမတကြီး အုမ္မရ်သခင်လက်ထက်တွင် အချို့ မွတ်စလင်များသည် အရက်သောက်ကြပြန်၏။ ၎င်းတို့အား မေးမြန်းသည့်အခါ ၎င်းတို့က– "မုအ်မင်န် လူတော် လူကောင်းများအတွက် အရက်သည် အဘယ်မှာလျှင် 'ဟရာမ်' ဖြစ်ပါသနည်းဟု ရိုးသားစွာ ပြန်ဖြေကြ၏။ ကုရ်အာန်ကျမ်းမြတ် (၅း ၉၀–၉၁)တွင် သေရည် အရက် မသောက် သုံး ရ သည့် အကြောင်း ပါရှိသော်လည်း၊ ကုရ်အာန်ကျမ်းမြတ် (၅း ၉၃) တွင်မူ ချွင်းချက်ပါရှိကြောင်း ထောက်ပြကြ၏။ ကုရ်အာန် (၅း၉၃)မှာ အောက်ပါအတိုင်းဖြစ်၏။

لَيْسَ عَلَى الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جُنَاحٌ فِيمَا طَعِمُوا

قرآن (٥:٩٣)

"အကြင်သူများသည် အိမာန် သက်ဝင် ယုံကြည်ကြ၏။ ကောင်းမှုများကို ပြုကြ၏။ ၎င်းတို့အပေါ်၌ ၎င်းတို့ စားသုံးခဲ့ကြသည်များနှင့် စပ်လျဉ်း၍ တစုံတရာအပြစ်မရှိချေ"

ကုရ်အာန် (၅း ၉၃)

ထိုအချိန်တွင်(ဆွဟာဗဟ်) သာဝကကြီးများ အမြောက်အမြား ရှိနေခဲ့ကြ၏။ ထိုအခါ သမတကြီး အုမရ်သည် သာဝကကြီး အဗ်ဒုလ္လာဟ် ဣဗ်နု အဗ်ဗာစ်ဘက်ကြည့်၍ အဆိုပါ မုကွဒ္ဒပါဠ်တော်၏ အဓိပ္ပါယ်သဘော မည်သို့ ရှိပါသနည်းဟု မေးမြန်းရာ၊ သာဝကကြီးအဗ်ဒုလ္လာဟ် ဣဗ်နု အဗ်ဗာစ် က အဆိုပါ မုကွဒ္ဒပါဠ်တော်မှာ သေရည်အရက်ကို မပိတ်ပင် မတားမြစ်မီ အလျင်သေဆုံးသွားခဲ့ကြသော မွတ်စလင်မ်များနှင့်သာ ပတ်သက်ကြောင်း ပြောပြ၏။ သမတကြီး အုမရ်ကလည်း ထောက်ခံအတည်ပြု၏။ ထို့နောက် အဆိုပါ မုကွဒ္ဒပါဠ်တော်ကို ချွင်းချက်အဖြစ် သဘောထားပြီး အရက်သောက်သုံး နေကြသော မွတ်စလင်များအား ပြစ်ဒဏ်ပေးခဲ့လေသည်။ ဤအကြောင်း "တာရိဗ် တွဗရီကျမ်း" တွင် အကျယ်တဝင့် ပါရှိသည်။

ဤအကြောင်းကို ဤမျှ အကျယ် ရေးသားခြင်း အကြောင်းမှာ ကိစ္စတရပ်သည် အခွန်ကြာရှည်စွာ ထုံးတမ်းစဉ်လာတွင် အကျုံးဝင်သွားပါက ထိုကိစ္စရပ်၏ အကျိုးဆက်သည် အချိန်အတော်ကြာသည်အထိ တည်ရှိနေတတ်သည်ကို ဖေါ်ပြရန်ပင် ဖြစ်ပေသည်။ "ဃနီမတ်" တိုက်ခိုက်၍ ရသောပစ္စည်းမှာလည်း ဤနည်းနှင်နှင်ပင် ဖြစ်သည်။

ဦးစွာပဌမ ဗဒ်ရ် စစ်ပွဲဖြစ်ပွားစဉ်က မွတ်စလင်တို့ စစ်ရေး သာကြသောအခါ ဃနီမဟ်ပစ္စည်းများကို တနေရာ၊ တဌာနတွင် မစုပုံရသေးမှီပင် အချို့မွတ်စလင်များသည် ဃနီမဟ်ပစ္စည်းများကို အသီးသီး သိမ်းယူကြလေတော့သည်။ ထိုအခါ အောက်ပါ မုကဒ္ဒပါဠ်တော် ကျရောက် လာခဲ့ပေသည်။

لَوْلَا كِتَابٌ مِّنَ اللهِ سَبَقَ لَمَسَّكُمْ فِيمَا أَخَذْتُمْ عَذَابٌ
عَظِيمٌ ○ قرآن (٨ : ٦٨)

"အကယ်၍သာ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ရေးမှတ်ချက် တစုံတရာ သတ်မှတ်ပြီး မရှိခဲ့ပါမူ၊ အသင်တို့ ယူငင်ကြသည့် ကိစ္စတွင် အသင်တို့၌ မုချ ကြီးမားသော ပြစ်ဒဏ်သက်ရောက်အံ့"

ကုရ်အာန် (၈း ၆၈)

တိရ်မိဇီကျမ်း "အန်ဖာလ်" ကဏ္ဍ (*) ၏ အဖွင့်တွင် အတည့်အလင်း ပါရှိသည်မှာ တမန်တော်မြတ်က "အကြင်သူသည် ကာဖိရ်တဦးတယောက်ကို သတ်ဖြတ်အံ့၊ ထိုသူသည် ထိုကာဖိရ်၏ ပစ္စည်းများကို ပိုင်ဆိုင်အံ့" ဟု ကျေညာတော်မူခဲ့၏။ ထို့အတွက်ကြောင့်ပင် အချို့က မိမိတို့ သိမ်းပိုက် ရရှိထားသော ပစ္စည်းများကို မိမိတို့သာလျှင် ပိုင်ဆိုင်ကြသည်ဟု အဆိုပြုလာခဲ့ကြ၏။ အချို့က အမှန်မှာ ၎င်းတို့သည် စစ်ပွဲတွင် ပါဝင် ဆင်နွှဲခဲ့ကြသည် မဟုတ်၊ အလံများကို ထိန်းသိမ်းသူများသာ ဖြစ်ခဲ့ကြ၏။ ထိုသို့သောမွတ်စလင်မ်များကလည်း သိမ်းပိုက်ရရှိထားသော ပစ္စည်းများတွင် ကျွန်ုပ်တို့၏ ပိုင်ဆိုင်ခွင့်လည်း ပါရှိသည်ဟု ဆိုလာခဲ့ကြ၏။ ထိုအခါ အောက်ပါ မုဘာ့ပါဠ်တော် ကျရောက်လာခဲ့ပေသည်။

---

(*) "အန်ဖါလ်" ကဏ္ဍဟူသည် ကုရ်အာန်ကျမ်းမြတ်၏ အဌမမြောက် ကဏ္ဍကို ဆိုလိုသည်။ (ဆံဒီ)

يَسْـَٔلُونَكَ عَنِ الْأَنفَالِ ۖ قُلِ الْأَنفَالُ لِلَّهِ وَالرَّسُولِ

قرآن (٨ : ١)

“ထိုသူများက အသင့်အား (စစ်ပွဲတွင် သိမ်းပိုက် ရရှိသော) သုံ့လက်ရ ပစ္စည်းများနှင့် စပ်လျဉ်း၍ မေးမြန်းကြသည်၊ အသင်ပြောလော့– ‘ထို သုံ့လက်ရ ပစ္စည်းများသည် အလ္လာဟ် အသျှင်မြတ်နှင့် တမန်တော်မြတ်အဘို့သာ ဖြစ်သည်’။ ”

ကုရ်အာန် (၈း၁)

အထက်ပါ မုကဒ္ဒပါဒ်တော်၏ ဆိုလိုရင်းသဘောမှာ စစ်ပွဲတွင် ပါဝင်ဆင်နွှဲကြသော စစ်သည်တော်များ၌ သုံ့လက်ရ ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြောဆိုပိုင်ခွင့် မရှိပေ။ သုံ့လက်ရ ပစ္စည်းများကို ခွဲဝေခြင်းဆိုင်ရာ အခွင့်အာဏာသည် တမန်တော်မြတ်၏ လက်တွင်း၌သာ တည်ရှိပေသည်။ တမန်တော်မြတ်သည် မိမိ၏ဆန္ဒအလျောက် ခွဲဝေပေးတော်မူမည်သာ ဖြစ်ပေသည်။ ဤမုကဒ္ဒပါဒ်တော်၏ ကျေးဇူးကြောင့် စစ်ပွဲများတွင် သိမ်းပိုက်ရရှိသော သုံ့လက်ရ ပစ္စည်းများကို မိမိဆန္ဒအလျောက် ယူငင်လေ့ရှိသော အလေ့အကျင့်သည် ရပ်တန့်သွားခဲ့ပေသည်။ သို့တစေလည်း စစ်ပွဲအပြင် အခြားနေရာများတွင်မူ လုယက်မှုသည် အချိန်အတော် ကြာညောင်းသည်အထိ ကျန်ရှိနေခဲ့ပေသေးသည်။

စုနန်အဗုဒါဝူဒ်ကျမ်းကြီးတွင် အန်ဆွာရီတဦး၏ ဖွင့်ဟ ပြောပြချက်ပါရှိသည်မှာ တရက် ကျွန်တော်တို့သည် တမန်တော်မြတ်နှင့်အတူ ခရီးတခုတွင်လိုက်ပါလာခဲ့ကြ၏။ ဆာလောင်မွတ်သိပ်မှုကြောင့် အကြီးအကျယ် ဒုက္ခဖြစ်ခဲ့ကြ၏။ ထိုအချိန်တွင် အကြောင်းအားလျော်စွာ ရှေ့တွင် ဆိတ်အုပ်တအုပ်ကို တွေ့မြင်လိုက်ကြ၏။ ကျွန်တော်တို့သည် ထိုဆိတ်ကို လုယက်လာပြီး “ဇဗဟ်” လှီးဖြတ်၍၊ ချက်ပြုတ်ကြ၏။ ဤအကြောင်း တမန်တော်မြတ် သိရှိတော်မူသောအခါ ကြွရောက်လာပြီး၊ လက်တွင် အသင့်ပါရှိသော လေးတူးကိုင်းဖြင့် ဟင်းအိုးများကို မှောက်လှဲကာ– “လုယက်၍ရရှိသော ပစ္စည်းသည် အသေသားထက် ပို၍ ဟရာမ်ဖြစ်” ဟု မိန့်ကြားတော်မူလိုက်လေသည်။

ခိုင်ဗရ် စစ်ပွဲသည် ဟိဂျ်ရီ သက္ကရာဇ်(၇)ခုနှစ်တွင် ဖြစ်ပွားခဲ့၏။ ထိုအချိန်အထိ လုယက်လိုသည့် စိတ်ဓာတ်မှာ အမြင်တွယ် လျက်ပင် ရှိနေခဲ့သေး၏။ စစ်ပွဲကြီးပြီး၍ အေးချမ်းသည့်အခါ အချို့ ပုဂ္ဂိုလ်များသည် ယဟူဒီများ၏ တိရစ္ဆာန်များ လုယက်ကြပြန်၏။ တမန်တော်မြတ် သိတော်မူသည့်အခါ အလွန်တရာမျှ ဒေါသ ဖြစ်တော်မူခဲ့၏။ (ဆဟာဗဟ်) သာဝက အားလုံးတို့အား စုစေတော်မူပြီး အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

إِنَّ اللّٰهَ تَعَالٰى لَمْ يُحِلَّ لَكُمْ اَنْ تَدْخُلُوا بُيُوتَ اَهْلِ
الْكِتَابِ اِلَّا بِاِذْنٍ وَلَا ضَرْبِ نِسَائِهِمْ وَلَا اَكْلِ ثِمَارِهِمْ
اِذَا اَعْطَوكُمُ الَّذِى عَلَيْهِمْ ـ
(سنن ابى داؤد باب تعشير الذمة اذا اختلفوا فى التجارة)

(မွတ်စလင်မ် အုပေါင်းတို့) ကတာဗီများသည် ၎င်းတို့အပေါ်၌ ပေးဆောင်ရန်ရှိသော တာဝန်ကို အသင်တို့အား ပေးဆောင်ပြီးကြလျှင် အသင်တို့သည် ကတာဗီများ၏ အိမ်များသို့ ခွင့်ပြုချက် ရရှိမှုတပါး) ဝင်ခွင့်မရှိ၊ ၎င်းတို့၏ အမျိုးသမီးများအားလည်း ရိုက်နှက်ပိုင်ခွင့်မရှိ၊ ၎င်းတို့၏ သီးနှံများကိုလည်း စားသုံးပိုင်ခွင့်မရှိ၊ ယင်းသို့လုပ်ရန် အသင်တို့အား အလ္လာဟ်အသျှင်မြတ်ကလည်း ခွင့်ပြုထားတော်မူသည်မဟုတ်။

(စုနန်အဗူဒါဝုဒ်ကျမ်း)

“ဃနီမတ်” ခေါ် သိမ်းလက်ရ ပစ္စည်းများနှင့် စပ်လျဉ်း၍ အရဗ်တို့၏ ခုံမင်မက်မောမှုကို တဖြည်းဖြည်း လျော့နည်း ပပျောက်သွားစေရန် တမန်တော်မြတ်သည် အထူး လိုလားတော်မူခဲ့၏။ ကြိုးပန်းတော်မူခဲ့၏။ သို့တစေလည်း– အချိန်ကာလ အတော်ကြာညောင်းသည်အထိ သိမ်းလက်ရပစ္စည်း၏ မက်မောမှုသည်အမြစ်တွယ်၍ပင် ရှိနေခဲ့သေး၏။ ‘အုဟုဒ်’စစ်ပွဲတွင် မွတ်စလင်မ်များ စစ်ရေး ရှုံး နိမ့် ခဲ့ ကြ ရ သည့် အကြောင်းရင်းမှာလည်း ဤသည့် သိမ်းလက်ရ ပစ္စည်း မက်မောမှုကြောင့်ပင် ဖြစ်ပေသည်။ ဖြစ်ပုံကား အဆိုပါစစ်ပွဲတွင် တမန်တော်မြတ်က အုဟုဒ်တောင်ထိပ်တွင် တပ်စွဲထား

စေတော်မူခဲ့သော တူးလေး စစ်သည်များအား စစ်ပွဲ၏အခြေအနေ အသို့ပင် ရှိစေ အသင်တို့သည် မိမိတို့ တပ်စွဲထားသည့်နေရာမှ လုံးဝ မရွေ့ကြနှင့်ဟု လေးလေးနက်နက် အမိန့် ပေးထားတော်မူခဲ့၏။ သို့ အမိန့်ပေးထားတော်မူခဲ့သော်လည်း စစ်ရေး သာလာသည့်အခါ မွတ်စလင်မ် စစ်သည်များသည် သိမ်းပိုက်ရ ပစ္စည်းများကို လုယက် သိမ်းပိုက်ရာတွင် နစ်မွန်း သွားခဲ့ကြ၏။ တူးလေးစစ်သည်များလည်း နေရာရွေ့သွားခဲ့ကြ၏။ ၎င်းတို့ နေရာရွေ့သည်နှင့် တပြိုင်တည်း ရန်သူများသည် အနှင့်ကောင်းရေကာ တောင်၏ နောက်ကျောမှ တက်လာပြီး မွတ်စလင်မ် စစ်သည်များအပေါ်သို့ မြားမိုးရွာသွန်းချလေတော့သည်။ ဟုနိုင်န် စစ်ပွဲတွင် မွတ်စလင်မ်တို့ စစ်ရေးနိမ့်ကျခဲ့ရသည့် အကြောင်းရင်းမှာလည်း အချိန်မကျမီ သိမ်းပိုက်ရ ပစ္စည်းများကို လုယက် သိမ်းပိုက်ခဲ့ကြခြင်းကြောင့်ပင် ဖြစ်ပေသည်။

"ဃနီမတ်"ခေါ် သိမ်းပိုက်ရပစ္စည်းကို အဘယ်မျှနှစ်မင့် မက်မောခဲ့ကြ သည်ဆိုသော် ကာဖိရ်တဦးတယောက် မွတ်စလင်မ်ဖြစ်သွားလျှင် သို့မွတ်စလင်မ် ဖြစ်သွားသည့်အတွက် ယနေ့မူ ၎င်း၏ပစ္စည်းကိုလုယက်တိုက်ခိုက် သိမ်းပိုက်နှင့် ဆုံးရှုံးသွားပြီဟု တွေးတောကာ စိတ်ပျက်သူများပင် ရှိခဲ့ကြသေး၏။

စုနန်အဗူ ဒါဝုဒ်ကျမ်း တွင် လာရှိသည်မှာ တပ်စိတ်တစိတ် ကင်း လှည့်နေရာတွင် မွတ်စလင်မ် တဦးသည် မျိုးနွယ်စုတစုကို တိုက်ခိုက်လို၏။ ထိုအခါ သက်ဆိုင်ရာ မျိုးနွယ်ဝင်များသည် ငိုကြွေးကာ ရောက်ရှိလာခဲ့ကြ၏။ အဆိုပါမွတ်စလင်မ်က–"အသင်တို့သည် (လာအိလာဟအိလ္လလ္လာဟ်)ဟု ဆိုကြ၊ သို့ဆိုကြလျှင် အသက်ချမ်းသာမှု ရကြလိမ့်မည်ဟု ပြောဆို၏။ အဆိုပါ မျိုးနွယ်ဝင်များက– (လာအိလာဟလ္လလ္လာဟ်)ဟု ဆိုကြ၏။ သို့ဆိုကြသည့်အခါ အဆိုပါမွတ်စလင်မ်က ယင်း မျိုးနွယ်ဝင်များ အား အသက်ချမ်းသာခွင့် ပေးလိုက်၏။ ထို့နောက် အဆိုပါ မွတ်စလင်မ်သည် မိမိ မိတ်ဆွေများထံ ပြန်လည် ရောက်ရှိလာပြီး၊ ကြိုးကြောင်း ပြောပြသည့်ခါ ၎င်း၏ မိတ်ဆွေ များက "အသင်သည် ငါတို့အား ဃနီမတ် သိမ်းပိုက်ရပစ္စည်းများနှင့် ကင်းဝေး အောင်ပြုလိုက်ပြီ"ဟု ပြောဆို ပြစ်တင်ခဲ့ကြလေသည်။

အဆိုပါမွတ်စလင်မ်နှင့် ၎င်း၏ မိတ်ဆွေများ ကင်းလှည့်ရာမှ တမန် တော်မြတ်ထံ ရောက်ရှိလာပြီး ဖြစ်ကြောင်းကုန်စင် တင်ပြကြသည့်အခါ တမန်တော်မြတ်သည် အဆိုပါမွတ်စလင်မ်အား ခြိမ်းမွမ်းစကား ပြောကြား တော်မူ၏။

ပို၍ အံ့သြဘွယ်ရာဖြစ်သည်မှာ အချိန်အတော်ကြာညောင်းသည်အထိ 'သနီပေဟ' သို့ရောက်ရပေစည်း သိမ်းပိုက်ယူခြင်းမှာ ကုသိုလ်အကျိုး ဖြစ်ထွန်းစေသည့် လုပ်ငန်းတရပ် ဖြစ်သည်ဟူ၍ပင် အရပ်တို့ ထင်မှတ်နေခဲ့ခြင်းပင် ဖြစ်သည်။ စူနန်အဗူဒါဝိုင်ကျမ်းတွင် လာရှိသည်မှာ မှတ်စလင်မ်တဦးက တမန်တော်မြတ်အား– "တမန်တော်မြတ်၊ ပုဂ္ဂိုလ်တဦးသည် (ဂျိဟာဒ်) အစ္စလာမ့်စစ်ပွဲတွင် ပါဝင်ဆင်နွှဲလိုပါသည်။ သို့ဆင်နွှဲရာတွင် ဥစ္စာပစ္စည်းလည်း ရယူလိုပါသည်"ဟု မေးမြန်းရာ၊ တမန်တော်မြတ်က– "ထိုသူသည် ကုသိုလ်အကျိုး စိုးစဉ်းမျှ ရရှိမည်မဟုတ်"ဟု ဖြေကြားတော်မူလိုက်၏။ အဆိုပါမှတ်စလင်မ်သည် မိမိမိတ်ဆွေများထံ ပြန်လည် ရောက်ရှိလာပြီး၊ တမန်တော်မြတ်၏ ဖြေကြားချက်ကို ပြောပြရာ အားလုံး အံ့သြသွားနဲကြ၏။ ထို့နောက် အဆိုပါမှတ်စလင်မ်အား သင်သည် တမန်တော်မြတ်၏ အဖြေကို သဘောပေါက်ဟန်မတူ၊ ပြန်လည်သွား၍ မေးမြန်းပါဟု ပြောကြသဖြင့် အဆိုပါ မှတ်စလင်မ်သည် တမန်တော်မြတ်ထံ ဒုတိယမ္ပိ မေးမြန်းပြန်၏။ တမန်တော်မြတ်က ယခင်အတိုင်း ဖြေကြားတော်မူလိုက်၏။ လူများသည် မကျေနပ်နိုင်ကြသဖြင့် တတိယတဖန် ပြန်လည်မေးမြန်း ခိုင်းကြပြန်၏။ တတိယ အကြိမ်တွင်လည်း တမန်တော်မြတ်က ယခင်အတိုင်းပင် အဖြေပေးတော် မူလိုက်လေသည်။ ဤနည်းနှင်နှင်နှင့် ဖြစ်ရပ်များ အမြောက်အမြား ရှိပေသည်။

## ရှုန့်ရင်း ကြမ်းတမ်းသည့် အပြုအမူများ။

အရပ်တို့တွင် စစ်ပွဲများ များပြောင်မှု၊ ပြင်းထန်မှု၊ ကျယ်ပြန့်မှု၊ ရှည်လျားမှုများကြောင့် အလွန်ဆိုးရွားသော၊ ရှုန့်ရင်းကြမ်းတမ်းသော၊ ရက်စက်သော ဓလေ့ထုံးစံများ အစဉ်အလာများ၊ အပြုအမူများ ပေါ်ပေါက်လာခဲ့ပေသည်။ ဥပမာ—

၁။ အမိုက်ခေတ်၌ စစ်မြေပြင်တွင် လက်ရဖမ်းဆီး ချုပ်နှောင်ခြင်း ခံရသော လက်ရသုံ့ပန်းများကို သတ်ဖြတ်ရသည့်အခါ ကလေးများနှင့် အမျိုးသမီးများကိုပါ သတ်ဖြတ်လေ့ ရှိခဲ့ကြသည်။ ထို့မျှမက မီးလောင်တိုက်သွင်းလေ့ ရှိခဲ့ကြသည်။

၂။ အမှုမဲ့အမှတ်မဲ့ရှိနေခိုက်၊ အိပ်ပျော်နေခိုက်၊ ရုတ်တရက် ရန်သူများကို တိုက်ခိုက် သတ်ဖြတ် လုယက်လေ့ ရှိခဲ့ကြသည်။

အရဗ်တို့သည် အများအားဖြင့် ဤအတိုင်းပင် တိုက်ခိုက်လေ့ရှိခဲ့ကြသည်။ ၎င်းတို့တွင် များစွာသော လူစွမ်းကောင်းများမှာ ဤနည်းဖြင့် အထူးကျော်စော၍ နေခဲ့ကြပေသည်။ ယင်းသို့သောလူစွမ်းကောင်းများကို (ဖွာတစ်က်၊ ဖြွတ္တာက်) ဟု ခေါ်ဝေါ်လေ့ရှိခဲ့ကြသည်။

၃။ အရှင်လတ်လတ် မီးတင်ရှို့လေ့ ရှိခဲ့ကြသည်။ (အာရေဗျပြည်၏ ဘုရင်တပါးဖြစ်ခဲ့ဘူးသော) အမရ်ဣဗ်နုဟင်နဒ၏ အကိုတဦးကို 'တမီမ်' မျိုးနွယ်ဝင်များကသတ်ဖြတ်လိုက်သည့်အခါ အမ်ရ်က မိမိအကိုအား သတ်ဖြတ်သည့်အခါ လူ (၁၀၀) တိတိကို သတ်ဖြတ်မည်ဟု အဓိဋ္ဌာန်ပြုထားလိုက်၏။ ထို့နောက် မကြာမီအတွင်း အမ်ရ်သည် တမီမ် မျိုးနွယ်ဝင်များအား လက်စားချေရန် တုံ့ပြန် တိုက်ခိုက်ခဲ့၏။ တမီမ်မျိုးနွယ်ဝင်များ ထွက်ပြေးခဲ့ကြ၏။ အမယ်အိုတဦးသာ ကျန်ရစ်ခဲ့၏။ အမည်မှာ "ဟာမ်ရာအ်" ဖြစ်၏။ အမ်ရ်သည် အဆိုပါ အမယ်အိုအား ဖမ်းဆီးပြီး အရှင်လတ်လတ် မီးတင်ရှို့လိုက်၏။ အကြောင်းအား လျော်စွာ ထိုအချိန်တွင်ပင် အစီးအနင်းနှင့် လူတယောက် ရောက်ရှိလာခဲ့၏။ ၎င်း၏အမည်မှာ "အမ္မာရ်" ဟူ၍ဖြစ်၏။ ထိုသူ့အား အမ်ရ်က "အသင် အဘယ့်အတွက် လာသနည်း" ဟု မေးရာ၊ ထိုသူက "ကျွန်ုပ် ထမင်း ငတ်နေသည်မှာ ရက်အတန်ကြာပြီ၊ မီးခိုး မြင်ရသည့်အတွက် ဤနေရာတွင် ထမင်းရမည် အထင်နှင့် လာခဲ့ခြင်း ဖြစ်ပါသည်" ဟု ပြော၏။ ထိုအခါ အမ်ရ်သည် ထိုသူအားလည်း အရှင်လတ်လတ် မီးတင်ရှို့ရန် အမိန့် ပေးလိုက်လေသည်။ ဤသည့်အကြောင်းကိုပင်ရည်စူး၍ ဂျရီရ် အမည်ရှိသော လင်္ကာဆရာက အောက်ပါအတိုင်း လင်္ကာတပုဒ် စပ်ဆို ထားခဲ့လေသည်။

၄။ ကလေးများကို သေနတ်ပစ် စက်ကွင်းပြုလုပ်၍ မြားများနှင့် ပစ်သတ်လေ့ ရှိခဲ့ကြသည်။ 'ဒါဟစ္စ' နှင့် 'ဃံဗ်ရာ့အ်' စစ်ပွဲများတွင် 'ကိုက်စ်' မျိုးနွယ်ဝင်များသည် 'ဇစ်ဗ်ယာန်' မျိုးနွယ်ဝင်များထံ အာမခံ ပစ္စည်းအဖြစ်နှင့် မိမိတို့၏ ကလေးများကို အပ်နှံထားခဲ့ကြ၏။ ဇစ်ဗ်ယာန် မျိုးနွယ်၏ ခေါင်း

ဆောင်ဖြစ်သူ ဟုဇိုင်ဖတ်သည် အဆိုပါကလေးများကို တောင်ကြားဒေသသို့ ခေါ်ဆောင်သွားပြီး မတ်တတ်ရပ်စေ၏။ က လေးများအား စက်ကွင်းအဖြစ် ထားရှိပြီး၊ မြှားများနှင့် ပစ်သတ်လေသည်။ အကြောင်းအားလျော်စွာ ကလေးတယောက်တလေ မသေပါက၊ နောက်ရက်အတွက် ချန်ထားလေ့ရှိသည်။ နောက်နေ့တွင် မသေဘဲ ကျန်ရစ်သော ကလေးများကို ပစ်ကွင်းလုပ်ပြီး မြှားပစ်ပြိုင်ပွဲ ကျင်းပသည်။ လူအများက ပွဲကြည့်ကြသည်။

၅။ သတ်ဖြတ်ပုံတနည်းကား ဤသို့ရှိသေး၏။ ခြေ၊ လက်နှင့် အခြား အစိတ်အပိုင်းများကို ဖြတ်တောက်ပြီး ပစ်ထားလေ့ရှိခဲ့ကြသည်။ ထိုသို့ သတ်ဖြတ်ခြင်း ခံရသူမှာ ဆန့်ငင်ဆန့်ငင်ဖြစ်ကာ မချိမဆံ့ အသေဆိုးနှင့် သေရရှာလေသည်။ "ဃိတ်ဖါန်"နှင့် "အာဖိရ်"၏ စစ်ပွဲတွင် ဤသို့ သတ်ဖြတ်ခြင်း ခံရမည်ကိုစိုး၍ ဟာမမ် ဣဗ်နု ကုဖိုင်လ်သည် မိမိကိုယ်တိုင် မိမိ လည်ပင်း ကြိုးကွင်းတပ်ပြီး ကြိုးဆွဲချ သေသွားခဲ့လေသည်။ ဤအကြောင်း အတ်က် ဒုလ်ဖရိဒ် ကျမ်းတွင် အကျယ်တဝင့်ပါရှိသည်။

"အုရိုင်နဟ်က အချို့ပုဂ္ဂိုလ်များသည် တမန်တော်မြတ်ထံရောက်ရှိလာပြီး ပြစားရန်အတွက် အစ္စလာမ်ကို လက်ခံခဲ့ကြ၏။ အပြန်တွင် တမန်တော်မြတ်၏ကျွန်ကို ဖမ်းဆီးယူဆောင်သွားပြီး ခြေ၊ လက်များကို ဖြတ်တောက်ပစ်ခဲ့ကြ၏။ ထို့မှမက မျက်စိနှင့်လျှာတွင် ဆူးများနှင့် ထိုးခဲ့ကြသေး၏။ ယင်းသို့ဖြင့် တမန်တော်မြတ်၏ကျွန်မှာ ရက်ရက်စက်စက် အသတ်ခံခဲ့ရရှာလေသည်။

၆။ အမိုက်ခေတ်၏ ဆိုးရွားလှသည့် တုံ့ပြန် လက်စားချေ သတ်ဖြတ်လိုသည့်စိတ်ဓာတ်မှာ တဦးတယောက်အား သတ်ဖြတ်ပြီးသည့် နောက်ပိုင်းတွင်လည်း အေးငြိမ်း၍မသွားပေ။ သေနေသူများ၏ ခြေ၊ လက်၊ နား၊ နှာခေါင်း စသည့်အစိတ်အပိုင်းများကို ဖြတ်တောက်လေ့ ရှိခဲ့ကြသည်။ ဤအစဉ်အလာ အရပင် အုဟုဒ် စစ်ပွဲတွင် ဟိန္ဒဆိုသူ နာမည်ကြီးအချို့

သမီးသည် တမန်တော်မြတ်၏ ဦးရီး၊ သာ၀ကကြီး ဟမ်ဇဟ်နှင့် အခြား သာသနာ့ အာဇာနည်များ၏ ကိုယ်ခန္ဓာအစိတ်အပိုင်း များကို ဖြတ်တောက်၍ မိမိ၏လည်ပင်းတွင် လည်ဆွဲပြုလုပ်ပြီး ဆွဲထားခဲ့လေသည်။

၇။ အမိုက်ခေတ်တွင် အရပ်တို့ ကြောက်ဘွယ်လိလိ ကိုးပုံ၊ သစ္စာဆိုပုံ၊ ဓိဋ္ဌာန်ပုံက ရန်သူအပေါ် အနိုင်ရရှိပါက၊ ကျွန်ုပ်သည် ထိုရန်သူ၏ ဦးခေါင်းခွံတွင် အရက်ထည့်၍ သောက်ပါမည် ဟူ၍ဖြစ်သည်။ စုလာဖဟ်၏ သားနှစ်ယောက်သည် အုဟွဒ် စစ်ပွဲတွင် အာဆွင်မ်၏ လက်ချက်ဖြင့် ကျဆုံးသွားခဲ့ကြ၏။ ထို့အတွက် အထက်ဖော်ပြပါ အစဉ်အလာအရ၊ စုလာဖဟ် က အာဆွင်မ်၏ ဦးခေါင်းခွံတွင် အရက်ထည့်၍ သောက် ပါမည်ဟု ဓိဋ္ဌာန် ပြုခဲ့လေသည်။

ထိုမျှမကသေး၊ မိမိတို့ သတ်ဖြတ်ထားသူ၏ အသည်းကို ထုတ်ပြီး စားလေ့ပင်ရှိခဲ့ကြသည်။ ဟင်န္ဒဆိုသူ အမျိုးသမီးသည် အုဟွဒ်စစ်ပွဲတွင် သာ၀ကဲကြီး ဟမ်ဇဟ်၏ အသည်းကို ထုတ်၍ ၀ါးမျိုခဲ့ဘူးလေသည်။ ဤ အကြောင်း အုဟွဒ် စစ်ပွဲ အကြောင်းတွင် အကျယ် ရေးသားခဲ့ပေပြီ။

၈။ ကိုယ်၀န်ဆောင်အမျိုးသမီးများ၏ ၀မ်းဗိုက်များကိုပင် ရက်ရက်စက်စက် ခွဲလေ့ရှိခဲ့ကြသည်။ ယင်းသို့ ပြုလုပ်သည်ကိုလည်း ဂုဏ်ယူ ကြွား၀ါလေ့ ရှိခဲ့ကြပေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ဟာ၀ါဇင်န် မျိုးနွယ်၏ ခေါင်းဆောင်၊ အာရေဗျ ပြည်၏နာမည်ကျော်လူစွမ်းကောင်း အာမိရ်ဣဗ်နုတူဖိုင်လ်သည် အောက်ပါအတိုင်း လင်္ကာတပုဒ် စပ်ဆိုထားခဲ့လေသည်။

بقرنا الحبالى من شنوءة بعدما خبطن بهيف الريح ميدا وخثعما

## တမန်တော်မြတ်လက်ထက်

## စစ်ပွဲများ ဖြစ်ပွားခဲ့ရသည့် အကြောင်းများနှင့် အချိုးအစားများ။ *

အာရေဗျပြည်တွင် အမှိုက်ခေတ်၌ ဖြစ်ပွားခဲ့သော စစ်ပွဲများ၏ အကြောင်းကို အသက်ဘွင် အသေးစိတ် ရေးသားခဲ့ပေပြီ၊ ယခုဆက်လက်၍ တမန်တော်မြတ် လက်ထက် စစ်ပွဲများ အဘယ်အကြောင်းများကြောင့် ဖြစ်ပွားခဲ့ရသနည်း။ တမန်တော်မြတ်သည် အတိတ်ခေတ်၊ အမိုက်ခေတ် စစ်ပွဲများတွင် မည်သို့ မည်ပုံ ပြုပြင်ပြောင်းလဲပေးတော်မူခဲ့သနည်း။ ဤသည့် အကြောင်းများကို ဤအခန်းတွင် အကျယ်ရေးသားဖော်ပြပါအံ့။

## "ဃတ်ဇ်ဝဟ်" နှင့် "စရိယဟ်" ခြားနားချက်

(အတိတ်ခေတ်) သမိုင်းဆရာများသည် 'ဃဟ်ဇ်ဝဟ်' ဟူသော ပုဒ်၏ အနက်ကို အတော်ပင် ကျယ်ဝန်းစေခဲ့ကြ၏။ မြိမ်ဝပ်ပိပြားရေးအတွင်း လူလေးငါးယောက် တနေရာ တပျာနသို့ စေလွှတ်လိုက်သော်၊ ဤသည်ကိုလည်း သမိုင်းဆရာများသည် 'ဃတ်ဇ်ဝဟ်' ဟူ၍ပင် ကင်းမွန်းတပ်ကြသည်။ 'ဃတ်ဇ်ဝဟ်' ဟူသော ပုဒ်၊ စကားလုံးအပြင် အလားတူ 'စရိယဟ်' ဟူသော စကားလုံးတလုံး ရှိသေးသည်။ အဆိုပါ ပုဒ်နှစ်ပုဒ်၊ စကားလုံး နှစ်လုံးတွင် လူအများထံ၌ ယေဘုယျအားဖြင့် ခြားနားချက်မှာ– 'ဃတ်ဇ်ဝဟ်' တွင် စစ်သည် အဘယ်မျှပင် နည်းလင့်ကစား အရေအတွက် သတ်မှတ်ထားပြီး ဖြစ်ရမည်။ 'စရိယဟ်' တွင် စစ်သည်အရေအတွက် သတ်မှတ်ချက် မရှိပေ။ စစ်သည်တဦးတယောက်ပင် ထောက်လှမ်းရန် စေလွှတ်ခြင်းခံရပါက ဤသည်ကိုလည်း 'စရိယဟ်' ဟု ခေါ်ဆိုနိုင်ပေသည်။ အချို့ ပညာရှင်များက တမန်တော်မြတ် ကိုယ်တော်တိုင် ပါဝင်ဆင်နွှဲတော်မူခဲ့သော စစ်ပွဲမျိုးကိုသာလျှင် 'ဃတ်ဇ်ဝဟ်' မည်သည်ဟု ဆိုကြလေသည်။

---

* ဤအကြောင်းသည် သမိုင်းအရ ရေးသားနေခြင်းသာ ဖြစ်သည်။ 'ဂျိဟာဒ်' နှင့် မဆိုင်၊ 'ဂျိဟာဒ်' အကြောင်း နောင်အတွဲများတွင် သီးသန့် တွေ့ရှိရပေမည်။

(ဃာဇီ)

‘မုအရ်ရိခီန်’ ခေါ် သမိုင်းဆရာများ၊ ‘စရိယဟ်’ဟုခေါ်ဆိုရေးသားကြသော ဖြစ်ရပ်များကို လေ့လာ သုံးသပ်ကြည့်လျှင် အောက်ပါ အကြောင်းများနှင့် ဆက်စပ်နေသည်ကို တွေ့ရှိရပေသည်။

၁။ ရန်သူများ၏ သွားလာလှုပ်ရှားမှုများကို စုံစမ်းထောက်လှမ်း၍ သတင်းပေးပို့ရန်။

၂။ ရန်သူများက စတင် တိုက်ခိုက်မည့် သတင်းကြား သိရ၍ ကာကွယ်ရန်အတွက် ကြိုတင် စီစဉ်ရန်။

၃။ ကုရိုက်ရှ် မျိုးနွယ်ဝင်များ၏ ကုန်သည်ရောင်း ဝယ်မှုကို ပိတ်ပင်ရန်၊ ယင်းသို့ ပိတ်ပင်မှသာလျှင် ကုရိုက်ရှ် မျိုးနွယ်ဝင်များသည်၊ မလွဲမရှောင်သာဖြစ်ကာ၊ မွတ်စလင်မ်တို့အား ဟဂျ်နှင့် အွမ်ရဟ် ပြုလုပ်ခွင့် ပေးကြပေမည်။

၄။ တိုင်းပြည်၊ မြို့ပြ ငြိမ်ဝပ် ပိပြားရေးအတွက် နှိမ်နင်းရေး တပ်များ စေလွှတ်ရန်။

၅။ သာသနာပြု ပုဂ္ဂိုလ်များ ခရီးထွက်ကြသောအခါ၊ ၎င်းတို့အား ကာကွယ် စောင့်ရှောက်ရန်အတွက် ၎င်းတို့နှင့်အတူ တပ်စိတ်များ ထည့်ပေးရန်၊ ဤသို့သော တပ်စိတ်များအား လက်နက် အသုံးမပြုရန် ကျပ်တည်းစွာ အမိန့်ထုတ်ထားသည်။

‘ဃဇ်ဇ်ဝဟ်’ မည်တွင်သော စစ်ပွဲများ၏ အကြောင်းများမှာ အောက်တွင် ဖော်ပြပါ အကြောင်းနှင့်နှုံသော ဖြစ်ပေသည်။

၁။ ဒါရုလ် အစ္စလာမ် ခေါ် အစ္စလာမ်နိုင်ငံကို ရန်သူများက ကျူးကျော် လာရောက် တိုက်ခိုက်သည့်အခါ၊ ခုခံ ကာကွယ် တိုက်ခိုက်ရန်။

၂။ ရန်သူများက မဒီနာမြို့တော်ကို စတင်တိုက်ခိုက်ရန် အစီအစဉ်များ ပြုလုပ်နေကြောင်း သတင်းရရှိသည့်အခါ၊ မွတ်စလင်မ်များက ယင်းသို့သော ရန်သူများအား ဦးစွာစတင် တိုက်ခိုက်ရန်။

တမန်တော်မြတ် လက်ထက်တော်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများမှာ အထက်တွင်ဖော်ပြပါ အကြောင်းများအနက် တကြောင်းမဟုတ်တကြောင်းနှင့် ဆက်စပ်နေခဲ့သည်သာ ဖြစ်ပေသည်။

တမန်တော်မြတ်သည် မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ ရွှေ့ပြောင်းသွားတော်မူသည့်အခါ၊ ကုရိုက်ရှ်မျိုးနွယ်ဝင်များက အစ္စလာမ်ကို လုံးဝချေမှုန်းပြစ်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။ အကြောင်းကား- အကယ်၍သာ အစ္စလာမ်သည် တည်ရှိနေပါက၊ တဘက်တွင် ၎င်းတို့၏ဘာသာကိုထိခိုက်မည်၊ အခြားတဘက်တွင် အာရေဗျပြည်၌ ၎င်းတို့ရရှိထားခဲ့သော ခေါင်းဆောင်မှုနှင့် အရှိန်အဝါများသည် ကျဆုံးသွားမည်ကို ကြိုတင်သိရှိထားခဲ့ကြပေသည်။ ထို့အတွက်ကြောင့်ပင် ကုရိုက်ရှ်မျိုးနွယ်ဝင်များက တဘက်တွင် မိမိတို့ကိုယ်တိုင် မဒီနာမြို့တော်ကို တိုက်ခိုက်ရန် အစီအစဉ်များကို စတင်ပြုလုပ်ခဲ့ကြ၏။ အခြားတဘက်တွင် အာရဗ်မျိုးနွယ်စု အားလုံးတို့အား အကယ်၍ ဤအုပ်စုသစ် (မွတ်စလင်မ်များ)အောင်မြင်သွားပါက၊ အသင်တို့၏ လွတ်လပ်မှုသာမက အသင်တို့သည်ပင်လျှင် ပျောက်ခြင်းမလှ၊ ပျောက်ကွယ်သွားကြရမည် ဖြစ်သည်ဟုအကြောင်းပြကာ အာရဗ်မျိုးနွယ်စု အားလုံးတို့အား လှုံ့ဆော် သွေးထိုး ထားခဲ့ကြ၏။

'ဗိုင်အတ် အကဗဟ် ဆာနီယဟ်' *တွင် တမန်တော်မြတ်၏ လက်ပေါ်၌ အန်ဆွာရီများ 'ဗိုင်အတ်' သစ္စာအဓိဋ္ဌာန် ဆိုနေကြစဉ်၊ အန်ဆွာရီတဦးက "မိတ်ဆွေတို့၊ အဘယ်အရာပေါ်၌ "ဗိုင်အတ်" ပြုလုပ်နေကြသည်၊ (သစ္စာအဓိဋ္ဌာန်ဆိုနေကြသည်) ကို သိကြရဲ့လား၊ ဤသည်အရဗ်နှင့် အရဗ်မဟုတ်သူတို့အား စစ်ကြေညာခြင်းပင်ဖြစ်သည်"ဟု ပြောဆိုခဲ့လေသည်။

အထက်တွင်ရေးသား ဖော်ပြခဲ့သည့်အတိုင်း၊ တမန်တော်မြတ် မဒီနာမြို့တော်သို့ ကြွလာတော်မူသည့်အခါ၊ ကုရိုက်ရှ်မျိုးနွယ်၏ လှုံ့ဆော် သွေးထိုးပေးမှုကြောင့် အရဗ် မျိုးနွယ်အားလုံးတို့သည် မဒီနာမြို့တော်ကို ဝိုင်းဝန်းတိုက်ခိုက်ရန် အသင့်ဖြစ်သွားခဲ့ကြ၏။ ထို့မျှမကသေး၊ ကုရိုက်ရှ်မျိုးနွယ်က (မဒီနာမြို့တွင် အခြေအနေအရ၊ မွတ်စလင်မ်အယောင်ဆောင်နေသော)အဗ်ဒုလ္လာဟ် ဗ္ဗိန်နုအုဗိုင်ယ်ထံ- "အသင်တို့သည်(တမန်တော်မြတ်) မုဟမ္မဒ်ကို မဒီနာမြို့မှ နှင်ထုတ်ကြ၊ သို့မဟုတ်လျှင် ငါတို့ ကိုယ်တိုင် မဒီနာသို့လာရောက်ပြီး အသင်တို့အား၎င်း၊ (တမန်တော်မြတ်) မိုဟမ္မဒ်အား၎င်း၊ အဆုံးစီရင်ကြမည်"-ဟု ရာဇသံ

*ဤအကြောင်း တမန်တော်မြတ် ပဌမတွဲ၊ စာမျက်နှာ ၁၇၆ တွင် ရေးသားခဲ့ပြီးဖြစ်သည်။ (ဃာဇီ)

ပေးထားခဲ့၏။ ထို့အတွက်ကြောင့်ပင် ထိုအချိန်တွင် ထိုရွှေ့ ထိုမျှ အခြေအနေ ဆိုးရွားလာခဲ့သည့်အတွက် မဒီနာမြို့တွင် အန်ဆာရီများနှင့် မုဟာဂျိရ်များသည် အချိန်မရွေး သတိနှင့် နေခဲ့ကြရလေသည်။ ညဥ့်အိပ်စက်သည့်အချိန်တွင် လက်နက်အသင့် စွဲကိုင်၍ အိပ်စက်ခဲ့ကြရလေသည်။

## ထောက်လှမ်းရေး ဌာန၊

အထက်တွင်ရေးသား ဖေါ်ပြခဲ့သည့်အတိုင်း အစ္စလာမ်နှင့် မွတ်စလင်တို့အား ချေမှုန်းရန် ရန်သူများ ကြံစည်ကြိုးပမ်းလာကြသည့်အခါ မွတ်စလင်မ်တို့အတွက် မလွဲမရှောင်သာ အစ္စလာမ်နှင့် အစ္စလာမ်မြို့တော်ကို ကာကွယ်စောင့်ရှောက်ရန် အစီအစဉ်များ ပြုလုပ်ရတော့မည်သာဖြစ်သည်။ယင်းသို့ပြုလုပ်ရမည့် အစီအစဉ်များတွင် သတင်းထောက်လှမ်းရေးနှင့် သူလျှိုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဦးစားပေး ဆောင်ရွက်ရပေမည်။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည်လည်း အစကတည်းကပင် ဤသည့် ထောက်လှမ်းရေးနှင့် သူလျှိုလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်စေတော်မူခဲ့ပေသည်။ အခါအားလျော်စွာ မကြာခဏ ကင်းထောက်များကို အုပ်စုလိုက် မြို့ရွာအမြောက်အမြားသို့စေလွှတ်တော်မူခဲ့ပေသည်။ သို့ကင်းထောက်တပ်များ ကင်းလှည့်သည့်အခါ အကာအကွယ်အတွက် လက်နက်များလည်း စွဲကိုင်သွားလေ့ ရှိခဲ့ကြပေသည်။

ယင်းသို့ သတင်းထောက်ရန် ကင်းလှည့်သော ကင်းထောက်များကို အချို့(မုအင်ရိုခ်) သမိုင်းဆရာများသည် 'ဇရိုယဟ်' 'ဇရယာ'ဟု၍ သုံးနှုန်းခေါ်ဝေါ်လေ့ ရှိခဲ့ကြသည်။ ထိုသို့ကင်းထောက်များ ကင်းလှည့်ခြင်း၏ ရည်ရွယ်ချက်မှာလည်း ခရီးသွား ကုန်သည်များအား တိုက်ခိုက်လုယက်ရန် သို့မဟုတ် အခြားအုပ်စုတခုခုအား အမှုမဲ့ အမှတ်မဲ့ ရှိနေခိုက် စီးရန် ဖြစ်သည်ဟု ထင်မှတ် ရေးသားခဲ့ကြသည်။ (ဤသည်မမှန်ပေ)။ အဘယ်ကြောင့်ဆိုသော် ယင်းသို့သော ကင်းထောက်အဖွဲ့များအား စေလွှတ်ခြင်း၏ ရည်ရွယ်ချက်မှာ သတင်းထောက်လှမ်းရန်သာလျှင် ဖြစ်သည်။ တိုက်ခိုက်ရန်မဟုတ်ပေ။ ကင်းထောက်အဖွဲ့များတွင် ယေဘုယျအားဖြင့် ၁၀–၁၂ ယောက်ထက် ပိုသည်ဟူ၍ မရှိခဲ့ပေ။ ဤရွှေ့ ဤမျှနည်းသော လူတစုအား စစ်တိုက်ရန်အတွက် စေလွှတ်ရန်မဖြစ်နိုင်ပေ။ ဥပမာ– တမန်တော်မြတ်သည် ဟိဂျရီ ၂–ခုနှစ်တွင်

အဗ်ဒုလ္လာဟ် ဗင်ဂျဟ်ရှ်အား လူ ၁၂- ဦးနှင့်အတူ မက္ကာ မြို့တော်သို့ စေလွှတ်တော်မူခဲ့၏။ ချိပ်ပိတ်စာစောင် ပေးအပ်လိုက်ပြီး ၂-ရက်ရှိသောအခါ ကျမှ ဖွင့်ရန် မှာကြားတော်မူလိုက်၏။ ၂- ရက်ရှိ၍ ဖွင့်ကြည့်သောအခါ အဆိုပါစာတွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

فسر حتى تنزل نخلة بين مكة والطائف فترصد بها
قريشا وتعلم لنا من اخبارهم طبري صفحة ١٢٧٤

အသင်သည် ဆက်လက်၍၊ ခရီးသွားနေ၊ မက္ကာမြို့တော်နှင့် တာအိဖ်စပ်ကြားရှိ နခ်လဟ်ရောက်သည့်အခါ စခန်းချ၊ ကုရိုက်ရှ် မျိုးနွယ်၏ (သွားလာလှုပ်ရှားမှု)ကို သေချာ စေ့စပ်စွာကြည့်၊ ၎င်းတို့နှင့် ပတ်သက်သော သတင်းများကို ထောက်လှမ်း၍ ငါတို့ထံပို့။

တဗရီ၊စ—၁၂၇၄။

**ကာကွယ်ရေး။**

ယင်းသို့ ထောက်လှမ်း-ရေး အစီအစဉ်များ စံနစ်တကျ ပြုလုပ်ထားသည့် အတွက် မဒီနာမြို့ကို တဦးတယောက်က တိုက်ခိုက်ရန်ကြံရွယ်လျှင် တခဏချင်း ချက်ခြင်း သတင်းရရှိသဖြင့် အချိန်မှီ ရန်သူအား ကာကွယ်နှိမ်နင်းနိုင်ရန် စစ်တပ်များ စေလွှတ်နိုင်ခဲ့ပေသည်။ များသောအားဖြင့် စရိယဟ်ခေါ် တပ်စိတ်ကလေးများသည် ဤသို့သော အရေးအခင်းများအတွက်ပင် ဖြစ်ခဲ့ပေသည်။ တမန်တော်မြတ်၏ ထေရုပ္ပတ္တိကို ရေးသားကြသော အတိတ်ခေတ် ပညာရှင်များ၏ ရေးသားချက်ကို လေ့လာခြင်းအားဖြင့် စရိယဟ်ခေါ် တပ်စိတ် ကလေးများသည် ကာကွယ်ရေး အတွက် သာလျှင် ဖြစ်သည်ကို ကောင်းစွာ တွေ့ရှိရပေသည်။ ဤတွင် အချို့ စရိယဟ်ခေါ် တပ်စိတ်ကလေးများအား စေလွှတ်ခဲ့ရသည့် နောက်ခံဖြစ်ရပ်များကို ရှေးသားဖော်ပြပါအံ့။

**ဿတ်ဖွာန်၏ စရိယဟ်၊ ဟိဂျ်ရ်– ၂။**

ဤတပ်စိတ်ကို စေလွှတ်ခဲ့ရသည့် အကြောင်းမှာ ဗနူစလမဟ်မျိုးနွယ်နှင့် မဟာရိဗ်၏ စစ်တပ်သည် 'ဇူအမရ်' အမည်ရှိသော ဌာနတွင် စုရုံးလျက် ရှိကြောင်း၊ ယင်းသို့ စုရုံးခြင်းမှာ တမန်တော်မြတ်အား တိုက်ခိုက်ရန်အတွက် ဖြစ်ကြောင်း၊ အဆိုပါ စစ်တပ်ကို စီစဉ်ပေးသူမှာ ၎င်းတို့အတွင်းမှ ဒုအ်ဆူရ် ဂ္ဂဗ်နုဟာရိဆ် ဖြစ်ကြောင်း၊ တမန်တော်မြတ်ထံ သတင်းအခိုင်အမာ ရောက်ရှိ လာခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

တွဗကာတ်၊ စ– ၂၃။

**အဗုစလမဟ်၏ စရိယဟ်။ ဟိဂျ်ရီ– ၂။**

ဤတပ်စိတ်ကို စေလွှတ်ခဲ့ရသည့် အကြောင်းမှာ (ခုဝိုင်လိဒ်၏ သား နှစ်ယောက်ဖြစ်သော) တွလိဟဟ်နှင့် စလမဟ်တို့သည် မိမိတို့၏ မျိုးနွယ်ဝင် များနှင့် နောက်လိုက်တပည့်များကို ဦးဆောင်ကာ တမန်တော်မြတ်အား တိုက်ခိုက်ရန်အတွက် ချီတက်လာနေပြီ ဖြစ်ကြောင်း၊ တမန်တော်မြတ်သည် အချိန်မှီ သတင်းရရှိတော် မူခဲ့သည့်အတွက် ဖြစ်ပေသည်။

ဂ္ဂဗ်နုစအ်ဒ်၊စ–၃၅။

**အဗ်ဒုလ္လာဟ် ဂ္ဂဗ်နုအနီစ်၏ စရိယဟ်၊ ဟိဂျ်ရီ–၃။**

အဗ်ဒုလ္လာဟ် ဂ္ဂဗ်နုအနီစ်၏ စရိယဟ်ခေလွှတ်ခဲ့ရသည့် အကြောင်းမှာ– အဗူစုဖ်ယာန် ဂ္ဂဗ်နုခါလိဒ်သည် မိမိ၏မျိုးနွယ်ဝင်များနှင့် အပြင်က လူများကို စုရုံးခေါ်ဆောင်ပြီး တမန်တော်မြတ်အား တိုက်ခိုက်ရန် ချီတက်လာနေ ကြောင်းကို တမန်တော်မြတ်သည် အချိန်မှီ သတင်းရရှိတော် မူခဲ့သည့်အတွက် ဖြစ်ပေသည်။

**ဿတ်ဇ်ဇဟ် ဇာတုရ်ရိကာအ်၊ ဟိဂျ်ရီ - ၅။**

အန်မာရ်၊ ဆအ်လဗဟ် မျိုးနွယ်များသည် မွှစ်လင်မ် များအား တိုက်ခိုက်ရန် တပ်များစုနေကြောင်း သတင်းထောက် တဦးက(ဆွဟာဗဟ်) သာဝကကြီးများအား သတင်းပေးရာ အဆိုပါ ရန်သူများအား နှိမ်နင်းရန် အတွက် တမန်တော်မြတ် ကိုယ်တော်တိုင်ကြွသွားတော်မူခဲ့လေသည်။

**ဃတ်ဇ်ဝဟ် ဒူမတုလ်ဂျန်ဒလ်၊ ဟိဂျ်ရီ – ၅။**

(ရာဝီ)ခေါ် ထပ်ဆင့်ပြောကြားသော ပုဂ္ဂိုလ်များ၏ ပြောပြချက်အရ ဒူမတုလ်ဂျန်ဒလ်တွင် လူအများအပြား စုရုံးလျက် ရှိကြောင်း၊ မဒီနာမြို့ကို ချင်းနင်း ဝင်ရောက် တိုက်ခိုက်ကြမည် ဖြစ်ကြောင်း၊ တမန်တော်မြတ် သတင်းရရှိတော်မူခဲ့သည့်အတွက် ရန်သူများအား တပ်စိတ်တစိတ်ကို စေလွှတ် နှိမ်နင်း စေတော်မူ ခဲ့လေသည်။

ဣဗ်နုစအ်ဒ်၊ စ–၄၄။

**ဃတ်ဇ်ဝဟ် မရီစီအ်၊ ဟိဂျ်ရီ – ၅။**

ဗနူမွတ်ဆ်တလိက်သည် 'ခုဇာအဟ်'၏ မျိုးနွယ်စုကလေး တခုဖြစ်သည်၊ ၎င်းတို့သည် 'ဗနူမွဒ်လိဂျ်'နှင့် မဟာမိတ်များ ဖြစ်ကြသည်၊ ၎င်းတို့၏ ခေါင်းဆောင်မှာ ဟာရိဆ်ဣဗ်နုဒွာရာရ် ဖြစ်သည်။ ဟာရိဆ်သည် မိမိ၏ အမျိုးသားများနှင့် မိမိ ဩဇာ ညောင်းသော အခြား ပုဂ္ဂိုလ်များ အား ဦးဆောင်ကာ တမန်တော်မြတ်အား တိုက်ခိုက်ရန် ထွက်လာခဲ့၏။ အခြား အရပ်များအားလည်း မိမိတို့နှင့်လက်တွဲ၍ တမန်တော်မြတ်အား တိုက်ခိုက်ရန် ဘိတ်ခေါ်ခဲ့၏။ ထိုသူများကလည်း သဘောတူခဲ့ကြ၏။ ဤသတင်းကို တမန်တော်မြတ် ရရှိတော်မူသည့်အခါ၊ စစ်တပ်လွှတ်၍ နှိမ်နင်းစေတော် မူခဲ့လေသည်။

ဣဗ်နုစအ်ဒ်၊ စ–၄၅။

**မောင်လာအလီ၏တပ်၊ ဖိဒတ်က်သို့၊ ဟိဂျ်ရီ– ၆။**

တမန်တော်မြတ်အား တိုက်ခိုက်ရန် ဗနူစအ်ဒ်သည် ခိုင်ဗရ်ရှိ ယဟူဒီ များအား စစ်ကူပေးနိုင်ရန်အတွက် ဖိဒတ်က်တွင် စစ်သည်များ စုဆောင်း နေကြောင်း တမန်တော်မြတ် သတင်းရရှိသောအခါ ဖိဒတ်က်သို့ မောင်လာ အလီ၏ တပ်အား စေလွှတ်၍ နှိမ်နင်းစေတော် မူခဲ့သေသည်။

**ဗရှီရ်ဣဗ်နုစအ်ဒ်၏တပ်၊ ရှောင်ဝါလ်လ၊ ဟိဂျ်ရီ– ၇။**

ဃတ်ဖာန်မျိုးနွယ်၏ အုပ်စုတခုသည် ဂျနာဗ်တွင် စုရုံးလျက်ရှိကြောင်း အုယိုင်နဟ်ဣဗ်နု ဟိဆ်နှ်သည် ၎င်းတို့နှင့် လက်တွဲပြီး တမန်တော်မြတ်အား

တိုက်ခိုက်ရန် ကတိပေးထားကြောင်း တမန်တော်မြတ် သတင်းရတော်မူသည့် အခါ၊ ဗရှိရ်ဣဗ်နုစအိဒ်၏တပ်ကို စေလွှတ်၍ နှိမ်နင်းစေတော် မူခဲ့လေသည်။

**အမ်ရ်ဣဗ်နုအာဆ်၏တပ်၊ ဇာတစလာစိလ်စစ်ပွဲ၊ ဟိဂျ်ရီ- ၈။**

ကုဿာအဟ်မျိုးနွယ်၏ အုပ်စုတခုသည် တမန်တော်မြတ်အား တိုက်ခိုက်ရန် 'ဇာတစလာစိလ်'၌ စုရုံးလျက်ရှိကြောင်း သတင်းရတော်မူသည့်အခါ တမန်တော်မြတ်သည် သာ၀ကကြီး အမ်ရ်ဣဗ်နု အာဆ်၏တပ်ကို စေလွှတ်၍ နှိမ်နင်းစေတော် မူခဲ့လေသည်။ အဆိုပါစစ်ပွဲ ဖြစ်ပွားရာဌာနသည် မဒီနမြို့နှင့် မန်ဇိလ် ခရီးစခန်း(၈)ခု အကွာတွင် တည်ရှိပေသည်။

**ကုရိုက်ရှ်မျိုးနွယ်၏ ရောင်းဝယ်မှုကို ပိတ်ပင်ခြင်း။**

အထက်တွင် ဗုခါရီကျမ်းကြီးကို ကိုးကား၍ ရေးသားခဲ့သည့်အတိုင်း၊ ကုရိုက်ရှ်မျိုးနွယ်ဝင်များနှင့် မွတ်စလင်မ်တို့ စပ်ကြား စစ်မဖြစ်ပွားမီ အလျင် တရက် အဗူဂျဟ်လ်က သာ၀ကကြီး မုအာဇ်အန်ဆာရီအား ကအ်ဗဟ် ကျောင်းတော် အ တွင်းမှာ "အကယ်၍ အသင်တို့တည် (တမန်တော်မြတ်) မို့ဟမ္မဒ်အား နှင်မထုတ်ကြလျှင် ငါတို့သည် အသင်တို့အား ကျောင်းတော်ကို ဖူးမျှော်ခွင့် ပြုကြမည်မဟုတ်"ဟု ပြောရာ၊ သာ၀ကကြီး မုအာဇ်အန်ဆာရီက "အသင်တို့သည် ငါတို့အား ကျောင်း တော် ဖူး မျှော် ခြင်း မှ ပိတ်ပင်ကြလျှင် ငါတို့သည် အသင်တို့အား ဆီရီယနိုင်ငံသို့ သွားလာကူးသန်း ရောင်းဝယ်မှုကို ပိတ်ပင်ကြမည်"ဟု ပြန်လည် ပြောကြားခဲ့လေသည်။ (မက္ကာမြို့တော်ဆီမှ ဆီ ရီယနိုင်ငံသို့ ကူး သန်း ရောင်း ဝယ် ရေး အ တွက် သွားလာသော ကုန်သည် များသည် လမ်းခရီးတွင် ၊ မဒီနာမြို့ကို ဖြတ်သန်းသွားကြရပေသည်)။

အမှန်မှာ ကအ်ဗဟ်ကျောင်းတော်သည် မွတ်စလင်မ် များနှင့်သာလျှင် သက်ဆိုင်ပေသည်။ အဘယ်ကြောင့် ဆိုသော် ကအ်ဗဟ် ကျောင်းတော်ကို ပြန်လည်မွမ်းမံတည်ဆောက်ခဲ့သော ပုဂ္ဂိုလ်ကြီးမှာ တမန်တော် ဣဗ်ရာဟီမ်သခင် ဖြစ်ခဲ့ပေသည်။ မွတ်စလင်မ်များသည် အဆိုပါ တမန်တော်ကြီး၏ 'ဒီန်'- သာ သ နာ (ဝါ) အ စွ လာမ် ကို လက်တွေ့ လိုက်နာ ကျင့် သုံး နေကြ သူ များပင် ဖြစ်ခဲ့ကြပေသည်။ သို့ဖြစ်ပါလျှက် ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် မွတ်စလင်မ်တို့အား 'ဟဂ်ျ' ပြုခြင်း၊ 'အွမ်ရဟ်' ပြုခြင်းမှ ပိတ်ပင်တားမြစ်ထား ခဲ့ကြသည်။ ထို့အတွက် မွတ်စလင်မ်များသည် ဆီရီယနိုင်ငံသို့သွားလာနေသော

ကုရိုက်ရှ်၏ ကုန်သည်များအား ပိတ်ပင်ခဲ့ကြခြင်းဖြစ်သည်။ သို့ပိတ်ပင်မှုသာလျှင် ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် မလွဲမရှောင်သာဖြစ်ကာ၊ အသက်ရှူကြပ်ကာ၊ ဘေးကျပ်နံကျပ်ဖြစ်ကာ၊ မွတ်စလင်မ်တို့အား ကအ်ဗဟ် ကျောင်းတော်သို့ လာရောက်ဖူးမျှော်ခွင့် ပေးကြပေမည်။

ကုရိုက်ရှ်မျိုးနွယ်၏ ခရီးသွား ကုန်သည်စုများသည် အများအားဖြင့် လက်နက်စွဲကိုင်၍ ထွက်လေ့ ရှိခဲ့ကြသည်။ သို့ ခရီး ထွက် ပြန် လျှင် လည်း အနည်းဆုံး တရာ၊ နှစ်ရာ စု၍ထွက်လေ့ရှိခဲ့ကြသည်။ ထို့အတွက်ကြောင့် တခါ တရံပိတ်ပင်မှုတွင် တိုက်ပွဲများဖြစ်ပွားခဲ့ရလေသည်။ သို့ တိုက်ပွဲဖြစ်ပွားရာတွင် ကုရိုက်ရှ်မျိုးနွယ်ဝင်များ ခရီးသွားကုန်သည်များ အဖေ့ုးနိမ့် ထွက်ပြေးကြသည့် အခါ၊ မွတ်စလင်မ် စစ်သည်များသည် ၎င်းတို့၏ ကုန်ပစ္စည်းများကို သိမ့်ပန်း ပစ္စည်းအဖြစ် ရရှိခဲ့ကြပေသည်။ ဤသည့်ဖြစ်ရပ်မှန်ကိုမသိသော အချို့စာရေး ဆရာများက မွတ်စလင်မ်တပ်စိတ်ကလေးများကိုစေလွှတ်ထားခြင်းမှာ ကုရိုက်ရှ် မျိုးနွယ်၏ခရီးသွား ကုန်သည်များအား တိုက်ခိုက် လုယက်ရန်အတွက်သာ ဖြစ်သည်ဟု အမှားမှား အယွင်းယွင်း ရေးသားထားကြသည်။ အမှန်မှာ အထက်တွင် ရေးသား ဖော်ပြထားသည့်အတိုင်း ကုရိုက်ရှ်မျိုးနွယ်က ကအ်ဗဟ် ကျောင်းတော်ကို ဖူးမျှော်ခြင်းမှ မွတ်စလင်မ်တွေအား အကြောင်းမဲ့ ပိတ်ပင် ထားခဲ့ကြသည့်အတွက် အကျပ်ကိုင်သည့်အနေဖြင့် မွတ်စလင်မ်တွေက ၎င်းတို့၏ ခရီးသွားကုန်သည်များကို တုံ့ပြန် ပိတ်ပင်ခြင်းသာ ဖြစ်ခဲ့ပေသည်။

ယင်းသို့ ကုရိုက်ရှ်ခရီးသွားကုန်သည်များအား မွတ်စလင်မ်များက ပိတ်ပင် လာခဲ့ကြသည့်အတွက်ပင် ကုရိုက်ရှ် မျိုးနွယ်ဝင်များသည်၊ ဟိဂျ်ရီ- ၆ ခုနှစ်တွင် မလွဲမရှောင်သာဟု ဒိုင်ဗီယတ် စစ်ပြေငြိမ်းရေး စာချုပ် ဆိုခဲ့ကြလေသည်။ ထိုစစ်ပြေငြိမ်းရေး စာချုပ်အရ တ ဘက် စောင်း နင်း ကျ လှ သော အ ချို့ စည်းကမ်းချက်များဖြင့်ပင် မွတ်စလင်မ်တို့သည် ကအ်ဗဟ်ကျောင်းတော်သို့ သွား ရောက် ဟာဂျ် ပြုခွင့် ရရှိသွားခဲ့ကြလေသည်။

ကုရိုက်ရှ် မျိုးနွယ်ဝင် ခ ရီး သွား ကုန် သည် များ အား ပိတ်ပင်မှုသည် ကုရိုက်ရှ်မျိုးနွယ်အား အကျပ်ကိုင်ရန် အ ထူး ထက် မြက် သော လက်နက်ပင် ဖြစ်ခဲ့ပေသည်။ တရက် သာ ဝ ကကြီး အဗူဇရ်ဃိဖာရီသည် မက္ကာမြို့လယ်တွင် မိမိအစ္စလာမ်ကို သက်ဝင် ယုံကြည်ကြောင်း ကျေညာလိုက်၏။ သို့ ကျေညာ သည့်အတွက် ကုရိုက်ရှ် မျိုးနွယ်ဝင်များက ထိုသာဝကကြီးအား ဝိုင်းဝန်း

ရိုက်ပုတ်ကြ၏။ ထိုအချိန်တွင် သာ၀ကကြီး အဗ်ဗာစ်က- "အို- ကုရိုက်ရှ်မျိုးနွယ်ဝင် အပေါင်းတို့၊ အဗူဇာရ် ဃိဖာရီသည် ဃိဖာရ်မျိုးနွယ်ဝင်တဦးဖြစ်သည်၊ ဃိဖာရ်မျိုးနွယ်ဝင်များ နေထိုင်ရာဒေသသည် အသင်တို့၏ ခရီးသွားကုန်သည်များ သွားလာသော ခရီးလမ်းကြောင်းပေါ်တွင် တည်ရှိနေပေသည်၊ ယခု သင်တို့သည် ဃိဖာရ်မျိုးနွယ်ဝင်တဦးအား ရိုက်ပုတ်နေကြသည်၊ ဤသည်ကို ဃိဖာရ်မျိုးနွယ်ဝင်များ သိရှိသွားပါက၊ တုံ့ပြန်လက်စားချေသည့်အနေဖြင့် အသင်တို့၏ ခရီးသွားလမ်းကို ပိတ်ပင်ကောင်း ပိတ်ပင်ကြပေမည်" ဟု ပြောပြရာ၊ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် စိုးရိမ်ကြောက်လန့်ကာ သာ၀ကကြီး ဒ.ဗူဇာရ်ဃိဖာရီအား လွှတ်လိုက်ကြလေသည်။

ဟုဒိုင်ဗီယာဟ် စစ်ပြေငြိမ်းရေး စာချုပ်၏ စည်းကမ်းချက်များအနက် စည်းကမ်းချက်တခုမှာ မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ ထွက်ခွာသွားသော မွတ်စလင်မ်အသစ်များကို မဒီနာမြို့တွင် လက်ခံမထားရ၊ ပြန်အပ်ရမည် ဟူ၍ဖြစ်သည်။ ယင်းစည်းကမ်းချက်အရ၊ တမန်တော်မြတ်သည် မက္ကာမြို့တော်မှ မဒီနာမြို့သို့ ထွက်ပြေးတိမ်းရှောင်လာသော မွတ်စလင်မ်များအား လက်ခံတော်မမူရာ၊ ထိုသို့သော မွတ်စလင်မ်များသည် အခြေအနေအရ၊ မက္ကာမြို့တော်တွင်လည်း မနေနိုင်၊ မဒီနာ မြို့တော်တွင်လည်း ခိုလှုံခွင့်မရှိ ဖြစ်နေသည့်အတွက်၊ မက္ကာမြို့တော်မှ ထွက်ပြေးတိမ်းရှောင်ပြီး၊ ဆီရီယာနိုင်ငံသို့သွားသော ခရီးလမ်းတနေရာတွင် သွားရောက် စုရုံးကြလေတော့၏။ စားနပ်ရိက္ခာအတွက် မက္ကာမြို့တော်မှ မီဆီရီယာနိုင်ငံသို့သွားသော ခရီးသွားကုန်သည်များအား တိုက်ခိုက်လုယက်ကြတော့၏။ ယင်းသို့ဖြင့် ကုရိုက်ရှ် မျိုးနွယ်ဝင် ခရီးသွားကုန်သည်များအတွက် အခက်လာကြုံနေရတော့၏။

နောက်ဆုံးတွင် ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ဟုဒိုင်ဗီယာဟ် စစ်ပြေငြိမ်းရေး စာချုပ်တွင် အထက်စီးအနေနှင့် မိမိတို့ကိုယ်တိုင် ထည့်သွင်းခဲ့ကြသော အထက်ဖော်ပြပါ စည်းကမ်းချက်ကို မိမိတို့ကိုယ်တိုင် ရုပ်သိမ်းကြောင်း၊ မက္ကာမြို့တော်မှ တိမ်းရှောင်ထွက်ပြေးသွားကြသော မွတ်စလင်မ်များသည်လည်း မဒီနာမြို့တွင် နေနိုင်ကြောင်း၊ ၎င်းတို့ဘက်မှ မည်သို့မျှကန့်ကွက်စရာမရှိကြောင်း၊ တမန်တော်မြတ်ထံ အကြောင်းကြားခဲ့လေသည်။ ထိုသည့်နောက်နှစ်တွင် ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် မွတ်စလင်မ်တို့အားမက္ကာမြို့တော်သို့ လာရောက် ဟဂ်ျပြုခွင့်၊ အွမ်ရဟ် ပြုခွင့်လည်း ပေးလိုက်ကြလေသည်။ ထိုသည့်နောက်ပိုင်းတွင် မွတ်စလင်မ်များသည်၊ ကုရိုက်ရှ် မျိုး

နွယ်ဝင် ခရီးသွားကုန်သည်များအား မည်သို့မျှ အနှောင့်အရှက် မပြုကြသည် သာမက၊ ယင်း ခရီးသွား ကုန်သည်များ၏ လုံခြုံရေးအတွက် တပ်စိပ်များကိုပင် လွှတ်၍ ပေးခဲ့ကြလေသည်။

(ကြည့်– ဖတ်ဟုလ်ဗာရီကျမ်း၊ အတွဲ– ၈၊ စာမျက်နှာ— ၆၁ )

## တိုင်းပြည် အေးချမ်း သာယာအောင် ပြုလုပ်ခြင်း။

အထက်တွင် ပါရှိခဲ့သည့်အတိုင်း အာရေဗျပြည် တပြည်လုံးတွင် အေးချမ်းသာယာမှုဟူ၍ တကွက်မျှ မရှိခဲ့ပေ။ အရပ် မျိုးနွယ်စုအားလုံးသည် အချင်းချင်း တိုက်ခိုက် နေခဲ့ကြ၏။ ရိုသေ လေးစားအပ်သော လများတွင် ညာဏ်နီညာဏ်နက်သုံးကာ၊ လများ၏အမည်များကို ပြောင်းလဲပြီး တိုက်ခိုက်ခဲ့ကြ၏။ ကုန်သည်ရောင်းဝယ်ရေးအတွက် သွားလာမှုမှာ လုံခြုံမှု လုံးဝမရှိခဲ့ပေ။ ခရီးသွား ကုန်သည်များအား တိုက်ခိုက် လုယက်မှုမှာ အထူးအဆန်း မဟုတ်ခဲ့ပေ။

တမန်တော်မြတ်မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား စေလွှတ်တော်မူခြင်း၏ ရည်ရွယ်ချက်မှာ တရားဓမ္မ ဟောညွှန်ပြရန် အတွက်သာမဟုတ်၊ အာရေဗျပြည်၊ ထိုမျှမက ကမ္ဘာ့အိမ်ထောင်စုကြီး တခုလုံးတွင် အာဏာစက်ဖြင့် အေးချမ်း သာယာမှုရှိအောင် ဖန်တီးရန် အတွက်လည်း ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် သွေးထွက်သံယိုမှု၊ သတ်ဖြတ်မှုများကို အတိုင်းထက်အလွန် စက်ဆုပ်ရွံရှာတော်မူသည်။

مِنْ اَجْلِ ذٰلِكَ كَتَبْنَا عَلٰى بَنِیْٓ اِسْرَآءِیْلَ اَنَّهٗ مَنْ
قَتَلَ نَفْسًۢا بِغَیْرِ نَفْسٍ اَوْ فَسَادٍ فِی الْاَرْضِ فَكَاَنَّمَا قَتَلَ
النَّاسَ جَمِیْعًا ؕ وَمَنْ اَحْیَاهَا فَكَاَنَّمَاۤ اَحْیَا النَّاسَ
جَمِیْعًا ؕ

قرآن (۵ ۰ ۳۲)

"ထို့အတွက်ကြောင့်ပင် ငါအသျှင်မြတ်သည်၊ ဣသရေ အီလီ မျိုးနွယ်ဝင်များ အပေါ်၌ သတ်မှတ် ပြဋ္ဌာန်းတော် မူခဲ့ သည်မှာ၊ မည်သူမဆို တဦးတယောက်အား အသက်တချောင်း၏ အစားလည်းမဟုတ်ဘဲ၊ တိုင်းပြည်တွင် ဆူပူ သောင်းကျန်းခြင်း ကြောင့်လည်းမဟုတ်ဘဲ၊ သတ်ဖြတ်ခဲ့လျှင် ထိုသူသည် လူသား

အားလုံးတို့အား သတ်ဖြတ်ခဲ့ဘိ သကဲ့သို့ ဖြစ်၏။ ထို့အတူ အကြင်သူသည် တဦးတယောက်အား (အသက်ဘေးမှ ကယ်တင်) ရှင်စေခဲ့လျှင်၊ ထိုသူသည် လူသားအားလုံးတို့အား အသက် ရှင်စေခဲ့ဘိသကဲ့သို့ ဖြစ်၏။"

ကုရ်အာန် (၅း ၃၂)

وَإِذَا تَوَلَّىٰ سَعَىٰ فِي الْأَرْضِ لِيُفْسِدَ فِيهَا وَيُهْلِكَ
الْحَرْثَ وَالنَّسْلَ وَاللَّهُ لَا يُحِبُّ الْفَسَادَ ۝

قرآن (۲:۲۰۵)

"၎င်းပြင်၊ ထို(မုနာဖိက်)သည်၊ (အသင့်ထံမှ) ပြန်သွားသောအခါ၊ တိုင်းပြည်တွင် ဖျက်ဆီးရန်၎င်း၊ လယ်ယာများနှင့် တိရစ္ဆာန်များကို ဖျက်ဆီးရန်၎င်း၊ ကြိုးပမ်း အားထုတ်၏။ အလ္လာဟ် အသျှင်မြတ်သည် ဖျက်ဆီးခြင်းကို နှစ်သက်တော်မမူပေ။

ကုရ်အာန် (၂း ၂၀၅)

إِنَّمَا جَزَاءُ الَّذِينَ يُحَارِبُونَ اللَّهَ وَرَسُولَهُ وَيَسْعَوْنَ
فِي الْأَرْضِ فَسَادًا أَنْ يُقَتَّلُوا أَوْ يُصَلَّبُوا أَوْ تُقَطَّعَ أَيْدِيهِمْ
وَأَرْجُلُهُمْ مِنْ خِلَافٍ أَوْ يُنْفَوْا مِنَ الْأَرْضِ ذَٰلِكَ لَهُمْ
خِزْيٌ فِي الدُّنْيَا وَلَهُمْ فِي الْآخِرَةِ عَذَابٌ عَظِيمٌ ۝

قرآن (۵:۳۳)

"အကြင်သူများသည်၊ အလ္လာဟ် အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ တမန်တော်မြတ်အား တိုက်ခိုက်ကြ၏။ တိုင်းပြည်တွင်လည်း ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ကြ၏။ ထိုသူတို့၏ အပြစ်ဒဏ်ကား– ၎င်းတို့သည် သတ်ဖြတ် ကွပ်မျက်ခြင်း ခံကြရမည်၊ သို့မဟုတ် လက်ဝါးကပ်တိုင် တင်ခြင်းခံကြရမည်။

သို့မဟုတ် ပြည်နှင်ဒဏ် ပေးခြင်း ခံကြရမည် ဖြစ်သည်။ ဤသည် ၎င်းတို့အား ဤ မျက်မှောက်ဘဝတွင် ကြီးယုတ် ရှက်ရဖြစ်စေခြင်းပင်ဖြစ်သည်။ ၎င်းပြင် နောက်တမလွန်ဘဝတွင် ၎င်းတို့အဖို့ ကြီးလေးသော ပြစ်ဒဏ်ရှိပေဦးမည်။”

ကုရ်အာန် (၅း ၃၃)

တမန်တော်မြတ်၏ ဩဝါဒတော်များ တွင် လာရှိသည်မှာ — (ဟာတင်မ် တွာအီ၏သား) သာဝကကြီးအဒီ အစ္စလာမ်ကို သက်ဝင်ယုံကြည်သည့်အခါ၊ တမန်တော်မြတ်က— “အလ္လာဟ် အသျှင်မြတ်သည် ဤအလုပ်ကို မည်သို့မည်ပုံ ပြီးပြည့်စုံအောင် ပြုလုပ်တော်မူမည်ဆိုသော် ကုလားအုပ်စီးတဦးသည် “ဆန်အာ”မှ “ဟာသွာရမောက်တ်” အထိ ရေးသွားပေမည်။ သို့ ရေးသွားရာတွင် (သိုး ဆိတ်များကိုဆဲ့မည့်) ဝံပုလွေမှတပါး အခြား တစုံတရာကိုမျှ စိုးရိမ်ရာ ရှိမည် မဟုတ်ပေ” ဟု မိန့်ကြားတော်မူခဲ့လေသည်။ (ကြည့်– အဗူဒါဝူဒ်ကျမ်းကြီး)။ ဗုခါရီးကျမ်းကြီးတွင် လာရှိသည်မှာ တမန်တော်မြတ်က— “အလ္လာဟ်အသျှင်မြတ်သည် ဤလုပ်ငန်းကို မည်သို့မည်ပုံ ပြီးပြည့်စုံအောင် ပြုလုပ်တော်မူမည်ဆိုသော် အမျိုးသမီးတဦးသည် ဟီရဟ်မှ ကအ်ဗဟ်ကျောင်းတော်သို့ တဦးတည်း လာရောက် “ဇေယာရတ်” ဖူးမျှော်ပေမည်၊ သို့ လာရောက် ဖူးမျှော်ရာတွင် အလ္လာဟ်အသျှင်မြတ်မှတပါး အခြား တစုံတရာကိုမျှ စိုးရိမ်ရမည် မဟုတ်ပေ”ဟု မိန့်ကြားတော် မူခဲ့လေသည်။

သာဝကကြီးအဒီက “ဤသည် ကျွန်ုပ်၏ ကိုယ်တွေ့မျက်မြင် ကိစ္စပင်ဖြစ်သည်။ အမျိုးသမီးတဦး ဟီရဟ်မှ ကျောင်းတော်အထိ လေတ်မထိ ဆူးမငြိဘဲ အေးချမ်းစွာ ရေးသွားလာပြီး ဖူးမျှော်သည်ကို မိမိကိုယ်တိုင် မြင်ဘူးပါသည်” ဟု ဖွင့်ဟ ပြောပြခဲ့လေသည်။

တိုင်းပြည် အေးချမ်း သာယာမှုနှင့် လွတ်လပ်စွာ သွားလာကူးသန်းရောင်းဝယ်နိုင်မှုကို တမန်တော်မြတ်သည် အထူး ဦးစားပေး ဆောင်ရွက်တော်မူခဲ့သည်။ သို့ဆောင်ရွက်ရာတွင် အခြေအနေအရ လုံခြုံရေးအတွက် တပ်စိတ်ကလေးများကို စေလွှတ်ပေးတော်မူလေ့ရှိခဲ့ပေသည်။ ယင်းသို့စေလွှတ်ပေးတော်မူသော တပ်စိပ်ကလေးများကိုလည်း တမန်တော်မြတ်၏ ထေရုပ္ပတ္တိ ရေးကြသော ပညာရှင်များသည် ‘စရိယဟ်’ ‘ဧရာယာ’တွင် ထည့်သွင်း

ဖေါ်ပြလေ့ရှိခဲ့ကြပေသည်။ ဤတွင်အချို့ ဖြစ်ရပ်များကို ရေးသားဖေါ်ပြလို ပေသည်။

**ဇိုက်ဒ် ဣဗ်နု ဟာရိဆဟ်၏ စရိယဟ်။**

ဟိဂျိရီ — ၆ — ခုနှစ်တွင် သာဝကကြီး ဇိုက်ဒ်သည် ကုန်ပစ္စည်းများ ယူဆောင်၍ ဆီရိယနိုင်ငံသို့ ကြွသွားခဲ့၏။ အပြန်တွင် 'ဝါဒိကုရာ' အနီးသို့ ရောက်သော အခါ၊ 'ဖဇာရဟ်' မျိုးနွယ်ဝင်များသည် အဆိုပါ သာဝကကြီးအား ရိုက်ပုတ်ကြ၏။ ကုန်ပစ္စည်းများကိုလည်း လုယက်ယူဆောင် သွားကြ၏။ ဤအကြောင်း တမန်တော်မြတ် သိရှိတော်မူသည့်အခါ တပ်စိတ် ကလေးတခုကို စေလွှတ်တော်မူ၍ သက်ဆိုင်ရာတို့အား အရေးယူစေတော် မူခဲ့လေသည်။

အဆိုပါခုနှစ်တွင်ပင် အဆိုပါ အဖြစ်အပျက်အလျှင်၊ တမန်တော်မြတ် သည် သာဝကကြီး ဒီဟ်ယဟ်ကလ်ဗီအားစာချွန်တော်ပေး၍ "ဆီဇာ" ရောမ ဘုရင်ထံသို့ စေလွှတ်တော်မူခဲ့၏။ အပြန်တွင် "ဟဇ္စမာ" ရောက်သည့်အခါ၊ ဟုနိုင်က်ဒ်သည် အပေါင်းပါတစုနှင့် ပူးပေါင်းပြီး သာဝကကြီး ဒီဟ်ယဟ်ကလ်ဗီ အား ဓါးမြတိုက်၏။ ပါသော ပစ္စည်းများကိုလည်း လုယူလိုက်၏။ နွမ်းသော အဝတ်အစားမှတပါး ကောင်းသော အဝတ်အစားများကိုပင် သိမ်းယူလိုက်၏၊ တမန်တော်မြတ် သိရှိတော်မူသည့်အခါ၊ သာဝကကြီး ဇိုက်ဒ်အားစေလွှတ်၍ အရေးယူစေတော်မူခဲ့လေသည်။

**'ဒူမတုလ်ဂျန်ဒလ်'၏ စရိယဟ်။**

ဟိဂျိရီ — ၄ — ခုနှစ်တွင် မဒီနာမြို့မှ ဆီရိယ နိုင်ငံသို့အသွား (မန်ဇီလ်) ခရီးစားခန်း (၁၅)၌ တည်ရှိသော ဒူမတုလ်ဂျန်ဒလ်တွင် အုပ်စုတစုသည် ခရီးသွား ကုန်သည်များအား ဒုက္ခပေးနေကြောင်း သတင်းရရှိသည့်အခါ၊ အရေးယူနှိမ်နင်းရန်အတွက် တမန်တော်မြတ်ကိုယ်တိုင် အဆိုပါဒေသနသို့ ကြွသွား တော်မူခဲ့၏။ တမန်တော်မြတ် ကြွသွားတော်မူသည့်အခါ၊ အဆိုပါ ဓါးမြများသည် ကစဉ့်ကလျားဖြစ်ကာ တိမ်းရှောင် ထွက်ပြေးသွားခဲ့၏။ အဆိုပါဒေသနတွင် တမန်တော်မြတ်သည် ရက်အတန်ကြာသည်အထိ၊ စားခန်း ချနေတော်မူခဲ့၏။ ငြိမ်ဝပ်ပိပြားရေးအတွက် ပတ်ဝန်းကျင်ဒေသအသီးသီးသို့ တပ်စိတ်ကလေးများကို စေလွှတ်ထားတော်မူခဲ့၏။

ခရီးသွား ကုန်သည်များ၏ လုံခြုံရေးအတွက် တပ်စိတ်ကလေးများကို စေလွှတ်ပေးခြင်းမှာ မွတ်စလင်မ်ကုန်သည်များအတွက်သာ မဟုတ်ခဲ့ပေ။ ဘာသာတူ ဘာသာခြား အားလုံးအဖို့ ဖြစ်ခဲ့ပေသည်။ ဟုဒိုင်ဗိယတ် စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုပြီးသည့်နောက်ပိုင်းတွင် ကုရိုက်ရှ်မျိုးနွယ်ဝင် ကုန်သည်များ၏ လုံခြုံရေးအတွက်လည်း တမန်တော်မြတ်သည် တပ်စိတ်များကို စေလွှတ်ပေးတော်မူလေ့ ရှိခဲ့ပေသည်။

## စိုင်ဖိုလ်ဗဟ်ရ် စစ်ပွဲ

## (ကုရိုက်ရှ် ကုန်သည်များအား အစာအငတ်ခံကာ စောင့်ရှောက်ခဲ့ခြင်း။)

ဟိဂျ်ရီ – ၈ ခုနှစ်တွင် ကုရိုက်ရှ်မျိုးနွယ်၏ ခရီးသွား ကုန်သည်တစုသည် ဆီရိယ နိုင်ငံမှ ပြန်လာနေခဲ့၏။ လမ်းခရီးတွင် ဂျုဟိုင်နဟ် မျိုးနွယ်ဘက်မှ တိုက်ခိုက်လုယက်မည်ကို စိုးရိမ်နေခဲ့၏။ ထိုအခါ တမန်တော်မြတ်သည် ကုရိုက်ရှ် ကုန်သည်များ၏ လုံခြုံရေးအတွက် သာဝကကြီး စစ်ဗိုလ်ကြီး အဗူအုဗိုင်ဒဟ် ဣဗ်နု အလ်ဂျရ်ရာဟ်အား ဦးဆောင်စေပြီး မွတ်စလင်မ် စစ်သည် (၃၀၀)ကို စေလွှတ်ပေးတော်မူခဲ့၏။ ထို စစ်သည်များတွင် သာဝကကြီး အုမရ်လည်း ပါဝင်ခဲ့၏။ မွတ်စလင်မ် စစ်သည်များ ချီ တက် သွား သော ဌာ န မှာ မဒီနာမြို့နှင့် (၅)ရက် ခရီးအကွာတွင် တည်ရှိသည်။ မွတ်စလင်မ် စစ်သည်များသည် အဆိုပါ ခရီးတွင် အကြောင်းအားလျော်စွာ စားနပ်ရိက္ခာပြတ်ကာ ငတ်တလှည့်၊ ပြတ်တလှည့်နှင့်ပင် မိမိတို့၏ တာဝန်များကို ကျေပြွန်စွာ ဆောင်ရွက်ခဲ့ကြ၏။ တခါတရံ မွတ်စလင်မ် စစ်သည်များသည် အခြား စားဘွယ်ရာ တစုံတရာမရှိသည့်အတွက် စွန်ပလွန်သီး တလုံးကိုစား၍ တနေ့လုံး နေခဲ့ကြရ၏။

(ကြည့်– ဣဗ်နုစအ်ဒ်၊ စာမျက်နှာ - ၄၄၊ ဃဘ်ဇ်ဝဟ်များအခဏ်း)

"မွတ်စ်လင်မ်"ကျမ်းကြီးတွင် အထက်ပါ စစ်ပွဲအကြောင်း အသေးစိတ် ပါရှိသည်။ သို့ရာတွင် ဤစစ်ပွဲအကြောင်း အဆင့်ဆင့် ပြောပြသော (ရာဝီ) ပညာရှင်များ၏ ပြောပြချက်များမှာ အနည်းငယ် ကွဲပြားနေ၏။ ဤစစ်ပွဲအကြောင်းကို အဓိက ပြောပြခဲ့သူမှာ သာဝကကြီး ဂျာဗိရ်ဖြစ်၏၊ ထိုသာဝကကြီးသည် ဤစစ်ပွဲတွင် ပါဝင်ခဲ့၏။ ထိုသာဝကကြီး၏ ပြောပြချက်မှာ အထက်တွင် ရေးသားခဲ့သည့်အတိုင်းပင် ဖြစ်၏။

ဤစစ်ပွဲနှင့်စပ်လျဉ်း၍ အဆိုဘရပ်မှာ မွတ်စလင်မ် စစ်သည်များသည် ဂျူဟိုင်နဟ် မျိုးနွယ်ဝင်များနှင့် စစ်ပွဲဆင်နွှဲရန် ချီတက်သွားခဲ့ခြင်း ဖြစ်သည် ဟူ၏။ "မဃာဇီ" ကျမ်းများတွင်လည်း ဤအတိုင်းပင် ပါရှိ၏။ အဆိုတရပ်တွင် (تلقى عير قريش) "ကုရိုက်ရှ် ခရီးသွား ကုန်သည်များနှင့် တွေ့ဆုံရန်" ဟူ၍ ပါရှိ၏။ အခြား အဆိုတရပ်တွင် (ترصد عير قريش) "ကုရိုက်ရှ် ခရီးသွားကုန်သည်များအား ကြည့်ရှုစောင့်ရှောက်ရန်" ဟူ၍ ပါရှိ၏။ ဤသည့် အဆိုကိုကြည့်၍ အချို့က ဤစစ်ပွဲတွင် မွတ်စလင်မ် စစ်သည်များသည် ကုရိုက်ရှ် ခရီးသွား ကုန်သည်များအား တိုက်ခိုက်လုယက်ရန် ချီတက်ခဲ့ခြင်း ဖြစ်သည် ဟူ၍ ယူဆခဲ့ကြ၏။ ဤသို့ယူဆခြင်းမှာ လုံးဝမှား၏။ အဘယ်ကြောင့်ဆိုသော် ဤစစ်ပွဲဖြစ်ပွားခဲ့သည့်အချိန်မှာ ဟိုဒိုင်ဗီယဟ် စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုထားသည့် အချိန်ဖြစ်သည်။ ထို့အတွက် အထက်ပါအဆိုများ၏ ထင်ရှားသော အလိုသဘောမှာ မွတ်စလင်မ်စစ်သည်များသည်၊ ကုရိုက်ရှ်ခရီးသွား ကုန်သည်များအား စောင့်ရှောက်ရန်နှင့် ဂျူဟိုင်နဟ်မျိုးနွယ်၏ အန္တရာယ်ကို ကာကွယ်ရန် အတွက် ချီတက်သွားခဲ့ခြင်းပင် ဖြစ်သည်။ ဟာဖဇ်ဣဗ်နုဟဂျရ်၏ ဖေဖန် သုံးသပ်ချက်မှာလည်း ဤအတိုင်းပင်ဖြစ်သည်။

**ဃာဗဟ်စစ်ပွဲ။**

အရပ်တို့အတို ခားပြတိုက်ခြင်း၊ တိုက်ခိုက် လုယက်ခြင်းမှာ မထူးဆန်းတော့ပေ။ ရိုးရာကိစ္စဘရပ်ပင် ဖြစ်၏။ သို့ ခားပြတိုက်၊ လုယက်မှုများကြောင့် အကြိမ်ကြိမ် ကြီးလေးသော ပြစ်ဒဏ်များကို ခံခဲ့ကြရသော်လည်း တိုက်မြဲပင် တိုက်နေခဲ့ကြပေသည်။ လက်မလျှော့ခဲ့ကြပေ။

("ဃာဗဟ်" သည် မဒီနာမြို့၏ စားကျက်ဖြစ်သည်။ ထိုစားကျက်သို့ပင် လာရောက် ခားပြတိုက်လေ့ ရှိခဲ့ကြလေသည်။)

ဟိဂျရီ- ၄- ခုနှစ်တွင် ဖဇာရဟ်မျိုးနွယ်နေထိုင်ရာ ဒေသ၌ တော်မွတ် ခေါင်းပါးသည့် ကပ်ဆိုက်ခဲ့၏။ အဆိုပါမျိုးနွယ်၏ ခေါင်းဆောင် "အုယိုင် နဟ် ဣဗ်နုဟိဆ္ဂ်" သည် တမန်တော်မြတ်ထံ လာရောက် အကူအညီ တောင်း ခဲ့၏။ တမန်တော်မြတ်သည် သနား ကြင်နာတော် မူလှသဖြင့် အစ္စလာမ့်

နှံ့ပြားသော်ပယ်များအနက် ၎င်းပြေသော ဌာနများတွင် တိရစ္ဆာန်များ ကျောင်းခွင့် ပြုတော်မူလိုက်၏။ သို့ သနားကြင်နာစွာဖြင့် စားကျက်များကို အသုံးပြုခွင့် ပြုတော်မူခဲ့သော်လည်း၊ ဟိဂိုရီ- ၆- ခုနှစ်တွင် အဆိုပါ ဟုယိုင်နုဟ်သည်ပင် မဒီနာမြို့၏ စားကျက်ဖြစ်သော ဃာဗဟ်ကို လာရောက် တိုက်ခိုက်ခဲ့၏။ တမန်တော်မြတ်၏ ကုလားအုတ်မ (၂၀) ကိုလည်း လုယက် သိမ်းယူသွားခဲ့၏။ ထိုမျှမက ထိုစားကျက်ကို စောင့်ရှောက်သော သာဝကကြီး အဗူဇရ်၏ သားကိုလည်း သတ်ဖြတ်သွားခဲ့သေး၏။ ဖော်ပြပါဖြစ်ရပ်များကို အကြောင်းပြု၍ တမန်တော်မြတ်၏ ထေရုပ္ပတ္တိရေးကြသော ပညာရှင်များသည် ဤသည့်စစ်ပွဲကို ''ဃတ်ဇဝဟ် ဃာဗဟ်''ဟူ၍ အမှတ်တရ ခေါ်ဝေါ် သုံးနှုန်းကြလေသည်။

အာရေဗျတိုင်းပြည် တပြည်ထောင်လုံးသည် တချိန်က အစ္စလာမ့်ရန်သူ ဖြစ်သွားခဲ့၏။ မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင် သိမ်းပိုက်သည့် မွတ်စလင်မ်ဘေ့နှင့် မွတ်စလင်မ်မဟုတ်သော သူများစပ်ကြားဘွင် စစ်ပွဲတွေ အမြောက်အမြား ဖြစ်ပွားခဲ့၏။ ယင်းသို့ဖြစ်ခဲ့ရသည့် အကြောင်းများအနက် အကြောင်းကြီးတရပ်မှာ အရဗ်တို့၏ စား- ဝတ်- နေရေးသည် အများအားဖြင့် သတ်ဖြတ် တိုက်ခိုက်လုယက်မှုအပေါ်တွင် တည်ရှိနေခဲ့ပေသည်။ အစ္စလာမ်သည် ဤသည့် သတ်ဖြတ်၊ တိုက်ခိုက်၊ လုယက်မှုများကိုပင် ချေမှုန်းရန် ပေါ်ထွန်း လာခဲ့ပေသည်။ ထို့အတွက်ကြောင့်ပင် အရဗ်တို့သည် မိမိတို့အဘို့ အစ္စလာမ်ကို အကြီးဆုံးရန်သူဟု ထင်မြင်ယူဆကာ၊ ဥာဏ်စွမ်းရှိသမျှ၊ ကိုယ်စွမ်းရှိသမျှ တိုက်ခိုက်ခဲ့ခြင်း ဖြစ်ပေသည်။

**အမှုမဲ့၊ အမှတ်မဲ့၊ အလစ် ဝင်တိုက်ရခြင်း၏ အကြောင်း။**

အရဗ် မျိုးနွယ်များသည် နှစ်မျိုးနှစ်စား ရှိခဲ့ကြ၏။ (၁) တမျိုးမှာ တနေရာ တဌာနတွင် အမြဲတစေ နေထိုင်လေ့ ရှိခဲ့ကြ၏။ (၂) နောက်တမျိုးမှာ တနေရာတဌာနတွင် အမြဲတစေ နေထိုင်လေ့ မရှိခဲ့ကြပေ။ အခြေအနေအရ ရေကြည်ရာ၊ မြက်နုရာသို့ ရွှေ့ပြောင်းကာ ခြေသလုံး အိမ်ပါ ရွက်ထည်တဲထိုး၍ နေလေ့ရှိခဲ့ကြ၏။ အမြဲတစေ တနေရာ တဌာနတွင် နေလေ့မရှိခဲ့ကြပေ။ အခြေအနေအရ ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့ နေလေ့ရှိခဲ့ကြ၏။ ဤသို့ ပြောင်းရွှေ့နေလေ့ရှိသော အရဗ် မျိုးနွယ်များကို အရှဗ်

စာပေဖြင့် اهل الوبر * (သားမွေးရှင်များ) "သားမွေးထည်ရှင်များ" ဟု ခေါ်ဆို သုံးနှုန်းပေသည်။ ဤသို့သော ခြေသလုံးအိမ်ပါ လှည့်ပတ်ရွေ့ပြောင်း နေလေ့ရှိသော အရပ်မျိုးနွယ်များသည် အများဆုံး တိုက်ခိုက်၊ လုယက်လေ့ ရှိခဲ့ကြ၏။ ၎င်းတို့အား စီမံ၊ ကွပ်ကဲ အုပ်ချုပ်ရန်မှာ မလွယ်ကူပေ။ ၎င်းတို့အား အရေးယူနှိမ်နင်းရန် စစ်တပ်များကိုစေလွှတ်လျှင်၊ ၎င်းတို့သည် တောတောင်များ အတွင်းသို့ ထွက်ပြေး တိမ်းရှောင်နေလေ့ ရှိခဲ့ကြ၏။ ထို့အတွက်ကြောင့် ၎င်းတို့အား ထွက်ပြေး လွတ်မြောက် မသွားစေရန်အတွက် အမှုမဲ့ အမှတ်မဲ့ အလစ်ဝင်၍ တိုက်ခဲ့ကြရပေသည်။

'စခီယဟ်' ဇပ်စိတ်ကလေးများအနက် အများစုနှင့် ဧပ်လျှဉ်း၏ တမန်တော်မြတ်၏ ထေရုပ္ပတ္တိရေးသော ပညာရှင်များက–– "တမန်တော် မြတ်သည် အချို့ ဇပ်စိတ်များကို စေလွှတ်တော် မူလေ့ရှိခဲ့၏၊ ထိုဇပ်စိတ် များသည် ညဥ့်အချိန် ထွက်လေ့ရှိခဲ့၏။ အလစ်ဝင်တိုက်လေ့ရှိခဲ့၏.... စသည်ဖြင့် ရေးသားခဲ့ကြ၏။ ဤသို့သော ဖြစ်ရပ်များကို စာအုပ်ကြီးငယ်အားလုံးတွင် တွေ့ရှိရ၏။ ဤသို့သော ဖြစ်ရပ်များကို ကြည့်ပြီး ဥရောပနိုင်ငံ စာရေးဆရာ များက· အစ္စလာမ်တွင် ရန်သူအား တိုက်ခိုက်လုယက်ခွင့် ပြုထားသည်ဟူ၍ ထင်မြင်ယူဆ သွားခဲ့ကြ၏။ သို့ထင်မြင်ယူဆ သွားခဲ့ကြသည့် အတက်ပင် စာရေးဆရာကြီး မာရ်ဂိုလျူစ်က "အချိန်အတော် ကြာညောင်းသည်အထိ မွတ်စလင်မ်များ အဘို့ စားဝတ်နေရေးအတွက် အစီအစဉ်မရှိခဲ့ပေ။ ထို့အတွက် တမန်တော်မြတ်သည် မျိုးနွယ်များအား အမှုမဲ့အမှတ်မဲ့ တိုက်ခိုက်ပြီး၊ ဥစ္စာ ပစ္စည်း လုယက်သိမ်းယူရေး လမ်းစဉ်ကို ရွေးချယ်ခဲ့သည်" ဟူ၍ အမှားမှား အယွင်းယွင်း ရေးသားထားသည်ကိုပင် တွေ့ရှိရပေသည်။ ယင်းသို့ အမှားမှား

---

(*) "Ahlul Wabar" The Nomades, or wild Arabs "because they live in tents of goat's hair, in constradistinction to "Ahlul Mader" The Arabians who dwell in towns or houses of clay. Wabir, Hairy, Furry (Camal or Hare).

Persian, Arabic and english Dictionary, Page 1344.

အယွင်းယွင်း ရေးသားခြင်းမှာ ဖြစ်ရပ်မှန်ကို စံနစ်တကျ တိတိကျကျ မှန်မှန်ကန်ကန် မလေ့လာ၊ မဆည်းပူး၍သာ ဖြစ်ပေသည်။ စနစ်တကျ လေ့လာကြည့်သည့်အခါ ယင်းသို့အမှုမဲ့အမှတ်မဲ့ ဝင်ရောက် တိုက်ခိုက်နှိမ်နင်းခြင်းမှာ အထက်တွင် ရေးသား ဖေါ်ပြခဲ့သည့်အတိုင်း ခြေသလုံးအိမ်ပါ နေထိုင်၍ တိုက်ခိုက်၊ လုယက်နေသော အရပ်မျိုးနွယ်များကိုသာ အမှုမဲ့အမှတ်မဲ့ ဝင်ရောက် တိုက်ခိုက်ခြင်း ဖြစ်ခဲ့ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့သော ခြေသလုံးအိမ်ပါနေသော အရပ်မျိုးနွယ်များသည် ၎င်းတို့အား တိုက်ခိုက်မည့်အကြောင်း ကြိုတင်သိရှိသွားပါက၊ တော၊ တောင်အတွင်းသို့ တိမ်းရှောင်ထွက်ပြေး လွတ်မြောက် သွားကြမည်သာ ဖြစ်သည်။ ၎င်းတို့ တိမ်းရှောင်ထွက်မပြေးနိုင်အောင် ၎င်းတို့အား အမှုမဲ့အမှတ်မဲ့ အလစ်ဝင်ရောက် တိုက်ခိုက်ရခြင်းဖြစ်ခဲ့ပေသည်။ ဤတွင် ယင်းသို့သော အချို့ အရေးအခင်းများကို ရေးသား ဖေါ်ပြလိုပေသည်၊ အချို့ အရေးအခင်းများတွင် တမန်တော်မြတ်ကိုယ်တော်ဘိုင် ကြွသွားတော် မူခဲ့ပေသည်။ အချို့ အရေးအခင်းများတွင် တမန်တော်မြတ်သည် တပ်စိပ်များကို စေလွှတ်ပေးတော် မူခဲ့ပေသည်။

**ဗနူစုလိုင်မ် စစ်ပွဲ၊ ဟိဂျ်ရီ — ၃။**

ဤစစ်ပွဲတွင် ရန်သူများသည် ကစဥ့်ကလျားဖြစ်ကာ၊ မိမိတို့၏ စိမ့်စမ်းများရှိရာသို့ ထွက်ပြေး တိမ်းရှောင် သွားခဲ့ကြ၏၊ ထို့အတွက် တမန်တော်မြတ်သည် တပ်ခေါက်၍ ပြန်ကြွလာတော်မူခဲ့၏။

ဇာဒ်နူမအာဒ်၊ စာမျက်နှာ- ၂၄ ။

**ဇာတုရ်ရိ ကာအ်စစ်ပွဲ၊ ဟိဂျ်ရီ –၄။**

ဤစစ်ပွဲတွင် ရန်သူများသည် တောင်ထိပ်များသို့ ထွက်ပြေးသွားခဲ့ကြ၏။

**ဒွူမတ္တာဂျလ် စစ်ပွဲ၊ ဟိဂျ်ရီ – ၆ ။**

ဤစစ်ပွဲတွင် တမန်တော်မြတ်သည် ဒွူမတ္တာဂျလ် ဇာဒ်နူ မုဟ်ဆင်နအား စစ်သည်(၄၀)နှင့် စေလွှတ်တော်မူခဲ့၏။ ရန်သူများသည် ကစဥ့်ကလျား ဖြစ်ကာ ထွက်ပြေးသွားခဲ့ကြ၏။

**ဗန္ဒုစအိုဒ် မျိုးနွယ်နှင့် မောင်လာအလီ တိုက်ပွဲ၊ ဟိဂျရီ—၆။**

တမန်တော်မြတ်သည် ဗနူစအ်ဒ် မျိုးနွယ်ကို နှိမ်နင်းရန် အတွက် မောင်လာအလီအား စစ်သည် (၁၀၀)နှင့် စေလွှတ်တော်မူခဲ့၏၊ မောင်လာ အလီ၏ စစ်သည်များသည် ညဥ့်အချိန်တွင် ခရီးထွက်ပြီး နေ့အချိန်တွင် ပုန်းကွယ်၍ နေခဲ့ကြ၏။ 'ဟမဂျ်' အမည်ရှိသော ဌာနသို့ရောက်ကြသော အခါ ဗနူစအ်ဒ် မျိုးနွယ်ဝင်များကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြ၏။ သို့ပန်း ပစ္စည်းအဖြစ် ကုလားအုတ် (၅၀၀)နှင့် ဆိတ် (၂၀၀၀)သိမ်းဆည်းရမိခဲ့ကြ၏။ ရန်သူများသည် မိမိတို့၏ အမျိုးသမီးများကို ခေါ်ဆောင်၍ ထွက်ပြေး တိမ်းရှောင်သွားခဲ့ကြ၏။

**ဗနူလိဟ်ယာန် တိုက်ပွဲ၊ ဟိဂျရီ—၆။**

ဗနူလိဟ်ယာန်မျိုးနွယ်ဝင်များသည် မွတ်စလင်မ် စစ်သည်များ ချီတက် လာနေသည်ကို ကြားသိသောအခါ တောင်ထိပ်များသို့ တက်ပြေးတိမ်းရှောင် သွားခဲ့ကြ၏။

**သာဝကကြီး အုမရ်ဦးဆောင် တိုက်သော 'တုရ်ဗဟ်' တိုက်ပွဲ၊ ဟိဂျရီ— ၇။**

'တုရ်ဗဟ်' အမည်ရှိသော ဌာနတွင် ဟာဝါဇင်န် မျိုးနွယ်ဝင်များ သောင်းကျန်း နေခဲ့ကြ၏။ ၎င်းတို့အား နှိမ်နင်းရန် တမန်တော်မြတ်သည် သာဝကကြီး အုမရ်အား စစ်သည်အချို့နှင့် စေလွှတ်တော်မူခဲ့၏။ မွတ်စလင်မ် စစ်သည်များသည် ညဥ့်အချိန်တွင် ခရီးထွက်၍ နေ့အချိန်တွင် ပုန်းကွယ်နေခဲ့ကြ၏။ မွတ်စလင်မ် စစ်သည်များ ချီတက်လာနေကြောင်း ကြားသိသောအခါ ဟာဝါဇင်န် မျိုးနွယ်ဝင်များသည် ထွက်ပြေး တိမ်းရှောင် သွားခဲ့ကြ၏။ သာဝကကြီး အုမရ်သည် ၎င်းတို့ တပ်စွဲထားရာ ဌာနသို့ ရောက်ရှိသွားခဲ့၏။ သို့ရာတွင် တဦးတယောက်ကိုမျှ မတွေ့ခဲ့ရပေ။

**သာဝကကြီး ကအ်ဗ် ဣဗ်နု အုမိုင်ရ်၏တိုက်ပွဲ၊ ဟိဂျရီ— ၈။**

ဤစစ်ပွဲဖြစ်ပွားပုံမှာ တမန်တော်မြတ်သည် မွတ်စလင်မ်(၁၅)ဦးအား ဆီရီယ နိုင်ငံသို့ စေလွှတ်တော်မူခဲ့၏။ "ဇာတ်အတ္တလာဟ်" အမည်ရှိသော

ဌာနသို့ရောက်ကြသောအခါ လူအချို့ကိုတွေ့မြင်ခဲ့ကြ၏။ မွတ်စ်လင်မ်များက ၎င်းတို့အား အစ္စလာမ်ကို လက်ခံသက်ဝင်ယုံကြည်ရန် ဖိတ်ခေါ်ခဲ့ကြ၏။ ထိုသူများက လက်မခံခဲ့ကြပေ။ လက်မခံကြသည်သာမက မွတ်စ်လင်မ်များအား တူးလေးများဖြင့် ပစ်ခတ်ကြ၏။ မွတ်စ်လင်မ်များသည်လည်း မလွဲမရှောင်သာသည့် အဆုံး၌ ခုခံတိုက်ခိုက်ကြ၏။ မွတ်စ်လင်မ် အားလုံး ကျဆုံးသွားခဲ့ကြ၏။ တဦးသာ ကျန်ခဲ့၏။ ကျန်ခဲ့သော တဦးသည် တမန်တော်မြတ်ထံ ရောက်ရှိလာပြီး ဖြစ်ကြောင်း ကုန်စင်တင်ပြ လျှောက်ထား၏။ တမန်တော်မြတ်သည် ၎င်းတို့အား အရေးယူရန် သာဝကကြီး ကအ်ဗ် ဣဗ်နု အုမိုင်ရ်အား မွတ်စ်လင်မ် ၁၅ ဦးသည် အချို့နှင့်အတူ စေလွှတ်ရန် ရည်ရွယ်တော်မူသည့်အခါ ရန်သူများသည် အချင်းဖြစ်ပွားရာ ဌာနမှ တိမ်းရှောင် ထွက်ပြေးကြပြီ ဖြစ်ကြောင်း သတင်းရရှိ၏။

ကြည့်-ဣဗ်နုစအ်ဒ်ကျမ်း။

## အစ္စလာမ်သာသနာပြုရန် အဖွဲ့များ လွှတ်ခြင်း။

'စရိယဟ်'ခေါ် တပ်ဖွဲ့များကို စေလွှတ်ခဲ့ရသည့် အကြောင်းများ အထက်တွင် အကျယ်တဝ့န့် ဖေါ်ပြခဲ့ပြီး၏။ တပ်ဖွဲ့ကလေးများကို စေလွှတ်တော်မူသကဲ့သို့ပင် တမန်တော်မြတ်သည် အစ္စလာမ် သာသနာပြုရန်အတွက် အချို့အဖွဲ့ကလေးများကိုလည်း စေလွှတ်တော်မူလေ့ရှိခဲ့ပေသည်။ ယင်းသို့ သာသနာပြုအဖွဲ့ကလေးများကို စေလွှတ်ရာ၌ သာသနာပြု အဖွဲ့ဝင်များသည် အမြဲတစေ ရင်တဖိုဖို၊ ရင်တမမဖြစ်နေခဲ့ကြရ၏။ ယင်းသို့ဖြစ်ရသည့်အကြောင်းမှာ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အာရေဗျ တိုင်းပြည် တပြည်လုံးတွင် ငြိမ်ဝပ်ပိပြားမှု၊ အေးချမ်းသာယာမှု လုံးဝ မရှိပေ။ အစ္စလာမ့် ရန်သူများကလည်း တိုင်းပြည်နှင့်အဝှမ်း ရန်မီးမွှေးထားခဲ့ကြ၏။

## ဗိရ်မအူနဟ် တိုက်ပွဲ၊ ဟိဂျိရီ - ၃။

ဟိဂျိရီ - ၃ ခု၊ ဆဖရ်လတွင် တမန်တော်မြတ်သည် 'ကိလာဗ်'မျိုးနွယ်ဝင်များထံသို့ ယင်းမျိုးနွယ်၏ ခေါင်းဆောင်၏ ဖိတ်ကြားချက်အရ အစ္စလာမ် သာသနာပြု ပုဂ္ဂိုလ်(၇၀)အား စေလွှတ်ပေးတော်မူ၏။ ဗိရ်မအူနဟ် အနီးသို့ ရောက်ကြသောအခါ 'ရအ်လ်' နှင့် 'ဇတ်ကဝါန်' မျိုးနွယ်များ၏ တိုက်ခိုက်မှု

ကြောင့် အစ္စလာမ် သာသနာပြု ပုဂ္ဂိုလ်များ အားလုံး ကျဆုံးခဲ့ကြရ၏။ တဦး သာ လွတ်မြောက်ခဲ့၏။ ထိုလွတ်မြောက်သူက မဒီနာမြို့သို့ လာပြီးဖြစ်ကြောင်း ကုန်စင် ပြောပြခဲ့၏။

## "မရ်ဆဒ်" တိုက်ပွဲ၊ဟိဂျ်ရီ- ၃။

ဟိဂျ်ရီ- ၃၊ ဆဖရ် လအတွင်းမှာပင် "အဿ်လ်"နှင့် "ကာရေဟ်"မျိုး နွယ်ဝင်များက အစ္စလာမ်သာသနာပြုပုဂ္ဂိုလ်များ စေလွှတ်ပေးပါရန် တမန် တော်မြတ်ထံ မေတ္တာရပ်ခံခဲ့ကြ၏။ သို့ မေတ္တာ ရပ်ခံခဲ့ကြသည့်အတိုင်း တမန် တော်မြတ်သည် သာဝကကြီး အာဆွင်မ်၊ သာဝကကြီး ခုဗိုက်စ်၊ သာဝကကြီး မရ်ဆဒ် ဣဗ်နု မရ်ဆဒ်.... စသည့် သာသနာပြုပုဂ္ဂိုလ်(၁၀) ဦးတို့အား စေလွှတ် ပေးတော်မူခဲ့၏။ 'ရဂျီအ်' မည်သော ဌာနသို့ရောက်ကြသည့်အခါ 'ဗနူလိဟ် ယာန်' မျိုးနွယ်ဝင်များက အဆိုပါ သာသနာပြုပုဂ္ဂိုလ်များအား ဝိုင်းဝန်း တိုက်ခိုက်ကြတော့၏။ သာသနာပြုပုဂ္ဂိုလ် (၁၀) ဦးအနက် တဦးမှအပ ကျန် အားလုံး ကျဆုံးသွားခဲ့ကြရ၏။ ဟိဂျ်ရီ (၆) ခုနှစ်တွင် တမန်တော်မြတ်သည် 'ဗနူလိဟ်ယာန်' မျိုးနွယ်ဝင်များအား အရေးယူနှိမ်နင်းရန် တပ်ငိတ်တစိတ်ကို စေလွှတ်တော်မူခဲ့၏။ သို့ရာတွင် ရန်သူများသည် သတင်းရလျှင်ရခြင်း ဆွက်ပြေး တိမ်းရှောင် သွားခဲ့ကြလေသည်။

## ဣဗ်နု အဗိလ် အောင်ဂျာအ် တိုက်ပွဲ၊ ဟိဂျ်ရီ - ၇။

ဟိဂျ်ရီ- ၇ ခုနှစ်တွင် တမန်တော်မြတ်သည် လူ (၅၀) ပါဝင်သော သာသနာပြု အဖွဲ့တခုကို 'ဗနူစုလိုင်မ်' မျိုးနွယ်ထံသို့ စေလွှတ်တော် မူခဲ့၏။ ထိုသာသနာပြုအဖွဲ့၏ ခေါင်းဆောင်မှာ ဣဗ်နု အဗိလ် အောင်ဂျာအ် ဖြစ်၏။ သာသနာပြု အဖွဲ့သည် ဗနူစုလိုင်မ် မျိုးနွယ်အား အစ္စလာမ်ကို သက်ဝင် ယုံကြည်ရန် ဘိတ်ခေါ်ခဲ့၏။ သို့ရာတွင် ဗနူစုလိုင်မ် မျိုးနွယ်ဝင်များသည် လက်မခံကြသည့်သာမက အစ္စလာမ် သာသနာပြု အဖွဲ့ဝင်များအား စတင် ပစ်ခတ်ခဲ့ကြ၏။မလွဲမရှောင်သာ သာသနာပြု အဖွဲ့ဝင်များကလည်း ခုခံကာကွယ် တိုက်ခိုက်ခဲ့ကြ၏။ သို့တစေလည်း အားချင်းမမျှပေရာ၊ သာသနာပြုအဖွဲ့ ခေါင်းဆောင် ဣဗ်နု အဗိလ် အောင်ဂျာအ် တဦးမှတပါး ကျန်အားလုံးကျဆုံး သွားခဲ့ကြရရှာလေသည်။

## ကအ်ဗ်ဗ်လူဗ်နူ အုမိုင်ရ်၏ တိုက်ပွဲ၊ ဟိဂျ်ရီ- ၈။

ဟိဂျ်ရီ- ၈ ခု၊ ရဗီအုလ်အော်ဝလ်လတွင် တမန်တော်မြတ်သည် သာဝကကြီး ကအ်ဗ်ဗ်လူဗ်နူအုမိုင်ရ် ဂိဖ်ဖါရီ အား သာသနာပြုပုဂ္ဂိုလ်(၁၅)ဦးနှင့် အတူ အစ္စလာမ် သာသနာပြုရန်အတွက် ဇာတိအတ်လာဟ်သို့ စေလွှတ်တော်မူခဲ့၏။ အဆိုပါ ဌာနသည် ဆီရိယနိုင်ငံ နယ်ပယ်အတွင်း 'ဝါဒီလ်ကုရာ' ၏ အနီးတွင် တည်ရှိ၏။ သာသနာပြုပုဂ္ဂိုလ်များက အစ္စလာမ်ကို တင်ပြခဲ့ကြ၏။ ရန်သူများက ဓား၊ မြှားတို့ဖြင့် တုံ့ပြန် အဖြေပေးခဲ့ကြ၏။ သာသနာပြု ပုဂ္ဂိုလ်တဦးမှအပ ကျန်အားလုံး အလ္လာဟ် လမ်းတော်တွင် ကျဆုံးသွားခဲ့ကြရ ရှာလေသည်၊ လွတ်မြောက်သူတဦးက မဒီနာသို့ လာရောက်ပြီး ဖြစ်ကြောင်း ကုန်စင် တင်ပြခဲ့၏။

အစ္စလာမ်သာသနာပြု ပုဂ္ဂိုလ်များ ယင်းသို့ အကြိမ်ကြိမ် ကျဆုံးကြရသည့်အခါ တမန်တော်မြတ်သည် သာသနာပြုပုဂ္ဂိုလ်များကို စေလွှတ်သည့်အခါ လုံခြုံရေးအတွက် လက်နက်ကိုင် တပ်စိတ်ကလေးများကိုလည်း အတူ ထည့်ပေးတော်မူခဲ့ပေသည်။ သို့ထည့်ပေးရာတွင် သက်ဆိုင်ရာ တပ်မှူးများအား- "၎င်းသည် သာသနာပြုရန်အတွက်သာ ဖြစ်သည်၊ တိုက်ခိုက် လုယက်ခွင့်မရှိ" ဟု အတည့်အလင်း မှာကြားတော်မူလေ့ ရှိခဲ့ပေသည်။ ဥပမာ- မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင် သိမ်းပိုက်ပြီး နောက်ပိုင်းတွင် တမန်တော်မြတ်သည် သာဝကကြီး ခါလိဒ် အား လူ(၃၀)နှင့်အတူ "ဗနူဂျုဇိုင်မဟ်" မျိုးနွယ်ထံသို့ စေလွှတ်တော်မူခဲ့၏။ ထိုအချိန်တွင် တမန်တော်မြတ်က- "၎င်းသို့စေလွှတ်ခြင်းမှာ အစ္စလာမ် သာသနာပြုရန်သာလျှင် ဖြစ်သည်၊ တိုက်ခိုက်ရန်မဟုတ်" ဟု အတည့်အလင်း အမှတ်တရ မှာကြားတော်မူခဲ့၏။ ၎င်းအကြောင်းနှင့် စပ်လျဉ်း၍ ဇာဗ်နုံစအ်ဒ် ကျမ်းတွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်၊

قد كان رسول الله صلى الله عليه وسلم بعث فيما حول
مكّة السرايا تدعو الى الله عزّ وجلّ ولم يأمرهم بالقتال
(ابن سعد)

တမန်တော်မြတ်သည် မက္ကာမြို့တော်၏ ပတ်ဝန်းကျင်ရှိ မျိုးနွယ်များထံသို့ သာသနာပြုအဖွဲ့များအား အလ္လာဟ်

အသျှင်မြတ် ဘက်တော်သို့ မိမိတ်ခေါ်ရန် (အစ္စလာမ် သာသနာ့ပြုရန်) စေလွှတ်တော်မူလေ့ရှိခဲ့၏။ သို့ရာတွင် တမန်တော်မြတ်သည် ၎င်းတို့အား တိုက်ခိုက်ရန် အမိန့်ပေးတော်မမူခဲ့ပေ။

(ဇွာဒ်နုစ အဒ်ဒ်)

သို့ဖြစ်ပါလျက် သာဝကကြီး ခါလိဒ်သည် လက်နက်ကို အသုံးပြုခဲ့၏။ ဤသတင်းကို ကြားသိတော်မူသည့်အခါ တမန်တော်မြတ်သည် ထိုင်ရာမှ မတ်တတ်ရပ်တော်မူလိုက်၏။ ထို့နောက် 'ကိဗ်လဟ်' = (ကအ်ဗဟ် ကျောင်းတော်) ဘက်သို့ မျက်နှာမူပြီး" အို.... အလ္လာဟ်အသျှင်မြတ်၊ ခါလိဒ် ပြုလုပ်သည့်ကိစ္စတွင် ကျွန်တော်မျိုး လုံးဝမပါပါ၊" ဟု သုံးကြိမ်တိုင်တိုင် ဟစ်ကြွေး ပြောကြားတော်မူခဲ့၏။ ထို့နောက် တမန်တော်မြတ်သည် သာဝကကြီး မောင်လာအလီသခင်အား ဗန္ဒုဂျုဇိုင်မဟ် မျိုးနွယ်ထံ စေလွှတ်တော်မူခဲ့၏။ သာဝကကြီး မောင်လာအလီသည် အဆိုပါမျိုးနွယ်ထံ ရောက်ရှိလာပြီး သတ်ဖြတ်ခြင်းခံရသော လူကြီးများ၊ ကလေးများမဆိုထားနှင့် သတ်ဖြတ်ခြင်းခံရသော ခွေးများ၏ အသက်ဘိုး လျော်ကြေးများ ပေးခဲ့သည်သာမက အခြားငွေပို များလည်း ပေးခဲ့လေသည်။ ဤအကြောင်း (ဟဒီဆ်)ခေါ် သြဝါဒတော် ဆိုင်ရာ ကျမ်းကြီးများတွင် တွေ့ရှိရပေသည်။

ကြည့်- (တာရိခ်တဗ္ဗရီ၊ အစောင်- ၃၊ စာမျက်နှာ- ၁၆၅၁)

ထိုနည်းအတူ ဟိဂျ်ရီ (၁၀) ခုနှစ်တွင် တမန်တော်မြတ်သည် မောင်လာအလီအား အစီးအနင်းပါသော လူ (၃၀၀) နှင့်အတူ ယမန်ပြည်သို့ စေလွှတ်တော်မူခဲ့၏။ ထိုစဉ်ကလည်း တမန်တော်မြတ်က အမှတ်တရ အောက်ပါအတိုင်း မှာကြားတော်မူလိုက်၏။

فإذا نزلت بساحتهم فلا تقاتلهم حتى يقاتلوك

"ابن سعد، مغازی ص۱۲۲"

အသင်သည် ၎င်းတို့၏ဌာနသို့ ရောက်သွားသောအခါ ၎င်းတို့က အသင့်အား စတင် မတိုက်ခိုက်သမျှ ကာလပတ်လုံး အသင်က စတင် မတိုက်ခိုက်လေနှင့်။

ကြည့် (ဇွာဒ်နုစအဒ်ဒ် မဃာဇီ၊ စာမျက်နှာ-၁၂၂)

**စစ်ရေး စစ်ရာများကို ပြုပြင်ခြင်း။**

စစ်တိုက်ခြင်းသည် လူသားတို့၏ အပြုအမူများတွင် အဆိုးရွားဆုံး၊ စက်ဆုပ်ရွံရှာဘွယ်ရာ အဖြစ်ဆိုး အပြုအမူပင် ဖြစ်သည်။ အာရပ် လူမျိုးတို့၏ စစ်မှာကား ကျူးကျော်စော်ကားမှု၊ အနိုင်အထက်ပြုကျင့်မှု၊ ရိုင်းစိုင်းယုတ်မာမှု၊ ထိတ်လန့်ရွံရှာမှု၊ စိတ်ဓာတ်ယိုယွင်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြင်နာကင်းမဲ့မှု၊ လူမဆန်မှုများနှင့် ပြည့်နှက်နေသည်ဖြစ်ရာ ပို၍ပင် ဆိုးရွားပေသည်။ သို့ပင်တစေလည်း တမန်တော်မြတ်၏ ကျေးဇူးကြောင့် ထိုရွေ့ ထိုမျှ ဆိုးရွားရွံရှာဘွယ်ကောင်းသော စစ်သည်ပင်လျှင် ယင်းသည့် မကောင်းမှု အစုစုနှင့် ကင်းစင်ပြီး လူသားတို့အဖို့ တခါတရံ အခြေအနေအရ မလွှဲမရှောင်သာ ဆောင်ရွက်ရသည့် မှန်မြတ်လှသည့် လူ့တာဝန်တရပ် ဖြစ်လာခဲ့ပေသည့်။

တိုင်းပြည် တပြည်တွင် နှစ်ပရစ္ဆေဒ များစွာ ကတည်းက အတိတ်နှစ်ပေါင်းရာပေါင်း များစွာကတည်းက တိုက်ခိုက်မှု၊ ကျူးကျော် စော်ကားမှုသည် အမွေအဖြစ် အဆက်ဆက် ဟည်ရှိနေခဲ့သည်။ ယင်းသို့ အနှစ်နှစ် အလလ ကတည်းက စွဲကပ်နေသော ရောဂါဆိုးကချပ်ကို တခဏခြင်း၊ တမဟုတ်ခြင်း ကုစားချန်မလွှဟ်ပေ။ အလွန်နှံ့အလွန် ယဉ်ကျေးသိမ်မွေ့သော အစိုးရသည်ပင်လျှင် အစပဌမသော် အခြေအနေအရ ရန်ရန်ချင်း တုံ့နှင်း ဆိုသကဲ့သို့ အချိန်အနည်းငယ်အထိ တုတ်တုတ်ချင်း၊ ဓါးဓါးချင်း တုံ့ပြန်ရသည်သာ ဖြစ်ပေသည်။ ဤသည်ကို သမားတော်များ၏ ဝေါဟာရအရ အသုံးအနှုန်းအရ

(علاج بالمثل) ဟု ခေါ်ဆိုနိုင်ပေသည်။ အစ္စလာမ် ထွန်းကား ခါစ အခါန်တွင် အခြေအနေအရ မလွှဲမရှောင်သာ အရပ်စစ်ဝါဒီများအား တုံ့ပြန်နှိမ်နင်းခဲ့ရပေသည်။ အစ္စလာမ် အားကောင်းလာခဲ့သည်နှင့်အမျှ စစ်နှင့် စပ်လျဉ်းသည့် အမိုက်ခေတ်၏ ရှုန့်ရင်းကြမ်းတမ်းသော အပြုအမူ အကျင့်အကြံ အားလုံးကို တခုမကျန် ပယ်ဖျက်ရှင်းပစ်လိုက်ပေသည်။

အစ္စလာမ် မထွန်းကားမီ အမိုက်ခေတ်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများ၏ ရှုန့်ရင်းကြမ်းတမ်းမှုများအား အစ္စလာမ်သည် မည်သို့ မည်ပုံပြုပြင်ခဲ့သည်များကို ဤတွင် ရေးသား ဖေါ်ပြလိုပေသည်။

အမိုက်ခေတ်တွင် စစ်ဖြစ်ပွားသည့်အခါ အမျိုးသမီးများ၊ အဘိုးအို၊ အမယ်အိုများ၊ ကလေးသူငယ် လူမမယ်များ၊ ကြေးကျွန်များကိုပင်အကြောင်းမဲ့

အပြစ်မဲ့ သတ်ဖြတ်ပစ်လေ့ ရှိခဲ့ကြ၏။ အစ္စလာမ် ထွန်းကားလာသည့်အခါ တမန်တော်မြတ်သည် ယင်းသို့ သတ်ဖြတ်ခြင်းကို အတည့်အလင်း ပိတ်ပင်တော်မူလိုက်၏။ အခြေအနေအရ စစ်တပ်များကို စေလွှတ်တော်မူသည့်အခါတွင်လည်း သက်ဆိုင်ရာ တပ်မှူးများအား ဒမှတ်တရ အောက်ပါအတိုင်း မှာကြားတော်မူလေ့ ရှိခဲ့၏။

لَا تَقْتُلُوا شَيْخًا فَانِيًا وَلَا طِفْلًا صَغِيرًا وَلَا امْرَأَةً
ابوداود

အသင်တို့သည် အဘိုးအို၊ အမယ်အိုများကို၎င်း၊ ကလေးများကို၎င်း၊ အမျိုးသမီးများကို၎င်း၊ မသတ်ဖြတ်ကြနှင့်။
(အဗူဒါဝူဒ်ကျမ်း)

တမန်တော်မြတ်သည် စစ်ပွဲများတွင် အမျိုးသမီး တဦး တယောက် ၏ အလောင်းကို တွေ့မြင်လျှင် နောက်နောင် ယင်းသို့မဖြစ်စေရန် လေးလေးနက်နက် တားမြစ်တော်မူလေ့ ရှိခဲ့၏။ ဤသည့် အကြောင်းနှင့် စပ်လျဉ်း၍ ‘မုတ်စလင်မ်’’ကျမ်းကြီးတွင် တမန်တော်မြတ်၏ ဩဝါဒတော် အမြောက်အမြား တွေ့ရှိပေသည်။

အစ္စလာမ် မထွန်းကားမီ အမိုက်ခေတ်တွင် စစ်ပွဲ၌ ရန်သူကို အရှင်လက်ရ ဖမ်းမိလျှင် တုပ်နှောင်ပြီး(Target)ပစ်ကွင်းလုပ်၍ တူးလေးနှင့်ပစ်သတ်လေ့ရှိခဲ့ကြ၏။ သို့မဟုတ် ဓါးနှင့်ခုတ်ပိုင်းလေ့ရှိခဲ့ကြ၏။ ဤသို့ သတ်ဖြတ်ခြင်းကို အရဗီ စာပေတွင် ဆဗ္ဗုရဟ် ဟုခေါ်သည်။ တမန်တော်မြတ်သည် ယင်းသို့ လူမဆံသော သတ်ဖြတ်ခြင်းကို လေးလေးနက်နက် ပိတ်ပင်တားမြစ်တော်မူခဲ့လေသည်။

တခါသော် သာဝကကြီး ခါလိဒ်၏သား အဗ်ဒူရ်ရဟ်မာန်သည် စစ်ပွဲတပွဲတွင် ရန်သူလေးငါးယောက်ကို လက်ရဖမ်းဆီးပြီး အမိုက်ခေတ် သတ်ဖြတ်နည်းအတိုင်း သတ်ဖြတ်ပစ်လိုက်၏။ ဤအကြောင်း သာဝကကြီး အဗူအိုင်ယူဗ် အန်ဆွာရီ ကြားသောအခါ “ဤသို့မသတ်ဖြတ်ရန် တမန်တော်မြတ် တားမြစ်

တော်မူသည်ကို ကျွန်ုပ်ကိုယ်တိုင် နားနှင့် ဆတ်ဆတ် ကြားဘူးသည်။ အလ္လာဟ် အသျှင်မြတ်အား တိုင်တည်၍ပြောပါရစေ။ လူကိုမဆိုထားနှင့် ကြက်ငှက်ကိုပင် ဤသို့ သတ်ဖြတ်ပိုင်ခွင့် မရှိ”ဟု ပြောပြ၏။ ထိုအခါ အဗ်ဒုရ်ရဟ်မာန်သည် အပြစ်ပြေသည့် အနေဖြင့် ကြေးကျွန်လေးယောက်ကို ကျွန်အဖြစ်မှ လွှတ်မြောက်စေခဲ့လေသည်။

ကြည့်-(အဗူဒါဝူဒ်ကျမ်း၊ အတွဲ ၂၊ စာမျက်နှာ ၁၀၊ မြှားနှင့် သို့ပန်း ပစ်သတ်သည် အခဏ်း)

အမိုက်ခေတ်တွင် စစ်ပွဲများတွင် ထားရှိသော ကတိများကို လိုက်နာကျင့်သုံးလေ့ မရှိခဲ့ကြပေ။ ‘မအူနဟ်’ စသည့်စစ်ပွဲများတွင် ကာဖိရ်များသည် မွတ်စလင်မ် များနှင့် ယင်းသို့ပင် ဆက်ဆံခဲ့ကြ၏။ ကျိန်ဆိုကတိဝန်ခံပြီး မွတ်စလင်မ် အချို့ကို ခေါ်ဆောင် သွားခဲ့ကြ၏။ အိမ်ရောက်သည့် အခါ သတ်ပစ်ကြ၏။ ဤသို့သော ကတိပျက်ကွက်မှုများကို ရည်ညွှန်းပြီး ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ကြား ထားတော်မူသည်။

لَا يَرْقُبُونَ فِي مُؤْمِنٍ إِلًّا وَلَا ذِمَّةً ۚ وَأُولَٰئِكَ هُمُ الْمُعْتَدُونَ

قرآن (٩:١٠)

“ထိုသူများသည် မုအ်မင်န်များနှင့်ပတ်သက်လာလျှင် ဆွေမျိုးတော်စပ်မှုကိုငှင်း၊ ထားရှိသော ကတိဝန်ခံချက်ကိုငှင်း၊ မထောက်ထားကြပေ။ ထိုသူများသည် သာလျှင် စည်းကမ်းကျူးလွန် ချိုးဖောက်သူများ ဖြစ်ကြပေသည်။

ကုရ်အာန်(၉း၁၀)။

إِنَّهُمْ لَا أَيْمَانَ لَهُمْ

قرآن (٩:١٢)

“မုချကေန် ၎င်းတို့၏ ကျမ်းကျိန် ဆိုမှုများသည် ဘာမျှ မဟုတ်ချေ”

ကုရ်အာန်(၉း၁၂)

အစွလာမ် ထွန်းကားလာသည့်အခါ တမန်တော်မြတ်အား ထားရှိသော ကတိဝန်ခံချက် မှန်သမျှကို မည်သည့် အခြေအနေတွင်မဆို အတိအကျလိုက်နာ ကျင့်သုံးရန် လေးလေးနက်နက် မိန့်ကြားတော် မူလေသည်။ ကတိတည်ရန်နှင့် စပ်လျဉ်း၍ ကုရ်အာန် ကျမ်းမြတ်တွင် အတည့်အလင်း မှာကြားတော်မူချက်များ လာရှိပေသည်။ တမန်တော်မြတ် လက်ထက်တော်တွင် ၎င်း၊ ခလီဖာ သမတကြီး လေးပါးတို့၏ ခေတ်အသီးသီးတွင်၎င်း၊ အံ့ဘွယ်သရဲ ကတိတည် ပုံများကို အများအပြား တွေ့ရှိရပေသည်။

**ကတိတည်ပုံ။**

မက္ကာမြို့တော်မှ မဒီနာမြို့သို့ တမန်တော်မြတ် 'ဟိဂျိရတ်' ပြုလုပ်၍ ကြွသွားတော် မူသည့်အခါ များစွာသော မွတ်စလင်မ် များသည် အခက်အခဲ အမျိုးမျိုး တို့ကြောင့် မက္ကာမြို့တော်၌ပင် ကျန်ရစ်နေခဲ့ကြ၏။ သို့ကျန်ရစ် နေခဲ့သော မွတ်စလင်မ် များ တွင် သာဝကကြီး ဟုဇိုင်ဖတ် ဣဗ်နုယမာန်နှင့် ၎င်း၏ ဘခင် လည်း အပါအဝင်ဖြစ်ခဲ့ကြ၏။ 'ဗဒ်ရ်' စစ်ပွဲ ဖြစ်ပွားစဉ် အကြောင်း အားလျော်စွာ မမြော်လင့်ဘဲ သာဝကကြီး ဟုဇိုင်ဖတ်နှင့် ၎င်း၏ ဘခင်သည် 'ဗဒ်ရ်' စစ်ပွဲဖြစ်ပွားရာအနီးသို့ ရောက်ရှိ လာခဲ့ကြ၏။ ကာဖိရ် စစ်သည်များနှင့် တွေ့ဆုံကြသည့်အခါ ကာဖိရ် စစ်သည် များက ၎င်းတို့ သားအဘ နှစ်ဦးအား ဖမ်းဆီးပြီး "အသင်တို့သည် မဒီနာမြို့သို့ သွားပြီး မွတ်စလင်မ်များနှင့်ပူးပေါင်းကာ ငါတို့ကိုတိုက်ခိုက်ကြမည်ဖြစ်သည်" ဟု ပြောရာ၊ သာဝကကြီး ဟုဇိုင်ဖတ်က "ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ မဒီနာသို့ သွားရန်သာ ဖြစ်ပါသည်၊ တိုက်ခိုက်ရန် မဟုတ်ပါ"ဟု ဖြေဆို ခဲ့ကြ၏။ ထိုအခါ ကာဖိရ်များသည် ကတိခံဝန်ချက်ယူပြီး အဆိုပါသားအဘ ၂-ဦးတို့အား လွှတ်လိုက်ကြ၏။ အဆိုပါသားအဘ နှစ်ဦးသည် ကာဖိရ်တို့ လက်တွင်းမှ လွတ်မြောက်လာပြီး 'ဗဒ်ရ်' စစ်မြေအနီး တမန်တော်မြတ်ထံသို့ ရောက်ရှိလာခဲ့ကြ၏။ ကာဖိရ်များနှင့် စစ်ထိုးရန် တမန်တော်မြတ် လုံးပန်း နေတော်မူသည်ကို တွေ့မြင်သောအခါ၊ မွတ်စလင်မ်တို့ဘက်မှ ပါဝင်၍ စစ်ပွဲ ဆင်နွှဲရန် တမန်တော်မြတ်ထံ မေတ္တာရပ်ခံကြ၏။ သို့တစေလည်း တမန်တော် မြတ်က "အသင်တို့သည် ကာဖိရ်များအား ကတိပေးပြီး ဖြစ်ကြသည်၊ ကတိသည် ကတိပင်ဖြစ်သည်"ဟု ဆိုကာ ထိုသားအဘ နှစ်ဦး၏ မေတ္တာရပ်ခံ ချက်ကို စစ်ပွဲဖြစ်ပွားနေခိုက်၌၊ စစ်သည် ၇ ယောက် ၇ ယောက် လိုနေခိုက်မှာပင် လက်ခံတော်မမူခဲ့ပေ။ ထားရှိသော ကတိကို မပျက်ပြား စေတော်မူခဲ့ပေ။ ဤကား တမန်တော်မြတ်၏ ကတိတည်ပုံတည်း။

တခါသော် ကုရိုက်ရှ် မျိုးနွယ် ဝင်များသည် အဗူရာဖိအ် အား ကိုယ်စားလှယ်အဖြစ်နှင့် တမန်တော်မြတ်ထံသို့ စေလွှတ်ခဲ့ကြ၏။ အဗူရာဖိအ်သည် တမန်တော်မြတ်နှင့် တွေ့ဆုံပြီး ရင်းရင်းနှီးနှီး စကားစမြည်ပြောကြသောအခါ၊ စိတ်ဓာတ် ပြောင်းသွားပြီး အစ္စလာမ်ကို သက်ဝင် ယုံကြည်သွားခဲ့၏။ ထို့နောက် တမန်တော်မြတ်ထံ "ကျွန်တော်သည် ကာဖိရ်များထံ ပြန်သွားတော့မည် မဟုတ်ပါ"ဟု လျှောက်ထား၏။ ထိုအခါ တမန်တော်မြတ်က "အသင်သည် ကုရိုက်ရှ် မျိုးနွယ် ကိုယ်စားလှယ်အဖြစ်နှင့် လာခဲ့ခြင်းဖြစ်သည်။ ကိုယ်စားလှယ် တစ်ဦးအား ဟန့်တားထားခြင်းသည် ထားရှိသော ကတိနှင့်ဆန့်ကျင်သည်။ ထို့အတွက် အသင် ယခု ပြန်သွားပါလေ၊ ထို့နောက်မှ ပြန်လာပါလေ"ဟု မိန့်ကြားတော်မူလိုက်လေသည်။ ဤကား တမန်တော်မြတ်၏ ကတိတည်ပုံတည်း။

ကြည့်-(အဗူဒါဝူဒ်ကျမ်း၊ အတွဲ ၂)၊ စာမျက်နှာ(၂၃)။

ဟုဒိုင်ဗီယာ် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုနေစဉ် (သာဝကကြီး) အဗူဂျန်ဒလ်သည် ခြေတွင် သံခြေကျင်းများခတ်လျက်၊ (ခြေထိပ်ခတ်လျက်) ရောက်ရှိလာပြီး၊ မိမိကိုယ်ခန္ဓာ၌ရှိသော ဒဏ်ရာဒဏ်ချက်များကိုပြကာ၊ ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် ကျွန်တော်အား ဤသို့ခြေထိပ်ခတ်ပြီး ဤနှယ် ဒုက္ခပေးကြပါသည်ဟု သနားစဖွယ် တင်ပြအသနားခံ၏။ တမန်တော်မြတ်က— "အသင်၏ တင်ပြချက်က မှန်၏၊ သို့ရာတွင် ငါတို့သည် ကုရိုက်ရှ် မျိုးနွယ်ဝင်များနှင့် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုပြီးကြပြီ၊ ဤစာချုပ်အရ မွတ်စလင်မ်တစ်ဦးသည် မက္ကာမြို့တော်မှ ထွက်ပြေးတိမ်းရှောင်၍ ငါတို့ထံ ရောက်ရှိလာလျှင် ငါတို့သည် အဆိုပါမွတ်စလင်မ်အား ကုရိုက်ရှ်မျိုးနွယ်ထံ ပြန်ပို့ကြရမည်ဖြစ်သည်"ဟု ဖြေကြားတော်မူ၏။ ထိုအခါ သာဝကကြီး အဗူဂျန်ဒလ်သည် ခဲလေသမျှ သဲရေကျ ဖြစ်ကာ၊ မွတ်စလင်မ်တွေအား အလိုက်သည်းလိုက်ငိုကြွေးကာ ကြေကွဲစွာ ပန်ကြားရှာရာ ကြားကြသော မွတ်စလင်မ်များသည် အလွန့်အလွန် စိတ်ထိခိုက် သွားခဲ့ကြ၏။

သာဝကကြီးအုမရ်သည် ထိန်းမနိုင်သိမ်းမရ ဖြစ်သွားခဲ့၏။ သာဝကကြီး အဗူဗတ်ကရ်သည် စိတ် နှာကျည်းလှန် လှသဖြင့် ထိုင်ချီထချီဖြစ်ကာ၊ တမန်တော်မြတ်ထံတော်ပါးသို့ အကြိမ်ကြိမ် သွားလိုက်၊ လာလိုက် လုပ်နေခဲ့၏။ မည်သို့ပင် စိတ်ထိခိုက်စရာ ဖြစ်လင့်ကစား ကတိတည်ခြင်းသည် ယင်းသည့်

စိတ်ထိခိုက်မှု၊ နာကျည်းမှုအပေါင်းထက် အရေးကြီးသည်ဖြစ်ရာ၊ သာဓကကြီး အဘူဂျန်ဒယ်သည် ရင်ထုမနာဖြစ်ကာ ခြေထိပ်နှင့်ပင် ပြန်သွားခဲ့ရရှာလေသည်။ ဤကား တမန်တော်မြတ်၏ ကတိတည်ပုံတည်း။

အစ္စလာမ် မထွန်းကားမီ အမိုက်ခေတ်တွင် သံတမန်၊ ခြေလျင်တမန်၊ ခြေလျင်တော်၊ ခြေမြန်တော် များကိုပင်လျှင် သတ်ဖြတ်ပစ်လေ့ ရှိခဲ့ကြ၏။ အတားအဆီး မရှိခဲ့ပေ။ ဟုဒိုင်ဗီယဟ် စစ်ပြေငြိမ်းရေးစာချုပ် မချုပ်ဆိုမီ တမန်တော်မြတ်သည် သံတမန် ၁ဦးကို စေလွှတ်တော်မူခဲ့၏။ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် အဆိုပါ သံတမန် စီးနင်းသွားခဲ့သော ကုလားအုတ်ကို သတ်ဖြတ်ခဲ့ကြသည်သာမက အဆိုပါ သံတမန်ကိုပင် သတ်ဖြတ်ရန် ကြိုးစားခဲ့ကြသေး၏။ သို့တစေသည်း အပြင်လူများ၏ ကြားဝင်မှုကြောင့် အဆိုပါ သံတမန်သည် အသက်ချမ်းသာမှု ရရှိသွားခဲ့ခြင်း ဖြစ်လေသည်။

ယင်းသည့် အစဉ်အလာဆိုးကြီး လုံးဝ ဆိတ်သုဉ်း သွားစေရန်အတွက် တမန်တော်မြတ်က "မည်သည့် သံတမန်ကိုမျှ မသတ်ဖြတ်ရ" ဟု အတည့်အလင်း အမိန့်ထုတ်ပြန်တော် မူလိုက်လေသည်။

တနေ့သော် မုစိုင်လမဟ်သည် တမန်တော်ထံသို့ သံတမန်တဦးကို စေလွှတ်လိုက်၏၊ ထိုသံတမန်သည် တမန်တော်မြတ်အား မရိုမသေ မလေးမစား မခန့်မညားပြု၏။ ထိုအခါ တမန်တော်မြတ်က– "သံတမန်ကိုသတ်ဖြတ်ဘို့ ဥပဒေမရှိ၊ သို့မဟုတ်လျှင် အသင်အသတ်ခံရမည် ဖြစ်သည်" ဟု မိန့်ကြားတော်မူလိုက်လေသည်။ ထိုနေ့ထိုရက်မှစ၍ သံတမန်များအား မသတ်ဖြတ်ရဟူသော ဥပဒေသည် အတည်ဖြစ်သွားခဲ့လေသည်။ ထိုသည့်နောက်ပိုင်းတွင် သံတမန်များအား သတ်ဖြတ်လေ့ရှိခဲ့သည့် အစဉ်အလာဆိုးကြီးသည် လုံးဝ ဆိတ်သုဉ်းသွားခဲ့လေတော့သည်။

အမိုက်ခေတ်တွင် အရဗ်တို့သည် စစ်သုံ့ပန်းများနှင့် အလွန့်အလွန် ရိုင်းပြစွာ ဆက်ဆံလေ့ ရှိခဲ့ကြ၏။ အခြား လူမျိုးများသည်လည်း ဤနည်းနှင်နှင်ပင်။

(Crusade) ကရူးဆိတ်စစ်ပွဲများတွင် ဥရောပတိုက် အစိုးရများသည် ၎င်းတို့လက်တွင်းသို့ ကျရောက်သွားသော မွတ်စလင်မ် စစ်သုံ့ပန်းများကို တိရစ္ဆာန်များပမာ ခိုင်းစေလေ့ ရှိခဲ့ကြပေသည်။

ကရူးဆိတ်စစ်ပွဲများ ဖြစ်ပွားစဉ်အခါက အလ္လာမတ် ဣဗ်နု ဂျုဗိုရ်သည် (Sicily) စစ္စလီကျွန်းတွင် ရောက်ရှိနေခဲ့၏။ ထိုပညာရှင်ကြီးက အဆိုပါ စစ်ပွဲများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထုတ်ဖော် ရေးသားထားခဲ့၏။

ومن الفجائع التّى يعاينها من حلّ بلادهم
أسارى المسلمين يرسفون فى القيود ويصرفون
فى الخدمة الشاقّة والاسيرات المسلمات كذلك
فى اسوقهنّ خلاخيل الحديد فتنفطر لهم الافئدة
راحلة ابن جبير مطبعة ليدن سنة ١٩٠٧ ص ٣٠٧

(ကရူးဆိတ် စစ်ပွဲများ ဖြစ်ပွားခဲ့စဉ်က) တွေ့မြင်ခဲ့ရသော ကြေကွဲဘွယ်ရာ ဖြစ်ရပ်များအနက် ဖြစ်ရပ်တခုမှာ မွတ်စလင်မ် စစ်သုံ့ပန်းများပင်ဖြစ်၏။ မွတ်စလင်မ် စစ်သုံ့ပန်းများသည် လက်ထိပ်၊ ခြေထိပ်များခတ်လျက် ရှိခဲ့ကြ၏။ အလွန့်အလွန် ပင်ပမ်းသော အလုပ်ကြမ်းများကို လုပ်ကိုင်နေခဲ့ကြရ၏။ ထိုနည်းအတူ စစ်သုံ့ပန်း မွတ်စလင်မ် အမျိုးသမီးများ သည်လည်း နခြသားလုံးများတွင် သံခြေထိပ်များ ခတ်လျက် အလုပ်ကြမ်းများကို လုပ်ကိုင် နေခဲ့ကြရ၏။ ယင်းသို့ ကြေကွဲဘွယ် ဖြစ်ရပ်များကို တွေ့မြင်ရသည့်အခါ အသဲကွဲခဲ့ပေသည်။

ဣဗ်နု ဂျုဗိုင်ရ်၏ ခရီးမှတ်တမ်း
စာမျက်နှာ— ၃၀၇။
၁၉၀၇–ခု၊ လီဒင်ပုံနှိပ်တိုက်၊

စစ်သုံ့ပန်းများအား နှိပ်စက်ညှဉ်းပမ်းသည့် ယင်းအစဉ်အလာဆိုးကြီး ဆိတ်သုဉ်း ပပျောက် သွားစေရန်အတွက် တမန်တော်မြတ်က— “သုံ့ပန်း များအား မည်သို့မျှ ဒုက္ခမပေးရ” ဟု အတည့်အလင်း အမိန့်ထုတ်ပြန်တော် မူခဲ့လေသည်။

‘ဗဒ်ရ်’ စစ်ပွဲတွင် မွတ်စ်လင်မ်တို့ လက်တွင်းသို့ ကျရောက်လာခဲ့သော စစ်သုံ့ပန်းများအား ထိန်းသိမ်းထားရန် သက်ဆိုင်ရာ သာဝကကြီးများသို့

လှူအပ် ပေးတော် မူသည့်အခါ တမန်တော်မြတ်က— "သုံ့ပန်းများအား ကောင်းမွန်စွာ ကျွေးမွေးကြရမည်"ဟု ဒ.မှတ်တရ မှာကြားတော်မူခဲ့၏။ သို့ မှာကြားတော်မူခဲ့သည့်အလျောက် သက်ဆိုင်ရာ သာဝကကြီးများသည် မိမိတို့ကိုယ်တိုင်က စွန်ပလွန်သီးကိုသာ စားသုံး၍ နေကြပြီး သုံ့ပန်းများအား မိမိတို့စားသုံးကြသည့် ထမင်းများကို ကောင်းမွန်စွာ ကျွေးမွေးခဲ့ကြလေသည်။

'ဟုနိုင်န်'စစ်ပွဲတွင် စစ်သုံ့ပန်း (၆၀၀၀)ရှိခဲ့၏။ တမန်တော်မြတ်သည် ထိုစစ်သုံ့ပန်း (၆၀၀၀)လုံးအား လွှတ်တော်မူခဲ့သည်သာမက ၎င်းတို့ ဝတ်ဆင်ရန်အတွက် အီဂျစ်ပြည်လုပ် ဝတ်စုံ(၆၀၀၀)ကိုလည်း ချီးမြှင့်တော်မူလိုက်သေးသည်။ ဤအကြောင်း ဂူဗ်ခုစ်အဒ်ဗ်ကျမ်းကြီးတွင် အထည့်အလင်း ပါရှိပေသည်။

တခါသော် နာမည်ကြီး ဟာတင်မ်တွာအီ၏သမီး တဦးသည် စစ်သုံ့ပန်းအဖြစ်နှင့် တမန်တော်မြတ်ထံသို့ ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်သည် အဆိုပါ အမျိုးသမီးအား ဂုဏ်ရှိရှိ၊ သိက္ခာရှိရှိဖြင့် ပလီကျောင်းတော် တနေရာတွင် နေရာချထားပေးတော်မူပြီး "အသင်မ၏မြို့မှ အသင်မ၏သားချင်း တဦးတယောက် ရောက်ရှိလာပါက အသင်မအား ထိုသားချင်းနှင့်အတူ ထည့်လိုက်ပါမည်"ဟု နှစ်သိမ့်စကား ပြောကြားတော်မူခဲ့၏။ မကြာမီအတွင်း မြို့ပင်သက်ဆိုင်ရာ သားချင်းများ ရောက်ရှိလာသည့်အခါ တမန်တော်မြတ်သည် အဆိုပါ အမျိုးသမီးအား ၎င်း၏ သားချင်းများနှင့်အတူ ကောင်းမွန်စွာ "ယမန်"သို့ ပြန်လွှတ်တော်မူလိုက်၏။ လမ်းခရီးတွင် စားသုံးရန် လိုအပ်သောပစ္စည်းများကိုလည်း လိုလေသေးသည်မရှိ အသင့်ဘည့်ပေးတော်မူလိုက်၏။

ယင်းသို့ အကိုဒုက္ခရောက်နေသော စစ်သုံ့ပန်းများအား ကျွေးမွေးခြင်းမှာ သူမွန် သူမြတ်တို့၏ ဂုဏ်ရည်ပင်ဖြစ်ကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မုက္ခပါဌ်တော် လာရှိပေသည်။

وَيُطْعِمُونَ الطَّعَامَ عَلَىٰ حُبِّهِ مِسْكِينًا وَيَتِيمًا وَأَسِيرًا

قرآن (۷۶:۸)

"ထို သူမွန် သူမြတ်တို့သည် ထို အသျှင်မြတ်အား ချစ်ကြည်မြတ်နိုးစွာဖြင့် ဆင်းရဲသား၊ ဘသက်ဆိုး၊ စစ်သုံ့ပန်းများအား ကျွေးမွေးလေ့ရှိကြသည်။

ကုရ်အာန် (၇၆း၈)

အမိုက်ခေတ်တွင် မြို့တမြို့ကိုတိုက်လျှင် စစ်သည်များသည် မြို့၏အပြင် လေးမျက်နှာသို့ အတော်ဝေးလံသည်ထိ ဖြန့်၍ နေရာယူကြ၏။ ယင်းသို့ ပြုလုပ်ပြီး လမ်းများကို ပိတ်ထားလိုက်ကြ၏။ ထိုအချိန်တွင် ရောက်ရှိလာသော ခရီးသွား ကုန်သည်များ၏ ပစ္စည်းကိုလည်း လုယက်ယူကြ၏။ ဤသည် အမိုက်ခေတ်တွင် လုပ်လေ့လုပ်ထရှိသော အစဉ်အလာတရပ်ပင်။ တခါသော် စစ်ပွဲတပွဲတွင် အချို့မှတ်စလင်မ် စစ်သည်များသည် အထက်ပါ အစဉ်အလာ အတိုင်း ခြေချင်လက်ချင် ပြုမိကြ၏။ တမန်တော်မြတ် သိရှိတော်မူသည့် အခါ လူလွှတ်၍ "ယင်းသို့ ပြုလုပ်သော သူများသည် လ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် ဂျီဟာဒ် ပြုလုပ်ရာ မမည်" ဟု ကြေညာစေတော်မူခဲ့၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အဗူဒါဝူဒ်ကျမ်းကြီးတွင် သာဝကကြီး မုအာဇ်၏ ပြောပြချက်ကို တွေ့ရှိရသည်မှာ—

غزوت مع نبي الله صلى الله عليه وسلم غزوة كذا
وكذا فضيق الناس المنازل وقطعوا الطريق فبعث
النبي صلى الله عليه وسلم مناديا ينادي في الناس
ان من ضيق منزلا وقطع طريقا فلا جهاد له۔

ابوداؤد، كتاب الجهاد، ج اول ص ٣٥٢

(باب ما يؤمر من انضمام العسكر)

ကျွန်ုပ်တော်သည် တမန်တော်မြတ်နှင့်အတူ စစ်ပွဲတပွဲတွင် ပါဝင်ခဲ့ပါသည်။ ထိုအခါ အချို့စစ်သည်များသည် အိုးအိမ် များကို ဝိုင်းထားပြီး အကျပ်ကိုင်ကြ၏။ လမ်းများကို ပိတ်ဆို့ ပြီး တိုက်ခိုက်လုယက်ကြ၏။ ထိုအခါ တမန်တော်မြတ်သည် သံတော်ဆင့်ဘဦးကို စေလွှတ်ပြီး မည်သူမဆို သူတပါးအိမ်ကို အကျပ်ကိုင်လျှင်၊ တိုက်ခိုက်လုယက်လျှင် ထိုသူ၏ ဂျီဟာဒ်သည် လက်ခံသဘောတူတော်မူခြင်း ခံရမည်မဟုတ်ကြောင်း ကြေညာ စေတော်မူခဲ့လေသည်။

အဗူဒါဝူဒ်ကျမ်း။
အတွဲ ၁၊ စ-မျက်နှာ (၃၅၄)

ယင်းသို့ တမန်တော်မြတ် ကျေကြာတော်မူပြီးသည့် နောက်ပိုင်းတွင် မှတ်စလင်မ် စစ်သည်များသည် တာဝန်ကျရာဌာနသို့ စုရုံး၍ စခန်းချလေ့ ရှိခဲ့ကြ၏။ သို့စခန်းချရာတွင်လည်း စောင်ပိုင်းကြီးတခုကိုခိုးပြီး ထိုစောင်ပိုင်း အောက်တွင် စုရုံးနေလေ့ရှိခဲ့ကြ၏။

ကြည့်-(အဗူဒါဝူဒ်ကျမ်း)

အမိုက်ခေတ်တွင် အရပ်တို့ သည် လက်ရသံ့ပန်း ပစ္စည်းကို အလွန် ခုံမင်မက်မောခဲ့ကြ၏။ စစ်ပွဲများ ဖြစ်ပွားရသည့်အကြောင်းများတွင် ဤအချက်သည် အကြီးဆုံး အကြောင်းတရပ်ပင် ဖြစ်ခဲ့၏။ ထိုအတွက် ဤအချက်ကို တမန်တော်မြတ်သည် အဝေ အချိန်ယူပြီး တဖြည်းဖြည်း ပြုပြင်တော်မူခဲ့ရပေသည်။ အမိုက်ခေတ်တွင် လက်ရသံ့ပန်း ပစ္စည်းကို အထူး မက်မောခဲ့ကြ၏။ အံ့ဩဖွယ်ကောင်းသည်မှာ အစ္စလာမ် ထွန်းကားပြီးသည့် နောက်ပိုင်းတွင်လည်း အချိန်အတော် ကြာညောင်းသည်အထိ ဤသည့် လက်ရသံ့ပန်း ပစ္စည်းကို ကုသိုလ်ကောင်းမှု ကိုတရပ်ဟူ၍ အချို့ မှတ်စလင်မ်များ ထင်မှတ်နေခဲ့ကြခြင်းပင် ဖြစ်ပေသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ ပဂ္ဂိုလ်တဦးက တမန်တော်မြတ်အား မေးမြန်းခဲ့သည့်အကြောင်း အဗူဒါဝူဒ်ကျမ်းတွင် လာရှိသည်မှာ....

رجل يريد الجهاد في سبيل الله وهو يبتغي عرضًا
من عرض الدنيا فقال النبي صلى الله عليه وسلم
لا اجر له فاعظم ذلك الناس وقالوا للرجل
عد لرسول الله صلى الله عليه وسلم فلعلك
لم تفهمه ـ

ابو داود، ج (١) ص ٣٤٢

(باب فيمن يغزو ويلتمس الدنيا)

လူတယောက်သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် ဂျီဟာဒ် ပြုလုပ်လိုပါသည်၊ သို့ဂျီဟာဒ် ပြုလုပ်ရာတွင် ထိုသူသည် လောကီ အကျိုးအမြတ်ကိုလည်း ရလိုပါသည်။ ထိုအခါ တမန်

တော်မြတ်က– "ထိုသူအဘို မည်သို့မျှ ကုသိုလ်အကျိုး မရှိ"ဟု မိန့်ကြားတော်မူလိုက်၏။ တမန်တော်မြတ်၏ မိန့်ကြားချက်မှာ လူများအတွက် အထူးအံ့ဩဖွယ်ရာ ဖြစ်နေခဲ့၏။ ထိုအခါ လူများက အဆိုပါပုဂ္ဂိုလ်အား– "အသင်သည် တမန်တော်မြတ်၏ မိန့်ကြားချက်ကို ကောင်းစွာ သဘောပေါက်ဟန် မတူ၊ တမန်တော်မြတ်ယ မေးမြန်းလိုက်ပါဦး" ဟု ပြောဆိုခဲ့ကြ၏။

အဗုဒါဝုဒ်ကျမ်း

အတွဲ– ၁ စာမျက်နှာ– (၃၄၂)။

လူများသည် အဆိုပါပုဂ္ဂိုလ်အား ထပ်မံ စုံစမ်းမေးမြန်းရန် အကြိမ်ကြိမ် လှတ်ခဲ့ကြ၏။ တမန်တော်မြတ်က ယင်းသို့ မိန့်ကြားတော်မူသည်ကို မယုံနိုင်ခဲ့ကြ။ တတိယအကြိမ်တွင်လည်း တမန်တော်မြတ်က– "ထိုသူအဘို မည်သို့မျှ ကုသိုလ်အကျိုး မရှိ"ဟု မိန့်ကြားတော်မူလိုက်သည့် အခါကျမှ လူများ ယုံကြည် သွားခဲ့ကြပေသည်။

တခါသော် တမန်တော်မြတ်သည် မျိုးနွယ်စုတခုအား နှိမ်နင်းရန် အတွက် အချို့မှတ်စလင်မ်များကို စေလွှတ်တော်မူခဲ့၏။ မှတ်စလင်မ်တဦးသည် အခြား မှတ်စလင်မ်များ ကြားထဲမှ တဦးတည်း ရှေ့သို့ ထွက်ခွာသွားခဲ့၏။ ထိုအချိန်တွင် အဆိုပါမျိုးနွယ်ဝင်များသည် ငိုကြွေးလျက် ရောက်ရှိလာခဲ့ကြ၏။ အဆိုပါ မှတ်စလင်မ်က အဆိုပါမျိုးနွယ်ဝင်များအား သင်တို့သည် (အလ္လာဟ် အသျှင်မြတ်မှတပါး အခြား ကိုးကွယ်ရာအလျှင်းမရှိပါ)ဟု ဆိုကြ။ လွတ်မြောက် ကြလိမ့်မည်ဟု ပြောဆိုရာ အဆိုပါမျိုးနွယ်ဝင်များသည် အဆိုပါ မှတ်စလင်မ် ညွှန်ပြသည့်အတိုင်း ပြောဆို၍ မှတ်စလင်မ် ဖြစ်လာခဲ့ကြ၏။ အသက်အန္တရာယ် မှလည်း လွတ်မြောက်သွားခဲ့ကြ၏။ ထိုအခါ ကျန်မှတ်စလင်မ်များက အဆိုပါ မှတ်စလင်မ်အား– "အသင်သည် ကျွန်ုပ်တို့အား လက်ရသို့ပန်း ပစ္စည်းနှင့် ကင်းဝေးအောင် ပြုလုပ်သည်"ဟု ကဲ့ရဲ့ပြစ်တင် ပြောဆိုခဲ့ကြလေသည်။

ကြည့်– (အဗူဒါဝုဒ်ကျမ်း)

အဆိုပါ မှတ်စလင်မ်များ တမန်တော်မြတ်ထံ ပြန်လည်ရောက်ရှိလာပြီး ဖြစ်ကြောင်းကုန်စင် တင်ပြ လျှောက်ထားကြရာ တမန်တော်မြတ်က အဆိုပါ မှတ်စလင်မ်အား ချီးကျူးစကား ပြောကြားတော်မူပြီး၊ "လွတ်မြောက်သွား

ခဲ့ကြသော ပုဂ္ဂိုလ်အသီးသီး၏အစား အသင်တို့သည် ဤရွေ့ ဤမျှ ကုသိုလ် အကျိုး ရရှိကြမည် ဖြစ်သည်”ဟု မိန့်ကြားတော်မူလိုက်လေသည်။

ကြည့်- (အဗူဒါဝုဒ်ကျမ်း)

ကုရ်အာန်ကျမ်းမြတ်တွင် “ဂနီမတ်” သို့ လက်ရပစ္စည်းနှင့် စပ်လျဉ်း၍ လောကီဆိုင်ရာ စားနပ်ရိက္ခာဟူ၍ သုံးနှုန်း ထားတော်မူသည်။ ယင်းသည့် သို့ လက်ရပစ္စည်းတွင် ခုံမင်နှက်မောမှုကိုလည်း ကဲ့ရဲ့ပြစ်တင်ထားတော်မူသည်။ ယင်းသည့် သို့ လက်ရပစ္စည်းတွင် လုံးပမ်း သွားနဲ့ကြသည့်အတွက် “အုဟွဒ်” စစ်ပွဲတွင် မွတ်စလင်မ်များ စစ်ရှုံးနိမ့်ခဲ့ကြရသည်။ ထိုအခါ အောက်ပါ မုကွပါဠ်တော် ကျရောက်လာခဲ့ပေသည်။

مِنكُم مَّن يُرِيدُ الدُّنْيَا وَمِنكُم مَّن يُرِيدُ الْآخِرَةَ

قرآن (٣:١٥١)

> “အသင်တို့တွင် အချို့သည် လောကီ (အကျိုး စီးပွား) ကို လိုလားသည်၊ အသင်တို့အနက် အချို့သည် နောင်တမလွန်ဘဝ၏ (သုခချမ်းသာ) ကို လိုလားသည်။”
>
> ကုရ်အာန် (၃း ၁၅၁)

ဗဒ်ရ်စစ်ပွဲတွင် အချို့ မွတ်စလင်မ် စစ်သည်များသည် တမန်တော် မြတ်ထံမှ ဒါမိန့်တစုံ ရာမရမီပင် သို့ လက်ရပစ္စည်းများကို လုယက်သိမ်းဆည်း ခဲ့ကြ၏။ သို့မဟုတ် ကုရ်အာန်ကျမ်းမြတ် အဖွင့်နေးသော အချို့ “မုဖတ်စ်စိရ်” ဆရာများ၏ အဆိုအရ လျော်ကြေး ယူလိုသည့် ဆန္ဒကြောင့် ရန်သူစစ်သည် များအား လက်ရ ဖမ်းဆီးခဲ့ကြ၏။ ထိုအခါ အောက်ပါ မုကွပါဠ်တော် ကျရောက် လာခဲ့ပေသည်။

تُرِيدُونَ عَرَضَ الدُّنْيَا وَاللَّهُ يُرِيدُ الْآخِرَةَ

قرآن (٨:٦٧)

> “အသင်တို့သည် လောကီအကျိုး စီးပွားကို လိုလား ကြသည်၊ အလ္လာဟ်အသျှင်မြတ်မူကား နောင်တမလွန်ဘဝကို နှစ်သက်တော်မူသည်၊”
>
> ကုရ်အာန် (၈း ၆၇)

ယင်းကဲ့သို့ ကုရ်အာန်ကျမ်းမြတ်တွင်၎င်း၊ တမန်တော်မြတ်၏ ဟဒီဆ်တော်များတွင်၎င်း အတည့်အလင်း အကြိမ်ကြိမ် တားမြစ်ချက်များ လာရှိပါလျက် ဟိဂျရီ (၃) ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဟုဒ်စစ်ပွဲ၌ မွတ်စလင်မ်များ စစ်ရေး ရှုံးနိမ့် ခဲ့ကြခြင်းမှာ သုံ့လက်ရပစ္စည်းများ လုယက်သိမ်းဆည်းရာတွင် အချို့မွတ်စလင်မ်များ လုံးပမ်းသွားခဲ့ကြသည့် အတွက်ကြောင့်ပင် ဖြစ်ခဲ့ပေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ဗုခါရီကျမ်းကြီးတွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

فاقبل المسلمون على الغنائم واستقبلونا بالسهام (بخاري)

မွတ်စလင်မ်များသည် သုံ့လက်ရ ပစ္စည်းများတွင် လုံးပမ်းသွားခဲ့ကြ၏။ ထိုအခါ ရန်သူများသည် ကျွန်ုပ်တို့ အပေါ်သို့ မြှားမိုးရွာသွန်း၍ ခဲ့ ကြလေသည်။

(ဗုခါရီ)

ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် သုံ့လက်ရပစ္စည်းနှင့် အခါ အခွင့်သင့်တိုင်း ပွင့်ပွင့်လင်းလင်း ဟောကြားတော်မူလေ့ ရှိခဲ့ပေသည်။ မွတ်စလင်မ်တဦးက တမန်တော်မြတ်ထံတွင် "တမန်တော်မြတ်၊ အချို့သည် သုံ့လက်ရပစ္စည်း ရယူရန်၊ အချို့သည် အမည်ခံရန်၊ အချို့သည် စွမ်းရည်သတ္တိပြရန် ဂျိဟာဒ် ပြုလုပ်ကြပါသည်။ မည်သူ၏ဂျိဟာဒ်သည် အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်တွင် ဖြစ်ပါသနည်း" ဟု လျှောက်ထားမေးမြန်းရာ တမန်တော်မြတ်က– "အလ္လာဟ် အသျှင်မြတ်၏ ဘာသာ သာသနာ ကြီးပွားတိုးတက်ရန် ရည်သန်တိုက်ခိုက်သူ၏ ဂျိဟာဒ်သည်သာလျှင် အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်တွင် ဂျိဟာဒ်ပြုလုပ်ရာ မည်သည်" ဟု ဖြေကြားတော်မူခဲ့လေသည်။

ကြည့်– (ဗုခါရီကျမ်း၊ ဂျိဟာဒ်အခန်း)

နောက်ဆုံးတွင် တမန်တော်မြတ်က– "မည်သည့် စေတနာဖြင့်ပင် ဂျိဟာဒ် ပြုသည် ဖြစ်စေ၊ အကယ်၍ မုဂျာဟိဒ်သည် သုံ့လက်ရပစ္စည်းကို လက်ခံယူလျှင် ၎င်း၏ ကုသိုလ်အကျိုးမှာ ၃/၂ ပုံ လျော့နည်းသွားသည်။ သုံ့လက်ရ

ပစ္စည်းကို လုံး၀ လက်မခံသူသည်သာလျှင် ဂျိဟာဒ်၏ ကုသိုလ်အကျိုးကို အပြည့်အ၀ ရရှိသည်”ဟု မိန့်ကြားတော် မူခဲ့လေသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ “မွတ်စလင်မ်ကျမ်းကြီး”တွင် အောက်ပါအတိုင်း လာရှိပေသည်။

ما من غازية تغزو في سبيل الله فيصيبون الغنيمة
الا تعجلوا ثلثي اجرهم من الاخرة ويبقى لهم الثلث
وان لم يصيبوا غنيمة تم لهم اجرهم۔
صحيح مسلم كتاب الامارة
باب بيان ثواب من غزا فغنم

ဃာဇီတဦးသည် အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်တွင် တိုက်၏။ သုံ့လက်ရ ပစ္စည်းကိုလည်း လက်ခံ၏။ သို့ဖြစ်လျှင် ထိုသို့သော ဃာဇီသည် နောင်တမလွန်တွင် ရရှိမည့် ကုသိုလ်အကျိုးအနက် ၃/၂ ပုံကို ဤပစ္စက္ခတွင် ယူလိုက်၏။ နောင်တမလွန်တွင် ၎င်း၏ကုသိုလ်အကျိုးမှာ ၃/၁ ပုံသာလျှင် ကျန်တော့၏။ အကယ်၍ ဃာဇီတဦးသည် သုံ့လက်ရပစ္စည်းကို လုံး၀လက်မခံလျှင် ထိုသို့သော ဃာဇီသည် နောင်တမလွန်တွင် ကုသိုလ်အကျိုး အပြည့်အ၀ ရရှိမည် ဖြစ်ပေသည်။

(မွတ်စလင်မ်ကျမ်း)

ယင်းသို့ တမန်တော်မြတ်သည် မိမိ၏နောက်လိုက်ဘပည့်သားများအား သုံ့လက်ရပစ္စည်းနှင့် စပ်လျဉ်း၍ အဆင့်ဆင့် တဖြည်းဖြည်း သွန်သင် ဆုံးမ ပဲ့ပြင်လာတော် မူခဲ့သည့်အခါ တချိန်က အတိုင်းထက် အလွန် ခုံမင်မက်မောဘွယ်ရာ ဖြစ်နေခဲ့သော အရာသည် ယခုမူ မွတ်စလင်မ်တို့အဘို့ အသို့မျှ တန်ဘိုးမရှိတော့ပေ။ ဂျိဟာဒ်သည်လည်း အလ္လာဟ်အသျှင်မြတ်၏ ဘာသာ သာသနာတော် ကြီးပွားတိုးတက်၍ အမြဲတစေ ရှင်သန်လျက် နေစေရန်အတွက်သာ ဖြစ်သာခဲ့တော့၏။

အောက်ပါဖြစ်ရပ်များကို ထောက်ရှုခြင်းအားဖြင့် သံလက်ရေပစ္စည်းနှင့် စပ်လျဉ်း၍ မွတ်ဆလင်တို့၏ စိတ်နေသဘောထား မည်သို့ မည်ပုံ ပြောင်းလဲလာခဲ့သည်ကို သိမြင်နိုင်ပေသည်။

ဝါဆိလယ် ဗုဗ်နု အတ်စ်ကအိသည် "ဆူဟာဗီ" ခေါ် သာဝကကြီး တပါးဖြစ်ခဲ့၏။ တမန်တော်မြတ်က တပူက် စစ်ပွဲသို့ ချီတက်သွားတော်မူစဉ် အဆိုပါ သာဝကကြီးထံ၌ စီးနင်းသွားလာနိုင်ရန် တစုံတရာမျှ မရှိခဲ့ပေ။ ထိုအခါ သာဝကကြီးသည် မဒီနာမြို့တွင် လှည့်လည်ကာ— 'ကျွန်ုပ်ကို အစီးအနင်း ပေးမည့်သူအား ကျွန်ုပ်သည် စစ်မြေမှရရှိသော သံလက်ရေပစ္စည်းကို သီတူညီမျှ ခွဲဝေပေးမည်၊ ကျွန်ုပ်အား အစီးအနင်း ပေးမည့်သူ ရှိပါသလော:" ဟု ဟစ်ကြွေး အကူအညီ တောင်းနေခဲ့၏။ ထိုအခါ အန်ဆာရီတဦးက အဆိုပါ သာဝကကြီးအား လိုအပ်သည့်အစီးအနင်းနှင့် စားနပ်ရိက္ခာ အားလုံးပေးရန် တာဝန်ယူလိုက်၏။ အကြောင်းအားလျော်စွာ စစ်မြေပြင်မှ သံလက်ရေပစ္စည်း အဖြစ် ကုလားအုပ် လေးငါးဆယ်ကောင် ရရှိလာခဲ့၏။ သာဝကကြီး ဝါဆိလယ်သည် စစ်မြေမှ ပြန်လည် ရောက်ရှိလာသည့်အခါ မိမိ ရရှိလာခဲ့သော ကုလားအုပ်အားလုံးကို ဖမ်းနှင်၍ အဆိုပါ အန်ဆာရီထံ ရောက်ရှိလာပြီး "ဤကုလားအုပ်များသည် သံလက်ရေပစ္စည်းအဖြစ် စစ်မြေမှ ကျွန်ုပ် ရရှိလာခြင်း ဖြစ်ပေသည်၊ မိမိထားခဲ့သည့်ကတိအတိုင်း ညီတူညီမျှ ခွဲဝေယူပါ" ဟု ပြောဆိုရာ၊ အဆိုပါအန်ဆာရီက "ဤကုလားအုပ်အားလုံးကို အသင်သာယူပါ၊ ကျွန်ုပ် သင့်အား ကူညီခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ အခြားတဘာသာ ဖြစ်ပါသည်၊ (ဝါ ဤကုလားအုပ်များကို ခွဲဝေ မယူလိုပါ၊ ဂျိဟာဒ်၏ ကုသိုလ်အကျိုးကိုသာ ခွဲဝေယူလိုပါသည်" ဟု ပြန်ပြောခဲ့လေသည်။

ကြည့်—(အဗူဒါဝုဒ်ကျမ်း)

စစ်ဖြစ်ပွားနေချိန်တွင် ရန်သူ၏ ဥစ္စာပစ္စည်းများကို သိမ်းပိုက်ယူခြင်းမှာ အများ ပြုလုပ်လေ့ရှိသော အစဉ်အလာတရပ်ပင် ဖြစ်သည်။ အထူးသဖြင့် မိမိတို့ထံ၌ စားနပ်ရိက္ခာ ပြတ်တောက်သွားသည့်အခါ အခြေအနေအရ ယင်းသို့ ရန်သူပိုင်ပစ္စည်း သိမ်းယူခြင်းမှာ ပြုလုပ်ပိုင်သော ကိစ္စပင် ဖြစ်သွားပေသည်။ တမန်တော်မြတ်သည် ဤသည်ကိုလည်း လုံးဝ တားမြစ်တော် မူခဲ့ပေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အန်ဆာရီတဦးက ပြောပြခဲ့သည်မှာ တခါသော် ကျွန်ုပ်တို့သည် စစ်ပွဲတပွဲသို့ စစ်ချီသွားနေခဲ့ကြ၏။ အကြောင်းအားလျော်စွာ

စားနပ်ရိက္ခာ ပြတ် သွား ခဲ့ ၏။ ဒုက္ခအကြီးအကျယ် ဆိုက်ရောက် နေ ခဲ့ ၏။ ထိုအခြေအနေတွင် မမြော်လင့်ဘဲ ဆိတ်အုပ်တအုပ်ကို မြင်ကြ၏။ ဆိတ်များကို လုယက်ယူလိုက်ကြ၏။ "ဇဗဟ်" လှီးဖြတ်ပြီး ဟင်း ထမင်း ချက်ပြုတ်ကြ၏။ တမန်တော်မြတ် သိ ရှိ တော်မူသည့်အခါ ကျွန်ုပ်တို့ ချက်ပြုတ်နေကြသော နေရာသို့ကြွလာတော်မူပြီး မိမိ၏လက်တွင် အသင့်ပါလာသော တူ လေးကိုင်းဖြင့် ဟင်းအိုးများကို တွန်းလှန် မှောက်ချတော်မူ၏။ ဟင်းများ အားလုံး ပျက်စီး သွားခဲ့၏။ ထို့နောက် တမန်တော်မြတ်က "လုယက်ယူထားသော ပစ္စည်းသည် အသေသားနှင့် ဘာမျှမထူး" ဟု မိန့်ကြားတော် မူလိုက်လေသည်။ ကြည့်— (အဗူဒါဝုဒ်ကျမ်း၊ လုယက်ခြင်းမပြုရန် တားမြစ်သည့်အခန်း)

## စစ်တိုက်ခြင်းသည်ပင် ခဝတ်မှု ဖြစ်သွားခဲ့၏။

"ဂျိဟာဒ်" စစ်တိုက်ခြင်းသည် အမြင့်အမားဖြင့် ကျူးကျော်စော်ကားမှု နှိပ်စက်ညှင်းပမ်းမှုတရပ်ပင် ဖြစ်ပေသည်။ သို့တစေသည်း အစ္စလာမ့်ကျေးဇူး ကြောင့် အဆိုပါစစ်သည် အကြာသ်မျှ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသွားခဲ့သည် ဆိုသော် ယင်း "ဂျိဟာဒ်" သည်ပင်လျှင် အသွန်ကောင်းမွန် မြင့်မြတ်သော (အိဗာဒတ်) ခဝတ်မှုတရပ်ဖြစ်လာခဲ့ပေသည်။ ဂျိဟာဒ်၏အဓိကရည်ရွယ်ချက်မှာ ကျူးကျော် စော်ကားသူများအား နှိမ်နင်းရန်နှင့် ကျူးကျော် စော်ကားခြင်း ခံရသူများအား ကာကွယ်ရန် ဖြစ်လာခဲ့ပေသည်။ ဤသည့်သဘောကို ကုရ်အာန် ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

أُذِنَ لِلَّذِينَ يُقَاتَلُونَ بِأَنَّهُمْ ظُلِمُوا وَإِنَّ اللَّهَ عَلَىٰ نَصْرِهِمْ
لَقَدِيرٌ الَّذِينَ أُخْرِجُوا مِنْ دِيَارِهِمْ بِغَيْرِ حَقٍّ إِلَّا أَنْ
يَقُولُوا رَبُّنَا اللَّهُ

قرآن (٢٢:٣٩-٤٠)

"တိုက်ခိုက်ခြင်းခံနေရသူများအား တုံ့ပြန်တိုက်ခိုက်ရန် အခွင့်ပေးတော် မူလိုက်လေပြီ။ ယင်းသို့ အခွင့်ပေးတော်မူ ခြင်းမှာ ထိုသူများသည် မတရား ကျူးကျော် စော်ကားခြင်း

ခံခဲ့ကြရခြင်းကြောင့်ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူများအား ကူညီတော် မူနိုင်ပေသည်။ ထိုသူများသည် မိမိတို့ အိုးအိမ်များမှ မတရားနှင်ထုတ်ခြင်း ခံခဲ့ကြရပေသည်။ ယင်းသို့ ခံခဲ့ကြရခြင်း အကြောင်းမှာလည်း အခြားမဟုတ်၊ ထိုသူများက "ငါတို့၏ အသျှင်သခင်သည် အလ္လာဟ် အသျှင်မြတ်ပင် ဖြစ်တော်မူသည်"ဟု ပြောဆိုကြခြင်း ကြောင့်ပင် ဖြစ်သည်"။

ကုရ်အာန် (၂၂း ၃၉- ၄၀)

တိုင်းပြည်တွင် အမြဲတစေ ဆူပူ သောင်းကျန်းမှုတွေ၊ တိုက်ခိုက် သတ်ဖြတ်မှုတွေ၊ ကျူးကျော် စော်ကားမှုတွေ၊ နှိပ်စက်ညှဉ်းပမ်းမှုတွေ အတောမသတ် ဖြစ်ပေါ်နေခဲ့သည်။ တိုင်းသူ ပြည်သားများ အေးချမ်း သာယာစွာ မနေနိုင်ခဲ့ကြပေ။ ဤသည့် သောင်းကျန်းမှုတွေကို ချေမှုန်းရန်နှင့် တိုင်းပြည် အေးချမ်း သာယာစေရန်အလို့ငှာ "ဂျိဟာဒ်" ပေါ်လာခဲ့ပေသည်။

وَقَاتِلُوهُمْ حَتَّىٰ لَا تَكُونَ فِتْنَةٌ

قرآن (٨:٣٩)

"နှိပ်စက်ညှဉ်းပန်းမှု လုံး၀ ပျောက်ကွယ်သွားသည့် တိုင်အောင် အသင်တို့သည် ထိုသူများအား တိုက်ကြ"။

ကုရ်အာန် (၈း၃၉)

အချို့သူများသည် အလ္လာဟ်အသျှင်မြတ်အားလည်း မယုံကြည်ကြပေ။ နောင် တမလွန်တွင် ကျိုးပြစ် ခံစံ ကြရမည် ကို လည်း မ ယုံ ကြည် ကြ ပေ။ ထို့အတွက်ကြောင့်ပင် ထိုသို့သော သူများသည် မည်သို့သော ကျူးကျော် စော်ကားမှု၊ နှိပ်စက်ညှဉ်းပန်းမှုကို မဆိုလုပ်ဝံ့ကြပေသည်။ ထိုသို့သော သူများအတွက် ကျူးကျော်စော်ကားမှု အစုစုမှာ ပြုပိုင်သည်သာ ဖြစ်သည်။ ၎င်းတို့အတွက် မပြုပိုင်သော ကိစ္စဟူ၍ မရှိပေ။ ဂျိဟာဒ်သည် ထိုသို့သောသူများအား နှိမ်နင်းရန်နှင့် လုပ်သားပြည်သူဘို့အား ၎င်းတို့၏ နှိပ်စက်ညှဉ်းပန်းမှုများမှ ကာကွယ်ရန်ပင် ဖြစ်သည်။

قَاتِلُوا الَّذِينَ لَا يُؤْمِنُونَ بِاللَّهِ وَلَا بِالْيَوْمِ الْآخِرِ
وَلَا يُحَرِّمُونَ مَا حَرَّمَ اللَّهُ وَرَسُولُهُ

قرآن (٩:٢٩)

"အသင်တို့သည် အကြင်သူများအား တိုက်ကြ၊ ထိုသူများသည် အလ္လာဟ်အသျှင်မြတ်အားလည်း မယုံကြည်ကြပေ။ နောက်ဆုံးနေ့ကိုလည်း မယုံကြည်ကြပေ။ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ တမန်တော်မြတ်က (ဟရာမ်)ဟူ၍ ပိတ်ပင်တားမြစ်ထားတော်မူသောအရာများကိုလည်း ထိုသူများသည် မပိတ်ပင် မတားမြစ်ကြပေ"။

ကုရ်အာန် (၉း၂၉)

ဂျီဟာဒ် ပြုရာတွင် အောင်နိုင်လျှင် အောင်နိုင်သူများသည် ဥစ္စာအာဏာဖြင့် ဇည်းစိမ်ခံစားရန်မဟုတ်၊ အောင်နိုင်သူများသည် မိမိတို့ကိုယ်တိုင်က (ဆွလာတ်) ဝတ်ပြုကြရမည်။ (ဇကာတ်) ဆင်းရဲသားကြေး ပေးဆောင်ကြရမည်။ ထိုမျှမက ကောင်းရာကို ညွှန်းကြရမည်။ မကောင်းရာကို တားမြစ်ကြရမည်။

الَّذِينَ إِنْ مَكَّنَّاهُمْ فِي الْأَرْضِ أَقَامُوا الصَّلَاةَ
وَآتَوُا الزَّكَاةَ وَأَمَرُوا بِالْمَعْرُوفِ وَنَهَوْا عَنِ الْمُنْكَرِ

قرآن (٢٢:٤١)

"အကြင်သူများသည် အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အား တိုင်းပြည်တွင် တည်စေတော်မူလျှင် (ဝါ) အောင်နိုင်မှုပေးတော်မူလျှင် ၎င်းတို့သည် ဆွလာတ် ဝတ်ပြုကြပေမည်။ ဇကာတ်ပေးဆောင်ကြပေမည်။ ထို့ပြင် ကောင်းရာကို ညွှန်ကြပေမည်။ မကောင်းရာမှ တားမြစ်ကြပေမည်"

ကုရ်အာန် (၂၂း၄၁)

တိုင်းပြည်တပြည်ကို အောင်နိုင်သိမ်းပိုက်၍ ထိုတိုင်းပြည်မှ ရရှိသော ဥစ္စာပစ္စည်းများသည် သက်ဆိုင်ရာ အောင်နိုင်သူ အကြီးအကဲ၏ လက်တွင်းသို့

ရောက်ရှိသွားလေ့ရှိခဲ့ပေသည်။ အောင်နိုင်သူသည် ထိုပစ္စည်းများကို မိမိ၏ ဇိမ်ခံပစ္စည်းအဖြစ် အသုံးပြုလေ့ရှိခဲ့ပေသည်။ ထို့ပြင် ထိုပစ္စည်းများမှ အဆိုပါ အောင်နိုင်သူ၏ အမှုထမ်း၊ အရာထမ်း၊ အရာရှိကြီးငယ်တို့သည် အဆင့်ဆင့် အကျိုးခံစားလေ့ရှိခဲ့ကြပေသည်။ သို့ရာတွင် အစ္စလာမ်တွင်ကား ယင်းသို့ မဟုတ်ချေ။

وَاعْلَمُوا أَنَّمَا غَنِمْتُم مِّن شَيْءٍ فَأَنَّ لِلَّهِ خُمُسَهُ
وَلِلرَّسُولِ وَلِذِي الْقُرْبَىٰ وَالْيَتَامَىٰ وَالْمَسَاكِينِ
وَابْنِ السَّبِيلِ

قرآن (٨:٤١)

"အသင်တို့ သိထားကြရမည်မှာ အသင်တို့ သိမ်းယူရရှိသော သို့လက်ပနည်းများအနက် ငါးပုံတပုံမှာ အလ္လာဟ်အသျှင်မြတ်အတွက်၊ တမန်တော်မြတ်အတွက်၊ သားချင်းများအတွက်၊ ဘမဲ့ကလေးများအတွက်၊ ဆင်းရဲသားများအတွက်၊ ခရီးသည်များအတွက် ဖြစ်သည်"

ကုရ်အာန် (၈း၄၁)

"ဂျိဟာဒ်"သည် အဓိပ္ပါယ် သဘောအားဖြင့်သာလျှင်မဟုတ်၊ မျက်မြင်အားဖြင့်လည်း 'အိဗာဒတ်' ဝတ်ပြုမှု ဖြစ်လာခဲ့ပေသည်။ အဘယ့်ကြောင့်ဆိုသော 'ဂျိဟာဒ်'ပြုလုပ်သော 'မုဂျာဟိဒ်'များသည် စစ်ထိုးနေစဉ် အချိန်မှာပင် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရ၍ နေကြရမည့် အကြောင်း အောက်ပါအတိုင်း ပေါ်ပြတော် လာခဲ့ပေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا لَقِيتُمْ فِئَةً فَاثْبُتُوا وَاذْكُرُوا اللَّهَ
كَثِيرًا لَّعَلَّكُمْ تُفْلِحُونَ

قرآن (٨:٤٥)

"အိုး - အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အုပ်စုတခုခုနှင့် ရင်ဆိုင်တိုးကြလျှင် ကြံ့ခိုင်စွာ ရပ်တည်

ကြကုန်၊ အလ္လာအသျှင်မြတ်အား များစွာ အောက်မေ့ သတ
သတိရကြကုန်၊ အသင်တို့ အောင်နိုင်ကြမည်။"

ကုရ်အာန် (၇း၄၅)

ဆွလာတ်ဝတ်ပြုရာတွင် "အလ္လာဟုအတ်ကဗရ်" "စုဗ်ဟာနရဗ်ဗိယလ် အအ်လာ"စသည်ဖြင့် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်များကို မွမ်းရသကဲ့သို့ ဂျိဟာဒ်ပြုလုပ်ရာတွင်လည်း ဂုဏ်တော်များ မွမ်းကြရပေသည်။ သာဝကကြီး ဂျာဗိရ် ဣဗ်နုအဗ်ဒုလ္လာဟ် ပြောပြသကဲ့သို့ "ကျွန်ုပ်တို့သည် အမြင့်တနေရာသို့ တက်ကြသည့်အခါ အလ္လာဟု အတ်ကဗရ် ဟု ဆိုလေ့ရှိခဲ့ကြသည်။ အနိမ့်သို့ ဆင်းကြသည့်အခါ 'စုဗ်ဟာ နလ္လာဟ်'ဟု ဆိုလေ့ရှိခဲ့ကြသည်။"

ဗုခါရီကျမ်းကြီးတွင် လာရှိသည်မှာ တမန်တော်မြတ်သည် ဂျိဟာဒ် ပြုလုပ်ရာတွင် အမြင့်သို့တက်သည့်အခါ "အလ္လာဟုအတ်ကဗရ်"ဟု သုံးကြိမ် ဆိုတော်မူလေ့ ရှိခဲ့ပေသည်။ တခါသော် တမန်တော်မြတ်သည် ဂျိဟာဒ် ပြုလုပ်ရန် စစ်ချီကြွသွားနေတော်မူခဲ့၏၊ တပည့် သာဝကများသည် အသံ ကျယ်စွာဖြင့် "အလ္လာဟု-အတ်ကဗရ်"ဟု ဆိုနေခဲ့ကြ၏။ ထိုအခါ တမန်တော် မြတ်က- "ဤရွေ့ ဤမျှ အသံကျယ်လောင်စွာဖြင့် မဆိုကြလင့်၊ သင်တို့ တသနေကြသော အလ္လာဟ်အသျှင်မြတ်သည် အရာရာကို ကြားတော်မူသည်"ဟု မိန့်ကြားတော်မူလိုက်လေသည်။

ဂျိဟာဒ် စစ်ချီရာတွင် အမြင့်သို့တက်ကြသည့်အခါ "အလ္လာဟုအတ်ကဗရ်"ဟု ဆိုလေ့ရှိခဲ့ကြ၏။ အနိမ့်သို့ဆင်းကြသည့်အခါ- "စုဗ်ဟာနလ္လာဟ်"ဟု ဆိုလေ့ရှိခဲ့ကြ၏။ ဆွလာတ် ဝတ်ပြုရာတွင်လည်း (ရုကူအ်) ဦးညွှတ်သည့်အခါ- "အလ္လာဟု-အတ်ကဗရ်"ဟု ဆိုကြရသည်၊ (စဂျဒလ်)ဦးချသည့်အခါ 'စုဗ်ဟာန ရဗ်ဗိယလ်အအ်လာ'ဟုဆိုကြရသည်။ဤသို့ဖြင့် ဂျိဟာဒ်ပြုလုပ်ရာတွင် ဆွလာတ်၏ နည်းနာပုံပန်းအနည်းငယ် ပါဝင်နေသည်ဖြစ်ရာ ဆွလာတ်နှင့် ဂျိဟာဒ်သည် အချင်းချင်း အတော်ပင်ဆင်တူ ဖြစ်နေပေသည်။

ဤသို့ဖြင့် တချိန်က ကျူးကျော်စော်ကားမှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ ရန့်ရင်း ကြမ်းတမ်းမှု၊ မိုက်ရိုင်းမှုအပေါင်းနှင့် ပြည့်နက်နေခဲ့သော စစ်သည် ယခုသော် အစ္စလာမ်၏ ကျေးဇူးဖြင့် အလ္လာဟ်အသျှင်မြတ်၏ ဒေသနာတော် ကြီးပွား

တိုးတက်ရန်၊ တိုင်းပြည်ငြိမ်းချမ်းသာယာရန်၊ ကျူးကျော်စော်ကားသူများကို နှိမ်နင်းရန် ကျူးကျော်စော်ကားခြင်း ခံရသူများအား ကာကွယ်ရန်နှင့်အလ္လာဟ် အသျှင်မြတ်အား အောက်မေ့ တသ သတိရရန် ဖြစ်လာခဲ့ပေသည်။

## အောင်နိုင်သူ စစ်သူကြီးနှင့် တမန်တော်မြတ်၏ ခြားနားချက်။

တမန်တော်မြတ်သည် ဂျိဟာဒ်စစ်ပွဲများတွင် တူးလေး၊ ဓါးလွယ်များ စွဲကိုင်လျက် ( Helmet ) သံခမောက် ဆောင်းလျက်၊ စစ်တန်ဆာများ ဝတ်ဆင်လျက် ရှိတော်မူခဲ့၏။ သို့ပင်တစေ ထိုအချိန်တွင်လည်း တမန်တော် တပါးနှင့် စစ်သူကြီးတဦး၏ ခြားနားချက်ကို ကောင်းစွာ တွေ့ရှိရပေသည်။

စစ်မြေပြင်တွင် တဘက်နှင့်တဘက် အကြီးအကျယ် စစ်တိုက်နေစဉ် မြားမိုးသီးရွာသွန်းလျက်ရှိ၏။ စစ်မြေပြင်တနုလုံးသည် သွေးပြင်ကြီးဖြစ်လျက် ရှိ၏။ ခြေ–လက်များသည် သစ်ရွက်ကလေးများ ကြွေကျသည်နှယ် ပြတ်၍ ပြတ်၍ ကျလျက်ရှိ၏။ အတုံး အခဲ သေ နေ ကြ ၏။ ရန်သူစစ်သည်များသည် ရေလှိုင်းကြီးများပမာ ရှေ့သို့ ချီတက်လာလျက်ရှိ၏။ ထိုသို့သော အရေး ကြီးလှသည့်အချိန်မျိုးတွင်ပင် တမန်တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်ထံ တော်၌ လက်ဖြန့် ဆုပန်လျက် ရှိနေတော်မူခဲ့၏။ နှစ်ဘက်သော စစ်သည် များသည် အနိုင်မခံ၊ အရှုံးမပေး စစ်ထိုးလျက်ရှိကြ၏။ တမန်တော်မြတ်မူကား အလ္လာဟ်အသျှင်မြတ် ရှေ့တော်မှောက်၌ ပျပ်ဝပ် ဦးချလျက် ရှိနေတော်မူခဲ့၏။ ဗဒ်ရ်စစ်ပွဲတွင် သာဝကကြီး မောင်လာအလီသည် စစ်ရေး ပြင်းထန်လှသည့် အတွက် သုံးကြိမ်တိုင်တိုင် တမန်တော်မြတ်အား လာရောက်ကြည့်ရှုသွားခဲ့၏။ သို့လာရောက်ကြည့်ရှုသည့်အခါတိုင်း တမန်တော်မြတ် ပျပ်ဝပ် ဦးချလျက် ရှိနေတော်မူသည်ကိုသာ တွေ့မြင်ခဲ့ရ၏။ နှစ်ဘက်စစ်သည်များသည် အပြန် အလှန် မြားမိုးသီးရွာသွန်းချနေခဲ့၏။ ကျားတပြန် ဘားတပြန်ဖြစ်နေခဲ့ကြ၏။ အရှုံး၊ အနိုင်ကား ပေါ်မလာသေးချေ။ ထိုအခါ တမန်တော်မြတ်သည် မြေကြီးမှ မြေတဆုပ်ယူ၍ ရန်သူများဘက်သို့ ပက်လိုက်ရာ အလ္လာဟ်အသျှင် မြတ်၏ကျေးဇူးတော်နှင့် ရုတ်တရက် ချက်ချင်း ရန်သူစစ်သည်များသည် ကစဉ့် ကလျား ဖြစ်သွားခဲ့ကြလေသည်။

ဟုနိုင်န် စစ်ပွဲတွင် ရန်သူများသည် အခွင့်ကောင်းရပြီး ရုတ်တရက် အပြင်းအထန် ဖိတိုက်လိုက်ကြရာ မွတ်စလင်မ် စစ်သည်များသည် ကစဉ့်ကလျားဖြစ်သွားခဲ့ကြ၏။ မွတ်စလင်မ် စစ်သည် (၁၂၀၀၀)အနက် တမန်တော်မြတ်ထံတော်ပါးတွင် တဦးတယောက်မျှ မကျန်ရှိခဲ့ပေ။(*) တမန်တော်မြတ်ရှေ့တွင် ရန်သူ တူးသေး စစ်သည်(၁၀၀၀၀)သည် မြားမိုးရွာသွန်းလျက် ရှိနေခဲ့ကြ၏။ သို့တစေလည်း တမန်တော်မြတ်သည် တပါးဘည်း ထီးထီးကြီး မိမိနေရာတွင် ရဲရင့်တည်ကြည်စွာ ရပ်တည်လျက် ရှိနေတော်မူခဲ့၏။ အလွန်ထည်ဝါခန့်ညားသော အသံဖြင့် أَنَا النَّبِيُّ لَا كَذِبْ "ငါသည် တမန်တော် ဖြစ်သည်၊ လူလိမ်မဟုတ်"ဟု ရင့်ကျူးလျက် ရှိနေတော်မူခဲ့၏။

တဘက်နှင့်တဘက် စစ်သည်များ ရင်ဆိုင်တိုက်ခိုက်နေကြစဉ်၊ မြားမိုးရွာသွန်းနေစဉ် အလေ့ာင်းပေါ် အလောင်းတွေ ပုံနေစဉ် သေခင်းကို မျက်ဝါး ထင်ထင် တွေ့မြင်နေရစဉ် ရုတ်တရက် ဆွလာဟ်ဝတ်ပြုရန် အချိန် ကျရောက်လာ၏။ မွတ်စလင်မ် စစ်သည်များ ဆွလာတ်ဝတ်ပြုနိုင်ရန်အတွက် စီနစ်တကျ တန်းစီလိုက်ကြ၏။ စစ်ဗိုလ်ချုပ် (တမန်တော်မြတ်)သည် ဆွလာတ် ဝတ်ပြုရာတွင် ရှေ့ဆောင်အဖြစ် ဆောင်ရွက်တော်မူ၏။ မွတ်စလင်မ်စစ်သည်များသည် စစ်မြေပြင်တွင် ရှိနေကြသင့်ကာစား စစ်ခေသွး၊ စစ်စိတ်၊ စစ်သံ၊ စစ်မာန်များကို ခေတ္တရပ်ဆိုင်းကာ အလ္လာဟ်အသျှင်မြတ်အား ဝတ်ပြုလျက် ရှိကြ၏။ စစ်တေးသံများအစား အလ္လာဟု အက်ဗရ်ဟု ဆိုသျက်ရှိကြ၏။ စိတ်၏တက်ကြွမှု၊ မခံချင်စိတ်၊ တုံ့ပြန်လိုသည့်စိတ်၊ အသက်စွန့်လိုသည့်စိတ်၊ ဒေါသစိတ်များသည် ယခုမူ ခယရိုကျိုးစိတ်၊ ကြိုင်လိုသည့်စိတ်၊ နူးညံ့သိမ်မွေ့သည့်စိတ်၊ နိဝါတစိတ်၊ ဖြူစင်သောစိတ်၊ ကောင်းမွန် မြင့်မြတ်သော စိတ်များဖြင့် အပြောင်းကြီး ပြောင်းလျက်ရှိ၏။

ဆွလာဟ်ဝတ်ပြုရန် ခွဲထားသော အုပ်စု ၂ ခုသည် တမန်တော်မြတ်နှင့် အတူ တလှည့်စီ (၂) ရတ်က်အတ်စီ အသီးသီး ဝတ်ပြုကြ၏။ အုပ်စုတခုသည်

---

* ဤစစ်ပွဲတွင် မွတ်စလင်မ် စစ်သည် အားလုံးလိုလို ကစဉ့်ကလျား ဖြစ်သွားခဲ့ကြသော်လည်း တမန်တော်ထံပါးတွင် အချို့တသည့်ရင်းများမှာမူ မားမားမတ်မတ် ကျန်ရှိနေခဲ့ကြ၏။

ကြည့် (တမန်တော်မြတ်။ အတွဲ ၂)
(ဟုနိုင်န် စစ်ပွဲ)

တမန်တော်မြတ်နှင့်အတူ ဆွလာဟ် ဝတ်ပြုနေစဉ် အခြားအုပ်စုသည် ရန်သူများနှင့် ဟိုက်နေ၏။ ဆွလာဟ် (၂) ရတ်က်အတ် ပြီးစီးသည့်အခါ တမန်တော်မြတ်နှင့်အတူ ဆွလာဟ် ဝတ်ပြုနေသော ပဌမအုပ်စုသည် စစ်မြေသို့ ရောက်သွား၏၊ စစ်မြေ၌ရှိသော ဒုတိယအုပ်စုသည် တမန်တော်မြတ်နောက်သို့ ဆွလာဟ်ဝတ်ပြုရန် ရောက်ရှိလာ၏။ ဒုတိယ အုပ်စုသည် တမန်တော်မြတ်နှင့် အတူ ဆွလာဟ် (၂) ရတ်က်အတ်ဘတ်ပြီးသော် မိမိတို့ဘာဝန်ရှိရာ စစ်မြေသို့ ရောက်ရှိသွား၏။ ပဌမအုပ်စုသည် ဆွလာဟ် ဝတ်ပြုရာဌာနသို့ ရောက်ရှိလာပြီး ကျန်ဆွလာဟ် (၂)ရတ်က်အတ်ကို အသီးသီး ဘတ်ကြ၏။ မွတ်စ်လင်မ်စစ်သည် များတွင် ဤသည့် ပြောင်းလဲမှုများ ဖြစ် ရှိနေသော်လည်း တမန်တော်မြတ်မှာမူ အစမှအဆုံးတိုင် ဆွလာဟ်၌ပင် နစ်မြုပ်နေတော်မူ၏။ *

ဤသို့ဖြင့် တမန်တော်မြတ်သည် မိမိ၏ နောက်လိုက် တပည့်သားတို့အား နေရာမရွေး၊ အချိန်မရွေး၊ အခြေအနေမရွေး၊ ပညာပေး နေတော်မူခဲ့၏။ သွန်သင် ဆုံးမ ပဲ့ပြင်နေတော်မူခဲ့၏။ စိဘ်နှလုံးများကို ဖြူစင်သည်ထက် ဖြူစင်အောင်၊ ရင့်ကျက်သည်ထက် ရင့်ကျက်အောင် အမြဲတစေ ပြုလုပ်ပေး နေတော်မူခဲ့၏။

စစ်ရေးသာ၍ အစ္စလာမ့် အောင်လံတော်ကို လွှင့်ထူကြသည့် အခါမျိုးတွင် (မူဂျာဟိဒ်) = မွတ်စ်လင်မ်စစ်သည်များသည် စစ်အောင်နိုင်သည်ကို အကြောင်းပြုပြီး အပျော်ကြီးပျော်၊ အမြူးကြီး မြူးနေကြ၏။ သုံးလက်ရ ပစ္စည်းများကို ခွဲဝေပေးရာတွင် မွတ်စ်လင်မ်စစ်သည်များသည် အသီးသီး ငွေကြေး အမြောက်အများ ရရှိ၏။ သာဝကကြီးတပါးသည် ပျော်မြူးကာ တမန်တော်မြတ်ထံ ရောက်ရှိလာပြီး ဝမ်းသာအားရစွာဖြင့် "တမန်တော်မြတ်၊ ကျွန်တော်သည် ဤစစ်ပွဲ၌ သုံ့လက်ရပစ္စည်း များကြီး ရပါသည်၊ ယခင်က ဤမျှဤမျှ တခါမျှ မရခဲ့ဘူးပါ၊ အောင်ကီယဟ် (၃၀၀)တိတိ ရပါ သည်" ဟု လျှောက်ထား၏။ တမန်တော်မြတ်က "ငါသည် အသင့်အား ဤထက်ပင် အကျိုးများသော အရာကို ညွှန်ပြရမည်လော" ဟု မိန့်ကြားတော်

---

* ဂျိဟာဒ်စစ်ဖွဲ့တွင် စစ်ဖြစ်ပွားနေစဉ် စစ်မြေ၌ အုပ်စုခွဲ၍ တမန်တော်မြတ်နှင့် အတူ ဆွလာတ်ဝတ်ပြုနည်းကို ကုရ်အာန်ကျမ်းမြတ် (၄း၁၀၂) တွင် မိန့်ဆို ထားတော်မူသည်။ အသေးစိတ် သိလိုပါက ကုရ်အာန် အလ ားပြဲကျမ်း၊ အတွဲ(၅)၊ အောက်ခြေ အမှတ်(၁၇၃)ကို ရှုပါကုန်။

[ဿာဇီ]

မှူရာ၊ အဆိုပါ သာဝကကြီးက "မှန်ပါ၊ အမိန့်တော်ရှိပါ" ဟု လျှောက်ထား၏။ ထိုအခါ တမန်တော်မြတ်က "ဖရည်ဆွလာတ် ဝတ်ပြုပြီးနောက် ဆွလာတ် (၂) ရကအတ်" ဟု မိန့်ကြားတော် မူလိုက်လေသည်။

ကြည့်- (အဗူဒါဝူဒ်ကျမ်း)

# အစ္စလာမ်၏ သာယာသောခေတ်။

**ဟိဂျ်ရီ- ၉၊ ၁၀၊ ၁၁။**

**ငြိမ်းချမ်းသာယာမှု ဖန်တီးခြင်း**

စာရှုသူအဘို့ အထက်တွင် ဖော်ပြပါ အခက်အခဲအသီးသီးကို ဖတ်ရှုလေ့လာပြီးနောက် ပေါ်လွင်လာမည့် အချက်တရပ်မှာ ထိုအချိန်အထိ မူလသဘာဝ အရည်အသွေးအားဖြင့် အာရေဗျပြည်၏ (Atom) အဏုမြူတိုင်းသည် ကြယ်ကလေးများပင် ဖြစ်ခဲ့သော်လည်း နေကမ္ဘာ၏ စီရင်အုပ်ချုပ်မှုအောက်တွင် မရှိခဲ့ပေ။ အာရေဗျ ကျွန်းဆွယ်ကြီးတခုလုံးသည် တိုင်းပြည်တပြည်၊ လူမျိုးတမျိုးတည်းသာလျှင် ဖြစ်ခဲ့၏။ သို့တစေလည်း အရဗ်တို့သည် လူမျိုးရေးအရလည်း တချိန်တခါကမျှ တစုတရုံးတည်း မဖြစ်ခဲ့ ဘူးကြပေ။ နိုင်ငံရေးအရလည်း တခုတည်းသော အလံတော်အောက်တွင် တကြိမ်တခါမျှ မစုရုံးမိခဲ့ကြဘူးပေ။ အိမ်တိုင်းအိမ်တိုင်းတွင် အသီးသီး ဘုရားတပါးစီ ရှိသကဲ့သို့ မျိုးနွယ်တိုင်း မျိုးနွယ်တိုင်းတွင်လည်း ခေါင်းဆောင်အသီးသီးရှိခဲ့၏။

အာရေဗျပြည် တောင်ပိုင်းတွင် ဟင်မ်ယရီ၊ အဇ်ဝါဒ်၊ အတ်က်ယာလ် မျိုးနွယ်များ၏ အစိုးရ အဖွဲ့ကလေးများ ရှိနေခဲ့၏။ အာရေဗျပြည် မြောက်ပိုင်းတွင် ဗတ်က်ရ်၊ တဃ်လိဗ်၊ ရှိုင်ဗာန်၊ အဇ်ဒ်၊ ကုဃာဲအဟ်၊ ကင်န်ဒဟ်၊ လခ်မ်၊ ဗနူဟနီဖဟ်၊ တွှဲင်ယ်၊ အစဒ်၊ ဟဝါဇင်န်၊ ဃိတ်ဖာန်၊ အောက်စ်၊ ခတ်ဇ်ရဂ်၊ ဆကီဖ်နှင့် ကုရိုက်ရှ်မျိုးနွယ်တို့၏ အုပ်စုများသီးသီး ရှိနေခဲ့ကြ၏။ နေ့စဉ်နှင့်အမျှ ပြည်တွင်းစစ် ဖြစ်ပွားနေခဲ့၏။ ဗတ်က်ရ်မျိုးနွယ်နှင့် တဃ်လိဗ်မျိုးနွယ်၏ အနှစ်လေးဆယ် စစ်ပွဲကြီး ပြီးဆုံးခဲ့သည်မှာ မကြာသေးပေ။ ဟဃာဲရမောက်တ် မျိုးနွယ်နှင့် ကင်န်ဒဟ် မျိုးနွယ်များသည် အချင်းချင်း တိုက်ခိုက်ရင်း သေကြေပျက်စီး သွားခဲ့ကြချေပြီ။ အောက်စ်နှင့် ခတ်ဇ်ရဂ်မျိုးနွယ်များသည် အချင်းချင်း တိုက်ခိုက် နေခဲ့ကြသည့်အတွက် ခေါင်းဆောင်တွေ တဦးမျှပင် မကျန်တော့ပေ။ အားလုံး ကျဆုံးသွားခဲ့ကြပေပြီ။

အိမ်တော် 'ပုရဝိုဏ်'တွင် အထူးသဖြင့် ရှိသောမြတ်နိုးကြသော လမြတ်များတွင်ပင် ကိုက်စ်နှင့် ကုရိုက်ရှ်မျိုးနွယ်များသည် အချင်းချင်း စင်ထိုးနေခဲ့ကြ၏။ "ဖိဂျာရ်" စစ်ပွဲဟူ၍ မည်တွင်ခဲ့၏။ ဤသို့ဖြင့် အာရေဗျတဝှမ်းလုံးတွင် စစ်မီး တဟုန်းဟုန်း တောက်နေခဲ့၏။

တောင်များနှင့် သဲကန္တာရများတွင် ကိုယ်မင်းကိုယ်ချင်းလုပ်၍ ဆိုးသွမ်းနေသော အချို့မျိုးနွယ်များ ရှိခဲ့ကြ၏။ တိုင်းပြည်တပြည်လုံးတွင် သတ်ဖြတ်မှု၊ လုယက်တိုက်ခိုက်မှု၊ ကျူးကျော်စော်ကားမှု၊ သွေးထွက်သံယိုမှုစသည်ဖြင့် ဒုက္ခပင်လယ် ဝေနေခဲ့၏။ မျိုးနွယ်များသည် အဆုံးမသတ်သော စစ်ပွဲများ ဆင်နွှဲ နေခဲ့ကြ၏။ တံ့ပြန် လက်စားချေလိုသည့် ဒေါသမီးသည် ထောင်ပေါင်းများစွာကို သတ်ဖြတ်ပြီးသည့် နောက်ပိုင်းတွင်လည်း ငြိမ်းသည် မရှိခဲ့ပေ။ ဝမ်းရေးသည် တိုက်ခိုက်လုယက်မှုနှင့် ကူးသန်း ရောင်းဝယ်ရေးပေါ်တွင် တည်နေခဲ့၏။ သို့တစေလည်း ခရီးသွား ကုန်သည်များအတွက် တနေရာမှ တနေရာသို့ သွားလာရန် မလွယ်ကူခဲ့ပေ။

ဟီရယ်ဘုရင်သည် အာရေဗျပြည် မြောက်ပိုင်းတွင် သြဇာ ညောင်းခဲ့သော်လည်း ၎င်း၏ ကုန်ပစ္စည်းများသည် အုကာဇ် ဈေးသို့ပင် အလွယ်တကူနှင့် မရောက်ရှိ နိုင်ခဲ့ပေ။ ဟာရာမ် လများကို အရင်တို့သည် လေးစားခဲ့ကြ၏။ သို့တစေလည်း စစ်ပွဲများ ဆင်နွှဲလိုကြသည့်အခါ အဆိုပါ လများကို ရှေ့တိုး နောက်ဆုတ် ပြုလုပ်လေ့ ရှိခဲ့ကြပေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အဗူ အလီကာလီ က အောက်ပါအတိုင်း ရေးသားထားသည်၊

وذلك لانهم كانوا يكرهون ان تتوالى عليهم ثلاثة
اشهر لا تمكنهم الاغارة فيها لان معاشهم كان
من الاغارة          كتاب الامالى ج (١) ص ٤

(ဟာရာမ်လများကို) ယင်းသို့ (ရှေ့တိုး၊ နောက်ဆုတ်) ပြုလုပ်ခြင်းမှာ ၎င်းတို့၏ ဝမ်းရေးသည် လုယက် တိုက်ခိုက်မှု အပေါ်၌ တည်နေ၏။ ထို့အတွက်ကြောင့် လုယက်တိုက်ခိုက်မှု-မပြုလုပ်ရသောလများ သုံးလစဉ်တိုက် တည်ရှိနေခြင်းကို မနှစ်သက်ခဲ့ကြပေ။

အမာလီကျမ်း၊ အစောင်- (၁) ၊စာမျက်နှာ- (၆)။

ဆိုးသွမ်း တိုက်ခိုက် လုယက်နေသော မျိုးနွယ်စုများအတွက် ဟာဂျီ ရာသီသည် အချိန်ကောင်း၊ အခါကောင်းပင် ဖြစ်နေခဲ့၏။ မက္ကာမြို့တော်၏ ပတ်ဝန်းကျင်ရှိ အတ်စ်လမ်၊ ဃိဖါရ် စသည့် မျိုးနွယ်များသည် ဟာဂျီများ၏ ပစ္စည်းများ ကို လုယက် ခိုးဝှက်ရာတွင် နာမည်ကြီးနေခဲ့ကြ၏။

ကြည့်- (ဗုခါရီ၊ အတ်စ်လွမ်နှင့် ဃိဖါရီအခဏ်း)

တိုင်ယ်မျိုးနွယ်သည် အလွန်ထူးခြားသော နာမည်ကြီး မျိုးနွယ်ဖြစ်ခဲ့၏။ ယင်းမျိုးနွယ်၏ သူခိုးဂိုဏ်းသည်လည်း နာမည်ကြီးပင် ဖြစ်ခဲ့၏။ စုလိုက်ကလ်ဗ်နှင့် စိလ်ကဟ်၊ တာ ဗ တ ရှ ရ် ရာ တို့ သည် ကျော်ကြားသော လက်ာဆရာများ ဖြစ်ခဲ့ကြ၏။ ၎င်းတို့၏ လက်ာများတွင် များသောအားဖြင့် မိမိတို့၏ ကောက်ကျစ်စဉ် လဲမှုနှင့် ခိုးဝှက်မှုများကိုပင် ဂုဏ်ယူ ဖွဲ့နွဲ့စပ်ဆိုထားကြသည်များကိုသာ တွေ့ရှိရပေသည်။

တိုင်းပြည်တွင် အဘယ်မျှ ချောက်ချား နေခဲ့သည်ဆိုသော် အဗ်ဒုလ် ကိုက်စ်သည် ဗဟ်ရိုင်န်၏ အားအင် တောင့်တင်းသော မျိုးနွယ်တခုဖြစ်ခဲ့၏။ ထိုသို့သော အားအင် တောင့်တင်းသော မျိုးနွယ်တခုသည်ပင် ဟိဂျ်ရီ(၅)ခု အထိ မုဿ ရ်မျိုးနွယ်အား စိုးရိမ်နေခဲ့ရသည့်အတွက် ရိုသေမြတ်နိုးအပ်သော လများမှတပါး အခြားလများတွင် ဟိဂျာဇ်သို့သွားလာခြင်း မပြုလုပ်နိုင်ခဲ့ပေ။

မက္ကာမြို့တော်ကို ပြန်လည် အောင်နိုင် သိမ်းပိုက်ပြီးသည့်နောက်ပိုင်းတွင် တိုင်းပြည်သည် စတင် ငြိမ်ဝပ် ပိပြားလာခဲ့၏။ သို့တစေလည်း မက္ကာမြို့တော်မှ မဒီနာမြို့အထိ ခရီးသွားလာမှုတွင် အန္တရာယ်ကား ရှိနေခဲ့သေး၏။ လုယက်မှု၊ ဓါးပြတိုက်မှုများသည် အနည်းနှင့်အများ ဖြစ်ပေါ်နေခဲ့သေး၏။ တခါတရံ မဒီနာမြို့၏ စားကျက်များသို့ပင် ဓါးပြများသည် အလစ်ဝင်၍ တိုက်သွားခဲ့ကြသေး၏။

ဟိဂျ်ရီ(၅)ခု၊ (၆)ခုနှစ်အထိပင် ကူးသန်းရောင်းရန်အတွက် သွားလာသော ခရီးသွားကုန်သည်များသည် နေ့ခင်း ကြောင်တောင် ဓါးပြအတိုက်ခံခဲ့ကြရပေသေးသည်။ တမန်တော်မြတ်က မကြာမီ တိုင်းပြည် ငြိမ်းချမ်း သာယာတော့မည်။ "တချိန်တွင် ဆွာန်အာမှ အမျိုးသမီး တဦးတည်း ကုလားအုတ်စီးနင်း၍ ခရီးထွက်နိုင်ပေမည်။ လမ်းခရီးတွင် အလ္လာဟ်အသျှင်မြတ်မှတပါး တစုံတရာ ကြောက်ရွံ့ရမည်မဟုတ်ပေ"ဟုပြောကြားတော်မူလေ့ရှိခဲ့၏။ လူများသည် အထူးပင် အံ့သြနေခဲ့ကြ၏။

ဟိဂျီရီ(၉)နှစ်တွင် လူတယောက်က "ဓါးပြများသည် ကျွန်တော်၏ ပစ္စည်းများကို လုယူသွားကြပါသည်"ဟု တိုင်ကြားရာ၊ တမန်တော်မြတ်က "မကြာမီအတွင်း ခေတ်တခေတ်ရောက်လာမည်၊ထိုခေတ်တွင်ခရီးသွားကုန်သည်များသည် အခြံအရံအစောင့်အရှောက်မပါဘဲ စိတ်ချလက်ချသွားလာနိုင်ကြပါလိမ့်မည်" ဟုမိန့်ကြားတော်မူလိုက်လေသည်။ အာရေဗျတိုင်းပြည်ကြီးတခုလုံးတွင် ငြိမ်ဝပ် ပိပြားမှု မရှိခဲ့သော်လည်း အလ္လာဟ်အသျှင်မြတ်၏ အိမ်တော် ပရဝုဏ်တွင်ကား ငြိမ်းချမ်းသာယာလျက်ပင် ရှိခဲ့ပေသည်။ ဤသည် မြို့တော်သူ မြို့တော်သားများ အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ အထူး ကျေးဇူးတော်ပင် ဖြစ်ခဲ့ပေသည်။

فَلْيَعْبُدُوا رَبَّ هَٰذَا الْبَيْتِ ۝ الَّذِي أَطْعَمَهُم مِّن
جُوعٍ وَآمَنَهُم مِّنْ خَوْفٍ ۝

قرآن (١٠٦: ٣-٤)

'ထိုသူများသည် ဤအိမ်တော်၏ အရှင်အား ခယရိုကျိုးရှိခိုးအပ်ကြပေသည်။ ထိုအသျှင်သည် ၎င်းတို့အား ဆာလောင်မွတ်သိပ်ချိန်တွင် ကျွေးမွေးတော်မူ၏။ စိုးရိမ် ကြောက်ရွံ့ခြင်းမှ ငြိမ်းချမ်း သာယာမှုကို ပေးသနားတော်မူ၏။

ကုရ်အာန်(၁၀၆း ၃-၄)

أَوَلَمْ يَرَوْا أَنَّا جَعَلْنَا حَرَمًا آمِنًا وَيُتَخَطَّفُ النَّاسُ
مِنْ حَوْلِهِمْ

قرآن (٢٩: ٦٧)

"ထိုသူများမမြင်ကြလေသလော၊ ငါအရှင်မြတ်သည် ငြိမ်းချမ်းသာယာသော ကျောင်းတော် ပရဝုဏ်ကိုပြုလုပ်ပေးထားတော်မူသည် (ကျောင်းတော် ပရဝုဏ်အပြင်တွင်မူ) ၎င်းတို့၏ ပတ်ဝန်းကျင်မှ လူများသည် အဓမ္မမောင်းထုတ်ခြင်း ခံနေကြရသည်။"

ကုရ်အာန် (၂၉း၂၇)

တတိုင်းတပြည်လုံး "ကျီးလန့်စာစား" ဖြစ်နေခဲ့သည့်အချိန်တွင် အစ္စလာမ်သာသနာပြုလုပ်ငန်းသည် မည်သည့်အခြေအနေတွင် ရောက်ရှိနေခဲ့သနည်း။ တမန်တော်မြတ်သည် နဗီ (၁၀) ခုနှစ်နောက်ပိုင်းတွင် သုံးနှစ်တိုင်တိုင် စဉ်တိုက် မျိုးနွယ်အသီးသီးထံ သွားရောက်ပြီး "အလ္လာဟ့်အသံ လူထုထံ ပို့နိုင်ရန် ငါ့အား ခိုလှုံခွင့်ပေးကြပါ" ဟု မေတ္တာရပ်တော်မူခဲ့၏။ သို့တစေလည်း ထောက်ခံအားပေးမည့် မျိုးနွယ်ဟူ၍ မတွေ့ခဲ့ရပေ။ သာမံ မွတ်စလင်မ်များသည် အာရေဗျပြည်တွင် အေးချမ်းစွာ မနေနိုင်ခဲ့ကြပေ။ အာဖရိကတိုက် ( Ethiopia ) နိုင်ငံသို့ပင် သွားရောက် တိမ်းရှောင် ခိုလှုံနေခဲ့ကြရ၏။ တိုင်းတပါးသို့ တိမ်းရှောင်သွားရန်အကြောင်း မညီညွတ်သည့်အတွက်အာရေဗျပြည်တွင် ကျန်နေခဲ့ကျသော မွတ်စလင်မ်များသည် နှိပ်စက်ညှဉ်းပန်းမှု အမျိုးမျိုးကို အလူးအလိမ့်ခံနေခဲ့ကြရ၏။ ဤသည့် အဖြစ်ဆိုးကို ရည်ညွှန်း၍ ကုရ်အာန် ကျမ်းမြတ်တွင် အောက်ပါအတိုင်း မုက္ခပါဌ်တော် လာရှိသည်။

وَاذْكُرُوا إِذْ أَنتُمْ قَلِيلٌ مُّسْتَضْعَفُونَ فِي الْأَرْضِ
تَخَافُونَ أَن يَتَخَطَّفَكُمُ النَّاسُ

قرآن (٨:٢٦)

"ငင်းပြင် အသင်တို့သတိရကြကုန်၊ တချိန်က အသင်တို့သည် လူနည်းစုသာ ဖြစ်နေခဲ့ကြ၏။ တိုင်းပြည်တွင် အနှိမ်ခံနေခဲ့ကြရ၏။ အသင်တို့သည် မိမိတို့အား သူတပါးတို့က သုတ်ယူသွားကြမည်ကိုပင် စိုးရိမ် ကြောက်ရွံ့ နေခဲ့ကြရ၏။"

ကုရ်အာန် (၈း ၂၆)

ယင်းသို့ တိုင်းပြည် မငြိမ်မသက် ဖြစ်နေခဲ့သည့်အတွက် တိုင်းပြည်တွင် မည်သည့်လှုပ်ရှားမှုမျှ ခြံရံစောင့်ရှောက်မည့် လက်နက်ကိုင် တပ်ဖွဲ့ကလေးများ မပါရှိဘဲ မပြုလုပ်နိုင်ခဲ့ပေ။ အမှန်မှာ တမန်တော်မြတ်၏ အဓိက တာဝန်မှာ အစ္စလာမ့်ဘက်သို့ ဘိတ်ခေါ်ရန်သာ ဖြစ်သည်။ ဤကိစ္စအတွက် ဓား၊ မြှား စစ်တပ်မလိုပေ။ သို့ရာတွင် အထက်တွင်ရေးသား ဖော်ပြခဲ့သည့်အတိုင်း ရန်သူများသည် တဘက်တွင် အဆက်မပြတ် တိုက်ခိုက်နေခဲ့ကြ၏။ အခြားတဘက်တွင်

အစ္စလာမ်သာသနာပြုပုဂ္ဂိုလ်များသည် မကြာခဏ အစုလိုက်အပြုံလိုက် အသတ်ခံနေခဲ့ကြရ၏။ စီးပွားရေး၏ သွေးကြောဖြစ်သော ခရီးသွားကုန်သည်များသည် ခရီးသွားလာရာတွင် အမြဲတစေခြောက်လှန့်ခံ၊ တသုန်း စမ်း၍ စမ်း၍ သွားနေခဲ့ကြရ၏။ ဤအကြောင်း အထက်တွင် တမန်တော်မြတ်လက်ထက် ဖြစ်ပွားခဲ့သော စစ်ပွဲများကို ပြန်လည်သုံးသပ် ဆင်ခြင်ခြင်း အခဏ်းတွင်အကျယ် ရေးသားခဲ့ပေပြီ။

ဤကား ပြည်ဘွင်း မငြိမ်မသက် ဖြစ်နေခဲ့သည့် အခြေအနေတည်း၊ ပြည်ပအန္တရာယ် များမှာလည်း မသေးငယ်လှပေ။ အာရေဗျပြည်၏ စိုပြေသာယာသော ပြည်နယ်အားလုံးသည် (Rome) ရောမနိုင်ငံနှင့် ( Persia, Parthia, Iran. )ပါရှားနိုင်ငံများ၏ လက်တွင်းသို့ ရောက်ရှိနေခဲ့ပေသည်။ နှစ်ပေါင်း(၆၀)ခန့်မှ ယမန်၊ အမ္မာန်၊ ဗဟ်ရိုင်န်ပြည်နယ်များသည် ပါရှားနိုင်ငံလက်အောက်သို့ ရောက်ရှိနေခဲ့၏။ အဆိုပါ ပြည်နယ်များကို ပါရှားနိုင်ငံ၏ လက်အောက်ရှိ အမည်ခံအရပ် ခေါင်းဆောင်များက အုပ်ချုပ်နေခဲ့ကြ၏။

ပါရှားနိုင်သည် အီရာက်ပြည်တွင် မွန်ဇိရ်အစိုးရကို ဖြုတ်ချပြီး မိမိကိုယ်တိုင် ခြေကုဘ်ယူသွားခဲ့၏။ ဟိဂျာဇ်ဘွင် အစ္စလာမ် လှုပ်ရှားလာသည်ကိုပင် ပါရှားနိုင်ငံက မိမိနိုင်ငံအတွင်း လှုပ်ရှားနေသည်ဟု ထင်မှတ်ခဲ့၏။ ထို့အတွက်ကြောင့်ပင် ဟိဂျ်ရီ (၆) ခုနှစ်တွင် ပါရှားဘုရင်က ယမန်ပြည်နယ်ရှိ မိမိ၏ ဘုရင်ခံမင်းကြီးထံ "ဟိဂျာဇ်ဘွင် မိမိကိုယ်ကိုမိမိ တမန်တော်ဟု ပြောဆိုနေသော ငါ၏ကျွန်အားဖမ်းဆီး၍ ငါ့ထံအမြန်ပို့"ဟူ၍ပင် စာရေးခဲ့လေသည်။

ရောမနိုင်ငံသားများသည် (Syria) ဆီးရိယပြည် (ရှာမ်ပြည်) ၏နယ်နိမိတ်များကို သိမ်းပိုက်ထားခဲ့ကြ၏။ ဿဘ်စ္စာန်မျိုးနွယ်နှင့် အချို့အရပ်ခေါင်းဆောင် ငယ်များသည် နှစ်အတော်ကြာကပင် အီစာအီ ဘာသာသို့ ကူးပြောင်းသွားခဲ့ကြ၏။ ထိုသို့သော အရပ် အီစာအီများသည် ရောမနိုင်ငံ၏ လက်အောက်ခံအဖြစ် နေထိုင်ခြင်းကို သဘောတူခဲ့ကြ၏။ သစ္စာတော်ခံခဲ့ကြ၏။ ဟိဂျ်ရီ (၈) ခုနှစ်တွင် ရောမနိုင်ငံသည် ယင်းသို့သော သစ္စာတော်ခံ အရပ် ခေါင်းဆောင်များ၏ အကူညီဖြင့် မဒီနာမြို့ကို တိုက်ခိုက်ရန် ကြံစည်အားထုတ် လာခဲ့ကြ၏။ တဗူက်စစ်ပွဲနှင့် မုတဟ်စစ်ပွဲများသည် ယင်းသည့် ကြံစည်အားထုတ်မှု၏ အကျိုးဆက်များပင် ဖြစ်ခဲ့ပေသည်။

ရောမနိုင်ငံသားများသည် ခရစ်သက္ကရာဇ် ဒုတိယရာစုတွင် ယဟူဒီများ ထံမှ ဆီရိယ နိုင်ငံနှင့် ( Palestine ပါလစ်စတိုင် ) ကို သိမ်းပိုက်ယူ ခဲ့ကြ၏။ ထိုအခါ ယဟူဒီများသည် မလဲ့မရှောင်သာ အာရေဗျပြည်၊ ဟီဂျာဇ် နယ်အထိ ဆုတ်ခွာတိမ်းရှောင်လာခဲ့ကြ၏။ ထို့နောက် မဒီနာမြို့မှ ဆီရိယနိုင်ငံ အထိ ခံတပ်များကို အဆက်မပြတ် တည်ဆောက်ထားခဲ့ကြ၏။ ယင်းသည့် ခံတပ်များသည် ၎င်းတို့အဘို့ စစ်ရေးအရ အားထားရာ ဌာနများလည်း ဖြစ်ခဲ့၏။ ကုန်ပစ္စည်းများ သိုလှောင်ရာ ဂိုဒေါင်များလည်း ဖြစ်ခဲ့၏။ ကုရိုင်ဇ္ဇဟ်၊ ကိုင်နုကာအ်၊ ခိုင်ဗရ်၊ ဖိဒတ်က်၊ တီမာ၊ ဝါဒီလ်ကုရာ စသည်တို့သည် ၎င်းတို့၏ ကြီးမားသော တပ်စခန်းများပင် ဖြစ်ခဲ့ပေသည်။

ယင်းသည့် ခံတပ်များနှင့် တပ်စခန်းများကိုပင် ရည်ညွှန်း၍ ကုရ်အာန် ကျမ်းမြတ်(၅၉း၁၄)တွင်၎င်း၊ (၃၃း၂၆)တွင်၎င်း အတည့်အလင်းမိန့်ဆိုထား တော်မူသည်။

ယဟူဒီများသည် ထိုသည့် ခံတပ်များကြောင့် အစ္စလာမ်၏အင်အားကို လုံးဝ မမှုခဲ့ကြပေ။ ၎င်းတို့၏ နှောင့်ယှက်မှုများကြောင့် တမန်တော်မြတ်သည် မလဲ့သာ မရှောင်သာ စစ်ပွဲများအကြိမ်ကြိမ် ဆင်နွှဲတော်မူခဲ့ရပေသည်။ ဗဒ်ရ် စစ်ပွဲတွင် မွတ်စလင်မ်တို့ စစ်ရေးသာခဲ့ကြသောအခါ အဆိုပါ ယဟူဒီများက- "မက္ကာမြို့တော်သား ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် စစ်ရေး စစ်ရာ မကျွမ်းကျင် ကြ၊ မွတ်စလင်မ်များသည် ငါတို့၏ခံတပ်များနှင့် ရင်ဆိုင်ကြရလျှင် အကြောင်း သိသွားကြမည်"ဟူ၍ ကြွားဝါ ပြောဆို ခဲ့ကြပေသေးသည်။

အထက်တွင် ရေးသား ဖော်ပြခဲ့သည့်အတိုင်း အာရေဗျကျွန်းဆွယ်ကြီး တခုလုံးသည် ပြည်တွင်းဒုက္ခ၊ ပြည်ပဒုက္ခတို့ဖြင့် ဒုက္ခပင်လယ်ဝေနေခဲ့၏။ ယင်းသို့ ဒုက္ခပင်လယ်ဝေနေသော ပြဿနာပေါင်း သောင်းခြောက်ထောင် ရှိနေသော တိုင်းပြည်နှင့်လူမျိုးကို ပြုပြင်ရမည့်အရေးသည် လူသားတို့၏စွမ်းဆောင်နိုင်သော အရေးမဟုတ်ပေ။ တမန်တော်မြတ် စွမ်းဆောင်နိုင်တော်မူခဲ့ခြင်းမှာလည်း ကုရ်အာန်ကျမ်းမြတ် (၈း၁၇)တွင် လာရှိသည့်- "အကြင် အခါ အသင်ပစ်၏၊ အသင်ပစ်သည်မဟုတ်၊ အမှန်မှာ အလ္လာအသျှင် ပစ်တော်မူသည်" ဟူသော မုက္ခပါဌ်တော်ပါ သဘောအတိုင်း တမန်တော်မြတ်၏ နောက်ကွယ်တွင်အလ္လာဟ် အသျှင်မြတ်၏ အကူအညီတည်းဟူသော မမြင်ရသော လက်တော်ရှိနေတော်မူ ခြင်းကြောင့်ပင် ဖြစ်ခဲ့ပေသည်။

တမန်တော်မြတ်သည် မက္ကာမြို့တော်မှ (ဟိဂျရတ်) ရွှေ့ပြောင်းလာတော်မူခဲ့ပြီးနောက် (၈) နှစ်တိုင်တိုင် မအိပ်မနေ၊ ကိုယ်စွမ်းရှိသမျှ၊ ဥာဏ်စွမ်းရှိသမျှ ကြိုးစား အားထုတ်၍ ပြုပြင်လာတော်မူခဲ့ရာ၊ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် မဖြစ်နိုင်သော ပြောင်းလဲမှုကြီး တရပ်သည် အံ့ဘွယ်သရဲဖြစ်ခြင်းကြီးမက ဖြစ်ပေါ်လာခဲ့ပေတော့သည်။ ဤကား အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် တမန်တော်မြတ်၏ အကြီးဆုံးနှင့် အအောင်မြင်ဆုံး တော်လှန်ရေးကြီးပင်။

အရဗ်လူမျိုးတို့၏ နိုင်ငံရေးအားနည်းချက်၏ အဓိကအကြောင်းမှာ အချင်းချင်း မညီညွတ်မှုနှင့် အချင်းချင်း တိုက်ခိုက်မှုပင် ဖြစ်ခဲ့ပေသည်၊ ယင်းသို့ မညီမညွတ် ဖြစ်ရခြင်းနှင့် အချင်းချင်း တိုက်ခိုက်ရခြင်း၏ အကြောင်းရင်းမှာ အရဗ်လူမျိုးတို့သည် မျိုးနွယ်အစုံစုံ၊ မိသားစု အဖုံဖုံတို့တွင် ကွဲပြားနေခဲ့ကြခြင်း ကြောင့်ပင် ဖြစ်ခဲ့ပေသည်။ ယင်းသို့ ကွဲပြားနေခဲ့ကြသော အရဗ်တမျိုးလုံးအား ညီညွတ်စေရန်အတွက် အချင်းချင်း ဆက်ပေးမည့်၊ စပ်ပေးမည့်၊ ကပ်ပေးမည့် အဆက် အစပ် အကပ်ကား ၎င်းတို့တွင် မရှိခဲ့ပေ။

ယင်းသို့ အဆက် အစပ် အကပ်မရှိ ကွဲပြားနေခဲ့ကြသော အရဗ်တမျိုးသားလုံးအား တမန်တော်မြတ်သည် အစ္စလာမ်တည်းဟူသော မေတ္တာကြိုးဖြင့် နှွယ်စပ် ပေါင်းစည်းပေးတော်မူပြီး "မွတ်စလင်မ်များသည် ညီနောင်များသာ ဖြစ်ကြသည်" ဟု ကုရ်အာန်ကျမ်းလာ မုဗာရက်ဘောက်ကို လက်တွေ့ အကောင် အထည် ဖော်ပြတော်မူလိုက်လေသည်။

ယခုမူ အရဗ်တမျိုးသားလုံးသည် "အလ္လာဟ်အသျှင်မြတ်မှ တပါး ကိုးကွယ်ရာဟူ၍ အလျှင်းမရှိ။ တမန်တော်မြတ် မုဟမ္မဒ်သည် အလ္လာဟ်အသျှင်မြတ်၏ တမန်တော် ဖြစ်တော်မူသည်" တည်းဟူသော အစ္စလာမ့် (ကလိမဟ်) ယုံကြည်ချက်ကို နှစ်နှစ်ကာကာ ယုံကြည်စွဲမြဲကာ "မွတ်စလင်မ်" များ ဖြစ်လာခဲ့ကြလေသည်။ သွေးခွဲခြားမှု၊ မျိုးနွယ်ခွဲခြားမှု၊ လူတန်းစား ခွဲခြားမှုများ ပျောက်ခြင်းမလှ ပျောက်ကွယ် သွားပြီး အစ္စလာမ့် အလံတော်အောက်တွင် တညီတညွတ်တည်း၊ တစည်းတရုံးတည်း၊ တသွေးတသံတည်း၊ တစိတ်တလက် တည်း ဖြစ်လာခဲ့ကြလေသည်။

ဤသည့်ညီညွတ်မှုကိုပင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော် အဖြစ် ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

وَاذْكُرُوا نِعْمَتَ اللهِ عَلَيْكُمْ إِذْ كُنْتُمْ أَعْدَاءً
فَأَلَّفَ بَيْنَ قُلُوبِكُمْ فَأَصْبَحْتُمْ بِنِعْمَتِهِ إِخْوَانًا

قرآن (٣ : ١٠٢)

"အသင်တို့သည် မိမိတို့အပေါ်ဝယ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကို သတိရကြကုန်၊ အခါတပါး၌ အသင်တို့သည် (အချင်းချင်း) ရန်သူများ ဖြစ်နေခဲ့ကြပေရာ၊ ထိုအသျှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများတွင် ချစ်ခင်မှုကို ထည့်သွင်းပေးတော် မူခဲ့၏။ သို့ဖြစ်ရာ ယခုမူ အသင်တို့သည် ထိုအသျှင်မြတ်၏ ကျေးဇူးတော်ဖြင့်(အချင်းချင်း) ညီနောင်များ ဖြစ်လာခဲ့ကြချေပြီ။"

ကုရ်အာန် (၃း ၁၀၂)

အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင်က တမန်တော်မြတ်အား "အို- မုဟမ္မဒ်၊ ဤသို့ ညီညွတ်သွားခြင်းမှာ အသင်၏ အလုပ်မဟုတ်၊ ငါ့အလုပ်သာ ဖြစ်သည်" ဟု ကုရ်အာန် ကျမ်းမြတ်တွင် အောက်ပါအတိုင်း ၊ မိန့်ကြားထားတော်မူသည်။

هُوَ الَّذِي أَيَّدَكَ بِنَصْرِهِ وَبِالْمُؤْمِنِينَ ۝ وَأَلَّفَ
بَيْنَ قُلُوبِهِمْ لَوْ أَنْفَقْتَ مَا فِي الْأَرْضِ جَمِيعًا
مَا أَلَّفْتَ بَيْنَ قُلُوبِهِمْ وَلَٰكِنَّ اللهَ أَلَّفَ بَيْنَهُمْ
إِنَّهُ عَزِيزٌ حَكِيمٌ ۝

"ထိုအလ္လာဟ်အသျှင်မြတ်သည်ပင် အသင့်အား မိမိ၏ အကူအညီဖြင့်၎င်း၊ မုအ်မင်န် တို့အားဖြင့်၎င်း၊ အားပေး ကူညီတော် မူခဲ့၏။ ၎င်းပြင် ၎င်းတို့၏ စိတ်နှလုံးများကို ပေါင်းစည်း

ပေးတော် မူခဲ့၏။ ဧကယ်၍ အသင်သည် ကမ္ဘာမြေအတွင်း ရှိရှိသမျှသော ဘဏ္ဍာတော်တိုက် အားလုံးကိုပင် သုံးစွဲသော်ငြားလည်း အသင်သည် ၎င်းတို့၏ စိတ်နှလုံးများကိုမူ ပေါင်းစည်း ပေးနိုင်မည် မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများကို ပေါင်းစည်းပေးတော်မူလေပြီ။ ထိုအသျှင်မြတ်သည် တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တရှင် ဖြစ်တော် မူပေသည်။''

ကုရ်အာန် (၈း ၆၂- ၆၃)

တမန်တော်မြတ်သည် မက္ကာမြို့တော်မှ (ဟိဂျ်ရတ်) ရွှေ့ပြောင်းသွားတော်မူပြီးနောက် မုဟာဂျိရ်များနှင့် အန်ဆွာရီများ စပ်ကြားတွင် (မုဝါခါတ်) ညီနောင် ဖွဲ့ပေးတော်မူခဲ့ခြင်းမှာ ဤသည့် ညီညွတ်ရေးလုပ်ငန်းတွင် ပဌမ ခြေလှမ်းပင် ဖြစ်ခဲ့၏။ နောက်ဆုံး ခြေလှမ်းမှာ မက္ကာမြို့တော်ကို ပြန်လည် အောင်နိုင် သိမ်းပိုက်သည့်နေ့တွင် မိန့်ကြားတော်မူခဲ့သည့် ကမ္ဘာ့တသက် ဥဒါန်းတွင်ရစ်မည့် မိန့်ခွန်းတော်ပင် ဖြစ်လေသည်။ *

ကုရ်အာန် ကျမ်းမြတ်တွင် တိုင်းပြည်အတွင်း ဆူပူသောင်းကျန်းမှုကို လူသားတို့၏ အဆိုးရွားဆုံး၊ စက်ဆုပ် ရွံရှာဘွယ် အဖြစ်ဆုံးဟူ၍ အကြိမ်ကြိမ် အတည့်အလင်း သတ်မှတ် မြွက်ဟန်းထားတော် မူသည်။

ယင်းသို့ ဆူပူ သောင်းကျန်းသူများ အတွက်လည်း ပြင်းထန်သော ပြစ်ဒဏ်များကို သတ်မှတ် ပြဋ္ဌာန်းတော် မူသည်။ သူခိုး၏လက်ကို ဖြတ်ပစ်ရမည်။ လုယက်တိုက်ခိုက် သတ်ဖြတ်သော ဓားပြများအား သတ်စား သတ်ပစ်ရမည်။ ကြိုးစင်တင်ရမည်။ လက်ဖြတ်ရမည်။ ပြည်နှင်ရမည်။

ကုရ်အာန်ကျမ်းမြတ် (၅း၃၂- ၃၃)တွင် မတရား သတ်ဖြတ်သူများ၊ တိုင်းပြည်တွင် ဆိုးသွမ်းသောင်းကျန်း သတ်ဖြတ် နေသူများအား သတ်စား သတ်ပစ်ရန်၊ ကြိုးစင်တင် ကွပ်မျက်ရန်၊ လကျာ လက်ဝဲလွှဲ၍ ခြေလက်များ ဖြတ်ပစ်ရန်၊ ပြည်နှင်ပစ်ရန်၊ ပြင်းပြင်းထန်ထန် အမိန့်တော်များ သတ်မှတ်ထားတော်မူသည်။

---

* ဤမိန့်ခွန်းတော်ကို ''တမန်တော်မြတ်'' အတွဲ ၂၊ စာမျက်နှာ ၁၇၀၊ ၁၇၂ တွင် တွေ့ရှိနိုင်ပေသည်။

ထိုနည်းအတူ ကုရ်အာန်(၅း၄၅)တွင် အသက်အစား အသက်သတ်ရန် မျက်လုံးအစား မျက်လုံးဖောက်ရန်၊ နှာခေါင်းအစား နှာခေါင်း၊ နားရွက်အစား နားရွက်ဖြတ်ရန်၊ သွားအစား သွားချိုးပစ်ရန် တုံ့ပြန် လက်စားချေနိုင်သည့် ဥပဒေများကို အတည့်အလင်း သတ်မှတ်ပြဋ္ဌာန်း ထားတော် မူလေသည်။

တိုင်းပြည်တွင် လက်တွေ့ တရားဥပဒေ စိုးမိုးရန်နှင့် ငြိမ်းချမ်းသာယာမှု ရှိစေရန်အလို့ငှာ တမန်တော်မြတ်သည် စစ်တပ်များကို နေရာအနှံ့အပြားသို့ အကြိမ်ကြိမ် စေလွှတ် ထားတော်မူခဲ့၏။ ရာဇဝတ်မှုများကို စီရင် ဆုံးဖြတ်ရန် ဥပဒေ များကိုလည်း ပြဋ္ဌာန်းထားတော်မူခဲ့၏။ တရားသူကြီး များကိုလည်း မြို့ရွာများတွင် ခန့်အပ်ထားတော် မူခဲ့၏။

တိုင်းပြည် ငြိမ်းချမ်း သာယာရေးအတွက်၊ ငြိမ်ဝပ်ပိပြားရေးအတွက်၊ တရားဥပဒေ စိုးမိုးရေးအတွက် အထက်ပါ အစီအစဉ်များသည် လူ့သဘာဝ အလျောက် ဖြစ်ပေါ်လာတတ်သည့် မတရားမှုများကို ပိတ်ပင် ဟန့်တားရန် မလွှဲမရှောင်သာ ပြုလုပ်ရသည့် အစီအစဉ်များသာ ဖြစ်ခဲ့ပေသည်။

အမှန်မှာ တမန်တော်တပါး၏ တာဝန်သည် သာမန် တရားဥပဒေ ပြုလုပ် သတ်မှတ် ပြဋ္ဌာန်းသော ဥပဒေ ပါရဂူတဦး၊ တိုင်းပြည် စီမံ ကွပ်ကဲ အုပ်ချုပ်သော သမတ တဦး၏ တာဝန်များထက် အတိုင်းမသိ မြင့်မြတ်လှပေသည်။ ငြိမ်ဝပ်ပိပြားရေးအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော အစ္စလာမ့် တရားဥပဒေများသည် ကိုယ့်နေရာနှင့်ကိုယ် အရေးပါ အရာရောက်သည် မှန်၏။ သို့ရာတွင် ကုရ်အာန် ကျမ်းမြတ်၏ နာမ် ဝိညာဉ်ပိုင်းဆိုင်ရာ စွမ်းရည်နှင့် တမန်တော်မြတ်၏ ပြည့်ဝသော နှလုံးသား အတွင်းမှ ထွက်ပေါ်လာသည့် မေတ္တာစေတသည် ထိုထိုသော တရားဥပဒေတွေထက် အတိုင်းမသိ ထိရောက် ထက်မျက်လှပေသည်။ တရားဥပဒေသည် ဈေးများတွင်၊ လူမြင်ကွင်းများ ခြင်းတွင်သာ ပြစ်မှုကျူးလွန်မှု တားမြစ် ဟန့်တားနိုင်ပေသည်။

သို့ရာတွင် တမန်တော်မြတ်၏ နှလုံးသားအတွင်းမှ ထွက်ပေါ်လာသည့် အစ္စလာမ့်အသံသည် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာ များကိုသာမက နာမ်ပိုင်းဆိုင်ရာ စိတ်နှလုံးများကိုပင် လူတို့၏ မြင်ကွင်းများတွင်သာ မဟုတ်၊ ညဉ့်သန်းကောင်ယံ အချိန်တွင်ပင် အခါခပ်သိမ်း အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိတော် မြင်တော်မူသော အလ္လာဟ် အသျှင်မြတ်၏ ရှေ့တော်

မှောက်သို့အရောက် ပို့ပေးခဲ့လေသည်။ ယခုမူ တိုင်းပြည်နှင့်အဝှမ်း အေးချမ်း သာယာလျက် ရှိချေပြီ။

တိုင်းပြည် အေးချမ်းသာယာရေးနှင့် စပ်လျဉ်း၍ တမန်တော်မြတ်ကြီးတင် ဟောကြားတော်မူခဲ့သည့်အတိုင်း လူများသည် 'ဆွာနီအာ'မှ ဟိဂျာဇ်အထိ တကိုယ်ထီး အဖေါ်မပါ အေးချမ်းစွာ ခရီးသွားလာနေခဲ့ကြသည်များကို ကျွန်ုပ်ကိုယ်တွေ့ မျက်မြင်ဖြစ်ခဲ့ပါသည်ဟု အဒီ ဣဗ်နု ဟာတင်မ်က ဝန်ခံထုတ်ဖေါ် ပြောဆိုခဲ့လေသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ အစ္စလာမ်နှင့် တမန်တော်မြတ်အား အမြဲတစေ ဝေဖန် ရေးသားလေ့ရှိသော အနောက်နိုင်ငံ နာမည်ကြီး စာရေးဆရာ (Mr Margoliuth) သည်ပင်လျှင် အောက်ပါအတိုင်း ဝန်ခံရေးသားခဲ့လေသည်။

> (တမန်တော်မြတ်) မုဟမ္မဒ်ကွယ်လွန် သေဆုံးတော်မူသည့်အချိန်တွင် တိုင်းပြည်စီမံ အုပ်ချုပ်မှုဆိုင်ရာ၊ တမန်တော်မြတ်၏အစီအစဉ်များသည် ပြီးပြည့်စုံနေခဲ့ပေပြီ။ တမန်တော်မြတ်သည် ဘာသာရေးနှင့်နိုင်ငံရေး ပေါင်းစပ်ထားသော အစိုးရကို စံနစ်တကျဖွဲ့စည်း တည်ထောင်နိုင်ခဲ့သည်။ တမန်တော်မြတ်သည် အစိတ်စိတ်အမွှာမွှာ ကွဲပြားနေခဲ့သော အရပ်မျိုးနွယ်တွေကို လူမျိုးတမျိုးအဖြစ် စုစည်းပေးနိုင်ခဲ့သည်။ တမန်တော်မြတ်သည် အရပ်တမျိုးလုံးအား လူတိုင်းလက်ခံနိုင်သည့် ဘာသာတရပ်ကို ပေးအပ်ခဲ့သည်။ ထို့မျှမက တမန်တော်မြတ်သည် ဆွေမျိုးသားချင်းဆိုင်ရာ တော်စပ်မှုများ ထက်ပင် အထူးတလည် တောင့်တင်း ခိုင်မြဲသော တော်စပ်မှုဖြင့် အရပ်တမျိုးလုံးအား ပေါင်းစပ် စုစည်းပေးခဲ့လေသည်။
>
> (Margoliouth ရေး Life of Mohammed.)
>
> စာမျက်နှာ- ၄၇၁။

# "MOHAMMED AND THE RISE OF ISLAM"
## BY
## David Samuel Margoliouth
## (1905)

**Note**.—I have very carefully scanned the pages of Margoliouth's book on our Holy Prophet Mohammed (s.a.w.) but have not found a single chapter or part of a chapter in which he has not made an attempt to give a false colouring of his own to the facts of the Prophet's life.

Therefore, the following extracts from Professor David Samuel Margoliouth, one of Mohammed's mo t vicious critics, is of great value as rebuttal of the views of other equally vicious critics of Islam and its Prophet:–

## MOHAMMED'S MARRIAGES

"Mohammed's numerous marriages after Khadijah's death have been attributed by many European writers to gross passion, but they would seem to have been mainly dictated by motives of less coarse kind. Several of his alliances were political in character, the Prophet being anxious to bind his chief followers more and more closely to himself. This was doubtless his object in marrying the daughters of Abu-Bakr and 'Omar; while a political motive of a different sort is to be found in his alliances with the daughters of political opponents or fallen enemies. Victory over an enemy would seem to have been consummated only when the enemy's daughter was introduced into the conqueror's harem. The remainder are to be explained by his extreme anxiety to have a son."[1]

## THE SUCCESSFUL TERMINATION OF MOHAMMED'S WORK

"His political work was not left half-finished at his death; he had founded an empire with a religious and a political capital; he had made a nation of a loose agglomeration of tribes. He had given them a rallying-point in

their common religion, and therein discovered a bond more permanent than a dynasty. The old faiths which had survived so long in secluded Arabia had been given their death-blow."2

## MOHAMMED'S HUMANITY

"His humanity extended itself to the lower creation. He forbade the employment of living birds as targets for marksmen and remonstrated with those who ill-treated their camels...... Foolish acts of cruelty which were connected with old superstitions were swept away by him.... No more was a dead man's camel to be tied to his tomb to perish of thirst and hunger. No more was the evil eye to be propitiated by the bleeding of a certain proportion of the herd. No more was the rain to be conjured by tying burning torches to the tails of oxen;...... The manes and tails of horses were not to be cut...... nor were asses to be branded."3

---

1. "MOHAMMED AND THE RISE OF ISLAM" by David Samuel Margoliouth, 1905. pages 176-77.
2. Ibid., pp. 471-72.
3. Ibid,

နိုင်ငံခြား အန္တရာယ်များမှာလည်း အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် အံ့ဘွယ်သရဲ ကင်းစင်သွားခဲ့၏။ ကုရိုက်ရှ်နှင့် မဒီနာမြို့ရှိ မွတ်စလင်မ်အရေခြုံများ၏ လှုံ့ဆော်ပေးမှုကြောင့် ယဟူဒီများသည် အစ္စလာမ်ကို ချေမှုန်းလိုခဲ့ကြ၏။ သို့ဘစေလည်း ၎င်းတို့ကိုယ်တိုင် ဟိဂျ်ရီ (၃) ခုနှစ်မှ (၇) ခုနှစ်အထိ အဆက်မပြတ်စစ်ပွဲများ ဆင်နွှဲနေခဲ့ကြရသည့်အတွက် အားအင် ချိနဲ့နေခဲ့ကြ၏။ နောက်ဆုံး ခိုင်ဗရ်စစ်ပွဲတွင် စစ်ရေးရှုံးနိမ့်သွားခဲ့ကြပြီး ၎င်းတို့၏ နိုင်ငံရေးအင်အားသည် လုံးဝပြက်ပြုံး ဆိတ်သုန်း သွားခဲ့လေသည်။

ဆီရီယနိုင်ငံနယ်နမိတ်ရှိ အီစာအီအရဗ်များကလည်း အစ္စလာမ်ကိုချေမှုန်းရန် တာဝန်ယူထားခဲ့ကြ၏။ အီစာအီ အရဗ် ခေါင်းဆောင်များတွင် 'ဃဘ်စ္စာနီ' မျိုးနွယ်ဝင်များသည် အားအင် အတောင့်အတင်းဆုံးဖြစ်ခဲ့ကြ၏။ ၎င်းတို့သည် ရောမနိုင်ငံ၏ သစ္စာတော်ခံများ ဖြစ်ခဲ့ကြ၏။ ၎င်းတို့သည်လည်း 'မုတဟ်' စစ်ပွဲတွင် စစ်ရေးနိမ့်ကာ ကစဥ့်ကလျား ဖြစ်သွားခဲ့ကြ၏။

ထို့နောက် ဟိဂျ်ရီ (၉) ခုနှစ်တွင် "တဗူက်" စစ်ပွဲဖြစ်ပွားခဲ့၏။ ထိုစစ်ပွဲ မဖြစ်ပွားမီ သတင်းအမျိုးမျိုး ထွက်နေခဲ့၏။ ရောမနိုင်ငံသည် အစ္စလာမ်ကို ချေမှုန်းရန်အတွက် အီစာအီ အရဗ်များအား စစ်လေ့ကျင့်ခန်းများပေး၍၊ စစ်သားများ အကြီးအကျယ် စုဆောင်းနေကြောင်း၊ စစ်သားများအား တနှစ်အတွက် ကြိုတင်လစာများပင် ထုတ်ပေးနေကြောင်း 'ဃတ်စ္စာနီ' မျိုးနွယ်ဝင်များလည်း စစ်အတွက် အသင့်ပြင်ဆင်နေကြောင်း၊ သတင်းများထွက်ပေါ်လျက်ရှိ၏။ ထို့အတွက် တမန်တော်မြတ်သည် စစ်သည် (၃၀၀၀၀) နှင့်အတူ စစ်ချီသွားတော်မူခဲ့၏။ ရက်ပေါင်း (၂၀) တိုင်တိုင် ရန်သူစစ်သည်များအား စောင့်ဆိုင်း နေတော်မူခဲ့၏။ အချိန်ကုန်သည်အထိ ရန်သူတဦးတယောက်မျှ ပေါ်မလာခဲ့ပေ။ သို့ပင်တစေ ယင်းသို့ တမန်တော်မြတ် စစ်သည်အသိုးအရင်းနှင့် စစ်ချီသွားတော်မူခဲ့ခြင်းအားဖြင့် ဃဘ်စ္စာနီမျိုးနွယ်မှအပ ကျန်မျိုးနွယ်အားလုံးတို့သည် ရောမအစိုးရအား ကျောခိုင်းပြီး၊ အစ္စလာမ့် အစိုးရလက်အောက်သို့ ခိုလှုံလာခဲ့ကြ၏။ တမန်တော်မြတ်သည် ဟိဂျ်ရီ (၁၁) ခုနှစ်တွင်၊ ကွယ်လွန်သေဆုံးတော်မူအံ့ဆဲဆဲအချိန်ဘွင် ရောမနိုင်ငံနှင့် စစ်ထိုးရန်အဘွက် သာဝကကြီး အုစာမဟ်ဗင်နဇိုက်ဒ်အား စစ်ဦးစီးချုပ် ခန့်ပြီး၊ စစ်တပ်လွှတ်ပေးရန် စီစဉ်တော်မူခဲ့သေး၏။ သို့ရာတွင် တမန်တော်မြတ်၏ အဆိုပါအစီအစဉ်သည် သာဝကကြီး အဗူဗကဲရ်လက်ထက်တွင်မှ အထမြောက်သွားခဲ့လေသည်။

ပါးရှား နိုင်ငံ အစိုးရသည်လည်း အသက်ဝင်နေခဲ့၏။ ဟိဂျရီ (၁၀)ခုနှစ်တွင် အစ္စလာမ် သာသနာပြုများ ရောက် ရှိ သွား ကြ သည့် အ ခါ၊ ပြိုင်ဆိုင် တိုက်ခိုက်မှု တစုံတရာမပြုဘဲ လက် နက် ချ သွား ခဲ့ ၏။ ယမန်၊ အမ္မာန်နှင့် ဗဟ်ရိုင်န်တွင် ၎င်းတို့၏ အစိုးရသည် အလိုလို ပျက်ပြယ်သွားခဲ့၏။

ယင်းသို့ဖြင့် တမန်တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ အကူအညီဖြင့် (၉) နှစ်၊ (၁၀)နှစ် ဆက်တိုက် ကြိုးပမ်းလာတော်မူခဲ့သည့်အတွက် ယခုမူ တိုင်းပြည်မှာ လုံးဝ အေးချမ်းသာယာသျက် ရှိနေပေပြီ။ ပြည်တွင်းစစ်လည်း ဆိတ်သုန်းသွားပေပြီ၊ ပြည်ပအန္တရာယ်များလည်း ကင်းစင်သွားပေပြီ။ ဆိုးသွမ်းသောင်းကျန်းနေခဲ့ကြသော အုပ်စုများသည်လည်း အမြင်မှန်ရလာကြလေပြီ။ ယခုမူ အေးချမ်းသာယာစွာဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့်အညီ အစ္စလာမ် သာသနာပြုရန် အခွင့်လမ်းကား ပွင့်လာချေပြီတကား။

# အစ္စလာမ် သာသနာပြုခြင်း။

တမန်တော်မြတ်၏ အဓိက တာဝန်မှာ ကမ္ဘာ့အဝှန်းတွင် အစ္စလာမ် သာသနာပြုရန်ပင် ဖြစ်သည်။ ပြုသင့်ပြုအပ်သော တော်-တည့်-လျော်ကန် သင့်မြတ်သော အကြောင်းအရာ ပစ္စည်း-နည်း-နိသျည်းတို့ဖြင့် ကမ္ဘာ့အဝှန်းအား အစ္စလာမ်သို့ ဘိတ်ခေါ်ရန်ပင် ဖြစ်သည်။ ဤကိစ္စအတွက် လက်နက်၊ စစ်တပ် မလိုပေ။ အစ္စလာမ့်အသံ ကမ္ဘာ့အနှံ့အပြားသို့ ရောက်ရှိသွားလျှင်ပင် လုံလောက်ပေသည်။ သို့ရာတွင် မက္ကာမြို့တော်၌ (၁၃)နှစ်တိုင်တိုင် အစ္စလာမ့်ရန်သူများသည် အစ္စလာမ့်အသံ ထွက်ပေါ်ပျံ့နှံ့သွားရေးတွင် အကြီးအကျယ်အဟန့်အတား ဖြစ်နေခဲ့ကြပေသည်။ ဟဂ်ျအချိန်တွင် အရပ်မျိုးနွယ်များသည် တိုင်းပြည်အရပ်ရပ်မှ ကအ်ဗဟ်ကျောင်းတော်သို့ လာရောက်လေ့ရှိခဲ့ကြ၏။ ထိုအခါ တမန်တော်မြတ်သည် မျိုးနွယ်အသီးသီးထံသို့ ကြွသွားတော်မူပြီး - ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ကျွန်ုပ်အား အမှန်တရား ဟောကြားခြင်းမှ ဟန့်တားနေကြသည်၊ ကျေးဇူးပြု၍ ထိုသို့မဟန့်တားရန် ပြောပေးကြပါ၊ အသင်တို့ကိုယ်တိုင်ကလည်း ဤအခွင့်အရေး ပေးကြပါ"ဟု မေတ္တာရပ်ခံတော်မူလေ့ ရှိခဲ့၏။ သို့တစေလည်း ကုရိုက်ရှ်၏ အရှိန်အဝါကြောင့် မည်သူမျှ မလိုက်လျော်ဝံ့ခဲ့ပေ။

ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် အစ္စလာမ့်အသံ လုံးဝထွက်ပေါ်မလာရန် အဘယ်မျှ ကြိုးစားခဲ့ကြသော်လည်း အမှန်တရားသည် အမြဲတစေ ဖုံးဖိထား၍ ရစကောင်းသော ကိစ္စမျိုးအား မဟုတ်ပေ၊ အစ္စလာမ်တည်းဟူသော သူရိယနေမင်း၏ ရောင်ခြည်များသည် အထပ်ထပ် ကာဆီးလျက်ရှိသော တိမ်သလာများကိုပင် ဖေါက်၍ ဖေါက်၍ ထွက်ပေါ်လာပြီး နှလုံးသားများအပေါ်သို့ ကျရောက်သွာခဲ့ပေသည်။ ပတ်ဝန်းကျင်ကိုလည်း လင်းစင်းစေခဲ့သည်။

အစ္စလာမ့်အဘို့မှာကား သဘင်းပျံ့ပွါးသွားရန်သာ လိုပေသည်၊ သတင်းပျံ့ပွါးသွားသည့်အခါ အစ္စလာမ်သည် သူ့အလုပ် သူလုပ်သွားပေသည်။ ဤသည့်အလုပ်ကိုလည်း အစ္စလာမ့်ရန်သူများကပင် ပြုလုပ်ပေးခဲ့ကြပေသည်။

ဖြစ်ပုံကား ဟင်္ဂျီ အချိန် ကူရောက်လာသည့်အခါ ကိုင်ကျ်ရှိခေါင်းဆောင်များသည် လူအများသွားလာရာ လမ်းများတွင် ယာယီတဲများ ထိုးလှေ့ရှိခဲ့ကြ၏။ ကျောင်းတော်ဖူးများ ၎င်းတို့နှင့် လာရောက် တွေ့ဆုံကြသည့်အခါ တမန်တော်မြတ် ပွင့်တော်မူသည့် သတင်းကလည်း ပျံ့နှံ့နေပြီ ဖြစ်ရာ၊ ငေမီရ ငေမိငကြောင်း တမန်တော်မြတ်၏ အကြောင်းကို စုံစမ်းမေးမြန်းကြ၏။ စကား မပေပင်လျှင်လည်း ၎င်းတို့ကိုယ်တိုင်က ကျောင်းတော်ဖူး များအား– "ကျွန်ုပ်တို့မြို့တွင် အယူဝါဒ လွဲမှားနေသူတဦး ပေါ်နေသည်။ ထိုသူသည် အသင်တို့၊ ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို၊ အထူးသဖြင့် 'လာတ်' ဘုရားနှင့် 'အုဇ္ဇာ' ဘုရားများကိုပင် မကောင်းပြောသည်" ဟု တင်ပြောဆိုကြ၏။ ယင်းသို့ဖြင့် အစ္စလာမ့်ရန်သူများကပင် တမန်တော်မြတ်နှင့် ပတ်သက်၍ ဆန့်ကျင်ဝါဒဖြန့်ရင်း တမန်တော်မြတ်၏ သတင်းကို ပျံ့ပွါးသည်ထက် ပျံ့ပွါးအောင်ပြုလုပ်ပေးခဲ့ကြ၏။

တိုင်းပြည်တွင် တမန်တော်မြတ်၏အမည် တစတစနှင့် ပျံ့နှံ့ကျော်ကြားလာခဲ့သည့်အခါ ပဋိမသော် အများစုက ဆန့်ကျင်ခဲ့၏။ သို့တစေလည်း ထိုမျှကြီးမားသော တိုင်းပြည်ကြီးတပြည်တွင် ကိစ္စတရပ်ပေါ်လာလျှင် ကျိုးကြောင်းစပ်ဟပ်၍ ဖြစ်ရပ်မှန်ကို ဆင်ခြင် သုံးသပ် လိုသူများသည် အနည်းနှင့်အများ ရှိကြသည်သာ ဖြစ်၏။ ထိုခေတ်ထိုအချိန်တွင်လည်း အာရေဗျပြည်မှာ ထိုသို့သော ပုဂ္ဂိုလ်များ အတော်အသင့် ရှိနေခဲ့ကြပြီး ဖြစ်၏။

ယင်းသို့သော ပုဂ္ဂိုလ်များသည် မိဘရိုးရာ ကိုးကွယ်ရာများကိုပင် စွန့်လွှတ် ထားခဲ့ကြပြီး ဖြစ်၏။ အမှန်တရားကို ရှာနေခဲ့ကြ၏။ အချို့သည် တမန်တော် ဣဗ်ရာဟိမ်၏ "ဟနီဖီ" သာသနာ * ကို လက်ခံယုံကြည်ထားသူများပင် ရှိနေ ခဲ့သေး၏။

တမန်တော်မြတ်၏ အမည်နာမ ကျော်ကြား လာခဲ့သည့်အခါ ဖြစ်ရပ်မှန်ကိုသိလိုသော ပုဂ္ဂိုလ်များသည် ယမန်ပြည်နယ် စသည်ဖြင့် အလှမ်းဝေးလံနေသော နေရာများမှပင် မက္ကာမြို့တော်သို့ ရောက်ရှိလာခဲ့ကြ၏။ စူးစမ်းလေ့လာခဲ့ကြ၏။ တမန်တော်မြတ်နှင့် ဘွေ့ဆုံ ဆွေးနွေးခဲ့ကြ၏။ အမှန်တရားကို သိမြင်လာကြသည့်အခါ အစ္စလာမ်ကို သက်ဝင်ယုံကြည် လာခဲ့ကြ၏။

---

* 'ဟနီဖီ' သာသနာ အကြောင်း၊ တမန်တော်မြတ်၊ အတွဲ (၁)၊ စာမျက်နှာ (၂၂၊ ၂၅)တွင် အကျယ် ရေးသား ခဲ့ပေပြီ၊

[သာဓိ]

သို့ရာတွင် အခြေအနေအရ မိမိတို့အစုလာမ်သို့ ကူးပြောင်းသွားကြသည်ကိုမူ လျှို့ဝှက်ထားခဲ့ကြ၏။ ယင်းသို့သော ပုဂ္ဂိုလ်များ၏ အကြောင်းကို ဟာဖိဇ်ဂူဗိန်နှ ဟာဂျ်ရ် သည် "ဒ်ိဆွာဗဟ်" ကျမ်းတွင် အတည့်အလင်း ထည့်သွင်း ဖော်ပြထားသည်။

သာ၀ကကြီး "အဗူမူစာ အရှ်အရီ"၊ သာ၀ကကြီး "တုဖိုင်လ် ဣဗ်နု အမ်ရ် ဒေါင်စီ"တို့သည် ယမန်ပြည်သားများ ဖြစ်ခဲ့ကြ၏။ အဆိုပါ သာ၀ကြီး ၂- ပါး၏ မျိုးနွယ်များသည် တမန်တော်မြတ် မက္ကာမြို့တော်တွင် နေထိုင်တော်မူသည့် ခေတ်အတွင်းမှာပင် အစ္စလာမ်သို့ ကူးပြောင်း လာခဲ့ကြပေသည်၊

## တုဖိုင်လ် ဣဗ်နု အမ်ရ် ဒေါင်စီ မွတ်စလင်မ် ဖြစ်လာခဲ့ခြင်း။

တုဖိုင်လ် ဣဗ်နု အမ်ရ် ဒေါင်စီသည် အာရေဗျပြည်၏ ကျော်ကြားသော လင်္ကာဆရာတဦး ဖြစ်ခဲ့၏။ အာရေဗျပြည်တွင် လင်္ကာဆရာများသည် အတော် တန်ခိုး ကြီးခဲ့ကြ၏။ မိမိတို့၏ လင်္ကာများ ဖြင့် လူထုအား လိုရာသို့ ဆွဲဆောင်နိုင်ခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် ကုရိုက်ရှ်မျိုးနွယ်သည် တုဖိုင်အား တမန်တော်မြတ်နှင့် သွားရောက် မတွေ့ဆုံမိရန် အထူး ကြိုးစားခဲ့ကြ၏။

အကြောင်းအားလျော်စွာ တုဖိုင်လ်သည် တမန်တော်မြတ် ကရ်အာန်ကျမ်းမြတ် ရွတ်ဖတ် နေတော်မူသည်ကို ကြားလိုက်ရသည့်အခါ ချက်ချင်းပင် မွတ်စလင်မ်ဖြစ်သွားခဲ့၏။ တုဖိုင်လ်၏ကျေးဇူးဖြင့် အချို့ "ဒေါက်စ်" မျိုးနွယ်ဝင်များလည်း ထိုအချိန်မှာပင် မွတ်စလင်မ် ဖြစ်လာခဲ့ကြ၏။

သို့တစေသည်း "ဒေါက်စ်"မျိုးနွယ်ဝင်အားလုံးတို့သည် တုဖိုင်လ်၏ ဘိတ်ကြားချက်ကို လက်မှုခံခဲ့ကြပေ။ တုဖိုင်လ်သည် စိတ်ပျက်ကာ တမန်တော်မြတ်ထံ ရောက်ရှိလာပြီး "တမန်တော်မြတ်၊ ဒေါက်စ်မျိုးနွယ်သည် ကျွန်တော်၏ ဘိတ်ကြားချက်ကို လက်မခံပါ၊ ၎င်းတို့အား ကျိန်ဆဲတော်မူပါ" ဟု လျှောက်ထားရာ တမန်တော်မြတ်က လက်မြှောက်ကာ- "အို....အလ္လာဟ်အသျှင်မြတ်၊ ဒေါက်စ် မျိုးနွယ်အား အမှန်တရား ပြတော်မူပါ၊ ၎င်းတို့အား ကျွန်တော် မျိုးထံ ပို့ပေးတော်မူပါ" ဟု ဆုပန်ကြားတော်မူ၏။ သို့ ဆုပန်ကြားတော်မူပြီးနောက် မကြာမီပင် ဒေါက်စ် မျိုးနွယ်ဝင် အားလုံးတို့သည် မွတ်စ်လင်မ် ဖြစ်လာခဲ့ကြလေသည်။

## အမ်ရ် ဣဗ်နု အဗစဟ် မွတ်စလင်မ် ဖြစ်လာခဲ့ခြင်း။

အမ်ရ် ဣဗ်နု အဗစဟ် စလမိသည်လည်း အစောပိုင်းက မွတ်စ်လင်မ် ဖြစ်လာခဲ့ကြသော ပုဂ္ဂိုလ်များတွင် အပါအဝင် ဖြစ်၏။ မက္ကာမြို့တော်တွင် တမန်တော်တပါးပွင့်ခကြောင်း ကြားသိရသောအခါ ဖြစ်ရပ်မှန်ကို သိလိုသည့် စေတနာဖြင့် မက္ကာမြို့တော်သို့ ရောက်ရှိလာခဲ့၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် ကုရိုက်ရှ်၏ နှိပ်စက် ညှဉ်းပန်းမှုများကြောင့် ပုန်းကွယ်နေတော်မူခဲ့၏။ အမ်ရ် ဣဗ်နု အဗစဟ်သည် တမန်တော်မြတ်ထံ မရမက ရှာ၍ ရောက်ရှိလာခဲ့၏။

တမန်တော်မြတ်နှင့်တွေ့သည့်အခါ "အသင် မည်သူပါနည်း"ဟုမေးရာ တမန်တော်မြတ်က "ကျွန်ုပ် တမန်တော် ဖြစ်ပါသည်"ဟု ဖြေကြားတော်မူ၏။ ဆက်လက်၍ အမ်ရ် ဣဗ်နု အဗစဟ်က "တမန်တော်ဟူသည် မည်သို့သော ပုဂ္ဂိုလ်ပါနည်း"ဟုမေးရာ တမန်တော်မြတ်က "အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား တမန်တော်မြတ်အဖြစ် စေလွှတ်တော်မူပါသည်"ဟု ဖြေကြားတော်မူ၏။ အမ်ရ်ဣဗ်နုအဗစဟ်က ဆက်လက်၍ "အလ္လာဟ်အသျှင်မြတ်သည် မည်သို့သောအမိန့်၊ ပညတ်တော်များ ပေးလွှတ်တော်မူလိုက်ပါသနည်း"ဟု မေးပြန်ရာ တမန်တော်မြတ်က "အလ္လာဟ်အသျှင်မြတ် တပါးတည်းအားသာလျှင် ကိုးကွယ်ရမည်။ ထိုအသျှင်မြတ်နှင့်ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ မကိုးကွယ်ရ၊ မိရိုးဖလာ ကိုးကွယ်ရာများကို ဖယ်ရှားပစ်ရမည်။ သားချင်းများ၏ တာဝန်ကျေပွန်ရမည်"ဟု ဖြေကြားတော်မူ၏။

အမ်ရ် ဣဗ်နု အဗစဟ်က "ဤသာသနာကို လက်ခံသူ မည်မျှရှိပါနည်း" ဟု မေးရာ၊ တမန်တော်မြတ်က "လွတ်လပ်သူတဦး (အဗူဗက်ရ်)နှင့် ကျွန်တယောက် (ဗိလာလ်)ဖြစ်သည်"ဟု ဖြေကြားတော်မူ၏။ ထိုအခါ အမ်ရ်က– "ကျွန်တော်လည်း တမန်တော်မြတ်၏ သာသနာကို လက်ခံပါသည်"ဟု ပြောရာ၊ တမန်တော်မြတ်က "ယခုတော့ ပွင့်လင်းစွာ အစ္စလာမ်ကို ကျင့်သုံးရန် မလွယ်။ ငါ့အခြေအနေ မည်သို့၊ လူတို့၏အခြေအနေ မည်ပုံရှိသည်ကို အသင်အမြင်ပင်၊ ငါအောင်မြင်ကြောင်း ကြားရသောအခါ ငါ့ထံ လာခဲ့"ဟု မိန့်ကြားတော်မူလိုက်၏။ ထိုအချိန်တွင် အမ်ရ်သည် အစ္စလာမ်ကို ရင်ဝယ်ပိုက်ကာ အသာပြန်သွားခဲ့၏။ တမန်တော်မြတ် မဒီနာသို့ ရွှေ့ပြောင်းသွားတော်မူပြီးနောက် အောင်မြင်တော်မူကြောင်း ကြားသိရသောအခါ အမ်ရ် ဣဗ်နုအဗစဟ်သည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာခဲ့လေသည်။

## ဿမ္မာဒ် ဣဗ်နု ဆအ်လဗဟ် မွတ်စလင်မ် ဖြစ်လာခဲ့ခြင်း–

ဿမ္မာဒ် ဣဗ်နု ဆအ်လဗဟ်သည် အဇဒ်(အဇဒ်) မျိုးနွယ်၏ ခေါင်းဆောင်ဖြစ်ခဲ့၏။ အငိုက်ခေတ်တွင် တမန်တော်မြတ်၏ မိတ်ဆွေတဦးလည်း ဖြစ်ခဲ့၏။ မက္ကာမြို့တော်သို့ ရောက်ရှိလာသည့်အခါ (တမန်တော်မြတ်) မုဟမ္မဒ်အား ဇုန်းပူးစားထားသည်ဟု ကြား၏။ ဿမ္မာဒ်သည် မန်းမှုတ်၍ ကုသလေ့ရှိခဲ့၏။ ထိုအခါ တမန်တော်မြတ်ထံ ရောက်ရှိလာပြီး ကျွန်ုပ် အသင့်အား မန်းမှုတ် ကုသ ပေးပါမည်ဟု ပြောရာ၌ တမန်တော်မြတ်က အောက်ပါအတိုင်း ရွတ်ဆိုပြတော်မူလိုက်၏။

الحمد لله نحمده ونستعينه من يهده الله فلا
مضل له ومن يضلله فلا هادي له واشهد
ان لا اله الا الله وحده لا شريك له واشهد
ان محمدا عبده ورسوله

("ချီးမွမ်းထောပနာမှု အစုစုသည် အလ္လာဟ်အသျှင်မြတ် အဘို့သာလျှင် ဖြစ်၏။ ကျွန်ုပ်တို့သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုကြ၏။ ထိုအသျှင်မြတ်ထံ အကူအညီတောင်းကြ၏။ ထိုအသျှင် လမ်းပြသူအား လမ်းမှားစေနိုင်သူလည်း မရှိ။ ထိုအသျှင် လွဲမှားစေသူအား လမ်းပြနိုင်သူလည်း မရှိ။ အလ္လာဟ်အသျှင်မြတ်မှတပါး ကိုးကွယ်ရာဟူ၍ အလျှင်း မရှိကြောင်း၊ ထိုအသျှင်သည် တပါးတည်းသာလျှင် ဖြစ်တော်မူကြောင်း ထိုအသျှင်၌ ယှဉ်ပြိုင်ဘက်ဟူ၍ အလျှင်းမရှိကြောင်း ကျွန်ုပ် သက်သေခံသည်။ မုဟမ္မဒ်သည် ထိုအသျှင်မြတ်၏ အစေတော်၊ တမန်တော် ဖြစ်ကြောင်း ကိုလည်း ကျွန်ုပ် သက်သေခံသည်")။

ဿမ္မာဒ်သည် တမန်တော်မြတ်၏ အထက်ပါ စကားရပ်များကို မကြားစဖူး ကြားလိုက်ရသည့်အခါ တမန်တော်မြတ်အား ဒုတိယမ္ပိ ရွတ်ဆိုပြရန် မေတ္တာရပ်၏။ တမန်တော်မြတ်က ရွတ်ဆိုပြတော်မူ၏။ ဿမ္မာဒ်သည် တတိယမ္ပိ ရွတ်ဆိုပြတော်မူရန်မေတ္တာရပ်၏။ တမန်တော်မြတ်က ရွတ်ဆိုပြတော်မူလိုက်၏။ ထိုအခါ ဿမ္မာဒ်က–"ကျွန်ုပ်သည် ဗေဒင်ဟူးရား ဆရာများ၏ စကားများကို

လည်း ကြားဘူးပါသည်။ စုန်း မှော် ဆရာများ၏ ဂါထာမန္တန်များကိုလည်း။ ကြားဘူးပါသည်၊ လက်ဝှာဆရာများ၏သင်္ကာ၊ ကဗျာများကိုလည်း ကြားဘူးပါသည်၊ သို့သော် ဤသို့သော် စကားရပ်များကိုမူ တကြိမ်တခါမျှ မကြားဘူးပါ။ ဤသည့် စကားရပ်များသည် သမုဒ္ဒရာပင်လယ်၏ အောက်ဆုံးအလွှာထိအောင် ပင်လျှင် ထိရောက်စွဲငြိစေနိုင်ပါသည်။ တမန်တော်မြတ်၊ လက်ပေးတော်မူပါ၊ ကျွန်တော် အစ္စလာမ်ကို သက်ဝင် ယုံကြည်ပြီဖြစ်ကြောင်း ဗိုင်အတ်‘- ကတိ သစ္စာပြုပါရစေ’’ဟု မေတ္တာရပ်ခံ၏။

သို့မေတ္တာရပ်ခံသည့်အတိုင်း တမန်တော်မြတ်ကလည်း ကတိ သစ္စာပြုစေတော်မူခဲ့၏။ ထို့နောက် တမန်တော်မြတ်က- ‘‘အသင်သည် မိမိ၏ မျိုးနွယ်ဝင် အားလုံးဘို့၏ ကိုယ်စားလည်း ကဘိ သစ္စာ ဆိုချန် မိန့်ကြားတော်မူသည့်အခါ သွှမှာဒ်သည် မိမိ၏ မျိုးနွယ်ဝင် အားလုံးတို့၏ ကိုယ်စားလည်း ရဲဝံ့စွာ ကတိ သစ္စာ ဆိုသွားခဲ့၏။ သို့ သစ္စာဆိုခဲ့သည့်အတိုင်း မိမိ မျိုးနွယ်ဝင်များအား အစ္စလာမ်ကိုတင်ပြရာ မျိုးနွယ်ဝင်အားလုံး မွတ်စလင်မ် ဖြစ်လာခဲ့ကြလေသည်။

တခါသော် စစ်ပွဲတပွဲတွင် မွတ်စလင်မ် စစ်သည်များသည် အဆိုပါ အစဒ်ချိုးနွယ်ဝင်များ နေထိုင်ရာ ဒေသအနီးမှ ဖြတ်သန်းသွားခဲ့ကြ၏။ ထိုအခါ စစ်ဗိုလ်လုပ်သူက- ‘‘ဤချိုနွယ်၏ ပစ္စည်း တစုံဘရာကို တဦးဘယောက် ယူမိသလား’’ဟုမေးရာ စစ်သားတယောက်က- ‘‘ကျွန်တော် ခေအိုးကလေးတလုံး ယူမိပါသည်’’ဟု ဖြေရာ၊ စစ်ဗိုလ်က- ‘‘ယခု ချက်ချင်း ပြန်ပေးသိုက်’’ဟု အမိန့် ပေးခဲ့လေသည်။

## (သာဝကကြီး) ‘အဗူဇရ်’ မွတ်စလင်မ် ဖြစ်လာခဲ့ခြင်း။

‘ဃိဖါရ်မျိုးနွယ်သည် ကုရိုက်ရှ်မျိုးနွယ်ဝင်များ ဆီရိယပြည်သို့ ကူးသန်း ရောင်းဝယ်ရေးအတွက် သွားလာသော လမ်းခရီးတွင် နေထိုင်လျက်ရှိခဲ့၏။ ဃိဖါရ် မျိုးနွယ်ဝင်များဘွင် တမန်ဘော်မြတ် ပွင့်တော်မူသည့် အကြောင်း သဘင်းဖြစ်ပွါးလာသည့်အခါ(သာဝကကြီး)အဗူဇရ်သည် ယခင်ကဘည်းကပင် ရိုးရာကိုးကွယ်ရာများကို ရွံမုန်း၍ အမှန်ဘရားကို ရှာနေခဲ့သည်ဖြစ်ရာ၊ မိမိ၏ နောင်ခတော် (အနီစ်)အား မက္ကာမြို့ဘော်သို့ စေလွှတ်၍ တမန်တော်မြတ် အကြောင်း လေ့လာစေခဲ့၏။ အနီစ်သည် မက္ကာမြို့တော်သို့လာ၍ တမန်တော်

မြွတ်အကြောင်း ကောင်းစွာ လေ့လာ၏။ ထို့နောက် ပြန်လာပြီး "မက္ကာမြို့တော်ရှိ တမန်တော်သည် ကိုယ်ကျင့်တရား မြင့်မြတ်ရန်အတွက် ပညာပေးလျက်ရှိကြောင်း၊ ထိုတမန်တော် တင်ပြသော တရားစကားများသည် လက်ကာနှင့်မတူကြောင်း၊ တမူထူးကြောင်း" ပြန်လည်ပြောပြ၏။

သာဝကကြီး အဗူဇရ်သည် မိမိ၏ နောင်တော်၏ တိုတိုတုတ်တုတ် အဖြေနှင့် မရောင့်မရဲဖြစ်နေခဲ့၏၊ နောက်ဆုံးတွင် ခရီးသွားအသုံးအဆောင် အနည်းငယ်ယူပြီး မက္ကာမြို့တော်သို့ ဦးတည်ခရီး ထွက်လာခဲ့၏။ မက္ကာမြို့တော်သို့ ရောက်သည့်အခါ ဖြစ်ပေါ်နေသည့် အခြေအနေအရ တမန်တော်မြတ်နှင့် ပတ်သက်၍ မည်သူတဦးတယောက်ကိုမျှ မေးမြန်း၊ စုံစမ်းခြင်း မပြုဝံ့ခဲ့ပေ။ ကံအားလျော်စွာ ကျောင်းတော်တွင် သာဝကကြီး အလီနှင့် တွေ့ဆုံမိ၏။ သာဝကကြီး အလီသည် သာဝကကြီး အဗူဇရ်အား မိမိနေအိမ်တွင် တည်းခိုစေ၏။ သာဝကကြီး အဗူဇရ်သည် သုံးရက်ရှိသည့်တိုင်အောင် တမန်တော်မြတ် အကြောင်းနှင့် ပတ်သက်၍ သာဝကကြီး အလီအားလည်း မမေးဝံ့ခဲ့ပေ။ နောက်ဆုံးတွင် သာဝကကြီး အလီကပင် သာဝကကြီး အဗူဇရ်အား "အဘယ် ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာပါသနည်း" ဟု စတင် မေးမြန်းရာ သာဝကကြီး အဗူဇရ်သည် စကားပေါက်ကြားသွားမည်ကို စိုးရိမ်လှသဖြင့် အပြန်အလှန် ကတိကဝတ် ပြုလုပ်ပြီးမှ မိမိရောက်ရှိလာခဲ့သည့် ရည်ရွယ်ချက်ကို ပြောပြ၏။

သာဝကကြီးအလီသည် သာဝကကြီးအဗူဇရ်အား တမန်တော်မြတ်ထံ ခေါ်ဆောင်လာခဲ့၏။ တမန်တော်မြတ်သည် အစ္စလာမ်ကို ဟောကြားတော်မူ၏။ သာဝကကြီးအဗူဇရ်သည် တမန်တော်မြတ်၏ လက်ပေါ်မှာပင် အစ္စလာမ်ကို သက်ဝင်ယုံကြည်လာခဲ့၏။ ထို့နောက်တမန်တော်မြတ်က အဆိုပါ သာဝကကြီးအား "ယခုသော် အသင် အိမ်ပြန်၊ လက်တွေ့ လိုက်နာ ကျင့်သုံးရန် အတွက် လိုအပ်ချက်များကို ငါ အကြောင်းကြားပေးမည်" ဟု မိန့်ကြားတော်မူ၏။ ထိုအခါ အဆိုပါသာဝကကြီးက အစ္စလာမ့်စိတ်ဓါတ် ပြင်းပြထက်သန်စွာဖြင့် "တမန်တော်မြတ်၊ ကျွန်တော် အိမ်မပြန်သိုသေးပါ၊ ကျွန်တော်သည် မိမိ မွတ်စလင်မ် ဖြစ်ကြောင်း ကြေညာပြီးမှ ကျေနပ် နိုင်ပါမည်" ဟု တင်ပြလျှောက်ထားခဲ့၏။

သို့တင်ပြလျှောက်ထားပြီးနောက် သာဝကကြီး အဗူဇရ်သည် 'ကအ်ဗဟ်' ကျောင်းတော်သို့ ရောက်ရှိလာပြီး၊ ကုရိုက် ရှ် မျိုးနွယ် ဝင် ခေါင်းဆောင်

ကြီးငယ် တို့ ရှေ့မှောက် တွင် — (لَا اِلٰهَ اِلَّا اللّٰهُ مُحَمَّدٌ رَّسُوْلُ اللّٰهِ)
(အလ္လာဟ် အသျှင်မြတ်မှတပါး အခြား ကိုးကွယ်ရာဟူ၍ အလျှင်းမရှိကြောင်း ကျွန်ုပ်သက်သေခံသည်။ တမန်တော်မြတ် မုဟမ္မဒ်သည် အလ္လာဟ် အသျှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း ကျွန်ုပ် သက်သေခံသည်) –ဟု သံကုန်ဟစ်၍ ကျေညာလိုက်လေတော့၏။

ဤကျေညာသံကို ကုရိုက်ရှ်မျိုးနွယ်ဝင်များ ကြားလိုက်ကြရသည့်အခါ အရပ်လေးမျက်နှာမှ ဝိုင်းလာပြီး သာဝကကြီး အဗူဇရ်အား ရိုက်ပုတ်ကြလေတော့၏။ ထိုအချိန်တွင် သာဝကကြီး အဗ်ဗါစ်သည် ရောက်ရှိလာပြီး၊ သာဝကကြီး အဗူဇရ်အား ကာကွယ်ထားလိုက်၏။ ထို့နောက် ကုရိုက်ရှ်မျိုးနွယ်ဝင် ခေါင်းဆောင်များအား "အသင်တို့သည် ဤပုဂ္ဂိုလ်အား သိကြရဲ့လား၊ ဤပုဂ္ဂိုလ်သည် 'ဃိဖါရ်'မျိုးနွယ်ဝင် ဖြစ်သည်၊ 'ဃိဖါရ်' မျိုးနွယ်သည် ဆီရီယနိုင်ငံသို့ အသင်တို့သွားလာသော လမ်းခရီးပေါ်တွင် နေထိုင်လျက်ရှိသည်"ဟု ပြောပြလိုက်သည့်အခါမှ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် သာဝကကြီး အဗူဇရ်အား လွှတ်လိုက်ကြလေသည်။

နောက်တနေ့တွင်လည်း သာဝကကြီး အဗူဇရ်သည် ကျောင်းတော်သို့သွား၍ ယခင်အတိုင်းပင် ကျေညာပြန်၏။ ကုရိုက်ရှ် မျိုးနွယ်ဝင်များကလည်း မနေ့ကအတိုင်းပင် ရိုက်ပုတ်ကြပြန်၏၊ ယနေ့လည်း ကံအားလျော်စွာ သာဝကကြီး အဗ်ဗါစ် ရောက်လာပြီး ကာကွယ်ပေးလိုက်ခဲ့လေသည်။

## 'ဃိဖါရ်'မျိုးနွယ် အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ခြင်း။

သာဝကကြီး အဗူဇရ်သည် မက္ကာမြို့တော်မှပြန်လာပြီး၊ မိမိ၏ဃိဖါရ်မျိုးနွယ်ဝင်များအား အစ္စလာမ်ကို တင်ပြသည့်အခါ မျိုးနွယ် ထက်ဝက်သည် ထိုအချိန်မှာပင် မွတ်စလင်မ် ဖြစ်လာခဲ့ကြ၏။ ကျန် မျိုးနွယ်ဝင်များက– "တမန်တော်မြတ် မဒီနာမြို့သို့ ကြွရောက်သည့်အခါ အစ္စလာမ်ကို ပွင့်လင်းစွာ လက်ခံကြပါမည်"ဟု ပြောခဲ့ကြ၏။ သို့ပြောခဲ့ကြသည့်အတိုင်းပင် တမန်တော်မြတ် မဒီနာမြို့သို့ ကြွလာတော်မူသည့်အခါ မွတ်စလင်မ်များ ဖြစ်လာခဲ့ကြလေသည်။

## 'အတ်စ်လမ်' မျိုးနွယ် အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ခြင်း။

'အတ်စ်လမ်' မျိုးနွယ်သည် ဃိဖါရ် မျိုးနွယ်နှင့် မနီးမဝေးမှာပင် နေထိုင်လျက် ရှိခဲ့၏ အဆိုပါ မျိုးနွယ် ၂-ခုလုံးသည် ရှေးအတိတ်ကတည်းက ပင် အချင်းချင်း အပေးအယူ၊ အဆက်အသွယ်များ ရှိခဲ့၏။ ဃိဖါရ် မျိုးနွယ်၏ ကျေးဇူးကြောင့်ပင် အတ်စ်လမ် မျိုးနွယ်ဝင် များလည်း မွတ်စလင်မ်များ ဖြစ်လာခဲ့ကြ၏။ (အမှန်မှာ အဆိုပါ မျိုးနွယ် ၂-ခုလုံးသည် အစ္စလာမ်ကို လက်မခံမီ အလျင်က ခိုးဝှက် လုယက်ရာတွင် နာမည်ကြီးနေခဲ့ကြ၏။ အစ္စလာမ် ကို လက်ခံချိန်တွင် အစ္စလာမ်သည် ခိုးဝှက်၊ လုယက်၊ တိုက်ခိုက်မှု၏ ရန်သူ ဖြစ်သည်ကိုလည်း သိရှိခဲ့ကြ၏။)

## 'အောက်စ်' နှင့် 'ခတ်ဇ်ရဂျ်' အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ခြင်း။

အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဟဂျ်အချိန်တွင် များသော အားဖြင့် အရပ်ဗျိုးနွယ်များ မက္ကာမြို့တော်တွင် လာရောက် စုရုံးလေ့ရှိခဲ့ကြ၏။ ထိုအချိန်တွင် တမန်တော်မြတ် သည် မျိုးနွယ် အသီးသီးတို့ထံသို့ သွား ရောက်၍ အစ္စလာမ်ကို တင်ပြတော်မူလေ့ရှိခဲ့၏။ ထိုအချိန်မှာပင် မဒီနာမြို့ရှိ 'အောက်စ်' နှင့် 'ခတ်ဇ်ရဂျ်' မျိုးနွယ်ဝင်များအနက် အတော်များများသည် မွတ်စလင်မ် ဖြစ်လာခဲ့ကြ၏။ ထို့နောက် တမန်တော်မြတ်သည် သာဝကကြီး မွတ်ဆ်အဗ် ဗ္ဗ်နူ အုမိုင်ရ်အား အစ္စလာမ်သာသနာပြု ပုဂ္ဂိုလ်အဖြစ် မဒီနာမြို့သို့ စေလွှတ်ပေးတော်မူခဲ့၏။ သာဝကကြီး မွတ်ဆ်အဗ်၏ ကြိုးပမ်းမှုကြောင့် လအနည်းငယ် အတွင်းမှာပင် ၂-အိမ်ထောင်မှအပ ကျန်အားလုံးတို့သည် မွတ်စလင်မ် ဖြစ်လာခဲ့ကြ၏။

တမန်တော်မြတ် မက္ကာမြို့တော်မှ ရွှေ့ပြောင်း၍ မဒီနာမြို့သို့ ကြွရောက်သွားတော်မူသည့်အခါ၊ မဒီနာမြို့ပတ်ဝန်းကျင်ရှိ မျိုးနွယ်များအနက် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း 'ဃိဖါရ်' နှင့် 'အတ်စ်လမ်' မျိုးနွယ် ဝင်များ အားလုံး မွတ်စလင်မ် ဖြစ်လာခဲ့ကြ၏။

ထို့နောက် မကြာမီအတွင်းမှာပင် ဗဒ်ရ် စစ်ပွဲဖြစ်ပွားခဲ့၏။ ဗဒ်ရ် စစ်ပွဲ တွင် ကုရိုက်ရှ် စစ်ရှုံးနိမ့်သွားခဲ့၏။ မွတ်စလင်မ်တို့ လက်တွင်းသို့ သုံ့ပန်း အဖြစ် လူပေါင်း (၇၀)ဖမ်းဆီးခြင်း ခံခဲ့ကြရ၏။ ယင်းသုံ့ပန်းများ၏

လွတ်မြောက်ရေး ကိစ္စအတွက် ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် မဒီနာမြို့သို့ မလွဲမရှောင်သာ ဝင်ထွက် သွားလာခဲ့ကြရ၏။ သို့ဝင်ထွက် သွားလာရာတွင် မွတ်စလင်မ်များနှင့်၎င်း တမန်တော်မြတ်နှင့်၎င်း ရင်းနှီးစွာတွေ့ဆုံခွင့်ရရှိခဲ့ကြ၏။ ထိုသို့ ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခွင့် ရရှိကြသည့်အတွက် အချို့ ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် မွတ်စလင်မ် ဖြစ်လာခဲ့ကြလေသည်။

## ဂျုဗိုင်ရ် ဣဗ်နု မွတ္တအင်မ် မွတ်စလင်မ် ဖြစ်လာခဲ့ခြင်း။

အချို့ပုဂ္ဂိုလ်များသည် အနှလာမ်ကို အလွန်မုန်းတီးပါလျက် ကုရ်အာန် ကျမ်းလာ မုကဒ္ဒပါဠ်တော်များ ရွတ်ဖတ်သံ ကြားရုံကာမျှဖြင့် စိတ်ဓါတ်ပြောင်းကာ မွတ်စလင်မ် ဖြစ်လာခဲ့ကြသည်များလည်း ရှိပေသည်။ ဥပမာ– ဂျုဗိုင်ရ် ဣဗ်နု မွတ္တအင်မ်သည် ဗဒ်ရ်စစ်ပွဲတွင် မွတ်စ်လင်မ်တို့လက်တွင်းသို့ သုံ့ပန်းအဖြစ် ကျရောက်သွားသော သုံ့ပန်းများကို လျော်ကြေးပေး၍ လွတ်မြောက်စေရန် အတွက် မဒီနာမြို့သို့ ရောက်ရှိလာခဲ့၏။ တရက် တမန်တော်မြတ်သည် ကုရ်အာန် ကျမ်းလာ အောက်ပါ မုကဒ္ဒပါဠ်တော်များကို ရွတ်ဖတ်နေတော်မူခဲ့၏။

أَمْ خُلِقُوا مِنْ غَيْرِ شَيْءٍ أَمْ هُمُ الْخَالِقُونَ ۝ أَمْ
خَلَقُوا السَّمَاوَاتِ وَالْأَرْضَ ۚ بَل لَّا يُوقِنُونَ ۝

“သူတို့သည် ဖန်ဆင်းရှင် တပါးပါး မပါဘဲ၊ မိမိတို့ အလိုအလျောက် ဖန်ဆင်းခြင်း ခံခဲ့ကြရသည်လော၊ သို့တည်း မဟုတ် သူတို့သည်ပင် ဖန်ဆင်းရှင်များ ဖြစ်ကြသည်လော၊ သို့တည်းမဟုတ် သူတို့သည်ပင် မိုးကောင်းကင်များနှင့် ကမ္ဘာ မြေကြီးကို ဖန်ဆင်းထားကြသည်လော၊ ထိုသို့မဟုတ်၊ အမှန်မှာ သူတို့သည်(မိုက်မဲမှုကြောင့်) မယုံကြည်ကြပေ။”

ကုရ်အာန် (၅၂း၃၅)

ဂျုဗိုင်ရ် ဣဗ်နု မွတ္တအင်မ်သည်လည်း အထက်ပါ မုကဒ္ဒပါဠ်တော်များကို ကြားနာလိုက်ရ၏။ ထိုအခါ ဂျုဗိုင်ရ်က– “၎င်း မုကဒ္ဒပါဠ်တော်များကြားလိုက် ရသည့်အခါ ကျွန်ုပ်၏စိတ်နှလုံးသည် အံ့ဘွယ်သရဲ ပြောင်းလဲ သွားသည်” ဟု ပြောပြခဲ့လေသည်။

ကြည့်–(ဗုခါရီကျမ်း၊ “တူရ်” ကဏ္ဍ၏အဖွင့်)

## ရောမနိုင်ငံနှင့် စပ်လျဉ်း၍ ကြိုတင် ဟောကြားမှု၏အကျိုး။

တမန်တော်မြတ်သည် မက္ကာမြို့တော်၌ နေထိုင်တော်မူစဉ် ရောမ၊ ပါရှားနိုင်ငံများ၏ စစ်ရေးနှင့်စပ်လျဉ်း၍ ကြိုတင် ဟောကြားတော်မူခဲ့၏။ ထိုဟောကြားချက်သည် 'ဗဒ်ရ်'စစ်ပွဲတွင် မွတ်စလင်မ်တို့ စစ်ရေးသာခဲ့ကြသည့်နေ့တွင် အမှန်ဖြစ်ပေါ်လာခဲ့၏။ ထို့နောက် ကုရ်အာန်ကျမ်းမြတ်၏ ကြိုတင် ဟောကြားချက်နှင့်အညီ ခုနစ်နှစ်ရှိသည့်အခါ ရောမနိုင်ငံသည် ပါရှားနိုင်ငံကို ပြန်လည် တိုက်ခိုက်၍ ပိုင်နိုင်စွာ အောင်နိုင်ခဲ့၏။ ယင်းသို့ ကြီးကျယ် ထင်ရှားလှသော တန်ခိုးပြာဋိဟာကြောင့် များစွာသော ပုဂ္ဂိုလ်များသည် အစ္စလာမ်၏ မှန်ကန်မှုကို ထောက်ခံပြီး မွတ်စလင်မ် ဖြစ်လာခဲ့ကြလေသည်။

ဤသို့ဖြင့် အစ္စလာမ်သည် အလိုအလျောက် တဖြည်းဖြည်း ရှင်သန်ပျံ့ပွားလာခဲ့၏။ ဟိဂျ်ရီ(၅)ခုနှစ်တွင် ကုရိုက်ရှ်၊ ကိနာနဟ်၊ ဃိတ်ဖာန်၊ အစရှိသည့် မျိုးနွယ်များသည် မဟာမိတ်ဖွဲ့ပြီး မဒီနာမြို့ကိုဝိုင်း၍ တိုက်ခိုက်ခဲ့ကြ၏။ ထိုစစ်ပွဲ၏အမည်မှာ "အဟ်ဇာဗ်"၊ "ခန်ဒတ်က်" စစ်ပွဲဟူ၍ဖြစ်၏။ ဤ စစ်ပွဲအကြောင်း တမန်တော်မြတ် အတွဲ(၂)တွင် ပါရှိခဲ့ပြီ။ ယင်းစစ်ပွဲတွင် ရန်သူများ စစ်ရေးနိမ့်သွားခဲ့ကြသည်၊ ကုရိုက်ရှ် မျိုးနွယ်၏ အရှိန်အဝါ သြဇာအာဏာသည် အတော်ပင် မှေးမှိန်သွားခဲ့၏။ သို့ မှေးမှိန် သွားခဲ့သည့်အခါ တချိန်က အစ္စလာမ်ကို လက်ခံချင်ပါသော်လည်း ကုရိုက်ရှ် မျိုးနွယ်အား ကြောက်ရွံ့နေရသည့်အတွက် အစ္စလာမ်ကို ရဲဝံ့စွာ လက်မခံဝံ့ခဲ့သော မျိုးနွယ်များသည် ယခုမူ အစိုးရိမ်ကင်းစွာဖြင့် တမန်တော်မြတ်ထံသို့ အသီးသီး ကိုယ်စားလှယ်အဖွဲ့များကို စတင် စေလွှတ်ခဲ့ကြလေတော့သည်။

## မုဇိုင်နဟ် မျိုးနွယ် မွတ်စလင်မ် ဖြစ်လာခဲ့ခြင်း။

ဦးစွာ ပဌမ မုဇိုင်နဟ် မျိုးနွယ်၏ ကိုယ်စားလှယ် အဖွဲ့တဖွဲ့ တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့၏၊ ထိုအဖွဲ့တွင် လူ(၄၀၀) ပါဝင်ခဲ့၏။ ထိုကိုယ်စားလှယ်အဖွဲ့သည် တမန်တော်မြတ် ရှေ့မှောက်တွင် မွတ်စလင်မ် ဖြစ်သွားခဲ့၏။ အဆိုပါ ကိုယ်စားလှယ် အဖွဲ့က "တမန်တော်မြတ် အမိန့်ရှိလျှင် ကျွန်တော်တို့သည် မဒီနာမြို့သို့ 'ဟိဂျ်ရတ်' ပြုလုပ် ရွှေ့ပြောင်းလာပြီး နေထိုင်ကြပါမည်"ဟု မေတ္တာရပ်ခံခဲ့ရာ တမန်တော်မြတ်က– "အသင်တို့ အဘယ်မှာပင် ရှိကြသည် ဖြစ်စေ 'မုဟာဂျိရ်'ပင် ဖြစ်ကြသည်"ဟု မိန့်ကြားတော်မူလိုက်လေသည်။

## 'အရှ်ဂျအ်' မျိုးနွယ် မွတ်စလင်မ် ဖြစ်လာခဲ့ခြင်း။

ထိုအချိန်မှာပင် အရှ်ဂျအ် မျိုးနွယ်၏ကိုယ်စားလှယ်အဖွဲ့တဖွဲ့ မဒီနာမြို့သို့ ရောက်ရှိလာခဲ့၏။ အဖွဲ့တွင် လူ (၁၀၀) ပါဝင်ခဲ့၏။ တမန်တော်မြတ်ထံ ရောက်ကြသည့်အခါ အဆိုပါ အဖွဲ့ဝင်များက– "ကျွန်တော်တို့သည် တမန်တော်မြတ်နှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် မလိုလားပါ၊ စစ်ပြေ ငြိမ်းရေး စာချုပ်သာ ချုပ်ဆိုလိုကြပါသည်"ဟု ပြောဆိုကြရာ၊ တမန်တော်မြတ်ကလည်း ၎င်းတို့၏ လိုလားချက်ကို လက်ခံတော်မူလိုက်၏။ ထို အချိန်အထိ ထိုမျိုးနွယ်ဝင်များသည် အစ္စလာမ်ကို လက်မခံခဲ့ကြသေးပေ။ စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုပြီး သွားသည့်အခါ အဆိုပါ မျိုးနွယ်ဝင်များသည် မိမိတို့ စိတ်စေတနာအလျောက် အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ကြပေသည်။

## 'ဂျဟိုင်နဟ်' မျိုးနွယ် မွတ်စလင်မ် ဖြစ်လာခဲ့ခြင်း။

ဂျဟိုင်နဟ် မျိုးနွယ်များသည်လည်း အထက်တွင် ဖော်ပြပါ မျိုးနွယ်များ၏ အနီးအနားဌ် နေထိုင်လျက် ရှိခဲ့ကြ၏။ တမန်တော်မြတ်သည် အဆိုပါ မျိုးနွယ်ဝင်များအား အစ္စလာမ်သို့ဝင်ရန် မေတ္တာရပ်ခံတော်မူခဲ့၏။ ထိုအခါ အဆိုပါ မျိုးနွယ်မှ လူပေါင်း (၁၀၀၀) တမန်တော်မြတ်ထံ ရောက်ရှိလာပြီး တမန်တော်မြတ် ရှေ့မှောက်တွင်ပင် မွတ်စလင်မ် ဖြစ်သွားခဲ့ကြ၏။ ထိုသည့် နောက်ပိုင်းတွင် အဆိုပါ မျိုးနွယ်ဝင်များသည် များသောအားဖြင့် စစ်ပွဲများတွင် မွတ်စလင်မ်များနှင့် အတူတူ လက်တွဲ ဆင်နွှဲခဲ့ကြလေသည်။

အရဗ်မျိုးနွယ်များတွင် ဃိဖါရ်၊ အတ်စ်လမ်၊ အရှ်ဂျအ်၊ ဂျဟိုင့်နဟ် မျိုးနွယ်များသည် ဦးစွာပဌမ အစ္စလာမ်ကို သက်ဝင်ယုံကြည်လာခဲ့ကြသည့် မျိုးနွယ်များ ဖြစ်ခဲ့ကြပေသည်။ ထို့အတွက် တမန်တော်မြတ်သည် ယင်းမျိုးနွယ်များအတွက် ဆုမွန်ကောင်း တောင်းပေးတော်မူခဲ့ပေသည်။

## ဟုဒိုင်ဗီယဟ် စစ်ပြေငြိမ်းရေး စာချုပ်၏ အကျိုး။

ဟုဒိုင်ဗီယဟ် စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုပြီးသည့် နောက်ပိုင်းတွင် ဟုဒိုင်ဗီယဟ် အကြောင်းတွင် ရေး သား ခဲ့ သည့် အ တိုင်း မွတ်စလင်မ်များနှင့် မွတ်စ်လင်မ် မဟုတ်သူများသည် လွတ်လပ်စွာ ဝင်ထွက် သွားလာနေခဲ့ကြရာ

မှတ်စလင်မ် မဟုတ်သူများသည် မှတ်စလင်မ်များနှင့် တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ကြ၏။ မှတ်စလင်မ်များ၏ ဟောပြောသံများကိုလည်း ကြားနာခွင့် ရရှိခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် ထိုသည့် ၂—နှစ်အတွင်း (အစ္စလာမ် စပေါ်ခဲ့သည်မှ ထိုနှစ်အထိ) ယခင်နှစ်များနှင့်စာလျှင် အဆပေါင်းများစွာတိုး၍ အရဗ်မျိုးနွယ် အသီးသီးမှ ရာပေါင်းများစွာတို့သည် မှတ်စလင်မ် ဖြစ်လာခဲ့ကြ၏။ ဟုဒိုင်ဗီယဟ် စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုသည့်နှစ်တွင်— ('အွဲမ်ရဟ်' ပြုလုပ်ရန်အတွက်) မဒီနာမြို့မှ မက္ကာမြို့တော်သို့ တမန်တော်မြတ် ကြွလာတော်မူသည့်အခါ တမန်တော်မြတ်နှင့်အတူ မှတ်စလင်မ် (၁၅၀၀) သာလိုက်ပါလာခဲ့ကြ၏။ ထို့နောက် (၂) နှစ် ရှိသောအခါ မက္ကာမြို့တော်ကို ပြန်လည်သိမ်းပိုက်ရန် ကြွလာတော်မူသည့်အချိန်၊ တမန်တော်မြတ်နှင့်အတူ မှတ်စလင်မ် စစ်သည်တသောင်း (၁၀၀၀၀)တိတိ လိုက်ပါလာနိုင်ခဲ့ကြပေသည်။

ကုရိုက်ရှ် မျိုးနွယ်သည် ကအ်ဗဟ် ကျောင်းတော်၏ ဝေယျာဝစ္စ ဆောင်ရွက်နေခဲ့သော ကျောင်းတော်၏ ဂေါပကများ ဖြစ်ခဲ့ကြသည့်အတွက် အရဗ်တမျိုးသားလုံးသည် ကုရိုက်ရှ်မျိုးနွယ်အား သာသနာ့ ရှေ့ဆောင်ဟူ၍ မှတ်ယူနေခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် အစ္စလာမ့်အရေးတွင် အရဗ်တမျိုးသားလုံးသည် ကုရိုက်ရှ်မျိုးနွယ်၏ နောက်ဆုံးအခြေအနေကိုပင် စောင့်မြော်နေခဲ့ကြ၏။

အမ်ရ် ဗ္ဗိနု စလမဟ်သည် သာဝကကြီးတပါး ဖြစ်ခဲ့၏။ မဒီနာမြို့နှင့် အတော်ဝေးလံသော နေရာတွင် အများ သွားလာသော လမ်းမကြီးဘေး၌ နေခဲ့၏။ အဆိုပါ သာဝကကြီးက ဤအကြောင်းနှင့် ပတ်သက်၍ အောက်ပါ အတိုင်း ပြောပြခဲ့ဘူး၏။

> "ကုရိုက်ရှ် မျိုးနွယ်၏ အစ္စလာမ် လက်ခံမှု၊ လက်မခံမှုကိုပင် အရဗ် တမျိုးသားလုံး စောင့်မြော် နေခဲ့ကြ၏။ အရဗ်တွေက 'အသင်တို့သည် (တမန်တော်မြတ်)မုဟမ္မဒ်အား ၎င်း၏ အမျိုး— (ကုရိုက်ရှ်) နှင့်ပင် လွှတ်ထားကြ၊ အကယ်၍ (တမန်တော်မြတ်) မုဟမ္မဒ်သည်၊ ၎င်း၏အကျိုးကို အောင်နိုင်လာခဲ့ပါက (တမန်တော်မြတ်) မုဟမ္မဒ်သည် အမှန်ပင် တမန်တော် ဖြစ်သည်'ဟု ပြောဆိုနေခဲ့ကြ၏။ သို့ဖြင့် တမန်တော်မြတ်သည်

မက္ကာမြို့တော်ကို အောင်နိုင်သိမ်းပိုက် လိုက်သည့်အခါ အရဗ်မျိုးနွယ်တိုင်းသည် အစ္စလာမ်ကို သက်ဝင်ယုံကြည်ရန် အသီးသီး သူ့ထက်ငါ ကြိုးစားလာခဲ့လေသည်။”

(ဗုခါရီ)

အဆိုပါအကြောင်းနှင့် စပ်လျဉ်း၍ ဣဗ်နုဟိရှာမ်က အောက်ပါအတိုင်း ပွင့်လင်းစွာ ရေးသားထားသည်။

وانما كانت العرب تربّص بالإسلام أمر هذا الحيّ من قريش وأمر رسول الله صلى الله عليه وسلّم، وذلك ان قريشا كانوا إمام الناس وهاديهم وأهل البيت الحرام وصريح ولد اسمعيل بن ابراهيم عليهما السلام وقادة العرب لا ينكرون ذلك وكانت قريش هي التي نصبت لحرب رسول الله صلّى الله عليه وسلّم وخلافه فلما افتتحت مكة ودانت له قريش ودوّخها الاسلام عرفت العرب انه لا طاقة لهم بحرب رسول الله صلى الله عليه وسلم ولا عداوته، فدخلوا في دين الله كما قال الله عز وجل، أفواجًا. يضربون اليه من كل وجه، يقول الله تعالى لنبيه صلّى الله عليه وسلم: (إذا جاء نصر الله الخ)

سيرة ابن هشام - ج - ٤ - صـ ٢٠٥

(သဘောမှာ)- အစ္စလာမ့်အရေးတွင် အရဗ်တို့သည် ကုရိုက်ရှ်မျိုးနွယ်အား စောင့်မျှော် ကြည့်နေခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် ကုရိုက်ရှ်မျိုးနွယ်သည် အရဗ်ဘမျိုးလုံး၏ ရှေ့ဆောင်၊ လမ်းပြ၊ ကျောင်းတော်၏ ဂေါပက၊ တမန်တော် အစ္စမာအီလ်၏ ရင်းချာသော သားသမီးများ၊ အရဗ်တမျိုးသားလုံး၏ ခေါင်းဆောင် ဖြစ်ခဲ့၏။ ယင်းကုရိုက်ရှ် မျိုးနွယ်

ကပင်လျှင် တမန်တော်မြတ်အား ဆန့်ကြင်ရန် စစ်တိုက်နေ၏၊ ယခုသော် မက္ကာမြို့တော်လည်းကျပြီ၊ ကုရိုက်ရှ် မျိုးနွယ်သည်လည်း လက်နက်ချလိုက်ပြီ၊ အစ္စလာမ်သည် ထိုမြို့တော်ကိုလည်း လွှမ်းမိုးသွားပြီ။ ကုရိုက်ရှ်သည် တမန်တော်မြတ်အား ယှဉ်ပြိုင် တိုက်ခိုက်နိုင်စွမ်းလည်း မရှိတော့ပြီကို အရဗ်တမျိုးလုံး သိရှိ ယုံကြည်သွားလေရာ၊ ကုရ်အာန်ကျမ်းမြတ် (၁၁၀း ၁–၃)တွင် မုက္ခပါဠ်တော် လာရှိသည့်အတိုင်း အရဗ်တမျိုးလုံးသည် အစုလိုက် အပြုံလိုက် အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ကြလေသည်။

စီရတုလ္လဗ်နိဗိယ်ရှာမ်၊
အတွဲ–၄၊ စာမျက်နှာ (၂၅၀)။

အစ္စလာမ်သည် မှန်ကန်ပါလျက်၊ သိပ္ပံနည်းကျပါလျက်၊ ကျိုးကြောင်းစပ်ဟပ်မိပါလျက်၊ ကျင့်သုံးရန် လွယ်ကူပါလျက်၊ ပျံ့ပွားရာတွင် ကြန့်ကြာနေခဲ့ခြင်းမှာ အထက်တွင် ရေးသားဖေါ်ပြခဲ့သည့်အတိုင်း လူမျိုးရေး ဆန့်ကျင်မှု၊ မျိုးနွယ်ရေး ဆန့်ကျင်မှုတို့ကြောင့်ပင်ဖြစ်ခဲ့ပေသည်။ ယခုမူ ယင်းသည့်ဆန့်ကျင်မှုများမရှိတော့ပြီဖြစ်ရာ၊ အစ္စလာမ်သည် အံ့ဘွယ်သရဲ ပျံ့ပွားလာခဲ့ပေတော့သည်။

မက္ကာမြို့တော်ကို အောင်နိုင်ပြီး နောက်ပိုင်းတွင် အစ္စလာမ်အာ့ဘွယ်များ ကင်းစင်သွားခဲ့ပေရာ၊ တမန်တော်မြတ်သည် အာရေဗျပြည်ရှိ မြို့ရွာအသီးသီးသို့ အစ္စလာမ်သာသနာပြု ပုဂ္ဂိုလ်များအား စနစ်တကျ စေလွှတ်တော်မူခဲ့လေသည်။

သာသနာပြု ပုဂ္ဂိုလ်များအား စေလွှတ်ရာတွင်လည်း အောက်ပါ စည်းစနစ်ဖြင့် စေလွှတ်တော်မူခဲ့လေသည်။

အစ္စလာမ်သာသနာပြု ပုဂ္ဂိုလ်များအား စေလွှတ်ရာတွင် လွှတ်လပ်စွာ သာသနာပြုနိုင်ရန်နှင့် အနှောင့်အယှက် မရှိစေရန် တပ်စိတ်ကလေးများကိုလည်း ထည့်လွှတ်တော်မူလေ့ရှိခဲ့၏။ တမန်တော်မြတ်သည် သာဝကကြီး 'ခါလိဒ်'အား အစ္စလာမ် သာသနာပြုရန်အတွက် ယမန် သို့ စေလွှတ်တော်မူခဲ့၏။ တပ်စိတ်ကလေး တခုကိုလည်း အတူထည့်ပေးတော်မူလိုက်၏။ သာသနာပြုရာတွင် အနိုင်အထက် မပြုမိရန်လည်း အမှတ်တရမှာ လွှတ်တော်မူလိုက်၏။ သာဝကကြီး

'ခါလိဒ်'သည် (၆)လတိုင်တိုင် သာသနာပြုခဲ့၏။ သို့တစေလည်း မအောင်မြင်ခဲ့ပေ။ အမှန်မှာ သာ၀ကကြီး ခါလိဒ်သည် စစ်ရေး စစ်ရာတွင် အလွန်ကျွမ်းကျင်သော စစ်ဗိုလ်ကြီး တဦးဖြစ်သော်လည်း တရားဓမ္မ သွန်သင်ပို့ချရာတွင် မကျွမ်းကျင်ခဲ့ပေ။ ထို့အတွက် တမန်တော်မြတ်သည် သာ၀ကကြီး အလီအား ထပ်မံ စေလွှတ်တော်မူခဲ့၏။ သာ၀ကကြီး အလီသည် ကျွမ်းကျင် လိမ်မာသိမ်မွေ့စွာ အစ္စလာမ်ကို တင်ပြခဲ့ရာ၊ ယမန်ပြည် တခုလုံး မွတ်စလင်မ် ဖြစ်လာခဲ့သည်။

တခါကလည်း တမန်တော်မြတ်သည် သာ၀ကကြီး ခါလိဒ်အား သာသနာပြုရန် ဂျုဇိုင်မဟ် မျိုးနွယ်ထံ စေလွှတ်တော်မူခဲ့၏။ သို့ရာတွင် သာ၀ကကြီး ခါလိဒ်သည် ဖြစ်ပေါ်လာသည့် အခြေအနေကို မထိန်းသိမ်းနိုင်ဘဲ လက်နက်ကို အသုံးပြုခဲ့၏။ တမန်တော်မြတ် သိတော်မူသည့်အခါ မတ်တတ်ရပ်တော်မူလိုက်၏၊ ကအ်ဗဟ် ကျောင်းတော်ဘက်သို့ မျက်နှာတော်မူပြီး လက်နှစ်ဘက်မြှောက်ကာ– "အို–အလ္လာဟ်အသျှင်၊ ကျွန်တော်မျိုးသည် ခါလိဒ်၏အပြုအမူနှင့် မည်သို့မျှမပတ်သက်ပါ"ဟု အလ္လာဟ်အသျှင်မြတ်ထံတော်၌ တိုင်ကြားတော်မူ၏။ ထို့နောက် သာ၀ကကြီးအလီအား စေလွှတ်တော်မူပြီး၊ သက်ဆိုင်ရာ အသတ်ခံရသူများ၏ အသက်ဘိုး လျော်ကြေးသာမက အသတ်ခံရသော ခွေးများ၏ လျော်ကြေးကိုလည်း ပေးစေတော်မူခဲ့လေသည်။

တမန်တော်မြတ်သည် အစ္စလာမ် သာသနာပြုအဖွဲ့များ စေလွှတ်တော်မူရာတွင် တဦးချင်းကို စမ်းသပ်တော်မူလေ့ရှိခဲ့၏။ ကုရ်အာန်ကျမ်းလာ မုက္ခပါဌ်တော်များကို အများဆုံး အာဂုံဆောင်၊ နားလည် သဘောပေါက်သူအား အကြီးအကဲ ခန့်တော်မူလေ့ရှိခဲ့၏။ တခါသော် သာသနာပြုအဖွဲ့ဘဖွဲ့ကို စေလွှတ်တော်မူရန် ရည်ရွယ်တော်မူသည့်အခါ သာသနာပြု ပုဂ္ဂိုလ်အသီးသီးအား ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်စေတော်မူ၏။ ယင်းပုဂ္ဂိုလ်များအနက် အသက်အရွယ် ငယ်ရွယ်သူ တဦးသည် ကုရ်အာန်ကျမ်းလာမုက္ခပါဌ်တော်များ အများဆုံး အာဂုံဆောင်ထားသည်ကို တွေ့ရှိတော်မူသည့်အခါ တမန်တော်မြတ်သည် အဆိုပါ လူငယ်ကိုပင် အကြီးအကဲ ခန့်အပ်တော် မူလိုက်လေသည်။

ကြည့်– (တရ်ဃီဗ် ၀ တရ်ဟီဗ်ကျမ်း)
အတွဲ(၁)၊ စာမျက်နှာ– (၂၅၉)

အစ္စလာမ့်နိုင်ငံတော်၏ အရိပ်အာ၀ါသကို ခိုလှုံလျက်ရှိသော လက်အောက်ခံ နိုင်ငံများသို့ 'ဇကာတ်' နှင့် 'ဂျိဇ်ယဟ်' ခေါ် လူခွန်တော်ကောက်

ရန် အရာရှိများအား စေလွှတ်တော်မူသည့်အခါ တမန်တော်မြတ်သည် ရိုးသား ဖြောင့်မတ် သစ္စာသမာဓိရှိသော ပုဂ္ဂိုလ်များအားသာလျှင် ရွေးချယ် စေလွှတ်တော်မူလေ့ရှိခဲ့၏။ ထိုအရာရှိများနှင့်အတူ အစ္စလာမ် သာသနာပြုနိုင်ရန်အတွက် မွတ်စလင်မ် ပညာရှင်များနှင့် တရားဟော ပုဂ္ဂိုလ်များအားလည်း တပါတည်း ထည့်လွှတ်တော်မူလေ့ရှိခဲ့ပေသည်။ ဤတွင် ယင်းသို့တမန်တော်မြတ် စေလွှတ်တော်မူခဲ့သည့် ပုဂ္ဂိုလ်များ၊ ဌာနများနှင့် မှတ်ချက်များကိုပါ အောက်တွင် အနည်းငယ် ဖော်ပြလိုပေသည်။

| အမည် | ဌာန | မှတ်ချက် |
|---|---|---|
| မုဟာဂျိရ် ဣဗ်နုအုမိုင်ယဟ် | ယမန်ပြည်-ဆွာန်အာ | တမန်တော်မြတ်၏ ကြင်ရာတော်အွမ္မိစလမဟ်၏ နောင်တော်ဖြစ်သည်။ |
| ဇိယာဒ် ဣဗ်နုဝလီဒ် | ဟသ်ဍရမောက်တ် | ဗဒ်ရ် စစ်ပွဲတွင် ပါဝင် ဆင်နွှဲခဲ့သော သာဝက ကြီးတပါး ဖြစ်ခဲ့သည်။ |
| ခါလိဒ် ဣဗ်နု စအီဒ် | ယမန်ပြည်-ဆွာန်အာ | အစ္စလာမ်ကို ဦးစွာ ပဌမ လက်ခံသူများ၊ အီသီယိုပီယာ နိုင်ငံသို့ ရွှေ့ပြောင်းသွားသူများတွင် တဦး အပါအဝင် ဖြစ်ခဲ့၏။ ဦးစွာ ပဌမ စက္ကူများ အပေါ်တွင် "ဗစ္စမိလ္လာဟိရ်ရဟ်မာနိရ်ရဟီမ်" ကို ရေးကူးသူတဦးလည်း ဖြစ်ခဲ့၏။ |
| အဒီ ဣဗ်နု ဟာတင်မ် | ယမန်ပြည်-တွိုင်ယ်မျိုးနွယ် | ကျော်ကြားသော သာဝက ကြီး တပါး ဖြစ်ခဲ့၏။ ဟာတင်မ်တွာ အီ သည် ၎င်း၏ ဘခင်ပင် ဖြစ်၏။ |

| အမည် | ဌာန | မှတ်ချက် |
|---|---|---|
| အလာ ဣဗ်နု ဟာဿ ရမီ | ဗဟ်ရိုင်န် | |
| အဗူမူစာ အရှ်အရီ | ဇုဗိုက်ဒ်–အီဒန် | ၎င်း၏ ကြိုးပန်း မှုဖြင့် အားလုံး မွတ်စ လင်မ် ဖြစ်လာခဲ့၏။ ကျော်ကြား သော ပညာရှင်သာဝက ကြီး တပါး ဖြစ်၏။ |
| မုအာဇ် ဣဗ်နု ဂျဗလ် | ဂျန္ဒ | သာဝက ကြီး တပါး ဖြစ်၏။ |
| ဂျရိရ် ဣဗ်နု– အဗ်ဒုလ္လာဟ်ဗဂျလီ | ဇုလ်ကိလာအ်– ဟင်မ်ယရီ | စွမ်းရည်သတ္တိဇလနှင့်ပြည့် စုံသော သာဝက ကြီး တ ပါးဖြစ်၏။ဇုလ်ကိလာအ် ဟင်မ်ယရီသည် ယမန် ဘုရင် များ မျိုးနွယ် ဆက်မှုဖြစ်၏။ တခါက ၎င်း အား လူ ပေါင်း (၁၀၀၀၀၀)က ဦးချ ခဲ့ဘူး၏။ ဂျရိရ်၏ ဘိတ် ခေါ်ချက်အရ အဆိုပါ ဇုလ်ကိလာအ်သည် မွတ် စလင်မ် ဖြစ် လာ ခဲ့၏။ ထိုအချိန်တွင် ဝမ်းသာ သည့် အထိမ်း အမှတ် အ ဖြစ် ကျွန် ပေါင်း (၄၀၀၀) ကို လွှတ် မြောက် စေခဲ့လေသည်။ |

အစ္စလာမ် သာသနာပြုရန်အတွက်သက်သက် တမန်တော်မြတ် စေလွှတ်တော်မူလေ့ရှိခဲ့သော ပုဂ္ဂိုလ်များ အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

| အမည် | ဌာန |
| --- | --- |
| အလီ ဘင်န အဗီမာလိစ် | ဟမ်ဒါန်မျိုးနွယ်၊ ဂျုဇိုင်မဟ်၊ မိစ်ဟဂျိ။ |
| မုဿိရဟ် ဘင်န ရှုအ်ဗတ် | နဂျ်ရာန်။ |
| ဝဗရ် ဘင်န ယုဟန္ဒတ်စ် | ပါးရှားပြည်။ |
| မဟီဆွဟ် ဘင်နဲ မတ်စ်အူဒ် | ဖိဒတ်က်။ |
| အဟ်နဖ် | စုလိုင်မ် မျိုးနွယ်။ |
| ခါလိဒ် ဘင်န ဝလီဒ် | မက္ကာမြို့တော် ပတ်ဝန်းကျင်။ |
| အမ်ရ် ဘင်န အာဆွ | အမ္မာန်။ |
| မုဟာဂျိရ် ဘင်နဲ အုမိုင်ယဟ် | ယမန်ပြည်၊ |

အချို့ မျိုးနွယ် ခေါင်းဆောင်များသည် မိမိတို့ကိုယ်တိုင် တမန်တော်မြတ်ထံ ရောက်ရှိလာပြီး အစ္စလာမ်ကို လက်ခံသွားခဲ့ကြ၏။ တမန်တော်မြတ်ထံတွင် ရက်အနည်းငယ် နေထိုင်ပြီး မိမိတို့၏ မျိုးနွယ်များအား အစ္စလာမ်သာသနာပြုခဲ့ကြ၏။ ယင်းသို့သော မျိုးနွယ် ခေါင်းဆောင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| အမည် | ဌာန |
| --- | --- |
| တုဖိုင်လ် ဘင်န အမ်ရ် ဒေါင်စီ | ဒေါက်စ် မျိုးနွယ်။ |
| အုရ်ဝဟ် ဘင်န မတ်စ်အူဒ် | ဆကီဖ် မျိုးနွယ်။ |
| အာမိရ် ဘင်န ရှဟ်ရ် | ဟမ်ဒါန်။ |
| ဿိမာမ် ဘင်န ဆအ်လဗဟ် | ဗနူစအ်ဒ်။ |
| မွန်ကိဇ် ဘင်နဲ ဟဗ်ဗာန် | ဗဟ်ရိုင်န်။ |
| ဆုမာမဟ် ဘင်န အုဆာလ် | နဂျဒ် ပတ်ဝန်းကျင်။ |

အထက်တွင် ဖော်ပြပါ အစ္စလာမ်သာသနာပြု ပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် အစ္စလာမ်သာသနာသည် အာရေဗျပြည် အမြို့မြို့ အရွာရွာတွင် လျင်မြန်စွာ ပျံ့ပွားလာခဲ့၏။ မက္ကာမြို့တော်ကို အောင်နိုင်သိမ်းပိုက်ပြီးသည့် နောင်ပိုင်းတွင်မူ လူများသည် အစုလိုက်၊ အပြုံလိုက် အစ္စလာမ်အတွင်းသို့ ဝင်လာခဲ့ကြပေသည်။ ကုရ်အာန်ကျမ်းလာ မုဿွပါဌ်တော် (၁၁၀း ၁-၂)သည် ယင်းသည့်ဖြစ်ရပ်များကို ရည်ညွှန်းထားတော်မူသည်။

မက္ကာမြို့တော်ကို အောင်နိုင်သိမ်းပိုက်ပြီးနောက် သုံးလရှိသောအခါ ဟိဂျရီ(၉)ခုနှစ် ဇူလ်ဟိဂ်ျဂျပ်လ ဟဂ်ျအချိန်တွင် အစ္စလာမ့်ကြေညာချက်ကြီး ထွက်ပေါ်လာခဲ့၏။ သို့ကြေညာချက်ကြီး ထွက်ပေါ်လာပြီးသည့် နောက်ပိုင်းတွင် ဟိဂျာဇ် ပြည်နယ်တနေရာလုံးသည် အားလုံးလိုလိုပင် အစ္စလာမ်ကိုလက်ခံလာခဲ့ပေသည်။

ဟိဂျာဇ်ပြည်နယ်၏ အပြင်ဘက်တွင် ကုရိုက်ရှ်နှင့် ယဟူဒီများ၏ အနှောင့်အရှက်များကြောင့် အစ္စလာမ်သည် ပျံ့ပွားသင့်သလောက် မပျံ့ပွားနိုင်ခဲ့ပေ။ ကုရိုက်ရှ်နှင့် ယဟူဒီများ၏ အနှောင့်အရှက် ကင်းစင်သွားသည့်အခါ သုံးနှစ် ဟိဂျ်ရီ(၈၊၉၊၁၀)အတွင်းမှာပင် အစ္စလာမ်သည် တောင်ဘက်တွင် ယမန်၊ ဗဟ်ရိုင်န် ယမာမဟ်၊ အမ္မာန်ပြည်နယ်များအထိဝင်း၊ အခြားတဘက်တွင် အီရာက်၊ ဆီရီယ ပြည်များအထိဝင်း ပျံ့နှံ့သွားခဲ့၏။ ယင်းပြည်နယ်များတွင် အစ္စလာမ်မထွန်းကားမီက အရပ်တို့၏ ကြီးမားသော အစိုးရများ ရှိခဲ့၏။ ထိုအခါန်တွင်လည်း ရောမနိုင်ငံနှင့် ပါးရှားနိုင်ငံတို့၏အရိပ်အာဝါသအောက်တွင် ရှိနေခဲ့၏။ သို့တစေလည်း အစ္စလာမ်သည် ယင်းပြည်နယ်များတွင် လက်နက်အကူအညီ မပါဘဲလျက် အေးချမ်း သာယာစွာဖြင့်ပင် ပျံ့ပွားလာခဲ့ပေသည်။

**ယမန်ပြည်နယ်။**

အာရေဗျကျွန်းစွယ်ရှိ ပြည်နယ်များတွင် ယမန်ပြည်နယ်သည် စိုပြေသာယာဆုံး ပြည်နယ်တခုဖြစ်၏။ ရှေးနှစ်ပေါင်းများစွာကတည်းက ကူးသန်းရောင်းဝယ်ရာ အချက်အခြာ ဌာနဖြစ်ခဲ့၏။ ဆဗါ (Saba) နှင့် ဟင်မယရ်(Himyar) မျိုးနွယ်များ၏ ကြီးမားသော အစိုးရများတည်ရှိခဲ့၏။ တမန်တော်မြတ် မီးရှူးသန့်စင် ဘွားမြင်တော်မမူမီ အနှစ် (၅၀) ခန့်၊ ခရစ်သက္ကရာဇ်(၅၂၅)တွင်အိသီယိုပီယားရှိ အိစာအီများသည် ယမန်ကို သိမ်းပိုက်ခဲ့ကြ၏။ တမန်တော်မြတ် မီးရှူးသန့်စင် ဘွားမြင်တော်မူပြီးနောက် နှစ်အနည်းငယ်အတွင်း ယမန်ပြည်နယ်ကို ပါးရှား နိုင်ငံသားများက သိမ်းပိုက်ယူလိုက်ကြပြန်၏။ လက်တွေ့စီမံအုပ်ချုပ်နိုင်ရန် ဘုရင်ခံမင်းကြီး တဦးကို ခန့်ထားခဲ့ကြ၏။

ယမန်ပြည်နယ်တွင် အစ္စလာမ် သာသနာပြုရာ၌ အတားအဆီးများ ရှိနေခဲ့၏။ ဥပမာ– မျိုးနွယ်မတူခြင်း၊ ယမန်ပြည်နယ်သားများသည် ကဟ်တွာန်

မျိုးနွယ်ထက်များဖြစ်ခဲ့ကြ၏။ တမန်တော်မြတ်မှာမူ တမန်တော် အစ္စမာအီလ်၏ မျိုးနွယ်မှ ဖြစ်တော်မူခဲ့၏။ ယမန် ပြည်နယ်သား များသည် အတိတ်တွင် မိမိတို့ရရှိထားခဲ့ကြသည့် အရှိန်အဝါ၊ အာဏာကိုအကြောင်းပြု၍ ကြွားဝါနေခဲ့ကြ၏။ ထိုစဉ်က အရပ်တမျိုးသားလုံးသည်လည်း ၎င်းတို့အား ခေါင်းဆောင်ဟူ၍ပင် မှတ်ယူခဲ့ကြ၏။ ယမန် ပြည်နယ် သား များသည် သာ လျှင် အာရေဗျပြည်တွင် အစိုးရနှင့် ထိုက်တန်သူများ ဖြစ်သည်ဟူ၍ အသိမှတ်ပြုခြင်း ခံနေခဲ့ကြရ၏။ အကြောင်းအားလျော်စွာ အာရေဗျပြည် တနေရာ တဌာနတွင် စံနစ်တကျ အစိုးရရှိခဲ့ပါက၊ ခေါင်းဆောင်သူမှာ ၎င်းတို့၏ မျိုးနွယ်ဆက်ပင် ဖြစ်နေခဲ့၏။

ထို့အတွက်ကြောင့်ပင် ယမန်ပြည်နယ် ဘုရင့်ဆွေတော် မျိုးတော် ဖြစ်သော ကင်န်ဒဟ်မျိုးနွယ်၏ ကိုယ်စားလှယ် အဖွဲ့တဖွဲ့သည် တမန်တော်မြတ်ထံ ရောက်ရှိလာသည့်အခါ၊ အဆိုပါ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က တမန်တော်မြတ်အား အရပ်ဘုရင် ထင်မှတ်ပြီး–"အဆွေတော်နှင့် ကျွန်ုပ်တို့သည် တမျိုးနွယ်တည်းပင် မဟုတ်ပါသလော"ဟု မေးရာ၊ တမန်တော်မြတ်က – "ကျွန်ုပ်တို့သည် နသာ္ဒ၏ ဣဗ်နု ကိနာနဟ်၏ မျိုးနွယ်ဆက်များ ဖြစ်ကြပါသည်၊ မိခင်အားလည်း မစွပ်စွဲဝံ့ကြပါ၊ ဘခင်အားလည်း မငြင်းလိုကြပါ"ဟု ဖြေကြားတော် မူလိုက်လေသည်။

ယမန်ပြည်နယ်၌ အစ္စလာမ် သာသနာပြုရာတွင် အကြီးဆုံးအတား အဆီးမှာ နိုင်ငံရေးအရ ယ မန် ပြည် နယ် မှာ ပါရှားနိုင်ငံ၏ လက်အောက် ရောက်ရှိနေခဲ့ခြင်းနှင့် ယမန်ပြည်နယ်သားများမှာ များသောအားဖြင့် ယဟူဒီ၊ သို့မဟုတ် အီစာအီများ ဖြစ်နေခဲ့ကြ၏။ သို့တစေလည်း ယင်းသည့် အတား များသည့်ပင်လျှင် အမှန်တရားကို လက်ခံရာတွင် လက်တွေ့အားဖြင့် မဟန့် တားနိုင်ခဲ့ပေ။

တမန်တော်မြတ် မဒီနာမြို့သို့ မရွှေ့ပြောင်းမီအလျင်ပင် အစ္စလာမ် ဘိတ် ခေါ်သံသည် ယမန်သို့ရောက်ရှိသွားခဲ့၏။ ဖြစ်ပုံကား ယမန်ပြည်တွင် 'ဒေါက်စ်' မည်တွင်သော ကျော်ကြားသည့် မျိုးနွယ်တခု ရှိခဲ့၏၊ ထိုမျိုးနွယ်၏ ခေါင်း ဆောင်ဖြစ်သူ 'တုဖိုင်လ် ဣဗ်နု အမ်ရ်'သည် အကြောင်းအားလျော်စွာ မက္ကာ မြို့တော်သို့ ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်နှင့် တွေ့ဆုံဆွေးနွေးရာ မွတ်စ လင်မ် ဖြစ်လာခဲ့၏။

ထိုအချိန်မှာပင် ယမန်မှ ကင်န်ဒဟ် မျိုးနွယ်ဝင်များသည် ဟဂျ်ပြုရန် မက္ကာမြို့တော်သို့ ရောက်ရှိလာခဲ့ကြ၏။ တမန်တော်မြတ်သည် ယင်းမျိုးနွယ်ဝင်များအား အစ္စလာမ်သို့ ဘိတ်ခေါ်တော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့သည် ထိုအချိန်တွင် လက်မခံခဲ့ကြပေ။

ဟိဂျ်ရီ(၇) ခုတွင် တမန်တော်မြတ်သည် ခိုင်ဗရ်သို့ ရောက်ရှိနေတော်မူခဲ့၏။ ထိုအချိန်တွင် ဒေါက်စ်မျိုးနွယ်ဝင်များသည် မွတ်စလင်မ်ဖြစ်ပြီး၊ ဒါရုလ် အစ္စလာမ် မဒီနာမြို့သို့ ရွှေ့ပြောင်းလာခဲ့ကြ၏။

ထိုနည်းအတူ ယမန်ပြည်နယ်၏ ကျော်ကြားသော 'အရှ်အရီ' မျိုးနွယ်ဝင်များသည်လည်း၊ ထိုအချိန်မှာပင် မိမိတို့ဆန္ဒအလျောက် အစ္စလာမ်သို့ ကူးပြောင်းပြီး၊ အီသီယိုပီယားနိုင်ငံသို့ ရွှေ့ပြောင်းသွားခဲ့ကြသော မွတ်စလင်မ် များနှင့်အတူ တမန်တော်မြတ်ထံသို့ ရောက်ရှိလာခဲ့ကြ၏။ သာဝကကြီး အဗူဟုရိုင်ရဟ်ဒေါင်စီ နှင့် အဗူမူစာ အရှ်အရီ တို့သည် အဆိုပါ မျိုးနွယ်ဝင် များနှင့်အတူပင် တမန်တော်မြတ်ထံသို့ ရောက်ရှိလာခဲ့ကြပေသည်။

ယမန်ပြည်နယ်တွင် လူဦးရေအများဆုံးနှင့် သြဇာ တိက္ကမ အရှိဆုံး မျိုးနွယ်မှာ 'ဟမ်ဒါန်' မျိုးနွယ် ဖြစ်ခဲ့၏။ ယင်းမျိုးနွယ်အား အစ္စလာမ်သို့ ဘိတ်ခေါ်နိုင်စေရန်အလို့ငှာ တမန်တော်မြတ်သည် သာဝကကြီး 'ခါလိဒ်' အား စေလွှတ်တော်မူခဲ့၏။ သာဝကကြီး ခါလိဒ်သည် ယင်းမျိုးနွယ် ဝင်များအား (၆) လတိုင်တိုင် အစ္စလာမ်ကိုတင်ပြ ဘိတ်ခေါ်နေခဲ့၏။ သို့ရာတွင် အဆိုပါ မျိုးနွယ် ဝင်များသည် လက်မခံခဲ့ကြပေ။ ထိုအခါ တမန်တော်မြတ်သည် သာဝကကြီး ခါလိဒ်အား ပြန်ခေါ်ပြီး၊ သာဝကကြီးအလီအား စေလွှတ် တော်မူ၏၊ သာဝကကြီး အလီသည် အဆိုပါမျိုးနွယ်ဝင် အားလုံးတို့အား ဘိတ်ကြားပြီး၊ တမန်တော်မြတ် ပါးတော်မူလိုက်သော စာချွန်တော်ကို ဘတ်ပြတော်မူလိုက်၏၊ သို့ဘတ်ပြလိုက်သည်နှင့် တပြိုင်တည်းပင် 'ဟမ်ဒါန်' မျိုးနွယ်ဝင်အားလုံးတို့သည် အစ္စလာမ်ကို လက်ခံလိုက်ကြလေသည်။

ဤအကြောင်းကို သာဝကကြီးအလီက တမန်တော်မြတ်အား အသိ ပေးသည့်အခါ၊ တမန်တော်မြတ်သည် (စဂျ်ဒဟ်) ဦးချတော်မူ၏၊ ထို့နောက် ဦးခေါင်းမော့ကာ (السلام علی همدان) 'အတ်စ္စလာမု-အလာဟမ်ဒါန်' "ငြိမ်းချမ်းသာယာမှု အပေါင်းသည် ဟမ်ဒါန် မျိုးနွယ်အပေါ်သို့ ကျရောက် သည်ဖြစ်ပါစေ" ဟု နှစ်ကြိမ် မေတ္တာပို့တော်မူခဲ့လေသည်။

ယမန်ပြည်နယ်တွင် ပါးရှားနိုင်ငံမှ လာရောက် နေ ထိုင် ကြသော ခေါင်းဆောင်များကို (ابناء) "အဗ်နာအ်"ဟု ခေါ်သည်။ တမန်တော်မြတ်သည် ဟိဂျရီ (၁၀)တွင် ၎င်းတို့အား အစ္စလာမ်သို့ ဘိတ်ခေါ်ရန် "ဝဗရ် ဣဗ်နု ယုဟန္နတ်စ်"အား စေလွှတ်တော်မူခဲ့၏။ ထိုပုဂ္ဂိုလ်သည် နုအ်မာန် ဣဗ်နု ဗဇုရ်ဂျ်" အိမ်တွင် တည်းခိုခဲ့၏။ ဖိရိုးဇ်ဒိုင်လမီ၊ မရ်ကဗူဒ်၊ ဝဟ်ဗ် ဣဗ်နု မုနဗ်ဗိဟ် တို့ထံ အစ္စလာမ်ကို လက်ခံရန် စာရေး မေတ္တာ ရပ်ခံခဲ့၏။ အားလုံးကပင် အစ္စလာမ်ကို လက်ခံခဲ့ကြလေသည်။

ဆွာန်အာတွင် ဦးစွာ ပဌမ ကုရ်အာန်ကျမ်းမြတ်ကို အာဂုံဆောင်သူမှာ မရ်ကဗူဒ်၏သား အတွာနှင့် ဝဟ်ဗ် ဣဗ်နု မုနဗ်ဗိဟ် တို့ ဖြစ်ခဲ့ကြ၏။

ကြည့်- တွဗရီ၊ စာမျက်နှာ (၁၇၆၃)

ယမန်ပြည်နယ် တခုလုံးတွင် အစ္စလာမ် သာသနာပြုနိုင်ရန် အတွက် တမန်တော်မြတ်သည် မုအာဇ် ဣဗ်နု ဂျဗလ်နှင့် အဗူမူစာ အရှ်အရီအား ရွေးချယ်တော်မူခဲ့၏။ အဆိုပါ သာဝကကြီး ၂ ပါးအား ယမန်သို့ နယ်ခွဲ၍ စေလွှတ်တော်မူခဲ့၏။ ထိုသာဝကကြီး ၂ ပါး ယမန်သို့ ခရီးထွက်ကြသည့်အခါ တမန်တော်မြတ်သည် အောက်ပါအတိုင်း မှာကြားတော်မူလိုက်၏။

> အသင်တို့ ၂-ဦးသည် အစစ အရာရာ လွယ်ကူစွာ ဆောင်ရွက်ကြ၊ ခက်ခဲ၊ ကျပ်တည်းစွာ မလုပ်ကြနှင့်၊ ကောင်းသတင်းပေးကြ၊ ရွံရှာ မုန်းတီးသွားအောင် မလုပ်ကြနှင့်။ အသင်တို့ ၂-ဦးသည် အချင်းချင်း တိုင်တိုင်ပင်ပင် ပြောဆိုလုပ်ကိုင်ကြ။ အသင်တို့သည် ယခင်က အခြား ဘာသာတခုကို လက်ခံ ယုံကြည်ခဲ့ဘူးသူများနှင့် တွေ့ကြရမည်။ ထိုသို့သော သူများနှင့်တွေ့လျှင် ဦးစွာ ပဌမ (တောင်ဟီဒ်) တပါးတည်းသော အလ္လာဟ်အသျှင်မြတ်အား သာလျှင် ခဝပ် ကိုးကွယ်ရမည့်အကြောင်းနှင့် (ရိစာသတ်) ဆိုအသျှင်မြတ်က တခါးပြုရန် လူပုဂ္ဂိုလ်များအား တမန်တော်အဖြစ် ခန့်အပ် စေလွှတ်တော်မူသည့်အကြောင်း တင်ပြကြ။ ဤအချက်ကို လက်ခံကြလျှင် အလ္လာဟ်အသျှင်မြတ်က နေ့စဉ် ဆွလာတ် ငါးကြိမ် ဖတ်ပြုရန် မလုပ်မနေရ တာဝန်အဖြစ် သတ်မှတ်ထားတော်မူကြောင်းကို

လည်း တင်ပြကြ။ ဤအချက်ကိုလက်ခံကြလျှင် အလ္လာဟ်အသျှင်မြတ်က(ဇကာတ်)ဆင်းရဲသားကြေး ပေးဆောင်ရန်လည်း သတ်မှတ်ထားတော်မူကြောင်း တင်ပြကြ။ ဇကာတ် ပေးဆောင်လာကြသည့်အခါ ကောင်းသောပစ္စည်းများကိုသာ ရွေးရွေးပြီး မယူကြနှင့်။ အနှိပ်စက်ခံတို့၏ကျိန်ဆဲမှုကိုကြောက်ကြ။ အလ္လာဟ်အသျှင်မြတ်နှင့် အနှိပ်စက်ခံတို့၏ ကျိန်ဆဲမှုကြားတွင် အဘားအဆီးလုံးဝ မရှိ။

ယင်းသို့ တမန်တော်မြတ်က မှာကြားတော်မူသည့်အခါ သာဝကကြီး မူစာ အရှ်အရီက- "တမန်တော်မြတ်၊ ကျွန်တော်တို့သည် ယမန်ပြည်နယ်တွင် လူးဆံနှင့်ပျားရည်ဖြင့် လှော်စာတချို့ ပြုလုပ်ကြပါသည်။ ထိုသည့် လှော်စာသည်လည်း (ဟရာမ်) မသောက်သုံးရန် တားမြစ်ထားတော်မူပါသလော"ဟု မေးမြန်းရာ တမန်တော်မြတ်က မူးယစ်စေသော အရာတိုင်းသည် (ဟရာမ်)ဖြစ်သည်၊ မစားသုံးပိုင်၊ မသောက်သုံးပိုင်"ဟု ဖြေကြားတော်မူလိုက်လေသည်။ ကြည့်—(ဗုခါရီကျမ်း)

**နဂ်ျရာန်။**

နဂ်ျရာန်သည် ယမန်အနီးတွင် ပင်တည်ရှိသော ခရိုင်တခုဖြစ်သည်။ အာရေဗျပြည်တွင် နဂ်ျရာန်သည် အီစာအီများ၏ ဗဟိုဌာနဖြစ်သည်။ တမန်တော်မြတ်သည် အစ္စလာမ်သာသနာပြုရန် နဂ်ျရာန်သို့ သာဝကကြီး မုဃီရဟ်ဗ်နဗ ရှုအ်ဗဟ် အား စေလွှတ်တော်မူခဲ့၏။ နဂ်ျရာန်သို့ သာဝကကြီး မုဃီရဟ် ရောက်သည့်အခါ နဂ်ျရာန်ရှိ အီစာအီများက ကုရ်အာန်ကျမ်းမြတ်နှင့်စပ်လျဉ်း၍ စောဒနာတက်ခဲ့ကြ၏။ သာဝကကြီး မုဃီရဟ်သည် ပြေလည်အောင် မဖြေနိုင်သည့်အတွက် ပြန်လာခဲ့၏။ ထိုအခါ တမန်တော်မြတ်သည် နဂ်ျရာန်သို့ စာရေး၍ အစ္စလာမ်ကို လက်ခံရန် မေတ္တာရပ်တော်မူခဲ့၏။

အဆိုပါစာတွင်- "အကယ်တန္တိ၊ အသင်တို့သည် အစ္စလာမ်ကို လက်မခံကြလျှင်၊ နိုင်ငံရေးအရ အစ္စလာမ်၏ ထိန်းသိမ်းစောင့်ရှောက်မှုကို လက်ခံ၍ လူခွန်တော် ပေးဆောင်ကြ"ဟူ၍ ပါရှိ၏။ ယင်းသို့ စာချွန်တော် ရောက်သွားသည့်အခါ နဂ်ျရာန် ခရိုင်သူ ခရိုင်သားများသည် အခြေအနေမှန်လှေ့လာနိုင်ရန်အတွက် မိမိတို့၏ သာသနာ့ ရှေ့ဆောင် ရဟန်းများ ပါဝင်

သော အဖွဲ့တဖွဲ့ကို မဒီနာမြို့သို့ စေလွှတ်ခဲ့ကြ၏။ (ဤအဖွဲ့အကြောင်း နောက်တွင် အကျယ်လာမည်)။

နဂျ်ရာန်တွင် အီစာအီများ အပြင် မုရှ်ရိကျ်များလည်း အနည်းငယ်နေထိုင်လျက်ရှိခဲ့၏။ ၎င်းတို့တွင် 'ဗနူဟာရီဆ် ဣဗ်နု ဇီယာဒ်'၏ မျိုးနွယ်တခုရှိခဲ့၏။ ထိုမျိုးနွယ်သည် 'မဒ္ဒါနိ' ဟူသော ရုပ်ထုကို ကိုးကွယ်၏။ ထို့အတွက် ယင်းမျိုးနွယ်သည် "အဗ်ဒုလ်မဒ္ဒါနိ"ဟူ၍ ကျော်ကြားနေခဲ့၏။ တမန်တော်မြတ်သည် ဟိဂျ်ရီ(၁၀)ခု၊ ရဗီအုလ်အာခိရ်လတွင် သာဝကကြီး ခါလိဒ်အား သာသနာပြုရန် စေလွှတ်တော်မူခဲ့၏။ သာဝကကြီး ခါလိဒ် ရောက်သွားသည့်အခါ အဆိုပါ မျိုးနွယ်သည် အားလုံး မွတ်စလင်မ် ဖြစ်လာခဲ့၏။ သာဝကကြီး ခါလိဒ်သည် အဆိုပါမျိုးနွယ်အား ကုရ်အာန်ကျမ်းလာ ဒေသနာတော်များနှင့် အစ္စလာမ်၏ အဆုံးအမများကို သင်ကြားပေးခဲ့၏။ ထို့နောက် မကြာမီ အတွင်းမှာပင် ပြန်လာခဲ့၏။

ယမန် ပြည်နယ်သူ-ပြည်နယ်သားများသည် မြှော်လင့်ချက်၊ ခြိမ်းခြောက်ချက် တစုံတရာ မပါရှိဘဲ၊ အစ္စလာမ်ကို စေတနာဖြူစင်စွာဖြင့် လက်ခံခဲ့ခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ပင်ဖြစ်သည်။ ယမန်ပြည် 'အရှ်အရီ' မျိုးနွယ်ဝင်များ မဒီနာသို့ လာနေကြောင်း သတင်းရသည့်အခါ တမန်တော်မြတ်က မွတ်စလင်မ်များအား "နက်ဖြန် ယမန်ပြည်နယ်သားတွေ လာကြမည်၊ ၎င်းတို့သည် စိတ်နေသဘောထား အလွန် နူးညံ့သိမ်မွေ့ကြသည်" ဟု ကောင်းသတင်းပေးတော်မူခဲ့၏။ အထက်တွင် ရေးသားခဲ့သည့်အတိုင်း 'ဟမ်ဒါနိ' မျိုးနွယ်ဝင်များ အစ္စလာမ်ကို လက်ခံလိုက်ကြသည့်အကြောင်း သိရှိရသည့်အခါ တမန်တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်လျှသဖြင့် ဦးချတော်မူခဲ့၏။ ဟမ်ဒါနိ မျိုးနွယ်ဝင်များအပေါ်သို့လည်း မေတ္တာ ပို့တော်မူခဲ့၏။

ထိုအချိန်အတွင်းမှာပင် 'ဟင်မ်ယရ်' မျိုးနွယ်နှင့် 'တမီမ်' မျိုးနွယ်၏ ကိုယ်စားလှယ်အဖွဲ့များသည် တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်က 'တမီမ်' မျိုးနွယ် ကိုယ်စားလှယ် အဖွဲ့ကို ကြည့်ပြီး၊ "တမီမ်၊ မင်္ဂလာယူကြ" ဟု မိန့်ကြားတော်မူရာ၊ တမီမ် မျိုးနွယ် ကိုယ်စားလှယ်အဖွဲ့က "တမန်တော်မြတ်၊ ကျွန်တော်တို့သည် မင်္ဂလာကို လက်ခံကြပါသည်။ တခုခုလည်း ပေးတော်မူပါ" ဟု မေတ္တာရပ်ရာ၊ တမန်တော်မြတ်က "မင်္ဂလာထက် ကောင်း

မြတ်သောအရာ အဘာယ်မှာလျှင် ရှိနိုင်အံ့နည်း''ဟု မိန့်ကြားပြီး မျက်နှာလွှဲထားတော်မူလိုက်၏။

ထိုနောက် တမန်တော်မြတ်သည် ယမန်ပြည်နယ် သားများဘက်သို့ မျက်နှာမူပြီး ''အိုး ယမန်နယ်သားအပေါင်းတို့၊ တမိမ်မျိုးနွယ်သည် မင်္ဂလာကို လက်မခံ၊ အသင်တို့ လက်ခံကြ''ဟု မိန့်ကြားတော်မူရာ ယမန်နယ်သားများက ''တမန်တော်မြတ်၊ ကျွန်တော်တို့ လက်ခံကြပါသည်''ဟု ဝမ်းသာ အားရ သောင်းသောင်းဖြဖြ ပြောကြားခဲ့ကြ၏။ ထို့နောက်တမန်တော်မြတ်က ယေဘုယျအားဖြင့် ''အီမာန် ယုံကြည်မှုသည် ယမန်၏ ယုံကြည်မှု ဖြစ်သည်။ အမြော်အမြင်သည် ယမန်၏ အမြော်အမြင် ဖြစ်သည်''ဟု ချီးမွမ်း မိန့်ကြားတော်မူလိုက်လေသည်။

ယမန်ပြည်နယ်သို့ အစ္စလာမ် သာသနာပြုရန် စေလွှတ်ခြင်း ခံခဲ့ကြရသော အစ္စလာမ် သာသနာပြု ပုဂ္ဂိုလ်များအနက် သာဝကကြီး အလီနှင့် သာဝကကြီး အဗူမူစာ အရှ်အရီတို့ ၂-ပါးသည် တမန်တော်မြတ် နောက်ဆုံး ဟဂ်ျပြုတော်မူရန် မက္ကာမြို့တော်သို့ ရောက်ရှိနေတော်မူစဉ်၊ ယမန်မှ ပြန်လာခဲ့ကြ၏၊ တမန်တော်မြတ်နှင့် လာရောက်တွေ့ဆုံခဲ့ကြ၏၊ တမန်တော်မြတ်နှင့် အတူ ဟဂ်ျ ပြုခဲ့ကြ၏။ ထိုအချိန်တွင် ထိုသာဝကကြီး ၂-ပါးနှင့်အတူ ယမန်မှ များစွာသော မွတ်စလင်မ် အသစ်များလည်း လိုက်ပါလာခဲ့ကြ၏။

**ဗဟ်ရိုင်န်၊ ဟိဂ်ျရီ (၈)** ။

'ဗဟ်ရိုင်န်'သည် ပါးရှားနိုင်ငံ နယ်နိမိတ်အတွင်း တည်ရှိ၏။ အချို့ အရပ် မျိုးနွယ်များသည် တောင်ကြားဒေသများတွင် နေထိုင်လျက်ရှိခဲ့ကြ၏။ ယင်းမျိုးနွယ်များတွင် အဗ်ဒုလ်ကိုက်စ်၊ ဗတ်က်ရ် ဣဗ်နု ဝါအိလ် နှင့် တမိမ် မျိုးနွယ်များသည် ကျော်ကြားသော မျိုးနွယ်များဖြစ်ခဲ့ကြ၏။ အဗ်ဒုလ်ကိုက်စ် မျိုးနွယ်မှ ခေါင်းဆောင်တဦးဖြစ်သူ 'မွန်ကိဇ် ဣဗ်နု ဟဗ်ဗာန်'သည် ကူးသန်း ရောင်းဝယ်ရေးအတွက် ခရီးထွက်လာခဲ့၏။ လမ်းခရီးတွင် မဒီနာမြို့ ကျရောက်ပေရာ မွန်ကိဇ်သည် မဒီနာမြို့တွင် ဝင်ရောက်တည်းခိုခဲ့၏။ မဒီနာမြို့သို့ မွန်ကိဇ် ရောက်နေကြောင်း သိရသည့်အခါ၊ တမန်တော်မြတ်သည် မွန်ကိဇ်ထံ ကြွသွားတော်မူပြီး၊ အစ္စလာမ်ကိုလက်ခံရန် တင်ပြတော်မူ၏။ ထိုအခါ မွန်ကိဇ်သည် တမန်တော်မြတ်ထံမှ ကုရ်အာန်ကျမ်းလာ ဖာတ္တ (၁) နှင့် ဖာတ္တ (၉၆) ကို

သင်ကြားယူခဲ့၏။ တမန်တော်မြတ်သည် ၎င်းအား စာချွန်တော်တခု ပေးအပ်တော်မူလိုက်၏။

မွန်ကိဗ်သည် ခရီးမှ ပြန်လာပြီးနောက်၊ ရက်အတန်ကြာသည့်အထိ မိမိမွတ်စလင်မ် ဖြစ်နေသည်ကို မည်သူ့အားမျှ မပြောပြခဲ့ပေ။ သို့ရာတွင် ၎င်း၏ဇနီးသည် ၎င်းအား ဆွလာတ် ဝတ်ပြုနေသည်ကို တွေ့မြင်လိုက်သောအခါ၊ မိမိဘခင် 'မွန်ဇိရ် ဣဗ်နု အာအိဇ်'အား တိုင်ကြား၏။ မွန်ဇိရ်သည် မွန်ကိဗ်အား ကြိုးကြောင်းမေးကြည့်၏။ အချင်းချင်း အကြေအလည် တရားဆွေးနွေးကြ၏။ နောက်ဆုံးတွင် မွန်ဇိရ်လည်း မွတ်စလင်မ် ဖြစ်လာခဲ့၏။ ထို့နောက် မွန်ကိဗ်သည် တမန်တော်မြတ် ပေးအပ်တော်မူလိုက်သော စာချွန်တော်ကို မိမိမျိုးနွယ်ဝင်များအား ဘတ်ကြားတင်ပြရာ၊ အားလုံးပင် မွတ်စလင်မ် ဖြစ်လာခဲ့ကြလေသည်။

ဗုခါရီကျမ်း (ဂျုမုအဟ်) သေးကြာ အခဏ်းတွင် ပါရှိသည်မှာ–တမန်တော်မြတ်၏ ဗလီတော်နောက် ပထမဦးဆုံး သေးကြာ ဆွလာတ်ဝတ်ပြုသော ဗလီမှာ 'ဗဟ်ရိုင်န်'နယ် ဂျုဝါဆီအရပ်တွင် တည်ရှိသော ဗလီပင်ဖြစ်သည်၊ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် အစ္စလာမ်သည် ဗဟ်ရိုင်န်တွင် ခေတ်ဦးလေးကကပင် ထွန်းကားနေခဲ့ကြောင်း သိရှိနိုင်ပေသည်။

အဗ်ဒုလ်ကိုက်စ် မျိုးနွယ်သည် အစ္စလာမ်ကို လက်ခံပြီးသည့် နောက်ပိုင်းတွင် (၁၄) ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို တမန်တော်မြတ်ထံ စေလွှတ်ခဲ့၏။ အဖွဲ့ခေါင်းဆောင်မှာ မွန်ဇိရ် ဣဗ်နု ဟာရိဆ် ဖြစ်၏။ အဆိုပါ အဖွဲ့ဝင်များသည် တမန်တော်မြတ် အိမ်တော်ပါးသို့ ရောက်ကြသောအခါ။ မိမိတို့၏စိတ်ကို မထိန်းနိုင်တော့ဘဲ၊ အစီးအနင်းများမှ အသီးသီးခုန်ဆင်းပြီး၊ တမန်တော်မြတ်၏ လက်ကိုနမ်းကြတော့၏။ အဖွဲ့ခေါင်းဆောင် မွန်ဇိရ်မှာမူ ရှိသေကိုင်းရှိုင်းမှုကိုထောက်ထားနိုင်ခဲ့သဖြင့် ဦးစွာ ပဌမ မိမိတည်းခိုရာဌာနသို့ သွား၍ အဝတ်အစား လဲလိုက်၏။ ထို့နောက်မှ ရိုသေစွာ တမန်တော်မြတ်ထံ လာရောက်ပြီး တမန်တော်မြတ်၏ လက်ကိုနမ်းခဲ့လေသည်။

ဟိဂျိရီ (၈) ခုတွင် တမန်တော်မြတ်သည် အစ္စလာမ် သာသနာပြုရန် အတွက် 'အလာဟဿရမီအား' 'ဗဟ်ရိုင်န်'သို့ စေလွှတ်တော်မူခဲ့၏။ ထိုအချိန်တွင် ဗဟ်ရိုင်န်၌ ပါရှားနိုင်ငံမှ ခန့်အပ်ထားသော ဘုရင်ခံမင်းကြီးမှာ 'မွန်ဇိရ် ဣဗ်နု စာဝါ' ဖြစ်၏။ ဘုရင်ခံမင်းကြီး ဖြစ်သူကိုယ်တိုင်က အစ္စလာမ်ကိုလက်ခံ

ခဲ့၏။ ၎င်းနှင့်အတူ အရစ်အားလုံးနှင့် ဗဟ်ရိုင်န်တွင် နေထိုင်လျက်ရှိသော အချို့အရစ် မဟုတ်သူများလည်း မွတ်စလင်မ် ဖြစ်လာခဲ့ကြလေသည်။

ဗဟ်ရိုင်န်တွင် 'ဟဂျ်ရ်' ဟူသော မြို့တမြို့ရှိ၏။ ထိုမြို့တွင် အုပ်ချုပ်ရေးမှူး အဖြစ် ပါးရှားနိုင်ငံမှ ခန့်ထားသူမှာ 'စီဗခ်တ်' ဖြစ်၏။ တမန်တော်မြတ်သည် အဆိုပါ အုပ်ချုပ်ရေးမှူးထံ စာရေး၍ အစ္စလာမ်ကိုလက်ခံရန် မေတ္တာရပ်တော် မူခဲ့သည့်အခါ၊ အဆိုပါ အုပ်ချုပ်ရေးမှူးသည်လည်း အစ္စလာမ်ကို လက်ခံ သွားခဲ့လေသည်။

**အမ္မာန်၊ ဟိဂျ်ရီ(၈)။**

'အမ္မာန်'မြို့ကို အဇဒ်မျိုးနွယ်က သိမ်းပိုက်ထားခဲ့၏။ ထိုမြို့ကို စီမံအုပ် ချုပ်နေသူ ၂-ဦးမှာ အုဗိုက်ဒ်နှင့် ဂျအ်ဖရ် ဖြစ်ခဲ့ကြ၏။ ဟိဂျ်ရီ(၈)ခုတွင် တမန် တော်မြတ်သည် အဗူဇိုက်ဒ် အန်ဆွာရီနှင့် 'အမ်ရ် ဣဗ်နု အာဆ်' ၂-ဦးအား အစ္စလာမ့် ဘိတ်ခေါ်စာပေး၍ အဆိုပါမြို့သို့ စေလွှတ်တော်မူခဲ့၏။ အဆိုပါ ခေါင်းဆောင် ၂-ဦးသည် အစ္စလာမ်ကို လက်ခံခဲ့ကြ၏။ ၎င်းတို့ ၂-ဦး၏ ကြိုးပန်းမှုကြောင့် ထိုမြို့ရှိ အရစ် အားလုံးတို့သည်လည်း မွတ်စလင်မ် ဖြစ်လာခဲ့ ကြလေသည်။

**ဆီရီယနိုင်ငံရှိ အရစ်များ၊ ဟိဂျ်ရီ(၈)။**

ဆီရီယနိုင်ငံ၏နယ်စွန်နယ်ဖျားများတွင် အရစ်လူမျိုးများနေထိုင်လျက်ရှိ ခဲ့ကြ၏။ ၎င်းတို့တွင် သီးခြား ပြည်နယ်ကလေးများရှိခဲ့၏။ ထိုပြည်နယ်များ အနက် 'မအာန်'နှင့် မအာန်၏ ပတ်ဝန်းကျင် ဒေသများသည် 'ဖရ်ဝဟ် ဣဗ်နု အမ်ရ်' ၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိခဲ့၏။ ဖရ်ဝဟ်သည် တနည်းအားဖြင့် ရောမနိုင်ငံမှ ခန့်ထားသော ဘုရင်ခံမင်းကြီးဖြစ်၏။ ဖရ်ဝဟ်သည် မိမိစေတနာ အလျောက် အစ္စလာမ်ကို လေ့လာပြီး မွတ်စလင်မ်ဖြစ်လာခဲ့၏။ တမန်တော် မြတ်ထံသို့ မိမိ မွတ်စလင်မ်ဖြစ်ကြောင်း စာရေး၍ စာနှင့်အတူ လား တိရစ္ဆာန် တကောင်ကိုလည်း မေတ္တာ လက်ဆောင်အဖြစ် ပို့ပေးခဲ့၏။

ရောမနိုင်ငံရှိ အီစာအီများသည် ဖရ်ဝဟ် မွတ်စလင်မ်ဖြစ်သွားကြောင်း သိရှိကြသည့်အခါ ၎င်းအား ဖမ်းဆီးပြီး ကားစင်တင် ကွပ်မျက်ခဲ့ကြ၏။ ထိုသို့ ကားစင်တင်စဉ် ဖရ်ဝဟ်သည် အောက်ပါလင်္ကာကို ရွတ်ဆိုနေခဲ့လေသည်။

بلّغ سراة المسلمين بأنني
سلمٌ لربّي اعظمي ومقامي

ကျွန်နုပ်၏ ကိုယ်ခန္ဓာနှင့် ကျွန်နုပ်၏ ဂုဏ်သိက္ခာသည် မိမိအား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်သခင်အား စွန့်လှူထားပြီး ဖြစ်ကြောင်း ၊ သတင်းကို အသင်သည် မွတ်စလင်မ် အကြီးအကဲများထံ ပို့ပေးပါ။

# အရဗ်သံတမန်များ

အချို့ပုဂ္ဂိုလ်များသည် အစ္စလာမ့် ဘိတ်ခေါ်သံကို လက်ခံပြီးနောက် တမန်တော်မြတ်ထံ တကူးတကာယ ရောက်ရှိလာပြီး မိမိတို့ မွတ်စလင်မ် ဖြစ်ကြောင်း ကျေညာခဲ့ကြ၏။ ထိုသို့သော ပုဂ္ဂိုလ်ထူးများအား တမန်တော်မြတ် ထေရုပ္ပတ္တိ ရေးကြသော ပညာရှင်များသည် "ဝုဖူဒ် – သံတမန်များ" ဟူ၍ ကင်မွန်းတပ် ရေးသားလေ့ ရှိခဲ့ကြပေသည်။

ယင်းသို့သော သံတမန် ဦးရေမှာ များပြားလှ၏။ ထိုသို့သော သံတမန် ဦးရေမှာ 'ဣဗ်နု အစ္စဟာက်'၏ ယူဆချက်အရ(၁၅)၊ 'ဣဗ်နူ စအ်ဒ်'၏ ယူဆချက်အရ(၇၀)၊ ရှာမီကျမ်း ပြုစုသော ပညာရှင်၏ယူဆချက်အရ (၁၀၄)၊ ဣဗ်ကိုင်ယ်ယင်မ် နှင့် 'ကဘ်စ္စတ္တသာနီ'၏ ယူဆချက်အရ(၃၄)ဖြစ်သည် ဟူ၍ အသီးသီး ဖော်ပြခဲ့ကြသည်။

အမှန်မှာ အထက်တွင် ရေးသား ဖော်ပြခဲ့သည့်အတိုင်း အရဗ် တမျိုးသားလုံးသည် အစ္စလာမ့် အရေးတွင် မက္ကာမြို့တော်၏ နောက်ဆုံး အဆုံးအဖြတ်ကို စောင့်မြော်နေခဲ့ကြ၏။ မက္ကာမြို့တော်သည် မွတ်စလင်မ်တို့ လက်တွင်းသို့ ကျရောက်သွားသည့်အခါ အထက်ပါ စောင့်မြော်ချက်မှာ ကုန်ဆုံးသွားခဲ့၏။ ယခုသော် မျိုးနွယ်တိုင်းသည် မိမိတို့ကိုယ်တိုင် 'ဒါရုလ်အစ္စလာမ်– မဒီနာမြို့သို့သွား၍ အဆုံးအဖြတ် ပေးလိုခဲ့၏၊ အစ္စလာမ်ကို တိုက်ရန် စွမ်းအား မရှိတော့သည်ကို အရဗ် တမျိုးသားလုံး သိထားကြပြီး ဖြစ်၏။ သို့တစေလည်း 'ခိုင်ဗရ်' နှင့် အခြား အလားတူဖြစ်ရပ်များကို ထောက်ချင့်ပြီး အစ္စလာမ်ကို အတင်း အဓမ္မ လက်ခံရကောင်းစေမဟုတ်။ အခွန်တော်ဆက်ခြင်းဖြင့်သော်၎င်း၊ စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုခြင်းဖြင့်သော်၎င်း အစ္စလာမ်ကို လက်မခံဘဲ မိမိတို့ဆန္ဒအတိုင်း လွတ်လပ်စွာ နေနိုင်ကြသည်ကို သိထားကြ၏။

မက္ကာမြို့တော်ကို ပြန်လည် အောင်နိုင်ပြီးနောက်ပိုင်းတွင် ယင်းသို့သော သံတမန်များ၊ သံတမန် အဖွဲ့များသည် အဘက်ဘက်မှ စတင် ရောက်ရှိလာခဲ့တော့၏။ ယင်းသို့ ရောက်ရှိလာသော သံတမန် အဖွဲ့များသည် တမန်တော်

မြဘ်၏ ဩဝါဒတော်များနှင့် ပဘ်ဝန်းကျင်ရှိ တပည့် သာဝကများ၏ အနေအထိုင်၊ အပြောအဆို၊ အပြုအမူများကို ကြားနာ တွေ့မြင်ကြရသည့်အခါ အစ္စလာမ်ကို ကြည်ဖြူစွာ လက်ခံသွားခဲ့ကြသည်သာ ဖြစ်ပေသည်။

အာရေဗျပြည်တွင် ဩဇာ အာဏာ အရှိန်ဝါ အရှိဆုံး မျိုးနွယ်များမှာ တမိမ်၊ စအ်ဒ်၊ ဟာနီဖဟ်၊ အစဒ်၊ ကင်န်ဒဟ်၊ ဟင်မ်ယရ်၊ ဟမ်ဒါန်၊ အဇဒ်နှင့် တွဲ ုင်ယ် မျိုးနွယ်များပင်ဖြစ်ခဲ့ကြပေသည်။ ယင်းမျိုးနွယ် အသီးသီးထံမှ တမန်တော်မြတ်ထံသို့ သံအဖွဲ့များ ရောက်ရှိလာခဲ့ကြ၏။ ယင်း သံအဖွဲ့များ အနက်အချို့မှာ နိုင်ငံရေး အရ တမန်တော်မြတ်နှင့် ပဋိညာဉ် စာချုပ်ချုပ်ဆိုရန်အတွက်ဖြစ်ခဲ့၏။ သို့ရာတွင် သံအဖွဲ့ အများစုမှာ အစ္စလာမ်၏ အမှန်တရားကို မိမိတို့ကိုယ်တိုင် လေ့လာ–ကြားနာသိရှိပြီး၊ အစ္စလာမ့်အရိပ်အာဝါသကို ခိုလှုံရန်အလာ့က်သာ ဖြစ်ခဲ့ပေသည်။ ထိုသို့သော သံအဖွဲ့များသည် များသောအားဖြင့် မက္ကာမြို့တော် အောင်နိုင်ပြီးနောက် ဟိဂျ်ရီ(၈၊၉၊၁၀)တွင် ရောက်ရှိလာခဲ့ကြ၏။ ဤတွင် သံအဖွဲ့များ အခကြောင်းရေးနေသည်ဖြစ်ရာ၊ ထိုသည့်နှစ်များ အလျင်ရောက်ရှိလာခဲ့သော အချို့သံအဖွဲ့များ အကြောင်းကိုပါ တပါတည်း ဖေါ်ပြသွားပါမည်။

**မုဇိုင်နဟ်မျိုးနွယ်၏ သံအဖွဲ့။**

ဤမျိုးနွယ်သည် မျိုးနွယ်ကြီးတခုဖြစ်၏။ အီဂျစ်အထိ ရောက်ရှိပြီး ကုရိုက်ရှ် မျိုးနွယ်နှင့် မျိုးနွယ်ချင်း ဆက်စပ်နေ၏။ မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်သိမ်းပိုက်စဉ်က မုဇိုင်နဟ်မျိုးနွယ်၏ အလံကိုင်မှာ ကျော်ကြားသောသာဝကကြီး 'နုအ်မာန် ဣဗ်နု မွက္ကရင်န်' ဖြစ်၏။ အဆိုပါ သာဝကကြီးသည် ဤမျိုးနွယ်မှပင်ဖြစ်၏။ ယင်းမျိုးနွယ်သည်ပင် (ပါးရှားနိုင်ငံ၏ မြို့တော်) 'အဆ်ဖဟာန်' ကိုသိမ်းပိုက်ခဲ့၏။ ဟိဂျ်ရီ(၅)ခုတွင် ဤမျိုးနွယ်မှ ပုဂ္ဂိုလ်(၄)ဦး ပါဝင်သော သံအဖွဲ့တဖွဲ့ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်နှင့် တွေ့ဆုံလိုက်သည့်အခါ မွတ်စလင်မ် ဖြစ်လာခဲ့၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ 'အီရာကီ' က အောက်ပါအတိုင်း ရေးသားထားသည်။

اول وفد وصل المدينة

سنة خمس وفد مزينة

မဒီနာမြို့သို့ ပဌမဦးဆုံး ရောက်ရှိလာခဲ့သော သံအဖွဲ့မှာ ဟိဂျ်ရီ (၅)တွင် ရောက်လာရှိခဲ့သော မုဇိုင်နဟ် မျိုးနွယ်၏ သံအဖွဲ့ပင် ဖြစ်ပေသည်။

**တမီမ် မျိုးနွယ်၏ သံအဖွဲ့။**

တမီမ်မျိုးနွယ်၏ သံအဖွဲ့သည် မဒီနာမြို့သို့ ကြီးကျယ် ခမ်းနားစွာဖြင့် ရောက်ရှိလာခဲ့၏။ ထို သံအဖွဲ့တွင် ကျော်ကြားသော ခေါင်းဆောင်များ အားလုံးလိုက်ပါလာခဲ့၏။ ဥပမာ– 'အတ်ကာ်ရဟ် ဣဗ်နု ဟာဗစ်၊ ဇီဗ်ရကာန်၊ အမ်ရ် ဣဗ်နု အဟ်တမ်၊ နုံအိုင်မ် ဣဗ်နု ယဇီဒ်'။ မဒီနာမြို့ ဆင်ခြေဖုံးသို့ လာရောက်တိုက်ခိုက်လေ့ရှိခဲ့သော 'အုယိုင်နဟ် ဣဗ်နု ဟိဆ်န်ဖဇာရီ'လည်း အဆိုပါ သံအဖွဲ့တွင် လိုက်ပါလာခဲ့၏။

တမီမ် မျိုးနွယ်၏ သံအဖွဲ့သည် အမှန်မှာ အစ္စလာမ်ကို လက်ခံဘို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။ သို့ဘစေလည်း ၎င်းတို့၌ မောက်မား ကြွားဝါလိုသည့် ဂုဏ်မာနသည် ယခုဘိုင် ကျန်ရှိနေခဲ့သေးသည်။ ဤသံအဖွဲ့သည် မဒီနာမြို့ရှိ တမန်တော်မြတ်၏ ဗလီတော်သို့ ရောက်ရှိလာခဲ့၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် မိမိ အိမ်တော်တွင် ရှိနေတော်မူခဲ့၏။ သံအဖွဲ့ဝင်များသည် ၎င်းတို့ထံသို့ တမန်တော်မြတ် ကြွလာတော်မူသည်ကိုပင် မစောင့်ဆိုင်းတော့ဘဲ တမန်တော်မြတ် အိမ်တော်သို့သွား၍ အပြင်မှ (يا محمد اخرج الينا) "အို–မုဟမ္မဒ်၊ ကျွန်ုပ်တို့ထံ ထွက်ပါ၊ လာပါ"ဟု အော်ဟစ် ပြောဆိုခဲ့ကြ၏။

သို့ ရိုင်းပြစွာ အော်ဟစ်ပြောဆိုကြသည့်အတွက် တမန်တော်မြတ်သည် နှစ်မြို့တော်မူသည် မဟုတ်သော်လည်း အပြင်သို့ကြွလာတော်မူခဲ့၏။ တမန်တော်မြတ် ကြွလာတော်မူသည့်အခါ အဆိုပါ သံအဖွဲ့ဝင်များက– "ကျွန်ုပ်တို့သည် ဂုဏ်ပြိုင်ရန် ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာဆိုတော်နှင့် ဓမ္မကထိကအား စာဆိုခွင့်၊ ဟောပြောခွင့်ပြုပါ"ဟု ပြောရာ၊ တမန်တော်မြတ်က ကြည်ဖြူစွာ ခွင့်ပြုတော်မူလိုက်၏။ သို့ ခွင့်ပြုတော်မူလိုက်သည့်အခါ တမီမ် မျိုးနွယ်မှ အပြောကောင်း၊ အဟောကောင်း ပါးရှား ဘုရင် (Nawshir wan) 'နော်ရှေရဝါန်'ထံမှ အပြော- အဟော ကောင်းသည့် အတွက်

ဆုလာဘ်ရဘူးသူ နာမည်ကျော် ဓမ္မကထိက 'အုတ္တာရိဒ် ဣဗ်နု ဟာဂျိဗ်' မတ်တတ်ရပ်ပြီး အောက်ပါအတိုင်း ဟောပြောလေ၏။

الحمد لله الذى له علينا الفضل والمنّ وهو
اهله، الذى جعلنا ملوكًا، و وهب لنا اموالًا
عظامًا، يفعل فيها المعروف، وجعلنا أعزّ
أهل المشرق واكثره عددًا، وايسره عُدّة،
فمن مثلنا فى الناس؟ ألسنا برؤس الناس
وأولى فضلهم؟ فمن فاخرنا فليعدّ مثل ما عدّدنا،
وإنا لو نشاء لأكثرنا الكلام، ولكنا نحيا من الإكثار
فيما أعطانا، وأنا نعرف بذلك
أقول هذا لأن تأتوا بمثل قولنا وأمرٍ أفضلَ
من أمرنا. ثم جلس

سيرة ابن هشام ص ٢٠٧ ج ٤

(အချုပ်မှာ)- အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ပင်၊ ကျွန်ုပ်တို့သည် ဘုရင်များ ဖြစ်ကြပါသည်။ ဥစ္စာ ပစ္စည်း အမြောက်အမြား ပိုင်ဆိုင်ကြပါသည်။ ကောင်းမှုလည်း ပြုကြပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာ့အရှေ့ဖြားတွင် ဂုဏ်အရှိဆုံး၊ ဦးရေ အများဆုံး ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် မည်သူ ယှဉ်နိုင်အံ့နည်း။ ကျွန်ုပ်တို့သည် လူများ၏ ခေါင်းဆောင်၊ လူများတွင် အမြတ်ဆုံး မဟုတ်ကြပါသလော။ ကျွန်ုပ်တို့နှင့် ယှဉ်ပြိုင်လိုသူသည် ကျွန်ုပ်တို့ကဲ့သို့ပင် ဂုဏ်ထူးများကို ထုတ်ဖော် ရေတွက်ပြရမည်။ ဆက်လက် ပြောနိုင်ပါသေးသည်။ စကားရှည်မည်စိုး၍ မပြောတော့ပါ။

ဤသို့ ဟောပြောပြခြင်းမှာ၊ ကျွန်ုပ်တို့ကဲ့သို့ အသင်တို့ ဟောပြောပြရန်နှင့် ကျွန်ုပ်တို့ထက်သာသော အချက်ကို အသင်တို့ တင်ပြရန် ဖြစ်သည်။

(စီရတုဣဗ်နိုဟိရှာမ်၊ အ-၄၊ စ-၂၀၇။)

'အုတ္တာရိဒ်'က အထက်ပါအတိုင်း မိမိတို့၏ဂုဏ်ပုဒ်များကို ထုတ်ဖော်ကြွားဝါ ဟောပြောပြီး ထိုင်သောအခါ၊ တမန်တော်မြတ်က သာဝကကြီး 'ဆာဗိတ် ဗ္ဗင်နု ကိုက်စ်'အား ညွှန်ကြားတော်မူလိုက်၏။ သို့ညွှန်ကြားတော်မူသည့်အခါ သာဝကကြီး 'ဆာဗိတ် ဗ္ဗင်နု ကိုက်စ်'သည် အောက်ပါအတိုင်း ဟောကြားလိုက်၏။

الحمد لله الذى السموات والارض خلقه، قضى
فيهن امره، ووسع كرسيه علمه، ولم يك شئ قط
الا من فضله، ثم كان من قدرته ان جعلنا
ملوكا، واصطفى من خير خلقه رسولا، أكرمه
نسبا، وأصدقه حديثا، وأفضله حسبا، فأنزل
عليه كتابه وأئتمنه على خلقه، فكان خيرة الله
من العالمين، ثم دعا الناس الى الايمان به
فآمن برسول الله المهاجرون من قومه وذوى
رحمه، أكرم الناس حسبا، وأحسن الناس وجوها
وخير الناس فعالا. ثم كان أول الخلق إجابة،
واستجاب لله حين دعاه رسول الله صلى الله
عليه وسلم نحن، فنحن أنصار الله ووزراء رسوله،
نقاتل الناس حتى يؤمنوا بالله، فمن آمن
بالله ورسوله منع منا ماله ودمه، ومن كفر
جاهدناه في الله ابدا، وكان قتله علينا
يسيرا - اقول قولى هذا واستغفر الله لى
وللمؤمنين والمؤمنات، والسلام عليكم.

سيرة ابن هشام ص ٢٠٨ ج ٤

"(အကျဉ်းသဘောမှာ)- တန်ခိုးတော် အနန္တ၊ ဉာဏ်တော် အနန္တရှင် ဖြစ်တော်မူသော၊ လောကဓါတ်ကြီး တခုလုံးကို ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောမနာခြင်း အပေါင်းကို ခံထိုက်တော်မူ၏။ ရှိရှိသမျှသော အရာခပ်သိမ်းကုန်တို့သည် ထို အသျှင်မြတ်၏ ကျေးဇူးတော်ကြောင့်သာလျှင် ဖြစ်ပေါ်လာ၏။ ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့အား စိုးမိုး အုပ်ချုပ်မှု အာဏာကို ချီးမြှင့်တော် မူ၏။ ထိုအသျှင်မြတ်သည် မိမိ ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံများအနက် အကောင်းဆုံး၊ အမြတ်ဆုံး ပုဂ္ဂိုလ်အား တမန်တော်အဖြစ် ရွေးချယ်မြှောက်စားတော်မူ၏။ ထို တမန်တော်သည် မျိုးနွယ်အားဖြင့် အမြတ်ဆုံး၊ စကားအရာတွင် အမှန်ဆုံး၊ ကိုယ်ကျင့် သိက္ခာတွင် အမြတ်ဆုံးဖြင်၏။ ထိုအသျှင်မြတ်သည် ထိုတမန်တော်မြတ် အပေါ်သို့ မိမိ၏ကျမ်းမြတ်ကို ထုတ်ပန် ပို့ချတော်မူ၏။

တမန်တော်မြတ်သည် အလ္လာဟ် အသျှင်မြတ် ဘက်တော်သို့ လူအားတို့အား ဘိတ်ခေါ်သည့်အခါ ၎င်း၏သားချင်းများအနက် မုဟာဂျိရ်များ သည် လက်ခံခဲ့ကြ၏။ ထိုသူများသည် သိက္ခာ အကောင်းဆုံး၊ ကျက်သရေ အရှိဆုံး၊ အကျင့်အကောင်းဆုံး ဖြစ်ခဲ့ကြ၏။ ဘိတ်ကြားချက်ကို လက်ခံရာ၌ လူသားတို့တွင် ပဌမ ဖြစ်ခဲ့ကြ၏။ သို့ဖြစ်ရာ ငါတို့သည် အလ္လာဟ်အသျှင်မြတ်အား ကူညီသူများလည်း ဖြစ်ကြ၏။ တမန်တော်မြတ်၏ ဝန်ကြီးများလည်း ဖြစ်ကြ၏။ လူသားများသည် အလ္လာဟ်အသျှင်မြတ်အား ယုံကြည် လာကြသည့်တိုင်အောင် ငါတို့သည် သက်စွန့် ကြိုးပမ်း ဆောင်ရွက်ကြမည်။ အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ်အား ယုံကြည် မြတ်နိုးသူ၏ ဥစ္စာပစ္စည်းနှင့် အသက်သွေး ကာကွယ်ရန်မှာ ငါတို့၏တာဝန်ဖြစ်သည်။ သွေးဖည် ငြင်းဆန်သူအား ငါတို့သည် အလ္လာဟ်အတွက် အမြဲတစေ အစွမ်းကုန် တိုက်ကြမည်။

ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ မိမိအတွက်၎င်း၊ သက်ဝင်ယုံကြည်သော (မုအ်မင်န်) အမျိုးသား- အမျိုးသမီးများအတွက်၎င်း၊ လွတ်ငြိမ်း ချမ်းသာခွင့် ပန်ကြားပါ၏။

အသင်တို့ အပေါ်သို့ ကောင်းချီး ချမ်းသာ အဖြာဖြာ သက်ရောက်ပါစေ။”

ယင်းသို့ သာဝကကြီး ‘ဆာဗိတ် ဣဗ်နု ကိုက်စ်’က ဟောကြားလိုက်သည့်အခါ တမိမ်မျိုးနွယ်မှ နာမည်ကျော် စာဆိုတော် ‘ဇိဗ်ရကာန် ဣဗ်နု ဗဒ်ရ်’ သည် မိမိမျိုးနွယ်၏ ဂုဏ်ပုဒ်များ ဖွဲ့ဆိုသီကုံးထားသည့် လင်္ကာတပုဒ်ကိုဆိုပြ၏။ ထိုအခါ တမန်တော်မြတ်၏ ညွှန်ကြားချက်အရ စာဆိုတော် သာဝကကြီး ‘ဟစ္စာန် ဣဗ်နု ဆာဗိတ်’က ချက်ချင်းပင် တုံ့ပြန်ချေပ လင်္ကာ ဆိုပြလိုက်ရာ တမိမ် မျိုးနွယ်၏ သံအဖွဲ့သည် အဟောအပြောတွင်ရှင်း၊ လင်္ကာကုံးရာတွင်ရှင်း အရေးနိမ့်သွားခဲ့လေသည်။ တမန်တော်မြတ်၏ ဓမ္မကထိကနှင့် စာဆိုတော်သည် မိမိတို့၏ ဓမ္မကထိကနှင့် စာဆိုတော်ထက်သာကြောင်း ဝန်ခံ ထုတ်ဖော် ပြောဆိုခဲ့လေသည်။

## စအ်ဒ် မျိုးနွယ်၏သံအဖွဲ့။

စအ်ဒ်မျိုးနွယ်သည် သိမာမ် ဣဗ်နု ဆအ်လဗဟ်အား သံအဖြစ်စေလွှတ်ခဲ့၏။ သိမာမ်သည် တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်နှင့် သိမာမ်၏ ဆက်ဆံပုံကို ကြည့်ခြင်းအားဖြင့် အရပ်လူမျိုး၏ ရိုးသားမှုနှင့် လွတ်လပ်မှုကို ကောင်းစွာ သိမြင်နိုင်၏။

အထက်ပါဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဗုခါရီကျမ်းကြီးတွင် အကြိမ်ကြိမ် တွေ့ရှိရ၏၊ ပညာအခဏ်းတွင် လာရှိသည်မှာ-

သာဝကကြီး အနတ်စ်က ပြောပြသည်မှာ-“တရက် ကျွန်တော်တို့သည် တမန်တော်မြတ်ထံတွင် ရှိနေခဲ့ကြ၏၊ ထိုအချိတွင် အစီးအနင်းဖြင့် လူတယောက် ရောက်ရှိလာခဲ့၏။ တမန်တော်မြတ် ဗလီတော် ပရဝုဏ်သို့ ရောက်ရှိသည့်အခါ အစီးအနင်းမှ ဆင်းလိုက်၏။ ထို့နောက် အသင့်ရောက်ရှိနေသော ပရိသတ်အား “(တမန်တော်မြတ်)မုဟမ္မဒ်သည် မည်သူပါနည်း”ဟု မေး၏၊ ပရိသတ်က တမန်တော်မြတ်အား ညွှန်ပြပြီး “ဤအသားဖြူဖြူ၊ မှီလျက်ထိုင်နေသော ပုဂ္ဂိုလ်မြတ်ပါ”ဟု ပြောပြ၏။ သိမာမ်သည် အနီးသို့ရောက်ရှိလာပြီး “အို-အဗ်ဒုလ်မွတ္တလိဗ်၏သား”ဟု ပြောဆိုခေါ်ရာ၊ တမန်တော်မြတ်က “ကျွန်ုပ် အဖြေပေးပါပြီ”ဟု မိန့်ကြားတော်မူ၏။ “ကျွန်ုပ်သည် သင့်အား စကား သုံးလေးခွန်း မေးပါမည်၊ ခပ်ပြတ်ပြတ်ပင် မေးပါမည်၊ စိတ်မရှိပါနှင့်”ဟု ပြောရာ၊ တမန်တော်မြတ်က “မေးလိုသည်ကို မေးပါ”ဟု မိန့်တော်မူ၏။ သိမာမ်က “အသင်သည်

အလ္လာဟ် အသျှင်မြတ်အား တိုင်တည်၍ ပြောရမည်။ အလ္လာဟ် အသျှင်မြတ်သည် သင့်အား ကမ္ဘာ့အဂ္ဂုန်းအတွက် တမန်တော်အဖြစ် စေလွှတ်တော်မူလိုက်ပါသလား" ဟု မေးရာ၊ တမန်တေမြတ်က "မှန်ပါသည်" ဟု ဖြေကြားတော်မူ၏။ထို့နောက် သိမ္မာမ်က "အလ္လာဟ် အသျှင်မြတ်သည် ငါးကြိမ် ဆွလာတ်ဝတ်ပြုရန် အမိန့်ပေးတော်မူပါသလား" ဟု မေးရာ၊ တမန်တော်မြတ်က– "မှန်ပါသည်"ဟု ဖြေကြားတော်မူ၏။ ဇကာတ်၊ ဆွိယာမ်၊ ဟဂျ်နှင့်စပ်လျဉ်း၍လည်း ယခင်နည်းတူ မေးရာ၊ တမန်တော်မြတ်သည် "မှန်ပါသည်" ဟူ၍ ဖြေကြားတော်မူ၏။ သိမ္မာမ်သည် မိမိ သိလိုသည်များနှင့်စပ်လျဉ်း၍ ယင်းသို့ ပွင့်လင်းစွာ မေးမြန်းပြီးသောအခါ "ကျွန်တော်၏အမည်မှာ သိမ္မာမ်ဖြစ်ပါသည်၊ ကျွန်တော့အား ကျွန်တော်၏မျိုးနွယ်က စေလွှတ်လိုက်ပါသည်၊ ကျွန်တော် ယခုပြန်ပါမည်၊ တမန်တော်မြတ် ဟောကြားတော်မူသည်များကို မိမိ မျိုးနွယ်အား တခွန်းတပါဒမျှ အပို၊ အလိုမရှိ အတိအကျ ပြောပြပါမည်"ဟု ပြောဆိုကာ ပြန်သွားခဲ့လေသည်။ ထိုအခါ တမန်တော်မြတ်က "ဤပုဂ္ဂိုလ်သည် အမှန်အကန် ပြောဆိုသည်ရှိပါက အောင်မြင်ပြီ"ဟု မိန့်ကြားတော် မူလိုက်လေသည်။

သိမ္မာမ်သည် ပြန်လည်ရောက်ရှိလာပြီး မိမိမျိုးနွယ်အား— "အသင်တို့ ကိုးကွယ်နေကြသော 'လာတ်'၊ 'အုဇ္ဇာ'ဘုရားများသည် ဘာမျှ မဟုတ်"ဟု ပြောဆိုရာ မျိုးနွယ်ဝင်များက "အသင်ရူးသလော" ဟု မေးကြ၏။ သိမ္မာမ်က "အလ္လာဟ် အသျှင်အား 'ကျွန်ုပ်တိုင်တည် ပြောပါရစေ – လာတ် နှင့် အုဇ္ဇာသည် တစုံတရာ အကျိုးပေးနိုင်သည်လည်း မဟုတ်၊ အန္တရာယ် ပြုနိုင်သည်လည်း မဟုတ်။ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် မုဟမ္မဒ်အား သက်ဝင် ယုံကြည်ပြီ"ဟု ပြောပြလိုက်၏။ သို့ ပွင့်လင်းစွာ ပြောပြ လိုက်သည့်အခါ စအ်ဒ်မျိုးနွယ်ဝင် ကျား-မ၊ လူကြီး-လူငယ် အားလုံးတို့သည် ထိုနေ့မှာပင် နေမဝင်မီ အစ္စလာမ်ကို လက်ခံလိုက်ကြလေသည်။

ကြည့်–(ဋ္ဌဗ်နုဟ်ရှာမ်၊ အတွဲ–၄၊ စာမျက်နှာ–၂၁၉/၂၂၁)။

**အရှ်အရီ မျိုးနွယ်၏ သံအဖွဲ့၊ ဟီဂျ်ရီ(၇)။**

'အရှ်အရီ' မျိုးနွယ်သည် ယမန်ပြည်၏ ဂုဏ်အသရေရှိ မျိုးနွယ်တခုဖြစ်၏။ သာဝကကြီး 'အဗူမူစာအရှ်အရီ'သည် အဆိုပါ မျိုးနွယ်မှပင်ဖြစ်၏။ တမန်တော်မြတ် ပွင့်တော်မူသည့် အကြောင်း ကြားသိသောအခါ အဆိုပါ

မျိုးနွယ်မှ ပုဂ္ဂိုလ်(၅၃)ဦးတို့သည် မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ရန် ခရီးထွက်လာခဲ့ကြ၏။ ယင်း (၅၃)ဦးတွင် သာဝကကြီး အဗူမူစာ အရှ်အရီလည်းအတူလိုက်ပါလာ၍၏။ အဆိုပါ ပုဂ္ဂိုလ်သည်များ သင်္ဘောစီး၍ ထွက်ခွါလာခဲ့ကြရာ ပင်လယ်လေ ဆန့်ကျင်ဘက် တိုက်ခတ်လာခဲ့သည့်အတွက်(Ethiopia)"အီသီယိုပီယား" နိုင်ငံသို့ ရောက်ရှိသွားခဲ့ကြ၏။ အီသီယိုပီယားတွင် သာဝကကြီး 'ဂျအ်ဖရ်တိုင်ယာရ်'သည် ရောက်ရှိနေခဲ့၏။ သာဝကကြီး ဂျအ်ဖရ်သည် အဆိုပါ ပုဂ္ဂိုလ်များအား အာရေဗျပြည်သို့ ခေါ်ဆောင်လာခဲ့၏။ ထို အချိန်တွင် 'ခိုင်ဗရ်'ကို မွတ်စလင်မ်တို့ အောင်နိုင်ပြီးဖြစ်ခဲ့၏။ တမန်တော်မြတ်လည်း ခိုင်ဗရ်တွင် ရှိနေတော်မူ၏။ ထို့အတွက် သာဝကကြီး ဂျအ်ဖရ်နှင့် အရှ်အရီမျိုးနွယ်၏ သံအဖွဲ့ဝင် များသည် ခိုင်ဗရ်သို့ ရောက်ရှိ လာပြီး တမန်တော်မြတ်နှင့် တွေ့ဆုံးသွားခဲ့ကြ၏။

အရှ်အရီမျိုးနွယ်ဝင်များ ရောက်ရှိလာကြသည့် အခါ တမန်တော်မြတ်က သာဝကကြီး များအား "အသင်တို့ထံ ယမန်ပြည်နယ်သားများ ရောက်လာကြသည်၊ သူတို့သည် စိတ်နှလုံး အလွန် ပြေ့ပြောင်း သိမ်မွေ့ကြသည်"ဟု မိန့်ကြားတော်မူ၏။

အရှ်အရီမျိုးနွယ်၏သံအဖွဲ့ဝင်များ ရောက်ရှိလာကြသည့်အခါ ဝမ်းသာလှသဖြင့် အောက်ပါလင်္ကာကို ရွတ်ဆိုခဲ့ကြ၏။

غداً نلقى الأحبة، محمداً وحزبه

ငါတို့သည် နက်ဖြန် မိတ်ဆွေများနှင့် တွေ့ကြရတော့မည်(ဝါ)
တမန်တော်မြတ် မုဟမ္မဒ်နှင့် တမန်တော်မြတ်၏ တပည့်သားများ
(နှင့် တွေ့ကြ ရတော့မည်) ။

(မွတ်စ်နဒ် ဣမာမ် ဟန်ဗလ်)

(အဆိုပါ သံအဖွဲ့ဝင်များသည် တမန်တော်မြတ်ထံရောက်ရှိလာပြီး "တမန်တော်မြတ်၊ ကျွန်တော်တို့ ရောက်ရှိလာခြင်းမှာ အစ္စလာမ်၏ ကျင့်စဉ် ကျင့်ရပ်များ သင်ကြားရန်နှင့် ကမ္ဘာ့အစ ရှိခဲ့ပုံများကို မေးမြန်းရန် ဖြစ်ပါသည်" ဟု ပြောဆိုကြရာ၊ တမန်တော်မြတ်က ရှေးဦးမဆွ ပဌမမှာ အလ္လာဟ်အသျှင်မြတ်

သာ ရှိတော်မူခဲ့သည်။ အခြားတစုံတရာမရှိခဲ့၊ ထိုအချိန်တွင် အလ္လာဟ် အသျှင်မြတ်၏ ပလ္လင်တော်မှာ ရေပေါ်မှာ တည်ရှိခဲ့သည်'' ဟု မိန့်ကြားတော် မူလိုက်လေသည်)။

## ဒေါက်စ် မျိုးနွယ်၏ သံအဖွဲ့၊ ဟိဂျ်ရီ (၇)။

'ဒေါက်စ်' မျိုးနွယ်သည် အာရေဗျပြည်၏ ကျော်ကြားသော မျိုးနွယ်တခုဖြစ်၏၊ သာဝကကြီး ''အဗူဟုရိုင်ရဟ်'' သည် အဆိုပါ မျိုးနွယ်မှပင်ဖြစ်၏။ 'တုဖိုင်လ် ဣဗ်နု အမ်ရ်' သည် ယင်းမျိုးနွယ်၏ ခေါင်းဆောင်လည်းဖြစ်ခဲ့၏။ နာမည်ကျော် စာဆိုတော်တဦးလည်း ဖြစ်ခဲ့၏။ တမန်တော်မြတ် မဒီနာသို့ မရွှေ့ပြောင်းမီ တုဖိုင်လ်သည် မက္ကာမြို့တော်သို့ ရောက်ရှိလာခဲ့၏။ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ၎င်းအား တမန်တော်မြတ်နှင့်သွားရောက် မတွေ့ဆုံရန် တားမြစ်ခဲ့ကြ၏။ အကြောင်းအားလျော်စွာ တနေ့ တုဖိုင်လ်သည် ကအ်ဗဟ် ကျောင်းတော်သို့ ရောက်ရှိလာခဲ့၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် ဆွလာတ်ဝတ်ပြု နေတော်မူခဲ့၏။ တုဖိုင်လ်သည် တမန်တော်မြတ် ရွတ်ဖတ်တော်မူသော ကုရ်အာန် ကျမ်းမြတ်၏အသံကို ကြားလိုက်ရ၏၊ ပီတိဖြစ်၏၊ တမန်တော်မြတ်ထံ ရောက်ရှိလာပြီး အစ္စလာမ့် တရား ဓမ္မ အကြောင်း ပြောပြတော်မူရန် မေတ္တာရပ်၏။ တမန်တော်မြတ်သည် အစ္စလာမ့်အကြောင်း ပြောပြတော်မူ၏။ ကုရ်အာန်ကျမ်းလာ အချို့မုကဒ္ဒပါဠိတော်များကို ရွတ်ဘတ်ပြတော်မူ၏။ ထိုအခါ တုဖိုင်လ်သည် အလွန်ကျေနပ် နှစ်သက်စွာဖြင့် အစ္စလာမ်ကို သက်ဝင် ယုံကြည်လာခဲ့၏။

တုဖိုင်လ်သည် မိမိဒေသသို့ ပြန်လာပြီး၊ မိမိမျိုးနွယ် ဝင်များအား အစ္စလာမ့်ကို တင်ပြခဲ့၏၊ သို့တစေလည်း ၎င်း၏မျိုးနွယ်တွင် ကာမေသုမိစ္ဆာ စာရမှုသည် အတော်ပျံ့နှံ့နေခဲ့၏။ အစ္စလာမ်ကို လက်ခံလိုက်ကြပါက– ယင်းမကောင်းမှုနှင့် ဝေးကြရမည်ကိုတွေး၍၊ အချို့မျိုးနွယ်ဝင်များသည် အစ္စလာမ်ကို လက်ခံရေးတွင် ရှိတွန့်ဆိုင်းငံ့နေခဲ့ကြ၏။ တုဖိုင်လ်သည် တမန်တော်မြတ်ထံ ရောက်ရှိလာပြီး မိမိ မျိုးနွယ်၏ အခြေအနေကို တင်ပြ၏။ ထိုအခါ တမန်တော်မြတ်က ''အို–အလ္လာဟ်၊ ဒေါက်စ် မျိုးနွယ်ကို တရားပြတော်မူပါ'' ဟု ဆုပန်ကြားတော်မူ၏။ ထို့နောက် တမန်တော်မြတ်က တုဖိုင်လ်အား ''အသင်ပြန်သွားပြီး၊ မိမိမျိုးနွယ်အား နူးညံ့သိမ်မွေ့စွာဖြင့် အစ္စလာမ်ကို ဆက်လက်တင်ပြ'' ဟု မိန့်ကြားတော်မူလိုက်၏၊ တမန်တော်မြတ် ညွှန်ကြားတော်မူသည့်

အတိုင်း တုဖိုင်လ်သည် မိမိ မျိုးနွယ်အား အစ္စလာမ်ကိုတင်ပြရာ၊ တမန်တော်မြတ်၏ ဆုမွန်၏ ကျေးဇူးနှင့် မိမိ၏ ကြိုးပမ်းမှုကြောင့် ဒေါက်စ် မျိုးနွယ်ဝင်အားလုံးသည် အစ္စလာမ် ဘောင်အတွင်းသို့ ရောက်ရှိလာခဲ့ ကြပေသည်။ အဆိုပါမျိုးနွယ်မှ မိသားစုပေါင်း (၈၀) တို့သည် (ယင်းတို့တွင် သာဝကကြီး 'အဗူဟုရိုင်ရဟ်' လည်း အပါအဝင်ဖြစ်၏) မဒီနာမြို့သို့ ရွှေ့ပြောင်းလာခဲ့ကြသည်။

(ဗုခါရီကျမ်း)

**ဟာရိဆ့် ဣဗ်နု ကအ်ဗ်၏ မျိုးနွယ်၊ ဟိဂျ်ရီ (၉)။**

ဤမျိုးနွယ်စုသည် နဂျ်ရာန်မှ ဂုဏ်အသရေရှိ မျိုးနွယ်ဖြစ်၏။ ယင်းမျိုးနွယ်အား အစ္စလာမ်သို့ ဖိတ်ခေါ်ရန် တမန်တော်မြတ်သည် သာဝကကြီး ခါလိဒ်အား စေလွှတ်တော်မူခဲ့၏။ ထိုမျိုးနွယ်သည် အလွန်စိတ်စေတနာဖြူစင်စွာဖြင့် အစ္စလာမ်ကို လက်ခံခဲ့၏။ တမန်တော်မြတ်သည် အဆိုပါ မျိုးနွယ်အား မဒီနာမြို့သို့လာရန် ဖိတ်ခေါ်တော်မူခဲ့၏။ သို့ဖိတ်ခေါ်တော်မူခဲ့သည့်အတိုင်း အဆိုပါမျိုးနွယ်မှ ကိုက်စ် ဣဗ်နု ဟာဆိုန်၊ ယဇီဒ် ဣဗ်နု အဗ်ဒုလ် မဒ္ဒါန်နှင့် အခြားပုဂ္ဂိုလ်များသည် တမန်တော်မြတ်ထံသို့ရောက်ရှိလာခဲ့ကြ၏။ အဆိုပါမျိုးနွယ်သည် အရဗ်မျိုးနွယ်များနှင့်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင် များသောအားဖြင့် စစ်ရေးသာခဲ့သည်ဖြစ်၏၊ ထို့အတွက် တမန်တော်မြတ်က– "အသင်တို့စစ်ရေးသာသည့် အကြောင်းများမှာ အဘယ်နည်း"ဟု မေးမြန်းတော်မူရာ၊ အဆိုပါမျိုးနွယ်ဝင်များက "ကျွန်တော်တို့သည် အမြဲတစေ ၎င်းပေါင်း၍ ညီညီညွတ်ညွတ် တိုက်ခိုက်ခဲ့လေ့ရှိခဲ့ကြပါသည်။ ပြီးနောက် ကျွန်တော်တို့သည် မည်သို့မျှ နှိပ်စက်ညှဉ်းပန်းလေ့ မရှိခဲ့ကြပါ"ဟု ပြောပြကြ၏။ တမန်တော်မြတ်သည် ယင်းမျိုးနွယ်အတွက် ကိုက်စ်အား ခေါင်းဆောင်အဖြစ် ခန့်အပ်တော်မူလိုက်လေသည်။

**တိုင်ယ်' မျိုးနွယ်၏ သံအဖွဲ့၊ ဟိဂျ်ရီ (၉)။**

ဤမျိုးနွယ်သည် ယမန်ပြည်တွင် ကျော်ကြားသော မျိုးနွယ်တခု ဖြစ်၏။ ဤမျိုးနွယ်၏ ခေါင်းဆောင်များမှာ 'ဇိုက်ဒ် အလ် ခိုင်လ်' နှင့် 'အဒီ ဣဗ်နု ဟာတင်မ် တွာအီ' ဖြစ်သည်။

ဇိုက်ဒ်သည် အမိုက်ခေတ်၏ ကျော်ကြားသော စာဆိုတော်၊ မြင်းကထိကရုပ်ချောတဦးလည်း ဖြစ်၏။ အလှူဒါန ပေးကမ်းရာတွင်လည်း ရက်ရော၏။

သူ့ရသတ္တိနှင့်လည်း ပြည့်စုံ၏။ တမန်တော်မြတ်သည် ဇိုက်ဒ်အား အစ္စလာမ်ကို တင်ပြတော်မူရာ ဇိုက်ဒ်နှင့်တကွ ၎င်း၏အဖွဲ့သည် အစ္စလာမ်ကို ကြည်ဖြူစွာ လက်ခံခဲ့ကြ၏။

ဇိုက်ဒ်သည် မြင်းစီးကောင်းလှသဖြင့် 'ဇိုက်ဒ် အလ် ခိုင်လ်' ဟူသော ဘွဲ့နာမည်ဖြင့် ကျော်ကြားနေခဲ့၏။ တမန်တော်မြတ်သည် အဆိုပါ ဘွဲ့နာမည်ကို 'ဇိုက်ဒ် အလ် ခိုင်ရ်' ဟူသော ဘွဲ့နာမည်ဖြင့် ပြောင်းလဲ ပေးတော်မူလိုက်လေသည်။ (အလ်ခိုင်လ်)၏ အဓိပ္ပါယ်မှာ မြင်း ဟူ၍ ဖြစ်၏။ (အလ်ခိုင်ရ်)၏ အဓိပ္ပါယ်မှာ အလွန်ကောင်းသူဟူ၍ဖြစ်၏)။

**အဒီ ဣဗ်နု ဟာတင်မ်၊ ဟိဂျ်ရီ(၉)။**

အဒီသည် နာမည်ကျော် **ဟာတင်မ်တွာအီ၏သား** ဖြစ်၏။ တိုင်ယ် မျိုးနွယ်၏ ခေါင်းဆောင်ဖြစ်၏။ ဘာသာ အယူဝါဒ-အရ အီစာအီ ဖြစ်၏။ အဒီသည် အခြား အရပ်ဘုရင်များကဲ့သို့ပင် မိမိမျိုးနွယ်၏ ဝင်ငွေမှ လေးပုံ တစ်ပုံ ရ၏။ မွတ်စလင်မ် စစ်သည်များ ယမန် ရောက်ချိန်တွင် အဒီသည် ဆီရိယ သို့ ထွက်ပြေး တိမ်းရှောင်သွားခဲ့၏။ သို့ရာတွင် အဒီ၏ နှမသည် သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်း ခံရပြီး မဒီနာမြို့သို့ ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်သည် အဆိုပါ အမျိုးသမီးအား ဂုဏ်ရှိရှိ၊ သိက္ခာရှိရှိ ပြန်လွှတ်ပေးတော်မူခဲ့၏။ အဆိုပါ အမျိုးသမီးမှာ မိမိ၏ အစ်ကိုဖြစ်သူ အဒီထံသို့ ရောက်ရှိလာပြီး "အသင်သည် အမြန်ဆုံး တမန်တော်မြတ်ထံ သွားပါ၊ တမန်တော်မြတ်သည် တမန်တော် ဖြစ်သည်ဖြစ်စေ၊ ဘုရင်ဖြစ်သည်ဖြစ်စေ၊ အသို့ရှိစေ၊ အကျိုးရှိမည်သာ ဖြစ်ပါသည်" ဟု ပြောပြ၏။

အဒီသည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာခဲ့၏။ ထို အချိန်တွင် တမန်တော်မြတ်သည် ပလီတော်တွင် ရှိနေတော်မူခဲ့၏။ အဒီသည် ပလီတော် အတွင်း သွား၍ တမန်တော်မြတ်အား 'စလာမ်' ပေး၏။ တမန်တော်မြတ်က **စလာမ်** ပြန်တော်မူ၏။ ထို့နောက် တမန်တော်မြတ်က အဒီအား အမည် နေရပ် မေးတော်မူ၏။ ထို့နောက် အဒီအား အိမ်တော်သို့ ခေါ်သွားတော်မူ၏။ လမ်းတွင် အမယ်အို တဦးက တမန်တော်မြတ်အား တွေ့ဆုံနှုတ်ဆက်ပြီး ခေတ္တ ရပ်ဆိုင်းတော်မူပါမည့်အကြောင်း မေတ္တာရပ်၏။ အမယ်အိုသည် အချိန်တော် ကြာသည်အထိ စကားပြောနေခဲ့၏။ အဒီသည် မိမိကိုယ်တိုင်လည်း ခေါင်း

ဆောင်တဦးဖြစ်၏။ ဆီရိယနိုင်ငံတော် ရောမဘုရင်များ၏ မင်းခမ်းမင်းနားကို လည်း မြင်ဘူး၏။ အာရေဗျနိုင်ငံ၏ ဘုရင်တဆူဖြစ်တော်မူသော တမန်တော်မြတ်သည် ယင်းကဲ့သို့ သာမန်အမယ်အိုတဦးနှင့်တန်းတူ ရည်တူ ဆက်ဆံနေတော်မူသည်ကို တွေ့မြင်လိုက်ရသည့်အတွက် အထူး အံ့သြသွားမိ၏။ ထိုအချိန်မှာပင် တမန်တော်မြတ်သည် ဘုရင်မဟုတ်သည်ကို အဒီသည် ရိပ်စားမိ၏။

တမန်တော်မြတ် အိမ်တော်သို့ ရောက်တော်မူသည့်အခါ တမန်တော်မြတ်က အဒီအား ထိုင်ရန် သားရေတချပ် ပေးတော်မူ၏။ အဒီသည် အားနာလှသည့်အတွက် အတော် ငြင်းဆန်ပြီးနောက်သော်မှ ထိုင်၏။ ထို့နောက် တမန်တော်မြတ်က "အဒီ၊ အသင်သည် မိမိ၏ မျိုးနွယ်ထံမှ ဝင်ငွေ လေးပုံ တစ်ပုံ ပုံယူသလား၊ ဤသည် အသင်၏ ဘာသာရေးအရလည်း မယူပိုင်"ဟု မိန့်ကြားတော်မူ၏။ ဆက်လက်၍ "အဒီ၊ အလ္လာဟ်အသျှင်မြတ်မှတပါး အခြားကိုးကွယ်ရာများ ရှိပါသေးသလား"ဟု မေးတော်မူရာ၊ အဒီက မရှိပါဟု ဖြေ၏။ "အလ္လာဟ်အသျှင်မြတ်ထက် ကြီးကဲသူ တစ်ဦးတယောက် ရှိပါသလား" ဟု မေးတော်မူရာ အဒီက "မရှိပါ"ဟုဖြေ၏။ ဆက်လက်၍ တမန်တော်မြတ်က "ယဟူဒီများအပေါ်သို့ အလ္လာဟ်အသျှင်မြတ်၏အမျက်တော်စူးရှခဲ့ပြီး အီစာအီများသည်လည်း လွဲမှားသွားခဲ့ကြပြီ"ဟု မိန့်ကြားတော်မူ၏။

အဒီသည် နောက်ဆုံး အစ္စလာမ်ကို ကြည်ဖြူစွာ လက်ခံသွားခဲ့၏။

အဒီသည် မိမိ၏ ဘခင်ကြီးအလား အလှူဒါန ပေးကမ်းရာတွင် အလွန်ရက်ရောခဲ့၏။ တခါသော် လူတဦးက အဒီထံ ငွေ ၁၀၀ အလှူခံရာ အဒီက "အသင်သည် ဤမျှလောက်သာ ငါ့ထံ အလှူခံသလော၊ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ပြောမည်၊ ငါ ဤမျှလောက်ငွေ ဘယ်တော့မှ ပေးမည်မဟုတ်"ဟု ပြောဆိုလွှတ်လိုက်လေသည်။

## ဆကီဖ်မျိုးနွယ်၏ သံအဖွဲ့။

(စာရှုသူမိတ်ဆွေ မှတ်မိပါလိမ့်မည်) တမန်တော်မြတ်သည် တွာအိဖ်ကို ဝိုင်းရံတိုက်ခိုက်မှုကို စွန့်လွှတ်ပြီး မဒီနာသို့ ပြန်ကြွတော်မူစဉ် တပည့် သာဝကများက "တမန်တော်မြတ်၊ ဤမျိုးနွယ်အား ကျိန်ဆဲတော်မူပါ"ဟု မေတ္တာရပ်ခံကြရာ၊ တမန်တော်မြတ်က "အို-အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် ၎င်းတို့အား တရားပြတော်မူပါ၊ ထို့နောက် ၎င်းတို့အား ကျွန်တော်မျိုးထံ ပို့ပေးတော်မူပါ"ဟု ဆုမွန်ကောင်း တောင်းတော်မူခဲ့၏။ တမန်တော်မြတ်၏

ဆုံမှုန်၏ကျေးဇူးကြောင့်ပင် တချိန်က ဓါးဖြင့်ပင် မကျို့ခဲ့သော မျိုးနွယ်သည် ယခုမူ အစ္စလာမ့်ရှေ့မှောက်တွင် အလိုအလျောက် လာရောက် ဦးညွတ်လိုက်ပေပြီ။

တွာအိဖ်တွင် ခေါင်းဆောင် ၂–ဦးရှိ၏၊ တဦးမှာ 'အုရ်ဝဟ်ဗ္ဗုဖ်နုမတ်စ်အှူဒ်' ဖြစ်၏၊ အုရ်ဝဟ်ကား သာမန်ပုဂ္ဂိုလ်မဟုတ်၊ ၎င်းနှင့်ပတ်သက်၍ တချိန်ကမက္ကာမြို့တော်သား ဘာသာခြားများက– "ကုရ်အာန်ကျမ်းမြတ်သည် ကျခြင်း ကျလျှင် အုရ်ဝဟ် အပေါ်သို့သာ ကျသင့်သည်" ဟူ၍ပင် ပြောဆိုခဲ့ကြဘူး၏။ အုရ်ဝဟ်သည် ထိုအချိန်အထိ အစ္စလာမ်ကို လက်မခံခဲ့သေးပေ။ သို့တစေ ၎င်းတွင် အစ္စလာမ်ကို လက်ခံနိုင်ရန် ဗီဇကား ရှိနေခဲ့ပေ၏။ ဟုဒိုင်ဗီယဟ် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုစဉ်က အုရ်ဝဟ်သည် ကုရိုက်ရှ်မျိုးနွယ်ဘက်မှ သံအဖြစ်ဆောင်ရွက်ခဲ့၏။ တမန်တော်မြတ် တွာအိဖ်မှ ပြန်ကြွလာတော်မူသည့်အခါ အဒီဒ်မှတ်စလင်မ်ဖြစ်လိုစိတ် ပြင်းပြလာခဲ့၏။

သို့ဖြင့် တမန်တော်မြတ်မဒီနာမြို့သို့ မရောက်မီ လမ်းခရီးတွင် ရှိနေတော်မူစဉ်ပင် အဒီသည် တမန်တော်မြတ်ထံ ရောက်ရှိလာပြီး အစ္စလာမ်ကို လက်ခံသွားခဲ့၏။ ထို့နောက် မိမိမျိုးနွယ်ထံ ပြန်သွားပြီး အစ္စလာမ်ကို မိမိလက်ခံလိုက်ပြီဖြစ်ကြောင်း ကျေညာ၏။ ထိုမျှမက မိမိမျိုးနွယ်ဝင်များအားလည်း အစ္စလာမ်ကိုလက်ခံရန် မေတ္တာရပ်၏။ ထိုအခါ ၎င်းအား ၎င်း၏မျိုးနွယ်ဝင်များက ကဲ့ရဲ့ ပြစ်တင်ပြောဆိုကြ၏။

အဒီသည် နံနက်အာရုံတက်ချိန်တွင် အိမ်ခေါင်ပေါ်သို့ တက်၍ 'အဇာန်' ဆိုရာ ၎င်း၏ မျိုးနွယ်ဝင်များသည် အဒီအား အဘက်ဘက်မှ တူးလေးများနှင့် ပစ်ကြသည့်အတွက် အဒီသည် သေဆုံးသွားခဲ့လေသည်။ အဒီသည် သေဆုံးခါနီး အချိန်တွင် တွာအိဖ်ကို ဝိုင်းရံ တိုက်ခိုက်စဉ်က ကျဆုံးသွားခဲ့ကြသော မှတ်စလင်မ်များနှင့်အတူတူ မိမိအား မြှုပ်နှံ 'ဒဖန်' ပြုရန် အမှာတရ မှာကြားသွားခဲ့ပေသေးသည်။

အုရ်ဝဟ်၏သွေးကား အချည်းနှီး မဖြစ်နိုင်ပေ။ အကြောင်းကား ဤသို့ အဟ်မတ်စ်မျိုးနွယ်၏ ခေါင်းဆောင် 'စွခ်ရ် ဗ္ဗုဖ်နု အီလဟ်' သည် တွာအိဖ်ကို တမန်တော်မြတ် ဝိုင်းထားတော်မူကြောင်း သတင်း ရရှိသည့်အခါ မြင်းစီးစစ်သည် အချို့ကို ခေါ်ဆောင်၍ 'တွာအိဖ်' သို့ ဦးတည်ထွက်လာခဲ့၏။ အကြောင်းအားလျော်စွာ တွာအိဖ်သို့ စွခ်ရ် ရောက်လာသည့် အချိန်တွင် တမန်တော်မြတ်သည် တွာအိဖ်မှ မဒီနာသို့ ပြန်ကြွသွားတော်မူလေပြီ၊ ထိုအခါ

စွန်ရိုက– "တွာအိဖ်မြို့သူ မြို့သားများသည် တမန်တော်မြတ်၏ အမိန့်ကို မနာခံကြသမျှကာလပတ်လုံး ကျွန်ုပ်သည် တွာအိဖ်ကို ဝိုင်းရံထားမည်"ဟု သံဝေ့ခြွေနှ် ချလိုက်၏။

နောက်ဆုံးတွင် တွာအိဖ်မြို့သူ မြို့သားများသည် တမန်တော်မြတ်၏ အမိန့်ကို နာခံသွားခဲ့ကြ၏။ ဤသတင်းကို စွန်ရိုသည် တမန်တော်မြတ်ထံ လာရောက်ပေးပို့လိုက်၏၊ထိုအခါ တမန်တော်မြတ်သည် မွတ်စလင်မ်များအား စုရုံးစေတော်မူ၏။ ထို့နောက် အဟ်မတ်စ် အတွက် (၁၀) ကြိမ် တိုင်တိုင် ဆုတောင်းတော်မူ၏။

ထို့နောက် ရက်အနည်းငယ်အတွင်းမှာပင် တွာအိဖ်မြို့သူ မြို့သားများသည် အစ္စလာမ် လက်ခံရေးနှင့်ပင်လျှင်၍ အချင်းချင်း တိုင်ပင်ကြ၏။ အရပ်လူမျိုး အားလုံးတို့သည် အစ္စလာမ်ကို အသီးသီး လက်ခံလျက် ရှိကြပြီ၊ ယခုမူ ငါတို့ မျိုးနွယ်တခုတည်း နည်းသို့မျှ နေမည်နည်း၊ သို့အချင်းချင်း ဆွေးနွေးကြပြီး နောက်ဆုံးတွင် သံအဖွဲ့တဖွဲ့ကို တမန်တော်မြတ်ထံ စေလွှတ်ရန် အများသဘောတူ ဆုံးဖြတ်လိုက်ကြ၏။

တွာအိဖ်မြို့မှ သံအဖွဲ့ မဒီနာသို့ထွက်ခွာလာသည့်အခါ မွတ်စလင်မ်များသည် ဝမ်းသာဆုံးဖြစ်ကြ၏။ ဦးစွာ ပထမ မုဂီရာ့ဟ် ကူဆင်ရှု ရှုအင်ဇဟ်သည် တမန်တော်မြတ်ထံ ဦးစွာ သတင်းပို့နိုင်ရန် ပြေးလာခဲ့၏။ လမ်းတွင် သာဗကကြီး အဗူဗတ်ကိရ်နှင့် တွေ့ဆုံမိရာ၊ သာဝကကြီး အဗူဗတ်ကိရ်က မုဂီရာ့ဟ် အား ဤသတင်း ကျွန်ုပ်ပို့ပေးပါရစေဟု မေတ္တာရပ်ခံ၏။

တမန်တော်မြတ်ထံ ရောက်ကြသည့်အခါ တမန်တော်မြတ်အား မည်သို့မည်ပုံ စလာမ် ဆက်သရမည့်အကြောင်းကို မုဂီရာ့ဟ်က သံအဖွဲ့ဝင်များအား သင်ပေး၏၊ သို့တစေလည်း သံအဖွဲ့ဝင်များသည် တမန်တော်မြတ်နှင့် တွေ့ဆုံကြသည့်အခါ မိမိတို့၏ အတိတ် အစဉ်အလာအတိုင်းပင် ဂါရဝ ပြုခဲ့ကြလေသည်။

တွာအိဖ်မြို့ 'ဆကီဖ်' မျိုးနွယ် သံအဖွဲ့၏ ခေါင်းဆောင်မှာ တွာအိဖ်မြို့၏ အဓိပတိ 'အဗ်ဒီယာလိုင်လ်' ဖြစ်၏။ ထိုအချိန်အထိ အဗ်ဒီယာလိုင်လ်သည် အစ္စလာမ်ကို လက်မခံသေးပေ။ သို့တစေလည်း တမန်တော်မြတ်သည် အဗ်ဒီယာလိုင်လ် အား မိမိ၏ ပလီတော်၌ပင် တည်းခိုခွင့်ပြုတော်မူခဲ့၏။ သို့တည်းခိုခွင့်ပြုတော်မူခြင်းမှာ မွတ်စလင်မ်များ စိတ်ရော ကိုယ်ပါ တစိတ်တလက်တည်း ဆွလာတ် ဝတ်ပြုမှုကို တွေ့မြင်သွားစေရန်ပင် ဖြစ်သည်။

ကျန်သံအဖွဲ့ဝင်များအား ဗလီတော်၏မျက်နှာစာတွင် တဲရှင်များထိုး၍ နေရာချထားပေးတော်မူခဲ့၏။ သံအဖွဲ့ဝင်များသည် ဆွလာတ် ဝတ်ပြုသည့် အချိန်များတွင်၎င်း၊ (ခုတ္တဗဟ်) တရားဟောသည့်အချိန်များတွင်၎င်း၊ ၎င်းတို့ ကိုယ်တိုင် မပါဝင်ကြသော်လည်း အသင့်ရှိနေခဲ့ကြ၏။ အားလုံး တွေ့မြင် ကြားသိနေခဲ့ကြ၏။

တမန်တော်မြတ်သည် (ခုတ္တဗဟ်) ဩဝါဒ ပေးတော်မူသည့် အခါ များတွင် မိမိ၏အမည်ကို ထုတ်ဖေါ် သုံးနှုန်းလေ့ရှိတော်မမူပေ။ ဤသည်ကို ရိပ်စားမိသောအခါ သံအဖွဲ့ဝင်များက- "တမန်တော်မြတ်သည် ငါတို့အား မိမိ တမန်တော် ဖြစ်သည်ကို ယုံကြည်ဝန်ခံစေတော်မူသည်။ တမန်တော်မြတ် ကိုယ်တော်တိုင်ကမူ (ခုတ္တဗဟ်) ဩဝါဒ ပေးတော်မူရာတွင် မိမိ တမန်တော် ဖြစ်သည်ကို မိမိကိုယ်တိုင် ဝန်ခံတော်မူသည် မရှိပေ" ဟု အချင်းချင်း တီးတိုး ပြောဆိုကြ၏။ သို့ပြောဆိုနေကြသည်ကို တမန်တော်မြတ် ကြားသိတော် မူသောအခါ တမန်တော်မြတ်က- "ကျွန်ုပ်သည် အလ္လာဟ် အသျှင်မြတ်၏ တမန်တော်ဖြစ်သည်ကို ကျွန်ုပ်ကိုယ်တိုင် ဦးစွာ ပဌမ သက်သေခံပါသည်" ဟု မိန့်ကြားတော်မူလိုက်လေသည်။

ဆကီဖ်မျိုးနွယ်၏ သံအဖွဲ့ဝင်များတွင် 'အုဆ်မာန် ဣဗ်နု အာဆွ' သည် အသက်အငယ်ဆုံး ဖြစ်၏။ ကျန်အဖွဲ့ဝင်များသည် တမန်တော်မြတ်ထံ သွား ကြသည့်အခါ ၎င်းအား ကလေးဟု မှတ်ယူကာ တည်းခိုရာ စားခန်းတွင် ထား ခဲ့လေ့ရှိကြ၏။ အုဆ်မာန်သည် အသက်ငယ်သော်လည်း အသိဉာဏ် အလွန် ထက်မျက်သည်၊ အရာရာ သိလို၊ မြင်လိုသည်၊ ပညာ ဆည်းပူး လိုသည်။ ထို့အတွက် သံအဖွဲ့ဝင်များ နေ့လည် ခေတ္တလဲလျောင်း အိပ်စက်ကြသည့် အချိန်တွင် တိတ်တဆိတ် တမန်တော်မြတ်ထံ သွားလေ့ရှိသည်။ ကုရ်အာန် ကျမ်းလာ မုက္ခပါဌ်တော်များ၊ အစ္စလာမ်နှင့်ပတ်သက်၍ သိသင့် သိအပ်သည် များကို ကြားနာ မှတ်ယူသည်။

ယင်းသို့ဖြင့် အုဆ်မာန်သည် အသက်ပင် ငယ်ငြားသော်လည်း အစ္စလာမ် နှင့် စပ်လျဉ်း၍ အချို့ အရေးကြီးသော အချက်အလက်များကို ဆည်းပူး နိုင်ခဲ့လေသည်။

တမန်တော်မြတ်သည် ဆကီဖ်မျိုးနွယ်၏ သံအဖွဲ့ဝင်များအား အစ္စလာမ် နှင့်စပ်လျဉ်း၍ တရားဓမ္မ ဟောကြားနေတော်မူခဲ့၏။ အိရှာဆွလာတ်အပြီးတွင် ၎င်းတို့ထံ ကြွသွားတော်မူလေ့ ရှိခဲ့၏။ အချိန်အတန် ကြာသည်အထိ မတ်တတ် ရပ်၍ စကား ပြောတော်မူလေ့ ရှိခဲ့၏။ အများအားဖြင့် မက္ကာမြို့တော်တွင်

ရှိစဉ်က ကုရိုက်ရှ်မျိုးနွယ်၏ နှိပ်စက်ညှဉ်းပန်းမှုများအကြောင်း ပြောပြတော်မူလေ ့ရှိ၏။ မဒီနာမြို့သို့ ရွှေ့ပြောင်းလာပြီးနောက် ဖြစ်ပွားခဲ့သော စစ်ပွဲများအကြောင်းကိုလည်း ပြောပြတော်မူလေ ့ရှိ၏။

ဆကီဖ်မျိုးနွယ်၏ သံအဖွဲ့ဝင်များသည် နောက်ဆုံးတွင် အစ္စလာမ်ကို လက်ခံရန် မူအားဖြင့် သဘောတူညီသွားခဲ့ကြ၏။ သို့ရာတွင် အောက်ပါ စည်းကမ်းချက်များကိုလည်း တင်ပြ တောင်းဆိုခဲ့ကြ၏။

(၁) ကျွန်ုပ်တို့အား ကာမေသုမိစ္ဆာစာရမှ ကျူးလွန်ခွင့် ပြုထားရမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့တွင် များသောအားဖြင့် အိမ်ထောင် မပြုဘဲ တကိုယ်တည်း နေလေ ့ရှိသူများ အများအပြား ရှိကြပါသည်။ ထိုသို့သော ပုဂ္ဂိုလ်များအတွက် ဤကိစ္စမှာ မလွှဲမရှောင်သာ ကိစ္စဖြစ်နေပါသည်။

(၂) ကျွန်ုပ်တို့ မျိုးနွယ်ဝင် အားလုံးလိုလို၏ အလုပ်အကိုင်နှင့် စားဝတ်နေရေး၏ အဓိက အားထားရာ အချက်မှာ အတိုးအညှန့် စားသုံးခြင်းသာ ဖြစ်နေပေရာ၊ ကျွန်ုပ်တို့အား အတိုးအညှန့် စားသုံးခွင့်ပြုထားရပါမည်။

(၃) ကျွန်ုပ်တို့ နေထိုင်ရာ ဒေသတွင် စပျစ်သီး အလွန် ပေါများစွာ ထွက်ပါသည်။ ဤသည် ကျွန်ုပ်တို့၏ ရောင်းဝယ်ဖေါက်ကားမှု ကြီးတရပ်လည်း ဖြစ်ပါသည်။ ထို့အတွက် သေရည် သေရက် သောက်စားခွင့်လည်း ပြုထားရပါမည်။

ယင်းသို့ အစ္စလာမ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော စည်းကမ်းချက်များကို တင်ပြလာကြသည့်အခါ တမန်တော်မြတ်သည် တခုကိုမျှ လက်ခံတော်မမူခဲ့ပေ။ ထိုအခါ ဆကီဖ် သံအဖွဲ့ဝင်များသည် အခြေအတင် အမျိုးမျိုး တင်ပြ ဆွေးနွေးခဲ့ကြသေး၏။ သို့တစေလည်း တမန်တော်မြတ်သည် မည်သည့် စည်းကမ်းကိုမျှ မည်သည့်နည်းနှင့်မျှ လက်မခံ၊ ငြင်းဆန်တော်မူလိုက်၏။

တမန်တော်မြတ်သည် ၎င်းတို့၏စည်းကမ်းချက်များကို လုံးလုံး လျားလျား လက်မခံသည့်အဆုံးတွင် အထိုပါ သံအဖွဲ့ဝင်များက–"တမန်တော်မြတ်၊ ကျွန်ုပ်တို့သည် မိမိတို့၏ စည်းကမ်းချက်များကို ပြန်လည် ရုပ်သိမ်းကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ ကိုးကွယ်ရာ(တွာအိဖ်မြို့၏ အကြီးဆုံး ကိုးကွယ် 'လာတ်') နှင့် ပတ်သက်၍ မည်သို့ အမိန့်တော်ရှိပါသနည်း"ဟု ပြောဆိုမေးမြန်းရာ၊ တမန်တော်မြတ်ထိုက ဖြိုဖျက်ပစ်ရမည်ဟု မိန့်ကြားတော်မူလိုက်၏။

ယင်းသို့ တမန်တော်မြတ် မိန့်ကြားတော်မူသည်ကို အဆိုပါ သံအဖွဲ့ဝင်များ ကြားလိုက်ကြရသောအခါ အထူး အံ့သြတွေဝေသွားခဲ့ကြ၏။ သံအဖွဲ့ဝင်များအနက် တဦးက "ကျွန်ုပ်တို့၏ အကြီးဆုံးသော ကိုးကွယ်ကို တဦးတယောက်သည် လက်ဖြင့် ထိပါးဝံ့ပါသလော" ဤသို့သော အကြံအစည်ကို ကျွန်ုပ်တို့၏ ကိုးကွယ်ရာ သိသွားပါလျှင် ကျွန်ုပ်တို့၏ ကိုးကွယ်ရာသည် တမျိုးလုံးကိုပင် ဖျက်ဆီးပစ်ပါလိမ့်မည်" ဟု ပြောပြ၏။ သံဝကကြီး အုမရ်သည် မိမိ၏စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ- "အသင်တို့သည် အသိဉာဏ် အလွန် တိမ်ပါသလား၊ 'လာတ်' သည် ကျောက်ချပ်သာ ဖြစ်သည်" ဟု ဝင်ထောက် သိုက်၏။ သံအဖွဲ့ဝင်များက- "အုမရ်၊ ကျွန်ုပ်တို့သည် အသင့်ထံ လာခဲ့ကြသည် မဟုတ်ပါ" ဟု ပြောဆိုသည်။ ထို့နောက် တမန်တော်မြတ်ထံတွင် "တမန်တော်မြတ်၊ ကျွန်တော်တို့သည် 'လာတ်' ကို လက်ဖြင့်ပင် မတို့ဝံ့ကြပါ၊ တမန်တော်မြတ် မိမိဆန္ဒအတိုင်းသာ ဂိုရ်ခင်တော်မူပါ၊ ဤကိစ္စတွင် ကျွန်တော်တို့ကိုတော့ ခွင့်ပြုတော်မူပါ" ဟု မေတ္တာရပ်ခံကြရာ တမန်တော်မြတ်သည် ၎င်းတို့၏ မေတ္တာရပ်ခံချက်ကို လက်ခံတော်မူလိုက်လေသည်။

ဆကီဖ် သံအဖွဲ့ဝင်များသည် ၎င်းတို့အား ငါးကြိမ် ဆွလာတ်ဝတ်ပြုခြင်း၊ ဇကာတ် ပေးဆောင်ခြင်း၊ ဂျိဟာဒ် ပြုလုပ်ခြင်းများမှလည်း ခြွင်းချန်ထားရန်လည်း မေတ္တာရပ်ခံခဲ့ကြသေး၏။ ဆွလာတ်ဝတ်ပြုခြင်းမှ ခြွင်းချန်ရန်ကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် အရွယ်ရောက်သော မွတ်စလင်မ် မိန်းမ၊ ယောကျ်ား အားလုံးအပေါ်၌ နေ့စဉ်ငါးကြိမ် ဆွလာတ် ပြုခြင်းမှာ (ဖရည်္ဇ)မလုပ်မနေရ အလ္လာဟ့် အမိန့်တော် ဖြစ်သည်။

'ဇကာတ်' မှာကား အစ္စလာမ် တရားဥပဒေနှင့် အညီ ဥစ္စာပစ္စည်း ပိုင်ဆိုင်သောသူများအပေါ်၌သာ တနှစ်မှတခါ ပေးဆောင်ရသော တာဝန်ဖြစ်သည်။ ထိုနည်းအတူ 'ဂျိဟာဒ်'သည် 'ဖရည်္ဇကိဖါယဟ်'ဖြစ်သည်၊ လူတိုင်းလူတိုင်း၏တာဝန်လည်း မဟုတ်၊ အမြဲတစေ ဆောင်ရွက်သော တာဝန်လည်း မဟုတ်။ လူဘောင်က ဆောင်ရွက်လိုက်လျှင်လည်း အားလုံးဘက်မှတာဝန်ကျသည်၊ တဦးတယောက်ကမျှ မဆောင်ရွက်လျှင် အားလုံး၌ တာဝန်ရှိသည်၊ အခြေအနေအရ တာဝန်ကျကျသလို ဆောင်ရွက်ရသော တာဝန်ဖြစ်သည်။

ထို့အတွက် ထိုအချိန်တွင် ဆကီဖ် သံအဖွဲ့ဝင်များအား ဇကာတ်၊ ဂျိဟာဒ်နှင့် စပ်လျဉ်း၍ အကျပ်ကိုင်တော်မမူခဲ့ပေ။ ထို့ပြင်တစ ၎င်းတို့သည် အစ္စလာမ်ကို ရိုးသားစွာ လက်ခံလိုက်ကြသည့်အခါ၊ အ လိုအလျောက် တဖြည်းဖြည်း အစ္စလာမ့် တာဝန်အရပ်ရပ်ကို လိုက်နာ ကျင့်သုံးလာကြမည်သာ ဖြစ်ပေသည်။

အထက် ဖေါ်ပြပါကိုစ္စ ပေါ် ပေါက်ပြီး နောက် တမန်တော်မြတ်က– "ဤပုဂ္ဂိုလ်များသည် အမှန်တကယ် အစ္စလာမ်ကို သက်ဝင်ယုံကြည် လာကြသည့်အခါ၊ ဇကာတ်လည်း ပေးဆောင်လာကြပါလိမ့်မည်၊ ဂျိဟာဒ်လည်း ပြုလုပ်လာကြပါလိမ့်မည်"ဟု မိန့်ကြားတော် မူခဲ့လေသည်။ သို့မိန့်ကြားတော်မူခဲ့သည့်အတိုင်း (၂) နှစ်ကြာသော် နောက်ဆုံး ဟဂ်ျအချိန်တွင် ဆကီဖ် မျိုးနွယ်ဝင်များသည် တယောက်မကျန် အားလုံး မွတ်စလင်မ် ဖြစ်လာခဲ့ကြပေသည်။

အဆိုပါ သံအဖွဲ့ဝင်များ ပြန်သွားကြသည့်အခါ၊ တမန်တော်မြတ်၏ ညွှန်ကြားချက်အရ၊ အဗူစုဖ်ယာန် နှင့် မုဃီရဟ်သည် တွာအိဖ်မြို့သို့ သွား၍၊ လာတ်ကို ဖြိုဖျက်ပစ်လိုက်ကြလေသည်။

**နဂ်ျရာန်မှ သံအဖွဲ့၊ ဟိဂျ်ရီ(၉)။**

**နဂ်ျရာန်သည်** မက္ကာမြို့တော်မှ ယမန်ဘက်ဘွင် မန်ဇိလ် ခရီးစားခန်း(၇) အကွာ၌တည်ရှိ၏။ ကျယ်ပြန့်သော ခရိုင်တခုဖြစ်၏။ နဂ်ျရာန်တွင် အီစာအီ အရပ်များ နေထိုင်လျက်ရှိခဲ့ကြ၏။ **နဂ်ျရာန်တွင်** အီစာအီများ၏ ကြီးကျယ် ခမ်းနားသော ဝတ်ပြု ကျောင်းကြီး တကျောင်းတည်ရှိ၏။ အီစာအီများသည် အဆိုပါ ကျောင်းကို အထူး ကြည်ညိုမြတ်နိုးကြ၏။

အဆိုပါ ကျောင်းတွင် အီစာအီ ဘုန်းတော်ကြီးများ သတင်းသုံးလျက်ရှိကြ၏။ အီစာအီများ အတွို့ အဆိုပါကျောင်းသည် အာရေဗျပြည်တွင်အကြီးဆုံး ကျောင်းကြီးဖြစ်၏။ အီစာအီများ၏ ယုံကြည်ချက်အရ မည်သူမဆို အဆိုပါ ကျောင်းပရဝုဏ်တွင် ဝင်သွားမိပါက ဘေးရန် ခပ်သိမ်း ကင်းငြိမ်းသည်ဟူ၏။ အဆိုပါ ကျောင်းကြီး၏ နှစ်စဉ်ဝင်ငွေမှာ နှစ်သိန်းတိတိရှိခဲ့၏။

တမန်တော်မြတ်သည် နဂ်ျရာန်ရှိ အီစာအီ အရပ်များထံ အစ္စလာမ်ကို လက်ခံရန် စာရေးဘိတ်ကြားတော်မူ၏။ ထိုအခါ အဆိုပါကျောင်းမှ ဂေါပကများနှင့်ဘုန်းတော်ကြီးများ ပုဂ္ဂိုလ်(၆၀)တို့သည် မဒီနာမြို့သို့ ရောက်ရှိလာခဲ့ကြ၏ တမန်တော်မြတ်သည် ၎င်းတို့အား မိမိပလီဘော်တွင် တည်းခိုခွင့်ပြုတော်မူ၏။ များမကြာမီအတွင်း ဝတ်ပြုရန် အချိန် ကျရောက်လာခဲ့၏။ ၎င်းတို့သည် ဝတ်ပြုလိုကြ၏။

ထိုအခါ တမန်တော်မြတ်၏ တပည့်သားများက တားမြစ်ကြ၏။သို့ရာတွင် တမန်တော်မြတ်က ၎င်တို့အား ဝတ်ပြုရန် ခွင့်ပြုတော်မူလိုက်၏။ နဂ်ျရာန်မှ

ရောက်ရှိလာသော ဂေါပကလူကြီးများနှင့် ဘုန်းတော်ကြီးများသည် အီစာအိ မျှားဖြစ်ကြသည့်အတွက် အရှေ့ဘက်သို့ မျက်နှာမူ၍ ဝတ်ပြုခဲ့ကြလေသည်။ (ဤသည့်ဖြစ်ရပ်ကို ထောက်ရှုခြင်းအားဖြင့် အစ္စလာမ်သည် ဘာသာခြားများနှင့် ဆက်ဆံရာ၌ အဘယ်မျှ သဘောထားကြီးသည်ကို ကောင်းစွာသဘော ပေါက်နားလည်နိုင်ပေသည်။)

နဂ်ရာန်မှ ကြွလာသော ဘုန်းတော်ကြီးများ အနက် 'အဗူဟာရီဆဟ်' မှာ ( Load bishob ) -ဂိုဏ်းချုပ် ဖြစ်သည်။ အလွန် ရှိသေ လေးစားအပ်သော ပညာရှင်ပုဂ္ဂိုလ် တဦးဖြစ်သည်။ ရောမဘုရင် မင်းမြတ်က ၎င်းအား အဆိုပါဘွဲ့ကို ချီးမြှင့်ထားခြင်းဖြစ်ခဲ့၏။ အဆိုပါဂိုဏ်းချုပ် ဘုန်းတော်ကြီး အတွက် ကျောင်းသင်္ခမ်းများ၊ ဘုရားရှိခိုးကျောင်းများ၊ အမြောက် အမြား တည်ဆောက် လှူဒါန်းခဲ့၏။

အဆိုပါ ဘုန်းတော်ကြီးများသည် တမန်တော်မြတ်နှင့် ဘာသာရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြ၏။ တမန်တော်မြတ်သည် ၎င်းတို့အား မုက္ခပါဠ်တော် အရ ဖြေကြားတော်မူခဲ့၏။

အဆိုပါ ဘုန်းတော်ကြီးများ တည်းခိုနေစဉ် အတွင်းမှာပင် ကုရ်အာန်ကျမ်းမြတ်၊ ကဏ္ဍတော်(၃)၏ အစရှိ မုက္ခပါဠ်တော် (၈၀)ကျရောက်လာခဲ့၏။ ယင်း မုက္ခပါဠ်တော်များတွင် အဆိုပါ ဘုန်းတော်ကြီးများ မေးသော မေးခွန်းများ၏ အဖြေများ ပါရှိပေသည်။ ယင်း မုက္ခပါဠ်တော်များအနက် ၎င်းတို့အား အစ္စလာမ်သို့ ဖိတ်ခေါ်သည့် မုက္ခပါဠ်တော်မှာ အောက်ပါ အတိုင်း ဖြစ်ပေသည်။

قُلْ يٰٓاَهْلَ الْكِتٰبِ تَعَالَوْا اِلٰى كَلِمَةٍ سَوَآءٍۢ بَيْنَنَا
وَبَيْنَكُمْ اَلَّا نَعْبُدَ اِلَّا اللّٰهَ وَلَا نُشْرِكَ بِهٖ شَيْـًٔا
وَّلَا يَتَّخِذَ بَعْضُنَا بَعْضًا اَرْبَابًا مِّنْ دُوْنِ اللّٰهِ
فَاِنْ تَوَلَّوْا فَقُوْلُوا اشْهَدُوْا بِاَنَّا مُسْلِمُوْنَ ○
(٣:٦٣)

"အသင် ပြောကြားပါလေ၊ အို – ကျမ်းဂန် ရရှိသူ အပေါင်းတို့၊ အသင်တို့သည် အသင်တို့နှင့် ကျွန်ုပ်တို့လက်ခံထား

ကြသည့် တူညီသော စကားဘက်သို့လာကြကုန်။ (ထိုစကားမှာ) ငါတို့သည် အလ္လာဟ် အသျှင်မြတ်မှ တပါး အခြား မည်သည့် အရာကိုမျှ ခဝပ် ကိုးကွယ်ခြင်း ပြုကြမည်လည်း မဟုတ်၊ ငါတို့သည် တစုံတရာကိုမျှ ထိုအသျှင်မြတ်နှင့် တွဲဘက်၊ ယှဉ်ဘက် ဟူ၍ ပြုကြမည်လည်း မဟုတ်၊ ငါတို့သည် အလ္လာဟ်အသျှင်မြတ်အား ကြဉ်ပြီး၊ အချင်းချင်း အချို့ကို အသျှင်သခင်များ ပြုလုပ်ကြမည်လည်း မဟုတ်။ (သို့) ဘိတ်ခေါ်ပြီးသည့်နောက် သော်မှပင်) အကယ်၍ ထိုသူများသည် ကျောခိုင်းသွားကြ လျှင် အသင်တို့က (ထိုသူတို့အား) ကျွန်ုပ်တို့သည် မွတ်စလင်မ် များဖြစ်ကြသည်ကို အသင်တို့ ကိုယ်တိုင် အသိသက်သေဖြစ် ကြသည်ဟု ပြောဆိုလိုက်ကြကုန်"။

ကုရ်အာန်(၃း၆၃)

တမန်တော်မြတ်သည် ၎င်းတို့အား အစ္စလာမ်ကို လက်ခံရန် ဘိတ်ကြား တော်မူသည့်အခါ မင်းတို့က "ကျွန်ုပ်တို့သည် ယခင်ကတည်းက မွတ်စလင်မ် များဖြစ်ကြပါသည်"ဟု ဖြေဆိုကြ၏။ တမန်တော်မြတ်က– "အသင်တို့သည် လက်ဝါးကပ်တိုင်ကို ကိုးကွယ်ကြရာ တမန်တော် အီစာအား အလ္လာဟ်၏သား တော်ဟု ယုံကြည်ကြရာ၊ အသို့လျှင် မွတ်စလင်မ်ဖြစ်နိုင်ကြအံ့နည်း"ဟု မိန့်ကြား တော်မူ၏။ တမန်တော်မြတ်သည် ၎င်းတို့အား ကိုးကြောင်းပြ၍ အမျိုးမျိုး တရားချသော်လည်း ထိုသူများသည် အစ္စလာမ်ကို လက်ခံရန် သဘောမတူခဲ့ကြ ပေ။ မည်သို့မျှတရားချ၍ မရသည့်အဆုံး၌ တမန်တော်မြတ်က– ၎င်းတို့အား "သို့ဖြစ်လျှင်'မုဗါဟလဟ်' လုပ်ကြစို့။ ငါလည်း ငါ့အိမ်သူ အိမ်သားများကို ခေါ်လာမည်။ အသင်တို့လည်း အသင်တို့၏ အိမ်သူအိမ်သားများကို ခေါ်လာ ကြ၊ ပြီးနောက် ငါတို့အနက် မှားယွင်းသူအပေါ်သို့ အလ္လာဟ်၏ အမျက်တော် ကျရောက်ပါစေဟု အလ္လာဟ်၏ထံ ဆုပန်ကြပါစို့"ဟု မိန့်ကြားတော်မူ၏။

အထက်ပါဖြစ်ရပ်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါ အတိုင်း မုံက္ခပါဌ်တော်လာရှိသည်–

فَمَنْ حَآجَّكَ فِيْهِ مِنْ بَعْدِ مَا جَآءَكَ مِنَ الْعِلْمِ
فَقُلْ تَعَالَوْا نَدْعُ اَبْنَآءَنَا وَاَبْنَآءَكُمْ وَنِسَآءَنَا
وَنِسَآءَكُمْ وَاَنْفُسَنَا وَاَنْفُسَكُمْ ثُمَّ نَبْتَهِلْ
فَنَجْعَلْ لَعْنَتَ اللّٰهِ عَلَى الْكٰذِبِيْنَ ٥

قرآن (٣:٦٠)

"သို့ဖြစ်ရာ အသင့်ထံသို့ အသိတရားရောက်ရှိလာပြီးသည့်နောက် သော်မှပင် အကြင်သူများသည် ထိုတမန်တော် (အီစာ) နှင့် ပတ်သက်၍၊ အခြေအတင် ပြောဆိုကြပါလျှင်၊ အသင်က (ထိုသို့သော သူများအား)"အသင်တို့လာကြကုန်၊ ငါတို့သည် ငါတို့၏ သားမြေး များကိုငင်း၊ အသင်တို့၏ သားမြေး များကိုငင်း၊ ငါတို့၏ အမျိုးသမီးများကိုငင်း၊ အသင်တို့၏ အမျိုးသမီးများ ကိုငင်း ခေါ်ဆောင်လာကြအံ့၊ ငါတို့ကိုယ်တိုင်ငင်း၊ အသင်တို့ကိုယ်တိုင်ငင်း ပါဝင်ကြကုန်အံ့။ ထို့နောက် မုသားပြောဆိုသူများ အပေါ်သို့ အလ္လာဟ်အသျှင်မြတ်၏ အမင်္ဂလာကျရောက်ပါစေဟု အလ္လာဟ်အသျှင်မြတ် ထံတော်၌ စိတ်ရောကိုယ်ပါ ဆုပန်ကြားကြပါစို့"ဟု ပြောဆို စိန်ခေါ်ပါလေ။"

ကုအာန်(၃း၆၀)

ယင်းသို့ ပြိုင်ဆိုင် ဆုပန်ကြားခြင်းကို "မုဗာဟလဟ်" ခေါ်သည်။ တမန်တော်မြတ်သည် ယင်းသို့ ဆုပန်ကြားရန်အတွက် နှစ်ဘက် သဘောတူ သတ်မှတ်ထားသည့်နေ့၊ သတ်မှတ်ထားသည့် အချိန်တွင်၊ သတ်မှတ်ထားသည့် နေရာသို့ သမီးတော် ဖွာတိမဟ်၊ မြေးတော် (အကြီး) ဟစန်၊ မြေးတော် (အငယ်)ဟုစိုင်န်နှင့် သားမက်ကြီး မောင်အလာလီတို့အား ခေါ်ဆောင်၍ ကြွလာတော်မူခဲ့၏။ ထိုအခါ နဂျ်ရာန် သံအဖွဲ့ဝင်တဦးက "အချင်းတို့၊ ငါတို့သည် ဤပုဂ္ဂိုလ်များနှင့် ပြိုင်ဆိုင်၍ 'မုဗာဟလဟ်' မပြုလုပ် သင့်ပေ၊ ဆုပန်ကြား သင့်ပေ။ အကယ်၍ ဤပုဂ္ဂိုလ်သည် အမှန်တကယ် တမန်တော်တပါးဖြစ်နေပါက ငါတို့သည် လုံးဝ ဆုံးရှုံး ပျက်စီးသွားကြမည် ဖြစ်သည်"ဟု ပြောဆို အကြံပေး၏။ ထိုအခါ နဂျ်ရာန်မှ ရောက်ရှိလာသော သံအဖွဲ့ဝင် များသည်

အချိုင်းချင်း ဆွေးနွေး တိုင်ပင် ကြပြီး၊ နောက်ဆုံးတွင် တမန်တော်မြတ်နှင့် ပြိုင်ဆိုင်ဆုပန်ကြားခြင်း မပြုတော့ဘဲ၊ အစ္စလာမ်အစိုးရ၏ ထိန်းသိမ်း စောင့်ရှောက်မှုကို ခံယူပြီး အစ္စလာမ် အစိုးရအား နှစ်စဉ် အခွန်တော် ဆက်ရန် သဘောတူသွားခဲ့ကြလေသည်။ (*)

**အစဒ် မျိုးနွယ်၏ သံအဖွဲ့ ၊ဟိဂျ်ရီ (၉) ။**

ဤမျိုးနွယ်သည် စစ်ပွဲများ တွင် ကုရိုက်ရှ်မျိုးနွယ်၏ လက်ရုံးတဆူ ဖြစ်ခဲ့၏။ ခလီဖဟ် သမတကြီး အဗူဗတ်ကာ်ရ် **လက်ထက်တွင်** မိမိကိုယ်ကိုမိမိ နဗီတမန်တော် ဖြစ်ပါသည်ဟု လိမ်လည်ပြောဆိုခဲ့ဘူးသူ "တုလိဟာဟ် ဣဗ်နု ခုဝိုင်လိဒ်"မှာ ဤမျိုးနွယ်မှင်ဖြစ်ခဲ့၏။ ဤမျိုးနွယ်ဝင်များသည် ဟိဂျ်ရီ-(၉) ခုနှစ်တွင် အစ္စလာမ်ကို လက်ခံလာခဲ့ကြ၏။ တမန်တော်မြတ်ထံသို့လည်း သံအဖွဲ့တဖွဲ့ စေလွှတ်ခဲ့ကြ၏။ သို့တစေလည်း ၎င်းတို့တွင် မောက်မားကြွားဝါ လိုစိတ်သည် စွဲကင်လျက်ငင် ရှိနေခဲ့သေး၏။ အဆိုပါ မျိုးနွယ်၏ သံအဖွဲ့ တမန်တော်မြတ်ထံ ရောက်ရှိလာသည့်အခါ သံအဖွဲ့ဝင်များက မိမိတို့၏ ကျေးဇူးကို ထုတ်ဖော်ပြလိုသည့် အနေဖြင့် "တမန်တော်မြတ်သည် ကျွန်တော်များထံသို့ မည်သည့် အဖွဲ့ကိုမျှ စေလွှတ်တော်မူခဲ့သည်မဟုတ်ပါ။ အမှန်မှာ ကျွန်တော်တို့သည် မိမိတို့ စေတနာအလျောက် အစ္စလာမ်ကို လက်ခံကြခြင်းသာ ဖြစ်ပါသည်"ဟု ပြောဆိုခဲ့ကြ၏။ ထိုအခါ်နှိတ်၌င် အောက်ပါ မုက္ခပါဠ်တော် **ကျရောက်လာခဲ့ပေသည်။**

---

* ဤအကြောင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ်၏ယုံကြည့်ချက်သည် အဘယ်မျှ ရင့်ကျက် မှန်ကန်ကြောင်းနှင့် အိစာအိများ၏ စကားသည် ၎င်းတို့၏ထင်မြင်ချက်သာလျှင် ဖြစ်ကြောင်းကို ( Sir w, Muir ) သည် မိမိရေးသော "Life of Mohammed" စာမျက်နှာ (၂၆၁) တွင် အတည့်အလင်း ဖော်ဖန် ရေးသား ထားသည်။

(ဃာဇီ)

يَمُنُّونَ عَلَيْكَ أَنْ أَسْلَمُوا ۖ قُلْ لَا تَمُنُّوا عَلَيَّ إِسْلَامَكُمْ ۖ
بَلِ اللَّهُ يَمُنُّ عَلَيْكُمْ أَنْ هَدَاكُمْ لِلْإِيمَانِ إِنْ
كُنْتُمْ صَادِقِينَ ۝

قرآن (٤٩ : ١٧)

"ထိုသူများသည် ၎င်းတို့ အစ္စလာမ် လက်ခံကြသည်ကို အကြောင်းပြု၍ အသင့်အပေါ် ကျေးဇူး ထုတ်ဖော်ကြသည်။ အသင်ပြောလေ၊ အသင်တို့သည် မိမိတို့ အစ္စလာမ် လက်ခံသည်ကို အကြောင်းပြု၍ ကျွန်ုပ်အပေါ် ကျေးဇူး မဖော်ကြနှင့်။ အမှန်မှာ အလ္လာဟ် အသျှင်မြတ်သည်သာ အသင်တို့အား (အီမာန်) သက်ဝင် ယုံကြည်နိုင်ရန် ညွှန်ပြတော်မူသည့်အတွက် အသင်တို့အပေါ် ကျေးဇူးတော် ထုတ် ဖော် တော်မူသည်။ အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများ ဖြစ်ကြလျှင်-"။

ကုရ်အာန် (၄၉း၁၇)

**ဖဇာရဟ် မျိုးနွယ်၊ ဟိဂျ်ရီ(၉)။**

ဤမျိုးနွယ်သည် အားအင်လည်း ကြီးမား၏။ အလွန်လည်း သောင်းကျန်း၏။ 'အုယိုင်နဟ် ဣဗ်နု ဟိဆ္ဆ်န်'သည် ဤမျိုးနွယ်မှပင် ဖြစ်၏။ ဟိဂျ်ရီ(၉) ခုနှစ်တွင် တမန်တော်မြတ် တဗူက်မှ ပြန်ကြွလာတော်မူသည့်အခါ အဆိုပါ မျိုးနွယ်သည် တမန်တော်မြတ်ထံသို့ သံအဖွဲ့တဖွဲ့ စေလွှတ်ခဲ့၏။ အစ္စလာမ်ကို ကြည်ဖြူစွာ လက်ခံခဲ့၏။

**ကင်န်ဒဟ် မျိုးနွယ်၏သံအဖွဲ့၊ ဟိဂျ်ရီ(၁၀)။**

ကင်န်ဒဟ်သည် 'ယမန်'ပြည်နယ်၊ ဟဿရမောက်တ် ခရိုင်ရှိ မြို့တမြို့ ဖြစ်၏။ အဆိုပါမြို့တွင် 'ကင်နဒီ' မျိုးနွယ်ဝင်များ၏ အုပ်ချုပ်မှု အာဏာ တည်၏။ အဆိုပါမျိုးနွယ်၏ ခေါင်းဆောင်မှာ 'အရှ်အဆ် ဣဗ်နု ကိုက်စ်' ဖြစ်သည်။ ဟိဂျ်ရီ(၁၀)ခုနှစ်တွင် အရှ်အဆ်သည် အဖွဲ့ဝင်(၈၀)နှင့်အတူ

အသီးသီး မြင်းများစီးလျက် ဟီရယ်နယ်၏ ပိုးထည်တဘက်များကို ပခုံးများပေါ်တင်လျက် ထည်ဝါခန့်ညားစွာ တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့ကြ၏။ ထိုမျိုးနွယ်ဝင်များသည် ယခင်ကဘည်းက အစ္စလာမ်ကို လက်ခံပြီးဖြစ်ခဲ့ကြ၏။ တမန်တော်မြတ်က ၎င်းတို့၏ ဝတ်စားဆင်ယင်မှုကိုကြည့်ပြီး "အသင်တို့သည် အစ္စလာမ်ကို လက်ခံကြပြီး မဟုတ်ပါလော"ဟု မေးမြန်းတော်မူရာ၊ အဆိုပါမျိုးနွယ်ဝင်များက "မှန်ပါ၊ ကျွန်တော်များ အစ္စလာမ်ကို လက်ခံပြီး ဖြစ်ကြပါသည်"ဟု ဖြေကြ၏။ တမန်တော်မြတ်က– "သို့ဖြစ်လျှင် ဤပိုးထည်များကား အသို့ပါနည်း"ဟု မေးတော်မူရာ၊ အဆိုပါ သံအဖွဲ့ဝင်များသည် မိမိတို့ ဆင်ယင်ထားသော ပိုးထည်များကို ဆုတ်ဖြဲပြီး မြေပေါ်သို့ ချထားလိုက်ကြလေသည်။

အရှ်အဆ်သည် ကာဒိစီယဟ် စစ်ပွဲ၊ ယန်မူက် စစ်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့၏။ ဆွန်ဖ်ဖိန် စစ်ပွဲတွင် သာဝကကြီး မောင်အာလအသီ ဘက်မှ ပါဝင်၍ တိုက်ခဲ့၏။

**အဗ်ဒုလ်ကိုက်စ် မျိုးနွယ်၏ သံအဖွဲ့။**

ဤ မျိုးနွယ်သည် အဘက်တွင် ပါရှိခဲ့သည့်အတိုင်း ဗဟ်ရိုင်န် တွင် နေထိုင်လျက်ရှိခဲ့၏။ ဗဟ်ရိုင်န်တွင် အစ္စလာမ်သည် အစပိုင်းကတည်းက ရောက်ရှိနေခဲ့၏။ ဤမျိုးနွယ်သည် ဦးစွာ ပဌမ ဟိဂျ်ရီ(၅)ခု၊ သို့မဟုတ် ထို့ထက်ပင်စော၍ ပုဂ္ဂိုလ်(၁၃)ဦး ပါဝင်သော သံအဖွဲ့တဖွဲ့ကို တမန်တော်မြတ်ထံ စေလွှတ်ခဲ့၏။ အဆိုပါ သံအဖွဲ့ဝင်များ တမန်တော်မြတ်ထံ ရောက်ရှိလာသည့်အခါ တမန်တော်မြတ်က- "အသင်တို့ မည်သူများပါနည်း"ဟု မေးမြန်းတော်မူရာ သံအဖွဲ့ဝင်များက "တမန်တော်မြတ်၊ ကျွန်တော်များသည် ရဗီအဟ် မိသားစုမှဖြစ်ကြပါသည်"ဟု ဖြေကြ၏။

တမန်တော်မြတ်က" လှိုက်လှဲစွာကြိုဆိုပါသည်"ဟု မိန့်ကြားတော်မူ၏။ ထို့နောက် သံအဖွဲ့ဝင်များက "တမန်တော်မြတ်၊ ကျွန်တော်များ နေထိုင်ရာဒေသမှာ အလွန်ဝေးကွာ လှပါသည်။ တမန်တော်မြတ်ထံ လာတွင် လမ်းခရီး၌ မုဿရ်မျိုးနွယ်ဝင် ကာဖိရ်များ၏ ရပ်ရွာများ တည်ရှိနေပါသည်။ ရိုသေမြတ်နိုးအပ်သော လများမှ အပ အခြား လများတွင် မလာနိုင်ကြပါ၊ ထို့အတွက် ကျွန်တော်တို့အတွေ့ အမြဲအစေ ကျင့်သုံး ဆောက်တည်နိုင်ရန်နှင့် မိမိတို့၏

ပြည်နယ်သူ ပြည်နယ်သားများအားလည်းသင်ကြားပေးနိုင်ရန် ကျွန်တော်များအား အစွသာမ်နှင့် ပတ်သက်၍ အရေးကြီးသော အချို့ အဆုံးအမများကို ညွှန်ကြားတော်မူပါဟုမေတ္တာရပ်ခံကြရာ၊တမန်တော်မြတ်က-"ငါသည် အသင်တို့အား ကျင့်ရန်၄-ခု၊ ကြဉ်ရန် ၄-ခု၊ ညွှန်ကြားမည်၊ အသတို့သည် အလ္လာဟ်အသျှင်တပါးတည်းကိုသာ ကိုးကွယ်ကြ၊ ဆွလာဟ်ဝတ်ပြုကြ၊ ဆွံယာမ် ဥပုသ်ဆောက်တည်ကြ၊ ငါး ပုံ တစ် ပုံ ပေး ဆောင် ကြ။ ဤကား ကျင့်ရန်ဖြစ်သည်။ သေရည် အရက်ချက်ရာတွင် အသင်တို့ အမြဲတစေ အသုံးပြုသော 'ဒဗ်ဗါ'၊ဟန်တမ်၊နကီရ်၊ မုဇဖ်ဖတ် စသည့် အခက်အိုးကို ရှောင်ကြဉ်ကြ။ ဤကားကြဉ်ရန်ဖြစ်သည်" ဟု မိန့်ကြားတော်မူလိုက်လေသည်။ တမန်တော်မြတ်သည် မျိုးနွယ်များအား သွန်သင်ဆုံးမတော်ရာတွင် ယင်းမျိုးနွယ်တွင် စွဲငြိနေသော ရောဂါများကို ထောက်ချင့်၍ အခြေအနေအရ တော်တည့် လျော်ကန်သင့်မြတ်သည့် အဆုံးအမများကိုသာ ညွှန်ကြားတော်မူလေ့ ရှိခဲ့ပေသည်။

**အာမိရ် မျိုးနွယ်၏ သံအဖွဲ့၊ ဟိဂျ်ရီ(၉)။**

အာမိရ်မျိုးနွယ်သည် အာရေဗျပြည်တွင် အထူး ကျော်ကြားသော 'ကိုက်စ် အိုင်လာန်' မျိုးနွယ်၏ မျိုးနွယ်စုတခု ဖြစ်၏။ အာမိရ် မျိုးနွယ်တွင် ခေါင်းဆောင် (၃)ဦးရှိခဲ့၏။ (၁) အာမိရ် ဣဗ်နု တုဖိုင်လ်၊ (၂) အရ်ဗဒ် ဣဗ်နု ကိုက်စ်၊ (၃) ဂျဗ်ဗါရ် ဣဗ်နု စလ်မာ။ အာမိရ်နှင့် အရ်ဗဒ်သည် ဂုဏ်ပကာသနကို အထူး မက်မောခဲ့ကြ၏။ အာမိရ်သည် ယခင်ကလည်း အကြိမ်ကြိမ် အနှောင့်အရှက် ပေးခဲ့၏။ ယခုလည်း စေတနာရိုးနှင့် လာခြင်း မဟုတ်။ အဆိုပါ မျိုးနွယ်ဝင် အများစုမှာကား ရိုးသားစွာ အမှန်တရားကို လိုလားခဲ့ကြ၏။

အာမိရ်သည် မဒီနာမြို့သို့ ရောက်သည့်အခါ 'စလူလ်' မိသားစုတွင် အမျိုးသမီးတဦး အိမ်၌ တည်းခို၏။ ဂျဗ်ဗါရ်သည် ယခင်က သိကျွမ်းခနခဲ့သော သာဝကကြီး 'ကအ်ဗ် ဣဗ်နု မာလိက်' အိမ်တွင် မိမိအဘော်(၁၃)ဦးနှင့်အတူ တည်းခို၏။ ထို့အတွက်ကြောင့်ပင် သာဝကကြီး ကအ်ဗ်သည် အဆိုပါ သံအဖွဲ့ဝင်များအား တမန်တော်မြတ်ထံသို့ ခေါ်ဆောင်လာခဲ့၏။

အာမိရ်မျိုးနွယ်၏ သံအဖွဲ့ဝင်များသည် တမန်တော်မြတ်ထံ ရောက်ရှိလာပြီး စကားစမြည်ပြောဆိုရာတွင် အချို့ သံအဖွဲ့ဝင်များက တမန်တော်

မြတ်အား "တမန်တော်မြတ်သည် ကျွန်တော်တို့၏ အသျှင်သခင် ဖြစ်ပါသည်" ဟု သုံးနှုန်းရာ၊ တမန်တော်မြတ်က– "အသျှင်သခင်သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်တော် မူပါသည်"ဟု ဖြေကြားတော်မူ၏။ ဆက်လက်၍ အချို့ သံအဖွဲ့ဝင်များက "တမန်တော်မြတ်သည် ကျွန်တော်တို့ အားလုံးတွင် အမြတ်ဆုံး၊ အလှူဒါနပေးကမ်းရာတွင် အရက်ရောဆုံး ဖြစ်တော်မူပါသည်"ဟု ပြောပြန်ရာ၊ တမန်တော်မြတ်က– "စကားပြောဆိုရာတွင် ရှိုင်တွာန် မိစ္ဆာ၏ ကြော့ကွင်း မနင်းမိရန် သတိပြု၊ တဘက်သားအား သာယာ ပြေပြစ်စွာ မြှောက်ပင့် ပြောဆိုခြင်းသည်လည်း မုသား စကား တမျိုးပင် ဖြစ်သည်"ဟု မိန့်ကြားတော်မူလိုက်လေသည်။

အာမိရ် ဣဗ်နု တုဖိုင်လ်က– "တမန်တော်မြတ်၊ အချက်သုံးချက် တင်ပြပါရစေ၊ (၁) တောကျေးများကို တမန်တော်မြတ်က အုပ်ချုပ်ပါ၊ မြို့တွေကို ကျွန်တော်က အုပ်ချုပ်ပါမည်။ (၂) ဤအချက်ကို လက်မခံလျှင် တမန်တော်မြတ်နောက် ကျနေ့အား အရိုက်အရာ ဆက်ခံသူအဖြစ် ခန့်အပ်ပါ။ (၃) ဤအချက်ကိုလည်း လက်မခံလျှင် ကျွန်တော်သည် 'ဃတ်ဖါန်'မျိုးနွယ်ကို ခေါ်ဆောင်လာပြီး တိုက်ခိုက် ချပါလိမ့်မည်"ဟု ပြောပြ၏။ အာမိရ်သည် အထက်တွင် ရေးသားဖော်ပြခဲ့သည်အတိုင်း ယခုကဲ့သို့ တမန်တော်မြတ်ထံသို့ ရောက်ရှိလာခြင်းမှာ စေတနာရိုးဖြင့် ရောက်ရှိလာခဲ့ခြင်း မဟုတ်ပေ။ အာမိရ်နှင့် အရ်ဗဒ်သည် တမန်တော်မြတ်အား လုပ်ကြံရန်ကြိုတင်နားလည်မှုယူထားခဲ့ကြ၏။

အာမိရ်သည် တမန်တော်မြတ်နှင့် အဆက်မပြတ်စကား ပြောနေစဉ် အရ်ဗဒ်သည် တမန်တော်မြတ်အား လုပ်ကြံရန် ကြိုတင် ကြံစည်ထားခဲ့ကြ၏။ အာမိရ်သည် မိမိတို့ အကြံအစည်အတိုင်း တမန်တော်မြတ်နှင့် အဆက်မပြတ် စကားပြောနေခဲ့သော်လည်း အရ်ဗဒ်သည် မည်သို့မျှမလှုပ်ရှားခဲ့ပေ။ ကြက်သေသေနေခဲ့၏။ အမှန်မှာ တမန်တော်မြတ်၏ ဘုန်းရှိန်ရှေ့မှောက်တွင် အရ်ဗဒ်သည် ကြောက်ဒူးတုံ၍ ကြက်သေသေနေခဲ့ခြင်းသာဖြစ်၏။ ထို့နောက် အာမိရ်နှင့် အရ်ဗဒ်တို့ ၂– ဦးသည် အကြံအစည် မအောင်မြင်ဘဲ တမန်တော်မြတ်ထံမှ ထပြန်လာခဲ့ကြ၏။

ထိုအခါ တမန်တော်မြတ်က– "အို–အလ္လာဟ်၊ ကျွန်တော်မျိုးတို့အား ဤသူများ၏ အန္တရာယ်မှ ဖယ်ရှားတော်မူပါ"ဟုပန်ကြားတော်မူခဲ့၏။ အာမိရ်သည် ဝမ်းရောဂါဖြစ်၏။ အာရေဗျပြည်တွင် အိပ်ရာ၌ သေခြင်းသည်ရှက်ဘွယ်

ဖြစ်သည် ထင်မှတ်လေ့ရှိခဲ့ကြ၏။ ထို့အတွက် အာမိန်က ၎င်းအားမြင်းပေါ်တင်ထားရန်ပြော၏။ အာမိရ်သည် မြင်းပေါ်မှာပင် အသေဆိုးနှင့် သေသွားခဲ့လေသည်။ အာမိရ်သည် ယင်းသို့ အကြံပက်စက်သည့် အားလျော်စွာ အသေဆိုးနှင့် သေသွားခဲ့သော်လည်း ဂျဗ်ဗါရ်နှင့် ကျန်မျိုးနွယ်ဝင်များမှာ အစ္စလာမ်ကို ရိုးသားစွာ လက်ခံသွားခဲ့ကြလေသည်။

**ဟာင်မ်ယရ် မျိုးနွယ်မှ သံအဖွဲ့။**

ဟာင်မ်ယရ်တွင် သီးသန့် အစိုးရမရှိခဲ့တော့ပေ။ ဟာင်မ်ယရ် ဘုရင်များ၏ သားသမီးများသည် သာမန်အားဖြင့် အသီးသီး အုပ်ချုပ်ရေး အဖွဲ့ ငယ်များ ဖွဲ့စည်းထားခဲ့ကြပြီး၊ အမည်ခံဘုရင်များ လုပ်နေခဲ့ကြ၏။ အရဗီဘာသာစာပေတွင် ယင်းသို့သော ဘုရင်များ၏ ဘွဲ့မှာ (“ကီလ်”)ဟူ၍ဖြစ်၏။ ၎င်းတို့သည် အစ္စလာမ်ကို လက်ခံခဲ့ကြ၏။ တမန်တော်မြတ်ထံ သံအဖွဲ့ စေလွှတ်ခဲ့ကြ၏။ ထိုအချိန်မှာ “ဗဟ်ရာ” “ဗုကာ”--စသည် မျိုးနွယ်များမှလည်း သံအဖွဲ့များ အသီးသီးရောက်ရှိလာခဲ့ကြ၏။

# အလ္လာဟ်၏ အစိုးရတော်

وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا مِنْكُمْ وَعَمِلُوا الصّٰلِحٰتِ لَيَسْتَخْلِفَنَّهُمْ
فِى الْاَرْضِ كَمَا اسْتَخْلَفَ الَّذِيْنَ مِنْ قَبْلِهِمْ

قرآن (٢٤:٥٥)

"အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက် (အီမာန်) ယုံကြည်သော၊ ကောင်းမြတ်သော အကျင့်သီလဆောက်တည်သူများနှင့် ကတိထားရှိတော်မူသည်မှာ ထိုအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ အလျင်ရှိခဲ့ကြသော သူများအား (ခလီဖဟ်) ကိုယ်စားလှယ် ခန့်ထားတော်မူခဲ့သည့်အလား၊ တိုင်းပြည်တွင် (ခလီဖဟ်) ကိုယ်စားလှယ် မူချခန့်အပ်တော်မူမည်"

ကုရ်အာန်(၂၄:၅၅)

အလွန်မဲမှောင်သော ညဥ့်နက်များ ကုန်ဆုံးသွားသည့်အခါ အလွန်လင်းဝင်း တောက်ပသော နံနက်သည် ရောက်ရှိလာသည်သာ ဖြစ်၏။ ထူထပ်များပြားလှသော တိမ်သလာများ ကင်းစင်သွားသည့်အခါ ထွန်းလင်းတောက်ပသော နေမင်း၏ရောင်ခြည်များသည် ပေါ်ထွက်လာသည်သာဖြစ်၏။ ကမ္ဘာ့ အိမ်ထောင်စုကြီး တခုလုံးသည် သောင်းကျန်းမှု၊ နှိပ်စက်ညှဥ်းပန်းမှု၊ ပါပညစ်ကျုံ အစုစုတည်းဟူသော အမိုက်မှောင်များ အောက်တွင် ဖုံးအုပ်နေခဲ့၏။ ယခုသော် ကောင်းမြတ်သော မင်္ဂလာရှိသော နံနက်သည် ပေါ်ထွက်လာခဲ့ချေပြီ။ အမှန်တရားတည်းဟူသော နေမင်း၏ ရောင်ခြည်များသည် ကမ္ဘာ့အဝှန်းအား လင်းဝင်းစေပြီ။ အမျိုးမျိုး ကွဲပြားနေခဲ့သော အရဗ်တို့သည် ယခုသော် တဆူတည်းသော အလ္လာဟ် အသျှင်မြတ်အား ကိုးကွယ်လျက် ရှိကြပေပြီ။ တခုတည်းသော အစိုးရ၏အလံတော်အောက်တွင် စုရုံးလျက်ရှိကြချေပြီ၊ ဤကား အလ္လာဟ်၏ အစိုးရတော်တည်း။

**အလ္လာဟ် ၏ ကတိတော်**

وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا مِنْكُمْ وَعَمِلُوا الصّٰلِحٰتِ لَيَسْتَخْلِفَنَّهُمْ
فِى الْاَرْضِ كَمَا اسْتَخْلَفَ الَّذِيْنَ مِنْ قَبْلِهِمْ وَلَيُمَكِّنَنَّ
لَهُمْ دِيْنَهُمُ الَّذِى ارْتَضٰى لَهُمْ وَلَيُبَدِّلَنَّهُمْ مِّنْ بَعْدِ
خَوْفِهِمْ اَمْنًا يَعْبُدُوْنَنِىْ لَا يُشْرِكُوْنَ بِىْ شَيْـًٔا

(٢٤:٥٥) قرآن

"အလ္လာဟ် အသျှင်မြတ်သည် အသင်တို့အနက် (အီမာန်) ယုံကြည်သော၊ ကောင်းမြတ်သော အကျင့်သီလ ဆောက်တည်သူများနှင့် ကတိထားရှိတော်မူသည်မှာ၊ ထိုအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့အလျင်ရှိခဲ့ကြသူများအား (ခလီဖဟ်)ကိုယ်စားလှယ် ခန့်အပ်တော်မူခဲ့သည်အလား၊ တိုင်းပြည်တွင် (ခလီဖဟ်)ကိုယ်စားလှယ် မုချခန့်အပ်တော်မူမည်။ ၎င်းတို့အတွက် မိမိ နှစ်ခြိုက်တော်မူသော ၎င်းတို့၏ သာသနာကို မုချတည်စေတော်မူမည်။ ထို့အပြင် ၎င်းတို့၏ စိုးရိမ်ကြောင့်ကြမှုကို အေးချမ်းသာယာမှုဖြင့် မုချ ပြောင်းလဲပေးတော်မူမည် ဖြစ်သည်။ ထိုသူများသည် ငါ့အသျှင်မြတ်အားသာ လျှင် ကိုးကွယ်ကြမည်၊ ငါ့အသျှင်မြတ်နှင့်တွဲဘက်၍ မည်သည့် အရာကိုမျှ ယှဉ်တွဲ ကိုးကွယ်ကြမည်မဟုတ်"

ကုအာန် (၂၄း၅၅)

အလ္လာဟ်၏ အစိုးရတော်နှင့် တိုင်းပြည်တွင် (ခလီဖဟ်) ခန့်အပ်တော်မူခြင်း....စသည့် အာဏာစက်များသည် တမန်တော် တပါးအတွက် မရှိမဖြစ်၊ ရှိရကောင်းစေဟူ၍လည်းမဟုတ်ပေ။ သို့တစေလည်း အစ္စလာမ်သို့ ဘိတ်ခေါ်ရာတွင် တခါတရံ မလွှဲမရှောင်သာ နိုင်ငံရေးနှင့် ရင်ဆိုင်ရသည်လည်း ရှိတတ်၏။ ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ရာတွင် ပြည်တွင်း ဆူပူသောင်းကျန်းမှုများသည် အနှောင့်အရှက် ပေးတတ်၏။ ထိုအခါမျိုးတွင် တမန်တော်သည် တမန်တော် ဂျဗ်ရာဟီမ်၊ တမန်တော် မူစာ တို့၏အသွင်အပြင်ဖြင့် ရှေ့သို့ထွက်လာရ၏။ ပြည်တွင်း သောင်းကျန်းနေကြသော ဖိရ်အောင်နှင့် နမ်ရှုဒ်တို့အား

နှိမ်နင်းရ၏။ တမန်တော်များ— တမန်တော် အီစာ၊ တမန်တော် ယဟ်ယာ တို့လည်း ပေါ်ထွန်းခဲ့ကြ၏။ ဤတမန်တော် ၂-ပါးသည် နိုင်ငံရေးနှင့် မည်သို့မျှ မပတ်သက်ခဲ့ကြပေ။ တမန်တော်လောကတွင် တမန်တော် မူစာ၊ တမန်တော် ဒါဝူဒ်၊ တမန်တော် စုလိုင်မာန်တို့လည်း ပေါ်ထွန်းခဲ့ကြ၏။ ဤတမန်တော် ၃-ပါးသည် နိုင်ငံရေးကိုလည်း ပိုင်နိုင်စွာ ကြိုးကိုင်ခဲ့ကြ၏။ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)မှာကား၊ တမန်တော် အီစာ၊ တမန်တော် ယဟ်ယာလည်း ဖြစ်တော်မူခဲ့၏။ တမန်တော်မူစာ နှင့် တမန်တော် ဒါဝူဒ် လည်း ဖြစ်တော်မူ၏။ အာရေဗျပြည်၏ ဘဏ္ဍာတော် အားလုံးတို့သည် တမန်တော်မြတ်၏အာဏာခြေကတွင်းသို့ ရောက်ရှိနေခဲ့၏၊ သို့ရာတွင် တမန်တော်မြတ်၏ အိမ်တော်မှာ နှုးညံ့၊ ချောမွေ့သော မွေ့ရာလည်း မရှိခဲ့ပေ။ အဆီအနှစ် အရသာရှိသော စားဘွယ် သောက်ဘွယ်လည်း မရှိခဲ့ပေ။

တမန်တော်မြတ်၏ ကိုယ်ခန္ဓာပေါ်၌ ဘုရင်များ၏ အဆောင်အယောင်လည်းမရှိခဲ့ပေ။ တမန်တော်မြတ်၏ လက်တွင် ရွှေ- ငွေ လည်းမရှိခဲ့ပေ။ တမန်တော်မြတ်နှင့်ပတ်သက်၍ (Chosrce, King of Persia, Caesar, The Rcman emperor. ) ရောမ ဘုရင်၊ ပါရှား ဘုရင်တို့အလား၊ ဘုရင်တပါးဟူ၍ ထင်ယောင်ထင်မှား ဖြစ်နေချိန်တွင် တမန်တော်မြတ်သည် စောင်ပိုင်းရိုလျက် မက္ကာမြို့တော် မိသက်ဆိုး၊ ဘသက်ဆိုး၊ ကောင်းကင်တမန်ပမာ ဆင်းရဲစွာ၊ ရိုးသားစွာ ဖြူစင်စွာပင် ရှိနေတော်မူခဲ့ပေသည်။

**အစ္စလာမ့် အစိုးရ၏ ရည်ရွယ်ချက်။**

အစ္စလာမ့်အစိုးရ၏ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ကုရ်အာန် ကျမ်းမြတ်တွင် အောက်ပါအတိုင်း မုက္ခပါဠ်တော် လာရှိပေသည်။

أُذِنَ لِلَّذِيْنَ يُقٰتَلُوْنَ بِاَنَّهُمْ ظُلِمُوْا ۗ وَاِنَّ اللّٰهَ عَلٰى
نَصْرِهِمْ لَقَدِيْرُ ۙ الَّذِيْنَ اُخْرِجُوْا مِنْ دِيَارِهِمْ بِغَيْرِ
حَقٍّ اِلَّآ اَنْ يَّقُوْلُوْا رَبُّنَا اللّٰهُ ۗ وَلَوْلَا دَفْعُ اللّٰهِ النَّاسَ
بَعْضَهُمْ بِبَعْضٍ لَّهُدِّمَتْ صَوَامِعُ وَبِيَعٌ وَّصَلَوٰتٌ
وَّمَسٰجِدُ يُذْكَرُ فِيْهَا اسْمُ اللّٰهِ كَثِيْرًا ۗ وَلَيَنْصُرَنَّ اللّٰهُ مَنْ
يَّنْصُرُهٗ ۗ اِنَّ اللّٰهَ لَقَوِيٌّ عَزِيْزٌ ۝ اَلَّذِيْنَ اِنْ مَّكَّنّٰهُمْ
فِي الْاَرْضِ اَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ وَاَمَرُوْا
بِالْمَعْرُوْفِ وَنَهَوْا عَنِ الْمُنْكَرِ ۗ وَلِلّٰهِ عَاقِبَةُ الْاُمُوْرِ ۝

قرآن (٢٢: ٣٩-٤١)

"(ယခုမူ) တိုက်ခိုက်ခြင်း ခံနေရသော မွတ်စလင်မ်များအား ခုခံတိုက်ခိုက်ခွင့် ပြုတော်မူလိုက်ပြီ၊ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် မတရားကျူးကျော်စော်ကားခြင်း ခံနေကြရ၏။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူများအား ကူညီရန် မုချစွမ်းဆောင်တော်မူနိုင်၏။ ထိုသူများက"ကျွန်ုပ်တို့၏အသျှင်သခင်မှာ အလ္လာဟ်ဖြစ်တော်မူပါသည်" ဟုပြောဆိုကြရုံမျှဖြင့် ထိုသူများသည် မိမိတို့၏အိုးအိမ်များမှ အကြောင်းမဲ့ နှင်ထုတ်ခြင်းခံခဲ့ကြရရှာ၏။ အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အား အချို့ကို အချို့ဖြင့် ကာကွယ်တော်မမူပါက (နဆ်ရာနီများ၏) ကျောင်းသင်္ချိုင်းများ၊ ဝတ်ပြုရာကျောင်းများ၊ (ယဟူဒီများ၏) ဝတ်ပြုရာကျောင်းများနှင့်(မွတ်စလင်မ်တို့၏) 'မတ်စ်ဂျိဒ်' ပလီဝတ်ကျောင်းများသည် မုချဖြိုဖျက်ခြင်း ခံကြရပေမည်၊ ယင်းဝတ်ကျောင်းများတွင် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်ကို များစွာ အောက်မေ့တသ သတိရ၏။ အလ္လာဟ်အသျှင်မြတ်သည် မိမိအား ကူညီသူကို မုချ ကူညီတော်မူမည်။ အမှန် မုချအလ္လာဟ်အသျှင်မြတ်သည် စွမ်းဆောင်နိုင်တော်မူသော အသျှင်၊ လွှမ်းမိုးတော်မူသော အသျှင် ဖြစ်တော်မူ၏။

ယင်း ပုဂ္ဂိုလ်များကား အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အား ကမ္ဘာတွင် အုပ်ချုပ်မှု အာဏာ ချီးမြှင့်တော်မူခဲ့ပါလျှင် ၎င်းတို့သည် မိမိတို့ ကိုယ်တိုင်လည်း ဆွလာတ်ဝတ်ပြုကြပေမည်။ ဇကာတ်လည်း ပေးဆောင်ကြပေမည်။ (သူတပါးတို့အား) ကောင်းရာကိုလည်း ညွှန်ပြကြပေမည်။ မကောင်းရာမှလည်း တားကြပေမည်။ အရေးကိစ္စ အဝဝ၏ နောက်ဆုံး အကျိုးဆက်သည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်တွင်း၌သာ တည်ရှိပေသည်။

ကုရ်အာန် (၂၂း၃၉ - ၄၁)

အထက်ဖေါ်ပြပါ ကုရ်အာန်ကျမ်းလာ မုဟမ္မဒ်တော်များကို ထောက်ရှုခြင်း အားဖြင့် အစ္စလာမ်တွင် စစ်ပွဲများ မည်သို့ စတင် ဖြစ်ပွားခဲ့သည်။ မည်သည့်အတွက် ဖြစ်ပွားခဲ့သည်၊ အစ္စလာမ် အစိုးရ၏ ရည်ရွယ်ချက် မည်သို့ရှိခဲ့သည်၊ အစ္စလာမ်အစိုးရ အာဏာပိုင်များ မည်သို့သော အရည်အသွေးများ ရှိရမည်။ အစ္စလာမ် အစိုးရသည် အခြား အစိုးရများနှင့် မည်သို့ မည်ပုံ ခြားနားသည်များကို ကောင်းစွာ နားလည် သဘော ပေါက်နိုင်ပေသည်။ ဤအကြောင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်ကိုမူ ဤကျမ်း၏ အခြား အတွဲများတွင် ရေးသားပါမည်။ ယခု ဤနေရာတွင် အာရေဗျပြည်တွင် အစ္စလာမ် အစိုးရက မည်သို့ မည်ပုံ စီမံ အုပ်ချုပ်၍ မည်သို့ မည်ပုံ ငြိမ်းချမ်း သာယာအောင် ဖန်တီးသွားခဲ့သည်များကို ဖေါ်ပြလိုပေသည်။

အထက်တွင် ရေးသားခဲ့သည့်အတိုင်း ယခုသော် အာရေဗျပြည် ကြီးသည် အေးချမ်းသာယာလျက် ရှိချေပြီ။ နိုင်ငံရေး ပြဿနာများသည်လည်း ရှင်းလင်းသွားချေပြီ။ တမန်တော်မြတ်သည်လည်း ၊ တိုင်းပြည်နှင့်အဝှန်း မြို့ရွာ အသီးသီးသို့ အစ္စလာမ် သာသနာပြုပုဂ္ဂိုလ်များအား စေလွှတ်ထားတော်မူချေပြီ။ အာရေဗျပြည်ရှိ မျိုးနွယ် အသီးသီး တို့သည် တမန်တော်မြတ်ထံသို့ သံအဖွဲ့များ၊ ကိုယ်စားလှယ်အဖွဲ့များ အသီးသီး စေလွှတ်လျက်ရှိချေပြီ။

ဟိဂျ်ရီ (၈)ခု၊ ရမဿာန်လမြတ်တွင် မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင် သိမ်းပိုက် လိုက်သည့်နေ့သည် အစ္စလာမ်အစိုးရ တက်လာခဲ့သည့် ပဌမနေ့ပင် ဖြစ်ခဲ့ပေသည်။ မက္ကာမြို့တော်ကို အောင်နိုင်ပြီးသည့်နေ့မှ စ၍ တမန်တော်မြတ်သည် မျိုးနွယ် အသီးသီးတွင် စံနစ်တကျ ဇကာတ် ကောက်ခံနိုင်ရန်အတွက် ဇကာတ် ကောက်ခံသူ အရာရှိများအား တာဝန် ခန့်အပ်တော်

မှုလိုက်လေသည်။ အစ္စလာမ်အစိုးရသည် မက္ကာမြို့တော်ကို အောင်နိုင်ခဲ့သည့်နေ့မှ စတင် ပေါ်ပေါက်ခဲ့သော်လည်း ဟိဂျိရီ(၁၀)ခုတွင် နောက်ဆုံး ဟဂ်ျအချိန် နီးသည့်အခါတွင်မှ စ-လယ်-ဆုံး ပြီးပြည့်စုံသွားခဲ့ပေသည်။

တမန်တော်မြတ်၏ ဖြစ်ရပ်မှန်ကို အမှန်အတိုင်း မသိ-မမြင်သူများအဘို့မှာ အစ္စလာမ်အစိုးရသည် အာရှတိုက်၏ ခေတ်သစ်ဘုရင် အစိုးရဟူ၍ထင်မှတ်စရာ ဖြစ်ကောင်း ဖြစ်နေပေမည်။ သို့တစေလည်း တမန်တော်မြတ်၏ဖြစ်ရပ်မှန်ကို အမှန်အတိုင်း သိမြင်သူအဘို့မှာကား အစ္စလာမ် အစိုးရသည်အခြားအခြားသော အစိုးရများနှင့် လားလားမျှမဘူ တမူထူးခြားလျက်ရှိသည်မှာ အထင်သား-အမြတ်သားပင်။ အာရေဗျပြည်ကြီး တခုလုံးကိုပိုင်နိုင် ပိုရိစွာ စီမံအုပ်ချုပ်လျက်ရှိတော်မူသော တမန်တော်မြတ်၌ မင်းခမ်းမင်းနား အလျှင်းမရှိခဲ့ပေ။ အဆောင်အယောင် လုံးဝမရှိခဲ့ပေ။

တမန်တော်မြတ်သည် သာမန် အဝတ်အစား များဖြင့် မဒီနာမြို့တွင်သွားလာလျက် ဆင်းရဲသားများ၊ ကြေးကျွန်များ၏ ကိစ္စအဝဝကို ဆောင်ရွက်ခနတော်မူခဲ့၏။ တမန်တော်မြတ် အဘို့မှာ အခြား အခြားသော ဘုရင်များအသား မကိုဋ်မလို၊ သရဖူမလို၊ နန်းတော်မလို၊ ကိုယ်ရံတော်မလို၊အစောင့်အရှောက်မလို၊ ရွှေငွေစစ္စာမလို။ သို့ပင်တစေ တမန်တော်မြတ်သည်လူသားတို့၏အပြင် ရုပ်ပိုင်းကိုသာမကအတွင်းနာမ်ပိုင်း စိတ်နှလုံးသားများကိုပါစီမံအုပ်ချုပ်တော်မူလျက် ရှိခဲ့ပေသည်။

တမန်တော်မြတ်ထံပါးတွင် ပုလိပ်လည်းမရှိ၊ ကြီးကျယ် ခမ်းနားသောရုံးများလည်း မရှိ၊ များမြောင်လှသော အစိုးရ အရာရှိ ကြီးငယ်များလည်းမရှိ၊ဝန်ကြီး ဝန်ကလေးများလည်း မရှိ၊ တမန်တော်မြတ် တပါးတည်းပင် ရှိတော်မူခဲ့၏။ တမန်တော်မြတ် တပါးတည်းသည်ပင် အရေးကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်လျက်ရှိတော်မူခဲ့၏။ သို့ဖြစ်ပါသော်လည်း တမန်တော်မြတ်သည်မိမိကိုယ်ကို မိမိ အခြား သာမန် အာရဗ် အရပ်သားတဦးထက် ကူလားအုဋ်အမွှေးတမွှေးခန့်မျှပင် ပို၍ ပိုင်ဆိုင်သည် ဟူ၍ကား ထင်မှတ်တော်မမူခဲ့ပေ။တမန်တော်မြတ်၏ တရားရုံးတော်တွင် မျက်နှာကြီးငယ် မရှိ၊ ရင်နှစ်သည်းခြာသမီးတော် ဖွာတိမဟ်နှင့် သာမန် အရပ်သား တရားခံတဦးတွင် မည်သို့မျှကွာခြားမှု၊ ခြားနားမှု အလျှင်း မရှိခဲ့ပေ။

တမန်တော်မြတ်ပွင့်ပေါ်လာတော်မူခဲ့ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာအစ္စလာမ် သာသနာပြုရန်၊ အကျင့်စာရိတ္တများကို ကောင်းမွန် မြင့်မြတ်အောင်

ပြုလုပ်ပေးရန်နှင့် စိတ်နှလုံးသားများကို ဖြူစင်သန့်ရှင်း အပြစ်ကင်းအောင် ပြုလုပ်ရန်သာ ဖြစ်ပေသည်။ ထိုမှတပါး အခြား တာဝန်များမှာ အခြေအနေအရ မလွှဲမရှောင်သာ ဆောင်ရွက်ရသော တာဝန်များသာလျှင် ဖြစ်ခဲ့ပေသည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် တိုင်းရေး ပြည်ရာများတွင် တိုင်းပြည်အေးချမ်း သာယာရန်နှင့် သာသနာပြုရာတွင် အနှောင့်အရှက်ကင်းရန် မလွှဲမရှောင်သာ စီမံအုပ်ချုပ်တော်မူခဲ့ရပေသည်။ သို့ပင်တခေ ဤသည် အခိကကား မဟုတ်ခဲ့ပေ။ အခြေအနေအရ မလွှဲမရှောင်သာ ဆောင်ရွက်တော်မူခဲ့ရခြင်းသာ ဖြစ်ပေသည်။

## တိုင်းပြည် စီမံ အုပ်ချုပ်တော်မူခြင်း။

တမန်တော်မြတ်၏ သက်တော်မှာ (၆၀)တင်းတင်း ရှိချေပြီ၊ ထိုအသက်အရွယ်တွင်ပင် တမန်တော်မြတ်သည် တိုင်းပြည် စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စအဝဝကို မိမိကိုယ်တော်တိုင် တာဝန်ယူ ဆောင်ရွက်တော်မူလေ့ ရှိခဲ့ပေသည်။ မြို့-နယ်- ခရိုင် စသည်များ ကို စီမံ ကွပ်ကဲ အုပ်ချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ ခန့်အပ်ခြင်း၊ (မုအာဇ်ဇင်န်) ပလီသံတော်ဆင့်များ၊ (အီမာမ်) ပလီရှေ့ဆောင်များ ခန့်အပ်ခြင်း၊ ဇကာတ် ပစ္စည်းများ၊ အခွန်တော်ငွေများ ကောက်ခံရန် အရာရှိများ ခန့်အပ်ခြင်း၊ ဘာသာခြားများနှင့် ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုခြင်း၊ မွတ်စလင်မ်မျိုးနွယ်များ၊အား ပစ္စည်းများ၊ ကောက်ပဲသီးနှံများ ခွဲဝေပေးခြင်း၊ စစ်ဘက်များ စီမံခန့်ခွဲခြင်း၊ တရား စီရင်ခြင်း၊ မျိုးနွယ်များတွင် ဖြစ်ပွားလေ့ရှိသော တိုက်ခိုက်မှုများကို ပိတ်ပင်ခြင်း၊ သံအဖွဲ့ဝင်များအတွက် ဘောက်ချ်ကြေးများ သတ်မှတ် ချီးမြှင့်ခြင်း၊ ကျေညာချက်များ ထုတ်ပြန်ခြင်း၊ အစ္စလာမ်သို့ ကူးပြောင်းလာကြသော အသစ်အသစ်ဖြစ်သော မွတ်စလင်မ်များအတွက် စီမံခန့်ခွဲခြင်း၊ အစ္စလာမ်ရေးရာများနှင့် ပတ်သက်၍ အစ္စလာမ်ဓမ္မသတ် အဆုံးအဖြတ်ပေးခြင်း၊ ပြစ်မှု ကျူးလွန်သူများအား ပြစ်ဒဏ်ခတ်ခြင်း၊ နိုင်ငံတော် အရေးများကို စီမံခန့်ခွဲခြင်း အရာရှိကြီးငယ်များ၏၊ ပြုမှု ဆောင်ရွက်ချက်များကို သတင်းယူခြင်း၊ ရရှိသော သဘင်များအရ အရေးယူသင့်သူများအား အရေးယူခြင်း ဝေးကွာသော ပြည်နယ်များတွင် မင်းကြီးများခန့်အပ်ခြင်း၊ ဤသို့များမြောင်လှသောတာဝန်များကို တမန်တော်မြတ်ကိုယ်တော်တိုင်ပင် စီမံခန့်ခွဲအုပ်ချုပ်တော်မူခဲ့ပေသည်။ အထူးသဖြင့် မဒီနာနှင့် မဒီနာမြို့၏ ပတ်န်ဝကျင်ကိုမူ မိမိကိုယ်တော်တိုင် တာဝန်ယူ၍ မံစီအုပ်ချုပ်တော်မူခဲ့သည်။

ယင်းသို့ များမြောင် ကြီးမားလှသည့် သာသနာ တာဝန်၊ တိုင်းပြည် တာဝန်၊ လူမျိုးတာဝန်များကို တာဝန်ယူထမ်းဆောင်တော်မူခဲ့ရသည့်အတွက် တမန်တော်မြတ်၏ ကျန်းမာရေးသည်ပင် ထိခိုက်လာခဲ့ပေသည်။ အချို့ ကျမ်းချက်များအရ တမန်တော်မြတ်သည် မိမိ သက်တမ်း၏ နောက်ဆုံးပိုင်းတွင် "တဟဂ်ျဂျုဒ်" ဆွလာတ်ကို ကျန်းမာရေး၏ ချို့တဲ့မှုကြောင့် မတ်တတ်ရပ်၍ ဝတ်မပြုနိုင်ခဲ့ပေ။ ထိုင်၍သာ ဝတ်ပြုတော်မူခဲ့ပေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကြင်ရာတော် အာအိရှာဟ် သခင်မ၏ ထုတ်ဖော် ပြောပြချက်ကို ကြားနာဘို့ ကောင်းပေသည်။

عن عبد الله بن شقيق قال سألت عائشة أفكان
يصلي قاعدا قالت حين حطمه الناس -
ابوداؤد كتاب الصلوة

သာဝကကြီး အဗ်ဒုလ္လာဟ် ဗင်နု ရှကီတ်က ပြောပြခဲ့သည်မှာ- ကျွန်ုပ်က ကြင်ရာတော် အာအိရှာဟ် သခင်မအား- "တမန်တော်မြတ်သည် ထိုင်၍ ဆွလာတ် ဝတ်ပြုတော်မူပါသလား" ဟု မေးရာ၊ ကြင်ရာတော်က "တိုင်းသူ ပြည်သားများက တမန်တော်မြတ် အား (တာဝန်များစွာ ပေး၍) ပင်ပန်းနွမ်းနယ်စေကြသည့် အခါ" ဟူ၍ ဖြေကြားလိုက်လေသည်၊

အဗူဒါဝူဒ်ကျမ်း၊ ဆွလာတ် အခန်း။

**စစ်ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်တော်မူခြင်း။**

တမန်တော်မြတ်သည် သာမန်စစ်ပွဲကလေးများတွင် တပ်ဗိုလ်ချုပ်အဖြစ် တည့် သာဝကများအနက် အခြေ အနေအရ သာဝက တစ်ပါးပါးအား ခန့်အပ်စေလွှတ်တော်မူလေ့ရှိခဲ့ပေသည်။ သို့ရာတွင် အဓိက စစ်ပွဲကြီးများတွင်မူ မိမိကိုယ်တော်တိုင် စစ်ဗိုလ်ချုပ်အဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူလေ့ ရှိခဲ့ပေသည်။ ဥပမာ–ဗဒ်ရ်စစ်ပွဲ၊ အုဟုဒ်စစ်ပွဲ၊ ခိုင်ဗရ်စစ်ပွဲ၊ မက္ကာမြို့တော် ပြန်လည်သိမ်းပိုက်ပွဲ၊ တဗူက် စစ်ပွဲများတွင် တမန်တော်မြတ် ကိုယ်တော်တိုင်စစ်ဗိုလ်ချုပ်အဖြစ် ဦးစီး ရှေ့ဆောင် ပွဲကိုင်တော်မူခဲ့ပေသည်။

ယင်းသို့ တမန်တော်မြတ် စစ်ဗိုလ်ချုပ်အဖြစ် ဦးစီး ရှေ့ဆောင်ခြင်းမှာ စစ်ရေးအတွက်သာလျှင် မဟုတ်၊ မွတ်စလင်မ် စစ်သည်များ၏ အကျင့်သီလ၊ သိက္ခာ ထိန်းသိမ်းရန်နှင့် စိတ်ဓာတ်ကို တည့်မတ်၊ ပြုပြင်ရန် ဖြစ်ပေသည်။ တမန်တော်မြတ်သည် စစ်သည်များ၏ သာမန် အသေးအဖွဲ့ကိစ္စကလေးများကို ပင် မျက်ခြေမပြတ် ကြည့်ရှုလေ့လာ၍ အရေးယူတော်မူလေ့ ရှိခဲ့ပေသည်။ အစ္စလာမ့် စစ်ရေးဆိုင်ရာ ဥပဒေများမှာ အမှန်မှာ တမန်တော်မြတ်၏ ယင်း အရေးယူတော်မူခြင်းကို အခြေခံ၍ ပေါ်ပေါက်လာခဲ့ခြင်းပင် ဖြစ်ပေသည်။

## အစ္စလာမ် ဓမ္မသတ် အဆုံးအဖြတ် ပေးတော်မူခြင်း။

အစ္စလာမ်ရေးရာ ပြဿနာများနှင့် စပ်လျဉ်း၍ များသောအားဖြင့် တမန်တော်မြတ် ကိုယ်တော်တိုင် ဓမ္မသတ် အဆုံးအဖြတ် ပေးတော်မူလေ့ရှိ၏။ တမန်တော်မြတ်လက်ထက်တော်က အစ္စလာမ်ရေးရာများကို ကျွမ်းကျင်သော အချို့သာဝကကြီးများသည်လည်း တမန်တော်မြတ်၏ခွင့်ပြုချက်ဖြင့် အစ္စလာမ် ဓမ္မသတ် အဆုံးအဖြတ် ပေးလေ့ရှိခဲ့ကြ၏။

တမန်တော်မြတ်သည် ဓမ္မသတ် အဆုံးအဖြတ်ပေးရန်အတွက် အချိန် သတ်မှတ်ထားတော်မူသည်မရှိခဲ့ပေ။ အချိန်မရွေး၊ ဌာနမရွေး၊ အခြေအနေအရ မေးမြန်းလာသော ပြဿနာများကို ဓမ္မသတ် အဆုံးအဖြတ်ပေးတော်မူလေ့ ရှိ၏။ တမန်တော်မြတ် ဓမ္မသတ် အဆုံးအဖြတ် ပေးတော်မူခဲ့သည့်အကြောင်း ကို ဗုခါရီကျမ်း၊ ပညာခဏ်းတွင် အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရှိရပေ သည်။ (သမတကြီး အုမရ်သည် မိမိလက်ထက်တွင် အစ္စလာမ် ဓမ္မသတ်ကိစ္စကို သီးသန့်ဌာနတခု ဖွင့်၍ ပြောင်မြောက်စွာ ဆောင်ရွက်သွားနိုင်ခဲ့ပေသည်။)

## တရားစီရင်တော်မူခြင်း။

တမန်တော်မြတ်သည် မိမိလက်ထက်မှာပင် တရားစီရင်ရေး ဌာနကို ဖွင့်ထားတော်မူခဲ့၏။ သာဝကကြီး မောင်လာအလီနှင့် သာဝကကြီး မုအာဇ် ဗ္ဗင်နုဂျဗလ်တို့အား တရားသူကြီးများအဖြစ် ခန့်အပ်၍ ယမန်သို့စေလွှတ်တော် မူခဲ့၏။ သို့ပင်တစေ မဒီနာမြို့နှင့် ပတ်ဝန်းကျင်တွင် ဖြစ်ပွားသော အမှုအခင်း များကိုမူ တမန်တော်မြတ် ကိုယ်တော်တိုင် စီရင်တော်မူလေ့ရှိခဲ့၏။ တမန် တော်မြတ် ထံတော်တွင် မည်သူမဆို လွတ်လပ်စွာ လာရောက်တိုင်ကြားနိုင် သည်၊ အမှုဖွင့်နိုင်သည်၊ မည်သို့မျှ အဟန့်အတား မရှိခဲ့ပေ။ သို့တိုင်းသူပြည်

သားများ လွတ်လပ်စွာ လာရောက်တိုင်ကြားနိုင်ရန်အတွက် တမန်တော်မြတ်သည် မိမိ အိမ်တော်တွင် တံခါးစောင့်ပင် ထားတော်မမူခဲ့ပေ။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် မိမိ အိမ်တော်အတွင်းမှာပင် အေးအေးဆေးဆေး နေတော်မမူနိုင်ခဲ့ပေ။ အထူးသဖြင့် အမျိုးသမီးများသည် မိမိတို့၏ ပြဿနာများကို အမျိုးသမီးဆောင်များတွင်ပင် လာရောက်တင်ပြလေ့ရှိခဲ့ကြပေရာ တမန်တော်မြတ်အတွက် အဘယ်မှာလျှင် အားလပ်ခွင့်ရှိနိုင်အံ့နည်း။

တမန်တော်မြတ် စီရင်ဆုံးဖြတ်တော်မူခဲ့သော စီရင်ဆုံးဖြတ်ချက်များသည် များပြားလှ၏။ စုပေါင်းဖေါ်ပြပါက ကျမ်းကြီးတစောင်ဖြစ်နိုင်ပေသည်။ ယင်းသည့် စီရင်ဆုံးဖြတ်ချက်များကို (ဟဒီဆ်) ဩဝါဒတော်ကျမ်းကြီးများတွင် အသေးစိတ် တွေ့ရှိရပေသည်။

## ဘုရင်များ၊ သံများနှင့် ဆက်သွယ်တော်မူခြင်း။

တမန်တော်မြတ်သည် မိမိလက်ထက်မှာပင် ဘုရင်များ၊ သံများနှင့် တရားဝင်ဆက်သွယ်နိုင်ရန်၊ အမိန့်ကျေညာချက် ထုတ်ပြန်ရန်၊ ဘာသာခြားလူမျိုးများနှင့် စာချုပ်ချုပ်ဆိုရန် ဌာနတခု ဖွင့်ထားတော်မူခဲ့၏။ အဆိုပါဌာနတွင် သာဝကကြီး 'ဇိုက်ဒ် ဣဗ်နု ဆာဗိတ်'အား ခန့်အပ်ထားတော်မူခဲ့၏။ နောက်ပိုင်းတွင် အဆိုပါ ဌာန၌ သာဝကကြီး မုအာဝိယဟ် အားလည်း ခန့်ထားတော်မူခဲ့၏။ ထိုသာဝကကြီး ၂-ပါးအပြင် အခြား သာဝကကြီးများအားလည်း အခါအလိုက် ခန့်ထားတော်မူခဲ့၏။

တမန်တော်မြတ်သည် နိုင်ငံခြား ဘုရင်များထံသို့ အစ္စလာမ့်လက်ခံရန်အတွက် စာချွန်တော်များ ပို့တော်မူခဲ့သည်။ အခြား လူမျိုး များနှင့်လည်း စာချုပ်များနှင့်လည်း စာချုပ်များ ချုပ်ဆိုတော်မူခဲ့သည်။ မွတ်စလင်မ်မျိုးနွယ်အသံးသီးထံသို့ အမိန့်ကျေညာချက်များလည်း ထုတ်ပြန်တော်မူခဲ့သည်။ အရာရှိကြီး-ငယ်များထံသို့ ညွှန်ကြားလွှာများလည်း ထုတ်တော်မူခဲ့သည်။ စစ်တပ်နှင့် စပ်လျဉ်းသည့် မှတ်တမ်းများကိုလည်း စံနစ်တကျ ရေးမှတ်ထားစေတော်မူခဲ့သည်။ အချို့အရေးကြီးသော မိမိ၏ ဩဝါဒတော်များကိုလည်း အမှတ်တရ ရေးမှတ်ထားစေတော်မူခဲ့သည်။ ဤသည်တို့သည် အားလုံး အထက်ပါဌာနတွင် အကျုံးဝင်ပေသည်။ (တနည်းအားဖြင့် ဤဌာနသည် တမန်တော်မြတ်၏ မှတ်တမ်းရုံးပင်ဖြစ်ပေသည်။) ဗုရ်ကာနီ စသည့် ပညာရှင်ကြီးများသည် ဤဌာနအကြောင်းကို သီးသန့်အခဏ်းများ ဖွဲ့၍ ထုတ်ဖေါ်ရေးသားထားခဲ့ကြပေသည်။

**ညှော်ခံတော်မူခြင်း။**

တမန်တော်မြတ်သည် တမန်တော်အဖြစ် ချီးမြှင့်တော်မူခြင်း ခံရပြီးသည့် နောက်ပိုင်းတွင် တမန်တော်မြတ်၏ ကိုယ်ရေးကိုယ်တာသည် လုံးဝပျောက်လု နီးပါးဖြစ်သွားခဲ့ပေသည်။အဘယ်ကြောင့်ဆိုသော် မြောက်မြားစွာသောပုဂ္ဂိုလ် များသည် တမန်တော်မြတ်ထံ လာရောက်တွေ့ဆုံခဲ့ကြ၏။ တမန်တော်မြတ်နှင့် ၎င်းတို့၏ ဆက်သွယ်ခြင်းမှာ အားလုံးလိုလိုပင် တမန်တော်တပါး အနေနှင့် ဆက်သွယ်ခြင်းသာ ဖြစ်ခဲ့၏။ တမန်တော်မြတ်သည်လည်း တမန်တော်တပါး အနေနှင့်ပင် လက်ခံတွေ့ဆုံညှော်ခံတော်မူခဲ့၏။

လာရောက်တွေ့ဆုံကြသော ပုဂ္ဂိုလ်များတွင် အများစုကြီးမှာ အစ္စလာမ် ကိုလက်ခံရန် လာရောက်ခဲ့ခြင်း ဖြစ်၏။ ယင်းသို့သော ပုဂ္ဂိုလ်များအား ညှော်ခံ ရန်အတွက် တမန်တော်မြတ်သည် အစကတည်းကပင် သာဝကကြီးဗိလာလ်အား ခန့်အပ်ထားတော်မူခဲ့၏။

လာရောက်တွေ့ဆုံကြသော ပုဂ္ဂိုလ်များတွင် ဆင်းရဲနွမ်းပါး သူများ အဝတ်အစား ချို့တဲ့သူများ ပါလာပါက၊ တမန်တော်မြတ်သည် ၎င်းတို့၏ စားဝတ်နေရေးအတွက် လိုလေသေးမရှိ စီစဉ်ပေးရန် သာဝကကြီးဗိလာလ်အား တာဝန်ပေးထားတော်မူသည်၊ တခါတရံ အိမ်တော်တွင်ငွေကြေးရေးမပြေ လည်သည့် အတွက် သူတပါးထံမှ ချေးငှားရ၍ပင် စီစဉ်ပေးတော်မူလေ့ရှိခဲ့ ပေသည်။

တမန်တော်မြတ်သည် မိမိအားတဦး တယောက်က မေတ္တာလက်ဆောင် အဖြစ် ပေးလှူသော လက်ဆောင်ပစ္စည်းများကိုပင် ဆင်းရဲနွမ်းပါးသူများ၏ စားဝတ်နေရေးတွင် အသုံးပြုတော်မူလေ့ရှိခဲ့သည်။ တခါတရံယင်းကိစ္စအတွက် တမန်တော်မြတ်သည် တပည့်သာဝကများအား အလှူဒါနပြုကြရန် လှုံ့ဆော် တော်မူ၏၊ ရရှိသောအလှူပစ္စည်းများကို အဆိုပါ ဆင်းရဲနွမ်းပါးသူများအား ဝေငှပေးတော်မူ၏။

တခါသော် တမန်တော်မြတ်ထံသို့ အစ္စလာမ့်အတွက်မိမိတို့၏ နေရပ် ဌာနီကို စွန့်လွှတ်ခဲ့ကြသော ညှော်သည် အာဂန္တု (မုဟာဂျိရ်) များ ရောက်ရှိလာခဲ့ကြ၏။ ၎င်းတို့၏ ခြေများတွင် ဘိနပ်လည်းမပါ၊ ခါးတွင်ပုဆိုး လည်းမပါ။ လူတိုင်းသည် စောင်တထည်ကိုသာရုံလျက်ရှိခဲ့၏။ လည်ပင်းတွင် ဓါးတချောင်းအသီးသီးလွယ်ထား၏။ ၎င်းတို့၏ အဖြစ်ကား သနားစဘွယ်

ကောင်းလှ၏။ ၎င်းတို့၏ ဆင်းရဲတွင်းနက်လှသည့် အဖြစ်ကိုတမန်တော်မြတ်တွေ့မြင်တော်မူသောအခါ၊ တမန်တော်မြတ်၏ ရွှေမျက်နှာတော်သည် ညှိုးငယ်သွားတော်မူခဲ့၏။

တမန်တော်မြတ်သည် ချက်ချင်းပင် သာဝကကြီး ဗီလာလ်အား 'အဇာန်' ဆိုရန် မိန့်ကြားတော်မူလိုက်၏။ ဆွလာတ်ဝတ်ပြုပြီးနောက် တမန်တော်မြတ်သည် အဆိုပါ ဆင်းရဲနွမ်းပါးသူများကို ကူညီရန်အတွက် တပည့်သာဝကအားလုံးတို့အား မေတ္တာရပ်တော်မူ၏။ သို့မေတ္တာရပ်တော်မူသည့်အခါ အန်ဆွာရီသာဝကတဦးသည် လှူဒါန်းရန်အတွက် လူးအိပ်ကြီးတခုကို မနိုင်မနင်းထမ်း၍ ယူဆောင်လာပြီး တမန်တော်မြတ်အား ပေးအပ်လိုက်၏။

ဤသည့်အဖြစ်ကို ကျန်တပည့်သာဝကများ တွေ့မြင်လိုက်ရသည့်အခါ စေတနာထက်သန်လာပြီး အသီးသီးလှူဘွယ်ပစ္စည်းများကို လာရောက်လှူဒါန်းကြရာ၊ တခဏအတွင်းမှာပင် အဆိုါ ဆင်းရဲနွမ်းပါးသူများ ရှေ့တွင် စားဘွယ်ပစ္စည်းများ တပုံကြီး၊ အဝတ်အထည်များ တပုံကြီး ဖြစ်သွားခဲ့ပေသည်။

အထူးသဖြင့် မက္ကာမြို့တော်ကို အောင်နိုင်တော်မူပြီး နောက်ပိုင်းတွင် တိုင်းပြည်အရပ်ရပ်မှ တိုင်းရေးပြည်ရေးနှင့်ပတ်သက်သော သံအဖွဲ့များ၊ အစ္စလာမ်နှင့်ပတ်သက်သော သံအဖွဲ့များ အမြောက်အမြား ရောက်ရှိလာခဲ့ကြ၏။ တမန်တော်မြတ်သည် မိမိကိုယ်တော်တိုင် ၎င်းတို့အား လိုလေသေးသည်မရှိ ဧည့်ခံကျွေးမွေးတော်မူ၏။ လိုအပ်ပါက လိုအပ်သလိုကူညီတော်မူ၏။ လိုအပ်ပါက ထောက်ပံ့ကြေး၊ ခရီးစရိတ်များကိုပင် ချီးမြှင့်တော်မူ၏။ ယင်းသို့ တမန်တော်မြတ်ကိုယ်တော်တိုင် ဧည့်သည်များအား လိုလေသေးသည်မရှိ၊ ဧည့်ခံ ပြုစုကျွေးမွေးထောက်ပံ့တော်မူသည့် အတွက် သက်ဆိုင်ရာ မျိုးနွယ်ဝင်များသည် အထူးကျေနပ် နှစ်သက်သဘောကျကြ၏။

တမန်တော်မြတ်သည် ဧည့်သည်များအား ဧည့်ခံပြုစုမှုကို အဘယ်မျှ အလေးပေးတော်မူခဲ့သည် ဆိုသော် ကွယ်လွန်သေဆုံးတော်မူခါနီး အချိန်မှာပင် အခြားမှာကြားတော်မူခဲ့သည့် မှာကြားချက်များအနက် အောက်ပါအတိုင်း မှာကြားသွားတော်မူခဲ့ပေသည်။

أَجِيزُوا الْوَفْدَ بِنَحْوِ مَا كُنْتُ أُجِيزُهُمْ
(بخاري)

ကျွန်ုပ်သည် သံအဖွဲ့များ (ဧည့်သည်များ)အား ဧရက္ခာသက်
ဆောင်ပါးသကဲ့သို့၊ အင်တို့လည်း ၎င်းတို့အား ဧရက္ခာစက်
ဆောင်ပါးကြ။

(ဗုခါရီကျမ်း)

**လူမမာများအား ကြည့်ရှုတော်မူခြင်း။**

လူမမာများအား သွားရောက်ကြည့်ရှုခြင်း၊ သူသေများအား မြှုပ်နှံရာ၌ လိုက်ပါခြင်းသည် အစ္စလာမ်၏ တာဝန်တရပ်ပင် ဖြစ်ပေသည်။ ဤသို့ သာသနာ့တာဝန်ကို သူများသည် ကျင့်သုံးလည်း ပြုသခဲ့ကြပေပြီ။ သို့ရာတွင် တမန်တော်မြတ် မဒီနာသို့ ကြွရောက်တော်မူသည့်အခါ ယင်းတာဝန်သည် ပို၍ ကျယ်ပြန့်လာခဲ့လေသည်၊ တဦးတယောက် သေဆုံးအံ့ဆဲဆဲဖြစ်၍ သက်ဆိုင်ရာ ဆွေမျိုးများက တမန်တော်မြတ်အား အကြောင်းကြားလျှင် တမန်တော်မြတ်သည် ချက်ခြင်း ကြွရောက်ပြီး ဆုမွန်ကောင်း တောင်းပေး တော်မူလေ့ ရှိခဲ့လေသည်။

လူမမာ၊ သေအံ့ဆဲဆဲ ပုဂ္ဂိုလ်များအား သွားရောက်ကြည့်ရှုမှုကို သာမန်အားဖြင့်ကြည့်လျှင် လူမှုရေးဖြစ်သော်လည်း၊ တဖါက သာသနာ့ရေး လည်း ဖြစ်နေတတ်ပေသည်၊ အဘယ်ကြောင့်ဆိုသော် အချို့သာဝကကြီး များသည် ထိုသည့်အခြေနေမျိုးတွင် မိမိတို့ပိုင်ပစ္စည်းများကို အလ္လာဟ့်လမ်း တော်တွင် လှူဒါန်းလိုကြပေသည်၊ ထိုအခါ တမန်တော်မြတ်သည် လှူဒါန်း မှုနှင့်စပ်လျဉ်း၍ နည်းလမ်းမှန်ကို ညွှန်ပြတော်မူလေ့ ရှိခဲ့လေသည်၊

ကြွေးမြီချေးငှားပါက အချိန်မှီ ပြန်လည်ပေးဆပ်ရမည်၊ ဤသည် လူအချင်းချင်း စောင့်သိရှိသောအပ်သည့် တာဝန်ဖြစ်သည်၊ ကြွေးမြီမဆပ်ပါ က မြီပိုင်ရှင်မှာ နစ်နာရှုံးရသည်၊ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ် တပါး ကြွေးတင်လျက် သေဆုံးသွားသူများ၏ (ဂျနာဇာ) အသုဘကို လိုက်ပို့တော်မူလေ့ မရှိခဲ့ပေ။ သို့လိုက်ပို့တော် မမူသည့်အခါ သက်ဆိုင်ရာ ဆွေမျိုးသားချင်းများ မသွဲ့ချေချောင်သော သူသေပေါ်၌ တင်ရှိသောကြွေးများ

ကို ဆပ်လေ့ရှိခဲ့ကြပေသည်။ ဤသို့ဖြင့် အချို့ပြဿနာများသည် ပြေလည်သွားလေ့ ရှိခဲ့ပေသည်။

**စုံစမ်း အရေးယူတော်မူခြင်း။**

လူမျိုးတမျိုးလုံး၏ အကျင့်၊ သီလ၊ သိက္ခာကောင်း မကောင်း၊ ရောင်းဝယ် ဖေါက်ကားမှု၊ အပေးအယူ မှန်မမှန်သိရန်မှာ အလွန်အရေးကြီးလှပေသည်။ တမန်တော်မြတ်သည် မိမိသက်တမ်းတွင် မိမိကိုယ်တော်တိုင် မျက်ခြေမပြတ် လေ့လာစုံစမ်းပြီး တိကျပြတ်သားစွာ အရေးယူတော် မူလေ့ရှိခဲ့ပေသည်။ တဦးချင်း၏ ကိုယ်ကျင့်တရား၊ အစ္စလာမ်ရေးရာ တာဝန်ကျေ – မကျေကို အခါအားလျော်စွာ စုံစမ်းလေ့လာတော်မူလေ့ရှိခဲ့၏။ ပြစ်မှု၊ ချို့တဲ့အမှု၊ ချွတ်ယွင်းမှု တွေ့ရှိပါက၊ တိကျပြတ်သားစွာ အရေးယူတော်မူလေ့ရှိခဲ့၏။

ထိုနည်းအတူ ရောင်းဝယ် ဖေါက်ကားမှုများကိုသည်း မျက်ခြေမပြတ် လေ့လာ စုံစမ်းတော်မူလေ့ရှိခဲ့၏။ အရေးပြည်၏ ရောင်းဝယ်ဖေါက်ကားမှုများမှာ ပြုပြင်ရန် အများကြီး လိုနေခဲ့၏။ တမန်တော်မြတ် ကြွလာတော်မူသည့်အခါ ရောင်းဝယ်ဖေါက်ကားမှုနှင့် စပ်လျဉ်း၍ ပြုပြင်ရန် ရှိသည်များကို ပြုပြင် ပေးတော်မူလိုက်လေသည်။ ပြုပြင်ပေးတော်မူသည့်အတိုင်း လက်တွေ့လိုက်နာကျင့်သုံးစေရန် တမန်တော်မြတ်သည် သေးသေးနုတ်နုတ် အရေးတယူ မျက်ခြေမပြတ် စုံစမ်းလေ့လာ စစ်ဆေးတော်မူခဲ့လေသည်။ ပြစ်မှု ထင်ရှားသူများအား ပြင်းပြင်းထန်ထန် အပြစ်ပေးတော်မူလေ့ ရှိခဲ့ပေသည်။

ရောင်းဝယ် ဖေါက်ကားမှု၊ မှန်မမှန်၊ ရိုးမရိုး၊ စုံစမ်း လေ့လာ စစ်ဆေးနိုင်ရန်အတွက် တခါတရံ တမန်တော်မြတ် ကိုယ်တော်တိုင် ဈေးသို့ကြွသွားတော်မူလေ့ရှိခဲ့၏။ တခါသော် ဈေးတွင် ကောက်ပဲသီးနှံ အပုံကြီး တပုံကို တွေ့တော်မူ၏။ လက်သိုး၍ အတွင်းနှိုက်ကြည့်ရာ စိုစွတ်နေသည်ကို တွေ့တော်မူ၏။ ဆိုင်ရှင်အား ထိုသို့ စိုစွတ်သည့်အကြောင်း မေးတော်မူရာ ဆိုင်ရှင်က မိုးရွာသည့်အတွက် စိုစွတ်ကြောင်း ဖြေ၏။ ထိုအခါ တမန်တော်မြတ်က "မိုးရွာသည့်အတွက် စိုစွတ်လျှင် လူအများ တွေ့မြင်နိုင်ရန် စိုစွတ်နေသည့် အပိုင်းကို အပေါ်သို့ တင်ထားရမည်၊ ဘာ့ကြောင့် တင်မထားသသဲ၊ လိမ်လည်လှည့်ဖြားသူများသည် ငါတို့အတွင်းမှမဟုတ်" ဟု မိန့်ကြားတော်မူလိုက်လေသည်။

ကြည့်–(မွတ်စလင်မ်ကျမ်း၊ အ–၁၊ စ–၅၃၊ အီမာန် အခဏ်း)

ရောင်းဝယ်ဖေါက်ကားမှုများကို တမန်တော်မြတ်သည် အရေးတယူ စုံစမ်းစစ်ဆေးလေ့ရှိတော်မူသကဲ့သို့ ဇကာတ် ကောက်ခံသော အရာရှိများအားလည်း အလွဲသုံးစားမပြုလုပ်နိုင်ရန် မျက်ခြေမပြတ် စုံစမ်းစစ်ဆေးတော်မူလေ့ရှိခဲ့ပေသည်။

တခါသော် တမန်တော်မြတ်သည် 'ဣဗ်နုလီတဗ်'အား ဇကာတ် ကောက်ခံရန် ခန့်အပ်စေလွှတ်တော်မူခဲ့၏။ ဇကာတ် ကောက်ခံပြီး ပြန်လာသောအခါ တမန်တော်မြတ်သည် ကောက်ခံလာသော ပစ္စည်းများကို စစ်ဆေးကြည့်ရှုတော်မူ၏။ ဣဗ်နုလီတဗ်က မိမိကောက်ခံလာသော ပစ္စည်းများနှင့် စပ်လျဉ်း၍ "ဤသည်တို့သည် ဇကာတ်ပစ္စည်းများဖြစ်ပါသည်၊ ဤသည်တို့သည် ကျွန်တော့အား လက်ဆောင်အဖြစ် ပေးလိုက်သော ပစ္စည်းများဖြစ်ပါသည်"ဟု ပြောပြ၏။ ထိုအခါ တမန်တော်မြတ်က- "အသင် အိမ်မှာ ထိုင်နေသည့်အခါ ဤလက်ဆောင် အသင့်ထံ ဘာ့ကြောင့် မရသနည်း"ဟု မိန့်ကြားတော်မူလိုက်၏။ ထို့နောက် တမန်တော်မြတ် လူထုပရိသတ် ရှေ့မှောက်တွင် မိန့်ခွန်းပြောကြားတော်မူပြီး နောက်နောင် ဇကာတ်ကောက်ခံသူ တဦးတယောက်မျှ လက်ဆောင်လက်မခံရန် လေးနက်စွာ တားမြစ်တော်မူလိုက်လေသည်။

**အိုးချင်းချင်း စေ့စပ်သင့်မြတ် စေတော်မူခြင်း။**

အစ္စလာမ်သည် လောကဓာတ်ကြီး တခုလုံးကို အလ္လာဟ့်အိမ်ထောင်စုကြီးဟူ၍ရင်း၊ ကမ္ဘာသူ ကမ္ဘာသားတို့အား ညီနောင်များဟူ၍ရင်း ယုံကြည်၏။ သို့ယုံကြည်သည့်အတိုင်း ကမ္ဘာ့မသင့်မြတ်မှု၊ ကွဲလွဲမှု၊ အချပ်ရပ်ကို အထူးသဖြင့် အရပ်တို့၏ မသင့်မြတ်မှု၊ ကွဲလွဲမှုများကို စေ့စပ်၊ သင့်မြတ်စေရန် အကြောင်းပေါ်ပေါက်လာခဲ့ပေသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် စေ့စပ်သင့်မြတ်အောင်ပြုလုပ်ပေးခြင်းကို မိမိအတွက် မုချဆောင်ရွက်ပေးရမည့် တာဝန်တရပ်အဖြစ် သတ်မှတ်ထားတော်မူခဲ့ပေသည်။

တမန်တော်မြတ်သည် ယင်းသို့သော မသင့်မြတ်မှု၊ ကွဲလွဲမှု၊ ခိုက်ရန်ဖြစ်ပွားမှု သတင်းရလျှင် စေ့စပ်သင့်မြတ်ရေးကို ကျန်သောသနာရေးဆိုင်ရာ တာဝန်အားလုံးထက်ပင် ဦးစားပေး ဆောင်ရွက်တော်မူလေ့ရှိခဲ့ပေသည်။

တခါသော်'ဗန္ဒအိမ်၏ ဂူဗိန္ဒ အောက်ဖ်' မျိုးနွယ်တွင် အချို့မျိုးနွယ်ဝင် အချင်းချင်းခိုက်ရန်ဖြစ်ပွား၏၊ တမန်တော်မြတ်သိတော်မူသည့်အခါအချို့တပည့် သာဝကကြီးများနှင့်အတူ စေ့စပ်သင့်မြတ်စေရန် အလို့ငှာ ကြွသွားတော်မူခဲ့၏။ စေ့စပ်ရေးဆောင်ရွက်ရာတွင် အချိန် အနည်းငယ် ကြာသွားခဲ့၏။ ဆွလာတ် ဝတ်ပြုရန် အချိန်ကျရောက်လာခဲ့၏။ သာဝကကြီး ဗိလာလ်က 'အဇာန်' ဆို၏၊ 'အဇာန်' ဆိုပြီးနောက်တွင်လည်း တမန်တော်မြတ်သည် ပလီတော်သို့ကြွလာ တော်မမူနိုင်ခဲ့ပေ။ တပည့်သာဝကကြီးများသည် အချိန်အတန်ကြာသည်အထိ စောင့်ဆိုင်းနေခဲ့ကြသေး၏၊ တမန်တော်မြတ်ကြွလာတော်မူသည့်အခါ သာဝ ကကြီး အဗူဗကာ်ရ်အား (အိမာမ်) ရှေ့ဆောင်အဖြစ်တင်မြှောက်၍ ဆွလာတ် စတင် ဝတ်ပြုကြတော့၏။ တမန်တော်မြတ်သည်လည်း ထိုအချိန်မှာပင်ရောက်ရှိ လာတော်မူရာ၊ ဆွလာတ်ဝတ်ပြုနေသူများ၏အတန်းများကိုအနည်းငယ်စီဖယ်၍ ရှေ့ဆုံးအတန်းသို့ ရောက်ရှိလာတော်မူခဲ့၏။ သာဝကကြီး အဗူဗကာ်ရ်သည် ဆွလာတ်ဝတ်ပြုနေစဉ် ထိုဘက်၊ ဤဘက်များသို့ကြည့်သည်မဟုတ်၊ သို့တစေလည်း ကျန်ပုဂ္ဂိုလ်များက လက်ခုတ်တီးကြသောအခါ သာဝကြီး အဗူဗကာ်ရ်သည် နောက်သို့လှည့်ကြည့်လိုက်ရာ တမန်တော်မြတ်အား မြင်လိုက်၏။ တမန်တော် မြတ်က သာဝကကြီး အဗူဗကာ်ရ်အား လက်ဖြင့် ရပ်မြဲတိုင်း ရပ်နေရန် ညွှန်ပြ တော်မူသော်လည်း၊ သာဝကကြီး အဗူဗကာ်ရ်သည် တမန်တော်မြတ် ရှိနေ တော်မူပါလျက်၊ မိမိက (အိမာမ်) ရှေ့ဆောင် အဖြစ် ဆွလာတ်ဝတ်ပြုခြင်းမှာ မရှိသေး၊ မလေးစားရာကျရောက်သည်ဟု ယူဆကာ နောက်သို့ဆုတ်လာခဲ့၏။ ထိုအခါ တမန်တော်မြတ်သည် ရှေ့သို့တက်၍ ရှေ့ဆောင် ဆွလာတ် ဝတ်ပြု တော်မူခဲ့လေသည်။

ကြည့်- (ဗုခါရီကျမ်း၊ အ-၁၊ စာ-၃၇၊ စေ့စပ်ရေးအခန်း)

တခါသော် ကုဗါတွင် အချင်းချင်း ခိုက်ရန် ဖြစ်ပွား၏။ တဘက်နှင့် တဘက် အပြန်အလှန်ခဲများနှင့် ပေါက်ကြ၏။ တမန်တော်မြတ်သည် ကြားလျှင် ကြားခြင်း၊ တပည့် သာဝကကြီးများ အား ခေါ်ဆောင်၍ စေ့စပ်ပေးရန် ခြေလျင် ကြွသွားတော်မူခဲ့၏။

'ဂူဗိန္ဒ အဗီဟာဒ်ရဒ်' အပေါ်တွင် သာဝကကြီး ကအ်ဗ် ဂူဗိန္ဒ မာလိဟ်က ရရန် ကြွေးမြီ အနည်းငယ် ရှိခဲ့၏။ သာဝကကြီး ကအ်ဒ်သည် မိမိ ရရန် ရှိသောကြွေးကို ပလီတော်တွင် တောင်း၏။ ဂူဗိန္ဒ အဗီဟာဒ်ရဒ်သည် ကြွေးမြီ အချို့အဝက်ကို လျှော့ပစ်စေသို၏။ သို့ရာတွင် သာဝကကြီး ကအ်ဗ်သည်

လျှော်ရန်သဘောမတူခဲ့ပေ။ အချေအတင်ပြောရာမှ ခိုက်ရန်ဖြစ်လာခဲ့၏။ ဗလီတော်တွင် ဆူဆူညံညံ ဖြစ်သွားခဲ့၏။ ထိုအခါ တမန်တော်မြတ် အိမ်တော်မှ ကြွလာတော်မူ၏။ သာဝကကြီး ကအ်ဗ်အား ခေါ်၍ "ကြွေးမြီထက်ဝက် လျှော်ပစ်လိုက်" ဟုမိန့်ကြားတော်မူရာ သာဝကကြီး ကအ်ဗ်သည် ကြည်ဖြူစွာ ကြွေးမြီထက်ဝက်ကို လျှော်ပစ်လိုက်လေသည်။ ထိုနောက် တမန်တော်မြတ်က 'ဣဗ်နု အဗီဟဒ်ရဒ်အား– "ကျန်ကြွေးမြီ ထက်ဝက်ကို ဆပ်လိုက်" ဟု အမိန့်ပေးတော်မူလိုက်လေသည်။

တမန်တော်မြတ်သည် နေ့စဉ်နှင့်အမျှတွေ့ကြုံရသော ယင်းသို့သော မှသင့်မြတ်မှု၊ ခိုက်ရန် ဖြစ်ပွားမှုပေါင်းမြောက်မြားစွာကိုရ မိမိကိုယ်တော်တိုင် စိတ်ရောကိုယ်ပါ သွားရောက်စေ့စပ်ပေး တော်မူခဲ့လေသည်။

**အရေး– အဖတ် တတ်မြောက်နေ် စီစဉ်ပေးတော်မူခဲ့ခြင်း။**

တမန်တော်မြတ်သည် အထက်တွင် ရေးသား ဖေါ်ပြခဲ့သည့်အတိုင်း မြောက်မြားစွာသော တာဝန်များကို မိမိကိုယ်တော်တိုင်ပင် အတတ်နိုင်ဆုံး ဆောင်ရွက်တော်မူခဲ့၏။ သို့ပင်တစေ မဒီန မြို့နှင့် မဒီနာမြို့ အပြင်တွင် ဆောင်ရွက်ရန် တာဝန်များကား အမြောက် အမြား ကျန်ရှိသေး၏။ ထိုသည့်တာဝန်များကို ဆောင်ရွက်ရန်အတွက် တမန်တော်မြတ်သည် သာဝကကြီးများနှင့် အချို့အရည်အချင်းရှိသော ပုဂ္ဂိုလ်များအား အသီးသီး တာဝန်ခွဲဝေခန့်အပ်ထားတော်မူခဲ့၏။

အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကျရောက်လာသော မုက္ခပါဌ်တော်များကို ရေးမှတ်ရန်၊ စာပေးစာယူ ပြုလုပ်ရန်၊ စာချုပ်များ ချုပ်ဆိုရန်နှင့် အမိန့် ညွှန်ကြားလွှာများ ထုတ်ရန်အတွက် အရေးအကြီးဆုံး ကိစ္စမှာ အရေးအဖတ် တတ်မြောက်ခြင်းပင် ဖြစ်သည်။ အရေး - အဖတ် မတတ်ပါက အထက်ပါကိစ္စရပ်များကို မည်သို့မျှ ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ အစ္စလာမ်သာသနာ မတွန်းကားမီ အမိုက်ခေတ်တွင် အာရေဗျပြည်၌ စာရေးစာဖတ်သည့် အစဉ်အလာသည် လုံးဝ မရှိသလောက်ပင် ဖြစ်ခဲ့ပေသည်။ ထို့အတွက်ကြောင့် အစ္စလာမ်သည် အရေးအဖတ်ကို အထူး ဦးစားပေးခဲ့ပေသည်။ *

---

* အလ္လာဟ်အသျှင်မြတ်ထံတော်မှ တမန်တော်မြတ်ထံသို့ ဦးစွာပထမ ကျရောက်လာခဲ့သော ပထမ မုက္ခပါဌ်တော်၏ ပထမစကားလုံးသည် "အစ်ကရအ်" ('ဖတ်')ဟူ၍ပင် ဖြစ်သည်။ ကြည့် ကုရ်အာန်(၁း၉၆)၊ (ဃာဇီ)

ဗဒိရ် စစ်ပွဲ ဖြစ်ပွားစဉ်က ရန်သူများဘက်မှ လူ(၇၀)သည် စစ်သုံ့ပန်းအဖြစ် မွတ်စလင်မ်တို့ လက်တွင်းသို့ ရောက်ရှိလာခဲ့ကြ၏။ ၎င်းတို့အနက် လျော်ကြေး မပေးနိုင်သော သုံ့ပန်းများအဘို့ မဒီနာမြို့ရှိ ကလေးများအား အရေးအဖတ် သင်ကြားပေးခြင်းကိုပင် တမန်တော်မြတ်သည် လျော်ကြေးအဖြစ် သတ်မှတ်ပေးတော်မူခဲ့ပေသည်။ ကုရ်အာန်ကျမ်းလာ မုဗ္ဗာ ါင်္ဂတော်များကို ရေးမှတ်ရန် တာဝန်ပေးခြင်း ခံခဲ့ရသော သာဝကကြီး "ဇိုက်ဒ် ဣဗ်နု ဆာဗိတ်"သည် အထက်ပါနည်းအတိုင်းပင် အရေးအဖတ် တတ်မြောက်လာခဲ့ပေသည်။

"ဒဆွ ဟာဗ် ဆုဖ်ဖဟ်" (* *)ခေါ် တမန်တော်မြတ်၏ ဗလီတော်အနီး (ဆုဖ်ဖဟ်) ကန္နားဖျင်းတွင် နေထိုင်ကာ အစ္စလာမ့် ဗဟုသုတ ရှာမှီးခဲ့ကြသော တပည့် သာဝကများသည် အရေးအဖတ်ကိုလည်း သင်ကြားခဲ့ကြပေသည်။

**စာရေးစာချီများ ခန့်အပ်တော်မူခြင်း**

စာရေးစာချီ ဌာနသည် တမန်တော်မြတ်အဘို့ အလွန် အရေးကြီးလှပေသည်။ ထို့အတွက် တမန်တော်မြတ်သည် အရေးအဖတ် ကျွမ်းကျင်သော သာဝကကြီးများအား အဆိုပါ ဌာနတွင် ခန့်ထားတော်မူခဲ့ပေသည်။ အဆိုပါ ဌာနတွင် ဦးစွာ ပဌမ ခန့်အပ်ခြင်း ခံခဲ့ရသော သာဝကကြီးမှာ သာဝကကြီး "ရှုရဟ်ဗီလ် ဣဗ်နု ဟဆနဟ်" ဖြစ်ခဲ့ပေသည်။ သာဝကကြီး ရှုရဟ်ဗီလ်သည် အစ္စလာမ်ကို ဦးစွာ ပဌမ လက်ခံသူများတွင် ပါဝင်ခဲ့ပေသည်။ မက္ကာမြို့တော်တွင် ဤသာဝကကြီးသည်ပင် မုဗ္ဗာ ါင်္ဂတော်များကို ရေးမှတ်ရန် တာဝန်ကို ဦးစွာပဌမယူခဲ့ပေသည်။ ကုရိုက်ရှ်မျိုးနွယ်မှ ပဌမစာရေးစာချီမှာ "အဗ်ဒုလ္လာဟ် ဣဗ်နု အဗီစရဟ်" ဖြစ်ခဲ့ပေသည်။ မဒီနာမြို့တွင် ဤရာထူးကို ဦးစွာ ပဌမ ချီးမြှင့်ခြင်း ခံခဲ့ရသူမှာ သာဝကကြီး "အုဗိုင်ယ် ဣဗ်နု ကအ်ဗ်" ဖြစ်ခဲ့ပေသည်။

ဤဌာနတွင် သာဝကကြီး အဗူဗတ်ကရ်၊ သာဝကကြီး အုမရ်၊ သာဝကကြီး အလီ၊ သာဝကကြီး အုဆ်မာန်၊ သာဝကကြီး ဇုဗိုင်ရ်၊ သာဝကကြီး

---

* * "ဆုဖ်ဖဟ်"အကြောင်း တမန်တော်မြတ် ပထမတွဲ၊ စာမျက်နှာ ၂၀၂-၂၀၅ တွင် အကျယ်ရေးသားခဲ့ပြီ။ (ဃာဇီ)

အာမိရ် ဣဗ်နု ဖုဟိုင်ရဟ်၊ သာဝကကြီး အမ်ရ် ဣဗ်နုံ အာဆ်၊ သာဝကကြီး အဗ်ဒုလ်လာဟ် ဣဗ်နု အရ်ကမ်၊ သာဝကြီး ဆာဗိတ် ဣဗ်နု ကိုက်စ် ဣဗ်နု ရှမ္မာစ်၊ သာဝကကြီး ဟန်ဇွလဟ် ဣဗ်နု ရဗီအ်အစဒီ၊ သာဝကကြီး မုဃီရဟ် ဣဗ်နု ရှုအ်ဗဟ်၊ သာဝကကြီး အဗ်ဒုလ္လာဟ် ဣဗ်နု ရဝါဟဟ်၊ သာဝကကြီး ခါလိဒ် ဣဗ်နု ဝလီဒ်၊ သာဝကကြီး ခါလိဒ် ဣဗ်နု ဧအီဒ် ဣဗ်နိ ဧအာဆ်၊ သာဝကကြီး အလာ ဣဗ်နု ဟဆာရမီ၊ သာဝက ကြီး ဟုဇိုင်ဖဟ် ဣဗ်နု ယမာန်၊ သာဝကကြီး မုအာဝိယဟ် ဣဗ်နု စုဖ်ယာန်၊ သာဝကကြီး ဇိုက်ဒ် ဣဗ်နု ဆာဗိတ် တို့သည် အခါအားလျော်စွာ အသီးသီး ခန့်အပ်ခြင်း ခံခဲ့ကြရပေသည်။

အထက်တွင် ဖေါ်ပြပါ သာဝကကြီးများသည် အခါအားလျော်စွာ စာရေးစာချီ တာဝန်ကို အသီးသီးဆောင်ရွက်လေ့ရှိခဲ့ကြပါသည်။ အထူးသဖြင့် ဟုဒိုင်ဗိယဟ် စစ်ပြေငြိမ်းရေး စာချုပ်ကို သာဝကကြီး အလီက မိမိလက်ဖြင့် ရေးခဲ့ပါသည်။ ဘုရင်များထံသို့ ပေးပို့သော စာချွန်တော်များကို များသော အားဖြင့် သာဝကကြီး အာမိရ် ဣဗ်နု ဖုဟိုင်ရဟ် ရေးလေ့ရှိခဲ့ပါသည်။ အမွာန် အကြီးအကဲများထံသို့ တမန်တော်မြတ် ပေးပို့တော်မူခဲ့သော စာချွန်တော်ကို သာဝကကြီး အုဗိုင်ယ် ဣဗ်နု ကအ်ဗ် က ရေးခဲ့ပါသည်။ ကုတ္တန် ဣဗ်နု ဟာရိဆဟ် ထံ ပေးပို့ခဲ့သော တမန်တော်မြတ်၏ စာချွန်တော်ကို သာဝကကြီး ဆာဗိတ် ဣဗ်နု ကိုက်စ်က ရေးခဲ့ပါသည်။ များသောအားဖြင့် ဤတာဝန်ကို သာဝကကြီး ဇိုက်ဒ် ဣဗ်နု ဆာဗိတ်သည်ပင် ဆောင်ရွက်လေ့ ရှိခဲ့ပါသည်။ သာဝကကြီးများ လောကတွင် သာဝကကြီး ဇိုက်ဒ်သည် ထိုသည့်အနေဖြင့်ပင် အထူး ကျော်ကြားခဲ့ပါသည်။

သာဝကကြီး ဇိုက်ဒ် ဣဗ်နု ဆာဗိတ်၏ အခြား ထူးခြားချက် ဝ ရပ်မှာ သာဝကကြီး ဇိုက်ဒ်သည် ယဟူဒီများ ပြောဆိုသုံးနှုန် လေ့ရှိသော 'အိဗ်ရာနီ' (The Hebrew language)ကိုလည်း သင်ကြား တတ်မြောက်ခဲ့ပါသည်။ အကြောင်းကား တမန်တော်မြတ်သည် မဒီနာမြို့တွင် များစွာသော ယဟူဒီ များနှင့် ဆက်ဆံတော်မူခဲ့ရပါသည်။ ၎င်းတို့၏ဘာသာရေးစကားမှာ 'အိဗ်ရာနီ' (Hebrew) ဖြစ်သည်။ ထို့အတွက် တမန်တော်မြတ်က သာဝကကြီး ဇိုက်ဒ် ဣဗ်နု ဆာဗိတ် အား 'အိဗ်ရာနီ' (Hebrew)ဘာသာစကမး သင်ကြား ရန် အမိန့်ပေးတော်မူခဲ့၏။ သို့အမိန့်ပေးတော်မူခဲ့သည့်အတိုင်း သာဝကကြီး ဇိုက်ဒ်သည် 'အိဗ်ရာနီ' (Hebrew) ဘာသာ စကားကို တိုတောင်းလှသော အချိန်ပိုင်းအတွင်း ကောင်းမွန်စွာ သင်ကြားတတ်မြောက်ခဲ့ပေသည်။

## အုပ်ချုပ်ရေးမှူးများ ခန့်အပ်တော်မူခြင်း။

အမှုများ စီရင်ရန်၊ တရားဥပဒေ စိုးမိုးရန်၊ အေးချမ်း သာယာရန်နှင့် မသင့်မြတ်မှုများကို သင့်မြတ်စေရန်အတွက် အုပ်ချုပ်ရေးမှူးများ၊ တရားသူကြီးများ အမြောက်အမြား လိုပေသည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် လိုအပ်သော မြို့၊ နယ်၊ ခရိုင်၊ ပြည်နယ်များတွင် သာဝကကြီးများအား အုပ်ချုပ်ရေးမှူး၊ တရားသူကြီး၊ တိုင်းမင်းကြီးများအဖြစ် ခန့်အပ်၊ အုပ်ချုပ်စေတော်မူခဲ့ပေသည်။ ဤတွင် အချို့ အုပ်ချုပ်ရေးမှူးများ၊ တရားသူကြီးများနှင့် တိုင်းမင်းကြီးများ၏ အမည်များနှင့် ခန့်အပ်ရာဌာနများကိုပါ ဖော်ပြလိုက်ပါသည်။

ဘာဇာန် ဣဗ်နု စာမာန်– ဗုဟ်ရာမ်ဂူရ် မိသားစုမှဖြစ်၍၊ နိုင်ငံခြား ဘုရင်များအနက် ဦးစွာ ဣမ်အစ္စလာမ်သို့ကူးပြောင်း သက်ဝင်ယုံကြည်သော ဘုရင် တပါး ဖြစ်၏။ တမန်တော်မြတ်သည် ၎င်းအား ယမန်ပြည်နယ်တွင် ဘုရင်ခံအဖြစ် ခန့် အပ်ထားတော်မူခဲ့၏။

ရှဟ်ရ် ဣဗ်နု ဗာဇာန်– ဘာဇာန် ဣဗ်နု စာမာန်၏ နောက် တမန်တော်မြတ်သည် ၎င်းအား ဆွာန်အာတွင် ဘုရင်ခံအဖြစ် ခန့်အပ်တော်မူခဲ့၏။

ခါလိဒ် ဣဗ်နု စအီဒ်– ဣဗ်နု အာဆ်– ရှဟ်ရ် ဣဗ်နု ဘာဇာန် ကျဆုံးသွားသည့် အခါ တမန်တော်မြတ်သည် ခါလိဒ်အား ဆွာန်အာတွင် ဆက်လက် ခန့်အပ်တော်မူခဲ့၏။

မုဟာဂျိရ် ဣဗ်နု အုမိုင်ယဟ် မခ်ဇူမိ– တမန်တော်မြတ်သည် ၎င်းအား ကင်န်ဒဟ်နှင့် ဆွဒဖ်တွင် အုပ်ချုပ်ရေးမှူး ခန့်အပ်တော်မူခဲ့၏။

ဇိယာဒ် ဣဗ်နု လဗီဒ် အန်ဆွာရီ– တမန်တော်မြတ်သည် ၎င်းအား ဟဿရ မောက်တ်တွင် မင်းကြီးအဖြစ် ခန့်အပ်တော်မူခဲ့၏။

| | |
|---|---|
| အဗူမူစာ အရှိအရီ– | တမန်တော်မြတ်သည် ၎င်းအား ဇဗိဒ်၊ အိဒန်၊ ရှမ်အဟ်.... စသည့်နယ်များတွင် မင်းကြီးအဖြစ် ခန့်အပ်တော်မူခဲ့၏။ |
| မုအာဇ် ဣဗ်နု ဂျဗလ်– | ဂျွန်ဒ်နယ် မင်းကြီး။ |
| အမ်ရ် ဣဗ်နု ဟတ်ဇ်မ်– | နဂျ်ရာန်နယ် မင်းကြီး။ |
| ယဇီဒ် ဣဗ်နု စုဖ်ယာန်– | တီမာ မင်းကြီး။ |
| အတ္တာဗ် ဣဗ်နု အစီဒ် – | မက္ကာမြို့တော် မင်းကြီး။ |
| သာဝကကြီး အလီ– | ယမန်ငါးပြည်နယ်ဆိုင်ရာ မင်းကြီး။ |
| အမ်ရ် ဣဗ်နု အာဆွ်– | အမ္မာန်ပြည်နယ် မင်းကြီး။ |
| အလာ ဣဗ်နု ဟဿိရမီ– | ဗဟ်ရိုင်န်နယ် မင်းကြီး။ |

တမန်တော်မြတ်သည် အထက်တွင် ဖော်ပြပါ အုပ်ချုပ်ရေးမှူး၊ အရာရှိကြီးငယ်များအား နယ်ပယ် အကျယ်အဝန်းနှင့် အခြေ အနေ အရပ်ရပ်ကို ထောက်ထားပြီး ခန့်အပ်ထားတော်မူခဲ့ခြင်း ဖြစ်သည်။

တမန်တော်မြတ်လက်ထက် အစ္စလာမ် အစိုးရ လက်အောက်သို့ ရောက်ရှိလာခဲ့သော ပြည်နယ်များအနက် ယမန်ပြည်နယ်သည် အလွန်ကျယ်ဝန်းသော ပြည်နယ်ကြီး တခုဖြစ်၏။ ယဉ်ကျေးမှုသည်း အတော်တိုးတက်နေခဲ့၏။ အချိန်အတော်ကြာသည်အထိ စံနစ်တကျ အုပ်ချုပ်သော အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်လည်းနေခဲ့ဘူး၏။ ထို့အတွက် တမန်တော်မြတ်သည် ယမန်ပြည်နယ်ကို ငါးနယ်ခွဲ၍ နယ်အသီးသီးတွင် မင်းကြီး အသီးသီးခန့်အပ်ပြီး အုပ်ချုပ်စေတော်မူခဲ့၏။ သာဝကကြီး ခါလိဒ် ဣဗ်နု စအီဒ်အား ဆွာန်အာတွင်၎င်း၊ မုဟာဂျိရ် ဣဗ်နု အုမိုင်ယဟ် အား ကင်န်ဒဟ် တွင်၎င်း၊ ဇီယာဒ် ဣဗ်နု လဗီဒ်အား ဟရ်ဿရမောက်တ်တွင်၎င်း၊ မုအာဇ် ဣဗ်နု ဂျဗလ်အား ဂျွန်ဒ်တွင်၎င်း၊ အဗူမူစာ အရှိအရီအား ဇဗိဒ်၊ ရှမ်အဟ်၊ အိဒန် နှင့် ကမ်းခြေ အရပ် များတွင်၎င်း၊ အသီးသီး ခန့်အပ်၍ အုပ်ချုပ် စေတော်မူခဲ့၏။

တမန်တော်မြတ်သည် မုဟာဂျိရ်တဦးအား အုပ်ချုပ်ရေးမှူး ခန့်အပ်တော်မူသည့်အခါ ၎င်းနှင့် ဒွန်တွဲပြီး အန်ဆွာရီ တဦးအားလည်း အုပ်ချုပ်ရေးမှူး ခန့်အပ်တော်မူလေ့ရှိခဲ့၏။ ထိုသည့်အုပ်ချုပ်ရေးမှူးများသည် တဘက်တွင် အုပ်

ချုပ်ရေး၊ တရားစီရင်ရေး၊ ငြိမ်ဝပ်ပိပြားရေး၊ အခွန်တော်ကောက်ခံရေးများကို ဆောင်ရွက်ကြ၏။ အခြားတဘက်တွင် သာသနာပြု လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြ၏။ သာသနာပြုလုပ်ငန်းသည် ပို၍ အဓိကကျ၏။ ထို့အတွက် တမန်တော်မြတ် လက်ထက်ရှိ အရာရှိကြီး ငယ်များသည် တနည်းအားဖြင့် အစ္စလာမ် သာသနာပြု ပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အာစရိယ များလည်း ဖြစ်ခဲ့ကြ၏။

အစ္စတီအာဗ်ကျမ်းတွင် သာဝကကြီး မုအာဇ် ဣဗ်နု ဂျဗလ်အား အုပ်ချုပ်ရေးမှူး ခန့်အပ်တော်မူသည့် အကြောင်းနှင့် စပ်လျဉ်း၍ အောက်ပါ အတိုင်း တွေ့ရှိရသည်။

وبعثه رسول الله صلى الله عليه وسلم قاضيا الى الجند
من اليمن يعلم الناس القرآن وشرائع الاسلام ويقضي
بينهم وجعل اليه قبض الصدقات من العمال الذين
باليمن ،

الاستيعاب
تذكرة معاذ بن جبل

တမန်တော်မြတ်သည် ၎င်းအား (မုအာဇ် ဣဗ်နု ဂျဗလ်အား) ယမန်ပြည်၊ ဂျန်းဒ်နယ်သို့ တရားသူကြီးအဖြစ် ခန့်အပ် စေလွှတ်တော်မူခဲ့၏။ သာဝကကြီး မုအာဇ်သည် လူများအား ကုရ်အာန်ကျမ်းမြတ်ကိုလည်း သင်ကြားပေး၏။ အစ္စလာမ့်ရေးရာ ဥပဒေများ၊ ကျင့်စဉ် ကျင့်ရပ်များကိုလည်း သင်ပေး၏။ တရားလည်း စီရင်၏။ ယမန်ပြည်၏ အခွန်တော်ကောက်ခံသည့် တာဝန်လည်းယူရ၏။

(အစ္စတီအာဗ်)

တမန်တော်မြတ်သည် အုပ်ချုပ်ရေးမှူးများအား ခန့်အပ်စေလွှတ်တော်မူသည့်အခါ ထမ်းဆောင်ရမည့် တာဝန်များကိုလည်း အတိအကျသတ်မှတ်ပေးတော်မူလေ့ရှိခဲ့၏။ ဥပမာ- တမန်တော်မြတ်သည် သာဝကကြီး မုအာဇ်အား ခန့်အပ်စေလွှတ်တော်မူသည့်အခါ အောက်ပါအတိုင်း မှာကြားတော်မူလိုက်၏။

إنك تأتي قوما من أهل الكتاب فادعهم إلى شهادة
أن لا إله إلا الله وأني رسول الله فإن هم أطاعوا لذلك
فأعلمهم أن الله افترض عليهم خمس صلوات في كل
يوم وليلة فإن هم أطاعوا لذلك فأعلمهم أن الله افترض
عليهم الصدقة تؤخذ من أغنيائهم وترد إلى فقرائهم فإن
هم أطاعوا لذلك فإياك وكرائم أموالهم واتق
دعوة المظلوم فإنه ليس بينها وبين الله حجاب،

အသင်သည် အတိတ်ကျမ်းရသူများထံ သွားခြင်းဖြစ်သည်၊ အသင်သည် ၎င်းတို့အား အလ္လာဟ်မှတပါး ကိုးကွယ်ရာမရှိကြောင်း၊ ကျွန်ုပ်သည် ထိုအသျှင်မြတ်၏တမန်တော်ဖြစ်ကြောင်းတင်ပြပါ၊ ဤအချက်ကို လက်ခံကြလျှင် အလ္လာဟ်အသျှင်မြတ်က ၎င်းတို့အပေါ်၌ နေ့စဉ် ဆွလာတ် ငါးကြိမ်ဝတ်ပြုရန် သက်မှတ်ထားတော်မူကြောင်း တင်ပြပါ။ ဤ အချက်ကို လက်ခံကြလျှင် အလ္လာဟ်အသျှင်မြတ်က ၎င်းတို့အပေါ်၌ ဇကာတ် ပေးဆောင်ရန်လည်း သတ်မှတ်ထားတော်မူကြောင်း၊ အဆိုပါ ဇကာတ်မှာ ၎င်းတို့အနက် ချမ်းသာ ကြွယ်ဝသူများထံမှယူပြီး၊ ၎င်းတို့အနက် ဆင်းရဲသူများအား ပေး ရ သည် ဖြစ် ကြောင်း တင် ပြ ပါ။ ဤသည်ကိုလည်း လက်ခံကြလျှင် ၎င်းတို့ ပစ္စည်းများအနက် အကောင်းဆုံး ပစ္စည်း ရွေးယူခြင်းကို အသင် အထူးရှောင်ကြဉ်ပါ။ အနှိပ်စက်ခံရသူ၏ ဆုပန်ကြွားချက်ကို ကြောက်ပါ၊ အဘယ်ကြောင့် ဆိုသော် နှိပ်စက်ခံရသူ၏ ဆုမွန်နှင့် အလ္လာဟ် အသျှင်မြတ်၏ ကြားတွင် အကွယ် အကာ တစုံတရာ မရှိပါ။

ဤသည့် တာဝန်များကို ကျေပြွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပညာပြည့်ဝမှု၊ အမြင်ကျယ်မှု၊ တွေးဆ ဆင်ခြင် မြော်မြင်ပြီး မိမိ ကိုယ်ပိုင်ညာဏ်ကို အသုံးပြုကာ အဆုံးဖြတ်ပေးတတ်မှုသည် အလွန်အရေးကြီးပေသည်။ ထို့ အတွက်ကြောင့် တမန်တော်မြတ်သည် ပုဂ္ဂိုလ်တဦးအား တာဝန်ပေးအပ်လိုတော်မူသည့်

အခါ၊ ဦးစွာ ပဌမ ယင်းပုဂ္ဂိုလ်၏ ပညာ အရည် အခြင်းကို ဆန်းစစ် ကြည့်ရှု တော်မူလေ့ရှိ၏။ ဥပမာ တမန်တော်မြတ်သည် သာ၀ကကြီး မုအာဇ်အား တာ၀န်ပေး၍ ယမန်သို့ စေလွှတ်တော်မူလိုသည့်အခါ အောက်ပါ အတိုင်း ဆန်းစစ် ကြည့်တော်မူခဲ့၏။

قال رسول الله صلى الله عليه وسلم لمعاذ بن جبل
حين وجّهه الى اليمن بم تقضى قال بما فى
كتاب الله قال فان لم تجد قال بما فى سنة
رسول الله قال فان لم تجد قال اجتهد رأيى
فقال رسول الله صلى الله عليه وسلم الحمد لله
الذى وفّق رسول رسول الله لما يحبّ رسول الله

သာ၀ကကြီး မုအာဇ် ဗ္ဗ ဂ်ဗ္ဗ ဂျဗလ်အား ယမန်သို့ တရားသူကြီး အဖြစ် စေလွှတ်တော်မူသည့်အခါ၊ တမန်တော်မြတ်က– "အသင် သည် အဘယ် အရာနှင့် စီရင်ဆုံးဖြတ်မည်နည်း" ဟု မေးတော် မူရာ၊ သာ၀ကကြီး မုအာဇ်က– "ကုရ်အာန်ကျမ်းမြတ်လာ မုဂ္ခပါဌ်တော် များနှင့်အညီ စီရင် ဆုံးဖြတ်ပါမည်" ဟု ဖြေ၏။ တမန်တော်မြတ်က– "အကယ်၍ ကုရ်အာန် ကျမ်းမြတ် တွင် အဆုံးအဖြတ် မတွေ့လျှင်" ဟု မေးတော်မူရာ၊ သာ၀ကကြီး မုအာဇ်က– "သို့ဖြစ်လျှင် တမန်တော်မြတ်၏ စွန္နတ်ဩ၀ါဒတော် များနှင့်အညီ ဆုံးဖြတ်ပါမည်" ဟု ဖြေ၏။ တမန်တော်မြတ်က "အကယ်၍ မတွေ့လျှင်" ဟုမေးတော်မူပြန်ရာ၊ သာ၀ကကြီးက "သို့ဖြစ်လျှင် ကျွန်တော်သည် မိမိကိုယ်ပိုင်ဉာဏ်ကို အသုံးပြုပြီး၊ စေ့စပ် ဆင်ခြင် မြော်မြင်ပြီး အဆုံးအဖြတ် ပေးပါမည်" ဟု ဖြေ၏။ ထိုအခါ တမန်တော်မြတ်က– "အလ္လာဟ် အရှင်မြတ် သည် မိမိ တမန်တော်၏ တမန်အား တမန်တော် နှစ်ခြိုက်သည့် အတိုင်း စွမ်းဆောင်နိုင်ရန် ပေးသနားတော်မူသည့် အတွက် ထိုအရှင်မြတ်အား အတိုင်းမသိ ကျေးဇူးတင်ပါသည်" ဟု မိန့်ကြားတော်မူလိုက်လေသည်။

အရာရှိကြီးငယ်တို့၌ အထက်ပါ အရည်အသွေးများကား မရှိမဖြစ်၊ မုချ ရှိရမည်ဖြစ်၏။ယင်းအရည်အသွေးများအပြင် အခြား အရည်အသွေးတရပ်လည်း လိုသေး၏။ ထိုအရည်အသွေးကား အခြားမဟုတ်၊ လူသားတို့၏ နှလုံးသားများကို ပိုင်နိုင်စွာ ဆုပ်ကိုင်နိုင်ရန်အတွက် နူးညံ့ သိမ်မွေ့မှု၊ ပြေပြစ်စွာ ဆက်ဆံမှု၊ ကိုယ်ကျင့်တရားကောင်းမြတ်မှုပင် ဖြစ်၏။ ထို အဟွက်ကြောင့် တမန်တော်မြတ်သည် အရာရှိ-ကြီးငယ်အားလုံးတို့အား ယင်းသည့် အရေးကြီးလှသည့် နူးညံ့သိမ်မွေ့မှု၊ ပြေပြစ်မှု၊ အကျင့်သီလကောင်းမြတ်မှုတို့ကို ခါးဝတ် ပုဆိုးပမာ အမြဲတစေ စွဲမြဲစွာ ဆုပ်ကိုင်ထားရန် အမှတ်တရ သတိပေးတော်မူလေ့ရှိခဲ့၏။

သာဝကကြီး မုအာဇ်အား အခြား သာဝကကြီးတပါးနှင့်အတူ ယမန်ပြည်နယ်သို့ မင်းကြီးအဖြစ် ခန့်အပ်စေလွှတ်တော်မူသည့်အခါ၊ တမန်တော်မြတ်သည် အောက်ပါအတိုင်း မှာကြားတော်မူခဲ့၏။

يَسِّرَا وَلَا تُعَسِّرَا وَبَشِّرَا وَلَا تُنَفِّرَا وَتَطَاوَعَا وَلَا تَخْتَلِفَا

အသင်တို့ ၂-ဦးသည် လွယ်ကူကြစေ၊ မခက်ခဲကြစေနှင့်။
ကောင်းသတင်းပေးကြ၊ ထိတ်လန့် ခြောက်ချားအောင် မလုပ်
ကြနှင့်၊ အချင်းချင်း ညီညွတ်ကြ၊ မကွဲကြနှင့်။

တမန်တော်မြတ်သည် ထိုမျှ မှာကြားရုံဖြင့် အားမရနိုင်ခဲ့သေးပေ၊ သာဝကကြီး မုအာဇ်သည် ဒစီ အနင်း ပေါ်သို့ တက်၍ ခ ရီး ထွက် မည့်ဒပြုတွင် တမန်တော်မြတ်သည် သာဝကကြီး မုအာဇ်ထံ ရောက်ရှိလာပြီး အောက်ဂါအတိုင်း အမှတ်တရ မှာကြားတော်မူလိုက်သေး၏။

وَأَحْسِنْ خُلُقَكَ لِلنَّاسِ

(ابن سعد، تذكرة معاذ بن جبل)

အသင်သည် လူများနှင့် ကိုယ်ကျင့် တရားကောင်းမြတ်စွာဖြင့်
မွန် မွန် ရည်ရည်၊ ပြေပြေ လည်လည် ဆက်ဆံပါ။

(ဣဗ်နုစအ်ဒ်၊ မုအာဇ် ဣဗ်နု ဂျဗလ် အကြောင်း)

တမန်တော်မြတ်၏ ယင်းသည် နူးညံ့၊ သိမ်မွေ့၊ မွန်မြတ်လှသော သွန်သင် ဆုံးမ ဩဝါဒတော်များ၏ ကျေးဇူးကြောင့် အလွန့်အလွန် ဦးခေါင်းမာခဲ့သော အရပ်များသည်ပင်လျှင် အစွလာမ်အစိုးရရှေသို့ ကြည်ဖြူစွာ ဦးညွှတ်လာခဲ့ကြ ပေသည်။ သက်ဆိုင်ရာ အရာရှိကြီးငယ်တို့၏ အဆုံးအဖြတ်များကိုလည်း ကြည် ဖြူစွာ နာခံလာခဲ့ကြပေသည်။ ဤကား တမန်တော်မြတ်၏ မေတ္တာ တရား၏ ကျေးဇူးပင်။

တမန်တော်မြတ် ကွယ်လွန် သေဆုံးတော်မူပြီးနောက် နှစ်အတန်ကြာ သောအခါ (ဆွဟာဗတ် သာဝကကြီးများ၏ နောက်ဆုံးခေတ်တွင် အချို့ အရာရှိများသည် တိုင်းသူ ပြည်သားများ အပေါ် အာဏာ ပြလာခဲ့ကြ၏။ အကြမ်းဘက်လာခဲ့ကြ၏။ နှိပ်စက် ညှဉ်းပန်းလာခဲ့ကြ၏။ ယင်းသည့် ဖြစ်ရပ် များကို သာဝကကြီးများ တွေ့မြင်ကြသောအခါ အံ့ဩမိခဲ့ကြ၏။ တမန်တော် မြတ်၏ ဩဝါဒတော်များကို ညွှန်ပြပြီး အကြမ်းမဘက်ရန် တားဆီးခဲ့ကြ၏။

တခါသော် ဟိရှာမ် ဣဗ်နု ဟာကီမ် ဣဗ်နိုဟစ်ဇာမ်သည် ကဲ့ကဲ့တောက် ပူနေသော နေပူကဲ့ကဲ့တွင် အချို့ 'နဗတီ' ( Nabathean ) (ပါလစ် တိုင်းပြည် အရှေ့နှင့် အရှေ့တောင်ဘက်တွင် နေထိုင်သော ရှေးအရပ်)များအား မတ်တတ်ရပ်စေပြီး နေလှန်းထားသည်ကို အံ့ဘွယ်သရဲ တွေ့မြင်၏။ အကြောင်း မေးကြည့်သောအခါ အခွန်တော်ကောက်ရန် လူများအား ထိုသို့ အကျပ်ကိုင် ခြင်း၊ အကြမ်းဖက်ခြင်းဖြစ်ကြောင်း သိရှိရ၏။ ထိုအခါ ဟိရှာမ်က အောက်ပါ အတိုင်း ပြောပြခဲ့လေသည်။

اشهد لسمعت رسولَ الله صلى الله عليه وسلم يقول

إِنَّ الله يعذّب الذين يعذّبون الناسَ في الدنيا -

مسلم - باب الوعد الشديد لمن عذّب الناس

بغير حق -

ကျွန်တော် သက်သေခံပါသည်။ "ဤပစ္စက္ခတွင် လူများအား နှိပ်စက် ညှဉ်းပန်းသူများကို အလ္လာဟ်အရှင်မြတ်သည် တုံ့ပြန်

ပြစ်ဒဏ်ပေးတော်မူမည်ဟု တမန်တော်မြတ် မိန့်ကြားတော်မူသည်ကို ကျွန်ုပ်ကိုယ်တိုင် ကြားဘူးပါသည်”။

မှတ်စလင်မ်ကျမ်း
လူများအား မတရားနှိပ်စက်သူများ
အပြစ်ဒဏ် ခံရမည့် အခဏ်း။

**ဇကာတ် ကောက်ခံရန် အရာရှိများ ခန့်အပ်တော်မူခြင်း။**

အရပ်မျိုးနွယ်အသီးသီးတို့သည် များသောအားဖြင့် ဇကာတ် ပစ္စည်းများကို စေတနာဖြူစင်စွာဖြင့် မိမိတို့ကိုယ်တိုင် တမန်တော်မြတ်ထံ လာရောက်ပေးဆောင်လေ့ ရှိခဲ့ကြ၏။ တမန်တော်မြတ်၏ ဆုမွန်ကို ခံယူခဲ့ကြ၏။ သို့တစေလည်း အစ္စလာမ်နိုင်ငံတော်သည် ကျယ်ဝန်းလာခဲ့သည့်အခါ ဇကာတ် ကောက်ခံရန် အထက်ပါနည်းသည် မလုံလောက်ခဲ့ပေ။ ထို့အတွက် တမန်တော်မြတ်သည် ယခင်က ခန့်အပ်ထားတော်မူခဲ့သော အုပ်ချုပ်ရေးမှူးများ၊ မင်းကြီးများအပြင် ဟီဂျိရီ(၉)ခု၊ မုဟာရ်ရမ်လ (၁)ရက်နေ့တွင် ဇကာတ်ပစ္စည်းများကို စံနစ်တကျ ကောက်ခံနိုင်ရန်အတွက် မျိုးနွယ် အသီးသီးတွင် ဇကာတ်ကောက်ခံရေးမှူးများကို ခန့်အပ်တော်မူလိုက်လေသည်။

ဤတွင် အချို့ ဇကာတ် ကောက်ခံရေးမှူးများနှင့် ခန့်ထားရာ ဌာန၊ မျိုးနွယ်များကို ဖေါ်ပြလိုက်ပါသည်။

| ဇကာတ် ကောက်ခံရေးမှူး | ခန့်ထားရာဌာန၊ မျိုးနွယ် |
|---|---|
| အဒီ ဗ္လင်နု ဟာတင်မ် | တိုင်ယ်မျိုးနွယ်၊ အစဒ်မျိုးနွယ်။ |
| ဆွာဖ်ဝါန် ဗ္လင်နု ဆွာဖ်ဝါန် | အမ်ရ်မျိုးနွယ်။ |
| မာလိက် ဗ္လင်နု နုဝိုင်ရဟ် | ဟန်ဇ္ဇလဟ်မျိုးနွယ်။ |
| ဗုရိုင်ဒဟ် ဗ္လင်နု ဟာဆီဗ်အတ်စလမီ | အိကာရ်မျိုးနွယ်၊ အတ်စလမ်မျိုးနွယ်။ |
| အဗ္ဗါဒ် ဗ္လင်နု ဗိရှ်ရ်အရှ်ဟာလီ | စုလိုင်မ်မျိုးနွယ်၊ မုဇိုင်နယ်မျိုးနွယ်။ |
| ရာဖိအ် ဗ္လင်နု မကီတ်ဂျုဟာနီ | ဂျုဟိုင်နဟ်မျိုးနွယ်။ |
| ဇဗရ်တမာန် ဗ္လင်နု ဗဒ်ရ် | စအ်ဒ် မျိုးနွယ်။ |
| ကိုက်စ် ဗ္လင်နု အာဆွင်မ် | ။ |
| အံမ်ရ် ဗ္လင်နု အာဆ် | ဖဇာရဟ်မျိုးနွယ်။ |

| ဇကာတ်ကောက်ခံရေးမှူး | ခန့်ထားရာဌာန၊ မျိုးနွယ် |
|---|---|
| သဿ္ဟယ်ဟာက် ဣဗ်နု စုဖ်ယာန်ကိလာဗီ | ကိလာဗီမျိုးနွယ်။ |
| ဗွတ်စ်ရ် ဣဗ်နု ဆုဖ်ယာန်ကအ်ဗ် | ကအ်ဗ် မျိုးနွယ်။ |
| အဗ်ဒုလ္လာဟ် ဣဗ်နု လီတဟ် | ဇိဗီယာန်မျိုးနွယ်။ |
| အဗူဂျုဟ်မ် ဣဗ်နု ဟုဇိုင်ဖဟ် | လိုက်ဆ် မျိုးနွယ်။ |
| ဟုဇိုင်မီ မျိုးနွယ်ဝင်တဦး | ဟုဇိုင်မီ မျိုးနွယ်။ |
| သာဝကကြီး အုမရ် | မဒီနာမြို့။ |
| အုဗိုင်ဒဟ် ဣဗ်နု ဂျရ်ရာဟ် | နဂျ်ရာန်ပြည်။ |
| အဗ်ဒုလ္လာဟ် ဣဗ်နု ရဝါဟဟ် | ခိုင်ဗရ်မြို့။ |
| ဇီယာဒ် ဣဗ်နု လဗီဒ် | ဟာဿ္ရမောက်တ်။ |
| အဗူမူစာ အရ်ှအရီ | ယမန်ပြည်။ |
| ခါလိဒ် | ယမန်ပြည်။ |
| အဗ္ဗါန် ဣဗ်နု စအီဒ် | ဗဟ်ရိုင်နုံပြည်။ |
| အမ်ရ် ဣဗ်နု စအီဒ် ဣဗ်နိအာဿ္ | တီမာ။ |
| မဟ်မာ ဣဗ်နု ဂျတ်ဇ် အစဒီ | ငါးပုံ တစ်ပုံ ကောက်ရန်။ |
| အုယိုင်နဟ် ဣဗ်နု ဟိဆ်န် ဖဇာရီ | တမိမ် မျိုးနွယ်။ |

ဇကာတ် ကောက်ခံရေးမှူးများကို ခန့်အပ်ရာတွင် တမန်တော်မြတ်သည် အောက်ပါအချက်များကို အထူး သတိ ပြုတော်မူလေ့ ရှိခဲ့ပေသည်၊

(၁) တမန်တော်မြတ်သည် ဇကာတ် ကောက်ခံရန် ခန့်အပ်ထားတော်မူသော အရာရှိများအား ညွှန်ကြားချက်တခု ပေးတော်မူလေ့ရှိ၏။ ယင်း ညွှန်ကြားချက်တွင် ဇကာတ် ကောက်ခံရမည့် ပစ္စည်း အမျိုးအစား၊ မည်သည့် ပစ္စည်းမျိုးတွင် မည်ရွေ့ မည်မျှ ကောက်ခံရမည့် အချိုးအစား၊ ဇကာတ် ကောက်ခံရာတွင် ကောင်းသော ပစ္စည်းများကိုသာ ရွေးမယူမည့် အကြောင်း၊ ယူသင့်ယူအပ်သည်ထက် ပို၍မယူရမည့်အကြောင်းများ အတည့်အလင်းပါရှိ၏၊ အထူးသဖြင့် တမန်တော်မြတ်သည် "အသင်သည် ၎င်းတို့၏ကောင်းမြတ်သော ပစ္စည်းများကိုယူခြင်းမှ အထူး ရှောင်ကြဉ်ပါ" ဟူ၍ အားလုံးတို့အား အမြဲတစေ ညွှန်ကြား သတိပေးလေ့ရှိတော်မူခဲ့၏။ အရာရှိများသည်လည်း အထက်ပါ

တမန်တော်မြတ်၏ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာ ကျင့်သုံးလေ့ရှိခဲ့ကြ၏။ အချို့ ဇကာတ်ပေးသော ပုဂ္ဂိုလ်များသည် စေတနာတလွဲချောက် ဇကာတ်ဆိုက်သည်ထက်ပင် ပို၍ ပေးလိုခဲ့ကြ၏။ သို့ရာတွင် ဇကာတ် ကောက်ခံသော အရာရှိများသည် လက်မခံခဲ့ကြပေ။

စုဝိုက်ဒ် ဣပ်နု ဿဖ်လဟ်က ပြောပြသည်မှာ တရက် ကျွန်တော်တို့ထံ တမန်တော်မြတ်ထံမှ ဇကာတ် ကောက်ခံသူတဦး ရောက်ရှိလာ၏။ ကျွန်တော်သည် ထိုပုဂ္ဂိုလ်၏ အနီးတွင် သွားနိုင်၏။ ထိုပုဂ္ဂိုလ်က ဦးစွာပဌမ တမန်တော်မြတ်၏ ညွှန်ကြားချက်ပါ အချက်များ၊ အထူးသဖြင့် ဇကာတ် ကောက်ခံရာတွင် ချွင်းချန်ထားရမည့် တိရိစ္ဆာန် အမျိုးအစားများကို အသေးစိတ်ရှင်းပြ၏။ သို့ ရှင်းပြသော်လည်း ထိုအချိန်မှာပင် ပုဂ္ဂိုလ်တဦးသည် ဇကာတ်ပေးရန်အတွက် အလွန် လှပသော ကုလားအုတ်မ တကောင် ဆွဲယူလာခဲ့၏။ သို့တစေလည်း ဇကာတ် ကောက်ခံသော အရာရှိသည် လက်မခံခဲ့ပေ။ ထိုနည်းအတူ အခြား ပုဂ္ဂိုလ်တဦးသည် ဇကာတ်ပေးရန်အတွက် သားယော်ရှိသော ဆိတ်မတကောင် ဆွဲလာခဲ့ပြန်၏။ ဇကာတ် ကောက်ခံသော အရာရှိသည် ဇကာတ်ကောက်ခံရာတွင် ချွင်းချန်ထားရမည့် အမျိုးအစားတွင် ပါဝင်နေသည့်အတွက် ယင်းသားယော်ရှိသော ဆိတ်မကိုသည်း လက်မခံခဲ့ပေ။

(၂) အရဗ်လူမျိုးတို့၏ အဓိက ဥစ္စာပစ္စည်းမှာ ဆိတ်များ၊ ကုလားအုတ်များပင် ဖြစ်၏။ အရဗ်လူမျိုးတို့သည် မိမိတို့ ဆိတ်များ၊ ကုလားအုတ်များကို တောများ၊ တောင်ခြေများဘွင် သွားရောက်ကျောင်းလေ့ရှိခဲ့ကြ၏။ အစ္စလာမ် အစိုးရတွင် အဆိုပါ ဆိတ်များ၊ ကုလားအုတ်များမှ အချိုးကျ ဇကာတ် ပေးဆောင်ရန်အတွက် ဆိတ်ရှင်၊ ကုလားအုတ်ရှင်များသည် သက်ဆိုင်ရာ အစိုးရရုံးများ၊ အရာရှိများထံသို့ မိမိတို့ကိုယ်တိုင် လာရောက် ပေးဆောင်ရန်မလို၊ အစ္စလာမ် အစိုးရ အရာရှိများသည် မိမိတို့ကိုယ်တိုင် တောဆင်း၍ ဇကာတ် ကောက်ခံလေ့ ရှိခဲ့ကြ၏။

(ဆွဟာဗီ)သာဝကကြီး တပါးက ပြောပြသည်မှာ တရက် ကျွန်ုပ်သည် တောင်ကြားတွင် ဆိတ်များ ကျောင်းနေခဲ့၏။ ထိုအချိန်တွင် ကုလားအုပ်စီးလျက် ပုဂ္ဂိုလ် ၂-ဦး ရောက်ရှိလာပြီး "ကျွန်ုပ်တို့သည် ဇကာတ် ကောက်ခံရန် တမန်တော်မြတ် ခန့်အပ်ထားတော်မူသော အရာရှိ ၂-ဦး ဖြစ်သည်"ဟုပြောပြကြ၏။ ထိုအခါ ကျွန်ုပ်သည် သားယော်ကောင်ရှိသည့် နို့ထွက် ဆိတ်မတကောင်ကိုပေး၏။ အဆိုပါ အရာရှိ ၂-ဦးက "ဤသို့သော အမျိုးအစား

ယူပိုင်ခွင့်မရှိ''ဟု ပြောပြကြ၏။ ထိုအခါ ကျွန်ုပ်သည် အခြား ဆိတ်ကလေး တကောင်ကိုပေးရာ အဆိုပါ အရာရှိ -ဦးသည် အဆိုပါ ဆိတ်ငယ်ကို မိမိတို့၏ ကုလားအုဋ်ပေါ်တင်၍ ယူသွားကြလေသည်။

(၃) တမန်တော်မြတ်၏ တပည့် သာဝကကြီးများသည် မိမိတို့အတွင်း နှလုံးသား ရိုးသား ဖြူစင်မှုကြောင့် မယူပိုင်သော မည်သည့် ပစ္စည်း အမျိုး အစားကိုမဆို လက်ခံယူခြင်းမှ အထူး ရှောင်ကြဉ်ခဲ့ကြ၏။ တခါသော် တမန် တော်မြတ်သည် ခိုင်ဗရ်ရှိ ယဟူဒီများထံသို့ ၎င်းတို့နှင့် ချုပ်ဆိုထားသည့် စာချုပ်အရ ခိုင်ဗရ်နယ်ထွက် ကောက်ပဲသီးနှံ ထက်ဝက်ခွဲဝေယူလာရန်အတွက် သာဝကကြီး အဗ်ဒုလ္လာဟ် ဣဗ်နု ရဝါဟာအား စေလွှတ်တော်မူခဲ့၏။ ခိုင်ဗရ်ရှိ ယဟူဒီများသည် သာဝကကြီးအား လာဘ်ပေးလိုခဲ့ကြ၏။ ထိုအခါ သာဝကြီး က ''အို-အလ္လာဟ်၏ ရန်သူများ၊ အသင်တို့သည် ငါ့အား မစားသုံးပိုင်သော ပစ္စည်းကို ကျွေးလိုကြသလား''ဟု ပြောဆို ပြစ်တင်၍ လက်မခံ ငြင်းဆန်ခဲ့၏။

သာဝကကြီးများ၏ ပင်ကိုယ်စိတ်ဓာတ်သည် အဘယ်မျှပင် ရိုးသား၊ ဖြူစင်လင့်ကစား ဇကာတ် ကောက်ခံသော အရာရှိများ တာဝန် ဆောင်ရွက် ပြီး ပြန်လာကြသောအခါ တမန်တော်မြတ်သည် မိမိကိုယ်တိုင် စုံစမ်း၊ စစ်ဆေး မေးမြန်းတော်မူလေ့ ရှိခဲ့ပေသည်။

တခါသော် တမန်တော်မြတ်သည် ဇကာတ် ကောက်ခံရန်အတွက် ဣဗ်နု လီတဟ် အား စေလွှတ်တော်မူခဲ့၏။ ပြန်လာသည့်အခါ တမန်တော်မြတ် သည် စစ်ဆေး မေးမြန်းတော်မူ၏။ ထိုအခါ ဣဗ်နု လီတဟ်က မိမိနှင့်အတူ ပါရှိလာသော ပစ္စည်းများနှင့် စပ်လျဉ်း၍- ''ဤသည် ဇကာတ်ပစ္စည်းများ ဖြစ်ပါသည်။ ဤသည် လက်ဆောင်အဖြစ် ကျွန်တော့အား ပေးလိုက်သော ပစ္စည်းဖြစ်ပါသည်''ဟု ရှင်းပြ၏။ တမန်တော်မြတ်က- ''အသင် မိမိ အိမ်တွင် ထိုင်နေလျှင် ဤ လက်ဆောင် ပစ္စည်းများ အဘယ်ကြောင့် မရပါသလဲ''ဟု မိန့်ကြားတော်မူ၏။ သို့ မိန့်ကြားတော်မူရိုက်ာမျှဖြင့် စိတ်မကျေနပ်တော်မူနိုင် သည့်အတွက် လူထုအား ဘိတ်ခေါ်ပြီး ယင်းသို့သော လက်ဆောင်ပစ္စည်း များ မယူမိကြရန် အတည့်အလင်း ပိတ်ပင်တားမြစ်တော်မူခဲ့လေသည်။

- ကြည့်-(မွတ်စလင်မ်ကျမ်း၊ အ-၂၊ စ-၁၁၃)

(၄) တမန်တော်မြတ်သည် မိမိ သားချင်း အရင်းအချာများအပေါ်၌ ဇကာတ်ပစ္စည်း စားသုံးခြင်းကို (ဟရာမ်)ဟူ၍ လုံးဝ ပိတ်ပင် တားမြစ်ထား

တော်မူခဲ့၏။ ထို့အကြောင့်ပင် တမန်တော်မြတ်သည် မိမိ သားချင်း အင်္ငင်း အချာများအနက် မည်သူတဦးတယောက်ကိုမျှ ဇကာတ် ကောက်ခံရာတွင် အရာရှိအဖြစ် ခန့်အပ်တော်မမူခဲ့ပေ။

တခါသော် အင်ဒုလ် မွတ္တလိဗ် ဣဗ်နု ဇမ်အဟ် ဣဗ်နို ဟာရိဆ်နှင့် ဖဿလ် ဣဗ်နု အဗ်ဗ္ဗါစ် ၂-ဦးက (ဤပုဂ္ဂိုလ် ၂- း အနက် တဦးမှာ တမန်တော်မြတ်၏ ဦးရီးတော်၏သားဖြစ်၏။ အခြား တဦးမှာ တူတော်၏) တမန်တော်မြတ်ထံ လာရောက်ပြီး--- "ကျွန်တော်တို့သည် အိမ်ထောင်ပြုရန် အချိန်အရွယ်ရောက်နေပါပြီ၊ အခြားသူများကဲ့သို့ ကျွန်တော်တို့ကိုလည်း ဇကာတ် ကောက်ခံရန် အရာရှိခန့်အပ်တော်မူပါ၊ သို့ ခန့်အပ်တော်မူပါက ရရှိမည့် ထောက်ပံ့ကြေးဖြင့် အိမ်ထောင်ရေးတွင် အသုံးပြုနိုင်ကြမည် ဖြစ်ပါသည်"ဟု မေတ္တာရပ်ခံကြရာ၊ တမန်တော်မြတ်က--- "ဇကာတ်သည် ငါ့သားချင်း အရင်း အခြာများအတွက် မည်သို့မျှ မစားသုံးပိုင်"ဟု မိန့်ကြားတော်မူလိုက်လေသည်။

(၅) ဇကာတ်ကောက်ခံရန်အတွက် အရာရှိများအား တမန်တော်မြတ် ကိုယ်တော်တိုင် ခန့်အပ်တော်မူလေ့ရှိခဲ့၏။ အဆိုပါ ရာထူးကို မိမိတို့ ကိုယ်တိုင် လာရောက်တောင်းခံသူများအား တမန်တော်မြတ်သည် ခန့်အပ်တော်မူလေ့ မရှိခဲ့ပေ။

တခါသော် သာဝကကြီး အဗူမူစာအရှ်အရီနှင့်အတူ ပုဂ္ဂိုလ် ၂-ဦးသည် တမန်တော်မြတ်ထံရောက်ရှိလာပြီး၊ ဇကာတ်ကောက်ခံရေး အရာရှိ အဖြစ် ခန့်အပ်တော်မူပါမည့်အကြောင်း မေတ္တာရပ်ခံကြ၏၊ တမန်တော်မြတ်သည် သာဝကကြီး အဗူမူစာအရှ်အရီအားကြည့်ပြီး-"အသင်ဘာပြောလိုသလဲ"ဟုမေး တော်မူရာ သာဝကကြီးက"ဤပုဂ္ဂိုလ်များ၊ ဤရည်ရွယ်ချက်ဖြင့်လာကြသည်ကို ကျွန်တော်မသိပါ"ဟုဖြေ၏။ တမန်တော်မြတ်က-- "ငါသည် ရာထူးတောင်း သူများအား ခန့်အပ်လေ့မရှိ" ဟုမိန့်ဆိုတော်မူလိုက်၏။ ထို့နောက် ထိုအချိန် မှာပင် တစုံတရာ ရာထူး မတောင်းဆိုသော သာဝကကြီး အဗူမူစာ အရှ်အရီ အား ယမန်ပြည်နယ်တွင် ဇကာက်ကောက်ခံရေးအရာရှိအဖြစ် ခန့်အပ်တော်မူ လိုက်လေသည်။

(၆) တမန်တော်မြတ်သည် ဇကာတ်ကောက်ခံရေး အရာရှိများအား အခြေအနေအရ လိုအပ်သည်မျှသာ ထောက်ပံ့ကြေး ချီးမြှင့်တော် မူလေ့ရှိခဲ့၏။ မည်သည့် ဇကာတ်ကောက်ခံရေး အရာရှိမဆို သတ်မှတ်ထားသည့် ထောက်ပံ့

ကြေးထက် ပို၍ယူပါက၊ အလွဲသုံးစားပြုရာ ရောက်သည်ဟု အတည့်အလင်း ကျေညာသွားတော်မူခဲ့လေသည်။

တမန်တော်မြတ် လက်ထက်တွင် ဇကာတ် ကောက်ခံရေး အရာရှိများအား ထောက်ပံ့ကြေးပေးရန် တမန်တော်မြတ် ကိုယ်တော်တိုင် သတ်မှတ်သွားတော်မူသည့် နှုန်းထားမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

من كان لنا عاملا فليكتسب زوجة فان لم يكن له
خادم فليكتسب خادما وان لم يكن له مسكن
فليكتسب مسكنا ومن اتخذ غير ذلك فهو
غال

မည်သူမဆို ငါတို့၏အရာရှိဖြစ်ပါမူ ထိုသူသည်ဇနီးတဦးအတွက် ကုန်ကျစရိတ် ယူပိုင်သည်၊ ထိုသူ၌ အခိုင်းအစေမရှိက အခိုင်းအစေ တဦးအတွက် ကုန်ကျစရိတ် ယူပိုင်သည်။ အိမ်မရှိက အိမ်တဆောင်အတွက် ကုန်ကျစရိတ် ယူပိုင်သည်။ ထို့ထက် ပို၍ ယူသော် သူသည် အလွဲ သုံးစား ပြုသူ ဖြစ်သည်။

တမန်တော်မြတ် လက်ထက်တော်တွင် သာဝကကြီး အုမရ်သည်ပင် အထက်ပါ နှုန်းထားထက် ပို၍ တမြေးမျှပင် မရခဲ့ပေ။ မယူခဲ့ပေ။

သမတကြီး အုမရ် လက်ထက်တွင် အချို့ သာကဝကြီး များသည် တိုင်းကျိုး၊ ပြည်ကျိုး၊ သာသနာ့အကျိုးကို ဆောင်ရွက်ကြသော်လည်း မိမိတို့၏ ရိုးသား ဖြူစင်မှုကြောင့် အစွလာမ့်အစိုးရထံမှ ထောက်ပံ့ကြေးယူရန် ငြင်းဆန်ကြသည့်အခါ သမတကြီး အုမရ်သည် တမန်တော်မြတ်၏ အသက်ပါ ကျင့်စဉ် ကျင့်ရပ်ကို ထောက်ပြ ကိုးကားခဲ့လေသည်။

**တရားသူကြီးများ ခန့်အပ်တော်မူခြင်း။**

တမန်တော်မြတ်သည် များသောအားဖြင့် အမှုအခင်းများကို မိမိ ကိုယ်တော်တိုင် စီရင် ဆုံးဖြတ်တော်မူလေ့ရှိခဲ့၏။ သို့ရာတွင် တခါတရံ အောက်တွင် ဖော်ပြပါ သာဝကကြီးများသည်လည်း တမန်တော်မြတ်၏ ညွှန်ကြားချက်အရ တရားစီရင်လေ့ ရှိခဲ့ကြပေသည်၊

၁။ သာဝကကြီး အဗူဗတ်ကရ်
၂။ ။ အုမရ်
၃။ ။ အုဆ်မာန်
၄။ ။ အလီ
၅။ ။ အဗ်ဒုရ်ရဟ်မာန် ဣဗ်နု အောက်ဖ်
၆။ ။ မုအာဇ် ဣဗ်နု ဂျဗလ်

## (Police) ပုလိပ်ဌာန။

တမန်တော်မြတ် လက်ထက်တော်တွင် ပုလိပ်ဌာနသည် မူအားဖြင့် ပေါ်ပေါက်ခဲ့၏။ စံနစ်တကျကား မဟုတ်နိုင်ပေ။ အခြေအနေအရ လိုလည်း မလိုခဲ့ပေ။ အုမိုင်ယဟ်အစိုးရများလက်ထက်တွင်မူ စံနစ်တကျ ပေါ်ပေါက်လာခဲ့ပေသည်။

တမန်တော်မြတ် လက်ထက်တွင် သာဝကကြီး ကိုက်စ် ဣဗ်နု စအ်ဒ်သည် ပုလိပ်ဌာနကို ဦးစီးကြီးကိုင် ဆောင်ရွက်ခဲ့ပေသည်။ ထို့အတွက်ကြောင့်ပင် သာဝကကြီး ကိုက်စ်သည် အမြဲတစေ တမန်တော်မြတ်နှင့် အတူတကွ နေလေ့ရှိခဲ့ပေသည်။

ကြည့်–(ဇာဒုလ်မအာဒ် ဣဗ်နု ကိုင်ယင်မ်)

## အာဏာသားများ။

တမန်တော်မြတ် လက်ထက်တော်တွင် ပြစ်မှုထင်ရှားသော တရားခံများအား ကွပ်မျက်ရန် တာဝန်ကို သာဝကကြီး ဇိုဗိုင်ရ်၊ သာဝကကြီး အလီ၊ မိကဒါဒ် ဣဗ်နု အတ်စ်ဝါဒ်၊ မုဟမ္မဒ် ဣဗ်နု မဝ်စ်လမဟ်၊ အာဆွင်မ် ဣဗ်နု ဆာဗိတ်၊ ဿဟ်ဟာက် ဣဗ်နု စုဖ်ယာန် ကိလာဗီ အသီးသီး အာဏာသားများ အဖြစ် တာဝန်ယူ ဆောင်ရွက်လေ့ရှိခဲ့ကြပေသည်။

## ဘာသာခြားများနှင့် စာချုပ် ချုပ်ဆိုတော်မူခြင်း။

အမှန်မှာ ယခုသော် အာရေဗျပြည်တွင် မွတ်စလင်မ် မဟုတ်သူဟူ၍ကား မရှိတော့ပေပြီ။ အချို့ နယ်စွန်နယ်ဖျားများတွင်သာလျှင် မဂျူစီ၊ နဆ်ရာနီ၊ ယဟူဒီ ဘာသာဝင်များ နေထိုင်လျက်ရှိ၏။ ၎င်းတို့တွင်လည်း အချို့မှာ

မှတ်စလင်မ်များ ဖြစ်လျက်ရှိကြ၏။ အများစုမှာမူ ယခုထက်တိုင် အမှောင် အတွင်း၌ပင် ရှိနေခဲ့ကြသေး၏။ သို့တစေလည်း ၎င်းတို့သည် အစ္စလာမ်အစိုးရ ကိုမူ မည်သို့မျှ မသွေဖည်နိုင်ကြပေ။

ဟိဂျာဇ်ရှိ ယဟူဒီများမှတပါး အာရေဗျပြည်ရှိ မျိုးနွယ် အားလုံးတို့ သည် အစ္စလာမ်အစိုးရကို လက်ခံပြီးဖြစ်ကြ၏။ ထို့အတွက်ကြောင့် ပင် အစ္စလာမ် အစိုးရကလည်း မိမိလက်အောက်ရှိ အခြား ဘာသာဝင်များ၏ အသက်၊ စည်းစိမ်၊ ဥစ္စာ ပစ္စည်း ဂုဏ်သိက္ခာနှင့် ၎င်းတို့၏ ဘာသာရေးကိုပါ ကာကွယ်စောင့်ရှောက်ရန် လိုလေသေးသည်မရှိ၊ တာဝန်ယူထား၏။ သို့တာဝန် ယူထားရသည့်အတွက် ယင်းသို့သော ဘာသာခြား အားလုံးအပေါ်၌မဟုတ်၊ ၎င်းတို့အနက် အရွယ်ရောက်သော၊ အသိဉာဏ်ရှိသော၊ ပေးစွမ်းနိုင်သော အမျိုးသားများအပေါ်၌သာ တနှစ်လျှင် 'ဒီနာရ်' တပြားသာ (ဂျိဇ်ယဟ်) အခွန်တော်အဖြစ် အစ္စလာမ်အစိုးရသို့ ပေးဆောင်ရန် သတ်မှတ် ပြဋ္ဌာန်းထား ခဲ့ပေသည်။ 'ဒီနာရ်' တပြားဆိုရာ၌ ငွေသား ပေးဆောင်ရကောင်းခစဟူ၍ မဟုတ်။ 'ဒီနာရ်'တပြား တန်ဘိုးရှိသော ပစ္စည်းကိုလည်း ပေးဆောင်နိုင် ပေသည်။

ဘာသာခြားများအနက် ဦးစွာ ပဌမ တမန်တော်မြတ်နှင့် လာရောက် ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုသော ဘာသာခြားများမှာ– ခိုင်ဗရ်၊ ဖိဒတ်က်၊ ဝါဒိလ်ကုရာနှင့် တီမာရှိ ယဟူဒီများပင် ဖြစ်ခဲ့ကြ၏။ ထိုအချိန် (ဂျိဇ်ယဟ်) အခွန်တော်နှင့် ပတ်သက်သော မုက္ခပါဋ်တော် ကျရောက် မလာခဲ့သေးသည့် အတွက် အချင်းချင်း သဘောတူထားရှိသော စည်းကမ်းချက်များနှင့်အညီ စာချုပ် ချုပ်ဆိုခဲ့ကြ၏။ အဓိက စည်းကမ်းချက်မှာ ယင်းဘာသာခြားတို့သည် အစ္စလာမ် အစိုးရ၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်တွင် ယယ်သားများအဖြစ် နေထိုင် လုပ်ကိုင်ကြရမည်။ ရရှိသော ကောက်ပဲသီးနှံများအနက် ထက်ဝက်ကို မိမိတို့ကိုယ်တိုင်ယူ၍ ကျန်ထက်ဝက်ကို အစ္စလာမ့်အစိုးရသို့ပေးဆောင်ကြရမည် ဟူသော အချက်များပင် ဖြစ်ခဲ့ပေသည်။

ဟိဂျိရီ(၉)ခုနှစ်တွင်(ဂျိဇ်ယဟ်) အခွန်တော်နှင့်ပတ်သက်သော မုက္ခပါဋ် တော် ကျရောက်လာခဲ့၏။ ထိုသည့်နောက်တွင်မူ တမန်တော်မြတ်သည် အဆိုပါ မုက္ခပါဋ်တော်၏ သဘောအရပင် ချုပ်ဆိုတော်မူခဲ့လေသည်။

နဂျ်ရာန်ရှိ အီစာအီများသည် မဒီနာမြို့သို့ လာရောက်ပြီး တမန်တော် မြတ်နှင့် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုရန် မေတ္တာရပ်ခံခဲ့ကြ၏၊ တမန်တော်မြတ်

ကလည်း လက်ခံသဘောတူတော်မူလိုက်၏။ အဆိုပါစာချုပ်တွင် ပါရှိသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။

> ငင်းတို့သည် အစ္စလာမ်အစိုးရသို့ နှစ်စဉ် အဝတ်အစား (၂၀၀၀)ပေးကြမည်။ အဆိုပါအဝတ်အစားများကို (၂)ရစ် ခွဲ၍ (ထက်ဝက်ကို ဆဖရ်လတွင် ကျန်ထက်ဝက်ကို ရဂျဗ်လတွင် ပေးကြမည်။ အကယ်၍ ယမန်ပြည်တွင် ဆူပူသောင်းကျန်းမှု ဖြစ်သော် ငင်းတို့သည် အစ္စလာမ်အစိုးရသို့ သံချပ်အင်္ကျီ(၃၀)၊ မြင်း(၃၀)၊ ကုလားအုဒ် (၃၀)၊ လက်နက်မျိုးစုံ (၃၀)စီ ငှားရမ်းကြမည်။ ယင်းသည့် ငှားရမ်းသော ပစ္စည်းများကို အစ္စလာမ်အစိုးရသည် ငင်းတို့အား ပြန်ပေးရမည်။ ယင်းသို့ ပြုလုပ်သည့်အတွက် ငင်းတို့သည် အတိုးအညွန့်မစားသုံးကြသမျှ ကာလပတ်လုံး၊ ဆူပူသောင်းကျန်းမှု မပြုလုပ်ကြသမျှ ကာလ ပတ်လုံး အစ္စလာမ်အစိုးရသည် တုံ့ပြန်သည့်အနေဖြင့် ငင်းတို့၏ ဝတ်ကျောင်းများကို မဖျက်ဆီးရ။ ငင်းတို့၏ ဘုန်းတော်ကြီး များအား မနှင်ရ။ ငင်းတို့အား ငင်းတို့၏ဘာသာမှ ဖေါက်ပြန် သွားအောင် မပြုလုပ်ရ"။
>
> ကြည့်-(အဗူဒါဝုဒ်ကျမ်း၊ အခွန်တော်အခဏ်း)

ဆီရီယပြည်နယ်ခြား ဒေသများတွင် များစွာသော ယဟူဒီများနှင့် အီစာအီများသည် နေထိုင်လျက် ရှိခဲ့ကြ၏။ ဟိဂျရီ (၉)ခု၊ ရဂျဗ်လတွင် တဗုတ် စစ်ပွဲ၌ စစ်ပွဲ၌ ဒေါင်မတုလ်ဂျန်ဒလ်၊ အီလဟ်၊ မဒ်ကန်နာအ်၊ ဂျရ်ဗါအ်၊ အဇ်ရုဟ်၊ တဗါလဟ်၊ ဂျရ်ရှ်တွင် နေထိုင်လျက်ရှိသော ယဟူဒီ မြို့ရှင်များနှင့် အီစာအီမြို့ရှင်များသည် အစ္စလာမ်ကို လက်မခံခဲ့ကြသော်လည်း (ဂျိဇ်ယဟ်) အခွန် တော်ပေးဆောင်ရန်ကိုမူ သဘောတူခဲ့ကြ၏။ တမန်တော်မြတ်သည် ငင်းတို့ အနက် အရှယ်ရောက်သော အမျိုးသားများ အပေါ်တွင်လည်း တနှစ်လျှင် အခွန် တော်အဖြစ် ဒီနာရ် တပြားပေးဆောင်ရန် သတ်မှတ်တော်မူခဲ့လေသည်။ ငင်းတို့ နယ်ပယ်မှဖြတ်သန်းသွားသော မွတ်ဆလင်မ်များအား ကောင်းစွာ ဧည့်ခံ ဆက်ဆံရန်လည်း တာဝန်ပေးတော်မူခဲ့လေသည်။

ယမန်ရှိ ယဟူဒီများအနက် အစ္စလာမ်ကို လက်မခံသော ယဟူဒီများ အပေါ်တွင်လည်း တမန်တော်မြတ်သည် အထက်ပါအတိုင်းပင် (ဂျိဇ်ယဟ်)

အခွန်တော်ဆောင်ရန် သတ်မှတ်တော်မူခဲ့လေသည်။ ဗဟ်ရိုင်န်ရှိ မဂျူစီများ အပေါ်၌လည်း အထက်ပါ အတိုင်းပင် (ဂျိဇ်ယဟ်) ထိုနည်းတူ အခွန်တော် ဆောင်ရန် သတ်မှတ်တော်မူခဲ့လေသည်။

**အစ္စလာမ်အစိုးရ၏ အဓိက ဝင်ငွေများ။**

အမျိုးမျိုးသုံးစွဲရန်အတွက် အစ္စလာမ်အစိုးရ၏ အဓိက ငွေများမှာ ငါးမျိုးရှိ၏။

၁။ (ဃနီမတ်)-စစ်အောနိုင်၍ ရရှိသော လက်ရသို့ပန်း ပစ္စည်း။
၂။ (ဖိုင်အ်)-စစ်မတိုက်လိုက်ရဘဲ ရရှိသော သို့ပန်းပစ္စည်း။
၃။ ဇကာတ်
၄။ ဂျိဇ်ယဟ်
၅။ ခိရာဂ်ျ။

**ဃနီမတ်။**

'ဃနီမတ်' ခေါ် လက်ရသို့ပန်းပစ္စည်းသည် စစ်ရေးအောင်နိုင်သည့် အခါ၌သာလျှင် ရရှိ၏။ အမိုက်ခေတ်တွင် အာရေဗျပြည်၏ ထုံးတမ်းစဉ်လာ တရပ်မှာစစ်ဗိုလ်ချုပ်သည် သို့ပန်းပစ္စည်း ၄-ပုံ ၁-ပုံကို မိမိအတွက်ယူ၏။ယင်းသို့ ၄-ပုံ ၁-ပုံယူခြင်းကို ၎င်းတို့၏ ဝေါဟာရတွင် ( )"မိရ်ဗါအ်" ဟု ခေါ်သည်။ ကျန်လက်ရ သို့ပန်းပစ္စည်းများကိုမူ ဦးရာလုယူလေ့ရှိခဲ့ပေသည်၊ သို့ပန်းပစ္စည်းကို စံနစ် တကျခွဲဝေယူသည့် အစီအစဉ်၊ နည်းစံနစ်မရှိခဲ့ပေ။

'ဗဒ်ရ်'စစ်ပွဲဖြစ်ပွါးပြီးနောက် အလ္လာဟ် အသျှင်မြတ်သည် သို့ပန်း ပစ္စည်းမှာ မိမိပိုင်ပစ္စည်းဟူ၍ သတ်မှတ်တော်မူလိုက်၏။ ယင်းသို့ပန်းပစ္စည်း အနက် ၅-ပုံ ၁-ပုံမှာ အလ္လာဟ်အသျှင်မြတ်နှင့်တမန်တော်မြတ်အတွက် သတ်မှတ် ကာ အစ္စလာမ်အစိုးရသည် လိုအပ်သောနေရာများတွင် အသုံးပြုလေသည်။

ကြည့်-ကုရ်အာန် (၈း ၁ )။

သို့ပန်းပစ္စည်းများကို အလ္လာဟ်နှင့် အလ္လာဟ် တမန်တော်ပိုင်ဆိုင် တော်မူသည်ဟုဆိုထားတော်မူခြင်း၏ အဓိပ္ပါယ်သဘောမှာ ယင်းပစ္စည်းမှာ စစ်သည် များပိုင်ဆိုင်သော ပစ္စည်းမဟုတ်ဟူ၏။ အစ္စလာမ်အစိုးရ၏ ဥက္ကဋ္ဌ၊ သို့မဟုတ်

အစ္စလာမ်အစိုးရ၏ ခလီဖဟ်၊ သ ံမတသည် အခြေအနေအရ လိုအပ်သည့် နေရာတွင် အသုံးပြုနိုင်ပေသည်။ ထိုနည်းအတူသုံ့ပန်းပစ္စည်း ၅-ပုံ ၁-ပုံ နှင့်စပ်လျဉ်း၍လည်း အောက်ပါအတိုင်း မုကဒ္ဒပါ၌တော်လာရှိပေသည်။

وَاعْلَمُوا أَنَّمَا غَنِمْتُمْ مِنْ شَيْءٍ فَأَنَّ لِلَّهِ خُمُسَهُ
وَلِلرَّسُولِ وَلِذِي الْقُرْبَى وَالْيَتَمَى وَالْمَسَاكِينِ
وَابْنِ السَّبِيلِ

قرآن (٨:٤١)

"အသင်တို့ သိထားကြရမည်မှာ– အသင်တို့ရရှိသောမည်သည့် သုံးပန်းပစ္စည်းမဆို၊ ယင်း၏၅-ပုံ ၁ ပုံမှာအလ္လာဟ်အသျှင်မြတ်၊ တမန်တော်မြတ်၊ ဆွေတော် မျိုးတော်များ၊ ဘသက်ဆိုး များ၊ ဆင်းရဲသားများနှင့် ခရီးသည် အာဂန္တုများအတွက် ဖြစ်ပေသည်"။

ကုရ်အာန် (၈း၄၁)။

(ဖြစ်ရပ်တခု၊ နှစ်ခုမှအပ ယင်းဖြစ်ရပ်များတွင် တမန်တော်မြတ်သည် ရရှိသော သုံ့ပန်းပစ္စည်းများကို အချို့မုဟာဂျိရ်များ၊သို့မဟုတ် မက္ကာမြို့တော်မှ မွတ်စလင်မ် အသစ်များအား အထူးဟုလည်း ပေးတော်မူခဲ့၏) ထိုသည့် ဖြစ်ရပ်တခုနှစ်ခုမှအပ တမန်တော်မြတ်သည် သုံ့ပန်းပစ္စည်း ၅-ပုံ ၁-ပုံ ဖယ်ထားပြီးနောက် ကျန်သုံ့ပန်းပစ္စည်း အားလုံးကို စစ်သည်များအား ခွဲဝေပေးတော်မူခဲ့သည်သာ ဖြစ်ပေသည်။ စစ်သည်များအနက် မြင်းစီးများအား ဝေစု သုံးစု ခြေလျင်များအား တစု၊ အချို့အဆိုအရ မြင်းစီ များအား နှစ်စုပေးတော်မူလေ့ရှိခဲ့ပေသည်။

သုံ့ပန်းပစ္စည်း၏ ၅-ပုံ ၁-ပုံကိုလည်း တမန်တော်မြတ်သည် မိမိကိုယ်ရေးကိုယ်တာအတွက် အသုံးပြုတော်မူခြင်းမှာ အလွန်ပင် နည်းခဲ့ပေသည်။ အထက် မုကဒ္ဒပါ၌တော်တွင် ဖော်ပြပါရှိသော ပုဂ္ဂိုလ်များအားသာလျှင် များသော အားဖြင့် ခွဲဝေပေးတော်မူလေ့ရှိခဲ့ပေသည်။

**ဖိုင် အ်။ (*)**

'ဖိုင်အ်'သည်လည်း 'ဃနီမတ်'ကဲ့သို့ သို့ပန်းပစ္စည်းပင် ဖြစ်သည်။ သို့ရာတွင် အနည်းငယ် ခြားနားသည်၊ ခြားနားချက်မှာ စစ်တိုက်ခိုက်ပြီးမှ ရရှိသော သို့ပန်းပစ္စည်းကို 'ဃနီမတ်'ဟုခေါ်သည်။ 'ဃနီမတ်' ပစ္စည်းများကို မည်သို့ ခွဲဝေ သုံးစွဲရမည့်အကြောင်း အထက်တွင် အသေးစိတ် ရေးသားခဲ့ပေပြီ။

စစ်တစုံတရာ ပြိုင်ဆိုင် တိုက်ခိုက်ခြင်း မပြုလိုက်ရဘဲ ရရှိလိုက်သော သို့ပန်းပစ္စည်းကို 'ဖိုင်အ်'ဟု ခေါ်သည်။ ဖိုင်အ် ပစ္စည်း များကို မွတ်စလင်မ် တမျိုးသားလုံး ပိုင်ဆိုင်သော အစ္စလာမ့် ဘဏ္ဍာတော်တွင် ထားရှိရသည်။ အခြေအနေအရ အရေးကြီးသော ဌာနများတွင် သုံးစွဲရသည်။ တမန်တော် မြတ် လက်ထက်တွင် 'ဖိုင်အ်'ပစ္စည်းများကို တမန်တော်မြတ်ကိုယ်တော်တိုင်ပင် ဦးစီး ကြိုးကိုင်၍ အခြေအနေအရ လျော်ကန်သင့်မြတ်သလို ခွဲဝေ သုံးစွဲတော် မူလေ့ရှိခဲ့ပေသည်။ ဤအကြောင်း ကုရ်အာန် (၅၉း၆-၇)တွင် ပါရှိသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အသေးစိတ် သိလိုပါက တဖ်စီရ်အုဆ်မာနီ စာမျက်နှာ (၇၀၈)၊ အောက်ခြေ အမှတ်(၈)ကို ကြည့်ရှုပါကုန်။

**ဇကာတ်။**

'ဇကာတ်'ပေးဆောင်ရန် တာဝန်သည် မွတ်စလင်မ်များ၏တာဝန်သာ ဖြစ်သည်။ ဇကာတ်သည် လေးမျိုး လေးစားသော ပစ္စည်းများ အပေါ်မှ ကောက်ခံရသည်။ (၁) ရွှေ၊ ငွေ။ (၂) ကောက်ပဲသီးနှံ။ (၃) တိရစ္ဆာန် (မြင်းမပါ)။ (၄) ရောင်းဝယ်ဖေါက်ကားသော ကုန်ပစ္စည်းများ။

ငွေသား ဒစ်ရဟမ် (၂၀၀)၊ ရွှေမိဆ်ကာလ် (၂၀)၊ ကုလားအုတ်(၅) ကောင်ထက် နည်းလျှင် ဇကာတ်မထိုက်။

ရွှေနှင့် ငွေသားမှ ၄၀-ပုံ ၁-ပုံ ဇကာတ် ပေးဆောင်ရသည်။ တိရစ္ဆာန် မှာမူ အမျိုးအစား ကွဲပြားသည့်အလိုက် ဇကာတ်ပေးဆောင်ရသည့် နှုန်းထား မှာလည်း အစားစားရှိသည်။ "ဖစ်ကဟ်" ခေါ် အစ္စလာမ် ဓမ္မသတ်ကျမ်း များတွင် အသေးစိတ်တွေ့ရှိနိုင်သည်။

---

* 'ဖိုင်အ်'အကြောင်း စ၊ လယ်၊ ဆုံး ဃာဇီ ရေးသားခြင်း ဖြစ်သည်။ (ဃာဇီ)

မြေနှစ်မျိုး နှစ်စားရှိသည်၊ (၁) မိုးကောင်း ရေသောက် မြေယာများ။ (၂) လက်ရုံးအားဖြင့် ရေသွင်းရသောမြေယာများ။ မိုးတောင်းရေသောက် မြေယာများမှ ထွက်သောကောက်ပဲသီးနှံများမှ ၁၀ပုံ- ၁ပုံ ဇကောက်ပေး ဆောင်ရသည်။ လက်ရုံးအားဖြင့် ရေသွင်းရသော မြေယာများမှ ထွက်သော ကောက်ပဲသီးနှံများမှ ၂၀-ပုံ ၁-ပုံ ဇကာတ် ပေးဆောင်ရသည်။ သာမန် ဟင်းသီး၊ ဟင်းရွက်များတွင် ဇကာတ်မရှိ။

ဇကာတ်ပစ္စည်းများကို အောက်ပါအတိုင်း ခွဲဝေပေးရသည်။

၁။ ဖကီရ်၊
၂။ မစ်စကီန်၊
၃။ မွတ်စလင်မ်အသစ်၊
၄။ ကြေးကျွန်အား ကြေးကျွန်အဖြစ်မှ လွတ်မြောက်စေရန်၊
၅။ ကြွေးမြီတင်ရှိသူ၊
၆။ ခရီးသည်အာဂန္တု၊
၇။ ဇကာတ်ကောက်ခံရေး အမှုထမ်းများ၊
၈။ အလ္လာဟ်လမ်းတော်တွင် ကောင်းမှုများ၊

ဤအကြောင်း ကုရ်အာန် (၉း၆၀)တွင် ပါရှိသည်၊ အသေးစိတ်ကို အစ္စလာမ် ဓမ္မသတ်ကျမ်းများတွင် ရှုပါကုန်။

ဇကာတ်ပစ္စည်းများကို များသောအားဖြင့် ယင်းဇကာတ်ပစ္စည်းများ ကောက်ခံရရှိသော ဌာန၊ ဒေသရှိ စားသုံးအပ်သူများအား ခွဲဝေ သုံးစွဲရ ပေသည်။ ဤကား တမန်တော်မြတ်၏ စွန္နတ်-လမ်းစဉ်ပင်။

**ဂျစ်ယဟ်။**

‘ဂျဇ်ယဟ်’ အခွန်တော်သည် အစ္စလာမ်အစိုးရ၏ ကာကွယ်၊ ထိန်းသိမ်း၊ စောင့်ရှောက်မှုအောက်တွင် နေထိုင်ကြသော မွတ်စလင်မ် မဟုတ်သော ဘာသာခြားများထံမှ ကောက်ခံရသော အခွန်ဘော်ဖြစ်သည်။ ဤအခွန်တော် သည် ၎င်းတို့အား ကာကွယ်၊ထိန်းသိမ်း၊ စောင့်ရှောက်ရသည့် အဘွက်ဖြစ်သည်။ ဤအခွန်တော်သည် သတ်မှတ်ပြီးဖြစ်သည်။ တမန်တော်မြတ်သည် မိမိလက်ထက် တော်တွင် အရွယ်ရောက်သော အသိဉာဏ်ရှိသော၊ ပေးစွမ်းနိုင်သောအမျိုးသား

တဦး အပေါ်၌ 'ဒီနာရ်' တပြား ပေးဆောင်ရန် သတ်မှတ်တော်မူခဲ့သည်။ ဂျဇ်ယဟ် ပေးဆောင်ရန် တာဝန်မှာ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသက်ဆိုင်ချေ။ အီလဟ်မြို့မှ ရရှိသော ဂျဇ်ယဟ်မှာ ဒီနာရ် (၃၀၀) ဖြစ်ခဲ့၏။ တမန်တော်မြတ်လက်ထက်တွင် ဂျဇ်ယဟ်အများဆုံးပေးဆောင်ခဲ့သော ပြည်နယ်မှာ ဗဟ်ရိုင်န်ဖြစ်ခဲ့ပေသည်။

**ခိရာဂျ်။**

အစ္စလာမ်အစိုးရ၏ လက်အောက်တွင် နေထိုင်၍ အစ္စလာမ်အစိုးရပိုင် မြေယာများတွင် လုပ်သားအဖြစ် လုပ်ကိုင်သော ဘာသာခြား တောင်သူလယ်သမားများက မြေယာပိုင်ရှင် အစိုးရအား နှစ်ဦး နှစ်ဘက်ကျေနပ်၊ လက်ခံ၊ သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရသော အခွန်တော်ကို "ခိရာဂျ်"ဟု ခေါ်သည်။

ခိုင်ဗရ်၊ ဖိဒတ်က်၊ ဝါဒိလ်ကုရာ၊ တိမာအ်၊ စသည့် ပြည်နယ်များမှ "ခိရာဂျ်" အခွန်တော် ရရှိခဲ့၏။ သီးနှံ ရိပ်သိမ်းချိန် ရောက်သည့် အခါ တမန်တော်မြတ်သည် 'ခိရာဂျ်' အခွန်တော်ကောက်ခံရန် သာဝကကြီးတပါးပါးကို တာဝန်ပေး၍ စေလွှတ်တော်မူလေ့ရှိခဲ့ပေသည်။ အဆိုပါ သာဝကကြီးသည် ဥယျာဉ်များ၊ မြေယာများကိုကြည့်ပြီး အခွန်တော်ကို ခန့်မှန်းသတ်မှတ်၏။ သို့ ခန့်မှန်းရာတွင် တောင်သူလယ်သမားများ မနစ်နာရအောင် ခန့်မှန်းထားသည်ထက် ၃-ပုံ ၁-ပုံ လျော့၍ သတ်မှတ်၏။

တမန်တော်မြတ် လက်ထက်တော်တွင် ဂျဇ်ယဟ်နှင့် ခိရာဂျ်မှ ရရှိသော အခွန်တော်ငွေများကို စစ်သည်များအား လစာပေးရာတွင်၎င်း၊ စစ်စရိတ်များတွင်၎င်း သုံးစွဲလေ့ရှိခဲ့၏။ တမန်တော်မြတ်လက်ထက်တော်တွင် တပည့်သာဝကအားလုံးတို့သည် လိုအပ်သည့် အချိန်တွင် (Volunteer) အလို အလျောက် တာဝန်ခံ စစ်သည်များ ဖြစ်ခဲ့ကြ၏။ ခိရာဂျ်နှင့် ဂျဇ်ယဟ်မှ ရရှိသော အခွန်တော်များကို တမန်တော်မြတ်သည် ထိုအချိန်မှာပင် ခွဲဝေပေးတော်မူလေ့ရှိခဲ့ပေသည်။ သို့ခွဲဝေပေးရာတွင် တချိန်ကသူတပါးကျွန်ဖြစ်နေခဲ့ရသောပုဂ္ဂိုလ်များအားတမန်တော်မြတ်သည် ဦးစားပေးတော်မူ၏။ တမန်တော်မြတ်ထံတွင် ၎င်းတို့၏ အမည် နေရပ်လိပ်စာများကို စနစ်တကျရေးမှတ်ထားသော မှတ်တမ်းတခုရှိ၏။ ထိုမှတ်တမ်းအရ တမန်တော်မြတ်သည် အစဉ်လိုက်ခေါ်၍ ပေးတော်မူ၏။ ထို့နောက် အိမ်ထောင်ရှိသူများအား နှစ်စု၊ အိမ်ထောင်မရှိသူများအားတစု ပေးတော်မူ၏။

ကြည့်—(အဗူဒါဝူဒ်ကျမ်း၊ အခွန်တော်အခန်း)

**မြေယာများ ခွဲဝေပေးတော်မူခြင်း။**
**မြေရိုင်းများကို မြေယဉ်ဖြစ်အောင် ပြုလုပ်တော်မူခြင်း။**

အာရေဗျပြည်၏ အများစုကြီးမှာ သဲကန္တာရ၊ ကျောက်စရစ်ကုန်း၊ မြေရိုင်းများဖြစ်ပြီး တိမ်ကောနေသည်သာဖြစ်ခဲ့၏၊ စိုပြေသောယာ စိမ်းစိုသော ဒေသများမှာ သူတပါးတို့လက်တွင်းသို့ရောက်ရှိနေခဲ့၏။ မြောက်မြားစွာသော မြေများမှာ အချည်းနှီးဖြစ်နေခဲ့၏။

မဒီနာမြို့နှင့်တွာအိဖ်တွင် လူများသည် လယ်ယာလုပ်လေ့ရှိခဲ့ကြ၏။ အချို့ ဥယျာဉ်စိုက်ပျိုးလေ့ရှိခဲ့ကြ၏။များသောအားဖြင့်အာရပ်လူမျိုးများသည် လုယက် တိုက်ခိုက်ပြီး ဝမ်းရေးဖန်တည်းနေခဲ့ကြ၏။ အာရေဗျပြည်ကြီး၏မငြိမ်မသက်ဖြစ် မှု၏ အကြောင်းရင်းမှာလည်း ဤအချက်ပင်ဖြစ်၏။ ၎င်းတို့သည်သီးသန့်လုပ်ငန်း တခုကို စွဲစွဲမြဲမြဲလုပ်ကိုင်လေ့မရှိခဲ့ကြပေ။ ထို့အတွက်ကြောင့် တိုင်းပြည်ငြိမ်းချမ်း သာယာစေရန်အတွက် အချည်းနှီးဖြစ်နေသော မြေများကို စံနစ်တကျ ပြန် လည် စီစဉ်ရမည့် မလွဲမရှောင်သာသောတာဝန်တရပ်ဖြစ်လာခဲ့၏။ ထို့အတွက် တမန်တော်မြတ်သည် ဦးစွာပဌမ အောက်ပါအတိုင်း ကျေညာတော်မူခဲ့၏။

من أحيا أرضا ميتة فهي له ،
من أحاط حائطا على أرض فهي له ،

အကြင်သူသည် မြေယာတခုကို ရှင်သန်အောင်ပြုအံ့၊ ထိုမြေသည် ထိုသူပိုင်ဖြစ်အံ့၊ အကြင်သူသည်မြေတကွက်ကိုကာရံ ထားအံ့၊ ထိုမြေသည် ထိုသူပိုင်ဖြစ်အံ့။

ထို့မှမက တမန်တော်မြတ်သည် မိမိပိုင်ဆိုင်ခွင့် အောက်တွင် ရောက်ရှိ နေသော နဿိရ်မျိုးနွယ်နှင့် ကုရိုင်ဇွဟ်မျိုးနွယ်၏ မြေယာများနှင့် ဥယျာဉ် များကို အန်ဆာရီများနှင့် မုဟာဂျိရ်များအား ခွဲဝေပေးတော်မူခဲ့၏။ ထို့နည်း ၎င်း ခိုင်ဗရ်ရှိမြေယာများအနက် အနည်းငယ်သာချန်၍ ကျန်မြေယာအားလုံးကို ဟုဒိုင်ဗိယဟ်တွင် ပါဝင်ခဲ့ကြသော မုဟာဂျိရ်နှင့် အန်ဆာရီများအား ခွဲဝေပေး တော်မူခဲ့၏။ အဆိုပါမြေယာများတွင် လက်တွေ့အားဖြင့် ယဟူဒီများအား လုပ်ကိုင်စားသောက် စေခဲ့ကြရသည်ဖြစ်ရာ၊ ထွက်ပေါ်လာသော သီးနှံများကို မြေရှင်နှင့် လက်ငုတ်တို့သည် ထက်ဝက်စီ အသီးသီး ခွဲဝေယူခဲ့ကြ၏။

ထိုနည်းအတူ တမန်တော်မြတ်သည် မြေရိုင်းများကိုလည်း စိုက်ပျိုးနိုင်ရန်အတွက် တပည့်သားတို့အား အပိုင်စားပေးတော်မူခဲ့၏။

အာရေဗျပြည်ကြီးတွင် အများအားဖြင့် မြေများမှာ မြေသေ၊ မြေရိုင်းဖြစ်နေခဲ့ပေရာ၊ စမ်းရေများမှာ အဘိုးတန်လှပေသည်၊ တမန်တော်မြတ်သည် ယင်းသည့် စမ်းရေများ အနက် ပိုင်ရှင်မရှိသေးသော စမ်းရေများကိုလည်း အသီးသီး ခွဲဝေပေးတော်မူခဲ့၏။ ထိုနည်း ငင်းစားကျင်းများကိုလည်း အသီးသီး ခွဲဝေ ပေးတော်မူခဲ့၏။ သို့ ခွဲဝေ ပေးတော်မူရာတွင် လုပ်သား ပြည်သူအများနှင့် ဆိုင်သော ပစ္စည်းများကိုမူ ပြည်သူပိုင်အဖြစ်ပင် ခြွင်းချန်ထားတော်မူခဲ့၏။

ထိုနည်း ငင်းတိစ္ဆာန်များအတွက် စားကြက်များကိုလည်း ခွဲဝေပေးတော်မူခဲ့၏။ အချို့ချမ်းသာ ကြွယ်ဝသော ပုဂ္ဂိုလ်များသည် အချို့စားကြက်များကို လက်ဝါးကြီးအုပ်ထားခဲ့ကြ၏။ သို့ လက်ဝါးကြီးအုပ်ထားခဲ့ကြသည့်အတွက် တိုင်းသူ ပြည်သားများမှာ ဒုက္ခဖြစ်ရ၏။ ယင်းသို့သော စားကြက်များကိုမူ တမန်တော်မြတ်သည် ပြည်သူပိုင် ပြုလုပ်ပေးတော်မူခဲ့၏။

ကြည့်-(အဗူဒါဝူဒ်ကျမ်း၊ အခွန်တော် အခဏ်း)

# ဘာသာရေးဆိုင်ရာ အစီအစဉ်များ

အာရေဗျပြည်တွင် မငြိမ်မသက်ဖြစ်နေခဲ့သည့်အတွက် တမန်တော်မြတ်သည် တိုင်းပြည် ငြိမ်းချမ်းသာယာစေရန်အလို့ငှာ မလွဲမရှောင်သာ တိုင်းရေးပြည်ရာနှင့်စပ်လျဉ်း၍ အစီအစဉ်များ ပြုလုပ်တော်မူခဲ့ရ၏။ တိုင်းရေးပြည်ရာမှာ မလွဲမရှောင်သာ ဆောင်ရွက်ရသည့်ကိစ္စမျှသာ ဖြစ်၏။ အဓိက ကိစ္စမှာ သာသနာရေးပင်ဖြစ်၏။

အစ္စလာမ်တွင် လူတန်းစားခွဲခြားမှုမရှိပေ။ သာသနာရေးကို မည်သည့်မျိုးနွယ်၊ မည်သည့်အုပ်စု၊ မည်သည့်လူတန်းစားကသာ ဆောင်ရွက်ရကောင်းစေဟူ၍ ဘာသာရေးလက်ဝါးကြီးအုပ်မှု အလျှင်းမရှိခဲ့ပေ။ မည်သူမဆို၊ မည်သည့်မျိုးနွယ်မှမဆို၊ မည်သည့်လူတန်းစားမှဆို၊ မည်သည့် အသွေးအရောင်ပင်ရှိရှိ၊ အစ္စလာမ်ကို လက်ခံသူတိုင်းသည် အရည်အချင်းရှိပါက ဦးဆောင်မှု ပေးနိုင်သည်သာ ဖြစ်ပေသည်။

အစ္စလာမ်၏ ရည်ရွယ်ချက်မှာ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

اَلَّذِيْنَ اِنْ مَّكَّنّٰهُمْ فِى الْاَرْضِ اَقَامُوا الصَّلٰوةَ
وَاٰتَوُا الزَّكٰوةَ وَاَمَرُوْا بِالْمَعْرُوْفِ وَنَهَوْا عَنِ الْمُنْكَرِ

قرآن (٢٢:٤١)

"အကြင်သူများကား၊ ငါအသျှင်မြတ်သည် တိုင်းပြည်တွင် ၎င်းတို့အား အာဏာပေးတော်မူက၊ ၎င်းတို့သည် ဆွလာတ်ဝတ်ပြုကြပေမည်၊ ဇကာတ်ပေးဆောင်ကြပေမည်၊ ကောင်းရာကို ညွှန်ကြပေမည်၊ မကောင်းရာကို တားကြပေမည်။"

ကုရ်အာန်(၂၂း၄၁)

ထို့အတွက်ကြောင့်ပင် မွတ်စလင်မ်တိုင်းသည် ဓမ္မကထိကလည်း ဖြစ်နိုင်သည်၊ အရေးယူစစ်ဆေးသော အရာရှိလည်း ဖြစ်နိုင်သည်၊ သာသနာ့ ခေါင်ဆောင်လည်းဖြစ်နိုင်သည်၊ အစ္စလာမ်ဥပဒေဆိုင်ရာ ပါရဂူလည်းဖြစ်နိုင်ပေသည်။

အစ္စလာမ် သာသနာမထွန်းကားမီ အမိုက်ခေတ်တွင် ပညာရေးသည် အဘယ်မျှနိမ့်ကျနေခဲ့သည်ဆိုလျှင် ဂုဏ်အသရေရှိ ပုဂ္ဂိုလ်များသည်ပင် ရေးခြင်း၊ ဖတ်ခြင်းကို အပြစ်ဟူ၍ ယူဆနေခဲ့ကြ၏။ ယခုမူ အစ္စလာမ်၏ ကျေးဇူးကြောင့် အိမ်တိုင်း လိုလိုမှာပင် ရေးတတ်၊ ဖတ်တတ်သူများ ပေါ်ထွန်းလာခဲ့ကြ၏။ အိမ်တိုင်းလိုလိုမှာပင် အစ္စလာမ့်ဓမ္မသတ်၊ တမန်တော်မြတ်၏ ဟဒီဆ်တော်များ၊ ကုရ်အာန်ကျမ်းလာ မုကမ္ဘပါဠိတော်များနှင့်စပ်လျဉ်း၍ အနည်းနှင့်အများ တတ်မြောက်သူများရှိနေကြ၏။ မဒီနာမြို့ရှိ မွတ်စလင်မ်များ အတွက် အစ္စလာမ် ရေးရာကို သင်ကြားဆည်းပူးရန် အခွင့်အလမ်းများ ရှိနေသော်လည်း၊ ရပ်ဝေး နေ မွတ်စလင်မ်များ အဘို့မှာကား ယင်းသည့် အခွင့်အလမ်းများ မရှိပေ။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် မျိုးနွယ်တိုင်း၊ အုပ်စုတိုင်းမှ အချို့ ပုဂ္ဂိုလ်များ မဒီနာမြို့သို့ လာရောက် ပညာဆည်းပူးရန်အတွက် မသင်မနေရ အမိန့်တရပ်ထုတ်ပြန်တော်မူခဲ့၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်း မြတ်တွင် အောက်ပါအတိုင်း မုကမ္ဘပါဠိတော်လာရှိ၏။

وَمَا كَانَ الْمُؤْمِنُونَ لِيَنْفِرُوا كَافَّةً فَلَوْلَا نَفَرَ مِنْ
كُلِّ فِرْقَةٍ مِنْهُمْ طَائِفَةٌ لِيَتَفَقَّهُوا فِي الدِّينِ
وَلِيُنْذِرُوا قَوْمَهُمْ إِذَا رَجَعُوا إِلَيْهِمْ لَعَلَّهُمْ
يَحْذَرُونَ ۝ (9:122)

"မွတ်စလင်မ်အားလုံးတို့သည် (မဒီနာမြို့သို့) ခရီးထွက်လာရန် မဖြစ်နိုင်ပေ။ သို့ဖြစ်လျှင် မျိုးနွယ်တိုင်းမှ လူတစုသည် အစ္စလာမ်ရေးရာများကို ဆည်းပူးရန် ထွက်လာသင့်ပေသည်။ ထို့နောက် မိမိတို့၏အမျိုးသားများထံသို့ ပြန်သွားပြီး သတိပေးနိုင်ကြပေမည်၊ ယင်းသို့ဖြင့် ၎င်းတို့သည် မကောင်းမှုများမှ ကြဉ်ရှောင်နိုင်ကြပေမည်။"

ကုရ်အာန် (၉း၁၂၂)

ပညာသင်ကြားရေးနှင့်ပြုစုပျိုးထောင်ပေးရေး။

အစ္စလာမ်သည် အုပ်စုကြီးတခုဖန်တီးလို၏၊ ယင်းအုပ်စုသည် အစ္စလာမ်နှင့် ပတ်သတ်သည့်အမိန့်၊ ပညတ်အရပ်ရပ်ကို နားလည်ရုံသာမက တမန်တော်မြတ်ထံတော်ပါးတွင် နေ့ညဥ့်မပြတ်နေထိုင်ပြီး၊ လက်တွေ့ပညာ ဆည်းပူးပြီး အစ္စလာမ်က ပုံသွင်းလိုသည့်အစ္စလာမ်၏သရုပ်သကန်များ၊ အစ္စလာမ်၏စံနမူနာ ပေါ်ထွန်းလာစေလို၏။ ဤသို့ဖြင့် ယင်းအုပ်စု၏ အပြောအဆို အကျင့်အမူ၊ အနေ အထိုင်၊ အတွေးအခေါ်များတွင် တမန်တော်မြတ်၏ သင်ကြားပြသ၊ ဆိုဆုံးမမှု တည်းဟူသော အစ္စလာမ့်အရောင်သည် ဟပ်၍ ဟပ်၍ နေပေမည်၊ သို့အားဖြင့် ၎င်းတို့သည် တိုင်းပြည်နှင့် လူမျိုးအတွက် အတုယူစရာ စံနမူနာကောင်းများ ဖြစ်လာကြပေမည်။ ထို့အတွက်ကြောင့်ပင် မျိုးနွယ်တိုင်းမှ လူတစုသည် တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့၏၊ အစ္စလာမ့်ရေးရာများကို လက်တွေ့ဆည်းပူးခဲ့၏။

သာဝကကြီး ဣဗ်နု အဗ်ဗါစ်က အောက်ပါအတိုင်း ပြောပြခဲ့ဘူးသည်။

كان ينطلق من كل حي من العرب عصابة فيأتون
النبي صلى الله عليه وسلم فيسألونه عما يريدون
من امر دينهم ويتفقهوا في دينهم -

အရပ်မျိုးနွယ်တိုင်းမှ အဖွဲ့အသီးသီးသည် တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့၏၊ မိမိတို့၏ သာသနာရေးနှင့် ပတ်သက်၍ သိလိုသည့်အချက်များကို တမန်တော်မြတ်အား မေးမြန်းခဲ့၏၊ ဘာသာရေးဆိုင်ရာ ပညာဗဟုသုတများကို ဆည်းပူးခဲ့၏။

တမန်တော်မြတ်သည် အစ္စလာမ်သာသနာပြု ပုဂ္ဂိုလ်များကို အာရေဗျပြည်နှင့်အဝှန်း၊ မြို့ရွာ အသီးသီးသို့ အထူးသဖြင့် မြို့စွန် မြို့ဖျားများသို့ စေလွှတ်တော်မူခဲ့၏၊ မြို့စွန် မြို့ဖျားများတွင် နေထိုင်လျက်ရှိသောသူများအား မိမိတို့ရပ်ရွာစွန့်လွှတ်ပြီး၊မဒီနာမြို့တွင်လာရောက်နေထိုင်ရန်အတွက် တိုက်တွန်းနှိုးဆော်ပေးရန်လည်း မှာကြားလွှာတ်တော်မူခဲ့၏။ ဤကား 'ဟိဂျ်ရတ်' ပင်။ ဤသို့ဖြင့်

'ဗိုင်အတိ'သစ္စာဆိုမှုသည် နှစ်မျိုး နှစ်စား ဖြစ်လာခဲ့၏။ (၁)ဗိုင်အတ်အအ်ရာဗီ၊ (၂) ဗိုင်အတ် ဟိဂ်ုရတ်၊ (၃) ဗိုင်အတ် အအ်ရာဗီ ဟူသည်၊ မဒီနာမြို့တွင် ရက်အနည်းငယ်လာရောက်နေထိုင်၍၊ ပညာဆည်းပူးရန်အတွက် အရပ်တောကျေးသားများပြုလုပ်သော ဗိုင်အတ်ကိုဆိုလိုသည်။

'မုဒ်တဆွရ် မုရျကိုလုလ်အာဆာရ်'ကျမ်းတွင် ရေးသားဖော်ပြထားသည်မှာ အွက်ဗဟ်ဂျုဟနီ အစ္စလာမ်သို့ ကူးပြောင်းလာသည့်အခါ၊ တမန်တော်မြတ်က ၎င်းအား "အသင်သည် ဗိုင်အတ်ဟိဂျ်ရတ်လုပ်မည်လော၊ သို့မဟုတ် ဗိုင်အတ်အအ်ရာဗီလုပ်မည်လော" ဟု မေးမြန်းတော်မူခဲ့၏၊ ထို့နောက် ကျမ်းပြုပုဂ္ဂိုလ်က ဆက်လက်ရေးသားသည်မှာ-"ဗိုင်အတ် ဟိဂျ်ရတ်" လုပ်လျှင် ပညာဆည်းပူးရန်အတွက် တမန်တော်မြတ်ထံတော်ပါးတွင် အမြဲတစေနေထိုင်ရန်မှာ တာဝန်ဖြစ်လာ၏။ ဗိုင်အတ် အအ်ရာဗီ ပြုလုပ်ရာတွင် ဤတာဝန် မရှိချေ။

ထို့အတွက်ကြောင့်ပင် အရပ်မျိုးနွယ် အသီးသီးမှ များစွာသော မိသားစုများသည် မိမိတို့၏ အိုးအိမ်များကိုစွန့်လွှတ်ပြီ မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြ၏၊ သာဝကကြီး အဗူမူစာ အရှ်အရီ မဒီနာမြို့သို့ ရွှေ့ပြောင်းလာသည့်အခါ ၎င်းနှင့်အတူ ပုဂ္ဂိုလ်(၁၀)ယောက်အတူ လိုက်ပါလာခဲ့၏။ မဒီနာမြို့မှာပင်ရိုးမြေကျနေထိုင်သွားခဲ့ကြ၏။

မဒီနာမြို့တွင် ဂျုဟိုင်နဟ် ....စသည့်မျိုးနွယ်များအတွက်ပလီများ အသီးသီးရှိနေခဲ့၏၊ အမှန်မှာ ယင်းမျိုးနွယ်များသည် မဒီနာမြို့တွင် ရွှေ့ပြောင်းလာရောက်နေထိုင်သော မျိုးနွယ်များ ဖြစ်ခဲ့ကြ၏၊ တမန်တော်မြတ်၏ ပလီတော်မှာ မွတ်စလင်မ်အားလုံးအတွက် မလုံလောက်ခဲ့ပေရာ၊ အခြေအနေအရ မလွှဲမရှောင်သာ ပလီများအသီးသီး ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပေသည်။

## ပညာပေးရေး နည်းလမ်းများ

၁။ ပညာပေးနည်းလမ်းတရပ်မှာ အချို့မွတ်စလင်မ်များသည် မဒီနာမြို့တွင် အခြေအနေအရ ရက်သတ္တ၂-ပတ်၊ ၃-ပတ်သာ နေထိုင်နိုင်ကြ၏၊ ယင်းသို့သော ပုဂ္ဂိုလ်များအား တမန်တော်မြတ်သည် အစ္စလာမ်ရေးရာနှင့် ပတ်သက်၍ အရေးကြီးသော အချက်များကိုသာ သင်ကြားပေးတော်မူ၏၊ ထိုသို့သော ပုဂ္ဂိုလ်များသည် မိမိတို့မျိုးနွယ်ဝင်များထံသို့ ပြန်ရောက်ကြသည့်အခါ၊ မိမိတို့သင်ကြား ဆည်းပူးလာခဲ့သော အစ္စလာမ်နှင့် ပတ်သက်၍ အရေးကြီးသော အချက်များကို မိမိတို့၏ မျိုးနွယ်ဝင်များအား ထပ်ဆင့် သင်ကြားပေးကြ၏။

ဥပမာ တခါသော် 'မာလိက် ဣဗ်နု ဟုဝိုင်ရိဆ်'သည် မိမိမျိုးနွယ်၏ သံအဖွဲ့ကို ဦးဆောင်ကာ တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့၏။ မဒီနာမြို့တွင် ရက်(၂၀) နေ၏။ အစ္စလာမ်နှင့်ပတ်သက်၍ အရေးကြီးသော အချက်အလက် များကို သင်ကြား၏။ ပြန်သွားသည့်အခါ တမန်တော်မြတ်က ၎င်းတို့အား အောက်ပါအတိုင်း မှာကြားတော်မူလိုက်၏။

اِرْجِعُوا اِلَى اَهْلِيْكُمْ فَعَلِّمُوْهُمْ وَمُرُوْهُمْ وَصَلُّوْا كَمَا
رَاَيْتُمُوْنِيْ اُصَلِّيْ،

(بخاری، باب رحمة البهائم)

အသင်တို့သည် မိမိတို့၏ သားချင်းများထံသို့ ပြန်ကြ၊ ၎င်းတို့အား အစ္စလာမ် ရေးရာများကို သင်ကြားပေးကြ၊ ကျွန်ုပ် ဆွလာတ် ဝတ်ပြုသည်ကို အသင်တို့အမြင်ပင်၊ အသင်တို့သည် ကျွန်ုပ်တို့ ဆွလာတ် ဝတ်ပြုသကဲ့သို့ ဝတ်ပြုကြ။

(ဗူခါရီကျမ်း)

(၂) (အထက်တွင် ဖေါ်ပြပါ ပညာပေးနည်းမှာ ရက်တိုပညာပေးနည်းဖြစ်၏) အခြား ပညာပေးနည်းတရပ်မှာ ရက်ရှည် ပညာပေးနည်းပင်ဖြစ်၏။ အချို့ မွတ်စလင်မ်များသည် မဒီနာမြို့တွင် ယာယီမဟုတ်၊ အမြဲတစေ နေထိုင်သွားခဲ့ကြ၏။ ယင်းသို့ အမြဲတစေ နေထိုင်သော ပညာတော်သင်များအတွက် တမန်တော်မြတ်သည် မိမိပလီတော်အနီးတွင် 'ဆုဖ်ဖာ'ခေါ် ကနားဖြင်းတခု တည်ဆောက်ထားတော်မူ၏။ ထိုသည့် ကနားဖြင်းတွင် များသောအားဖြင့် လောကီရေးရာများကို စွန့်လွှတ်ပြီး သာသနာ့ ကျင့်စဉ် ကျင့်ရပ်များကို အမြဲတစေ ကျင့်သုံးကာ သာသနာရေးရာ ပညာများကို ဆည်းပူးသော ပုဂ္ဂိုလ်များ နေထိုင်လေ့ရှိခဲ့ကြ၏။ တနည်းအားဖြင့် အဆိုပါ ကနားဖြင်းသည် အစ္စလာမ့် သင်တန်းပင် ဖြစ်သည်။

တရက် တမန်တော်မြတ်သည် ပလီတော်သို့ကြွလာတော်မူခဲ့၏။ ထိုအခါချိန်တွင် ပလီတော်အတွင်း၌ အုပ်စု နှစ်ခုကို တွေ့မြင်တော်မူ၏။ အုပ်စုတခုမှာ အလ္လာဟ်အသျှင်မြတ်အား အောက်မေ့ တသလျက်ရှိ၏။ အခြား အုပ်စုတခုမှာ ပညာဆည်းပူးလျက် ရှိ၏။ တမန်တော်မြတ်သည် ပညာဆည်းပူးလျက်ရှိသော အုပ်စုရှင့် သွားရောက် ထိုင်တော်မူ၏။

တမန်တော်မြတ်လက်ထက်တွင် ယင်းသို့ ပညာ ဆည်းပူးသော ပညာတော်သင်များအား 'ကာရီ' 'ကုရ်ရာအ်'ဟူ၍ ခေါ်ဆိုလေ့ရှိခဲ့ကြ၏။ တမန်တော်မြတ်၏ ဩဝါဒတော်ဆိုင်ရာ ကျမ်းကြီးများတွင်လည်း ဤအမည်ကိုမင် တွေ့ရှိရပေသည်။

တခါက 'အုရိုင်နဟ်' မျိုးနွယ်ဝင်များသည် တမန်တော်မြတ်ထံ ရောက်ရှိလာပြီး ၎င်းတို့၏ မျိုးနွယ်ဝင်များအား အစ္စလာမ်ရေးရာ များကို သင်ကြား ပို့ချပေးနိုင်ရန်၊ အချို့ ပညာရှင်များအား စေလွှတ်ပေးတော်မူရန် မေတ္တာရပ်ခံကြ၏။ တမန်တော်မြတ်သည် ၎င်းတို့၏ မေတ္တာရပ်ခံချက်အရ ပညာရှင်အချို့အား စေလွှတ်ပေးတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့သည် နည်းပရိယာယ်ဆင်ပြီး အဆိုပါ ပညာရှင်များအား လမ်းခရီးတွင် လုပ်ကြံသတ်ဖြတ်လိုက်ကြ၏။ ယင်းပညာရှင်များသည် အဆိုပါ ကနားဖြင်း၊ တနည်း အဆိုပါ အစ္စလာမ်သင်တန်းမှ သင်တန်းဆင်းများပင် ဖြစ်ခဲ့ကြ၏။ တမန်တော်မြတ်၏ ဩဝါဒတော်ဆိုင်ရာ ကျမ်းကြီးများတွင် ယင်းပညာရှင်များအား 'ကုရ်ရာအ်' ဟူ၍ပင် ရေးသား ဖေါ်ပြထားသည်ကို တွေ့ရှိရပေသည်။ အစ္စလာမ့် သင်တန်းသားများအနက် တဦးတယောက်သည် အိမ်ထောင်ပြုပါက အဆိုပါ သင်တန်းမှ ထွက်ရပေသည်။ ၎င်း၏နေရာတွင် အခြား ပုဂ္ဂိုလ်များ ဝင်လာကြပေသည်။

အဆိုပါကနားဖြင်း အစ္စလာမ့်သင်တန်းတွင် နေဆိုင်ကြသော ပုဂ္ဂိုလ်များသည် အလွန် ဆင်းရဲနွမ်းပါးခဲ့ကြ၏။ အချို့ဌအဝတ်အစားပင် စုံစုံလင်လင် မရှိခဲ့ပေ။ အချို့သည် အင်္ကျီ၊ ပုဆိုးတစုံပင် မရှိသည့်အတွက် စောင်ပိုင်းတပိုင်းကို လည်ပင်းတွင် ချည်၍ ဒူးခေါင်းအထိ ချထားခဲ့ကြ၏။ ထိုမျှ ဆင်းရဲကြသော်လည်း ထိုပုဂ္ဂိုလ်များသည် ခြေ၊ လက်၊ ချိုး၍ထိုင်မနေခဲ့ကြပေ၊ သူတပါးတို့၏ ပေးကမ်းမှုကိုမှီခိုမနေခဲ့ကြပေ။ မိမိတို့ကိုယ်တိုင် တောသွားပြီး ထင်းခွေကြသည်။ ရရှိသော ထင်းများကို ရောင်းချပြီး တဝက်ကို လှူဒါန်းကြသည်။ ကျန်တဝက်ကို ဘဝတူချင်း ခွဲဝေ သုံးစွဲကြသည်။ ထိုသည့်အတွက်ကြောင့်ပင် ၎င်းတို့အတွက် သင်တန်းအချိန်ကို ညဥ့်ဘက် သတ်မှတ်ထားခဲ့ရပေသည်။

အဆိုပါ အစ္စလာမ့် သင်တန်းတွင် ပညာပို့ချသော ဆရာများတွင် သာဝကကြီး အုဗါဒဟ် ဗ္ဗန်နု ဆွာမိတ်လည်း ဆရာတပါး အပါအဝင်ဖြစ်ခဲ့၏။ အဆိုပါ သာဝကကြီး ကျော်ကြားသော ပညာရှင်တဦးဖြစ်ခဲ့၏။ သမတကြီး အုမရ်သည် မိမိအုက်ထက်တွင် အဆိုပါ သာဝကကြီးအား အစ္စလာမ့်ရေးရာ

ပညာရပ်များ ပို့ချရန် ပဲလစ်တိုင်းသို့ စေလွှတ်ခဲ့၏။ အဆိုပါ သာဝကကြီးက မိမိအကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့ဘူးသည်။

وعلّمت ناسا من اهل الصُّفّة القرآنَ والكتابَ
فَاَهْدَى اِلَيّ رَجُلٌ منهم قَوْسًا

ابو داؤد - ج - ٢ ص ١٢٩

ကျွန်ုပ်သည် ဆုဖ်ဖဟ်-- ကနားဖြင်း သင်တန်းသားများ အနက် အချို့ကို ကုရ်အာန်ကျမ်းမြတ်နှင့် အရေး အဖတ် သင်ပေးခဲ့၏။ ထို့အတွက် ၎င်းတို့အနက် တဦးက ကျွန်ုပ်အား တူးလေးတလက် လက်ဆောင်ပေးဘူး၏။

အဗူဒါဝုဒ်ကျမ်း၊ အတွဲ(၂)၊ စာမျက်နှာ (၁၂၉)

အဆိုတရပ်အရ တမန်တော်မြတ်သည် သာဝကကြီး အုဗါဒဟ်အား အဆိုပါလက်ဆောင်ကို လက်ခံခွင့်ပြုတော် မမူခဲ့ပေ။

အဆိုတရပ်အရ ဖေါ်ပြပါ 'ဆုဖ်ဖဟ်' သင်တန်းအပြင် မဒီနာမြို့တွင် အခြားသင်တန်းတခုလည်း ရှိကြောင်းသိရှိရသည်၊ အဆိုပါ သင်တန်းသို့ 'ဆုဖ်ဖဟ်' သင်တန်းမှ ပညာတော်သင်များသည် ညဥ့်အချိန်သွားရောက် ပညာဆည်းပူးကြ၏။

သာဝကကြီး အနတ်စ်က ပြောပြသည်မှာ-- ဆုဖ်ဖဟ်သင်တန်း သားများအနက် ပညာတော်သင် (၇၀) သည် ညဥ့်အချိန်တွင် ဆရာတဦးထံ သွားရောက်ပြီး မိုးလင်းသည်အထိ ပညာဆည်းပူး လေ့ရှိခဲ့ကြပေသည်။

(မုစ်နဒ်အိမာမ် ဧလ္ဗ်နူ ဟန်ဗလ်)

အထက်တွင် ရေးသား ဖေါ်ပြခဲ့သည့်အတိုင်း အာရေဗျပြည်တွင် အရေး အဘတ် အလွန်နည်းပါးခဲ့၏။ အစ္စလာမ်ပေါ်ထွန်းလာသည့်အခါ အရေးအဘတ် ပညာကိုလည်း တပါတည်းယူဆောင်လာခဲ့၏၊ ထိုအချိန်တွင် ကုရ်အာန်ကျမ်းလာ မုက္ခပါဌ်တော်များကို စံနစ်တကျ ရေးမှတ်ထားရန် တာဝန်မှာ အရေးအကြီးဆုံး

တာဝန်ကြီးတရပ်ပင် ဖြစ်နေခဲ့၏။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် အရေးအဘတ်ပညာကိုသင်ကြားပေးနိုင်ရန် အထူးကြိုးပမ်းတော်မူခဲ့၏။ ဗဒ်ရ်စစ်ပွဲအကြောင်းတွင် ပါရှိသည့်အတိုင်း တမန်တော်မြတ်သည် လျော်ကြေးမပေးဆောင်နိုင်သော စစ်သုံ့ပန်းများအား လျော်ကြေးအစား မဒီနာမြို့ရှိ ကလေးများအား အရေးအဘတ် သင်ကြားရန် တာဝန်ပေးတော်မူခဲ့၏။

အထက်တွင် ဖေါ်ပြပါ အဗူဒါဝူဒ်ကျမ်းလာစကားရပ်များကိုထောက်ရှုခြင်းအားဖြင့်လည်း၊ ဆုဖ်ဖဟ်သင်တန်းသားများအား အရေးအဘတ် အတတ်သင်ကြားပေးကြောင်း သိရှိရ၏၊ အထူးသဖြင့် သာဝကကြီးအုဗါဒဟ်သည် သင်တန်းသားများအား ကုရ်အာန်ကျမ်းလာ မုက္ခပါဌ်တော်များကို စံနစ်တကျရေးမှတ်နည်းကိုလည်း သင်ကြားပေးလေ့ရှိခဲ့ပေသည်။

**ပလီများ တည်ဆောက်ခြင်း။**

တမန်တော်မြတ်သည် ဂုဏ်ပကာသနကို အလွန်ပင်ရှုံ့မုန်းတော်မူ၏၊ ထို့အတွက် ပလီတည်ဆောက်ရာတွင် ငွေကြေး အမြောက်အများ ကုန်ကျသည်ကို နှစ်သက်တော်မမူခဲ့ပေ။ သို့တစေလည်း အစ္စလာမ့်လှုပ်ရှားမှု အရပ်ရပ်တို့၏ အဓိက ရည်ရွယ်ချက်မှာ- အလ္လာဟ်အသျှင်မြတ်အား ကိုးကွယ်ခြင်း၊ ဂုဏ်တော်မွမ်းခြင်းပင်ဖြစ်၏၊ မျိုးနွယ်အသီးသီးတွင်လည်း အခြေအနေအရ ပလီတည်ဆောက်ရန်လိုလာခဲ့၏။ ထို့ပြင်တဝ ပလီများသည် နေ့စဉ်ငါးကြိမ်ဆွလာတ်ဝတ်ပြုရန်အတွက်သာ မဟုတ်ပေ၊ အမှန်မှာ ပလီများတွင် ရပ်ကွက်ရှိမွတ်စလင်မ်များသည် တနေ့လျှင်ငါးကြိမ် အချင်းချင်းတွေ့ဆုံခွင့်၊ ရင်းနှီးခွင့်၊ သို့တွေ့ဆုံခြင်းဖြင့် ပြဿနာများ ဖြေရှင်းခွင့်များအပြင် အခြားမြောက်မြားစွာသောသာသနာရေး၊ လူမှုရေးကိစ္စများ ဆောင်ရွက်ခွင့်လည်း ရရှိပေသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် မွတ်စလင်မ်များအား (ဂျမာအတ်) နှင့် စုပေါင်းဝတ်ပြုရန် လေးလေးနက်နက် အမိန့်ပေးတော်မူခဲ့ခြင်းဖြစ်ပေသည်။

မဒီနာမြို့တွင် များစွာသော မျိုးနွယ်များ နေထိုင်လျက် ရှိခဲ့ကြ၏။ မျိုးနွယ်တိုင်းသည် များသောအားဖြင့် ကိုယ့်အရပ်နှင့်ကိုယ်နေထိုင်လေ့ရှိခဲ့ကြ၏ ထို့အတွက် အခြေအနေအရ ရပ်ကွက်တိုင်းလိုလိုမှာပင် ပလီများ အသီးသီး ပေါ်လာခဲ့ပေသည်။

တမန်တော်မြတ် လက်ထက်တော်မှာပင် မဒီနာမြို့တွင် ပလီ (၉) လုံး ရှိခဲ့၏၊ ယင်းပလီများတွင် အသီးသီး မွတ်စလင်မ်များသည် 'ဂျမာအတ်'

စုပေါင်း၍ ဆွလာတ်ဝတ်ပြုလေ့ရှိခဲ့ကြ၏။ ယင်းပလီများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဗန္ဓူအမ်ရ်ပလီ၊
၂။ ဗန္ဓူစာအိဒဟ်ပလီ၊
၃။ ဗန္ဓူအဗီဒ် ပလီ၊
၄။ ဗန္ဓူစလမဟ်ပလီ၊
၅။ ဗန္ဓူရာအဂ်ျပလီ၊
၆။ ဗန္ဓူဇုရိုက်ပလီ၊
၇။ ဿိဖါရ်ပလီ၊
၈။ အတ်စ်လမ်ပလီ၊
၉။ ဂျုဟိုင်နဟ်ပလီ၊

အထက်တွင် ဖေါ်ပြပါ ပလီများအကြောင်း အဗူဒါဝူဒ်ရေး-ကိတာဗုလ်မရာစီလ်တွင် ပါရှိသည်။ အခြား အဆိုများအရ အထက်ပါ ပလီများအပြင် အောက်တွင် ဖေါ်ပြပါ ပလီများလည်း ရှိနေခဲ့ကြောင်း သိရှိရသည်။

၁၀။ ဗန္ဓူခုဒ်ရဟ်ပလီ၊
၁၁။ ဗန္ဓူအုမိုင်ယဟ်ပလီ၊ (အန်ဆွာရ် မျိုးနွယ်စု)
၁၂။ ဗန္ဓူဗိယာဿဟ်ပလီ၊
၁၃။ ဗန္ဓူဟုဗ်လာပလီ၊
၁၄။ ဗန္ဓူအာဆွိယဟ်ပလီ၊
၁၅။ ဗန္ဓူဖိုင်ဆွလာ်ပလီ၊
၁၆။ ဗန္ဓူဒီနာရ်ပလီ၊
၁၇။ အဗိုင်ယံ့ ဤဗ်နု ကအ်ဗ်ပလီ၊
၁၈။ နာဗိဿဟ်ပလီ၊
၁၉။ ဤဗ်နု အဒီ ပလီ၊
၂၀။ ဟာရိဆိ ဤဗ်နု နဇ်ရအ်ပလီ၊
၂၁။ ဗန္ဓူဟိတ်တမဟ်ပလီ၊
၂၂။ ဖဿိဟ်ပလီ၊
၂၃။ ဗန္ဓူဟာရိဆဟ်ပလီ၊

၂၄။ ဗန္ဒုဇုဖရ်ပလီ၊
၂၅။ ဗန္ဒုအခ်ဒုလ်အရှ်ဟာလ်ပလီ၊
၂၆။ ဝါကင်မ်ပလီ၊
၂၇။ ဗန္ဒုမုအာဝိယဟ်ပလီ၊
၂၈။ အာတိကဟ်ပလီ၊
၂၉။ ဗန္ဒုကုရိုင်ဇ္ဇဟ်ပလီ၊
၃၀။ ဗန္ဒုဝါအီလ်ပလီ၊
၃၁။ ရှဂျရဟ် (သစ်ပင်)ပလီ။

အထက်တွင် ဖော်ပြပါ ပလီများအကြောင်း ဗုခါရီကျမ်းကြီး၏အဖွင့် အိုင်နီကျမ်း၊ အတွဲ(၂)၊ စာမျက်နှာ(၄၆၈)တွင် အသေးစိတ် တွေ့ရှိရပေသည်။

အစ္စလာမ် ပျံ့ပွားလာခဲ့သည်နှင့်အမျှ အာရေဗျပြည်အဝှန်း၊ မြို့ရွာတိုင်းတွင် ပလီများအသီးသီး ပေါ်လာခဲ့၏။ ယင်းပလီများတွင် "မုအဇ္ဇင်န်" ခေါ် အစ္စလာမ့် သံတော်ဆင့်များသည် တနေ့လျှင် ငါးကြိမ် အလ္လာဟ် နာမတော်ကို တသ ဟစ်ကြွေးကြ၏။

တမန်တော်မြတ်သည် စစ်ချီထွက်တော်မူရာတွင် မြို့ရွာတခုသို့ရောက်လျှင် တညဉ့်လုံး စောင့်ဆိုင်းနေတော်မူလေ့ရှိခဲ့၏။ နံက်အရုဏ်ချိန်တွင် 'အဇာန်'ဆိုသံ ကြားရပါက တိုက်ခိုက်တော်မူလေ့ မရှိခဲ့ပေ။ တကြိမ်သော် တမန်တော်မြတ် သည် စစ်ချီထွက်တော်မူစဉ် တနေရာတွင် "အလ္လာဟု အတ်က်ဗရ်"ဟူသော အသံကိုကြားတော်မူလိုက်ရာ တမန်တော်မြတ်က "ဤသည် သဘာဝ သက်သေခံ ချက်ဖြစ်သည်"ဟု မိန့်ကြားတော်မူလိုက်၏။ ထို့နောက် "အရှ်ဟဒု အန်လာအိ လာဟ- အစ်လ္လလ္လာဟ်"ဟူသော အသံကို ကြားလိုက်ရပြန်ရာ တမန်တော်မြတ် က- "ငရဲမီးဘေးမှ လွတ်မြောက်မည်"ဟု မိန့်ကြားတော်မူလိုက်၏။ ထိုအခါ သာဝကကြီးများသည် အရပ်လေးမျက်နှာသို့ကြည့်ရာ ဆိတ်ကျောင်းသမား တယောက်၏အသံဖြစ်ကြောင်းသိရှိရလေသည်။ တမန်တော်မြတ်သည် မွတ်စ လင်မ် စစ်သည်အာလုံးကိုလည်း ဤ အတိုင်း အမိန့်ပေးထားတော်မူခဲ့၏။ တခါသော် တမန်တော်မြတ်သည် စစ်တပ်တဘာပ်ကို စေလွှတ်တော်မူသည့်အခါ အောက်ပါ အတိုင်း မှာကြားတော်မူလိုက်၏။

اذا رأيتم مسجداً او سمعتم صوتاً فلا تقتلوا احداً

(ابو داود، كتاب الجهاد)

အသင်တို့သည် ပလီကို မြင်ကြလျှင် သို့မဟုတ် 'အဇာန်' ဆိုသံကို ကြားကြလျှင် မည်သူ့ကိုမျှ မသတ်ဖြတ်ကြနှင့်။

အထက် ဖော်ပြပါ ဖြစ်ရပ်များကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ် လက်ထက်တော်မှာပင် အစ္စလာမ်သည် မည်ရွေ့မည်မျှ ကျယ်ပြန့်သွားခဲ့ကြောင်း မြို့ရွာတိုင်းတွင် ပလီများ တည်ရှိကြောင်း၊ အာရေဗျပြည်အဝှမ်းတွင် နေ့စဉ် ငါးကြိမ် အလ္လာဟ်ဂုဏ်တော် ဟစ်ကြွေးလျက်ရှိကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

ထိုခေတ် ထိုအခါတွင် မွတ်စလင်မ်တို့သည် များသောအားဖြင့် ဆင်းရဲကြသည်ဖြစ်ရာ ပလီများကို အခြေအနေအရ အခိုင်အခန့် မတည်နိုင်ခဲ့ကြပေ၊ သာမန်သာ တည်နိုင်ကြခဲ့ပေသည်။ ထို့အတွက်ကြောင့် ယင်းပလီ အဆောက်အဦများသည် ကြာရှည်စွာ တည်မြဲမနေနိုင်ခဲ့ပေ။ အပြောင်းအလဲ ပျက်စီးယိုယွင်းသွားခဲ့ပေသည်။ သို့သော်လည်း နှစ်ရှည်လများ တည်ရှိနေခဲ့သော ပလီများ၏ အဆောက်အဦများကို ထောက်ရှုခြင်းအားဖြင့် အာရေဗျပြည်တွင် မည်သည့် မြို့ရွာတွင်မျှ ပလီမရှိဟူ၍ကား အလျင်းမရှိကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

အရပ်မျိုးနွယ်များအနက် ဗဟ်ရိုင်န်မှ အဗ်ဒုလ် ကိုက်စ်မျိုးနွယ်သည် အစ္စလာမ်သို့ ကူးပြောင်းလာပြီး ဖြစ်ခဲ့၏။ ထိုမျိုးနွယ်သည် ပလီဘလုံးတည်၏။ ဤပလီ၏ ထူးခြားချက်ဘရပ်မှာ အစ္စလာမ့် သမိုင်းတွင် တမန်တော်မြတ် ပလီတော်နောက် ဦးစွာပဌမ ဂျုမ်အဟ်၊ ဆွလာတ် ဝတ်ပြုသော ပလီမှာ အဆိုပါ အဗ်ဒုလ်ကိုက်စ် မျိုးနွယ်၏ ပလီပင် ဖြစ်ခဲ့ပေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ဗုခါရီကျမ်းကြီးတွင် အောက်ပါအတိုင်း ပါရှိပေသည်။

عن ابن عباس انه قال ان اوّل جمعة جُمِعَتْ
بعد جمعة فى مسجد رسول الله صلعم فى مسجد
عبد القيس بجواثى من البحرين،
بخارى، كتاب الجمعة

သာဝကကြီး အဗ်ဒုလ္လာဟ် ဣဗ်နု အဗ္ဗါစ်က ပြောပြသည်မှာ တမန်တော်မြတ် ပလီတော်နောက် ဦးစွာပဌမ ဂျုန်မ်အဟ် ဆွလာတ် ဝတ်ပြုသော ပလီမှာ ဗဟ်ရိုင်န် ပြည်နယ်၊ ဂျဝါဆီတွင် တည်ရှိသော အဗ်ဒုလ်ကိုက်စ် မျိုးနွယ်၏ ပလီပင် ဖြစ်သည်။
ဗုခါရီ၊ ဂျုန်မ်အဟ်အခန်း။

ထိုခါသော် တမန်တော်မြတ်သည် အာရှူရာနေ့တွင် မဒီနာမြို့၏ ပတ်ဝန်းကျင်၌ နေထိုင်လျက်ရှိသော အန်ဆွာရီရွာများရှိ ပလီများတွင် ကျေညာစေတော်မူခဲ့သည်မှာ "ယခုနေ့ (အာရှူရာနေ့) ဆွ ယာမ် ဥပုသ် ဆောက်တည်လျက်ရှိသော ပုဂ္ဂိုလ်များသည် ဥပုသ်အပြည့် ဆောက်တည်ကြရမည်။ ဆွ ယာမ် ဥပုသ် မဆောက်တည်သော သူများသည် ကျန်အပိုင်းတွင် ဥပုသ်နှင့်နေကြရမည်။ ယင်းသို့ကျေညာတော်မူပြီးနောက်ပိုင်းတွင် တပည့် သာဝကကြီးများသည် အာရှူရာနေ့တွင် အထူးတလည် ဥပုသ်စောင့်လေ့ရှိခဲ့ကြ၏။ မိမိတို့၏ ကလေး များအားလည်း ဥပုသ် စောင့်ခိုင်းလေ့ ရှိခဲ့ကြ၏။ အ ဘယ် မျှ ဆိုသော် ကလေးများကို အိမ်တွင်မထား၊ ပလီတွင် သွားရောက်ပို့ ထားလေ့ရှိခဲ့ကြ၏။ ကလေးများသည် ဥပုသ်စောင့်ရသည့်အတွက် ဆာလောင်ခြင်းကြောင့် ငိုကြွေးကြလျှင် သိုးမွေးဖြင့် ပြုလုပ်ထားသော အရုပ်ကလေးများဖြင့် ဖျော်ဖြေထားလေ့ရှိခဲ့ကြ၏။

ကြည့်-(မွတ်စလင်မ်ကျမ်း၊ အာရှူရာနေ့ ဥပုသ်စောင့်သည့်အခန်း)

တမန်တော်မြတ်သည် ခရီးသွားလာရာတွင် လမ်းခရီး၌ပင် ဆွလာတ် ဝတ်ပြုတော်မူလေ့ရှိခဲ့၏။ တပည့် သာဝကကြီးများသည် 'ဗရကတ်' မင်္ဂလာ ရှိစေရန်အလို့ငှာ တမန်တော်မြတ် ဆွလာတ်ဝတ်ပြုတော်မူသည့် နေရာများတွင် ပလီများ တည်လေ့ရှိခဲ့ကြ၏။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ဗုခါရီကျမ်းကြီးတွင် သီးသန့်အခန်းဖွင့်၍ အကျယ်တဝင့် ရေးသားဖော်ပြထားသည်ကိုပင် တွေ့ရှိရပေသည်။

ပညာရှင်ကြီး 'ဟာဖိဇ် ဍလဗ်နုဟာဂျရ်'သည် ယင်းသို့သော ပလီများကို အောက်ပါ အတိုင်း ရေတွက်ဖော်ပြထားခဲ့ပေသည်။

၁။ ကုဗါပလီ၊
၂။ ဖဆ္ဆိဟ်ပလီ၊
၃။ ကုရိုင်ဇ္ဇဟ်မျိုးနွယ်ပလီ၊
၄။ မုရှ်ရိဗဟ်အွမ္မုအိဗ်ရာဟီမ်ပလီ၊
၅။ ဇူဖရ်မျိုးနွယ်ပလီ၊
၆။ မုအာဝိယဟ်မျိုးနွယ်ပလီ၊
၇။ 'ဖတဟ်'ပလီ၊
၈။ ကိဗ်လတိုင်န်ပလီ။

**အိမာမ်– ပလီရှေ့ဆောင်ဆရာများ ခန့်အပ်တော်မူခြင်း။**

အမြို့မြို့ အရွာရွာတွင် ပလီများတည်ရှိလာသည်နှင့် အမျှ ပလီတိုင်းတွင် အသီးသီး(အိမာမ်)ပလီရှေ့ဆောင်ဆရာများ ခန့်အပ်ရန်လိုအပ်လာခဲ့၏။ တမန်တော်မြတ်သည် မျိုးနွယ်တခု၏ ပလီတွင် ရှေ့ဆောင်ဆရာ အဖြစ် အဆိုပါမျိုးနွယ်တွင် ကုရ်အာန်ကျမ်းမြတ်ကို အများဆုံး အာဂုဆောင်နိုင်သူအား ခန့်အပ်တော်မူလေ့ရှိခဲ့ပေသည်။ အစ္စလာမ်တွင် လူတန်းစားခွဲခြားမှု အလျင်းမရှိပေရာ၊ ဤ ပလီ ရှေ့ဆောင် ဆရာ ရာထူးတွင် ဆင်းရဲ၊ ချမ်းသာမရွေး၊ လွတ်လပ်သူ၊ ကျေးကျွန်မဟူ၊ ကြီးငယ်မခြား၊ အားလုံး အတူတူပင်။

တမန်တော်မြတ် ကြွလာတော်မမူမီအလျင် မဒီနာမြို့တွင် ရောက်ရှိနေခဲ့ကြသော မုဟာဂျိရ်များ၏ (အိမာမ်) ရှေ့ဆောင်ဆရာမှာ သာဝကကြီး အဗူဟုဇိုင်ဖဟ်က ကျွန်အဖြစ်မှ လွတ်မြောက်စေခဲ့သော 'စာလင်မ်' ပင် ဖြစ်ခဲ့၏။ ဤသို့ဖြင့် တမန်တော်မြတ်သည် တချိန်က သူ့ဘပါး ကျေးကျွန်ဖြစ်ခဲ့ဘူးသူများကို အရည်အချင်းရှိက မြှောက်စားတော်မူခဲ့သည်သာ ဖြစ်ပေသည်။

ထိုနည်းအတူ ဂျရမ်မျိုးနွယ် အစ္စလာမ်ကို လက်ခံလာသည့်အခါ– "အမ်ရ် ဍလ်နုစလမဟ်ဂျရမီ"သည် အသက်အရွယ်အားဖြင့် ခုနစ်နှစ်၊ ရှစ်နှစ်သားသာရှိခဲ့၏။ သို့ရာတွင် ယင်းမျိုးနွယ်တွင် ကုရ်အာန်ကျမ်းမြတ်ကို အများဆုံးအာဂုဆောင်နိုင်သူမှာ ၎င်းပင်ဖြစ်ခဲ့သည်၊ ၎င်းသည်ပင်(အိမာမ်)ရှေ့ဆောင်

ဆရာဖြစ်လာခဲ့ပေသည်။ ဤသို့ဖြင့် တမန်တော်မြတ်သည် ကြီးငယ်မဟူ အရည်အချင်းရှိသူအား မြှောက်စားတော်မူခဲ့သည် သာဖြစ်ပေသည်။

တမန်တော်မြတ်သည် (အိမာမ်) ပလီရှေ့ဆောင်ဆရာ ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အရည်အချင်းများကို သတ်မှတ်ထားတော်မူသည်။

عن ابى مسعود الانصارى، قال قال رسول الله صلعم
يؤم القوم أقرأهم لكتاب الله فإن كانوا فى القراءة
سواء فأعلمهم بالسنة فان كانوا فى السنة سواء
فأقدمهم هجرة فان كانوا فى الهجرة سواء فأقدمهم
سنا
(مسلم)

သာဝကကြီး 'အဗူမတ်စ်အူဒ် အန်ဆွာရီ'က ပြောပြသည်မှာ – တမန်တော်မြတ်က ဤသို့ မိန့်ကြားတော်မူ၏။ – "မျိုးနွယ်တခုတွင် ကုရ်အာန်ကျမ်းမြတ်ကို အများဆုံးအာဂုံဆောင်နိုင်သူ၊ ရွတ်ဖတ်နိုင်သူသည် ယင်းမျိုးနွယ်အား အိမာမ်အဖြစ်ရှေ့ဆောင်ရမည်။ အကယ်၍ ကုရ်အာန်ကျမ်းမြတ်တွင် အားလုံးတူညီနေကြပါက၊ တမန်တော်မြတ်၏ စွန္နတ်ကျင့်စဉ် ကျင့်ရပ်ကို အများဆုံးသိကျွမ်းသူက ရှေ့ဆောင်ရမည်၊ အကယ်၍ စွန္နတ်တွင် တူနေကြပါက 'ဟိဂျ်ရတ်' ပြုလုပ်ရာတွင် ရှေးအကျဆုံးသူက ရှေ့ဆောင်ရမည်၊ အကယ်၍ ဤအချက်တွင် တူညီနေကြပါက၊ အသက် အရွယ် အကြီးဆုံးဖြစ်သူက ရှေ့ဆောင်ရမည်"။

(မွတ်စလင်မ်ကျမ်း)

ပလီရှေ့ဆောင်ဆရာ မရွေးမြှောက်ရသေးသော မျိုးနွယ်တခု တမန်တော်မြတ်ထံရောက်ရှိလာပါက တမန်တော်မြတ်သည် "အသင်တို့တွင်ကုရ်အာန်ကျမ်းမြတ် အများဆုံး အာဂုံဆောင်နိုင်သူ မည်သူနည်း" ဟု မေးတော်မူ၏၊ ထိုသို့သော ပုဂ္ဂိုလ်ရှိပါက၊ သက်ဆိုင်ရာမျိုးနွယ်ဝင်များသည် အမည်ကို ပြောပြကြ၏။ တမန်တော်မြတ်သည် ထိုပုဂ္ဂိုလ်အား အိမာမ် အဖြစ်ခန့်အပ်တော်မူ၏။

ထွာအိဗ်မျိုးနွယ်၏ အိမာမ် 'အုဆ်မာန် ဂူဗ်နု အဗုလ်အာဆ်'သည် ဤအတိုင်ပင် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပေသည်။

(အိမာမ်) ပလီရှေ့ဆောင်ဆရာ ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်း၍၊ တမန်တော်မြတ် သတ်မှတ်ထားတော်မူသည့် အရည်အချင်းများနှင့် အညီ ပလီတိုင်းတွင် သက်ဆိုင်ရာပလီရှေ့ဆောင်အား ရွေးချယ်ရပေသည်။ သို့ရာတွင် အချို့မျိုးနွယ်တွင် တမန်တော်မြတ် ခန့်အပ် ထားတော်မူသော ဇကာတ် ကောက်ခံရေး အရာရှိများရှိကြလျှင် များသောအားဖြင့် ယင်းအရာရှိများသည်ပင် (အိမာမ်) ပလီရှေ့ဆောင်ဆရာ အဖြစ်လည်း ဆောင်ရွက်လေ့ရှိခဲ့ကြပေသည်။ သို့တစေလည်း မြို့ကြီးများတွင်မူ ဤရာထူးနှစ်ရပ်ကို ပုဂ္ဂိုလ် ၂-ဦး အသီးသီးခွဲခြား ဆောင်ရွက်လေ့ရှိခဲ့ကြပေသည်။ ဥပမာ အမွာန်တွင် သာဝကကြီး 'အမ်ရ် ဂူဗ်နု အာဆ်'သည် ဇကာတ်ကောက်ခံရေး အရာရှိဖြစ်ခဲ့၏။ (အိမာမ်) ပလီရှေ့ဆောင်ဆရာမှာ သာဝကကြီး 'အဗူဇိုက်ဒ် အန်ဆွာရီ'ဖြစ်ခဲ့၏။

ဤတွင် တမန်တော်မြတ်လက်ထက် (အိမာမ်)ပလီရှေ့ဆောင် ဆရာကြီးများအဖြစ် ဆောင်ရွက်ခဲ့ကြသော အချို့ပုဂ္ဂိုလ်များ၏ အမည်နှင့် ဌာနကို ဖော်ပြလိုပေသည်။

| အမည် | ဌာန | မှတ်ချက် |
|---|---|---|
| မွတ်ဆ်အဗ် ဂူမိနု အုမိုင်ရ်။ | မဒီနာ | တမန်တော်မြတ် မဒီနာသို့ကြွမလာမီ အန်ဆွာရီများတွင် (အိမာမ်) အဖြစ် ဆောင်ရွက်ခဲ့၏။ |
| စာလင်မ် မောင်လာ အဗီဟုဇိုင်ဖဟ်။ | မဒီနာ | တမန်တော်မြတ်မဒီနာသုံ့ကြွမလာမီ မုဟာဂျိရ်များတွင် အိမာမ် အဖြစ် ဆောင်ရွက်ခဲ့၏။ |
| ဂူမ်နို့ အွမ္မိ မတ်က်တူမ် | မဒီနာ | တမန်တော်မြတ်မဒီနာမြို့ ပြင်ပသို့ စစ်ပွဲများတွင် ကြွသွားတော်မူသည့် အခါ များစွာသော သာဝကကြီး များသည်လည်း တမန်တော်မြတ် |

နှင့်အတူ လိုက်ပါသွားလေ့ ရှိခဲ့ကြ၏။ သို့ရာတွင် သာဝကကြီး ဣဗ်န် အွမ့်မ ိ မတ်က်တူမ်သည် မျက်မမြင်ဖြစ်သည့်အတွက် မဒီနာမြို့တွင် ပင် နေလေ့ ရှိခဲ့၏။ ထို့အတွက် တမန်တော်မြတ်သည် ထိုအခါမျိုးတွင် ယင်း သာဝကကြီး အား အိမာမ် ခန့်၍ သွားတော်မူ လေ့ ရှိခဲ့၏။

အပ္ပုဗတ်က်ရ် ဆွ ိဒ်ဒီက် မဒီနာ

တမန်တော်မြတ်အကြောင်း တခုခု ကြောင့်ကြွမလာတော်မူသည့်အခါ တွင် အိမာမ်အဖြစ် ဆောင်ရွက် လေ့ ရှိခဲ့၏။

| | | |
|---|---|---|
| အွတ္တာဗါန် ဣဗ်န္ မာလိက် | စာလင်မ်မျိုးနွယ် | မိမိမျိုးနွယ်၏ အိမာမ်။ |
| မုအာဇ် ဣဗ်နု ဂျဗလ် | စလမဟ်မျိုးနွယ် | မိမိမျိုးနွယ်၏ အိမာမ်။ |
| အန်ဆွာရီတဦး | ကုဗာဗလီ | ။ |
| အမ်ရ် ဣဗ်နု စလမဟ် | ဂျဂမ်မျိုးနွယ် | ။ |
| အုစိုက်ဒ် ဣဗ်နု ယသိန္ဒရ် | ။ | ။ |
| အနုတ်ိစ် ဣဗ်နု မာလိက် | နဂျ်ရာဗ် မျိုးနွယ် | ။ |
| မာလိက် ဣဗ်နု ဟိုဝိုင်ရိဆ် | ။ | ။ |
| အတ္တာဗ် ဣဗ်နု အစီဒ် | မက္ကာမြို့တော် | ။ |
| အုဆ်မာန် ဣဗ်နု အဗုလ်အာဆ် | တွာအိဖ် | ။ |
| အပ္ပုဇိုက်ဒ် အန်ဆွာရီ | အမ္မာန် | ။ |

**'မုအဇ္ဇင်န်' သံတော်ဆင့်များ။**

တမန်တော်မြတ်သည် ပလီများတွင် များသောအားဖြင့် မုအဇ္ဇင်န်-သံတော်ဆင့်များကို ခန့်ထားတော်မူလေ့မရှိခဲ့ပေ။ သို့တစေလည်း ပလီကြီးများတွင်မူ သံတော်ဆင့်များအား စံနစ်တကျ ခန့်ထားတော်မူခဲ့ပေသည်။ ဥပမာ မက္ကာမြို့တော်နှင့် မဒီနာမြို့တွင် အောက်ပါအတိုင်း ခန့်ထားတော်မူခဲ့၏။

| | | |
|---|---|---|
| ဗိလာလ် ဏ္ဍဗ်နဲ့ ရဗ ါဟ် | မဒီနာ | တမန်တော်မြတ် ပ လီ တော် တွင် အမြဲတစေ သံတော်ဆင့် အဖြစ် ဆောင်ရွက်ခဲ့၏။ |
| အမ်ရ်ဏ္ဍဗ်နု အွမ္မိ– မှတ်က်တူ ကုရရှီ | ။ | ။ |
| စအ်ဒ် အာလ် ကုရ်တွ ် | မဒီနာ ဆင်ခြေဖုံး | ကုဗါ ပလီ သံတော်ဆင့်။ |
| အဗူမှခ်ဒူရဟ်– ဂျမ်ဟီ ကုရရှီ | မက္ကာမြို့တော် | အလ္လာဟ် ကျောင်းတော် သံတော်ဆင့် |

# အစ္စလာမ် ပြီးပြည့်စုံခြင်း

اَلْيَوْمَ اَكْمَلْتُ دِيْنَكُمْ وَاَتْمَمْتُ عَلَيْكُمْ نِعْمَتِيْ
وَرَضِيْتُ لَكُمُ الْاِسْلَامَ دِيْنًا۔

قرآن (۵:۳)

"ငါသည် ယနေ့ အသင်တို့၏ သာသနာကို ပြီးပြည့်စုံစေတော်မူလိုက်ပြီ၊ အသင့်တို့အပေါ် ငါ၏ ကျေးဇူးတော်ကိုလည်း ပြီးပြည့်ဝစေတော်မူလိုက်ပြီ၊ အသင်တို့အဘို့ အစ္စလာမ်ကို သာသနာအဖြစ် နှစ်သက်တော်မူပြီ"။

ကုရ်အာန် (၅:၃)

အထက်တွင် ရေးသား ဖော်ပြခဲ့သည့် တိုင်းရေး၊ ပြည်ရေးဆိုင်ရာ အစီအစဉ်များမှာ အစ္စလာမ်၏အဓိကအချက်များ မဟုတ်ပေ။ ယင်းသည့် အစီအစဉ်များမှာ တိုင်းပြည် ငြိမ်ဝပ် ငြိမ်းချမ်း သာယာဘို့၊ စုံနစ်တကျ စီမံ ကွပ်ကဲ အုပ်ချုပ်သည့် အစိုးရ ပေါ်ပေါက်လာဘို့သာ ဖြစ်သည်၊ သို့မှသာ မွတ်စလင်မ်များသည် မိမိတို့၏ သာသနာ့တာဝန်များကို အနှောင့်အရှက်ကင်းစွာ လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြပေမည်။

ဗုခါရီကျမ်းကြီးတွင် ပါရှိသည်မှာ ပုဂ္ဂိုလ် တဦးက သာဝကကြီး အဗ်ဒုလ္လာဟ် ဣဗ်နု အုမရ်အား အောက်ပါ မုက္ခပါဠ်တော်၏ အနက်သဘောကို မေး၏။

وَقَاتِلُوْهُمْ حَتّٰى لَا تَكُوْنَ فِتْنَةٌ وَّيَكُوْنَ الدِّيْنُ لِلّٰهِ

قرآن (۲:۱۹۳)

"အသင်တို့သည် ထိုကာဖိရ်များအား နှောင့်ရှက် ဖျက်ဆီးမှု မရှိသည့်တိုင်အောင်၊ သာသနာတော်သည် လုံးလုံးလျားလျား အလ္လာဟ်အသျှင်မြတ်အဘို့ ဖြစ်သွားသည့်တိုင်အောင် တိုက်ကြလော့။"

ကုရ်အာန် (၂:၁၉၃)

သာဝကကြီး အဗ်ဒုလ္လာဟ် ဣဗ်နု အုမရ်က– "ဤသည် တမန်တော်မြတ် လက်ထက်တော်တွင် ဖြစ်ခဲ့ပေသည်။ ထိုအချိန်တွင် အစ္စလာမ်သည် အားနည်းနေခဲ့၏။ လူများသည် အစ္စလာမ်ကို လက်ခံသည့်အတွက်ကြောင့်ပင် အမျိုးမျိုး အနှောင့်အရှက် ဖျက်ဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းများကို ခံခဲ့ကြရ၏။ သတ်ဖြတ်ခြင်းကိုပင် ခံခဲ့ကြရ၏။ ယခုသော် အစ္စလာမ်သည် တိုးတက်ကြီးပွား တောင့်တင်း ခိုင်မြဲသာချေပြီ။ မည်သည့် နှောင့်ရှက်ဖျက်ဆီးမှုမျှ မရှိတော့ပြီ"ဟု ဖွင့်ဟ လင်းပြခဲ့လေသည်။

ကြည့်–(ဗုခါရီ၊ စာ-၆၇၀၊ အန်ဖါလ်ကဏ္ဍအဖွင့်)

တမန်တော်မြတ် မက္ကာမြို့တော်မှ မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်တော်မူသည့် အချိန်မှစ၍ ရှစ်နှစ်တိုင်တိုင် ထိုမျှရှည်လျားသော အချိန်မှာ အဆိုပါ အနှောင့်အရှက်များ၊ နှိပ်စက်ညှဉ်းပန်းမှုများ၊ ရန်သူများ၏ ထိုးစစ်များကို ခုခံကာကွယ် တွန်းလှန်ရာတွင်၎င်း၊ တိုင်းပြည် ငြိမ်းချမ်းသာယာအောင် ပြုလုပ်ရာတွင်၎င်း၊ ကုန်ဆုံးသွားခဲ့ရပေသည်။ ထို့အတွက်ကြောင့်ပင် ရှည်လျားလှသော အဆိုပါ ရှစ်နှစ်အတွင်း အစ္စလာမ့်အမိန့် ပညတ်တော်များအနက် အချိန်မရွေး၊ ဌာနမရွေး ပေါ်လွင်နေခဲ့သည့် အရာမှာ 'ဂျိဟာဒ်' ခုခံ ကာကွယ်ရေး စစ်ပင်ဖြစ်ခဲ့ပေသည်။ ထို့အတွက်ကြောင့်ပင် သမိုင်းတွင် စစ်ပွဲများအကြောင်းကို ရှည်ရှည်လျားလျား အသေးစိတ် တွေ့ရှိရပေသည်။ ဆွလာတ် ဝတ်ပြုမှု၊ ဆွယာမ် ဥပုသ် ဆောက်တည်မှု၊ ဇကာတ် ပေးဆောင်မှုများနှင့် စပ်လျဉ်း၍ကား အနည်းငယ်သာ တွေ့ရှိရပေသည်။

ဤသို့ဖြစ်ရခြင်းအကြောင်းကား မပြောစကောင်း၊ အစ္စလာမ့် သမိုင်း ပြုစုသော ပညာရှင်များသည် အစ္စလာမ့်၏ အခြားအခြားသော သာသနာ့ ကျင့်စဉ် ကျင့်ရပ် များကို တန်ဘိုးမထားကြ၍မဟုတ်၊ အမှန်မှာ တိုင်းပြည် မငြိမ်မသက် ဖြစ်နေခဲ့သည့်အပြင် မွတ်စလင်မ်များသည် ရန်သူများ ဆင်နွှဲလာကြသော စစ်ပွဲများကိုနေ့မအားညမအား ခုခံကာကွယ် တွန်းလှန်နေခဲ့ကြသည့် အတွက် များစွာသော အစ္စလာမ့်ရေးရာအမိန့်၊ ပညတ်တော်များသည် အချိန်အတော် နောက်ကျပြီးမှ ကျရောက်လာခဲ့ပေသည်။ အချို့ကျရောက်ပြီး အမိန့်တော်များမှာလည်း အချိန်အတော်ကြာမှ တဖြည်းဖြည်း ပြီးပြည့်စုံ လာခဲ့ပေသည်။

ထိုသို့ တိုင်းပြည် မငြိမ်မသက် ဖြစ်နေစဉ်တွင် တိုင်းပြည် အုပ်ချုပ်မှု အပိုင်းဆိုင်ရာ အမိန့်ပညတ်တော်များသည် ကျရောက်မလာခဲ့ပေ။ ကျရောက်ရန်လည်း အကြောင်းမရှိသေးပေ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်အထိ အစ္စလာမ်၏အစိုးရပင် မပေါ်ပေါက်ခဲ့သေးပေ။ ထိုသည့်အချိန်ပိုင်းတွင် သာသနာရေးဆိုင်ရာအမိန့်၊ ပညတ်များသာလျှင် တဖြည်းဖြည်း အနည်းငယ်စီသာ ကျရောက်နေခဲ့၏။ အခြေအနေ ပေးလာခဲ့သည်နှင့်အမျှ တဖြည်းဖြည်း ပြည့်စုံလာခဲ့၏။ ယင်းကဲ့သို့ အမိန့်၊ ပညတ်တော်များ တဖြည်းဖြည်း ကျရောက်လာခဲ့ရခြင်း၏အကြောင်းကြီးတရပ်မှာ တိုင်းသူပြည်သားတို့အား အမိန့်ပညတ်တော်များကို သင်ကြားပြသရန်မဟုတ်၊ လက်တွေ့ လိုက်နာ ကျင့်သုံးစေလိုရန်ပင် ဖြစ်ခဲ့ပေသည်။ ထို့အတွက်ကြောင့်ပင် အစ္စလာမ့်အမိန့်၊ ပညတ်တော်များ တဖြည်းဖြည်း ကျရောက်လာခဲ့သည်နှင့်အမျှ တိုင်းသူပြည်သားတို့အား တဖြည်းဖြည်း လက်တွေ့လိုက်နာ ကျင့်သုံးစေပြီး ရှေ့သို့တဖြည်းဖြည်း ဆွဲခေါ်လာခဲ့ခြင်း ဖြစ်ပေသည်။ ဤသည့် သဘောနှင့်စပ်လျဉ်း၍ ကြင်ရာတော် 'အာအိရှဟ်' သခင်မက အောက်ပါအတိုင်း ရှင်းလင်းပြောပြခဲ့ပေသည်။

"အစ ပဌမပိုင်းတွင် ကုသိုလ်၊ အကုသိုလ်နှင့် ဆိုင်သော မုကွှ ပါဠိတော်များ ကျရောက်လာခဲ့၏။ လူသားတို့၏စိတ် နှလုံးသားများတွင် နူးညံ့ သိမ်မွေ့မှုနှင့် လက်ခံနာယူကျင့်မှုနိုင်သည့် အရည်အချင်းများ ပေါ်ပေါက်လာသည့်အခါ အမိန့် ပညတ်တော်များ ကျရောက်လာခဲ့၏။ သို့မဟုတ်ဘဲ ပဌမနေ့မှာပင် 'သေရည်အရက် မသောက်ရ' ဟူသော အမိန့်တော် ကျရောက်လာပါက မည်သူနာခံအံ့နည်း" ။

(ဗုခါရီ၊ ကုရ်အာန် တဖြည်းဖြည်း ကျရောက်သည့်အခဏ်း)

အထက် ဖေါ်ပြပါ အကြောင်းကြောင်းများကြောင့်ပင် အစ္စလာမ်၏ များစွာသော အမိန့် ပညတ်တော်များသည် တိုင်းပြည် အေးချမ်း သာယာလာသည့် အခါကျမှ ကျရောက်လာခဲ့ပေသည်။

မက္ကာမြို့တော်တွင် တမန်တော်မြတ် ရှိတော်မူစဉ် ဆွ ုယာမ် ဥပုသ်ဆောက်တည်ရန် အမိန့်တော် ကျရောက်၍ပင် မလာခဲ့သေးပေ။ တမန်တော်မြတ် မဒီနာမြို့သို့ ရွှေ့ပြောင်း နေထိုင်တော်မူပြီးသည့် နောက်ပိုင်းတွင်မှ ဆွ ုယာမ် ဥပုသ် ဆောက်တည်ရန် အမိန့်တော် ကျရောက်လာခဲ့ပေသည်။ ဇကာတ် ပေး

ဆောင်ရန် အမိန့်တော်မှာကား ခုနစ်နှစ်၊ ရှစ်နှစ် နောက်မှ ကျရောက် လာခဲ့ပေသည်။ ယင်းသို့ဖြစ်ရခြင်းအကြောင်းကား အချိန်ရှိသည်နှင့်အမျှ ရန်သူများနှင့် နေ့မအား ညမအား စစ်ဆိုးနေခဲ့ကြရသည်ဖြစ်ရာ ဇကာတ်ပေးဆောင်ရန် အမိန့်တော် ကျရောက်လာရန် အဘယ်မှာလျှင် စီးပွားရေး အခြေအနေ ကောင်းခဲ့ပါသနည်း။ မက္ကာမြို့တော်ကို မအောင်နိုင်မီ အလျှင် မွတ်စလင်မ်များသည် ကျောင်းတော်မြေတွင် ခြောင်မချနိုင်ခဲ့ကြပေ။ ထို့အတွက်ကြောင့်ပင် ထိုအချိန်အထိ ဟဂျ်ပြုရန် အမိန့်တော် မကျရောက်ခဲ့ပေ။ဆွ လာတ် ဝတ်ပြုမှုမှာကား နေ့စဉ် တာဝန်ဖြစ်၏။ ထို့အတွက်ကြောင့်သည်း ဆွလာတ် ဝတ်ပြုရန် အမိန့်တော်သည် အစ္စလာမ် စတင် ပေါ်ထွန်းလာခဲ့သည့် အချိန်မှစ၍ တပါတည်း ပါလာခဲ့ပေသည်။ သို့ပင်တစေ ဆွလာဘ်ဝတ်ပြုပုံ၊ ဝတ်ပြုနည်းမှာလည်း တဖြည်းဖြည်း ပြည့်စုံလာခဲ့ရာ၊ ဟိဂျ်ရီ သက္ကရာဇ် (၆) ခုနှစ်၊ (၇) ခုနှစ်တွင်မှ လုံးဝ ပြည့်စုံသွားခဲ့ပေသည်။ ဟိဂျ်ရီ(၅)ခုနှစ်အထိ လာတ် ဆွဝတ်ပြုနေစဉ်တွင်ပင် စကားပြောဆိုခွင့်၊ အပြင်မှလာသူ တဦးက စလာမ် ပေးလျှင် စလာမ်ပြန်ခွင့် ရှိနေခဲ့ပေသေးသည်။

ကြည့်-(အဗူဒါဝူဒ်ကျမ်း)

အချုပ်အားဖြင့် မက္ကာမြို့တော်ကို မွတ်စလင်မ်များ အောင်နိုင်လိုက်ကြသည့်အခါကျမှ အစ္စလာမ့်ရန်သူများ၏ အင်အားသည် ပြိုကွဲသွားခဲ့ပေသည်။ တိုင်းပြည်လည်း ငြိမ်းချမ်းသာယာသွားခဲ့ပေသည်။ ထိုအခါကျမှပင် အစ္စလာမ်ရေးရာ အမိန့်ပညတ်တော်များအား ကျရောက်ပြီး အစ္စလာမ် သာသနာတော် ပြီးပြည့်စုံရန် အချိန်ရောက်လာခဲ့ပေသည်။ အခြေအနေလည်း ပေးလာခဲ့ပေသည်။

# အစ္စလာမ့်ယုံကြည်ချက်နှင့် အမြစ်တရားများ

အစ္စလာမ်၏ အဓိက ယုံကြည်ချက်များမှာ (တော့ဟီဒ်) – တဆူတည်းဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ် တည်ရှိတော်မူကြောင်း၊ (ရီစာလတ်)– တမန်တော်များအား စေလွှတ်တော်မူသည့်အကြောင်း၊ (မလာအိကဟ်)– ကောင်းကင်စေတမန်များ ရှိသည်အကြောင်း၊ (ကိယာမတ်)– တချက်လောကဓါတ်ကြီးတခုလုံးဆိတ်သုန်းသွားမည့်အကြောင်း၊ ထိုလောကဓါတ်ကြီးတခုလုံးဆိတ်သုန်းသွားပြီးနောက် ပြန်လည် ရှင်ထရမည့် အကြောင်း၊ အစစ် အဆေးအမေးအမြန်းခံကြရမည့် အကြောင်း၊ သူတော်စင်များသည်(ဂျန္နတ်)– ဥယျာဉ်မြတ်တွင် စံစား၍၊ မသူတော်များသည် (ဂျဟန္နမ်)– ငရဲသို့သွားကြရမည့် အကြောင်းများ......ပင် ဖြစ်ပေသည်၊ မွတ်စလင်မ်များ သည် ဤသည်များကို နှစ်နှစ်ကာကာ ယုံကြည်ကြရပေသည်။

တမန်တော်မြတ်ထံ ဦးစွာပဌမ ကျရောက်လာခဲ့သော မုက္ခပါဌ်တော်မှာ ကုရ်အာန်ကျမ်းမြတ်၊ ကဏ္ဍ (၉၆)၏ အစပဌမ မုက္ခပါဌ်တော်ပင် ဖြစ်သည်။ ဤမုက္ခပါဌ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ ကြီးကဲမြင့်မြတ်သော ဂုဏ်တော်များပါရှိသည်။ ဒုတိယအကြိမ် အောက်ပါ အတိုင်း မုက္ခပါဌ်တော်ကျရောက်လာခဲ့ပေသည်။

يَا أَيُّهَا الْمُدَّثِّرُ ۝ قُمْ فَأَنذِرْ ۝ وَرَبَّكَ فَكَبِّرْ ۝
وَثِيَابَكَ فَطَهِّرْ ۝ وَالرُّجْزَ فَاهْجُرْ ۝

قرآن (٧٤:١-٥)

"အိုၤစောင်ခြုံလျက်ရှိသူ၊ ထ၊ သတိပေး၊ မိမိအသျှင်အား ဂုဏ်တော်မွမ်း၊ မိမိအဝတ်အစားများကို သန့်ရှင်းစွာထား၊ ရုပ်ထုများကိုစွန့်။"

ကုရ်အာန် (၇၄း၁-၅)

တမန်တော်မြတ် မက္ကာမြို့တော်တွင် ရှိနေတော်မူစဉ်၊ ကျရောက်လာခဲ့သော မုက္ခပါဌ်တော်များမှာ များသောအားဖြင့် ယုံကြည်ချက်များနှင့်ပင် ပတ်သက်ခဲ့ပေသည်။ယင်းမုက္ခပါဌ်တော်များတွင် များသောအားဖြင့် အလ္လာဟ်

အသျှင်မြတ်သည် တပါးတည်း တည်ရှိတော်မူသည့်အကြောင်း၊ ထိုအသျှင်၌ တုဘက်၊ ယှဉ်ဘက်ဟူ၍အလျှင်းမရှိကြောင်း၊ ထိုအသျှင်သည် အနန္တော အနန္တ တန်ခိုးတော်၊ ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသည့်အကြောင်း၊ ထိုအသျှင်နှင့် ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ မေ့မှား၍မျှ မကိုးကွယ်ရမည့်အကြောင်း၊ ယှဉ်တွဲ ကိုးကွယ်မှု၏အပြစ်သည် အတိုင်းမသိ ကြီးလေးသည့်အကြောင်း၊(ကိယာမတ်) လောကဓါတ်ကြီးတခုလုံး ဆိတ်သုန်းသွားမည့် ကြောက်မက်ဖွယ် အကြောင်း၊ မိုး-မြေ-နေ-လ စသည့် ကမ္ဘာ့ အိမ်ထောင်စုကြီး အံ့ဘွယ်သရဲ ဖန်ဆင်းထား တော်မူသည့်အကြောင်း၊ တမန်တော်များအားစေလွှတ်တော်မူသည့်အကြောင်း နှင့် သို့စေလွှတ်တော်မူခြင်း၏ အထောက်အထားများပင် ပါရှိခဲ့သည်။ တမန် တော်မြတ် မက္ကာမြို့တော်တွင်ရှိနေတော်မူစဉ်( ၃)နှစ်အတွင်း အများအားဖြင့် ထိုသို့သော မုက္ခပါဠိတော်များပင် ကျရောက်နေခဲ့ပေသည်။

အစ္စလာမ့် ယုံကြည်ချက်နှင့် စပ်လျဉ်း၍ ကုရ်အာန် ကျမ်းမြတ်တွင် မုက္ခပါဠိတော် အမြောက်အမြားလာရှိပေသည်။ ဤတွင် အနည်းငယ် ဖေါ်ပြ လိုပေသည်။

الٓمّٓ ۚ ذٰلِكَ الْكِتٰبُ لَا رَيْبَ فِيْهِ هُدًى لِّلْمُتَّقِيْنَ
الَّذِيْنَ يُؤْمِنُوْنَ بِالْغَيْبِ وَيُقِيْمُوْنَ الصَّلٰوةَ وَمِمَّا
رَزَقْنٰهُمْ يُنْفِقُوْنَ ۙ وَالَّذِيْنَ يُؤْمِنُوْنَ بِمَآ اُنْزِلَ
اِلَيْكَ وَمَآ اُنْزِلَ مِنْ قَبْلِكَ ۚ وَبِالْاٰخِرَةِ هُمْ يُوْقِنُوْنَ
قرآن (٢: ١-٤)

“အလိဖ်၊ လာမ်-မိမ်၊ ထိုကျမ်းပင်၊ ယင်းကျမ်း၌ ဒွိဟမရှိ၊ သူတော်စင်များအတွက် လမ်းညွှန်ပင်၊ ထိုသူများသည် အကွယ်၌ ရှိသည်များကို မမြင်ဘဲလျက် ယုံကြည်ကြသည်၊ ဆွလာတ် ဝတ်ပြုကြသည်၊ ၎င်းတို့သည် ငါအသျှင် ၎င်းတို့အား ခြီးမြှင့် ထားတော်မူသည်များအနက် အချို့အဝတ်ကို သုံးစွဲလှူဒါန်း ကြသည်၊ အသင့်ထံ ကျရောက်သော ကျမ်းကိုရင်း၊ အသင့် အသျှင်ထံ ကျရောက်သော ကျမ်းများကိုရင်း၊ ယုံကြည်ကြ၊

နောင်တမလွန် ဘဝကိုလည်း နှစ်နှစ်ကာကာ ယုံကြည်ကြသည်။"

ကုရ်အာန် (၂း ၁-၄)

لَيْسَ الْبِرَّ أَنْ تُوَلُّوا وُجُوهَكُمْ قِبَلَ الْمَشْرِقِ
وَالْمَغْرِبِ وَلَٰكِنَّ الْبِرَّ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ
الْآخِرِ وَالْمَلَائِكَةِ وَالْكِتَابِ وَالنَّبِيِّينَ ....

قرآن (٢:١٧٧)

"အရှေ့၊ အနောက်သို့ အသင်တို့ မျက်နှာမူခြင်းသည် ကောင်းမှုမဟုတ်၊ သို့ရာတွင် အစစ်က ကောင်းမှုကား— အကြင်သူတဦးသည် အလ္လာဟ်အသျှင်မြတ်၊ နောက်ဆုံးနေ့၊ ကောင်းကင်တမန်များ၊ ကျမ်းများနှင့် တမန်တော်များအား ယုံကြည်၏။"

ကုရ်အာန်(၂း၁၇၇)

آمَنَ الرَّسُولُ بِمَا أُنْزِلَ إِلَيْهِ مِنْ رَبِّهِ وَالْمُؤْمِنُونَ
كُلٌّ آمَنَ بِاللَّهِ وَمَلَائِكَتِهِ وَكُتُبِهِ وَرُسُلِهِ لَا نُفَرِّقُ
بَيْنَ أَحَدٍ مِنْ رُسُلِهِ .....

قرآن (٢:٢٨٥)

"တမန်တော်မြတ်သည် မိမိအသျှင့်ထံမှ မိမိထံသို့ ကျရောက်လာသည်များကို ယုံကြည်၏။ မွတ်စလင်မ်များလည်း ယုံကြည်ကြ၏၊ အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ကောင်းကင်တမန်များအားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ကျမ်းဂန်များအားလည်းကောင်း၊ ထိုအသျှင်မြတ်၏ တမန်တော်များအားလည်းကောင်း၊ ယုံကြည်ကြ၏။ ကျွန်ုပ်တို့သည် ထိုအသျှင်မြတ်၏ တမန်တော်များအနက် တပါးနှင့်တပါး ခွဲခြားကြသည် မရှိဟု (ဖွင့်ဟဆိုကြသည်)"

ကုရ်အာန်(၂း၂၈၅)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اٰمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَالْكِتٰبِ
الَّذِيْ نَزَّلَ عَلٰى رَسُوْلِهٖ وَالْكِتٰبِ الَّذِيْٓ اَنْزَلَ
مِنْ قَبْلُ ۭ وَمَنْ يَّكْفُرْ بِاللّٰهِ وَمَلٰۗىِٕكَتِهٖ وَكُتُبِهٖ
وَرُسُلِهٖ وَالْيَوْمِ الْاٰخِرِ فَقَدْ ضَلَّ ضَلٰلًۢا بَعِيْدًا ۝

قرآن (٤:١٣٦)

"အို-(အီမာန်)ယုံကြည်သူအပေါင်းတို့၊အသင်တို့သည်အလ္လာဟ် အသျှင်မြတ်အားငှင်း၊ ထိုအသျှင်မြတ်၏ တမန်တော်အားငှင်း၊ ထိုအသျှင်က မိမိတမန်တော်အပေါင်းသို့ ချပေးတော်မူသော ကျမ်းကိုငှင်း၊ အလျင်က ထိုအသျှင် ချပေးတော်မူခဲ့သော ကျမ်းကိုငှင်း၊ ယုံကြည်ကြကုန်။ မည်သူမဆို အလ္လာဟ် အသျှင်အားငှင်း၊ ထိုအသျှင်မြတ်၏ကောင်းကင်တမန်များအားငှင်း၊ ထိုအသျှင်မြတ်၏ တမန်တော်များအားငှင်း၊ နောက်ဆုံးနေ့ကိုငှင်း၊ ငြင်းပယ်အံ့။ ထိုသူသည် လမ်းမှားခြင်းကြီးမက လမ်းမှားသွားအံ့။

ကုရ်အာန် (၄း၁၃၆)

တမန်တော်မြတ်သည် အစ္စလာမ်ယုံကြည်ချက်၊ အစ္စလာမ့်အခြေခံ အပြစ်တရားများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ကျေညာတော်မူခဲ့လေသည်။

بُنِيَ الْاِسْلَامُ عَلٰى خَمْسٍ شَهَادَةِ اَنْ لَا اِلٰهَ اِلَّا اللّٰهُ وَاَنَّ
مُحَمَّدًا رَسُوْلُ اللّٰهِ وَاِقَامِ الصَّلٰوةِ وَاِيْتَاۤءِ الزَّكٰوةِ وَالْحَجِّ
وَصَوْمِ رَمَضَانَ ، (مشكوة المصابيح)

အစ္စလာမ်သည် ငါးခုပေါ်၌တည်၏။ (၁) အလ္လာဟ် အသျှင်မြတ်မှတပါး ကိုးကွယ်ရာ အလျှင်းမရှိကြောင်း၊ တမန်တော်မြတ် မုဟမ္မဒ်သည် အလ္လာဟ်အသျှင်မြတ်၏ တမန်တော် ဖြစ်ကြောင်း သက်သေခံခြင်း၊ (၂) ဆွလာတ် ဝတ်ပြုခြင်း၊

(၃) ဇကာတ် ပေးဆောင်ခြင်း။ (၄) ဟဂျ်ပြုခြင်း၊ (၅) ရမ်ဇာန်လတွင် ဆွမ်ယာမ် ဥပုသ် ဆောက်တည်ခြင်း။

ဤကဲ့သို့ဖြင့် အစ္စလာမ့်ယုံကြည်ချက်များ၊ အစ္စလာမ့် အမြစ်တရားများသည် တဖြည်းဖြည်း ပြီးပြည့်စုံလာခဲ့၏။ နောက်ဆုံး ဟိဂျ်ရီ(၁၀)ခု၊ ဇုလ်ဟိဂျ်ဂျဟ်လ(၉)ရက်၊ သောကြာနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် အစ္စလာမ် ပြီးပြည့်စုံပြီဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မိန့်ကြားတော်မူလိုက်လေသည်။

الْيَوْمَ أَكْمَلْتُ لَكُمْ دِينَكُمْ وَأَتْمَمْتُ عَلَيْكُمْ
نِعْمَتِي وَرَضِيتُ لَكُمُ الْإِسْلَامَ دِينًا قرآن (5:3)

"ငါသည် ယနေ့ အသင်တို့၏ သာသနာကို ပြီးပြည့်စုံစေတော်မူလိုက်ပြီ၊ အသင်တို့အပေါ် ငါ၏ကျေးဇူးတော်ကိုလည်း ပြီးပြည့်ဝစေတော်မူလိုက်ပြီ၊ အသင်တို့အဘို့ အစ္စလာမ်ကို သာသနာအဖြစ် ငါ နှစ်သက်တော်မူပြီ။"

ကုရ်အာန်(၅း၃)

# 'အီမါဒါဟ်' ဝတ်ပြုမှုများ

အထက် ဖော်ပြပါ တမန်တော်မြတ်၏ ဩဝါဒတော်တွင် ပါရှိသည့် အဘိုင်း အစ္စလာမ်၏ အခြေခံအမြစ်တရားမှာ ငါးပါးဖြစ်သည်၊ ယင်းငါးပါး တွင် ယုံကြည်ချက်တရပ်၊ ကျင့်စဉ်လေးရပ် ပါရှိသည်။ ကျင့်စဉ်လေးရပ်အနက် ပဌမကျင့်စဉ်မှာ ဆွလာတ်ဝတ်ပြုမှုဖြစ်သည်။ မှန်ကန်စွာ ဆွလာတ်ဝတ်ပြုနိုင် ရန်အတွက် စည်းကမ်းချက်များ ရှိသည်။ ယင်းစည်းကမ်းချက်များအနက် ပဌမ အခ်ိက စည်းကမ်းချက်မှာ-(တွဟာရတ်)-သန့်ရှင်းမှုပင် ဖြစ်ပေသည်။

**သန့်ရှင်းမှု။**

(တွဟာရတ်)- သန့်ရှင်းမှုဟူသည် ကိုယ်ခန္ဓာ၏ သန့်ရှင်းခြင်း၊ အဝတ် အစား၏ သန့်ရှင်းခြင်း၊ နေရာ၏ သန့်ရှင်းခြင်း၊ ရုပ်-နာမ်အတွင်းအပြင်အားလုံး သန့်ရှင်းခြင်းကို ဆိုလိုသည်။ အစ္စလာမ်တွင် သန့်ရှင်းမှုလည်း အဘယ်မျှ ကြီးသည် ဆိုသော် အလ္လာဟ်အသျှင်မြတ်ထံတော်မှ တမန်တော်မြတ်ထံသို့ ဒုတိယ အကြိမ် ကျရောက်လာခဲ့သော မုက္ခ္ခပါဠ်တော်တွင် အမိန့် ပညတ်တော်များ စတင် ကျ ရောက် ပါရာ၌ အလ္လာဟ်အသျှင်မြတ်အား ဂုဏ်တော်မွမ်းရန် အမိန့်တော် နောက်ပါရှိသော အမိန့်တော်မှာ သန့်ရှင်းရန် အမိန့်တော်ပင် ဖြစ်ပေသည်။

يَا أَيُّهَا الْمُدَّثِّرُ ۝ قُمْ فَأَنذِرْ ۝ وَرَبَّكَ فَكَبِّرْ ۝
وَثِيَابَكَ فَطَهِّرْ ۝ وَالرُّجْزَ فَاهْجُرْ ۝

(۷۴ : ۱-۵) قرآن

"အို-စောင်ခြုံသူ၊ ထ၊ သတိပေး၊ မိမိအသျှင်အား ဂုဏ် တော်မွမ်း၊ မိမိ၏ အဝတ်အစားများကို သန့်ရှင်းစွာထား၊ ရုပ်တုများကိုစွန့်။"

ကုရ်အာန်(၇၄း ၁-၅)

အထက်ပါ မုက္ခပါဠ်တော်ကို ထောက်ရှုခြင်းအားဖြင့် သန့်ရှင်းမှုသည် အဘယ်မျှ အရေးကြီးသည်ကို ကောင်းစွာ သိနိုင်ပေသည်။

ဆွလာတ်ဝတ်ပြုရာတွင် ဆွလာတ်ဝတ်မပြုမီ 'ဝုဿု'ပြုလုပ်ခြင်းသည် 'ဖရသ်' မလုပ်မနေရ၊ တာဝန်တရပ် ဖြစ်သည်။ အစ္စလာမ် စတင် ပေါ်လာခဲ့သည့်အချိန်မှစ၍ ဆွလာတ်ဝတ်ပြုရန် အမိန့်တော်လည်း တပါတည်း ပါရှိလာခဲ့၏။ ဆွလာတ်နှင့် ဝုဿုသည် အညမည ဆက်စပ်လျက်ရှိပေရာ၊ ဆွလာတ်နှင့် အတူ ဝုဿုလည်း တပါတည်းပါရှိလာခဲ့၏။ အစ္စလာမ့်သမိုင်းနှင့် တမန်တော်မြတ်၏ ဩဝါဒတော်ဆိုင်ရာ ကျမ်းကြီးများတွင် တမန်တော်မြတ်ထံ မုကဒ္ဒပါဠ်တော်များ စတင် ကျရောက်လာခဲ့သည့် အချိန်ပိုင်းမှာပင် ကောင်းကင် တမန် ဂျိဗ်ရီလ်သည် တမန်တော်မြတ်အား ဝုဿုပြုလုပ်ပုံ- ပြုလုပ်နည်းသင်ပေးကြောင်းကို တွေ့ရှိရပေသည်။ တမန်တော်မြတ်သည် မက္ကာမြို့တော်မှ မဒီနာမြို့သို့ မရွှေ့ပြောင်းမီ အလျင်ကတည်းက ဝုဿုပြုတော်မူလေ့ရှိခဲ့သည် သာဝကကြီး အဗ်ဒုလ္လာဟ် ဣဗ်နုအဗ်ဗါစ်ကပြောပြခဲ့သည်။

ကြည့်—(ဖတ်ဟုလ်ဗာရီကျမ်း၊ အတွဲ - ၁၊ စာမျက်နှာ-၂၀၅)။

ကုရ်အာန်ကျမ်းမြတ်တွင် ဝုဿုပြုလုပ်ရန်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မုကဒ္ဒပါဠ်တော်သာရှိပေသည်၊ (အောက်ပါ မုကဒ္ဒပါဠ်တော်သည် မဒီနာမြို့တွင် ကျရောက်ခဲ့ပေသည်)။

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا قُمْتُمْ إِلَى الصَّلَاةِ
فَاغْسِلُوا وُجُوهَكُمْ وَأَيْدِيَكُمْ إِلَى الْمَرَافِقِ
وَامْسَحُوا بِرُءُوسِكُمْ وَأَرْجُلَكُمْ إِلَى الْكَعْبَيْنِ

قرآن (٥:٦)

"အို–အီမာန် – ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် ဆွလာတ်ဝတ်ပြုရန် ထကြသောအခါ၊ မိမိတို့၏မျက်နှာများကို ၎င်း၊ မိမိတို့၏လက်များကို တံတောင်ဆစ်အထိ၎င်း၊ ဆေးကြ။ ၎င်းပြင် မိမိတို့၏ ဦးခေါင်းများကို ပွတ်သပ်ကြ၊ ၎င်းအပြင် အသင်တို့သည် မိမိ၏ခြေများကို ခြေမျက်စိ ၂-ဘက်အထိ (ဆေးကြ)။"

ကုရ်အာန်(၅း၆)

အထက်ပါ မုဂ္ဂပါဠိတော်သည် ကုရ်အာန်ကျမ်းမြတ် ကဏ္ဍစဉ်(၅)ဖြစ်သော 'မာအိဒဟ်'ကဏ္ဍတွင် ပါရှိ၏ မာအိဒဟ် ကဏ္ဍတွင် ပါရှိသော မုဂ္ဂပါဠိတော် အများစုမှာ ဟိဂျ်ရီ(၄)ခု၊(၅)ခုနှစ် နောက်ပိုင်းတွင် ကျရောက်လာခဲ့၏။

"အထက်ပါ မုဂ္ဂပါဠိတော်သည် 'တယမ်မွမ်'နှင့် ပတ်သက်သော မုဂ္ဂပါဠိတော်နှင့်အတူ ကျရောက်လာခဲ့သည်"ဟူ၍ ဗုခါရီကျမ်းတွင် အတည့်အလင်းဆိုထားသည်။ တယမ်မွမ်နှင့်ဆိုင်သော မုဂ္ဂပါဠိတော်သည် ဟိဂျ်ရီ(၅)ခုနှစ်တွင် ကျရောက်လာခဲ့သည်။ ထိုသို့ဖြစ်နေသည့်အတွက် အာလင်မ်အများစုက "ဝုဍူ ပြုလုပ်ဘည့် အလေ့အထသည် ယခု ကတည်းက ရှိနေခဲ့သော်သည်း၊ ကုရ်အာန်ကျမ်းမြတ်တွင် ဝုဍူ ပြုလုပ်ရန် အမိန့်တော်သည် ဟိဂျ်ရီ ၄/၅ ခုနှစ်တွင်မှ ကျရောက်လာခဲ့ခြင်း ဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။

အစ္စလာမ့်ခေတ်ကို ထောက်ရှုခြင်းအားဖြင့် အစပဌမတွင် လူများသည် ဝုဍူကို အလျင်တစော လုပ်လေ့ရှိခဲ့ဟန်တူသည်။ အချို့အဆစ်အပိုင်း စိုစွတ်၍ အချို့စိုစွတ်ဟန်မတူခဲ့ပေ၊ အစပဌမဖြစ်သည့် အားလျော်စွာ စနစ်ကျဟန်မတူခဲ့ပေ။ ဟိဂျ်ရီ(၆)ခုနှစ်ခန့်တွင် တခါသော် တမန်တော်မြတ်သည် ခရီးမှပြန်ကြွလာတော်မူစဉ် အချို့မွတ်စလင်မ်များသည် သုတ်သီးသုတ်ပျာထကာ၊ ရေကန်သို့ရောက်ရှိလာပြီး ကပျာကရာ ကသောကမျော ဝုဍူလုပ်ကြ၏။ ခြေလက်များကို အမြန်ဆေးကြ၏။ အချို့ခြေဖနှောင့် စိုစွတ်၍ အချို့မစိုစွတ် ရှိနေ၏။ ဤသည့်ဖြစ်ရပ်ကို တမန်တော်မြတ် တွေ့မြင်တော်မူသောအခါ တမန်တော်မြတ်က အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

ويل للاعقاب من النار، اسبغوا الوضوء

မစိုစွတ်သော ခြေဖနောင့်များကို ငရဲမီးထိမည်၊ အသင်တို့သည် ဝုဍူကို စံနစ်တကျ ပြည့်ပြည့်စုံစုံ ပြုလုပ်ကြ။

သို့တမန်တော်မြတ်က စံနစ်တကျ ဝုဍူပြုရန် ညွှန်ကြားတော်မူလိုက်သည့် မွတ်စလင်မ်များသည် စံနစ်တကျ ဝုဍူပြုလာခဲ့ကြလေသည်။ထို နောက် တမန်တော်မြတ်က ဝုဍူ၏အကျိုးများကိုမိန့်ကြားတော်မူပြန်ရာ၊ မွတ်စလင်မ်များသည် အမြဲတစေ ဝုဍူနှင့်နေလာကြ၏။ဆွလာတ်ဝတ်ပြုရာတွင် ဝုဍူရှိလင့်ကစား ဝုဍူအသစ်ပြန်လုပ်ကြ၏။ ဝုဍူနှင့် အမြဲနေခြင်း၊ ဝုဍူရှိပါ

လျက် ဆွလာတ်ဝတ်ပြုရန် အသစ်ပြန်လုပ်ခြင်းသည် အလွန်ကောင်းမြတ်သော်လည်း မလွယ်ကူပေ၊ အခက်အခဲဖြစ်လာပေမည်။ ထို့အတွက် တမန်တော်မြတ်သည် မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်သည့်အချိန်တွင် ဝုဆူ့ရှိပါလျက် အသစ်ပြန်လုပ်ခြင်းသည် မုချလုပ်ရကောင်းစေ မဟုတ်ကြောင်း ကျေညာတော်မူခဲ့လေသည်။

## တယမ်မွမ်ပြုလုပ်ခြင်း။

ဝုဆူ့ပြုရန်ရေလို၏။ သို့ရာတွင် ခရီးသွားလာရာ၌ ရေသည် အမြဲတစေ မလွယ်ကူပေ။ ထို့ပြင်တဝ နေထိုင်မကောင်းသည့်အခါ ရေကိုသုံးပါက တခါတရံ အန္တရာယ်ဖြစ်နိုင်သည်၊ ထို့အတွက် ဟိဂျ်ရီ(၅) ခုနှစ်တွင် အခြေအနေအရ ဝုဆူ့အစား တယမ်မွမ်ပြုလုပ်နိုင်ကြောင်း အောက်ပါအတိုင်း မုကွဲမ ါဠ်ဘော် ကျရောက်လခဲ့ပေ သည်။

وَإِنْ كُنْتُمْ مَرْضَىٰ أَوْ عَلَىٰ سَفَرٍ أَوْ جَاءَ أَحَدٌ مِنْكُمْ
مِنَ الْغَائِطِ أَوْ لَامَسْتُمُ النِّسَاءَ فَلَمْ تَجِدُوا
مَاءً فَتَيَمَّمُوا صَعِيدًا طَيِّبًا فَامْسَحُوا بِوُجُوهِكُمْ
وَأَيْدِيكُمْ مِنْهُ مَا يُرِيدُ اللَّهُ لِيَجْعَلَ عَلَيْكُمْ
مِنْ حَرَجٍ وَلَٰكِنْ يُرِيدُ لِيُطَهِّرَكُمْ وَلِيُتِمَّ
نِعْمَتَهُ عَلَيْكُمْ لَعَلَّكُمْ تَشْكُرُونَ ۝

قرآن (٥ . ٦)

"အကယ်၍ အသင်တို့သည် မမာမကျန်းဖြစ်နေကြလျှင်၊ သို့မဟုတ်ခရီးသည်များဖြစ်နေကြလျှင်၊ သို့တည်းမဟုတ်၊ အသင်တို့အနက် တဦးတယောက်သည် ကျင့်ကြီး ကျင့်ငယ်စွန့်ရာမှ ပြန်လာခဲ့လျှင်၊ သို့မဟုတ် (မိမိတို့)ဇနီး မိန်းမများနှင့် သံဝါသ ပြုကြလျှင် ဖြီးနောက် အသင်တို့သည် ရေမရရှိကြလျှင် စင်ကြယ်သော မြေကြီးဖြင့် 'တယမ်မွမ်' ပြုကြ။ (တယမ်မွမ်ပြုနည်းမှာ) သင်တို့သည်၊ လက်ဝါးနှစ်ဘက်ဖြင့် မြေကိုရိုက်

ပုတ်၍) မိမိတို့၏ မျက်နှာများနှင့် လက်များကို ထိုမြေဖြင့် ပွတ်သပ်ကြ။ အလ္လာဟ်အသျှင်မြတ်သည်၊ အသင်တို့တွင် ကျပ်တည်းမှုဖြစ်စေတော်မမူလို၊ သို့ရာတွင် အသင်တို့အား သန့်ရှင်းစင်ကြယ်စေတော်မူလိုသည်၊ မိမိ၏ ကျေးဇူးတော်ကို အသင်တို့အပေါ် ပြီးပြည့်စုံစေတော်မူလိုသည် သို့ဖြင့် အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြပေမည်"

ကုရ်အာန် (၅း၆)

အထက်ပါ မုကဒ္ဒပါဠ်တော်ကျရောက်လာခဲ့ခြင်း နောက်ခံဖြစ်ရပ်ကား၊ တမန်တော်မြတ်သည် ဟိဂျ်ရီ(၅) ခုနှစ်တွင် မွတ်ဆ္ဆလိက်စစ်ပွဲမှပြန်ကြွလာနေတော်မူခဲ့၏၊ ကြင်ရာတော်အာအိရှဟ်လည်း အတူပါလာခဲ့၏။ မဒီနာမြို့အနီးသို့ ရောက်လာကြသည့်အခါ အကြောင်းအားလျော်စွာ ကြင်ရာတော်အာအိရှဟ်၏ လည်ဆွဲကျပျောက်သွား၏၊ ခရီးသွားအုပ်စုတစ်ခုလုံးသည် ထိုနေရာတွင် နားလိုက်၏။ ဆွလာတ်ဝတ်ပြုရန် အချိန်ကျရောက်လာခဲ့၏။ အကြောင်းအားလျော်စွာ ထိုနေရာတွင် ရေမရှိခဲ့ပေ၊ အားလုံးစိတ်ပျက်ကြ၏။ တမန်တော်မြတ်အား အသိပေးကြ၏၊ ထိုအချိန်တွင် အထက်ပါ မုကဒ္ဒပါဠ်တော် ကျရောက်လာခဲ့မေသည်။ ရေမရရှိက တယမ်မွမ်ပြုလုပ်ခွင့်ရရှိသည့်အတွက် မွတ်စလင်မ်များသည် ဝမ်းသာမဆုံးဖြစ်ခဲ့ကြ၏။ သာဝကကြီးအုစိုက်ဒ် ဗ္ဗင်နုဟာသိ ရိကမူ-"အိုး-အဗူဗတ်ကရ်၏ မိသားစုံ အသင်တို့သည် မင်္ဂလာရှိကြပါပေတကား "ဟူ၍ပင် ချီးကျူးပြောဆိုခဲ့လေသည်။

**ဆွလာတ်ဝတ်ပြုခြင်း။**

ဆွလာတ်ဝတ်ပြုရန် အမိန့်တော်သည် တမန်တော်မြတ် တမန်တော်အဖြစ် စတင်ချီးမြှင့်တော်မူခြင်းခံခဲ့ရသည့်အချိန်မှစ၍တပါတည်းလိုလိုပင် ပါလာခဲ့၏။ တမန်တော်မြတ်ထံ ဒုတိယ အကြိမ် ကျရောက်ခဲ့သော မုကဒ္ဒပါဠ်တော်တွင်- "အသင်သည် မိမိအသျှင်အား ဂုဏ်တော်မွမ်း"ဟူ၍ ပါရှိ၏။ ဤမုကဒ္ဒပါဠ်တော်တွင် ပါရှိသော ဂုဏ်တော်မွမ်းခြင်းသည် ဆွလာတ်ဝတ်ပြုမှုကိုပင် ဆိုလိုသည်။ သို့တစေလည်း တမန်တော်မြတ်သည် သုံးနှစ်တိုင်တိုင် အစ္စလာမ့် ရန်သူများ၏အန္တရာယ်ကြောင့် အစ္စလာမ်သာသနာပြုမှုကို ပုန်းလျှိုး၊ ကွယ်လျှိုး ပြုလုပ်တော်မူခဲ့ရလေသည်။ ပွင့်လင်းစွာ ဆွလာတ်ဝတ်ပြုရန်လည်း အခြေအနေ

အရမဖြစ်နိုင်ခဲ့ပေ။ ထို့အတွက် ထိုအချိန်တွင် အခြေအနေအရ ညဥ့်အချိန်၌သာ အချိန်ကြာကြာ ဆွလာတ်ဝတ်ပြုရန် တာဝန် ရှိခဲ့လေသည်။ နေ့အချိန်တွင် ဆွလာတ်ဝတ်ပြုရန် တာဝန်မရှိခဲ့ပေ။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် ကျမ်းမြတ်တွင် အောက်ပါအတိုင်း မုက္ခပါဋ်တော် လာရှိပေသည်။ (ဤမုက္ခပါဋ် တော်သည် အစပိုင်းတွင် ကျရောက်လာခဲ့သော မုက္ခပါဋ်တော်များတွင် အပါ အဝင် ဖြစ်ပေသည်။)

يَٰٓأَيُّهَا ٱلْمُزَّمِّلُ ۝ قُمِ ٱلَّيْلَ إِلَّا قَلِيلًا ۝ نِّصْفَهُۥٓ
أَوِ ٱنقُصْ مِنْهُ قَلِيلًا ۝ أَوْ زِدْ عَلَيْهِ وَرَتِّلِ ٱلْقُرْءَانَ
تَرْتِيلًا ۝ إِنَّا سَنُلْقِى عَلَيْكَ قَوْلًا ثَقِيلًا ۝ إِنَّ
نَاشِئَةَ ٱلَّيْلِ هِىَ أَشَدُّ وَطْـًٔا وَأَقْوَمُ قِيلًا ۝
إِنَّ لَكَ فِى ٱلنَّهَارِ سَبْحًا طَوِيلًا ۝ وَٱذْكُرِ ٱسْمَ رَبِّكَ
وَتَبَتَّلْ إِلَيْهِ تَبْتِيلًا ۝ المزمل (73:1-8)

"အို....စောင်ခြုံသူ၊ ညဥ့်ကို မတ်တတ်ရပ်၍နေလော့။ သို့သော် အနည်းငယ်သာ။ (ဝါ) ညဥ့်ဝက်၊ သို့မဟုတ် ထိုညဥ့် ဝက်ထက် အနည်းငယ်လျော့၊ သို့မဟုတ် ထိုညဥ့်ဝက်ထက် အနည်းငယ်ပို။ ကုရ်အာန်ကျမ်းမြတ်ကို ပီပီသသ ပွင့်ပွင့် လင်း လင်းဖတ်။ ငါအသျှင်သည် မကြာမီ အသင့်အပေါ်သို့ အလွန် လေးလန်သော မုက္ခပါဋ်တော် ချပေးတော်မူမည်။ မုချ ညဥ့် အချိန် မတ်တတ်ရပ်ခြင်းသည် (စိတ်ကို) ချေမှုန်းရာတွင် အလွန် ထိရောက်၏။ စကားလည်း အလွန်ထိမိ၏။ နေ့ အချိန်တွင် အသင့်၌ များစွာသော အလုပ်များရှိ၏။ အသင်သည် မိမိ အသျှင်၏ နာမတော်ကို တသသတိရ၊ အားလုံးကို ကျောခိုင်း ပြီး ထိုအသျှင်မြတ်ထံတော်သို့သာ အာရုံပြု၍နေလော့။"

ကုရ်အာန် (၇၃း၁-၈)

ထို့နောက် နံနက်၊ ညနေ နှစ် 'ရတ်က်အတ်' စီ ဆွလာတ် ဝတ်ပြုရန် အောက်ပါအတိုင်း မုက္ခပါဋ်တော် ကျရောက်လာခဲ့၏။

وَاذْكُرِ اسْمَ رَبِّكَ بُكْرَةً وَّاَصِيْلًا ۝ وَمِنَ الَّيْلِ فَاسْجُدْ لَهٗ وَسَبِّحْهُ لَيْلًا طَوِيْلًا ۝

قرآن (٧٦ : ٢٥)

"အသင်သည် မိမိအသျှင်၏ နာမတော်ကို နံနက်၊ ညနေ တသသ၊ သတိရ၍နေ။ ညဥ့်၏ အချို့ အချိန်ပိုင်းတွင် ထိုအသျှင်အား ဦးချ၍နေ။ ညဥ့်၏ရှည်လျားသော အချိန်တွင်မူ ထိုအသျှင်အား ဂုဏ်တော်မွမ်း၍နေ။

ကုရ်အာန် (၇၆း၂၅)

ညဥ့်တွင် အချိန်အတော်ကြာသည်အထိ ဆွလာတ်ဝတ်ပြုရန် အမိန့်တော်မှာ တနှစ်တိုင်တိုင် တည်ရှိနေခဲ့၏။ ဤအမိန့်တော်နှင့်စပ်လျဉ်း၍ ကြင်ရာတော် အာအိရှဟ်က— "တမန်တော်မြတ်နှင့်တမန်တော်မြတ်၏တပည့် သာဝကများသည် အထက်ပါ အမိန့်တော်အတိုင်း တနှစ်တိုင်တိုင် လိုက်နာ ကျင့်သုံးနေခဲ့ကြပါသည်။ သို့ဆွလာတ်ဝတ်ပြုခဲ့ကြသည့်အတွက် ခြေများသည် ရောင်၍လာခဲ့ပေသည်" ဟု ပြောပြခဲ့လေသည်။

တနှစ်ရှိသောအခါတွင် အထက်ပါ အမိန့်တော်၏နေရာတွင် အောက်ပါ မုဂ္ဂပါဠ်တော် ကျရောက်လာခဲ့ပေသည်။

إِنَّ رَبَّكَ يَعْلَمُ أَنَّكَ تَقُومُ أَدْنَىٰ مِن ثُلُثَيِ اللَّيْلِ
وَنِصْفَهُ وَثُلُثَهُ وَطَائِفَةٌ مِّنَ الَّذِينَ مَعَكَ ۚ وَاللَّهُ
يُقَدِّرُ اللَّيْلَ وَالنَّهَارَ ۚ عَلِمَ أَن لَّن تُحْصُوهُ فَتَابَ
عَلَيْكُمْ ۖ فَاقْرَءُوا مَا تَيَسَّرَ مِنَ الْقُرْآنِ ۚ عَلِمَ أَن سَيَكُونُ
مِنكُم مَّرْضَىٰ ۙ وَآخَرُونَ يَضْرِبُونَ فِي الْأَرْضِ
يَبْتَغُونَ مِن فَضْلِ اللَّهِ ۙ وَآخَرُونَ يُقَاتِلُونَ فِي
سَبِيلِ اللَّهِ ۖ فَاقْرَءُوا مَا تَيَسَّرَ مِنْهُ ۚ وَأَقِيمُوا الصَّلَاةَ
وَآتُوا الزَّكَاةَ وَأَقْرِضُوا اللَّهَ قَرْضًا حَسَنًا ۚ وَمَا تُقَدِّمُوا
لِأَنفُسِكُم مِّنْ خَيْرٍ تَجِدُوهُ عِندَ اللَّهِ هُوَ خَيْرًا وَأَعْظَمَ
أَجْرًا ۚ وَاسْتَغْفِرُوا اللَّهَ ۖ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ

قرآن (٧٣:٢٠)

အသင်နှင့်တကွ အသင်နှင့်အတူ နေသူများအနက် အချို့တို့သည် (တခါတရံ) ညဥ့်၏ သုံးပုံ နှစ်ပုံ နည်းပါး၊(တခါတရံ) ညဥ့်ဝက်၊တခါတရံ ညဥ့်၏သုံးပုံတစ်ပုံ(ဆွလာတ်ဝတ်ပြုရာတွင်) မတ်တတ်ရပ်နေကြသည်ကို အလ္လာဟ်အသျှင်မြတ်သည် အမှန်မုချ သိတော်မူသည်။ အလ္လာဟ်အသျှင်မြတ်သည် နေ့နှင့် ညဥ့်ကို ချိန်ဆ ချင့်ချိန်ထားတော်မူသည်။အသင်တို့သည် ထိုသည့်အချိန် (ချင့်ချိန်)ကိုမှတ်သားထားနိုင်ကြမည်မဟုတ်သည်ကို ထိုအသျှင်အသိပင် ထို့အတွက် ထိုအသျှင်သည် အသင်တို့အား သနားတော်မူသည်၊ သို့ဖြစ်ရာ ယခုမူ အသင်တို့သည် ကုရ်အာန်ကျမ်းမြတ်ကို လွယ်ကူစွာ ရွတ်ဘတ်နိုင်သမျှ ရွတ်ဘတ်ကြ။ အသင်တို့အနက် အချို့မမာမကျန်း ဖြစ်ကြမည်။ အချို့သည် အလ္လာဟ် ရိက္ခာတော် ရှာဖွေရန် တိုင်းပြည်အတွင်း ခရီးထွက်ကြမည်။ အချို့ အလ္လာဟ် လမ်းတော်တွင် ဂျိဟာဒ် ပြုလုပ်ကြမည်ကိုလည်း ထို အသျှင်အသိပင်၊ သို့ရှိရာ အသင်တို့သည် ထိုကုရ်အာန်ကျမ်းမြတ်ကို ဘတ်နိုင်သမျှ ဘတ်ကြ။ ဆွလာတ်

ဝတ်ပြုကြ။ ဇကာတ်ပေးကြ။ အလ္လာဟ် အသျှင်မြတ်အား ကောင်းမြတ်သော ချေးငွေပေးကြ။ အသင်တို့သည် မည်သို့သော ကောင်းမှုမဆို မိမိတို့အကျိုးငှာ ကြိုတင် ပို့ဆောင်ထားကြအံ့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ထိုသည့် ကောင်းမှုကို ပို၍ ကောင်းစွာ၊ အကျိုးအားဖြင့် ပို၍ ကြီးစွာ ရရှိကြပေမည်။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌လွတ်ငြိမ်းခွင့်ပန်ကြားကြ။ ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် အတိုင်းမသိ လွတ်ငြိမ်းခွင့်ပေးတော်မူသောအသျှင်၊ အတိုင်းထက်အလွန် သနား ကြင်နာတော်မူသော အသျှင် ဖြစ်တော်မူသည်။"

ကုရ်အာန် [၇၃း၂၀]

ယင်းသို့ ညဥ့်အချိန် ဆွလာတ်ဝတ်ပြုမှုကို 'တဟဂျုဒ်'ဟု ခေါ်သည်၊ ထိုသည့် 'တဟဂျုဒ်' ဆွလာဆွသည် 'ဖရည်'မဟုတ်ပေ၊ 'နဖ်လ်' စေတနာ့အလျောက် ဝတ်ပြုသော ဝတ်ပြုမှုသာ ဖြစ်ပေသည်။

ထိုသည့် 'တဟဂျုဒ်'နောက်တွင် ဖဂျ်ရ်၊ မဃ်ရိဗ်နှင့် အိရှာ ဆွလာတ်များ ဝတ်ပြုရန် အောက်ပါအတိုင်း အမိန့်တော် ကျရောက်လာခဲ့ပေသည်။

أَقِمِ الصَّلَوٰةَ طَرَفَيِ النَّهَارِ وَزُلَفًا مِّنَ الَّيْلِ

قرآن (١١-١١٤)

"အသင်တို့သည် နေ့၏ နှစ်ဘက်စွန်းတွင်၎င်း၊ ညဥ့်၏ အချို့အစိတ်အပိုင်းတွင်၎င်း၊ ဆွလာတ်ဝတ်ပြုလေ။"[*]

ကုရ်အာန် {၁၁း၁၁၄]

တမန်တော်မြတ်သည် နဗီ ဝီ ၅-ခုနှစ်၊ (ဝါ) တမန်တော်ရာထူးဖြင့် ချီးမြှင့်တော်မူခြင်း ခံရပြီးနောက် ငါးနှစ်ရှိသောအခါ (**) 'မိအ်ရာဂျ်'သို့

---

* နေ့၏နှစ်ဘက်စွန်းဟူသည် ဖဂျ်ရ် နှင့် မဃ်ရိဗ်ကို ဆိုလိုသည်။ ညဥ့်၏ အချို့ အစိတ်အပိုင်းဟူသည် အိရှာကို ဆိုလိုသည်။ (ဿဝီ)

** ကျွန်ုပ်၏ လေ့လာ ဆည်းပူးချက်အရ မိအ်ရာဂျ်သည် နဗီ ဝီ ၉-ခုနှစ်တွင် ဖြစ်ခဲ့၏။ စိုင်ယိဒ် ရလိုင်မာန် နဒ်ဝီ

ကြွသွားတော်မူခဲ့၏၊ ထိုသည့် မိအ်ရာဂျ်တွင်အလ္လာဟ်အသျှင်မြတ်သည် ဆွလာတ် ငါးကြိမ် ဝတ်ပြုရန် အမိန့်တော် ချမှတ်ပြဋ္ဌာန်းတော်မူလိုက်၏။ မိအ်ရာဂျ်နှင့် ပတ်သက်၍ ကျရောက်လာခဲ့သော ကုရ်အာန်ကျမ်းမြတ် ကဏ္ဍစဉ် (၁၇)နှင့် 'အစ္စရာအ်' ကဏ္ဍတွင် အောက်ပါအတိုင်း ငါးကြိမ် ဆွလာတ်ဝတ်ပြုရန် အမိန့်တော် ပါရှိပေသည်။

أَقِمِ الصَّلَوٰةَ لِدُلُوكِ الشَّمْسِ إِلَىٰ غَسَقِ الَّيْلِ
وَقُرْءَانَ الْفَجْرِ ۖ إِنَّ قُرْءَانَ الْفَجْرِ كَانَ مَشْهُودًا ۝
وَمِنَ الَّيْلِ فَتَهَجَّدْ بِهِۦ نَافِلَةً لَّكَ ۝

قرآن (١٧:٧٨-٧٩)

"အသင်သည် နေမွန်းတိမ်းသည့် အချိန်မှစ၍၊ ညဉ့် မှောင်သည်အထိ ဆွလာတ် ဝတ်ပြုပါလေ၊ (၎င်းတွင်ဇုဟ်ရ်၊ အတ်ဆွ်ရ်၊ မဃ်ရိဗ်၊ အိရှာဆွလာတ်များ ပါဝင်လာပေသည်)။ ဖဂျ်ရ်ဆွလာတ်ကိုလည်း ဝတ်ပြုပါလေ။ အာရုဏ်တက် ဆွလာတ် ဝတ်ပြုချိန်မှာ (ကောင်းကင်တမန်များ အထူးတလည်) လာ ရောက်သောမျက်မှောက်ပြုရာ အချိန်ပင် ဖြစ်ပေသည်။ ညဉ့်၏ အချို့ အစိတ်အပိုင်းများတွင်လည်း 'တဟဂျ်ဂျုဒ်' ဆွလာတ် ဝတ်ပြုပါလေ၊ ၎င်းသည် အသင့်အတွက် ဆပို (တာဝန်)ဖြစ် သည်။"

ကုရ်အာန်(၁၇း၇၈-၇၉)

အထက်တွင်ဖော်ပြပါ အတိုင်း ဆွလာတ်ငါးကြိမ် ဝတ်ပြုရန်အမိန့် တော် ချမှတ်ပြဋ္ဌာန်းတော်မူခဲ့သော်လည်း၊ ငါးကြိမ် ဖရည်ဆွ် ဆွလာတ်များ သည် (၂)ရတ်ကအ်တ်စီသာဖြစ်ခဲ့၏။ တမန်တော်မြတ် မဒီနာသို့ ရွှေ့ပြောင်း လာတော်မူပြီး ယခုနှင့်စာလျှင် မွတ်စလင်မ်များအတွက် အတော် အသင့် အေးချမ်းစွာ နေထိုင်နိုင်ခဲ့ကြသည့်အခါ၊ ငါးကြိမ် ဖရည်ဆွ် ဆွလာတ်များသည် (၂)ရတ်ကအ်တ်မှ (၄)ရတ်ကအ်တ်စီ ဖြစ်လာခဲ့၏။

ကြည့်-(ဗုခါရီကျမ်း၊ ဟိဂျ်ရတ်အခဏ်း)

သို့တစေလည်း ဆွလာတ်တွင် မုချရှိအပ်သည့် စိတ်၏ နှိမ့်ချမှု၊ နူးညံ့သိမ်မွေ့မှု၊ ကျိုးနွံမှု၊ ဆိတ်ငြိမ်မှု၊ တည်ကြည်မှု၊ သိက္ခာရှိမှုများကိုမူကား အချိန်အတော်ကြာသည်အထိ အခြေအနေအရ မရရှိနိုင်ခဲ့သေးပေ၊ ထို့အတွက်ကြောင့်ပင် ဆွလာတ်တွင် မုချရှိအပ်သည့် အရှည်အသေးများနှင့် စပ်လျဉ်းသည့် အမိန့်ပညတ်များချက်ခြင်းကျရောက်မလာခဲ့ပေ။ တဖြည်းဖြည်း သာလျှင် ကျရောက်လာခဲ့ပေသည်။ တဖြည်းဖြည်းသာလျှင် ပြီးပြည့်စုံလာခဲ့ ပေသည်။

အစပဌမတွင် ဆွလာတ်ဝတ်ပြုနေစဉ်အတွင်ပင် မိုးကောင်းကင်သို့မော့၍ ကြည့်လေ့ရှိခဲ့ကြ၏။ နောက်ဆုံးတွင် တမန်တော်မြတ်က– "ဤသူများကား မည်သို့ပါနည်း၊ ဆွလာတ်ဝတ်ပြုရာတွင်၎င်းတို့သည် မိုးကောင်းကင်သို့ မော့၍ ကြည့်ကြသည်" ဟုမိန့်ဆို တားမြစ်တော်မူလိုက်လေသည်။

အစ္စလာမ့်အစပိုင်းတွင် အချိန်အတော်ကြာသည်အထိ၊ ဆွလာတ်ဝတ်ပြု နေစဉ်၊တခုခုအမှတ်ရလာလျှင် အနီးရှိ တဦးတယောက်အားပြောပြလေ့ရှိခဲ့ကြ၏။ ဆွလာတ်ဝတ်ပြုနေစဉ် တဦးတယောက်က စလာမ်ပေးလျှင် စလာမ်ပြန်လေ့ရှိခဲ့ ကြ၏။

အီသီယိုပီယာနိုင်ငံသို့ ရွှေ့ပြောင်းသွားခဲ့ကြသော မွတ်စလင်မ်များသည် ဟိဂျရီ(၆)ခုနှစ်တွင် မဒီနာမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီး၊ တမန်တော်မြတ် ထံ ရောက်ရှိလာခဲ့ကြ၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် ဆွလာတ်ဝတ်ပြု လျက်ရှိတော်မူ၏။ ရောက်ရှိလာသော အဆိုပါမွတ်စလင်မ်များသည် မိမိတို့ အလေ့အတိုင်း တမန်တော်မြတ်အား စလာမ်ပေးကြ၏။ သို့ရာတွင် တမန်တော် မြတ်သည် စလာမ်ပြန်တော်မမူခဲ့ပေ။ ဆွလာတ်ဝတ်ပြုပြီးနောက် တမန်တော် မြတ်က– "ဆွလာတ်အတွင်း စကားမပြောရန် အလ္လာဟ်အသျှင်မြတ်က တား မြစ်ထားတော်မူသည်"ဟု ပြောပြတော်မူလိုက်၏။ ထိုအချိန်မှစ၍ မွတ်စလင်မ် များသည် ဆွလာတ်ဝတ်ပြုနေစဉ် စကားလည်းမပြောကြတော့ပေ။ စလာမ် လည်း မပေးကြတော့ပေ။

'မုအာဝိယဟ် ဗ္ဗိနု ဟကမ်'က ပြောပြသည်မှာ တခါသော် ကျွန်တော် သည် တမန်တော်မြတ်နှင့်အတူ ဆွလာတ် ဝတ်ပြုနေ၏။ တဦးတယောက်သည် နှာချည်၏၊ ကျွန်ုပ်က 'ယရ်ဟမုကလ္လာဟ်'–'အလ္လာဟ် အသင့်အပေါ် သနားတော် မူပါစေ'ဟုဆို၏။ ထိုအခါ လူများသည် ကျွန်ုပ်အား စူးစိုက်ကြည့်နေကြ၏။

ကျွန်ုပ်က 'အသင်တို့ ဘာကြောင့် ကျွန်ုပ်အား စူးစိုက်ကြည့်နေကြသလော'ဟု မေး၏။ ထိုအခါ လူများသည် ပေါင်ကိုပုတ်ပြကြ၏၊ ထိုအခါကျမှ စကားပြောခြင်းမှ တားမြစ်လိုကြောင်း ရိပ်စားမိ၏။ ကျွန်ုပ်သည်း ဆိတ်ဆိတ်ပင်နေလိုက်၏။ ဆွလာတ်ဝတ်ပြုပြီးသောအခါ တမန်တော်မြတ်သည် ကျွန်ုပ်အား အပြစ်လည်း မပေး၊ ငေါက်သည်း မငေါက်၊ တစုံတရာပြစ်တင် ပြောဆိုတော်မူသည်လည်းမရှိ၊ တမန်တော်မြတ်က "ဆွလာဘ်ဝတ်ပြုရာဘွင် အလ္လာဟ်အသျှင်မြတ်အား ဂုဏ်တော်မွမ်းရ၏၊ ကုရ်အာန်ကျမ်းမြတ် ရွတ်ဘတ်ရ၏၊ စကားမပြောရ"ဟု ချိုသာစွာ မိန့်ကြားတော်မူလိုက်လေသည်။

အစ္စလာမ့်ခေတ်အစပိုင်းတွင် 'တရှဟ္ဒ်' ဆိုနည်းမှာလည်း စံနစ်မကျခဲ့ပေ။ ပုဂ္ဂိုလ်အချို့၏ အမည်ကို ခေါ်၍ "ငြိမ်းချမ်းသာယာမှုသည် မည်သူ၊ မည်ဝါ အပေါ်သို့ သက်ရောက်ပါစေ"ဟု ဆိုခဲ့လေ့ရှိခဲ့ကြ၏။ နောက်ဆုံးတွင် တမန်ဘော်မြတ်သည် (ယခု ကျွန်ုပ်တို့ ဆွလာတ် ဝတ်ပြုရာတွင် 'တရှဟ်ဟ္ဒ်' ဆိုကြသကဲ့သို့ စံနစ်တကျ သင်ကြားပေးတော်မူခဲ့လေသည်။

ဟဒီဆ် သြဝါဒတော်များတွင် လာရှိသည်မှာ– တမန်တော်မြတ်သည် ဆွလာတ်ဝတ်ပြုရာတွင် တခါတရံကလေးများကို ပခုံးပေါ်တင်ထားတော်မူ၏၊ (စဂျ်ဒဟ်) ဦးချသည့်အခါ အောက်သို့ချထားတော်မူ၏။ ဒုတိယ ရတ်က်အတ်တွင် ပြန်တင်ထားတော်မူ၏။

ကြင်ရာတော် အာအိရှဟ်သည် တခါတရံ အပြင်မှ ပြန်လာ၍၊ တံခါးခေါက်၏။ တမန်တော်မြတ်သည် ဆွလာတ်ဝတ်ပြုနေတော်မူစဉ် အတွင်းမှပင် ကြွသွားတော်မူပြီး တံခါးဖွင့်ပေးတော်၏။

အထက်တွင် ဖော်ပြပါအတိုင်း ဆွလာတ်ဝတ်ပြုစဉ်အတွင်း စကားပြောခြင်း၊ လှုပ်ရှားခြင်းများကိုခထောက်ရှုပြီး၊ အချို့ 'ဖကီဟ်'ခေါ် အစ္စလာမ်ဓမ္မသတ်ရှင်များက ယင်းသည့် အပြုအမူများသည် 'နဖ်လ်' ဆွလာဘ်တွင် ပြုပိုင်သည်ဟု ဆိုကြ၏။ အမှန်မှာ ယင်းသို့ ဆိုခြင်းမှာ မမှန်ပေ၊ အမှန်မှာ အထက်တွင် ဖော်ပြပါ အပြုအမူများသည် အစ္စလာမ့်ခေတ်အစပိုင်းက ဖြစ်ခဲ့ပေသည်၊ ထိုအချိန်တွင် အခြေအနေအရ ယင်းသို့ ဆွလာတ်အဘွင်း စကားပြောခြင်း၊ လှုပ်ရှားခြင်းများကို တားမြစ်ခြင်းမရှိခဲ့သေးပေ။ ထို့နောက်မှ တဖြည်းဖြည်း တားမြစ်လာခဲ့၏။ ဆွလာတ်ဝတ်ပြုနည်း ဝတ်ပြုဟန်မှာလည်း တဖြည်းဖြည်း ပြီးပြည့်စုံလာခဲ့၏။ ဆွလာတ်ဝတ်ပြုသူများသည်လည်း ဆွလာတ်ပြုရာတွင်အပ အပြုအမူများမပြု

လုပ်တော့ဘဲ ဆွလာတ်၌သာ တစိတ်တလက်တည်း နစ်မြုပ်၍ နေခဲ့ကြလေတော့သည်။ ယင်းသို့ ဆွလာတ်ဝတ်ပြုသူများအား ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း ခြီးမွမ်းထားတော်မူသည်။

قَدْ أَفْلَحَ الْمُؤْمِنُونَ ۝ الَّذِينَ هُمْ فِي صَلَاتِهِمْ

(၂၃:၁-၂)

"ဆိတ်ငြိမ်စွာ ကျိုးနွံစွာ ယဉ်ကျေးသိမ်မွေ့စွာ ဆွလာတ်ဝတ်ပြုသော မုအ်မင်န်များသည် အောင်မြင်ကြလေပြီ"

ကုရ်အာန် (၂၃း ၁-၂)

တကြိမ်သော လူတယောက်သည် တမန်တော်မြတ် ရှေ့မှောက်တွင် ဆွလာတ်ဝတ်ပြု၏၊ ထိုသူသည် သုတ်သီးသုတ်ပျာ ဆွလာတ်ဝတ်ပြု၏၊ အေးအေး ဆေးဆေး အိန္ဒြေရရ၊ စံနစ်တကျဝတ်မပြု။ တမန်တော်မြတ်က ထိုသူအား အသင်သည် "ဆွလာတ်ဝတ်ပြုရာမရောက်၊ ပြန်လည်ဝတ်ပြု"ဟု မိန့်ကြားတော်မူ၏။ ထိုသူသည် ယခင်အတိုင်းပင် သုတ်သီးသုတ်ပျာ ဆွလာတ်ဝတ်ပြုပြန်၏၊ တမန်တော်မြတ်က– "အသင် ဆွလာတ်ဝတ်ပြုရာမရောက်"ဟု မိန့်ကြားတော်မူပြန်၏။ တတိယအကြိမ်တွင် ထိုသူက "ကျွန်တော်မည်သို့ ဆွလာတ်ဝတ်ပြုရပါမည်နည်း"မေးရာ၊ တမန်တော်မြတ်က ဆွလာတ်ဝတ်ပြုပုံအသေးစိတ်ရှင်းပြပြီး အေးအေးဆေးဆေး၊ အိန္ဒြေရရ၊ စိတ်ဝင်စားစွာ ဆွလာတ်ဝတ်ပြုရမည့် အကြောင်း မိန့်ကြားတော်မူလိုက်လေသည်။ ဤအကြောင်း ဗုခါရီစသည် ဟဒီဆ်ကျမ်းကြီးများတွင် အသေးစိတ် ပါရှိပေသည်။

အစ္စလာမ့်ခေတ်အစပိုင်းတွင် အချို့လူများသည် ဆွလာတ်ဝတ်ပြုနေသည့် အတွင်းမှပင် မိမိတို့ စိတ်ဝင်စားသော ကိစ္စတခု တွေ့ရှိက ဆွလာတ်ဝတ်ပြုရာမှ ထွက်သွားကြသည်လည်း ရှိခဲ့ဘူး၏။ ဥပမာ တခါသော် တမန်တော်မြတ်သည် သောကြာနေ့တွင် ဂျမ်အာဟ် ဆွလာတ် ဝတ်ပြုနေတော်မူခဲ့၏။ အကြောင်း အားလျော်စွာ ထိုအချိန်တွင် ဆီရီယနိုင်ငံမှ ခရီးသွား ကုန်သည် အုပ်စုတခု ရောက်ရှိလာခဲ့၏။ ထိုအခါ တမန်တော်မြတ်နောက်တွင် ဆွလာတ်ဝတ်ပြုနေသူများအနက် (၁၂)ဦးမှအပ ကျန်အားလုံးတို့သည် ဆွလာတ် ဝတ်ပြုနေရာမှ

ထွက်ခွာ၍ အဆိုပါ ကုန်သည်များထံသို့ ရောက်ရှိသွားခဲ့၏။ ထိုအခါ အောက်ပါ မုကဒ္ဒပါဠိတော် ကျရောက်လာခဲ့ပေသည်။

وَإِذَا رَأَوْا تِجَارَةً أَوْ لَهْوًا انْفَضُّوا إِلَيْهَا وَتَرَكُوكَ قَائِمًا ۚ قُلْ مَا عِنْدَ اللَّهِ خَيْرٌ مِنَ اللَّهْوِ وَمِنَ التِّجَارَةِ ۚ وَاللَّهُ خَيْرُ الرَّازِقِينَ

(٦٢:١١) قرآن

ထိုသူများသည် အရောင်းအဝယ်တခု သို့မဟုတ် အပျင်းပြေ ပျော်ရွှင်ဘွယ်ရာ တခုကို တွေ့မြင်ကြလျှင် ထို အရာရှိရာသို့ ကတန်းကယမ်း ထွက်ခွါသွားကြ၏။ အသင့်အား မတ်တတ်ရပ်လျက်ပင် ထားပစ်ခဲ့ကြ၏။ အသင်ပြောလေ– "အလ္လာဟ်ထံတော်ပါး၌ ရှိသော အရာသည် ပျော်ရွှင်ဘွယ်ရာထက်၊ အရောင်းအဝယ်ထက်သာ ပိုကောင်းမြတ်ပေသည်။"

ကုရ်အာန် (၆၂း၁၁)

သို့တစေလည်း တမန်တော်မြတ် တဖြည်းဖြည်း ပညာပေး၍ အစွဲလာမ့် အရောင်ဆိုးပေးတော်မူလိုက်ရာ အခြေအနေမှာ ပြောင်းခြင်းမလှ ပြောင်းလဲလာခဲ့ပေသည်။ အဘယ်မျှ ပြောင်းလဲလာခဲ့သည်ဆိုသော် အန်ဆွာရီတဦးသည် ဆွလာတ်ဝတ်ပြုနေစဉ် သုံးကြိမ်တိုင်တိုင် မြွေးဒဏ် ခံရ၏။ သို့တစေလည်း ထိုအန်ဆွာရီသည် ဆွလာတ် ဝတ်ပြုမှုကို မဖျက်ခဲ့ပေ။ ဆွလာတ်အတွင်း ကုရ်အာန်ကျမ်းလာ မုကဒ္ဒပါဠိတော်များကို ရွတ်ဘတ်ရာတွင် ရရှိ ခံစားနေခဲ့ရသော ပီတိဖြစ်မှုသည် ထိုသည့် မြွေးဒဏ်ကိုပင် လွှမ်း၍နေခဲ့ပေသည်။

ဤသည့်ဖြစ်ရပ်ထက်ပင် အံ့သြဘွယ်ကောင်းသည့်ဖြစ်ရပ်မှာ သမတကြီး အုမရ်သည် ဆွလာတ်ဝတ်ပြုနေစဉ် လုပ်ကြံခံလိုက်ရ၏။ သွေးသံရဲရဲ လဲကျသွား၏။ မရှုမလှဖြစ်နေ၏။ သို့တစေလည်း ကျန် ဆွလာတ်ဝတ်ပြုနေကြသော မွတ်စလင်မ်များသည် ဆွလာတ်ဝတ်ပြုမှုတွင် အဘယ်မျှ မွေ့လျော်နှစ်မြုပ်နေခဲ့ကြသည်ဆိုသော် သမတကြီး အုမရ် လုပ်ကြံခံရပြီး ယင်းသို့ မရှုမလှ လဲကျနေသည့်အဖြစ်ကိုပင် သတိမမူနိုင်ခဲ့ကြပေ။

## ဂျွန်မ်အဟ် နှင့် အိဒ် ဆွလာတ်

တမန်တော်မြတ် မက္ကာမြို့တော်တွင် ရှိခဲ့စဉ် မွတ်စလင်မ် များသည် အမြဲတစေ ထိတ်ထိတ်ပျာပျာ နေခဲ့ကြရ၏။ တနေရာတွင် လူသုံးလေးဦးစု၍ပင် ဆွလာတ်ဝတ်ပြုရန် မလွယ်ခဲ့ပေ။ ဂျုမ်အဟ် ဆွလာတ်၏ ပဌမ စည်းကမ်းချက်မှာ ဂျမာအတ် စုပေါင်းခြင်း၊ စုရုံးခြင်း ဖြစ်သည်။ ထို့အတွက်ကြောင့်လည်း ထိုအချိန်တွင် ဂျွန်မ်အဟ် ဆွလာတ် ဝတ်ပြုရန်လည်း တာဝန်မရှိခဲ့ပေ။

ထိုအချိန်တွင် မက္ကာမြို့တော်၌ ဂျွန်မ်အဟ် ဆွလာတ်ဝတ်ပြုရန် အခြေအနေ မပေးသော်လည်း မဒီနာမြို့တွင်မူ အခြေအနေ ပေးနေခဲ့၏။ အကြောင်းကား မဒီနာမြို့ရှိ အန်ဆွာရ်မျိုးနွယ်ဝင် အတော်များများသည် အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ကြပြီး ဖြစ်နေခဲ့၏။ ဆွလာတ် ဝတ်ပြုရာတွင် မည်သူမျှ အနှောင့်အယှက်လည်း မပေးနိုင်ခဲ့ပေ။ ထို့ပြင်တဝ တမန်တော်မြတ် မဒီနာမြို့သို့ ရွှေ့ပြောင်းသွားတော်မမူမီ မဒီနာမြို့သို့ အသီးသီး ရွှေ့ပြောင်း နေထိုင်ခဲ့ကြသော မွတ်စလင်မ် ဦးရေမှာလည်း မနည်းလှပေ။ ထို့အတွက် အတ်စ်အဒ် ဗင်န် ဇုရာရဟ်၏ တိုက်တွန်းချက်အရ မဒီနာမြို့ရှိ မွတ်စလင်မ် များသည် 'ဗိယာသွဟ်' မျိုးနွယ်၏ အရပ်တွင် ဦးစွာ ပဌမ ဂျွန်မ်အဟ် ဆွလာတ် ဝတ်ပြုခဲ့ကြလေသည်။ သာဝကကြီး မွတ်ဆ်အဗ် ဗင်န် အုမိုင်ရ်သည် (အီမာမ်) ရှေ့ဆောင်ဆရာအဖြစ် ဆောင်ရွက်ခဲ့၏။ ဆွလာတ် ဝတ်ပြုရာတွင် မွတ်စလင်မ် (၄၀)ပါဝင်ခဲ့ကြ၏။

(ကြည့်-(အဗူဒါဝူဒ်) (ဗင်န် မာဂျဟ်) (ဒါရ်ကွတ္တနီ)
(ဂျွန်မ်အဟ် အခဏ်း၊ ဖတ်ဟုလ်ဗါရီ။)

ထို့နောက် တမန်တော်မြတ်သည် မဒီနာသို့ ရွှေ့ပြောင်းလာတော်မူ၏ ပဌမ ကုဗါအရပ်တွင် တည်းခိုတော်မူ၏။ ကုဗါမှ မဒီနာမြို့တွင်းသို့ ရွှေ့ပြောင်းတော်မူသည့်အခါ သောကြာနေ့နှင့်ကိုက်၍ ရွှေ့ပြောင်းလာတော်မူ၏။ စာလင်မ် မျိုးနွယ် နေထိုင်ရာ အရပ်သို့ ရောက်ရှိလာတော်မူသည့်အခါ 'ဂျွန်မ်အတ်' သောကြာ ဆွလာတ် ဝတ်ပြုရန် အချိန်လည်း ကျရောက်လာ၏။ တမန်တော်မြတ်သည် ဂျွန်မ်အဟ် ဆွလာတ်ကို ဦးစွာ ပဌမ စာလင်မ်မျိုးနွယ် အရပ်မှာပင် ဝတ်ပြုတော်မူ၏။ ၎င်းသည် ဟိဂျရီ ၁)ခု၊ ရဗီအုလ်အောဝ်ဝလ်လ နောက်ဆုံး အပတ်တွင် ဖြစ်၏။ (ကြည့်-ဗုခါရီကျမ်း၊ သောကြာ ဆွလာတ် အခဏ်း)

မဒီနာမြို့အပြင် အာရေဗျပြည် အခြားဒေသများအနက် မွတ်စလင်မ်အများအပြား စုရုံးနိုင်ခဲ့သည့် ဒေသမှာ ဗဟ်ရိုင်န်နယ်၊ 'ဂျဝါသီ' မည်သောမြို့ပင်ဖြစ်ခဲ့၏။ သာဝကကြီး အဗ်ဒုလ္လာလ် ဣဗ်နု အဗ့်ဗါစ်၏ အဆိုပြုချက်အရ တမန်တော်မြတ် ပလီတော်နောက်တွင် ဦးစွာပဌမ ဂျွန်မ်အဟ် ဆွလာတ်ဝတ်ပြုသောမြို့မှာ ဂျဝါသီမြို့ပင် ဖြစ်ပေသည်။

အစ္စလာမ့်ခေတ်အစပိုင်းမှာ မွတ်စလင်မ်များတွင် ဂျွန်မ်အဟ်ဆွလာတ်နှင့် စပ်လျဉ်း၍လည်း လေးစားသင့်၊ လေးစားအပ်သလောက် လေးစားမှုသည် မရှိခဲ့ပေ။ တခါသော် တမန်တော်မြတ်သည် ဂျွန်မ်အဟ် ဆွလာတ် ရှေ့ဆောင်ဝတ်ပြုနေတော်မူခဲ့၏။ အခြား အဆိုတခုအရ သောကြာနေ့ (ခွတ္တဗဟ်) ဩဝါဒ မြွက်ကြားနေတော်မူခဲ့၏။ ထိုစဉ် အကြောင်းအားလျော်စွာ ဆီရီယနိုင်ငံမှ ကောက်ပဲသီးနှံ ရောင်းဝယ်သော ကုန်သည်များ ရောက်ရှိလာခဲ့ကြ၏။ ထိုအခါ တမန်တော်မြတ်နှင့်အတူ ဆွလာတ် ဝတ်ပြုနေသူများအနက် ပုဂ္ဂိုလ် ( [illegible] )ဦးမှအပ အဆိုတရပ်အရ ပုဂ္ဂိုလ်(၄၀)မှအပ ကျန်အားလုံးတို့သည် ထိုကုန်သည်များထံသို့ ထွက်ခွာသွားခဲ့ကြလေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မုဂ္ဂပ် ဌ်တော်ကျရောက်လာခဲ့ပေသည်။

يَآ أَيُّهَا الَّذِيْنَ اٰمَنُوْٓا إِذَا نُوْدِيَ لِلصَّلٰوةِ مِنْ يَّوْمِ
الْجُمُعَةِ فَاسْعَوْا إِلٰى ذِكْرِ اللّٰهِ وَذَرُوا الْبَيْعَ ۚ ذٰلِكُمْ
خَيْرٌ لَّكُمْ إِنْ كُنْتُمْ تَعْلَمُوْنَ ۝
فَإِذَا قُضِيَتِ الصَّلٰوةُ فَانْتَشِرُوْا فِي الْأَرْضِ وَابْتَغُوْا
مِنْ فَضْلِ اللّٰهِ وَاذْكُرُوا اللّٰهَ كَثِيْرًا لَّعَلَّكُمْ تُفْلِحُوْنَ ۝
وَإِذَا رَأَوْا تِجَارَةً أَوْ لَهْوًا انْفَضُّوْٓا إِلَيْهَا وَتَرَكُوْكَ
قَآئِمًا ۚ قُلْ مَا عِنْدَ اللّٰهِ خَيْرٌ مِّنَ اللَّهْوِ وَمِنَ
التِّجَارَةِ ۚ وَاللّٰهُ خَيْرُ الرّٰزِقِيْنَ ۝

قرآن (٦٢: ٩-١١)

"အို....အိမာန် ယုံကြည်သူအပေါင်းတို့၊ သောကြာနေ့ ဆွလာတ်ဝတ်ပြုရန် "အဇာန်" ပေးသောအခါ အလ္လာဟ်အသျှင် မြတ်အား အောက်မေ့တသရာသို့ အမြန်သွားကြလော့၊ အရောင်းအဝယ် စွန့်လွှတ်ထားကြလော့၊ အသင်တို့ သိကြလျှင် ဤသည် အသင်တို့အဘို့ ပို၍ကောင်းသည်။

ဆွလာတ် ဝတ်ပြုပြီးသောအခါ အသင်တို့သည် တိုင်းပြည်တွင် သွားလာလှုပ်ရှားကြလော့၊ အလ္လာဟ် ရိဇ္ဇခတော်ကို ရှာဖွေကြလော့၊ အလ္လာဟ်အသျှင်မြတ်အား များစွာ တသ သတိရကြလော့၊ အသင်တို့ အောင်မြင်ကြမည်။

ထိုသူများ(အနက်အချို့)သည် အရောင်းအဝယ် တခု၊ တစုံတရာ ပျော်ရွှင်ဘွယ်ရာကို တွေ့မြင်ကြလျှင် ထိုအရာရှိရာသို့ ကဘန်းကယမ်း ထွက်ခွာသွားကြ၏။ အသင့်အား မတ်ဘတ် ရပ်လျက်ပင် ထားပစ်ခဲ့ကြ၏၊ အသင် ပြောပြပါလော့- "အလ္လာဟ်ထံတော်၌ ရှိသောအရာသည် ထိုပျော်ရွှင်ဘွယ်ရာ ထက်၊ ထို အရောင်းအဝယ်ထက်သာ ပိုကောင်းမြတ်ပေသည်။ အမှန်မှာ အလ္လာဟ်အသျှင်မြတ်သည် အကောင်းဆုံး ရိဇ္ဇခပေး တော်မူသော အသျှင်ဖြစ်တော်မူပေသည်။

ကုရ်အာန်(၆၂း၉-၁၁)

ထိုသည့်နောက်ပိုင်းတွင် မွတ်စလင်မ်ကို အခြေအနေသည် ပြောင်းလဲခြင်းကြီးမက ပြောင်းလဲလာခဲ့ပေသည်။ ဆွလာတ်ဝတ်ပြုရေးတွင် ရွှေငွေများကို တန်ဘိုးပင် မထားကြတော့ပေ။ ယင်းသို့သော မွတ်စလင်မ်များအား အလ္လာဟ် အသျှင်မြတ်သည် အောက်ပါအတိုင်း ချီးကျူးထားတော်မူပေသည်။

رِجَالٌ لَّا تُلْهِيهِمْ تِجَارَةٌ وَلَا بَيْعٌ عَن ذِكْرِ اللَّهِ وَإِقَامِ
الصَّلٰوةِ وَإِيتَاءِ الزَّكٰوةِ

قرآن (۲۴:۳۷)

"ထိုပုဂ္ဂိုလ်များကား ၎င်းတို့အား အရောင်းသည့်၎င်း၊ အဝယ်သည့်၎င်း အလ္လာဟ်အား တသ သတိရခြင်း၊ ဆွလာတ်

ဝတ်ပြုခြင်း၊ ဇကာတ်ပေးခြင်းများမှ မေ့လျော့စေနိုင်သည် မဟုတ်ပေ”

ကုရ်အာန်(၂၄း၃၇)

အိဒ်ဆွလာတ်သည်လည်း မဒီနာမြို့တွင်ပင် အတည်ဖြစ်လာခဲ့၏။ တမန်တော်မြတ် မဒီနာမြို့သို့ ရွှေ့ပြောင်းလာတော်မူသည့်ပထမနှစ်တွင် အိဒ်ဆွလာတ် မရှိခဲ့သေးပေ။ ဒုတိယနှစ်တွင်မှ အတည်ဖြစ်ခဲ့၏။ အကြောင်းကား အိဒ်သည် ရမသာန်လ၊ ဆွိုယာမ် ဥပုသ်ဆောက်တည်မှုနှင့် ဆက်စပ်နေ၏။ ဆွိုယာမ် ဥပုသ်ဆောက်တည်ရန် အမိန့်တော်သည် ဒုတိယနှစ်တွင်မှ ကျရောက်လာခဲ့၏။

**‘ဆွလာတုလ်ခေါက်ဖ်’ ကြောက်ရွံ့ရချိန် ဆွလာတ်ဝတ်ပြုခြင်း။**

ဆွလာတ်သည် အချိန်အခါမရွေး၊ နေရာဌာနမရွေး အမြဲတစေ လိုက်နာကျင့်သုံးရမည့် တာဝန်တရပ်ပင် ဖြစ်သည်။ ဆွလာတ် ဝတ်ပြုခြင်းမှ ခြွင်းချက်ဟူ၍ကား အလျင်းမရှိပေ။ စစ်မြေတွင် စစ်ဘက်နှီးပိုင်းနှင့်အမျှ စိုးရိမ်ကြောက်ရွံ့နေရသည့်အချိန်မျိုးတွင်ပင်လျှင် ဆွလာတ်ကို လက်မလွှတ်ရပေ။

စစ်မြေတွင် ဆွလာတ်ဝတ်ပြုရန် အချိန်ကျရောက်လာပါက စစ်တပ်ကို အုပ်စုနှစ်စု ခွဲလိုက်ရမည်။ ပဌမ အုပ်စုသည် လက်နက်ဆွဲကိုင်လျက်ပင် အီမာမ် ရှေ့ဆောင်နောက်တွင် လာရောက်ပြီး အခြေအနေအရ (၁) ရတ်က်အတ်၊ သို့မဟုတ် (၂) ရတ်က်အတ် ဆွလာတ် ဝတ်ပြုရမည်၊ ထို့နောက် စံနစ်တကျ စစ်မြေသို့ သွားရမည်။ အီမာမ် ရှေ့ဆောင်သည် မိမိနေရာတွင် ရပ်နေရမည်။ ထိုခါ ရန်သို့ရှေ့မှောက်တွင် ရှိနေခဲ့သော ဒုတိယအုပ်စုသည် နောက်သို့ ဆုတ်လာရမည်။ အီမာမ် နောက်တွင် ဆွလာတ် (၁) ရတ်က်အတ်၊ သို့မဟုတ် (၂) ရတ်က်အတ်ဝတ်ပြုရမည်။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် (၄း၁၀၂) တွင် ပါရှိသည်။ ကြောက်ရွံ့ရသည့်အချိန် မည်သို့ မည်ပုံ ဆွလာတ်ဝတ်ပြုရသည့် အကြောင်း အသေးစိတ်ကို အဗူဒါဝုဒ်ကျမ်းတွင် တွေ့ရှိနိုင်ပေသည်။ အစ္စလာမ့် ဓမ္မသတ်ကျမ်းကြီး ကျမ်းငယ်များတွင်လည်း တွေ့ရှိနိုင်ပေသည်။

ကြောက်ရွံ့ရသည့်အချိန် ဆွလာတ်ဝတ်ပြုရန် အမိန့်တော်သည် ဟိဂျ်ရီ (၅)ခုနှစ်၊ ‘ဇာတုရ်ရိကာအ်’ စစ်ပွဲ ဖြစ်ပွားစဉ် အချိန်တွင် ကျရောက်လာခဲ့ပေသည်။

ကြည့်- (တွဗရီကျမ်း၊ အတွဲ (၃)၊ စာမျက်နှာ (၃၄၅)။
(ဇွဟ်နူ စအ်ဒ်ကျမ်း၊ အတွဲ(၂)၊ စာမျက်နှာ(၄၃)

**ဆွမ်ိယာမ် ဥပုသ် ဆောက်တည်ခြင်း။**

အစ္စလာမ် မထွန်းကားမီအလျင် ကုရိုက်ရှ် မျိုးနွယ်ဝင်များ သည် "အာရှူရာ" မုဟာရ်ရမ်လ(၁၀)ရက်နေ့တွင် ဆွမ်ိယာမ် ဥပုသ်ဆောက်တည်လေ့ရှိခဲ့ကြ၏။ ထိုနေ့မှာပင် ကအ်ဗဟ် ကျောင်းတော်ပေါ်သို့ 'ဃိလာဖ်'ခေါ် အဖုံးတော်ကို အသစ်တင်ကြ၏။ တမန်တော်မြတ်လည်း အဆိုပါနေ့တွင် ဥပုသ် စောင့်တော်မူလေ့ရှိခဲ့၏။ တမန်တော်မြတ်အား ကြည့်ပြီး တပည့်သာဝကကြီးများသည်လည်း အဆိုပါ နေ့တွင် ဥပုသ်စောင့်လေ့ရှိခဲ့ကြပေသည်။

နဗဝီ သက္ကရာဇ် (၅)ခု၊ (တမန်တော်မြတ် ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူခြင်း ခံရပြီးနောက် (၅)နှစ်ဘွင် သာဝကကြီး ဂျအ်ဖရ်သည် အီသီယိုပီယာပြည့်ရှင် 'နဂျာရှီ' ဘုရင့်ရှေ့မှောက်၌ အစ္စလာမ်နှင့် စပ်လျဉ်း၍ တင်ပြချက်တွင် ဆွမ်ိယာမ် ဥပုသ်ဆောက်တည်ခြင်းအကြောင်း ပါရှိ၏။ အဆိုပါ ဥပုသ်မှာ အထက်တွင် ဖေါ်ပြပါ အာရှူရာနေ့တွင် ဆောက်တည်သည့် ဥပုသ်ပင်ဖြစ်ပေသည်။)

ထိုနောက် တမန်တော်မြတ် မဒီနာမြို့သို့ ရွှေ့ပြောင်းကြွလာတော်မူသည့်အခါ အာရှူရာနေ့တွင် ယဟူဒီများလည်း ဥပုသ်စောင့်လျက်ရှိကြသည်ကို တွေ့မြင်တော်မူသည့်အခါ၊ တမန်တော်မြတ်က ၎င်းတို့အား ကျိုးကြောင်းမေးကြည့်တော်မူရာ၊ ယဟူဒီများက "အဆိုပါနေ့တွင် တမန်တော် မူစာသည် ဖိရ်အောင်နှ်ဘေးရန်အပေါင်းမှ လွတ်မြောက်ခဲ့သည့်အတွက်၊ ယင်းသို့ ကျွန်တော်တို့ ဥပုသ်စောင့်ခြင်းဖြစ်ပါသည်"ဟု ဖြေကြ၏၊ ထိုအခါ တမန်တော်မြတ်က- "သို့ဖြစ်လျှင် ငါတို့၌ တမန်တော် မူစာ၏ လမ်းစဉ်ကို လိုက်နာရန်သာ ပို၍ တာဝန်ရှိသည်"ဟု မိန့်ကြားတော်မူလိုက်လေသည်။ သို့မိန့်ကြားတော်မူသည့်အလျောက် တမန်တော်မြတ်သည် မဒီနာမြို့မှာအာရှူရာနေ့တွင် မိမိဆိုယ်တိုင်သည်း ဆွမ်ိယာမ် ဥပုသ်ဆောက်တည်တော်မူခဲ့၏။ တပည့်သားများအားလည်း အဆိုပါနေ့တွင် ဥပုသ်စောင့်ရန် မှာကြားတော်မူခဲ့၏၊ ထို့နောက် ဟိဂျ်ရီ(၂) ခု၊ ရမဿွာန်လမြတ်တွင် ဆွမ်ိယာမ်ဥပုသ်ဆောက်တည်ရန် အမိန့်တော်ကျရောက်လာခဲ့၏၊ ထိုသည့် အချိန်မှစ၍ ရမဿွာန်လ ဆွမ်ိယာမ်ဥပုသ်ဆောက်တည်ခြင်းမှာ 'ဖရည်'မလုပ်မနေရတာဝန်ဖြစ်လာခဲ့၏။အာရှူရာနေ့ ဥပုသ်ဆောက်တည်ခြင်းမှာကား 'မုဿဟ်ဗ'တဟာဗ်' နှစ်မြို့ဘွယ်ရာသော အစ္စလာမ့် ကျင့်စဉ်သာ ဖြစ်သွားခဲ့လေသည်။ ဆိုလိုသည်ကား အာရှူရာနေ့တွင် ဥပုသ်စောင့်လိုက စောင့်နိုင်သည်၊

မစောင့်လိုက မစောင့်ဘဲ ‌နေနိုင်ပေသည်။ သို့ပါသော်လည်း တမန်တော်မြတ်သည် အာရှူရာနေ့တွင် အမြဲတစေ ဥပုသ်စောင့်တော်မူလေ့ရှိခဲ့လေသည်။

ဟိဂျ်ရီ(၁၁) ခုနှစ်တွင် အချို့ တပည့်သားများက တမန်တော်မြတ်အား "တမန်တော်မြတ်၊ ယဟူဒီများသည် အာရှူရာနေ့ကို အတိုင်းထက် အလွန်လေးစား မြတ်နိုးကြပါသည်" ဟုပြောပြကြရာ၊ တမန်တော်မြတ်က- "လာမည့်နှစ်ကျလျှင် အာရှူရာ- မုဟာရ်ရမ်လ(၁၀)ရက်အစား (၉)ရက်နေ့တွင် ဥပုသ်စောင့်မည်" ဟု မိန့်ကြားတော်မူလိုက်၏၊ သို့ပါသော် ကြေကွဲဖွယ်ရာဖြစ်သည်မှာ တမန်တော်မြတ်သည် အဆိုပါနှစ်မှာပင် အလ္လာဟ်ထံ ပြန်သွားတော်မူခဲ့ရှာလေသည်။

ကြည့်-ဗုခါရီ၊ မွတ်စလင်မ်၊ အဗူဒါဝုဒ်၊ ဆွ ယာမ် အခန်း။

ယဟူဒီများသည် ဥပုသ်စောင့်လေ့ရှိခဲ့ကြ၏၊ သို့ရာတွင် ၎င်းတို့သည် အီရှာ ဆွလာတ်နောက်ပိုင်းတွင် တစုံတရာ စားသောက်လေ့ မရှိခဲ့ကြပေ။ အီရှာနောက်ပိုင်း စားသောက်ခြင်းကို ၎င်းတို့သည် (ဟရာမ်)-အလျှင်း မစားကောင်း မစားအပ်၊ မစားရဟု ယူဆခဲ့ကြ၏။ အိမ်သူ ဇနီးမိန်းမများနှင့်သံဝါသ စပ်ရှက်မှုကိုလည်း မပြုစကောင်းဟူ၍ယူဆခဲ့ကြ၏။ အစ္စလာမ့်ခေတ်အစပိုင်းတွင် မွတ်စလင်မ်များသည်လည်း ဆွ ယာမ်ဥပုသ်ဆောက်တည်ရာတွင် ယဟူဒီများနည်းတူပင် လိုက်နာကျင့်သုံးလျက် ရှိခဲ့ကြပေသည်။

ဤတွင် သတိပြုအပ်သည့် အချက်တခုမှာ အစ္စလာမ့်အမိန့်၊ ပညတ်အရပ်ရပ်တွင် အလ္လာဟ်အသျှင်မြတ်သည် မူအားဖြင့် အောက်ပါအချက်များကို ထောက်ထားတော်မူပေသည်။

يُرِيدُ اللّٰهُ بِكُمُ الْيُسْرَ وَلَا يُرِيدُ بِكُمُ الْعُسْرَ

قرآن (٢:١٨٥)

"အလ္လာဟ်အသျှင်မြတ်သည်၊ အသင်တို့အား လွယ်ကူမှုကိုသာ လိုလားတော်မူ၏၊ အသင်တို့အား ခဲယဉ်းမှုကိုမူ လိုလားတော်မမူပေ။"

ကုရ်အာန် (၂း၁၈၅)

لاضرورة في الاسلام

ابوداود، احمد

အစ္စလာမ်တွင် ရသေ့ ရဟန်းဘဝမရှိ။

(အဗူဒါဝုဒ်၊ အဟ်မဒ်)

ထို့အတွက်ကြောင့်ပင် အောက်ပါ မုက္ခပါဌ်တော် ကျရောက်လာခဲ့ပေသည်။

أُحِلَّ لَكُمْ لَيْلَةَ الصِّيَامِ الرَّفَثُ إِلَىٰ نِسَائِكُمْ
وَكُلُوا وَاشْرَبُوا حَتَّىٰ
يَتَبَيَّنَ لَكُمُ الْخَيْطُ الْأَبْيَضُ مِنَ الْخَيْطِ الْأَسْوَدِ
مِنَ الْفَجْرِ

قرآن (٢:١٨٧)

“အသင်တို့အတွက် ဥပုသ်စောင့်သည့် ညဉ့်တွင် မိမိတို့၏ ဇနီး မိန်းမများနှင့် သံဝါသ ပြုပိုင်ခွင့်ရှိပြီ၊ .... .... ....အသင်တို့သည် ချည်မျှင်အနက်တည်းဟူသော ညဉ့်၏အမှောင်မှ ချည်မျှင်အဖြူ တည်းဟူသော အရုဏ်တက် အလင်းရောင်သည် ကွဲပြား ခြားနားလာသည့်တိုင်အောင် တနည်း- နံနက် အရုဏ်တက်အချိန်အထိ စားကြ၊ သောက်ကြ”

ကုရ်အာန် (၂း၁၈၇)

အရဗ်လူမျိုးတို့သည် ဆွိယာမ်ဥပုသ်စောင့်လေ့မရှိခဲ့ကြပေ၊ ထို့အတွက် အစပထမတွင် ဥပုသ်စောင့်ရာ၌ အတော်ဒုက္ခဖြစ်ခဲ့၏။ ထို့အတွက်ကြောင့် ဆွိယာမ်ဥပုသ်ဆောက်တည်မှုသည်လည်း တဖြည်းဖြည်း ပြီးပြည့်စုံလာခဲ့၏။

တမန်တော်မြတ် မဒီနာမြို့သို့ ကြွလာတော်မူသည့်အခါ အစပထမတွင် တနှစ်လုံးမှ သုံးရက် ဥပုသ်ဆောက်တည်ရန် အမိန့်ပေးတော်မူခဲ့၏။ ထို့နောက်

ဆွိယာမ် ဥပုသ်ဆောက်တည်ရန် အမိန့်တော် ကျရောက်လာသည့် အခါတွင်လည်း ဥပုသ်စောင့်လိုက စောင့်နိုင်၏၊ ဥပုသ် မစောင့်လိုက ဥပုသ်တရက်အစား ဆင်းရဲသားတယောက်ကို ထမင်းကျွေးနိုင်၏။ ယင်းသို့ဖြင့် မွတ်စလင်မ်များတွင် ဆွိယာမ် ဥပုသ်ဆောက်တည်ရန် အရည်အချင်း ပြည့်ဝ လာခဲ့သည့်အခါ၊ မွတ်စလင်မ်များသည် ဥပုသ်ဆောက်တည်သည့် အလေ့အကျင့်ရလာသောအခါ အောက်ပါ မုက္ခပါဌ်တော် ကျရောက်လာခဲ့ပေသည်။

فَمَنْ شَهِدَ مِنْكُمُ الشَّهْرَ فَلْيَصُمْهُ

قرآن (٢:١٨٥)

"အသင်တို့အနက် မည်သူမဆို ထို(ရမဿန်)လမြတ်နှင့် ကြုံကြိုက်ခဲ့ပါလျှင် ထိုသူသည် ယင်းလမြတ်တွင်(တလပတ်လုံး) ဆွိယာမ် ဥပုသ်ဆောက်တည်ရမည်။"

ကုရ်အာန်(၂း၁၈၅)

ယခုမူ ဆွိယာမ် ဥပုသ်ဆောက်တည်ခြင်းသည် 'ဖရဇ်' မလုပ်မနေရ တာဝန် ဖြစ်လာခဲ့ပြီ။ ယခင်ကဲ့သို့ ဥပုသ်တရက် ပျက်ကွက်သည့်အတွက် ဆင်းရဲသားတဦးအား ထမင်းကျွေးမွေး ပိုင်ခွင့်လည်း မရှိတော့ပြီ။ သို့ပင်တစေအကယ်တန္တိ၊ ပုဂ္ဂိုလ်တဦးတယောက်သည် တကယ်ပင် မကျန်းမမာ ဖြစ်နေခဲ့သော်၊ ထိုတည်း မဟုတ် ခရီးသွားလာနေခဲ့သော် ထိုသို့သော ပုဂ္ဂိုလ်သည် ထိုအချိန်တွင် ဥပုသ်မစောင့်ဘဲ နေနိုင်သော်လည်း ကျန်းမာလာသည့်အခါ ခရီးမှပြန်ရောက်သည့်အခါ အခြေအနေအရ သင့်တော်သည့် နေ့ရက်များတွင် ပျက်ကွက်ခဲ့သော ဥပုသ်များကို အမှတ်တရ ပြန်လည် ဖြည့်ရပေမည်။

အချို့ လူမျိုးများ၊ အထူးသဖြင့် အီစာအီများသည် 'ရှဟ်ဗါနိယတ်' တောထွက်၍ ပင်ပန်းကြီးစွာ တရားအားထုတ်မှုကို အလွန်ကောင်းမွန်မြင့်မြတ်သည်ဟု ယူဆခဲ့ကြ၏။ ထို့အတွက် ဘာသာတရားတွင် စိတ်အား အလွန်ထက်သန်သည့် ဆွိယာမ် ဥပုသ်ဆောက်တည်ရာ၌ ပင်ပန်းကြီးစွာ ဒုက္ခခံလေ့ ရှိခဲ့ကြ၏။ တမန်တော်မြတ်သည် ယင်းသို့သော ပုဂ္ဂိုလ်များအား မကြာခဏ ပိတ်ပင်တားမြစ်တော်မူလေ့ ရှိခဲ့၏။ တခါသော် တမန်တော်မြတ်သည် ခရီးထွက်တော်မူခဲ့၏။ လမ်းခရီးတွင် လူတယောက်ကို မြင်တော်မူ၏။

၎င်းအား လူများဝိုင်းအုံကြည့်နေကြ၏။ ၎င်း၏အပေါ်တွင် အရိုင်အာဝါသ ပြုလုပ်ပေးထားကြ၏။အကြောင်း မေးကြည့်တော်မူသည့်အခါ နေပူကဲကဲတွင် ဆွဲယာမ် ဉပုသ်ဆောက်တည်သဖြင့် ယခုကဲ့သို့ နေထိုင်မကောင်းဖြစ်ရကြောင်း သိရှိရ၏။ ထိုအခါ တမန်တော်မြတ်က– "ရေးသွားလာနိုက်၊ ယခုကဲ့သို့ပင်ပန်း ကြီးစွာ ငှက်မကာ ဆွဲယာမ်ဉပုသ်ဆောက်တည်ခြင်းဖြင့် မည်သည့်မျှ အကျိုး မရှိ၊ ကုသိုလ်မရ"ဟု မိန့်ကြားတော်မူလိုက်လေသည်။

ကြည့်-(ဗုခါရီ၊ ဆွဲယာမ်အခဏ်း)

အချို့ ပုဂ္ဂိုလ်များသည် နေ့ရော ညဉ့်ပါ ဉပုသ် ဆောက်တည်လေ့ ရှိခဲ့ ကြ၏။ နေ့နှင့် ညဉ့်၏ကြားတွင် ဝါဖြေလေ့ မရှိခဲ့ကြပေ။ ယင်းသို့ နေ့ရော ညဉ့်ပါ ဉပုသ်ဆောက်တည်ခြင်းကို 'ဆွေ့ဝ်မုလ်ဝိဆွာလ်'ဟု ခေါ်သည်။ တမန် တော်မြတ်သည် ယင်းသို့ နေ့ရော ညဉ့်ပါ ဉပုသ်ဆောက်တည်ခြင်းကိုလည်း ပိတ်ပင် တားမြစ်တော်မူလေ့ ရှိခဲ့ပေသည်။

များသောအားဖြင့် ဉပုသ်ဆောက်တည်ခြင်းနှင့်စပ်လျဉ်း၍ မိမိကိုယ်ကို ဒုက္ခပေးခြင်းဖြင့် ကုသိုလ်အကျိုး ရရှိသည်ဟု ထင်မှတ်ကြ၏။ ထို့အတွက် ကြောင့် တမန်တော်မြတ်သည် အမျိုးမျိုး လွယ်ကူစေရန် အမိန့်ပေးတော်မူ၏။ ဉပမာ ရေးသွားလာသည့်အချိန်တွင်၎င်း၊ နေထိုင်မကောင်းဖြစ်နေချိန်တွင်၎င်း ဉပုသ်မစောင့်ရန် မိန့်ကြားတော်မူ၏။ ညဉ့်အခါ်၌တွင် နံနက် အရုဏ်တက် အချိန်အထိ စားသောက်နိုင်ခွင့်၊ အခြား ကိစ္စအဝဝ ပြုလုပ်ခွင့် ပြုထားတော် မူ၏။ 'ဇဟရီ'ခေါ် ဝါထမင်းစားခြင်း၏ ကုသိုလ်အကျိုးများပြားကြောင်းနှင့် အဆာခံနိုင်ရန်အတွက် ဝါထမင်းကို နံနက်မိုးလင်းခါနီးအချိန်အထိ နောက်ဆွဲ စားရန်လည်း မိန့်ကြားထားတော်မူ၏။

ဆွဲယာမ် ဉပုသ် ဆောက်တည်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ပြစ်မှု အပေါင်းမှ မိမိကိုယ်ကို ကာကွယ် ထိန်းသိမ်းထားရန်ပင် ဖြစ်သည်။ ထို့အတွက် ကြောင့်ပင် တမန်တော်မြတ်က– "အကြင်သူတဦးသည် ဆွဲယာမ်ဉပုသ်ဆောက် တည်ပြီး၊ လိမ်လည်ဖြားယောင်းမှုကိုမစွန့်လွှတ်ပါက အလ္လာဟ်အရှင်မြတ်သည် ထိုသို့သောသူ၏ အစာငတ်၊ ရေငတ်နေခြင်းကို အလိုမရှိဟု" မိန့်ကြားတော် မူခဲ့လေသည်။

**ဇကာတ်။**

ဇကာတ်ပေးဆောင်ရန် အလှူဒါနပြုရန် အစွလာမ်သည် အစကတည်းကပင် တိုက်တွန်းလာခဲ့၏။ မက္ကာမြို့တော်တွင် ကျရောက်လာခဲ့သော မုက္ခပါဌ်တော်၌ ဇကာတ်ဟူသော အသုံးအနှုန်းကို အတည့်အလင်း တွေ့ရှိရ၏။ အလှူဒါန မပြုသူများသည် ပြစ်ဒဏ် ခံရမည့်အကြောင်း ပါရှိ၏။

أَرَءَيْتَ الَّذِى يُكَذِّبُ بِالدِّينِ ۝ فَذَٰلِكَ الَّذِى يَدُعُّ الْيَتِيمَ ۝ وَلَا يَحُضُّ عَلَىٰ طَعَامِ الْمِسْكِينِ ۝

قرآن (١٠٧:١-٣)

"အသင်သည် အကြင်သူအား မြင်သလော၊ ထိုသူသည် သာသနာကို မုသားဟု ဆို၏။ ထိုသူသည်ပင် ဘသက်ဆိုးအား မောင်းနှင်ထုတ်၏။ ဆင်းရဲသားအား ကျွေးမွေးရန်လည်း မတိုက်တွန်းပေ။"

ကုရ်အာန် (၁၀၇း ၁-၃)

ဇကာတ်ပေးရေး၊ ဒါနလှူဒါနပြုရေးနှင့် စပ်လျဉ်း၍ မဒီနာမြို့တွင် ကျရောက်လာခဲ့သော မုက္ခပါဌ်တော်များသည် ပိုမိုလေးနက်လာခဲ့၏။ ဟီဂျရီ (၂)ခုနှစ်တွင် 'ဖိတ္တ်ရဟ်' အလှူသည် မပေးမနေရ ဖြစ်လာခဲ့၏။

ဟီဂျရီ သက္ကရာဇ်၏ အစပဌမပိုင်းတွင် များသောအားဖြင့် မွတ်စလင်မ်များ၊ အထူးသဖြင့် မဒီနာမြို့သို့ ရွှေ့ပြောင်းလာခဲ့ကြသော မုဟာဂျိရ်များသည် အတော်ကသီလင်တ ဖြစ်နေခဲ့ကြ၏။ အတော်ပင် ဆင်းရဲနေခဲ့ကြ၏။ တမန်တော်မြတ်၏ ဩဝါဒတော်များတွင် ပါရှိသည့် တပည့်သာဝကများ၏ ဆင်းရဲခြင်း အကြောင်းများသည် အဆိုပါခေတ်နှင့်ပင် ပတ်သက်ပေသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်က– "မလွဲမရှောင်သာ သုံးစွဲရမည့် အသုံးစရိတ်များထက် ပိုလျှံသော အရာအားလုံးကို လှူဒါန်းပစ်ရမည်၊ မလှူပါက အပြစ်ဒဏ် ခံရမည် ဖြစ်သည်"ဟု မိန့်ကြားတော်မူခဲ့လေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မုက္ခပါဌ်တော် ကျရောက်လာခဲ့ပေသည်။

وَالَّذِينَ يَكْنِزُونَ الذَّهَبَ وَالْفِضَّةَ وَلَا يُنفِقُونَهَا
فِي سَبِيلِ اللَّهِ فَبَشِّرْهُم بِعَذَابٍ أَلِيمٍ
قرآن (٩ : ٣٤)

"အကြင်သူများသည် ရွှေနှင့်ငွေများကို စုဆောင်းကြ၏၊ ထိုသည့် ရွှေငွေများကိုမူ အလ္လာဟ်၏ လမ်းတော်တွင် မသုံးစွဲကြပေ၊ ထိုသို့သောသူများအား ပြင်းပြင်းနာကျင်ဘွယ်ကောင်းသော ပြစ်ဒဏ်ခံရကြရမည့်အကြောင်း အသင် ကောင်းခြီးသတင်းပြောကြားလေ။"

ကုရ်အာန် (၉း၄၃)

يَسْـَٔلُونَكَ مَاذَا يُنفِقُونَ قُلِ الْعَفْوَ
قرآن (٢:٢١٩)

"ထိုသူများက မည်သည့်ပစ္စည်းကို လှူဒါန်းကြရပါမည်နည်းဟု အသင့်ထံမေးမြန်းကြ၏၊ (မရှိမဖြစ်သောပစ္စည်းမှအပ) ပိုလျှံသော ပစ္စည်းကို (လှူဒါန်းကြရမည်ဟု) အသင်ပြောပြလေ။

ကုရ်အာန်(၂း၂၁၉)

အချို့ပုဂ္ဂိုလ်များသည် လှူဒါန်းကြသည်ကားမှန်၏၊ သို့ရာတွင်ကောင်းသော၊ အဘိုးတန်သော ပစ္စည်းများကို ထိန်းသိမ်းထားကြ၏၊ **အသုံး**မဝင်သော အချည်းနှီးသော ပစ္စည်းများကိုသာ "မကောင်းကျောင်းပို" ဆို သကဲ့သို့ လှူဒါန်ကြ၏၊ ထိုသို့ လှူဒါန်းကြသည့်အတွက် အောက်ပါအတိုင်း မုကွပါဠ်တော် ကျရောက်လာခဲ့၏။

يَا أَيُّهَا الَّذِينَ آمَنُوا أَنفِقُوا مِن طَيِّبَاتِ مَا كَسَبْتُمْ
وَمِمَّا أَخْرَجْنَا لَكُم مِّنَ الْأَرْضِ ۚ
قرآن (٢:٢٦٧)

"အို- အီမာန်သက်ဝင် ယုံကြည်သူ အပေါင်း တို့၊ အသင်တို့ ရှာဖွေ ဆည်းပူး ကြသောပစ္စည်းများ အနက်မှ၎င်း၊ ငါအသျှင် အသင်တို့ အဘို့မြေကြီးမှ ပေါက်ရောက်စေ တော်မူသောအရာများ အနက်မှ၎င်း၊ ကောင်းသော အရာ များကို လှူဒါန်းကြ။"

ကုရ်အာန် (၂း၂၆၇)

အထက်ပါ အမိန့်တော်ကို ပိုမို လေးနက်စေရန် အောက်ပါ မုက္ခပါဌ်တော်ကို ထပ်မံ ထုတ်ပြန်တော်မူပြန်၏။

لَنْ تَنَالُوا الْبِرَّ حَتّٰى تُنْفِقُوا مِمَّا تُحِبُّونَ ۚ

(٣:٩١) قرآن

"အသင်တို့သည် မိမိတို့ ချစ်မြတ်နိုးသော ပစ္စည်းကို မလှူဒါန်းကြသမျှ ကာလပတ်လုံး၊ အလျှင်း ကုသိုလ်အကျိုးရရှိကြမည်မဟုတ်ပေ။"

ကုရ်အာန် (၃း၉၁)

ယင်းသို့ ပို၍ ပို၍ လေးနက်သော မုက္ခပါဌ်တော်များ ဆင့်ကာဆင့်ကာ ကျရောက်လာသည့်အခါ မွတ်စလင်မ်တို့တွင် လှူဒါန်းလိုသောစိတ်များသည် တဖွားဖွားပေါ်ပေါက်လာတော့၏။ မရှိဆင်းရဲသူများသည်ပင် ဈေးများသို့သွား၍ အလုပ်လုပ်ကြ၍၊ သူတပါးပစ္စည်းများကို ပခုံးပေါ်ထမ်း၍ သိုရာသို့ပို့ဆောင်ပေးကြ၍၊ ရလာသော အခကြေးငွေကို ရက်ရက်ရောရော လှူဒါန်းကြ၏။

မည်သို့ရှိစေ မွတ်စလင်အများစုကြီး၏ စားဝတ်နေရေးမှာ ဟိဂျရီ (၈)ခုနှစ်အထိ ကောင်းစွာ မပြေလည်ခဲ့သေးပေ။ ထို့အတွက်ပင်ကျာနှင့် ဟိဂျရီ (၈)ခုနှစ်အထိ ဇကာတ်သည် မပေးမနေရ အမိန့်တော်ဖြစ်မလာခဲ့ပေ။ မက္ကာမြို့တော် အောင်နိုင်ပြီးနောက်တွင်မှ ဇကာတ်သည် မပေးမနေရ ဖြစ်လာခဲ့ပေသည်။ ဇကာတ်နှင့်အတူ ဇကာတ်ခွဲဝေ သုံးစွဲရာဌာနများလည်း ပါလာခဲ့ပေသည်။ ယင်းသည့် ဇကာတ်များကို တိုင်းပြည်နှင့်အဝှမ်း ကောက်ခံနိုင်ရန် အတွက် တမန်တော်မြတ်သည် ဟိဂျရီ(၉)ခုနှစ်တွင် ဇကာတ် ကောက်ခံရေး အရာရှိများအား စနစ်တကျ ခန့်အပ်တော်မူခဲ့လေသည်။

ဇကာတ်ပစ္စည်းများကို ခွဲဝေသုံးစွဲရာ ဌာနများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မုက္ခပါဠ်တော် ကျရောက်လာခဲ့ပေသည်။

إِنَّمَا الصَّدَقَاتُ لِلْفُقَرَاءِ وَالْمَسَاكِينِ وَالْعَامِلِينَ
عَلَيْهَا وَالْمُؤَلَّفَةِ قُلُوبُهُمْ وَفِي الرِّقَابِ وَالْغَارِمِينَ
وَفِي سَبِيلِ اللَّهِ وَابْنِ السَّبِيلِ ۖ فَرِيضَةً مِّنَ اللَّهِ ۗ
وَاللَّهُ عَلِيمٌ حَكِيمٌ قرآن (9:60)

"ဇကာတ် ပစ္စည်းများသည် ဆင်းရဲသားများ၊ မဖူလုံသူများ၊ ဇကာတ်အမှုထမ်းများနှင့်အကြင်သူများအတွက်ဖြစ်၏ ယင်းတို့၏ စိတ်နှလုံးများကို ယိမ်းယိုင်ညွတ်ပျောင်းအောင် မြူဆွယ်လို၏။ ၎င်းပြင် ကြေးကျွန်များကို လွှတ်မြောက်စေရာတွင် အသုံးပြုရ၏။ ၎င်းပြင် ကြွေးမြီတင်ရှိနေသူများအတွက်ဖြစ်၏။ ၎င်းပြင် အလ္လာဟ်၏ လမ်းတော်တွင် အသုံးပြုရ၏။ ၎င်းပြင် ခရီးသည်များအတွက် ဖြစ်၏။ ဤသည် အလ္လာဟ်၏ ထံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော မလုပ်မနေရတာဝန်ဖြစ်၏၊ အလ္လာဟ်အသျှင်မြတ်သည် အရာရာကို သိတော်မူသောအသျှင်၊ အတိုင်းမသိ ကျွမ်းကျင်တော်မူသောအသျှင် ဖြစ်တော်မူသည်"

ကုရ်အာန် (၉း၆၀)

ဇကာတ်နှင့် စပ်လျဉ်း၍ အသေးစိတ်ကို တမန်တော်မြတ်၏ ဩဝါဒတော်များတွင် တွေ့ရှိနိုင်ပေသည်။ အစ္စလာမ့်ဓမ္မသဘာကျမ်းများတွင်လည်း တွေ့ရှိနိုင်ပေသည်။

**ဟဂ်ျ။**

လူ့လောကတွင် ဦးစွာ ပဌမ တမန်တော် အစ်ဗ်ရာဟီမ်သည် အလ္လာဟ် အသျှင်မြတ်အား ရှိခိုးပူဇော်ရန်အတွက် အိမ်တော် (ကျောင်းတော်) ကိုပြန်လည် တည်ဆောက်ခဲ့၏။ သို့တည်ဆောက်ပြီးနောက် ကမ္ဘာ့လူသားထုကြီးတရပ်လုံးအား အိမ်တော်သို့ လာရောက်ဝတ်ပြုရန် ဘိတ်ခေါ်ခဲ့၏။

وَإِذْ بَوَّأْنَا لِإِبْرَاهِيمَ مَكَانَ الْبَيْتِ أَنْ لَا تُشْرِكْ
بِي شَيْئًا وَطَهِّرْ بَيْتِيَ لِلطَّائِفِينَ وَالْقَائِمِينَ وَالرُّكَّعِ
السُّجُودِ ۝ وَأَذِّنْ فِي النَّاسِ بِالْحَجِّ يَأْتُوكَ رِجَالًا
وَعَلَىٰ كُلِّ ضَامِرٍ يَأْتِينَ مِنْ كُلِّ فَجٍّ عَمِيقٍ ۝ لِيَشْهَدُوا
مَنَافِعَ لَهُمْ وَيَذْكُرُوا اسْمَ اللَّهِ فِي أَيَّامٍ مَعْلُومَاتٍ

قرآن (٢٢:٢٦-٢٨)

"အကြင်အခါ ငါအသျှင်သည်(တမန်တော်) အစ်ဗ်ရာဟီမ် အား အိမ်တော်၏ နေရာကို မြှတော်မူ၏၊ ငါနှင့် တွဲဘက်၍ မည်သည့်အရာကိုမျှ မကိုးကွယ်နှင့် ငါ၏အိမ်တော်ကို(တွဝါဖ်) လှည့်ပတ် ဖူး မျှော် သူ များ နှင့် (ဆွလာတ် ဝတ်ပြုရာတွင်) (ကီယာမ်) မတ်တတ်ရပ်သူများ၊ (ရကူအ်) ဦးညွတ်သူများ၊ (စုဂျူဒ်)ဦးချသူများအတွက် သန့်ရှင်းစွာထား၊ လူသားတို့အား ဟဂ်ျပြုရန် ကျေညာ၊ (သို့ကျေညာလျှင်) ထိုလူသားတို့သည် အသင့်ထံ ခြေလျင်လည်း လာကြမည်၊ ကြုံလှီသော ကုလားအုတ်မများကို စီးနင်း၍လည်း လာကြမည်။ ထိုကုလားအုတ်မများ သည် အလွန်ဝေးလံသော ခရီးမှရောက်ရှိကြမည်။ သို့ လာကြခြင်းမှာ ၎င်းတို့သည် မိမိတို့၏အကျိုးများကို မျက်မှောက်ပြုကြပေမည်။ သတ်မှတ်ထားသော နေ့ရက်များတွင် အလ္လာဟ် အသျှင်မြတ်၏ နာမံတော်ကိုလည်း တသကြပေမည်။"

ကုရ်အာန် (၂၂း၂၇-၂၈)

၎င်းသို့ တမန်တော် အစ်ဗ်ရာဟီမ်က ဘိတ်ခေါ် လိုက်သည့် အခါ အားလုံးက 'လဗ္ဗိုင်'က ဆိုကြ၏။ လက်ခံကြ၏။ နှစ်စဉ်နှင့်အမျှ အလွန် ဝေးလံသော မြို့ရွာများမှ လူများသည် ဟဂ်ျပြုရန် ရောက်ရှိကြ၏။

ခေတ်အတန် ပြောင်းလဲလာသည့်အခါ အချိန်အတန် ကြာညောင်းလာသည့်အခါ လူသားတို့သည် အမှန်တရားကို မေ့ပျောက်ကာ အမှောက်မှောက် အမှားမှား ဖြစ်လာခဲ့ကြ၏။ တဆူတည်းသော အလ္လာဟ် အသျှင်မြတ်အား

ကိုးကွယ်ရန် ရည်သန် တည်ဆောက်ခဲ့သော အိမ်တော်တွင် ဆင်းတုပေါင်း (၃၆၀)ရောက်ရှိနေခဲ့၏။ အိမ်တော်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အထိုက် တန်ဆုံး ပုဂ္ဂိုလ်မြတ်မှာ အိမ်တော်ပါးမှ မလွဲမရှောင်သာ ထွက်ခွာသွားခဲ့ရရှာ၏, (၈)နှစ်တိုင်တိုင် အိမ်တော်ကို ဖူးမျှော်ခွင့်ပင် မရရှိနိုင်ပေ။ ပြောင်းလဲမှုကား အံ့မဆုံးပင်။

အမှန်တရားသည် အမှန်တရားပင်၊ နောက်ဆုံးတွင် အမှန်တရားသည် တဖန် ပြန်လည်ပေါ်လွင်ထင်ရှားလာ၏။ မြို့တော်ကို ပြန်လည် အောင်နိုင်၏။ တမန်တော် ဣဗရာဟီမ် ချမှတ်တော်မူခဲ့သည့် လမ်းစဉ်ကို ပြန်လည် အကောင် အထည်ဖေါ်ရန်အတွက် တမန်တော် ဣဗရာဟီမ် အရိုက်အရာကို ဆက်ခံတော် မူသော တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ နောက်လိုက် တပည့်သား မွတ်စလင်မ်များအဘို့ အခွင့်အလမ်းရရှိလာ၏။ ဟိဂျ်ရီ(၉)ခုနှစ်တွင် ဟဂျ်သည် 'ဖရည်း' ဖြစ်လာခဲ့၏။ မလုပ်မနေရ တာဝန် ဖြစ်လာခဲ့၏။ သို့ပင်တစေ တမန်တော်မြတ်သည် အဆိုပါနှစ်တွင် ဟဂျ်ပြုတော်မမူခဲ့ပေ။ အကြောင်းကား အရဗ်တို့သည် အိမ်တော်ကို ဝတ်လစ်စားလစ် လှည့်ပတ်ဖူးမျှော်လေ့ရှိခဲ့ကြ၏။ တမန်တော်မြတ်သည် ယင်းသို့ အရှက်ကင်းမဲ့လှသော ရှုခင်းကို ကြည့်တော် မမူ လိုပေ။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် အဆိုပါနှစ်တွင် ဟဂျ် အချိန်၌ သာဝကကြီး အဗူဗတ်ကရ်နှင့်သာဝကကြီး အလီတို့အား မက္ကာမြို့တော် သို့ စေလွှတ်ပြီး "နောက်နောင် မည်သူတဦးတယောက်မျှ ကအ်ဗဟ်ကျောင်း တော်ကို ဝတ်လစ်စားလစ် (တွဝါဖ်) လှည့်ပတ်ဖူးမျှော်ခွင့် အလျှင်း ရရှိမည် မဟုတ်ကြောင်း ကြေညာစေတော်မူခဲ့လေသည်။

အခြား အကြောင်းတရပ် ရှိသေး၏။ ထိုအကြောင်းကား အခြား မဟုတ်၊ အရဗ်တို့သည် ရှေးအထက်ကျော်ကာရီကပင် တနှစ်ရှိ(၁၂)လအနက် (၄)လကို အထူးရိုသေလေးစားအပ်သော လများအဖြစ် မှတ်ယူထားခဲ့ကြ၏။ ထိုလများတွင် စစ်တိုက်ခိုက်မှုကို ရပ်ဆိုင်းထားခဲ့ကြ၏။ထို(၄)လမှာဇူကအ်ဒဟ်၊ ဇူလ်ဟိဂျ်ဂျဟ်၊ မိုဟာရ်ရမ်၊ ရဂျဗ်လများဖြစ်၏။ သို့တစေလည်း အရဗ်တို့သည် မိမိ တို့ အလိုဆန္ဒအလျောက် အလိုရှိသည့်အခါ အလိုရှိသည့်အလျောက်၊ အလိုမရှိ သည့်အခါ အလိုမရှိသည့်အလျောက် ရှေ့တိုး နောက်ဆုတ် ပြုလုပ်လေ့ရှိခဲ့ကြ၏။ ရိုသေမြတ်နိုးအပ်သော လများကို တခါတရံ ဟလာလ် ပြုလုပ်လေ့ရှိခဲ့ကြ၏။ တခါတရံ ဟရာမ်ပြုလုပ်လေ့ရှိခဲ့ကြ၏။ ဤသို့ပြုလုပ်ခြင်းကို 'နစီအ်'ဟု ခေါ် ဆို၏။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် (၉း၃၇)တွင် ပါရှိ၏။ အရဗ်တို့

သည် ရှိသေမြတ်နိုးအပ်သောလများတွင် ရှေ့တိုး၊ နောက်ဆုတ် လုပ်ထားခဲ့ကြသည့်အတွက်ကြောင့် ဟဂ်ျလသည် တဖြည်းဖြည်း ဆုတ်လာခဲ့ရာ ဇူလ်ကာအ်ဒဟ်လတွင်ရောက်ရှိနေခဲ့၏။ ဟိဂျ်ရီ(၉)ခုနှစ်တွင်ပြုလုပ်ခဲ့သော ဟဂ်ျမှာဇူလ်ကဲအ်ဒဟ်လတွင် ပြုလုပ်ရရောက်နေခဲ့၏။ အမှန်မှာ ဟဂ်ျ၏လမှာ ဇူလ်ဟဂ်ျဂျဟ်လဖြစ်၏။ ထို့အတွက် တမန်တော်မြတ်သည် တနှစ်တိတိ စောင့်ဆိုင်း နေတော်မူခဲ့၏။ တနှစ်ရှိသောအခါ ဟဂ်ျလမှာ မူလအတိုင်း မှန်ကန်သွားခဲ့၏။ အဆိုပါနှစ်တွင် တမန်တော်မြတ်လည်း ဟဂ်ျပြုတော်မူခဲ့၏။

ကြည့်–မှတ်စလင်မ်ကျမ်း၊ ဟဂ်ျအခဏ်း။

ဟဂ်ျသည် အစ္စလာမ်၏ အလွန် မှန်မြတ်သော သာသနာ့ ကျင့်စဉ်ကြီး တရပ်ဖြစ်သော်လည်း အမိုက်ခေတ်တွင် အရင်တို့သည် ပုံပျက်ပန်းပျက်လုပ်ထားခဲ့ကြ၏။ ဟဂ်ျတွင် မဆီမဆိုင်သော မြောက်မြားစွာသော အပကိစ္စများကို ဖြည့်စွက်ထားခဲ့ကြ၏။ ဥပမာ (၁)ဟဂ်ျနှင့်တကွ ဝတ်ပြုမှုအရပ်ရပ်တို့၏အဓိက ရည်ရွယ်ချက်မှာ အလ္လာဟ် အသျှင်မြတ်အား အောက်မေ့တသ၊ သတိရရန် အလ္လာဟ်၌ အာရုံပြုရန်ပင်ဖြစ်၏။ ယခုမူ အရင်တို့သည် ဟဂ်ျပြုရန် အိမ်တော်သို့ လာရောက်စုရုံးကြသည့်အခါ အလ္လာဟ် အသျှင်မြတ်အား အောက်မေ့တသ သတိရကြမည့်အစား မိမိတို့၏ ဘိုး–ဘေးတို့၏ ဂုဏ်ပုဒ်များကို အပြိုင်အဆိုင် ထုတ်ဖော် ပြောဆိုနေခဲ့ကြ၏။ ကျမ်းမြတ်(၂း၂၀၀)တွင် ဤသည်ကိုပင် ရည်ညွှန်း မိန့်ဆိုထပေးတော်မူသည်။

(၂) အထူးသဖြင့် မဒီနာမြို့သားများသည် အစ္စလာမ်မထွန်းကားမီက 'မနာတ်' မည်သောဆင်းတုကိုလှည့်ပတ်ဖူးမျှော်လေ့ရှိခဲ့ကြ၏။ ထို့အတွက်ကြောင့် ပင် ၎င်းတို့သည် ဟဂ်ျပြုလုပ်ကြသည့်အခါ၊ ဆဖါနှင့်မရ်ဝဟ်ကိုလှည့်ပတ်ဖူးမျှော် လေ့မရှိခဲ့ကြပေ။ အမှန်မှာဟဂ်ျ၏ရည်ရွယ်ချက်တရပ်မှာ တမန်တော် ဣဗရာဟီမ် ၏ အထိမ်းအမှတ်များကို ထိန်းသိမ်းရန် ဖြစ်သည်၊ ဆဖါနှင့်မရ်ဝဟ်ကို လှည့်ပတ် ဖူးမျှော်ခြင်းသည် တမန်တော်အစ်ဗ်ရာဟီမ်၏ အထိမ်းအမှတ်တခု ဖြစ်ပေသည်။ ထို့အတွက်ကြောင့်ပင် အောက်ပါမုက္ခပါဠ်တော် ကျရောက်လာခဲ့ပေသည်။

إِنَّ الصَّفَا وَالْمَرْوَةَ مِن شَعَائِرِ اللَّهِ فَمَنْ حَجَّ الْبَيْتَ
أَوِ اعْتَمَرَ فَلَا جُنَاحَ عَلَيْهِ أَن يَطَّوَّفَ بِهِمَا

قرآن (٢:١٥٨)

"ကေန်မုချဆူဖါနှင့် မရ်ဝဟ်သည် အလ္လာဟ်အသျှင်မြတ်၏ သာသနာ့ အထိမ်းအမှတ်များတွင် အပါအဝင်ဖြစ်သည်သို့ဖြင့်ရာ၊ မည်သူမဆိုအိမ်တော်ကိုဟဂ်ျပြုအံ့၊သို့မဟုတ် အွမ်ရဟ်ပြုအံ့၊ ထိုသူအပေါ်၌ ထိုဆူဖါနှင့် မရ်ဝဟ် စပ်ကြားလှည့်ပတ်သွားခြင်းသည် အပြစ်တစုံတရာမရှိပေ။"

ကုရ်အာန် (၂း၁၅၈)

(၃) အမိုက်ခေတ်တွင် များစွာသော ပုဂ္ဂိုလ်များသည်၊ စားစရိတ် ခရီးစရိတ်မရှိပါဘဲလျက် ဟဂ်ျပြုရန် ခရီးထွက်လာလေ့ရှိခဲ့ကြ၏။ ထိုသို့သော ပုဂ္ဂိုလ်များက– "ငါတို့သည် (မုတဝက္ကိလ်)– အလ္လာဟ်အသျှင်မြတ်အား ယုံပုံအားထား သူများဖြစ်ကြသည်ဟု" ဆိုလေ့ရှိခဲ့ကြ၏။ ထိုသို့သောသူများသည် များသောအားဖြင့် လမ်းခရီးတွင် တောင်းရမ်းစားသုံးကြရ၏။ အချင်းချင်း အောက်ကျို့ကြရ၏၊ ထို့အတွက်ကြောင့် ပေါ်ပေါက်လာသော ကျရောက်လာခဲ့၏။

وَتَزَوَّدُوا فَإِنَّ خَيْرَ الزَّادِ التَّقْوَى

قرآن (٢:١٩٧)

"အသင်တို့သည် (ဟဂ်ျခရီးထွက်ရာတွင်) စားနပ်ရိက္ခာ၊ (ခရီးစရိတ်) အလုံအလောက်ယူဆောင်သွားကြ၊ အမြင့်မြတ်ဆုံး စားနပ်ရိက္ခာမှာ (ဒုစရိုက်မှုမှရှောင်၊ အကြောင်းမဲ့ လက်ဖြန့်တောင်းရမ်းစားခြင်းမှရှောင်) ရှောင်ကြဉ်ခြင်း ဖြစ်သည်"။

ကုရ်အာန် (၂း၁၉၇)

(၄) ဟဂ်ျပြုရာတွင် 'အိဟ်ရာမ် ဝတ်ရုံကို ရုံထားသည့်အခါ၊ ဆံချခြင်း၊ ဆံရိတ်ခြင်း၊ ဆံသခြင်းမပြုရပေ။ သို့ရာတွင်အမိုက်ခေတ်တွင် ဤကိစ္စကို အတိုင်းထက် အလွန်ကျပ်တည်းခဲယဉ်း ပြုလုပ်ထားခဲ့ကြလေသည်၊ အဘယ်မျှဆိုသော် အဆိုပါပညတ်၏ ကျပ်တည်းခဲယဉ်းမှုကြောင့်၊ အချို့ပုဂ္ဂိုလ်များ၏ ဦးခေါင်းများတွင် သန်းတွေ အမြောက်မြားကူလာပြီး၊ မျက်စိအလင်းကွယ်သွားမည့် အခြေသို့ပင် ဆိုက်ရောက်လာခဲ့၏၊ သို့တစေလည်း ဆံရိတ်ခွင့်ကားမရှိခဲ့ပေ။ အစ္စလာမ်သည် မွတ်စလင်မ်တို့ ပြုစွမ်းနိုင်သည်နှင့်အမျှသာ တာဝန်ပေးသည်၊

မပြုစွမ်းနိုင်သောအရာကို တာဝန်မပေး၊ လွယ်ကူမှုကိုသာ လိုလားသည်၊ ခဲယဉ်းကျပ်တည်းမှုကိုကား မလိုလားပေ၊ ထို့အတွက် အောက်ပါမုကဒ္ဒပါဠ်တော်ကျရောက်လာခဲ့ပေသည်။

فَمَنْ كَانَ مِنْكُمْ مَرِيضًا أَوْ بِهِ أَذًى مِنْ رَأْسِهِ
فَفِدْيَةٌ مِنْ صِيَامٍ أَوْ صَدَقَةٍ أَوْ نُسُكٍ

قرآن (٢:١٩٦)

"အသင်တို့အနက် တဦးတယောက်သည် နာမကျန်းဖြစ်သော်၊ သို့တည်းမဟုတ် ဦးခေါင်းတွင် တစုံတရာ အနာရောဂါဖြစ်သော်၊ ထိုသို့သော သူသည် ဆွံယာမ်ဥပုသ်ဆောက်တည်ခြင်းဖြင့်သော်၎င်း၊ အလှူပေးခြင်းဖြင့်သော်၎င်း၊ ကုရ်ဗါနီပြုလုပ်ခြင်းဖြင့်သော်၎င်း၊ အစားပေးရပေမည်"။

ကုရ်အာန် (၂း၁၉၆)

(၅) အမိုက်ခေတ်တွင် ကုရ်ဗါနီပြုလုပ်သော သားကောင်းများ၏ သွေးများကို အိမ်တော်၏ နံရံပေါ်တွင် လိမ်းကျံလေ့ရှိခဲ့ကြ၏၊ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ကုသိုလ်အကျိုးရသည် ဟူ၍မြင်ထင်မှတ်ခဲ့ကြ၏။ ထို့အတွက် ၎င်းအောက်ပါ မုကဒ္ဒပါဠ်တော် ကျရောက်လာခဲ့ပေသည်။

لَنْ يَنَالَ اللَّهَ لُحُومُهَا وَلَا دِمَاؤُهَا وَلَٰكِنْ
يَنَالُهُ التَّقْوَىٰ مِنْكُمْ

قرآن (٢٢:٣٧)

"အလ္လာဟ်ထံတော်သို့ ထိုသားကောင်များ၏ အသား၊ သွေးများအလျှင်း ရောက်သည် မဟုတ်၊ ထိုအသျှင့် ထံတော်သို့ အသင်တို့၏ ဖြူစင်သော စေတနာသာလျှင် ရောက်ပေသည်။"

ကုရ်အာန် (၂၂း၃၇)

အထက်ပါ မုကွာပါင်ျတော်တွင် အမိုက်ခေတ်က ကျောင်းတော်နံရံကို သေွးများဖြင့် လိမ်းကျံသည့်အစဉ် အလာဆိုးကိုသာ ပိတ်ပင်တော်မူသည်မဟုတ် ကုရ်ဗါနီ၏ အဓိက ရည်ရွယ်ချက်ကိုလည်း ဖွင့်ဟအမိန့်ဆိုထား တော်မူပေသည်၊ ဆိုလိုသည်ကာ ကုရ်ဗါနီသည် အဓိကဟုတ်၊ အဓိကမှာ အလ္လာဟ်အသျှင်မြတ်အား ချစ်ကြောက် ရိုသေခန့်ညားမှု၊ ဖြစ်မှုများမှ ကြည်ရှောင်မှုနှင့်ဖြူစင်သော စေတနာသာဖြစ်ပေသည်။

(၆) ကုရိုက်ရှ်မျိုးနွယ်ဝင်များကလည်း ဟဂျ်၏ ကျင့်စဉ်တရပ်ကို အထူး တလည် ချိုးဖေါက်ထားခဲ့၏။ ထိုချိုးဖေါက်ချက်ကား အခြားမဟုတ် ဟဂျ်၏ ကျင့်စဉ်များအနက် ဟဂျ်အချိန်တွင် 'အရဖါတ်'ကွင်းပြင်ကြီး သို့ရောက်ရှိခြင်း မလွဲမရှောင်သာ ဆောင်ရွက်ရမည့်သာသနာ့တာဝန်တရပ်ဖြစ်၏၊ သို့သော်လည်း ကုရိုက်ရှ်မျိုးနွယ်များသည် 'အရဖါတ်'သို့မသွားကြပေ၊ ယင်းသို့မသွားခြင်း အကြောင်းနှင့် စပ်လျှဉ်း၍ ၎င်းတို့က– "ငါတို့သည် 'အဟ်လုလ်ရာမ်'ကျောင်း သူ၊ ကျောင်းတော်သားများ၊ ကျောင်းတော်ပရဝုဏ်တွင် နေထိုင်သူများဖြစ် ကြသည်၊ ကျောင်းတော် ပရဝုဏ်အပြင်သို့ မသွားနိုင်ကြပေ၊ ကျောင်းတော် ပရဝုဏ်အပြင်သို့ သွားခြင်းသည် ငါတို့၏ သိက္ခာကျသည်"ဟု ပြောဆိုကြ၏။ ထို့အတွက်ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် မုဇ်ဒလိဖဟ်အထိသာသွား၍ ရပ်နား ကြ၏။ ကျန်အခြားအမျိုးသားများသည် 'အရဖါတ်' အထိသွားကြ၏။ ထိုမှ တဆင့်မုဇ်ဒလ်ဖဟ်၊ ထိုမှတဆင့် မဒီနာသို့ လာကြ၏။

အစ္စလာမ်သည် လူသားအားလုံးတို့အား တမျိုးတည်း၊ တတန်းတစား တည်း မြင်၏။ အစ္စလာမ်တွင်မျက်နှာကြီး မျက်နှာငယ်မရှိ၊ လူတန်းစား ခွဲခြားမှု အလျှင်းမရှိ၊ ကုရိုက်ရှ်တို့၏ လုပ်ရပ်မှာ လူတန်းစား ခွဲခြားရာ ရောက်သည်။ ထို့အတွက် အောက်ပါ မုကွာပါင်ျတော် ကျရောက်လာခဲ့ပေသည်။

فَإِذَآ أَفَضْتُم مِّنْ عَرَفَاتٍ فَاذْكُرُوا اللّٰهَ عِنْدَ
الْمَشْعَرِ الْحَرَامِ وَاذْكُرُوهُ كَمَا هَدٰىكُمْ وَإِنْ كُنْتُمْ
مِّنْ قَبْلِهٖ لَمِنَ الضَّآلِّيْنَ ۝ ثُمَّ أَفِيضُوا مِنْ حَيْثُ
أَفَاضَ النَّاسُ وَاسْتَغْفِرُوا اللّٰهَ وَإِنَّ اللّٰهَ غَفُورٌ
رَّحِيمٌ ۝

قرآن (٢:١٩٨-١٩٩)

"အသင်တို့သည် 'အရဖါတ်'မှ ပြန်လာကြသောအခါ 'မရှ်အရ်ဟရာမ်'အနီး (မုဇ်ဒလိဖဟ်)တွင် အလ္လာဟ်အသျှင်မြတ်အား တသသတိရကြကုန်၊ အသင်တို့သည် ထိုအသျှင်အား ထိုအသျှင်က အသင်တို့အား ညွှန်ကြားပြသထားတော်မူသည့်အတိုင်း တသ သတိရကြကုန်။ အမှန်မှာ အသင်တို့သည်လည်း ထိုအသျှင်က ယင်းသို့ ညွှန်ကြားပြသတော်မမူမီ အလျှ၏ လွဲမှားနေသူများသာလျှင်ဖြစ်ခဲ့ကြပေသည်။

ထို့နောက် အသင်တို့အားလုံးသည် အခြားသူများ သွားရောက်ပြန်လာကြသည့် နေရာမှာပင် သွားရောက်ပြန်လာကြကုန်။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လွတ်ငြိမ်းခွင့်ပန်ကြားကြကုန်၊ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အတိုင်းထက် အလွန်လွတ်ငြိမ်းခွင့် ပေးတော်မူသော၊ သနားတော်မူသော အသျှင်ဖြစ်တော်မူသည်။"

ကုရ်အာန် (၂း၁၉၈–၁၉၉)

(၇)အမိုက်ခေတ်တွင် ကုရ်ဗါနီပြုရန်ရည်စူးထားသော ကုရ်ဗါနီသားကောင်းများကို အလ္လာဟ်အသျှင်မြတ်အား ပူဇော်ပသထားသော သားကောင်ဟု ယူဆကာ၊ ထိုသားကောင်များကို မစီးကြတော့ပေ၊ မိမိတို့ကိုယ်တိုင် ဒုက္ခခံပြီး ခြေလျင်သွားလေ့ရှိခဲ့ကြ၏။ ဤအစဉ်အလာသည် အစ္စလာမ်ထွန်းကားသည်အထိတည်ရှိနေခဲ့၏။

တခါသော် တမန်တော်မြတ်သည် ဟဂ်ျခရီးတွင် ကုရ်ဗါနီသားကောင်းများကိုဆွဲသွားနေသော လူဘယောက်ကိုမြင်တော်မူ၏။ ထိုသူသည် ကုရ်ဗါနီသားကောင်များကိုမစီးဘဲ မိမိကိုယ်တိုင်ခြေလျင်သွားနေခဲ့၏။ တမန်တော်မြတ်က ထိုသူအား –"အသင် ဘာကြောင့် မစီးသလဲ၊ စီး" ဟု ပြောရာ၊ ထိုသူက– "ကုရ်ဗါနီသားကောင်များဖြစ်ပါဟု" ဖြေ၏။ ဒုတိယအကြိမ် တမန်တော်မြတ်က ထိုသူအား စီးရန်ပြောတော်မူ၏။ ထိုသူက ဒုတိယအကြိမ်တွင်လည်း ယခင်အတိုင်းပင် ဖြေ၏၊ ထိုအခါ တမန်တော်မြတ်သည် ထိုသူအား ကြိမ်းမောင်းပြီး စီးစေတော်မူခဲ့လေသည်။

(၈) အမိုက်ခေတ်တွင်(ဟဂ်ျ)တမျိုးအသစ်ထွင် ထားခဲ့ကြ၏။ ထိုသို့သော ဟဂ်ျကို "ဟဂ်ျမွဆ်မိတ်"နှုတ်ပိတ်ဟဂ်ျဟု ခေါ်ဆိုခဲ့ကြ၏။ ထိုသို့သော ဟဂ်ျ

ဟဂျ်ပြုလုပ်သူ တဦးသည် ဟဂျ်အစမှ အဆုံးတိုင် စကားမပြောဘဲ၊ နှုတ်ပိတ်နေခဲ့၏။ ၎င်းသည် တမင်မိမိကိုယ်ကို မိမိဒုက္ခပေးသည်သာမက၊ သူတပါးကိုလည်း ဒုက္ခပေးရာရောက်သည်။ ထို့အတွက် အစ္စလာမ်သည် ယင်းသို့သော နှုတ်ပိတ်ဟဂျ်ပြုခြင်းကိုလည်း တားမြစ်ပိတ်ပင်ခဲ့သည်။

တခါသော သာဝကကြီးအဗူဗတ်ကာရ်သည် အမျိုးသမီးတဦးကို မြင်၏၊ ထိုအမျိုးသမီးသည် မည်သူနှင့်မျှ စကားမပြောပေ။ မေးကြည့်သောအခါ နှုတ်ပိတ်ဟဂျ်ပြုနေကြောင်း သိရှိရ၏။ ထိုအခါ သာဝကကြီးက အဆိုပါ အမျိုးသမီးအား– "၎င်းသည်မပြုပိုင်၊ အဇ္ဇာဟိလ်ခေတ်၏ အစဉ် အလာသာဖြစ်သည်ဟု" ပြောပြလိုက်လေသည်။

(၉) မိုက်ခေတ်တွင် ကုရိုက်ရှ်(အဘ်မတ်စ်) မျိုးနွယ်ဝင်များမှအပ ကျန်အရပ်အမျိုးသမီး– အမျိုးသားများသည် များသောအားဖြင့် (ကအ်ဗဟ်) ကျောင်းတော်ကို ဝတ်လစ် စားလစ် ရှက်ဘွယ်လိုသိ၊ လှည့်ပတ်ဖူးမျှော်လေ့ရှိခဲ့ကြ၏။ ထိုသို့သောသူများသည် ကျောင်းတော်ပရဝုဏ်အတွင်းသို့ ရောက်သာကြသည့်အခါ၊ မိမိတို့ဝတ်ဆင်ထားသော အဝတ်အစားများကို ချွတ်ပစ်ကြ၏၊ ထို့နောက် ကုရိုက်ရှ်မျိုးနွယ်ဝင်များထံမှ အဝတ်အစားများငှားလေ့ရှိကြ၏။ ငှား၍မရလျှင် ဝတ်လစ်စားလစ် အိမ်တော်ကို လှည့်ပတ်ဖူးမျှော်ကြ၏။ အမျိုးသမီးများသည်လည်း ထိုအတိုင်းပင် ဝတ်လစ်စားလစ် လှည့်ပတ်ဖူးမျှော်လေ့ရှိခဲ့ကြ၏။ ထို့ပြင် အောက်ပါအတိုင်း လင်္ကာများပင် ဆိုလေ့ရှိခဲ့ကြ၏။

يَٰبَنِيٓ ءَادَمَ خُذُواْ زِينَتَكُمۡ عِندَ كُلِّ مَسۡجِدٖ

قرآن(۷:۳۱)

ယနေ့ အချို့အဝက် သို့မဟုတ် အားလုံးပေါ်မည်။ ပေါ်သည့် အစိတ်အပိုင်းကို ကျွန်မခွင့်မပြု။ ထိုအခါ အောက်ပါ မုဗ္ဗါရက်တော် ကျရောက်လာခဲ့ပေသည်။ "အို– အာဒမ်၏ သားမြေးအပေါင်းတို့၊ အသင်တို့သည် ပလီကျောင်းတော်တိုင်းတွင် (ပလ္လီသွားတိုင်း) မိမိတို့၏ အဝတ်အစားများကို ဝတ်ဆင်ကြ"။

ကုရ်အာန် (၇း၃၁)

ထို့ အတွက်ကြောင့်ပင် တမန်တော်မြတ်သည် ဟိဂျရီ (၉) ခုနှစ်၊ ဟဂ္ဂျ အချိန်တွင် မက္ကာမြို့တော်သို့ စေလွှတ်၍ "နောက်နောင်မည်သူတဦးတယောက်မျှ ဝတ်လစ်စားလစ် ဟဂ္ဂျ မလုပ်ရဟု" ကြေညာစေတော်မူခဲ့လေသည်။

ကြည့်- (နုစာအီကျမ်း၊ ဟဂ္ဂျအခန်း )

ဃာဇီ မုဟမ္မဒ် ဟာရှင်မ်

၁၉၇၁ ခု၊ စက်တင်ဘာလ ၂၃ ရက်
ဟိဂျရီ ၁၃၉၁ ခု။ ရှဗ္ဗာန်လ
(၂)ရက်၊ ကြာသပတေးနေ့။